# ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ
# မှတ်တမ်း

မဟာပါသာဏကလိုဏ်ဂူ၊ ကမ္ဘာအေးကုန်းမြေ

ရန်ကုန်မြို့၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်

၉-၁၁ ဒီဇင်ဘာလ ၂၀၀၄ ခုနှစ်



# WORLD BUDDHIST SUMMIT
# SOUVENIR ALBUM

Mahā Pāsāṇa Cave, Kaba-Aye Hillock

9-11 December 2004

Ministry of Religious Affairs

Yangon, Myanmar

# ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ
# မှတ်တမ်း




# WORLD BUDDHIST SUMMIT
# SOUVENIR ALBUM

Ministry of Religious Affairs

Yangon, Myanmar

*First Edition*
*July, 2006*
*1000 - copies*

*Published by*
*Ministry of Religious Affairs*
*Kaba Aye Pagoda Road,*
*Mayangone Township,*
*Yangon, MYANMAR.*
*Tel: 95-1-665385 / 95-067-406007*

*Printed by*
*Nyunt Press*
*No. 321, Lower Kyimyindine Road,*
*Ahlone Township, Yangon, MYANMAR.*

# သာသနာရေးဝန်ကြီး၏ ဥယျောဖြင့်

ဗုဒ္ဓသာသနာဝင်သမိုင်းတွင် မော်ကွန်းတင် စာထိုးလောက်သော ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကို ပြည်ထောင်စုမြန်မာနိုင်ငံတော်ကဦးဆောင်ဦးရွက်ပြုလျက် ၂၀၀၄၊ ဒီဇင်ဘာ၊ ၉-၁၁ရက်တွင် အောင်မြင်စွာ ကျင်းပပြုလုပ်ပြီးစီးခဲ့လေပြီ။ နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့က ငွေအား၊ လူအား အစွမ်းကုန်အသုံးပြုလျက် ဗုဒ္ဓသာသနာရောင်ဝါ ကမ္ဘာကြီးကို လွှမ်းခြုံပျံ့နှံ့အောင်လည်း ဆောင်ရွက်ပေးခဲ့ပြီဖြစ်သည်။ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသည် သာသနာဝင်သမိုင်းတွင် ဆဋ္ဌသံဂါယနာပြီးနောက် အရေးပါသော သမိုင်းမှတ်တိုင်ကြီးလည်းဖြစ်သည်။ အာရှနိုင်ငံများမှ ခေါင်းဆောင်ကြီးများ ကမ္ဘာအရပ်ရပ်နိုင်ငံပေါင်း (၃၈)နိုင်ငံမှ ဗုဒ္ဓဘာသာကိုယ်စားလှယ်ဆရာတော်ကြီးများ၊ လူပုဂ္ဂိုလ်များ တက်ရောက်ပြီး ဗုဒ္ဓဘာသာများ စည်းလုံးညီညွတ်ရေး၊ ဗုဒ္ဓသာသနာပြန့်ပွားရေးတို့ကို အင်တိုက်အားတိုက် တက်ရောက်ဆွေးနွေးပြီး ပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။

ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံများတွင် အရေးပါသော မြန်မာနိုင်ငံအနေဖြင့် ယခုကဲ့သို့ သာသနာပြုကုသိုလ်ထူးကြီးကို ပြုလုပ်ခွင့်ရရှိသည့်အတွက် အလွန်အားရကျေနပ်မိပါသည်။ နှစ်နှစ်ကျော်မျှ ကော်မတီအသီးသီးဖွဲ့စည်း၍ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကို ပြင်ဆင်ရက်ကျိုးလည်း နပ်ပေသည်။ လောဘ၊ ဒေါသ၊ မောဟတို့ဖြင့် လောင်ကျွမ်းနေသောကမ္ဘာကြီးကို မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ တည်းဟူသော ဗြဟ္မစိုရ် ဗုဒ္ဓရေစင်ဖြင့် သွန်းဖြန်းပြီး အေးချမ်းအောင်စွမ်းဆောင်ပေးခဲ့ပါသည်။ ထေရဝါဒ၊ မဟာယာန၊ တိဗက်ဗုဒ္ဓဘာသာဝင်များသည် ဗုဒ္ဓဘုရားဟောကြားတော်မူသော မူလတရားတော်များကို အခြေခံ၍ စည်းလုံးညီညွတ်ကြပြီး တစ်ဦးနှင့်တစ်ဦး နားလည်မှုရရှိကာ ပိုမိုချစ်ကြည်ရင်းနှီးခဲ့ကြသည်။

ထိုကဲ့သို့ သမိုင်းဝင် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကို နောင်လာနောက်သားများ မှတ်တမ်းအဖြစ် အစဉ်သတိရစေရန် ယခုကဲ့သို့ ဗုဒ္ဓဘာသာညီလာခံ မှတ်တမ်းကြီးကို ပုံနှိပ်ဖြန့်ချိလိုက်ရခြင်းဖြစ်ပေသည်။ ထိုမှတ်တမ်းကြီးကို ပြန်ကြည့်ခြင်းအားဖြင့် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးခမ်းနားကြီးကျယ်စွာ ကျင်းပခဲ့ပုံများကို ပြန်လည်သတိရ ကုသိုလ်ပွားများနိုင်ကြမည့်အပြင် နိုင်ငံ့ခေါင်းဆောင်ကြီးများ၊ ဘာသာရေးခေါင်းဆောင်ကြီးများ၏ မိန့်ခွန်းများ၊ သဝဏ်လွှာများကိုလည်း ခိုင်လုံသော သမိုင်းမှတ်တမ်းများအဖြစ် ကိုးကားအသုံးပြုသွားနိုင်မည်ဟု ယုံကြည်ပါသည်။

ယခုမှတ်တမ်းကြီးတွင် သုတေသီများစွာ၏ ရှုထောင့်မျိုးစုံမှ တင်ပြထားသော အနာဂတ် ဗုဒ္ဓသာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး လုပ်ငန်းရပ်များကိုလည်း မျိုးဆက်သစ် ဗုဒ္ဓဘာသာဝင်များက အခြေအနေနှင့် အချိန်အခါအလျောက် အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ကြမည်ဟုလည်း ယုံကြည်မိပါသည်။

ဝန်ကြီး

သာသနာရေးဝန်ကြီးဌာန



# နိဒါန်းစကား

မဟာပါသာဏ လိဏ်ဂူတော်ကြီးတွင် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကို အောင်မြင်စွာ ကျင်းပခဲ့ပြီးဖြစ်ပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့်အတူတကွ မြန်မာပြည်သူပြည်သား အားလုံး၊ ညီလာခံကြီးသို့ တက်ရောက်ခဲ့သူအားလုံးတို့က ဝိုင်းဝန်းကြိုးစားအားထုတ်ခဲ့ကြခြင်းကြောင့် ယင်းအောင်မြင်မှုကို ရရှိခဲ့ခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာသမိုင်းတွင် ဓမ္မရတနာမြေ အဖြစ် သမိုင်းဝင်မှတ်တိုင်များ စိုက်ထူခဲ့ပြီးဖြစ်ပါသည်။

ရန်ကုန်မြို့၊ မဟာပါသာဏလိဏ်ဂူသိမ်တော်ကြီးတွင် ၂၀၀၄-ခုနှစ်၊ ဒီဇင်ဘာလ (၉)ရက်မှ (၁၁)ရက်နေ့ထိ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကို ကျင်းပခြင်းဖြင့် ဗုဒ္ဓဘာသာသမိုင်းတွင် မှတ်တိုင်သစ်တစ်ခုကို ထပ်မံစိုက်ထူလိုက်ပြီးဖြစ်ပါသည်။

ရဟန်းသံဃာတော်နှင့် သီလရှင် ဒါးသိန်းနီးပါးမျှရှိသည့်အပြင် မြန်မာလူမျိုးများသည်လည်း ဗုဒ္ဓဘာသာကို ကြည်ညိုမြတ်နိုးကြသူများဖြစ်ကြသည့်အလျောက် မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓဘာသာ လောကတွင် ပဓာနအခန်းကဏ္ဍ၌ ရပ်တည်လျက်ရှိသဖြင့် မြန်မာဗုဒ္ဓဘာသာ ကိုယ်စားလှယ်အဖွဲ့သည် ၂၀၀၂-ခုနှစ်၊ ဖန်နွမ်းပင်မြို့တွင် ကျင်းပခဲ့သော တတိယအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီး ညီလာခံ၌ ၂၀၀၄-ခုနှစ်တွင် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံ ကျင်းပမည်ဖြစ်ကြောင်း ကြေညာခဲ့ပါသည်။

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကို ဖော်ပြပါရည်ရွယ်ချက်များဖြင့် ကျင်းပခဲ့ပါသည်-

(၁) ဗုဒ္ဓဘာသာ ယုံကြည်ကိုးကွယ်သော နိုင်ငံအချင်းချင်း ချစ်ခင်ရင်းနှီးမှု၊ အပြန်အလှန် နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ထွန်းကားလာစေရန်၊

(၂) ဗုဒ္ဓဘာသာ ယုံကြည်ကိုးကွယ်မှုနှင့် လိုက်နာကျင့်သုံးမှုတို့ကို ဗုဒ္ဓဘာသာအချင်းချင်း ထိန်းသိမ်းစောင့်ရှောက်ရန်၊

(၃) ကမ္ဘာ့နိုင်ငံအသီးသီးတွင် ပရိယတ္တိကို အခြေခံသော ဗုဒ္ဓဘာသာပညာရေး ထွန်းကား ပြန့်ပွားစေရန်၊

(၄) ကမ္ဘာ့လူသားထုတစ်ရပ်လုံးအတွက် ငြိမ်းချမ်းသာယာသော ကမ္ဘာကြီးဖြစ်ထွန်း အကျိုးပြုစေရေးအတွက် ဗုဒ္ဓဘာသာရှုထောင့်က ဝိုင်းဝန်းကူညီဆောင်ရွက်ရန် နှင့်

(၅) ဗုဒ္ဓ၏ တရားဓမ္မများ မူရင်းမပျက် နိုင်ငံတကာသို့ ပြန့်ပွားထွန်းကားစေရန်။

၂၀၀၃ခုနှစ်၊ အစောပိုင်းကာလမှ စတင်၍ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။ ဩဝါဒါစရိယဆရာတော်များအဖွဲ့၊ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် အခြားဆပ်ကော်မတီ (၁၁)ခုတို့ကို ဖွဲ့စည်းလျက် လုပ်ငန်းအစီအစဉ်ကို ရေးဆွဲခဲ့ကြပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဝန်ကြီးချုပ်က ဦးစီးကော်မတီ၏ ဥက္ကဋ္ဌအဖြစ်ဦးဆောင်ခဲ့ပြီး သာသနာရေးဝန်ကြီးဌာန၊ ဝန်ကြီးက လုပ်ငန်းကော်မတီဥက္ကဋ္ဌအဖြစ် ဦးဆောင်ခဲ့ပါသည်။ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်မှုဖြင့် ညှိနှိုင်းအစည်းအဝေးများကို အကြိမ်များစွာပြုလုပ်ခဲ့ကြပါသည်။ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးနှင့် ပတ်သက်သောကိစ္စရပ်များကို လျှင်မြန်စွာအရေးယူ ဆောင်ရွက်နိုင်ရန် အတွင်းရေးမှူးများအဖွဲ့ကိုလည်း ဖွဲ့စည်းခဲ့ပါသည်။

ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများအနေဖြင့် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး ကျင်းပမည့်နေရာဖြစ်သော မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးကို နှစ်နှစ်နီးပါးခန့်အချိန်ယူ၍ ငွေကြေးမြှောက်များစွာအကုန်အကျခံပြီး အကြီးစားမွမ်းမံပြင်ဆင်ခဲ့ပါသည်။ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ စိမ်းလန်း စိုပြေသာယာလှပစေရေးအတွက်ကိုလည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့ကြပါသည်။ ကမ္ဘာ့ဗုဒ္ဓဘာသာ အသင်းအဖွဲ့များမှ ဗုဒ္ဓဘာသာအကြီးအကဲများနှင့် ကမ္ဘာ့နေရာအနှံ့အပြားမှ လေ့လာသူများအတွက် သွားလာနေထိုင်စားသောက်မှုစရိတ်ကိုသာမက ပြည်တွင်းခရီးလှည့်လည်ခြင်း ကုန်ကျစရိတ်များကိုပါ မြန်မာဘက်မှ ကျခံခဲ့ပါသည်။ လေ့လာသူများစွာသည် မိမိတို့ အသွားအပြန်ကုန်ကျစရိတ်ဖြင့် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကို တက်ရောက်ခဲ့ကြပါသည်။ မြန်မာနိုင်ငံအစိုးရက ဧည့်သည်တော်များအား ပြည်တွင်းနေထိုင်သွားလာစရိတ်ကျခံပေးသည့်အပြင် လိုအပ်ရာရာ အကူအညီ မှန်သမျှကိုလည်း ဖြည့်ဆည်းကူညီပေးခဲ့ပါသည်။

ပြည်ပနိုင်ငံများမှ ဧည့်သည်တော်များအပြင် ပြည်တွင်းမှ ကျောင်းတိုက်အကြီးအကဲ မဟာထေရ်ကြီးများ ဘာသာရေးအသင်းအဖွဲ့တို့မှ ခေါင်းဆောင်များကိုလည်း ညီလာခံကြီးကို တက်ရောက်ရန် ဖိတ်ကြားခဲ့ပါသည်။ အထူးဧည့်သည်တော်များကို ဖိတ်ကြားရာတွင်လည်း ကမ္ဘာ့ကမ္မဋ္ဌာန်းနည်းပြဆရာကြီး အက်စ်အဲန်ဂိုအင်ကာနှင့် ဆရာကြီး၏ နိုင်ငံစုံမှလာရောက်သော တပည့်ပရိတ်သတ်များကိုပါ ဖိတ်ကြားခဲ့ပါသည်။ သာမန်အခက်အခဲလေးများ အထိုက်အလျောက် ရှိခဲ့သော်လည်း၊ မြန်မာနိုင်ငံ သာသနာရေးဝန်ကြီးဌာနက တစ်ဦးတည်းတာဝန်ယူလျက် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကို စည်ကားခမ်းနားစွာဖြင့် အောင်အောင်မြင်မြင် ကျင်းပခဲ့သည်မှာ လက်တွေ့မျက်မြင်ပင်ဖြစ်ပါသည်။

ဤကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသည် ဆဋ္ဌသံဂါယနာကဲ့သို့ပင် ဗုဒ္ဓဘာသာသမိုင်းတွင် ထူးခြားထင်ရှားလှသော သမိုင်းမှတ်တိုင်တစ်ရပ်အဖြစ် ရပ်တည်လျက်ရှိပါလိမ့်မည်။ တည်ငြိမ်အေးချမ်းမှုထွန်းကားရာ ဓမ္မရတနာမြေတွင် ဤညီလာခံကြီးပေါ်ထွန်းခဲ့ပါသည်။ ယင်းဓမ္မရတနာမြေတွင် ရဟန်းသံဃာတော် ငါးသိန်းနီးပါး နေထိုင်သီတင်းသုံးတော်မူကြသည်။ တိပိဋကဓရ တိပိဋက ကောဝိဒ သာသနာ့အာဇာနည်(၈)ပါး သက်ရှိထင်ရှားသီတင်းသုံးတော်မူလျက်ရှိကြပါသည်။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီး၏ ကွပ်ကဲမှုအောက်တွင် သံဃအဖွဲ့အစည်းအဆင့်ဆင့်ကိုလည်း ဖွဲ့စည်း ထားရှိပြီးဖြစ်ပါသည်။ ဝန်ထမ်းအင်အား (၂၀၀၀)ကျော်ရှိသော သာသနာရေးဝန်ကြီးဌာနက တစ်ပြည်လုံးရှိ ရဟန်းသံဃာတော်များ၏ အကျိုးစီးပွားကို ဆောင်ရွက်လျက်ရှိနေပါသည်။

ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံများမှ ဝန်ကြီးချုပ်များ၊ သံဃရာဇာမထေရ်မြတ်ကြီးများ ညီလာခံကြီးသို့ကြွရောက် အားပေးတက်ရောက်ခဲ့ကြသဖြင့်လည်းကောင်း၊ ပြည်ပနိုင်ငံ (၃၈)နိုင်ငံတို့မှ ဧည့်သည်တော်များ၊ လေ့လာသူများ စည်ကားသိုက်မြိုက်စွာ တက်ရောက်ခဲ့ကြသဖြင့်လည်းကောင်း ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး၏ ကျက်သရေမှာ ထယ်ဝါခန့်ညားလျက် ထူးခြား ထင်ရှားခဲ့

ပါသည်။ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးဟူသော အမည်နာမနှင့် လျော်ညီစွာ ကမ္ဘာ့တိုက်ကြီးများ အားလုံးမှ သံဃာတော်များစုံညီစွာ ကိုယ်စားပြု တက်ရောက်အားပေးခဲ့ပါသည်။ ယင်းအချက်ကပင် မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာ၏ ဗဟိုချက်မအဖြစ် တည်ရှိသည် ဟူသောအချက်ကို သက်သေပြုလျက်ရှိပါသည်။ မြတ်ဗုဒ္ဓ၏ မူရင်းဒေသနာတည်းဟူသော တံခွန်အောင်လံတော်အောက်တွင် မြန်မာတို့က ဗုဒ္ဓဘာသာစည်းလုံးညီညွတ်ရေးကို ဖော်ဆောင်ပေးသည်ဟူသော အချက်ကို ခိုင်မာစေပါသည်။ ဤထိပ်သီးညီလာခံကြီးက မတည်ငြိမ်မှု၊ အကြမ်းဖက်မှုနှင့် ပဋိပက္ခပြင်းထန်မှုတည်းဟူသော ကမ္ဘာ့ပြဿနာကြီးများ ဖြေရှင်းရန် မြတ်ဗုဒ္ဓ၏ ဒေသနာတော်များဖြင့် စည်းရုံးလမ်းညွှန်ပြသလျက် သက်သာရာရစေမည်ဖြစ်ပါသည်။

ဤကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသည် ယခင်ကကျင်းပခဲ့ပြီးဖြစ်သော ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံများထက် ဖော်ပြပါအချက်များအရ သာလွန်လျက်ရှိပါသည်-

- ယခင် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံများတွင် ကိုယ်စားလှယ်တော်အားလုံး နီးပါးသည် အာရှနိုင်ငံများမှ ဖြစ်ကြပါသည်။ ဤညီလာခံကြီးတွင်မူ မက္ကစီကို၊ ဂျမေကာ၊ ချက်သမ္မတနိုင်ငံ၊ ရိုမေးနီးယား စသည့် ကမ္ဘာတစ်ဝန်းလုံးမှ ဗုဒ္ဓဘာသာ ကိုယ်စားလှယ်တော်များ၊ လေ့လာသူများ ရှစ်ရာကျော် တက်ရောက်ခဲ့ကြသဖြင့် ဗုဒ္ဓဘာသာညီလာခံသမိုင်းတွင် ကိုယ်စားလှယ်အများဆုံးတက်ရောက်ခဲ့ကြောင်း တွေ့ရှိရပါသည်။ မြန်မာရဟန်းသံဃာတော်များ၊ မြန်မာသုတေသီများကိုပါ ထည့်သွင်းရေတွက်ပါက နှစ်ထောင်ကျော် တက်ရောက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

- ယခင်ဗုဒ္ဓဘာသာထိပ်သီးညီလာခံများကို အသစ်တည်ထောင်ထားသော အဆောက်အဦများတွင်သာ ကျင်းပခဲ့ကြရပြီး ယခုညီလာခံကြီးကိုမူ ဘာသာရေးနှင့် သမိုင်းရေးရာနှစ်မျိုးလုံးတွင် ထူးခြားထင်ရှားလှသည့် မဟာပါသာဏလိုဏ်ဂူတော်ကြီးတွင် ကျင်းပခဲ့ခြင်းဖြစ်ပါသည်။ ၁၉၅၀-ပြည့်လွန်နှစ်များတွင် ပိဋကသုံးပုံကျမ်းစာများကို သံဃာတော် ၂၅၀၀ က တည်းဖြတ်သုတ်သင်ရန် စုဝေးရာ ဆဋ္ဌသံဂါယနာမဟာပါသာဏလိုဏ်ဂူတော်ကြီးပင်ဖြစ်ပါသည်။ ဗုဒ္ဓသာသနာတော်နှစ် ၂၅၀၀ပြည့်အထိမ်းအမှတ် (ဗုဒ္ဓဇယန္တီ) အခမ်းအနားကြီး ကျင်းပရာတွင် ဗုဒ္ဓဘာသာဦးသျှောင် မဟာထေရ်ကြီးများနှင့် ဦးဆောင်ပုဂ္ဂိုလ်များ၊ နိုင်ငံအကြီးအကဲခေါင်းဆောင်များစုဝေးခဲ့ရာ နေရာကြီးဖြစ်ပါသည်။

- ယခင်ဗုဒ္ဓဘာသာထိပ်သီးညီလာခံများကို အစိုးရမဟုတ်သော အဖွဲ့အစည်းများက တာဝန်ယူကျင်းပခဲ့ကြပါသည်။ ယခုကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကိုမူ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ တစ်ခုတည်းကသာ တာဝန်ယူကျင်းပခဲ့ခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံအစိုးရက နိုင်ငံတော်ဘတ်ဂျက်ငွေအမြောက်အများကို ကျခံသုံးစွဲခဲ့ရာတွင် မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီးကို အကြီးစားမွမ်းမံ ပြင်ဆင်ခြင်း၊ လိုဏ်ဂူတော်ကြီးပတ်ဝန်းကျင်ရှိ ကမ္ဘာအေးကုန်းမြေကြီးတစ်ခုလုံးကို ထာဝရစိမ်းလန်းစိုပြေနေစေရန် မွမ်းမံပြင်ဆင်စိုက်ပျိုးခြင်း၊ ကိုယ်စားလှယ်တော်များအတွက် ဓမ္မလက်ဆောင်ပစ္စည်းများ လှူဒါန်းခြင်း၊ သွားလာနေထိုင်စားသောက်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုတို့ကို တာဝန်ယူခြင်း၊ လေ့လာရေးခရီး၊ ဧည့်ခံ ဖျော်ဖြေမှုတို့ကို တာဝန်ယူစရိတ်ကျခံပေးခြင်း စသည်တို့ပါဝင်ပါသည်။ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အများပြည်သူတို့ပါဝင်သော

အဖွဲ့အစည်းများက ယင်းညီလာခံကြီးအတွက် လုပ်အားဒါန ပေးလှူခဲ့ကြပြီး ၎င်းတို့၏ အချိန်နှင့်ငွေကြေးတို့ကို သုံးစွဲကျခံ လှူဒါန်းခဲ့ကြပါသည်။

- ယခင်ညီလာခံများတွင် အုပ်စုလိုက်ဆွေးနွေးပွဲများသို့ တက်ရောက်သူဦးရေ (၃၀)မှ (၁၀၀)ခန့်အထိသာ ရှိခဲ့ပါသည်။ ယခုညီလာခံကြီးတွင်မူ တက်ရောက်သူဦးရေ (၁၀၀)မှ (၄၀၀) အထိရှိခဲ့ပါသည်။ အုပ်စုကြီး (၄)စုခွဲခြားထားပြီး 'ဗုဒ္ဓသည် ကမ္ဘာပေါ်တွင် အရေးပါမှု'၊ 'ဗုဒ္ဓဘာသာ ပညာရေး'၊ 'ဗုဒ္ဓသာသနာတော် ထွန်းကား ပြန့်ပွားရေး'၊ 'ဗုဒ္ဓဘာသာ ကမ္မဋ္ဌာန်းနှင့် ကမ္ဘာ့ငြိမ်းချမ်းရေး' ခေါင်းစဉ်လေးရပ်အပေါ် နက်နဲစွာဆွေးနွေးခဲ့ကြပြီး အတွေးအခေါ် အယူအဆများကို တက်ကြွစွာ အမြင်ချင်း ဖလှယ်ခဲ့ကြပါသည်။ ဘာသာရပ်အလိုက် နက်နဲစွာ အပြန်အလှန်ဆွေးနွေး စိစစ်ခဲ့ကြပါသည်။ ပိဋကတ ကျမ်းစာများကို နှံ့စပ်ကျွမ်းကျင်၍ အင်္ဂလိပ်ဘာသာစကားကိုပါ တတ်ကျွမ်းတော်မူကြသော မဟာထေရ်ကြီးများက ယင်းဆွေးနွေးပွဲများကို ဦးစီးဦးဆောင်ပြုခဲ့ကြပါသည်။

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် အချိန်၊ ငွေနှင့် လုပ်အားတို့ကို ဖြည့်ဆည်းပေးခြင်းဖြင့် ကမ္ဘာ့ဗုဒ္ဓဘာသာစည်းလုံးညီညွတ်ရေး တိုးမြှင့်နိုင်စေရန် ကျွန်ုပ်တို့၏ ကြိုးစားအားထုတ်မှုတွင် ပါဝင်ကူညီခဲ့ကြသူအားလုံးတို့အား သာသနာရေးဝန်ကြီးဌာန၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဦးရေ (၅)သိန်းနီးပါးရှိသော ရဟန်းသံဃာတော်များနှင့် မြန်မာပြည်သူ ပြည်သားတို့ကိုယ်စား ကျွန်ုပ်တို့၏ လုပ်ငန်းကော်မတီက အထူကျေးဇူးတင်ပါကြောင်း ပြောကြားလိုပါသည်။ ဗုဒ္ဓဘာသာသမိုင်းစာမျက်နှာတွင် ကျက်သရေထွန်းပြောင်စွာ မှတ်တမ်းရေးထိုးခဲ့ကြသော လေ့လာသူများနှင့် ကိုယ်စားလှယ်တော်များအားလုံး၊ နိုင်ငံတော်အကြီးအကဲများ၊ သံဃရာဇာ မဟာထေရ်ကြီးများကိုလည်း မှတ်တမ်းပြု ကျေးဇူးဥပကာရ အထူးတင်ရပါကြောင်း ပြောကြားလိုပါသည်။ ယခုပြုသော ကုသိုလ်ကောင်းမှု အစုစုတို့ကို သတ္တဝါဝေနေယျ အားလုံးတို့အား အမျှပေးဝေပါ၏။

မြင့်မြတ်သောဓမ္မသည် ယင်း၏ ပကတိဖြူစင်သော မူလသဘာဝအတိုင်း ထွန်းတောက်ပြန့်နှံ့ပါစေသော်။

လုပ်ငန်းကော်မတီ

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး

ရန်ကုန်မြို့၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်
၂၀၀၆-ခုနှစ်၊ ဧပြီလ

# ပါဝင်တက်ရောက်ခဲ့ကြသော နိုင်ငံများ

| | နိုင်ငံ | ပါဝင်တက်ရောက်သူဦးရေ |
|---|---|---|
|  | ၁။ သြစတေးလျ | ၄၇ |
|  | ၂။ သြစတြီးယား | ၁ |
|  | ၃။ ဘင်္ဂလားဒေ့ရှ် | ၁၃ |
|  | ၄။ ဘယ်လဂျီယမ် | ၁ |
|  | ၅။ ဘရာဇီးလ် | ၂ |
|  | ၆။ ကနေဒါ | ၁၂ |
|  | ၇။ ကမ္ဘောဒီးယား | ၉ |
|  | ၈။ ချက်သမ္မတနိုင်ငံ | ၂ |
|  | ၉။ လာအို | ၅ |
|  | ၁၀။အင်္ဂလန် | ၂၉ |



၁၁။ ပြင်သစ် ၁၃



၁၂။ ဂျာမဏီ ၁၄



၁၃။ အိန္ဒိယ ၂၁၉



၁၄။ အီရန် ၂၃



၁၅။ အစ္စရေး ၁၇



၁၆။ အီတလီ ၂



၁၇။ တရုတ် ၁



၁၈။ ဗင်နီဇွဲလား ၂



၁၉။ အင်ဒိုနီးရှား ၇



၂၀။ ဂျမေကာ ၁



၂၁။ ဂျပန် ၃၇



၂၂။ ကိုရီးယား ၅၈

## ပါဝင်တက်ရောက်ခဲ့ကြသော နိုင်ငံများ



၂၃။ မလေးရှား ၁၀



၂၄။ မက္ကဆီကို ၃



၂၅။ နီပေါ ၃၁



၂၆။ နယ်သာလန် ၁၁



၂၇။ စင်ကာပူ ၁၀



၂၈။ ရီမေးနီးယား ၁



၂၉။ ရုရှား ၁



၃၀။ သီရိလင်္ကာ ၃၄



၃၁။ ဆွီဒင် ၂



၃၂။ ဆွစ်ဇာလန် ၂



၃၃။ ထိုင်း ၃၇



၃၄။ အမေရိကန် ၆၉



၃၅။ ဗီယက်နမ် ၁၆



၃၆။ နယူးဇီလန် ၄



၃၇။ ထိုင်ဝမ် ၁၈



၃၈။ မွန်ဂိုလီးယား ၅

ပါဝင်တက်ရောက်သူစုစုပေါင်း ၇၆၉

# မာတိကာ


♦ သာသနာရေးဝန်ကြီး၏ ဥယျောဧဉ် ၈
♦ နိဒါန်း ၈
♦ ပါဝင်တက်ရောက်ခဲ့သောနိုင်ငံများ ၁၀
♦ အခမ်းအနားအစီအစဉ် ၁
♦ မိန့်ခွန်းများ ၁၂
♦ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံဖွင့်ပွဲ အခမ်းအနားတွင် ပြောကြားသော
ပြည်ထောင်စုမြန်မာနိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ နှုတ်ခွန်းဆက် အဖွင့်မိန့်ခွန်း ၁၂
♦ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ ဖွင့်ပွဲအခမ်းအနားတွင် ထိုင်းနိုင်ငံဝန်ကြီးချုပ်
ဒေါက်တာသက်ဆင်ရှင်နာဝပ် ပြောကြားသည့် နှုတ်ခွန်းဆက်မိန့်ခွန်း ၁၆
♦ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ ဖွင့်ပွဲအခမ်းအနားတွင် လာအိုနိုင်ငံဝန်ကြီးချုပ်
မစွတာဘောင်ည့် ဗိုရာချစ် ပြောကြားသည့် နှုတ်ခွန်းဆက်မိန့်ခွန်း ၁၉
♦ ဆရာတော် ဒေါက်တာ အရှင် ဉာဏိဿရ၏ မူဝါဒဆိုင်ရာ အဖွင့်မိန့်ခွန်း ၂၁
♦ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ ပိတ်ပွဲအခမ်းအနားတွင် သီရိလင်္ကာ ဒီမိုကရက်တစ်
သမ္မတနိုင်ငံ နိုင်ငံတော်ဝန်ကြီးချုပ် မစွတာ မဟိန္ဒရာဂျာပက်(ခ်)စ် ပြောကြားသည့်
နှုတ်ခွန်းဆက်မိန့်ခွန်း ၂၉
♦ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ ပိတ်ပွဲအခမ်းအနားတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပြောကြားသည့်ကျေးဇူးတင်အမှာစကား ၃၂
♦ ချက်ပြည်သူ့သမ္မတနိုင်ငံရဟန်းတော်၏ ကျေးဇူးတင်ဝမ်းမြောက်စကား ၃၅
♦ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် (ရန်ကုန်မြို့)
ပါမောက္ခချုပ်ဆရာတော်ဒေါက်တာ သီလာနန္ဒာဘိဝံသ၏ အခမ်းအနားပြီးဆုံးကြောင်း
နိဂုံးချုပ်မိန့်ခွန်း ၃၇
♦ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံသို့ ပေးပို့လာသော သဝဏ်လွှာများ ၄၁
♦ ဗုဒ္ဓဘာသာဦးသျှောင် ဆရာတော်ကြီးများ၏ သဝဏ်လွှာများ ၄၁
♦ နိုင်ငံခြောင်းဆောင်များနှင့် ဌာန/အဖွဲ့အစည်း အကြီးအကဲများပေးပို့သော သဝဏ်လွှာများ ၈၇
♦ သံရုံးများမှ ပေးပို့လာသော သဝဏ်လွှာများ ၁၁၀
♦ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ပေးပို့သော သဝဏ်လွှာများ ၁၂၀
♦ သီးခြားသဝဏ်လွှာများ ၁၂၂
♦ ပူးတွဲကြေညာချက် ၁၂၇
♦ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ အစီရင်ခံစာ ၁၂၉
♦ သမိုင်းဟော်ညွှန်းတည်မော်ကွန်း (ညီလာခံ မှတ်တမ်းတင် မဂ်လာရတု) ၁၃၂
♦ အက်(စ်)အင်(နှ်) ဂိုအင်ကာ၏ မိန့်ခွန်း "ဗုဒ္ဓဓမ္မ၏ တစ်ကမ္ဘာလုံးကို ဆွဲဆောင်မှု
ကိုယ်တွေ့ဖြစ်ရပ်" ၁၃၃
♦ စာတမ်းများ ၁၄၆

# CONTENTS


- PREFACE a
- INTRODUCTION b
- PARTICIPATING COUNTRIES e
- PROGRAMME 293
- SPEECHES 306
- WELCOMING ADDRESS DELIVERED BY GENERAL SOE WIN, PRIME MINISTER OF THE UNION OF MYANMAR, AT THE OPENING CEREMONY OF THE WORLD BUDDHIST SUMMIT 306
- REMARKS BY HIS EXCELLENCY THAKSIN SHINAWATRA, PRIME MINISTER OF THAILAND AT THE OPENING CEREMONY 309
- ADDRESS BY H.E. BOUNNHANG VORACHITH, PRIME MINISTER OF THE LAO PDR DELIVERED AT THE OPENING CEREMONY OF THE WORLD BUDDHIST SUMMIT 311
- KEYNOTE SPEECH BY DR. ASHIN NYANISSARA 313
- SPEECH DELIVERED BY H.E. MR. MAHINDA RAJAPAKSE, PRIME MINISTER OF THE SOCIALIST REPUBLIC OF SRI LANKA AT THE CONCLUDING CEREMONY OF THE WORLD BUDDHIST SUMMIT 319
- VOTE OF THANKS DELIVERED AT THE WORLD BUDDHIST SUMMIT BY GEN. SOE WIN, PRIME MINISTER OF THE UNION OF MYANMAR 321
- VOTE OF THANKS BY VENERABLE UTTAMA, CZECH REPUBLIC 324
- CLOSING SPEECH BY DR. SILĀNANDĀBHIVAṂSA, RECTOR SAYADAW, INTERNATIONAL THERAVĀDA BUDDHIST MISSIONARY UNIVERSITY, YANGON 326
- MESSAGES SENT TO THE WORLD BUDDHIST SUMMIT 329
- MESSAGES FROM BUDDHIST LEADERS 329
- MESSAGES SENT BY WORLD LEADERS AND HEADS OF DEPARTMENTS/ORGANIZATIONS 364
- MESSAGES FROM EMBASSIES 385
- MESSAGES FROM UN ORGANIZATIONS 394
- MESSAGES SENT BY OTHER ORGANIZATIONS 396
- JOINT STATEMENT 400
- WORKING COMMITTEE REPORT 407
- HISTORICAL POEM COMMEMORATING THE WORLD BUDDHIST SUMMIT 409
- S. N. GOENKA'S SPECIAL LECTURE "THE UNIVERSAL APPEAL OF THE BUDDHA DHAMMA A PERSONAL EXPERIENCE" 410
- PAPERS 419



မဟာပါသာဏ လိဏ်ဂူတော်ကြီးအတွင်း ပူဇော်ခံထားသည့် ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်

Jade Buddha Image on its pedestal inside the Mahā Pāsāṇa Cave



မဟာပါသာဏ လိဏ်ဂူတော်ကြီးအတွင်း ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ ကျင်းပနေစဉ်

The World Buddhist Summit in progress inside the Mahā Pāsāṇa Cave



# အခမ်းအနားအစီအစဉ်

## မဟာပါသာဏလိုဏ်ဂူ

## ရန်ကုန်

## ပြည်ထောင်စုမြန်မာနိုင်ငံတော်

ပထမနေ့ ဒီဇင်ဘာ(၉)ရက် (ကြာသပတေးနေ့) နံနက်ပိုင်း

**၀၈:၀၀ ဖွင့်ပွဲအခမ်းအနားစတင်ခြင်း**

အခမ်းအနားကို 'နမော တဿ' သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ခြင်း၊

ဆရာတော် သံဃာတော်များက သရဏဂုံသုံးပါးကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊

ထူးမခြားနားသီချင်းခန့်ကို ရိုးရာမြန်မာ့စောင်းသံဖြင့် တီးခတ်ပေးခြင်း၊

လိုဏ်ဂူပတ်လည်ရှိ ခေါင်းလောင်း(၁၀၈)လုံးအား ထိုးခြင်း၊

ပြည်ထောင်စု မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ကြီးနှင့် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံဃရာဇာ ဆရာတော်ကြီးတို့က ဖယောင်းတိုင်၊ ဆီမီးများ ထွန်းညှိပူဇော်ခြင်း၊

ဗုဒ္ဓဘာသာထိပ်သီးညီလာခံအထိမ်းအမှတ် ခေါင်းလောင်း (၉)ချက် ထိုးခြင်း၊

ထေရဝါဒသံဃာတော်များက မေတ္တာသုတ် ပရိတ်တရားတော်များ ရွတ်ဖတ် သရဇ္ဈာယ်ခြင်း၊

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ သံဃရာဇာဆရာတော်ကြီးက ဝမ်းမြောက်ဂုဏ်ပြုစကား မြွက်ကြားခြင်း၊

ဗုဒ္ဓဘာသာထိပ်သီးညီလာခံကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်ဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်မိန့်ခွန်း ပြောကြားခြင်း၊

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ဘုရားကြီး ပေးပို့သော ဩဝါဒကထာကို ဖတ်ကြားခြင်း၊

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပေးပို့သော သဝဏ်လွှာကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ဖတ်ကြားခြင်း၊

ဘင်္ဂလားဒေ့ရှ်နိုင်ငံ သမ္မတ၏ သဝဏ်လွှာကို ဖတ်ကြားခြင်း၊

အိန္ဒိယနိုင်ငံ သမ္မတ၏ သဝဏ်လွှာကို ဖတ်ကြားခြင်း၊

ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်က နှုတ်ခွန်းဆက်စကား ပြောကြားခြင်း၊



လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစွတာ ဘောင်ညံဗိုရာချစ်က နှုတ်ခွန်းဆက်စကား ပြောကြားခြင်း၊

ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်၏ သဝဏ်လွှာကို ဖတ်ကြားခြင်း၊

သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ၏ သဝဏ်လွှာကို ဖတ်ကြားခြင်း၊

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဝန်ကြီးချုပ်၏ သဝဏ်လွှာကို ဖတ်ကြားခြင်း၊

ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ်၏ သဝဏ်လွှာကို ဖတ်ကြားခြင်း၊

နီပေါနိုင်ငံ ဝန်ကြီးချုပ်၏ သဝဏ်လွှာကို ဖတ်ကြားခြင်း၊

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကိုယ်စား သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ ဒေါက်တာ အရှင် ဉာဏိဿရက Keynote Speech ပြောကြားခြင်း၊

၁၀း၂၀

- ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးတို့ မဟာပါသာဏလိုဏ်ဂူတော်သို့ ရောက်ရှိခြင်း၊
- ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ အပါအဝင် နိုင်ငံပေါင်း (၁၈)နိုင်ငံမှ ထေရဝါဒနှင့် မဟာယာန ဗုဒ္ဓဘာသာခေါင်းဆောင် ဆရာတော်ကြီးများအား နှုတ်ဆက် ကန်တော့ခြင်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းခြင်း၊
- ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးတို့ မဟာပါသာဏလိုဏ်ဂူတော်မှ ပြန်လည် ထွက်ခွါခြင်း၊

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ကြီးအား ဗုဒ္ဓရုပ်ပွားတော် ဆက်ကပ်လှူဒါန်းနေပုံ (ဝဲ)

H.E. Senior General Than Shwe, Chairman of The State Peace and Development Council offers Buddha Image to the Chairman of the State Saṁgha Mahā Nāyaka Committee (left)

၁၀း၃၀

- ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်ပနိုင်ငံ (၈) နိုင်ငံမှ ဗုဒ္ဓဘာသာကိုယ်စားလှယ်များအား ဗုဒ္ဓရုပ်ပွားတော် တစ်ဆူစီ ဆက်ကပ် လှူဒါန်းခြင်း၊
- ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းက ဂျပန်နိုင်ငံမှ ကား(၃၄)စီး လှူဒါန်းသော အလှူရှင် ဂျပန်နိုင်ငံ မြန်မာစီးပွားရေးအဖွဲ့ ဥက္ကဋ္ဌ မစ္စတာ နာကာဂိုမ ယစုယိုရှိအား ဂုဏ်ပြုလွှာ ပေးအပ်ခြင်း၊



ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်တို့က ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံဖွင့်ပွဲတက်ရောက်လာသော ဆရာတော်ကြီးများအား ကြည်ညိုကန်တော့နေကြစဉ်

H.E. Senior General Than Shwe, Chairman of The State Peace and Development Council, H.E. Vice Senior General Maung Aye, Vice Chairman of The State Peace and Development Council, H.E. General Thura Shwe Man, member of The State Peace and Development Council, H.E. General Soe Win, Prime Minister of The Union of Myanmar, H.E. Lt.Gen. Thein Sein, Secretary (1) of The State Peace and Development Council pay homage to the Sayadaws at the Opening Ceremony of The World Buddhist Summit



ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်ကြီးအား ဗုဒ္ဓရုပ်ပွားတော်ဆက်ကပ်လှူဒါန်းနေပုံ

H.E. Vice Senior General Maung Aye, Vice Chairman of The State Peace and Development Council offers Buddha image to the Chairman of the State Samgha Mahā Nāvaka Committee

- ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ပြည်ပနိုင်ငံ (၈)နိုင်ငံမှ ဗုဒ္ဓဘာသာ ကိုယ်စားလှယ်များအား ဗုဒ္ဓရုပ်ပွားတော် တစ်ဆူစီ ဆက်ကပ်လှူဒါန်းခြင်း၊
- မဟာပါသာဏလိုဏ်ဂူ အလယ်သံဃာစင်မြင့်ပေါ်မှ ဆရာတော်ကြီးများနှင့် နိုင်ငံခေါင်းဆောင်များ စုပေါင်းဓါတ်ပုံရိုက်ခြင်း။

၁၀း၄၅ **ဖွင့်ပွဲမင်္ဂလာအခမ်းအနား ပြီးဆုံးခြင်း။**

## ဗုဒ္ဓအမွေအနှစ် ဓာတ်ပုံပြပွဲ ဖွင့်လှစ်ခြင်းအခမ်းအနား

၁၁း၀၀ **အခမ်းအနားစတင်ခြင်း**

- ဝိဇယမင်္ဂလာဓမ္မသဘင်တွင် ခင်းကျင်းပြသမည့် ဗုဒ္ဓအမွေအနှစ် ဓာတ်ပုံပြပွဲကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးတို့က ဖွင့်လှစ်ပေးခြင်း၊
- ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယ နိုင်ငံသံအမတ်ကြီး H.E. Mr. Rajiv Kumar Bhatia အား ပိဋကတ်သုံးပုံ ကျမ်းစာအုပ်များ ပေးအပ်လှူဒါန်းခြင်း။
- သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်နှင့် အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Rajiv Kumar Bhatia တို့က ဝမ်းမြောက်ကျေးဇူးတင်စကားပြောကြားခြင်း။

၁၁း၃၀ **နံနက်ပိုင်းအစီအစဉ်များ ပြီးဆုံးခြင်း၊**

ဟိုတယ်များတွင် နေ့လည်စာ ပြန်လည်သုံးဆောင်ခြင်း

## ပထမနေ့ ဒီဇင်ဘာ(၉)ရက် (ကြာသပတေးနေ့) မွန်းလွဲပိုင်း

၁၃း၀၀ **မွန်းလွဲပိုင်းအစီအစဉ်များ စတင်ခြင်း**

- အခမ်းအနားကို '**နမော တဿ**' သုံးကြိမ် ရွတ်ဆို ဘုရား ကန်တော့၍ ဖွင့်လှစ်ခြင်း၊
- ဆရာတော် သံဃာတော်များက သရဏဂုံသုံးပါးကို ရွတ်ဖတ် သရဇ္ဈာယ်ခြင်း၊
- ထူးမခြားနားသီချင်းခန့်ကို ရိုးရာမြန်မာ့စောင်းသံဖြင့် တီးခတ်ပေးခြင်း၊
- ထိုင်းသံဃာတော်များက မေတ္တာသုတ် ပရိတ်တရားတော်များ ရွတ်ဖတ် သရဇ္ဈာယ်ခြင်း၊
- ဂုဏ်ပြုသဝဏ်လွှာများဖတ်ကြားခြင်း၊
- ဗုဒ္ဓဘာသာကိုယ်စားလှယ်များက စာတမ်းများ ဖတ်ကြားခြင်း၊

၁၆း၀၀ **မွန်းလွဲပိုင်း အစီအစဉ်ပြီးဆုံးခြင်း၊**

ရန်ကုန်မြို့ မဟာပါသာဏလိုဏ်ဂူတော်ကြီးတွင်ကျင်းပသော ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသို့ တက်ရောက်လာသည့် ကမ္ဘာ့နိုင်ငံခေါင်းဆောင်များနှင့် ကမ္ဘာ့ဘာသာရေးခေါင်းဆောင်များ၏ စုပေါင်းဓါတ်ပုံ ရိုက်ကူးထားပုံ

Group Photograph of The State Leaders and The World Religious Leaders attending The World Buddhist Summit being held in The Maha Pāsāṇa Cave in Yangon



သာသနာရေးဝန်ကြီး ဗိုလ်မှူးချုပ်သူရဖြင့်မောင်နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး မစ္စတာရာဂျစ်ကုမားဘားတီးယားတို့ ဗုဒ္ဓယဉ်ကျေးမှုအမွေအနှစ် ဓါတ်ပုံပြပွဲကို ဝိဇယမင်္ဂလာဓမ္မသဘင်တွင် ဖွင့်လှစ်ပေးနေပုံ

H.E. Brig-Gen Thura Myint Maung, Minister for Religious Affairs, and H.E. Mr. Rajiv Kumar Bhatia, Indian Ambassador to Union of Myanmar, open the Photo Exhibition on Buddhist Cultural Heritage at the Wizaya Maṅgalar Dhamma Sabin Hall.

ဒုတိယနေ့ ဒီဇင်ဘာလ(၁၀)ရက် (သောကြာနေ့) နံနက်ပိုင်း

**၀၈:၀၀ နံနက်ပိုင်းအစီအစဉ်များ စတင်ခြင်း၊**

- အခမ်းအနားကို 'နမော တဿ' သုံးကြိမ် ရွတ်ဆို ဘုရား ကန်တော့၍ ဖွင့်လှစ်ခြင်း၊
- ဆရာတော် သံဃာတော်များက သရဏဂုံသုံးပါးကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊
- ထူးမခြားနားသီချင်းခန့်ကို ရိုးရာမြန်မာ့စောင်းသံဖြင့် တီးခတ်ပေးခြင်း၊
- ဗုဒ္ဓဘာသာထိပ်သီးညီလာခံအထိမ်းအမှတ် ခေါင်းလောင်း (၉)ချက် ထိုးခြင်း။
- ကမ္ဘောဒီးယားသံဃာတော်များက မေတ္တာသုတ် ပရိတ်တရားတော်များ ရွတ်ဖတ် သရဇ္ဈာယ်ခြင်း၊
- ဂုဏ်ပြုသဝဏ်လွှာများဖတ်ကြားခြင်း၊
- အက်စ်အင်နဂိုအင်ကာက Special Lecture ပြောကြားခြင်း၊
- ဗုဒ္ဓဘာသာကိုယ်စားလှယ်များက စာတမ်းများ ဖတ်ကြားခြင်း၊

**၁၁:၀၀ နံနက်ပိုင်းအစီအစဉ် ပြီးဆုံးခြင်း၊**

ဟိုတယ်များတွင် နေ့လည်စာ ပြန်လည်သုံးဆောင်ခြင်း

ဒုတိယနေ့ ဒီဇင်ဘာလ(၁၀)ရက် (သောကြာနေ့)မွန်းလွဲပိုင်း

**၁၃:၀၀ အဖွဲ့များခွဲ၍ ဆွေးနွေးခြင်း၊**

အဖွဲ့(၁) ဗုဒ္ဓဘာသာသည် ကမ္ဘာပေါ်တွင် အရေးပါမှု
(နေရာ- မဟာပါသာဏလိုဏ်ဂူ)

အဖွဲ့(၂) ဗုဒ္ဓဘာသာပညာရေး
(နေရာ- သာသနာရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ)

အဖွဲ့(၃) ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေး
(နေရာ- ရှင်းလင်းဟောပြောခန်းမ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓ သာသနာပြု တက္ကသိုလ်)

အဖွဲ့(၄) ဗုဒ္ဓဘာသာ ဝိပဿနာကမ္မဋ္ဌာန်းနှင့် ကမ္ဘာ့ငြိမ်းချမ်းရေး
(နေရာ-ဘွဲ့နှင်းသဘင်ခန်းမ၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့ တက္ကသိုလ်)

**၁၇:၀၀ မွန်းလွဲပိုင်း အစီအစဉ်ပြီးဆုံးခြင်း၊**

## တတိယနေ့ ဒီဇင်ဘာလ(၁၁)ရက် (စနေနေ့) နံနက်ပိုင်း

**၀၈:၀၀ နံနက်ပိုင်းအစီအစဉ်များ စတင်ခြင်း၊**

- အခမ်းအနားကို 'နမော တဿ' သုံးကြိမ်ရွတ်ဆို ဘုရား ကန်တော့၍ ဖွင့်လှစ်ခြင်း၊
- ဆရာတော်သံဃာတော်များက သရဏဂုံသုံးပါးကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊
- ထူးမခြားနားသိချင်းခန့်ကို ရိုးရာမြန်မာ့စောင်းသံဖြင့် တီးခတ်ပေးခြင်း၊
- ဗုဒ္ဓဘာသာထိပ်သီးညီလာခံအထိမ်းအမှတ် ခေါင်းလောင်း (၉)ချက် ထိုးခြင်း။
- လာအိုသံဃာတော်များက မေတ္တာသုတ် ပရိတ်တရားတော်များ ရွတ်ဖတ် သရဇ္ဈာယ်ခြင်း၊
- ဗုဒ္ဓဘာသာထိပ်သီးညီလာခံအထိမ်းအမှတ် ခေါင်းလောင်း (၉)ချက် ထိုးခြင်း။
- စားပွဲပိုင်းဆွေးနွေးခြင်း၊
- အဖွဲ့ခွဲများ၏ ဆွေးနွေးချက်များကို တင်ပြခြင်း၊

**၁၁:၀၀ နံနက်ပိုင်းအစီအစဉ် ပြီးဆုံးခြင်း၊**

ဟိုတယ်များတွင် နေ့လည်စာ ပြန်လည်သုံးဆောင်ခြင်း

## တတိယနေ့ ဒီဇင်ဘာလ(၁၁)ရက်(စနေနေ့) မွန်းလွဲပိုင်း

**၁၁:၀၀ မွန်းလွဲပိုင်းအစီအစဉ်များ စတင်ခြင်း၊**

- အခမ်းအနားကို 'နမော တဿ' သုံးကြိမ် ရွတ်ဆို ဘုရား ကန်တော့၍ ဖွင့်လှစ်ခြင်း၊
- ဆရာတော် သံဃာတော်များက သရဏဂုံ သုံးပါးကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊
- ထူးမခြားနားသိချင်းခန့်ကို ရိုးရာမြန်မာ့စောင်းသံဖြင့် တီးခတ် ပေးခြင်း၊
- လိုဏ်ဂူပတ်လည်ရှိ ခေါင်းလောင်း(၁၀၈)လုံးအား ထိုးခြင်း၊
- ဗုဒ္ဓဘာသာထိပ်သီးညီလာခံအထိမ်းအမှတ် ခေါင်းလောင်း (၉)ချက် ထိုးခြင်း။
- သီရိလင်္ကာသံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်များ ရွတ်ဖတ် သရဇ္ဈာယ်ခြင်း၊
- ဆရာတော် သံဃသေနမှ လဒတ်ပြည်နယ်ဗုဒ္ဓဘာသာအခြေအနေတင်ပြခြင်း
- သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားခြင်း၊
- ပူးတွဲကြေညာချက် ထုတ်ပြန်ခြင်း၊ လက်မှတ်ရေးထိုးခြင်း၊
- ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းက ကျေးဇူးတင်စကား ပြောကြားခြင်း
- သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က ကမ္ဘာဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ မှတ်တမ်းတင် မင်္ဂလာရတု ဖတ်ကြားခြင်း၊



နိုင်ငံတကာမှ ဗုဒ္ဓဘာသာခေါင်းဆောင်ကြီးများနှင့် ကမ္ဘာ့ခေါင်းဆောင်ကြီးများ မဟာပါသာဏလိုဏ်ဂူအတွင်းကျင်းပသည့် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကို တက်ရောက်နေပုံ

Buddhist Leaders and World Leaders attend the Opening Ceremony of The World Buddhist Summit being held at Mahā Pāsāṇa Cave.

- နိုင်ငံတကာဗုဒ္ဓဘာသာခေါင်းဆောင်များကိုယ်စား ချက်ပြည်ထောင်စုမှ အရှင်ဥတ္တမက ကျေးဇူးတင်စကား ပြောကြားခြင်း၊
- ဗိယက်နမ်သံဃာတော်များက အောင်ခြင်းရှစ်ဖြာမင်္ဂလာ တရားတော်များကို ရွတ်ဆိုခြင်း၊
- အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ သီလာနန္ဒာဘိဝံသက အခမ်းအနားပြီးဆုံးကြောင်း နိဂုံးချုပ်မိန့်ခွန်း မိန့်ကြားခြင်း၊
- သံဃမိတ္တာ ဝတ်အဖွဲ့က အရပ်(၁၀)မျက်နှာသို့ မေတ္တာပို့သခြင်း၊
- ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ အောင်မြင်စွာ ပြီးဆုံးခြင်း အထိမ်း အမှတ်အဖြစ် "စိရံ တိဋ္ဌတု လောကသ္မိံ၊ သမ္မာသမ္ဗုဒ္ဓ သာသနံ၊ တသ္မိံ သဂါရဝါနိစ္စံ၊ ဟောန္တု သဗ္ဗေ ဝိ ပါဏိနော" သာသနာ ဆုတောင်းဂါထာဖြင့် အခမ်းအနားကို ရုပ်သိမ်းခြင်း၊

၁၅:၃၅ မွန်းလွဲပိုင်းအစီအစဉ်များ ပြီးဆုံးခြင်း၊

## တတိယနေ့ ဒီဇင်ဘာလ(၁၁)ရက် (စနေနေ့) ညနေပိုင်း

## ဂုဏ်ပြုညစာစားပွဲ

၁၈:၀၀ ဂုဏ်ပြုညစာစားပွဲ အစီအစဉ်၊

- လောကချမ်းသာ အဘယလာဘမုနိဘုရားအနီး မြန်မာကွန်ဗင်းရှင်း စင်တာတွင် ဂုဏ်ပြုညစာစားပွဲ (Farewell Dinner) ဖြင့် တည်ခင်း ဧည့်ခံခြင်း၊
- (၂၀:၀၀) ညစာစားပွဲအပြီးတွင် မြန်မာကွန်ဗင်းရှင်းစင်တာ (MCC) ၌ ယဉ်ကျေးမှုအကပဒေသာများဖြင့် ဖျော်ဖြေခြင်း၊

# မိန့်ခွန်းများ

## ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံဖွင့်ပွဲ အခမ်းအနားတွင် ပြောကြားသော ပြည်ထောင်စု မြန်မာနိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ နှုတ်ခွန်းဆက် အဖွင့်မိန့်ခွန်း

သာသနာပိုင်ဆရာတော်ကြီးများ၊ သံဃရာဇာ ဆရာတော်ကြီးများ၊ မထေရ်မြတ်များ၊ ဝန်ကြီးချုပ်များ၊ ဂုဏ်သရေရှိ ဧည့်သည်တော်ကြီးများနှင့် လူကြီးမင်းများ ခင်ဗျား-

သာသနာသမိုင်းဝင်မည့် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကို မြန်မာနိုင်ငံက အစစ အရာရာ ထောက်ပံ့လှူဒါန်းပြီး အိမ်ရှင်နိုင်ငံအဖြစ် ယခုကဲ့သို့ လက်ခံကျင်းပခွင့်ရသည့်အတွက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအစိုးရနှင့်တကွ မြန်မာနိုင်ငံသားအားလုံးက ဝမ်းသာ ကြည်နူးစွာ ကုသိုလ်ပွားများရပါကြောင်း ရှေးဦးစွာ ထုတ်ဖော် ပြောကြားလိုပါတယ်။



ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကို တက်ရောက်လာကြတဲ့ ဆရာတော်ကြီးများ၊ နိုင်ငံခြင်းဆောင်များနဲ့ သူတော်စင်အပေါင်း ကိုယ်စိတ်နှစ်ပါး ချမ်းသာကြပါစေကြောင်း လိုက်လဲစွာ မေတ္တာပို့သအပ်ပါတယ်။

ဒီနေ့ကျင်းပတဲ့ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးမှာ ပြည်ပနိုင်ငံများမှ သာသနာပိုင် ဆရာတော်ကြီးများ၊ ဗုဒ္ဓဘာသာ ကိုယ်စားလှယ်တော်များနဲ့ ဝန်ကြီးများ၊ ပြည်တွင်းမှသံဃာတော်များနဲ့ ဝန်ကြီးများ ပါဝင်တက်ရောက်နေကြပါတယ်။

၁၉၅၄-ခုနှစ်က ဒီလိုကာ်ဂူတော်ကြီးမှာပဲ ထေရဝါဒ ငါးနိုင်ငံမှ သံဃရာဇာများနဲ့ မထေရ်မြတ်နှစ်ထောင့်ငါးရာခန့် စုဝေးပြီး ဆဋ္ဌသံဂါယနာသဘင် ဆင်ယင်ကျင်းပခဲ့ပါတယ်။ သံဂါယနာပွဲကြီးပြီးဆုံးတဲ့ ၁၉၅၆-ခုနှစ်မှာ ထေရဝါဒနဲ့ မဟာယာန နိုင်ငံတွေက ဗုဒ္ဓဘာသာခြင်းဆောင်တွေ စုဝေးပြီး သာသနာ ၂၅၀၀-ပြည့် အထိမ်းအမှတ် ဗုဒ္ဓဇယန္တီပွဲသဘင် ဆင်ယင်ကျင်းပခဲ့တာလည်း ဒီလိုကာ်ဂူကြီးထဲမှာပဲ ဖြစ်ပါတယ်။ ဒါ့ကြောင့် ယခုမဟာပါသာဏလိုကာ်ဂူတော်ကြီးဟာ သာသနာ့သမိုင်းဝင် မော်ကွန်းတင်နေရာကြီး ဖြစ်ပါတယ်။

ဒီနေ့လည်း နိုင်ငံတကာ ဗုဒ္ဓဘာသာခြင်းဆောင်များ ဒီသမိုင်းဝင်လိုကာ်ဂူတော်ကြီးထဲမှာ စုဝေးပြီး ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေးကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်။ ကမ္ဘာကြီးနဲ့ ကမ္ဘာ့လူသား

တို့အတွက် ငြိမ်းချမ်းသာယာမှုနှင့် တိုးတက်မှုတို့ကို ဖော်ဆောင်ရာမှာ သာသနာရေးအရ အထောက်အကူ ပြုနိုင်မယ့် နည်းလမ်းတွေကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်။

ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးမှာ ဗုဒ္ဓဘာသာခေါင်းဆောင်များဟာ၊ အပြန်အလှန် ချစ်ကြည်ရင်းနှီးမှု၊ ပေါင်းစည်းညီညွတ်မှု၊ သည်းခံခွင့်လွှတ်မှုတွေကို အခြေခံပြီး မိမိတို့အားလုံးနဲ့ သက်ဆိုင်တဲ့ သာသနာအကြောင်းအရာတွေကို ယခုကဲ့သို့ လာရောက် ဆွေးနွေးကြတာဟာ ဗုဒ္ဓသာသနာသမိုင်းမှာ ကြီးမားတဲ့ မော်ကွန်းမှတ်တိုင်ပဲ ဖြစ်ပါတယ်။ အစဉ်အလာအမျိုးမျိုး၊ ဂိုဏ်း အမျိုးမျိုး၊ နေထိုင်ကျင့်ကြံပုံ အမျိုးမျိုး ကွဲပြားနေကြပေမဲ့ မိမိတို့အားလုံးဟာ သကျမုနိ ဘုရားရှင်ရဲ့ သားတော်၊ သမီးတော်တွေ ဖြစ်ကြပြီး အရိယသစ္စာလေးပါးကို သိမြင်ဖို့နဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုဖို့ဆိုတဲ့ အန္တိမရည်မှန်းချက်ဟာ တူညီကြပြီး ဖြစ်ပါတယ်။

ပွင့်တော်မူပြီးတဲ့ ကကုသန်၊ ကောဏာဂုံ၊ ကဿပနဲ့ ဂေါတမဘုရားရှင်တို့ လက်ထက်တော်တွေမှာ ကျင်းပခဲ့တဲ့ သံဃအဖွဲ့ရဲ့ ညီလာခံတွေအကြောင်း ပိဋကတ် စာပေတွေထဲမှာ တွေ့ရှိရပါတယ်။

ဒီအစည်းအဝေးပွဲတွေမှာ သည်းခံခွင့်လွှတ်ခြင်း၊ မေတ္တာကရုဏာထားခြင်းနဲ့ မကောင်းမှုဒုစရိုက်များကို ရှက်ကြောက်ရောင်ကြဉ်ခြင်းတို့ဟာ သာသနာတော် ထွန်းကားပြန့်ပွားရေးအတွက် အဓိကလိုအပ်တဲ့ အချက်တွေဖြစ်ကြောင်း သဗ္ဗညုဘုရားရှင်အားလုံးက ဆုံးမခဲ့ပါတယ်။ သဗ္ဗညုဘုရားရှင်အဆက်ဆက် ဆုံးမသွန်သင်ချမှတ်ပေးခဲ့တဲ့အတိုင်း မကောင်းမှုကို ရှက်ကြောက်တဲ့စိတ်၊ မေတ္တာကရုဏာစိတ်၊ သဒ္ဓါတရားထက်သန်တဲ့ စိတ်၊ ပျော့ပျောင်းနူးညံ့တဲ့ စိတ်တွေဟာ၊ သာသနာတော် ရေရှည်တည်တံ့ရေးကိုသာမက လူသားအချင်းချင်း ပေါင်းသင်းဆက်ဆံ နေထိုင်လျက်ရှိတဲ့ လူ့လောက ကိုလည်း အကျိုးပြုသွားစေမှာ သေချာလျက် ရှိပါတယ်။

လူသားတွေရဲ့ လိုအပ်ချက် နှစ်မျိုးအနက် ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်တွေကို သိပ္ပံနဲ့ နည်းပညာ တိုးတက်မှုတွေက ဖြည့်ဆည်းပေးနိုင်ပေမဲ့ လူသားတွေရဲ့ စိတ်ဓါတ်ပိုင်းဆိုင်ရာ တောင့်တမှု၊ လိုအပ်မှုတွေကိုတော့ မြတ်ဗုဒ္ဓရဲ့ တရားဒေသနာတော်တွေကို ကျင့်ကြံလိုက်နာခြင်းဖြင့်သာ ထိန်းသိမ်းဖြည့်ဆည်းပေးနိုင်မှာ ဖြစ်ပါတယ်။

လူ့လောကမှာ သည်းခံခြင်း၊ မေတ္တာကရုဏာထားခြင်းနဲ့ အရှက်အကြောက်ရှိခြင်း-ဆိုတဲ့ ကိုယ်ကျင့်တရားတွေ ဆုတ်ယုတ်ကျဆင်းမှု မရှိအောင် တားဆီးပြီး လူသားတွေရဲ့ စိတ်ထားတွေ ဖြူစင်လာကာ ကိုယ်ကျင့်တရားတွေ ဖွံ့ဖြိုးတိုးတက်လာအောင် မြတ်ဗုဒ္ဓရဲ့ တရားဒေသနာတော်က ဆောင်ကြဉ်းပေးနေပါတယ်။

သိပ္ပံနဲ့နည်းပညာက ရုပ်ပိုင်းဆိုင်ရာ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေချိန်မှာ ဗုဒ္ဓဘာသာခေါင်းဆောင်များက ဗုဒ္ဓရဲ့ သွန်သင်ဆုံးမမှုများနဲ့အညီ လူသားတွေရဲ့ စိတ်ပိုင်းဆိုင်ရာ အရည်အသွေးကို ထိန်းသိမ်းပြုပြင်ပြီး အေးငြိမ်းချမ်းသာမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်ပါလိမ့်မယ်။ လူတွေမှာ ဖြစ်ပေါ်လေ့ရှိတဲ့ လွန်ကဲတဲ့ လောဘစိတ်၊ ပြင်းထန်တဲ့ ဒေါသစိတ်နဲ့ ကြီးမားထောင်လွှားတဲ့ မာန်မာနစိတ်တွေကို အချိန်နဲ့အမျှ ပြုပြင်ထိန်းချုပ်သွားနိုင်ရန် အရေးတကြီး လိုအပ်နေပြီ ဖြစ်ပါတယ်။

နိုင်ငံတကာနယ်ပယ်မှာ၊ လက်နက်ပြိုင်ဆိုင်မှု၊ အကြမ်းဖက်မှု၊ ဆင်းရဲချမ်းသာ ကွာဟမှုအရ ကြီးနိုင်ငယ်ညှင်းမှုတွေကြောင့် စိတ်နှလုံး တုန်လှုပ်ချောက်ချားဖွယ်ရာ အဖြစ်ဆိုးများကို ကြုံတွေ့.

နေကြရပါတယ်။ လူသားတို့ရဲ့ နှလုံးသားတွေဟာ လောဘမီး၊ ဒေါသမီး၊ သောကမီးတွေကြောင့် ပူလောင်နေကြရပါတယ်။ မြတ်ဗုဒ္ဓရဲ့ တရားတော်က ပူလောင်နေတဲ့ စိတ်နှလုံးတွေကို အေးချမ်းလာအောင် ကုစားနိုင်ပြီး ကမ္ဘာတစ်ဝန်း အေးချမ်းတဲ့ မေတ္တာဓါတ်နဲ့ သည်းခံခွင့်လွှတ်မှုတို့ကို ဖော်ဆောင်နိုင်မှာ ဖြစ်ပါတယ်။ မထေရ်မြတ်များနဲ့ ဗုဒ္ဓဘာသာ ခေါင်းဆောင်များက မြတ်ဗုဒ္ဓရဲ့ တရားတော်များရဲ့ အကူအညီနဲ့ မိမိတို့ မှီတင်းနေထိုင်ရာ ကမ္ဘာကြီးကိုရော၊ မိမိ အခြေပြုနေထိုင်ရာ နိုင်ငံကိုပါ တည်ငြိမ်အေးချမ်းသာယာမှုနဲ့ ဗြဟ္မစိုရ်တရား ထွန်းကားအောင် မဆုတ်မနစ် ကြိုးပမ်းကြလိမ့်မယ်လို့ မျှော်လင့်အားထားမိပါတယ်။

ဒီဗုဒ္ဓဘာသာညီလာခံကြီးက သာသနာတော်ကို အကြောင်းပြုပြီး ငြိမ်းချမ်းသာယာမှုနဲ့ တရားမျှတမှုအပြင် မကောင်းမှုမှန်သမျှကို ရှက်ကြောက်ခြင်းဆိုတဲ့ ဟီရိသြတ္တပ္ပတရား၊ ကမ္ဘာစောင့်တရား ပြန်လည် ရှင်သန်စေမှာ ဖြစ်တယ်လို့ မမှိတ်မသုန် ယုံကြည်မိပါတယ်။

မြန်မာနိုင်ငံတော်ဟာ မြတ်ဗုဒ္ဓသက်တော်ထင်ရှားရှိစဉ်ကတည်းက သာသနာတော်ရရှိခဲ့တဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ မြန်မာနိုင်ငံကို မြတ်ဗုဒ္ဓ သုံးကြိမ် ကြွရောက်ခဲ့တာကို သာသနာဝင်ကျမ်းတွေမှာ မှတ်တမ်းတင်ထားပါတယ်။ ထေရဝါဒနိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံမှာ မြတ်ဗုဒ္ဓရဲ့ တရားတော်တွေကို မူရင်းကျကျ သန့်သန့်စင်စင် ထိန်းသိမ်းစောင့်ရှောက်ထားနိုင်တဲ့ ထူးခြားတဲ့ နိုင်ငံဖြစ်ပါတယ်။ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရက သာသနာရေးဝန်ကြီးဌာနကို သက်ဆိုင်ရာ ဦးစီးဌာနသုံးခုနဲ့ သီးခြား ဖွဲ့စည်းပြီး နှစ်စဉ် ဘတ်ဂျက်ငွေအသုံးဖြင့် သာသနာတော်ကို ပြုစုစောင့်ရှောက်ထောက်ပံ့လျက်ရှိပါတယ်။ မြို့ကြီး၊ မြို့ငယ်အသီးသီးမှာရှိတဲ့ စာသင်တိုက်များ၊ တရားရိပ်သာများ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၊ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်နဲ့ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်တို့မှာ စာပေကျမ်းဂန်များ သင်ယူလေ့လာနေကြတဲ့၊ တရားအားထုတ် ကျင့်ကြံနေကြတဲ့၊ ရဟန်းသာမဏေများနဲ့ သီလရှင် စုစုပေါင်း ငါးသိန်းခန့် ရှိပါတယ်။ နိုင်ငံအတွင်းမှာ ရှိတဲ့ သံဃာဂိုဏ်းကြီး ကိုးဂိုဏ်းကို တစ်ပေါင်းတည်း ဆက်စပ်ပြီး သံဃမဟာနာယကအဖွဲ့ အဆင့်ဆင့်ဖြင့် သာသနာ့ လုပ်ငန်းများကို အနီးကပ် ကြပ်မတ်ဆောင်ရွက်လျက် ရှိပါတယ်။

အထက်ပါ သာသနာ့ဝန်ထမ်းများနဲ့ အစိုးရဝန်ထမ်းများဟာ သာသနာတော် သန့်ရှင်းတည်တံ့ပြန်ပွားရေးနဲ့ ကာကွယ်စောင့်ရှောက်ရေးတို့ကို အားသွန်ခွန်စိုက် ဆောင်ရွက်လျက် ရှိနေကြတာ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် သာသနာတော်ကို သံဃာတော်များနဲ့ ပြည်သူများ၊ အစိုးရ ဝန်ထမ်းများဟာ ဆရာ ဒကာ စိတ်ဓါတ်အရင်းခံဖြင့် ပူးပေါင်းပြီး ကာကွယ်စောင့်ရှောက်နေခြင်းပဲ ဖြစ်ပါတယ်။

ဒီညီလာခံမှာ တက်ရောက်နေကြတဲ့ မထေရ်မြတ်ကြီးများ၊ ဗုဒ္ဓဘာသာခေါင်းဆောင်များနဲ့ လေ့လာသူများကို တန်ခိုးကြီးဘုရားများ ဖူးမြော်ဖို့အပြင် ဗုဒ္ဓဘာသာ စာပေကျမ်းဂန်တွေ လေ့လာသင်ယူဖို့၊ သုတေသနပြုဖို့၊ တရားကျင့်ကြံဖို့၊ မြန်မာနိုင်ငံကို လာရောက်ကြရန် လှိုက်လှိုက်လဲလဲ ဖိတ်ခေါ်အပ်ပါတယ်။

နိဂုံးချုပ်အနေဖြင့် နိုင်ငံခေါင်းဆောင်ကြီးများ၊ ဗုဒ္ဓဘာသာခေါင်းဆောင်များနဲ့ လေ့လာသူများကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ကိုယ်စား၊ ပြည်သူပြည်သား (၅၃)သန်းရဲ့ ကိုယ်စား၊ မြန်မာရဟန်းသာမဏေများနဲ့ သီလရှင် ငါးသိန်းတို့ ကိုယ်စား ယခုကဲ့သို့ ကြိုဆိုနှုတ်ခွန်း ဆက်သရတာကို လှိုက်လှိုက်လဲလဲဂုဏ်ယူကြောင်း ထပ်လောင်းပြောကြားလိုပါတယ်။ ပင်ပန်းနွမ်းနယ်မှုများကို မငဲ့ကွက်ဘဲ ညီလာခံမှာ ပါဝင်တက်ရောက် ဆွေးနွေးနေကြသူအားလုံးကို ကျေးဇူးတင်ရှိပါတယ်။

ဧည့်သည်တော်ကြီးများ သက်တောင့်သက်သာရှိစေဖို့၊ အစစအရာရာ အဆင်ပြေစေဖို့၊ အကျိုးကျေးဇူးရှိစေဖို့ ညီလာခံကျင်းပရေးကော်မတီက ကြိုတင်ပြင်ဆင်မှုများကို အကောင်းဆုံး ပြုလုပ်ထားပါတယ်။ ဒီကြိုတင်ပြင်ဆင်မှုများနဲ့ အစီအစဉ်များမှာ အကယ်၍ မပြည့်စုံမှုများရှိခဲ့ရင်လဲ မေတ္တာအရင်းခံဖြင့် ခွင့်လွှတ်ကြဖို့ တောင်းပန်ပါတယ်။

- သဗ္ဗညုမြတ်ဗုဒ္ဓရဲ့ တရားဒေသနာတော် နေလိုလလို ထွန်းလင်းတောက်ပပြီး အဓွန့်ရှည်တည်တံ့ပါစေ။
- သဗ္ဗညုမြတ်ဗုဒ္ဓရဲ့ အဆုံးအမများ ကမ္ဘာအနှံ့ ပြန့်ပွားပါစေ။
- လူသားအားလုံး မြတ်ဗုဒ္ဓရဲ့ အဆုံးအမတော်ကို အမြဲလိုက်နာကျင့်သုံးနိုင်ကြပြီး ကမ္ဘာအဝှန်းအေးချမ်းသာယာမှု၊ တရားမျှတမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုတို့ကို ဖော်ဆောင်နိုင်ကြပါစေ။
- တက်ရောက်လာကြတဲ့ ဗုဒ္ဓဘာသာခေါင်းဆောင်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့ဖြင့် ပြည့်စုံကြပါစေ။

လို့ မေတ္တာပို့သရင်း နိဂုံးချုပ်အပ်ပါတယ်။

# ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ ဖွင့်ပွဲအခမ်းအနားတွင် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ် ပြောကြားသည့် နှုတ်ခွန်းဆက်မိန့်ခွန်း(ဘာသာပြန်)

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဆရာတော် ဘဒ္ဒန္တကုမာရ၊
သာသနာပိုင်ဆရာတော်ကြီးများ၊
မထေရ်မြတ်များ၊
အဆွေတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊
ဧည့်သည်တော်ကြီးများ၊
ဗုဒ္ဓဘာသာဝင်များ၊
လူကြီးမင်းများခင်ဗျား-

ကမ္ဘာအရပ်ရပ်မှ သံဃနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ မထေရ်မြတ်များ၊ အစိုးရအဖွဲ့ ကိုယ်စားလှယ်တော်များနှင့် ဗုဒ္ဓဘာသာဝင်များ စုဝေးရာ ကြီးကျယ်ခမ်းနား လေးစားဖွယ်ကောင်းတဲ့ ဒီညီလာခံကြီးမှာ တက်ရောက်ခွင့်ရတဲ့အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်း ပဏာမ ပြောကြားလိုပါတယ်။ အခုကျင်းပတဲ့ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးဟာ တစ်ဦးနဲ့တစ်ဦး ဘာသာရေးနဲ့ယဉ်ကျေးမှုအရ ခိုင်ခိုင်မြဲမြဲ ဆက်စပ်ယှက်နွယ်နေတဲ့ ဒီဒေသတွင်းက ဗုဒ္ဓဘာသာဝင်တွေ အတွက်ရော၊ တစ်ကမ္ဘာလုံးက ဗုဒ္ဓဘာသာဝင်တွေ အတွက်ပါ အလွန်အရေးပါတဲ့ ညီလာခံကြီး ဖြစ်တယ် ဆိုတာ သံသယ ဖြစ်စရာ မရှိပါဘူး။ ဒီကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကို အိမ်ရှင်အဖြစ် အောင်အောင်မြင်မြင် လက်ခံကျင်းပပေးတဲ့ မြန်မာ အစိုးရနဲ့ မြန်မာပြည်သူတွေကို ထိုင်းအစိုးရနဲ့ ထိုင်းပြည်သူတို့ ကိုယ်စား ကျွန်ပ်က လှိုက်လှိုက်လဲလဲ ကြိုဆိုဂုဏ်ပြုအပ်ပါတယ်။ ရှေး ပဝေသဏီ ကတည်းက ဗုဒ္ဓဘာသာသာသနာ အမြစ်တွယ်စည်ပင်ထွန်းကား ပြန့်ပွားခဲ့တဲ့ နိုင်ငံတစ်နိုင်ငံအနေနဲ့ ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီး ညီလာခံကြီးကို လက်ခံ ကျင်းပဖို့အတွက် မြန်မာနိုင်ငံဟာ အသင့်လျော်ဆုံးနေရာ တစ်နေရာ အမှန်ပင်ဖြစ်ပါတယ်။



သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်ကြီးများ၊ ဂုဏ်သရေရှိ လူကြီးမင်းများနဲ့ ဗုဒ္ဓဘာသာဝင် သူတော်စင်များ ခင်ဗျား-

ဒီကနေ့ကမ္ဘာကြီးမှာ နိုင်ငံတွေဟာအချင်းချင်း အပြန်အလှန်မှီခိုအားထား အလုပ်လုပ်ကိုင်နေကြရတယ်။ သိပ္ပံနဲ့နည်းပညာတွေ တစ်ရှိန်ထိုး တိုးတက်လာတာနဲ့အမျှ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ ကူးလူးဆက်ဆံရာမှာ အလွန်လွယ်ကူလျင်မြန်လာပါတယ်။ ဒါ့ကြောင့် လူမျိုး၊ ယဉ်ကျေးမှုနဲ့ဘာသာရေး မတူညီတဲ့ လူသားတွေကို သမိုင်းတလျှောက် ဘယ်အခါကနဲ့မှ မတူအောင် အတူတကွ ပိုမိုပူးပေါင်းနေထိုင်လုပ်ကိုင်လာကြဖို့ တွန်းပို့ပေးလိုက် ပါတယ်။ ကြေးနန်းဆက်သွယ်ရေးနှင့် အင်တာနက်တို့က ကမ္ဘာ့ဒီဘက်ခြမ်းက လူသားတွေ ကမ္ဘာ့ ဟိုဘက်ခြမ်းက အဖြစ်အပျက်ကို ချက်ချင်းသိအောင် စွမ်းဆောင်ပေးနေပါတယ်။ အခုအခါ လူတွေဟာ ကမ္ဘာလှည့်ခရီးသည်တွေအဖြစ်၊ ကုန်သည်တွေအဖြစ်၊ ရင်းနှီးမြှုပ်နှံသူများအဖြစ်၊ အလုပ်အကိုင် ရှာဖွေသူများအဖြစ်၊ ပြောင်းရွှေ့အခြေချသူတွေအဖြစ် ကမ္ဘာတစ်ဝန်းမှာ ယခင်က လုံးဝမမြင်ခဲ့ဘူးတဲ့ အရှိန်အဟုန်နဲ့ ကူးသန်းသွားလာနေကြပါတယ်။ ကမ္ဘာကြီးရဲ့ ပြောင်းလဲနေတဲ့ လူမှုရေးမြင်ကွင်းဟာ တကယ် အကြီးအကျယ် ပြောင်းလဲသွားပြီ ဖြစ်ပါတယ်၊ လူမျိုးစုံ၊ ယဉ်ကျေးမှုစုံ လူ့အဖွဲ့အစည်းတွေဟာ ကမ္ဘာလုံးဆိုင်ရာ ဖြစ်စဉ်ဖြစ်ရပ်အဖြစ် ရောက်ရှိလာနေပြီဖြစ်ပါတယ်။

လူမျိုးစုံ၊ ယဉ်ကျေးမှုစုံ လူ့အဖွဲ့အစည်းများ ပေါပေါက်လာတာနဲ့အမျှ မလိုလားအပ်တဲ့ နောက်ဆက်တွဲ ဖြစ်ရပ်များက ကပ်ပါလာပါတယ်၊ အတိအကျ ပြောရမယ်ဆိုရင် အသားအရောင်၊ ယုံကြည်ကိုးကွယ်မှု၊ ယဉ်ကျေးမှုနဲ့ တခြားအရာတွေအပေါ် အခြေခံပြီး ဘက်လိုက်မှုတွေ၊ အခြေအမြစ်မရှိတဲ့ အစွဲအလမ်းတွေ ရှိလာပါတယ်။

ဒီဘက်လိုက်မှုတွေနဲ့ အစွဲအလမ်းတွေကြောင့် 'သူ' 'ငါ' ခွဲခြားမြင်လာမှုဟာ ကမ္ဘာ့ဒေသအများအပြားမှာ အခုတွေ့မြင်နေရတဲ့အတိုင်း မုန်းတီးမှု၊ လူမျိုးရေးနဲ့ ဘာသာရေး ပဋိပက္ခတွေအပြင် အဆိုးရွားဆုံးအနေနဲ့ အစွန်းရောက်မှုနဲ့ အကြမ်းဖက်မှုတွေကို ဖြစ်ထွန်းလာစေပါတယ်၊ ကျွန်ုပ်တို့အားလုံး သတိပြုမိတဲ့အတိုင်း ဒါတွေအားလုံး ကမ္ဘာ့ဒေသအများအပြားကို ပျံ့နှံ့ပြီး၊ မျက်မှောက်ကာလ ကမ္ဘာကြီးအတွက် အကြီးမားဆုံး ခြိမ်းခြောက်မှု တစ်ခုအဖြစ် ဖြစ်ပေါ်လာနေပြီ ဖြစ်ပါတယ်။

ဒါကြောင့် ဘာသာရေးနဲ့ပတ်သက်ပြီး အကြိုက်ချင်းတူသည်ဖြစ်စေ မတူသည်ဖြစ်စေ အလယ်အလတ်လမ်း (ဗုဒ္ဓဘာသာမှာ မဇ္ဈိမပဋိပဒါလမ်းစဉ်)ဖြစ်တဲ့ မလျော့မတင်းခြင်းနဲ့ သည်းခံခြင်းတရားများလက်ခံကျင့်သုံးသူတွေကို ကျွန်ုပ်တို့အားလုံးက လုပ်ပိုင်ခွင့် ပေးအပ်ထားဖို့ လိုအပ်ပါတယ်၊ ပထမဆုံးမြတ်ဗုဒ္ဓရဲ့ အဆုံးမတွေထဲက ပဓာနသိလဖြစ်တဲ့ သူ့အသက်သတ်ခြင်းကို ရည်ညွှန်းလိုပါတယ်၊ ဘယ်လိုအကြောင်းကြောင့် ကျူးလွန်တာ ဖြစ်ဖြစ် သူတစ်ပါး အသက်သတ်တာဟာ မကောင်းမှု ဒုစရိုက်ဘဲဖြစ်တယ်၊ အသက်ရှင်သန်မှုဟာ အရေးအကြီးဆုံးဖြစ်ပြီး ဘာအကြောင်းပြချက်နဲ့မှ ကျူးလွန်ခြင်းမရှိစေရပါဘူး၊ အလားတူဘဲ နားလည်မှု၊ စာနာရိုင်းပင်းမှု၊ ချစ်ခြင်းမေတ္တာနဲ့ ကူညီထောက်ပံ့ရေးတရားတွေဟာ လူသားအတွက် မရှိမဖြစ်တဲ့ သုစရိုက် အားသာချက်တွေ ဖြစ်ပြီးဘာသာအားလုံးရဲ့ စစ်မှန်မွန်မြတ်တဲ့ ရည်မှန်းချက်တွေဖြစ်တယ်ဆိုတာကို ပျံ့နှံ့အောင် ကျွန်ုပ်တို့ အားပေးကူညီရမှာ ဖြစ်ပါတယ်။

သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော် ကြီးများ၊ ဂုဏ်သရေရှိ လူကြီးမင်းများနဲ့.
ဗုဒ္ဓဘာသာဝင် သူတော်စင်များ ခင်ဗျား-

ဗုဒ္ဓဘာသာဟာ မယုတ်မလွန်ခြင်းနဲ့. သည်းခံခြင်းတရားများ ပြည့်စုံတဲ့ဘာသာ ဖြစ်ပါတယ်။ စိတ်ရဲ့. ငြိမ်းချမ်းမှုနဲ့. အတွက်ကို စွန့်လွှတ်မှုတွေဟာ သီလ၊ သမာဓိ၊ ပညာနဲ့သာ ရရှိနိုင်တဲ့ ဗုဒ္ဓဘာသာဝင် အားလုံးရဲ့. အန္တိမရည်မှန်းချက်တွေ ဖြစ်ပါတယ်၊ ကျွန်ုပ်တို့. ဗုဒ္ဓဘာသာဝင်တွေမှာ သီလကို ဆောက်တည်စောင့်ထိန်းဖို့. အဆုံးအမတွေရှိပြီး ပထမဦးဆုံးသီလကတော့ သူ့.အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်းဖြစ်ပါတယ်၊ ဒါ့အပြင် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ ဗြဟ္မစိရ်တရား လေးပါးကို ကျင့်ကြံကြဖို့. သွန်သင်ခဲ့ပါတယ်။

ဒီညီလာခံကြီးရဲ့. ရည်ရွယ်ချက်တွေထဲက ရည်ရွယ်ချက်တစ်ခုဖြစ်တဲ့ "ကမ္ဘာ့လူသားထု တစ်ရပ်လုံးအတွက် ထာဝရငြိမ်းချမ်းသာယာသော ကမ္ဘာကြီးဖြစ်ထွန်းစေရေးအတွက် ဗုဒ္ဓဘာသာရှုထောင့်က ဝိုင်းဝန်းကူညီဆောင်ရွက်ခြင်း" ဆိုတဲ့ ရည်ရွယ်ချက်နဲ့. ဒီကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးကို ကျင်းပပြီး ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင်တွေက ကြိုးပမ်းအားထုတ်နေကြတာတွေ့ရလို့ အလွန် နှစ်ထောင်းအားရ ဖြစ်မိပါတယ်။ ဒီဆောင်ရွက်ချက်ဟာ ကမ္ဘာကြီး အတိမ်းအစောင်း မခံတဲ့ လမ်းဆုံလမ်းခွရောက်နေချိန်မှာ ဗုဒ္ဓဘာသာဝင်တွေရဲ့. ကြီးမားပြီး အဖိုးအနဂ္ဃထိုက်တဲ့ စွမ်းဆောင်အထောက်အကူပြုမှု တစ်ရပ်ပဲ ဖြစ်ပါတယ်၊ လူသား အားလုံးအတွက် ငြိမ်းချမ်းရေးနဲ့. ပျော်ရွှင်ချမ်းမြေ့ရေးကို ရှာကြံရာမှာ အောင်မြင်မှု အဖုံဖုံနဲ့. ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

ကျေးဇူးတင်ပါတယ်။

# ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ ဖွင့်ပွဲအခမ်းအနားတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဘောင်ညံ ဗိုရာချစ် ပြောကြားသည့် နှုတ်ခွန်းဆက်မိန့်ခွန်း(ဘာသာပြန်)

သံဃာ့ ကိုယ်စားလှယ်တော်များ၊
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ်၊
ဝန်ကြီးများ၊ မြန်မာပြည်တွင်းနှင့် ပြည်ပမှ ဂုဏ်သရေရှိ ဧည့်သည်တော်ကြီးများ၊
လူကြီးမင်းများခင်ဗျား-

သာယာလှပပြီး ရှေးကျတဲ့ ဗုဒ္ဓဘာသာဆိုင်ရာ မွန်မြတ်သော နေရာများစွာရှိတဲ့ ရန်ကုန်မြို့တော်မှာ ကျင်းပတဲ့ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံဖွင့်ပွဲ အခမ်းအနားကို ယနေ့ တက်ရောက်ရတဲ့အတွက် အလွန်နှစ်ထောင်းအားရဖြစ်မိပါတယ်၊ ဂုဏ်ယူမိပါတယ်။

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ ကျင်းပရေးကို အလွန်ကောင်းမွန်အောင် စီစဉ်ဖို့ ညီညီညွတ်ညွတ်ပူးပေါင်း ဆောင်ရွက်ကြိုးပမ်းခဲ့ကြတဲ့ မြန်မာ ပြည်သူတွေနဲ့ အစိုးရကို လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ အစိုးရကိုယ်စားရော လာအို နိုင်ငံသားဗုဒ္ဓဘာသာဝင်တွေ ကိုယ်စားပါ လှိုက်လှိုက်လှဲလှဲ ချီးကျူး ဂုဏ်ပြုပြီး ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ တစ် ချိန်ထဲမှာပဲ နိုင်ငံအသီးသီးနဲ့ အဖွဲ့အစည်း အသီးသီးက ဗုဒ္ဓဘာသာ ကိုယ်စားလှယ်အားလုံးကို ဒီညီလာခံကြီးမှာ ပါဝင်တက်ရောက် ကြတဲ့အတွက် ချီးကျူး ဂုဏ်ပြုပြီး အရိုအသေပေးလိုပါတယ်။



နိုင်ငံခေါင်းဆောင်များနဲ့ ဂုဏ်သရေရှိ ဧည့်သည်တော်များခင်ဗျား-

ဗုဒ္ဓဘာသာခေါင်းဆောင်တွေ စုဝေးပြီး မိမိတို့ ကြည်ညိုတဲ့ ဗုဒ္ဓဘာသာကို စောင့်ရှောက် ထိန်းသိမ်းရေးအတွက် အမြင်ချင်း ဖလှယ်နိုင်ကြဖို့ ဒီကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးဟာ အလွန် အရေးပါလှပါတယ်။ ကမ္ဘာ့ ငြိမ်းချမ်းရေးနဲ့ ကြာရှည်တည်တံ့တဲ့ တည်ငြိမ်မှု ရရှိရေးအတွက် ကမ္ဘာတစ်ဝန်းက ဗုဒ္ဓဘာသာဝင်တွေ အနေနဲ့လှိုက်လှဲတဲ့ ချစ်ကြည်ရင်းနှီးမှုနဲ့ အပြန်အလှန်နားလည်မှုတွေကိုလည်း တိုးမြှင့်နိုင်ဖို့၊ လူသားတွေရဲ့ ကြီးပွားရေး၊ ပျော်ရွင်ရေးနဲ့ ချမ်းသာသုခကို ဖေါ်ဆောင်နိုင်ဖို့ အခွင့်အလမ်းတွေရရှိမှာ ဖြစ်ပါတယ်။

လူဦးရေ ၅.၆-သန်းရှိတဲ့ လာအိုပြည်သူ. ဒီမိုကရက်တစ် သမ္မတနိုင်ငံမှာ (၇၅)ရာခိုင်နှုန်းဟာ ဗုဒ္ဓဘာသာဝင်တွေ ဖြစ်ပါတယ်။ ဒါပေမဲ့ ဗုဒ္ဓဘာသာဝင်တွေသာမက အခြားဘာသာဝင်တွေရော ဘာသာတရားမရှိသူတွေကပါ အပြန်အလှန်လေးစားမှု အမြဲကိုင်စွဲထားရှိကြလို. လာအိုလူနေမှု အဖွဲ့.အစည်းတစ်ခုလုံးက လှိုက်လှိုက်လဲလဲ ချစ်ကြည် ရင်းနှီးမှု၊ သဟဇာတဖြစ်မှုနဲ့ အပြန်အလှန် ကူညီဖေးမမှုတို့.ကို ခံစားရရှိကြပါတယ်။ နိုင်ငံတော်ကို စောင့်ရှောက်ထိန်းသိမ်းရေးနဲ့. နိုင်ငံတော် သာယာဝပြောရေးကို အစိုးရမူဝါဒက ချမှတ်ပြဋ္ဌာန်းထားတဲ့အတိုင်း ဖေါ်ဆောင် ကြိုးပမ်းရာမှာ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ကြပါတယ်။

လွန်ခဲ့တဲ့ ၆-နှစ်က စတင်ဖွင့်လှစ်ခဲ့တဲ့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာပြု တက္ကသိုလ်ကို တည်ထောင်ခဲ့တဲ့ မြန်မာနိုင်ငံအစိုးရရဲ့. ဆောင်ရွက်ချက်ကို အထူးအသိအမှတ်ပြု တန်ဖိုးထားပြီး ဂုဏ်ပြု ချီးမွမ်းလိုပါတယ်။ ဒီတက္ကသိုလ်ဟာ ဗုဒ္ဓဘာသာ လေ့လာသင်ယူရာနဲ့. ကမ္ဘာ့ လူသားတွေအတွက် ဗုဒ္ဓဘာသာသင်ကြားဖြန့်ဖြူးရာ အချက်အချာတစ်ခုဖြစ်ပါတယ်။ လာအို ရဟန်းတော်နဲ့. သီလရှင် အတန်အသင့် ဒီတက္ကသိုလ်မှာ တက်ရောက်ပညာ သင်ယူခဲ့ကြပါတယ်။ အခုလည်း တစ်ချို့ တက်ရောက်ပညာသင်နေကြဆဲ ဖြစ်ပါတယ်။

ကျက်သရေမင်္ဂလာအပေါင်း ခညောင်းတဲ့ ဒီအခါသမယမှာ ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး အထူးအောင်မြင်ရေးအတွက် ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

ကျေးဇူးတင်ပါတယ်။

# ဆရာတော် ဒေါက်တာ အရှင် ဉာဏိဿရ၏ မူဝါဒဆိုင်ရာ အဖွင့်မိန့်ခွန်း (ဘာသာပြန်)

သာသနာပိုင်များ
မထေရ်မြတ်များ
ဂုဏ်သရေရှိ ဧည့်သည်တော်များ
ဓမ္မမိတ်ဆွေ သူတော်စင်များ
ဒါယကာ၊ ဒါယိကာမများ

နိုင်ငံပေါင်းများစွာက ဗုဒ္ဓဘာသာခေါင်းဆောင်ကြီးများ "မင်္ဂလာအပေါင်းနှ. ခညောင်းပါစေ" လို့ ရှေးဦးစွာဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ဒီအရေးပါလှတဲ့ အခါသမယမှာ ဓမ္မမိန့်ခွန်း ပြောကြားခွင့်ရတဲ့အတွက် အလွန်ဂုဏ်ယူမိပါတယ်။

ရွှေရောင်လွှမ်းတဲ့ မိမိတို့ မြန်မာ့မြေပေါ်က ကြိုဆိုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ဩဇာကြီးမား ညီညွတ်တဲ့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ရဲ့ ဦးဆောင်မှုနဲ့ ရဟန်းသံဃာတော် ငါးသိန်းခန့် သီတင်းသုံးနေထိုင်ပြီး၊ ထေရဝါဒ ဗုဒ္ဓသာသနာ စည်ပင်ထွန်းကားနေတဲ့ မိမိတို့ နိုင်ငံတော်မှာ ဒီကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကို အစစအရာရာ တာဝန်ယူပြီး အိမ်ရှင်နိုင်ငံအဖြစ် လက်ကျင်းပခွင့်ရတဲ့အတွက် မိမိတို့ အလွန်ဝမ်းမြောက်ဂုဏ်ယူပါတယ်။ ပြည်တွင်းမှာရော နိုင်ငံတကာမှာပါ ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွါးစေဘို့အတွက် မိမိတို့ နိုင်ငံတော်အစိုးရ၊ တိုင်းသူပြည်သားများနဲ့ သံဃအဖွဲ့အစည်းများက တစ်စိတ်တစ်ဝမ်းတည်း ရှိကြပါတယ်။



ဒီကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးဟာ သာသနာသမိုင်းတလျှောက်မှာ အရေးအပါဆုံး နဲ့ ဂုဏ်သရေအကြီးမားဆုံး ညီလာခံကြီးဖြစ်ပါတယ်။ တက်ရောက်သူ အရေအတွက်ရော ပြင်ဆင်မှုပိုင်းနဲ့ ရည်ရွယ်ချက်မှာပါ ဒီညီလာခံကြီးက အရင်ကျင်းပခဲ့တဲ့ ဗုဒ္ဓဘာသာ ညီလာခံအားလုံးထက် သာလွန်ပါတယ်။

ဒီကမ္ဘာ့ထိပ်သီးညီလာခံကြီးကျင်းပရေးအတွက် အသေးစိတ် ပြင်ဆင်နိုင်ဖို့ မြန်မာနိုင်ငံတွင်းမှာ ဆွေးနွေးပွဲတွေကို အကြိမ်ကြိမ် လုပ်ခဲ့ရပါတယ်။ ဒီကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးကို နိုင်ငံတော် အခမ်းအနားတစ်ရပ်အနေနဲ့ ကျင်းပအောင်မြင်နိုင်စေဖို့ ဝန်ကြီးအားလုံးနဲ့တကွ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ်တို့က အကြိမ်ကြိမ် ဆွေးနွေး ညှိနှိုင်းခဲ့ကြရပါတယ်။

မြန်မာနိုင်ငံရဲ့ ညီလာခံကျင်းပရေးကော်မတီနဲ့ ကမ္ဘာ့ဗုဒ္ဓဘာသာ ခေါင်းဆောင်တွေကို ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ ကမ္ဘာတစ်ဝန်းလုံးက မဟာယာနနဲ့ ထေရဝါဒ ဗုဒ္ဓဘာသာဝင်

တို့ကလည်း ဒီကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး အောင်အောင်မြင်မြင် ကျင်းပနိုင်ရေးအတွက် အားပေးခဲ့ကြပြီး ညီလာခံ တက်ရောက်လိုတဲ့ ၎င်းတို့ရဲ့ ဆန္ဒကို ဖော်ထုတ်ခဲ့ကြပါတယ်။ နေရာအခက်အခဲကြောင့် လှိုဏ်ဂူတော်ကြီးအတွင်း ဝင်ပြီးတက်ရောက်ခွင့်မရသူတွေကို ညီလာခံကျင်းပရေးကော်မတီကိုယ်စား တောင်းပန်အပ်ပါတယ်။ အသွင်သဏ္ဌာန်အားဖြင့် ဒီကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးဟာ ဗုဒ္ဓဘုရားရှင်ရဲ့ တရားဒေသနာတော်များ သန့်ရှင်းစင်ကြယ်ရေး၊ တည်တံ့ခိုင်မြဲရေးနဲ့ ထွန်းကားပြန့်ပွားရေးတို့ရဲ့ အချက်အချာဖြစ်တဲ့ မြန်မာနိုင်ငံမှာ သတ္တမသံဂါယနာတင်နေသလို ဖြစ်နေတယ်ဆိုရင် ပိုမယ်မထင်ပါဘူး။

ဒီညီလာခံကြီးကျင်းပရာ နေရာနှင့်ပတ်သက်တဲ့ ထူးခြားဝမ်းမြောက်ဖွယ် တိုက်ဆိုင်မှုတစ်ရပ်အကြောင်း ပြန်ပြောင်း ပြောပြလိုပါတယ်။ ဒီမဟာပါသာဏ လိုဏ်ဂူတော်ကြီးဟာ ဗုဒ္ဓသာသနာသမိုင်းမှာ သမိုင်းကြောင်းအရရော သာသနာရေးဆိုင်ရာအရပါ အရေးပါထူးခြားပါတယ်။ ၁၉၅၄-ခုနှစ်မှာထေရဝါဒနိုင်ငံတွေဖြစ်တဲ့ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံတို့က ရဟန်းတော်တွေ ဒီလိုဏ်ဂူကြီးအတွင်းမှာ စုဝေးပြီး ဆဋ္ဌသံဂါယနာတင်ပွဲကြီးကို ကျင်းပခဲ့ကြပါတယ်။ ၁၉၅၆-ခုနှစ်မှာတော့ ထေရဝါဒနိုင်ငံများသာမက မဟာယာနနိုင်ငံတွေပါစုပေါင်းပြီး သာသနာ ၂၅၀၀-ပြည့် ဗုဒ္ဓဇယန္တီပွဲတော်ကြီးကို ကျင်းပခဲ့ဖူးပါတယ်။ ထေရဝါဒနိုင်ငံတွေက သာသနာပိုင် ဆရာတော်ကြီးများ၊ နိုင်ငံခေါင်းဆောင်များနှင့် ဝန်ကြီးချုပ်များကပေးပို့တဲ့ ဂုဏ်ပြုဆုတောင်းသဝဏ်လွှာများကို ဒီလိုဏ်ဂူကြီးထဲမှာပဲ ဖတ်ကြားခဲ့ကြပါတယ်။ ဒါ့အပြင် ဂျပန်နိုင်ငံအပါအဝင် မဟာယာန (၁၀)နိုင်ငံကလည်း အဲဒီအခမ်းအနားကြီးမှာ ပါဝင်ဆင်နွှဲခဲ့ကြပါတယ်။ ဒီနေ့ ဆဋ္ဌသံဂါယနာ တင်ပွဲကြီး ကျင်းပခဲ့တဲ့ အချိန်မှ ၄၈ နှစ်အကြာမှာ ထေရဝါဒနဲ့ မဟာယာနခေါင်းဆောင်တွေ ဒီ လိုဏ်ဂူတော်ကြီးမှာပဲ စုဝေးပြီး စည်းလုံးညီညွတ်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးနဲ့ သာသနာတော် ထွန်းကားပြန့်ပွားရေးတို့အတွက် ဆွေးနွေးကြမှာ ဖြစ်ပါတယ်။

ဗုဒ္ဓဘာသာခေါင်းဆောင်တွေ မကြာခဏ တွေ့ဆုံဆွေးနွေးကြတာက (မြတ်ဗုဒ္ဓရဲ့) တရားဒေသနာတော်တွေ ထွန်းကားပြန့်ပွားဘို့အတွက် အထောက်အကူဖြစ်စေမယ်လို့ မြတ်ဗုဒ္ဓ ကိုယ်တော်တိုင် ဟောကြားခဲ့ပါတယ်။ မှန်မှန် တွေ့ဆုံဆွေးနွေးကြဘို့ မြတ်ဗုဒ္ဓ ဆုံးမလမ်းညွှန်တော်မူခဲ့တဲ့အတိုင်း ဗုဒ္ဓဝါဒရဲ့ အဓိကဝါဒကွဲတွေ ဖြစ်တဲ့ ထေရဝါဒနဲ့ မဟာယာနဗုဒ္ဓ ဘာသာဂိုဏ်းဝင်တို့ဟာ အခု ဒီကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးမှာ တွေ့ဆုံပြီး စည်းလုံး ညီညွတ်ရေးနဲ့ (သာသနာတော်) ပြန့်ပွားရေးဆိုင်ရာတွေကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်။

အင်အားကြီးသူက အင်အားငယ်သူကို လွှမ်းမိုးအုပ်ချုပ်နေပြီး ချမ်းသာသူတွေက ဆင်းရဲ ဒုက္ခရောက်နေသူများနဲ့ မိမိတို့ရဲ့ စည်းစိမ်ဥစ္စာတွေကို မျှဝေခံစားဘို့ ဝန်လေးနေတဲ့၊ တည်ငြိမ်မှု ကင်းမဲ့နေတဲ့၊ ကမ္ဘာလောကကြီးမှာ မြတ်ဗုဒ္ဓဟောကြားခဲ့တဲ့ သည်းခံရေးနှင့် မေတ္တာကရုဏာထားရေးဆိုတဲ့ တရားတော်တွေ ပျံ့နှံ့စေဖို့ ဒီဗုဒ္ဓဘာသာ ထိပ်သီးညီလာခံတွေက စွမ်းဆောင်နိုင်ခဲ့တယ်ဆိုတာ သံသယဖြစ်စရာမရှိပါဘူး။

ဒါ့အပြင် ညီလာခံရဲ့ ဆောင်ပုဒ်ဖြစ်တဲ့ သဟဇာတဖြစ်မှုနဲ့ ငြိမ်းချမ်းရေးဆိုတဲ့ ဘုရားရှင်ရဲ့ အဆုံးအမတော်ကလဲ အကြမ်းဖက်မှု၊ နိုင်ငံရေးတင်းမာမှုတွေ၊ ပဋိပက္ခတွေ၊ စစ်ပွဲတွေနဲ့ သေခြင်းတရားတို့ ပြည့်နှက်နေတဲ့ ဒေသတွေကို ရောက်ရှိရိုက်ခတ်မှာ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးနဲ့ သဟဇာတဖြစ်မှု

မရှိတာဟာ မိသားစု၊ လူနေမှု အဖွဲ့အစည်း၊ နိုင်ငံ၊ သာသနာ၊ ပတ်ဝန်းကျင်နဲ့တကွ ကမ္ဘာလောကကြီးကိုပါ ဆုတ်ယုတ် ပျက်စီးစေနိုင်ပါတယ်။

ပညာ၊ မေတ္တာ၊ ခန္တီနဲ့ ကရုဏာဆိုတဲ့ မြတ်ဗုဒ္ဓရဲ့ အဆုံးအမတော်က လူသားတွေ ခံစားနေရတဲ့ (ဒီဆင်းရဲဒုက္ခ) ဝေဒနာတွေကို ကုစားပေးနိုင်တဲ့ တစ်ခုတည်းသော ဆေးဝါး ဖြစ်တယ်ဆိုတာကို ကမ္ဘာတစ်ဝန်းလုံးက နားလည်လက်ခံလာတဲ့အထိ မိမိတို့ အစွမ်းကုန်ကြိုးစား အားထုတ်သွားကြရမှာ ဖြစ်ပါတယ်။ ကမ္ဘာငြိမ်းချမ်းရေးနဲ့ အတူတကွလက်တွဲဆောင်ရွက်ရေးကို ရရှိပြီးရင်လည်း ဆင်းရဲမွဲတေမှု၊ ရောဂါဘယများနဲ့ အသိဉာဏ်ကင်းမဲ့မှုဆိုတဲ့ ဝဋ်ဒုက္ခအန္တရာယ်တွေရဲ့ အကြောင်းရင်းတွေကို ဆက်လက် တွန်းလှန်ကြရဦးမှာ ဖြစ်ပါတယ်။

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကျင်းပရခြင်းရဲ့ ရည်ရွယ်ချက် ၅ ရပ်ရှိပါတယ်-

အဲဒါ ဘာလဲဆိုတော့

(၁) ဗုဒ္ဓဘာသာနိုင်ငံများအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှုနဲ့ ပူးပေါင်း ဆောင်ရွက်မှုတွေ တိုးပွားလာစေဖို့၊

(၂) ဗုဒ္ဓဘာသာနိုင်ငံတွေမှာ မြတ်ဗုဒ္ဓ (ဟောကြားခဲ့တဲ့) အဆုံးအမတော်တွေနဲ့ (မြတ်ဗုဒ္ဓ လမ်းညွှန်ခဲ့တဲ့) ကျင့်စဉ်တွေကို ထိန်းသိမ်းထားဖို့၊

(၃) ကမ္ဘာ့နိုင်ငံတွေမှာ ပိုင်ကတ်စာပေ လေ့လာသင်ကြားတာကို အခြေပြုတဲ့ ဗုဒ္ဓဘာသာ ဆိုင်ရာ ပညာရေးထွန်းကားလာစေဖို့၊

(၄) ဗုဒ္ဓဘာသာဝင်တို့က ငြိမ်းချမ်းတဲ့ ကမ္ဘာလောကကြီး ဖေါ်ဆောင်ဖန်တီးနေတာကို အထောက်အကူပြုဖို့၊

(၅) ဘုရားရှင်ရဲ့ မူလအဆုံးအမတော်တွေ ကမ္ဘာတစ်ဝန်းမှာ ပြန့်ပွါးလာစေဖို့၊ -

တို့ ဖြစ်ပါတယ်။

ဗုဒ္ဓဘုရားရှင် သက်တော်ထင်ရှားရှိစဉ်က ကျင်းပခဲ့တဲ့ သံဃညီလာခံတစ်ခုမှာ ဘုရားရှင် ကိုယ်တော်တိုင် ဟောပြောခဲ့တဲ့ အဆုံးအမကို ပြန်ပြောင်းပြောကြားလိုပါတယ်။ ဒီအဆုံးအမတော်ဟာ မိမိတို့ ညီလာခံအတွက် အလွန်အသုံးဝင်တဲ့ လမ်းညွှန်ချက် ဖြစ်ပါလိမ့်မယ်။

သဗ္ဗညုတဉာဏ်ရလို့ ဘုရားအဖြစ်ရောက်တော်မူပြီး ကိုးလအကြာမှာ ပထမအကြိမ် သံဃအဖွဲ့ညီလာခံကြီးကို ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်မှာ ဘုရားရှင် ကိုယ်တော်တိုင် (ကြီးမှူး) ကျင်းပခဲ့ပါတယ်။ ဒီဝေဠုဝန်သံဃညီလာခံမှာ အရှင်သာရိပုတ္တရာကို ပထမ အဂ္ဂသာဝကအဖြစ်နဲ့ အရှင် မဟာမောဂ္ဂလာန်ကို ဒုတိယအကြီးအကဲအဖြစ် ခန့်အပ်ပြီးတော့ သံဃအဖွဲ့အစည်းကို အုပ်ချုပ်စေ ခဲ့ပါတယ်။

အဲဒီညီလာခံမှာ ချမှတ်ခဲ့တဲ့ ဘုရားရှင်ရဲ့ အဓိက အဆုံးအမတော်တွေကတော့-

(၁) သည်းခံခြင်းဟာ အမြတ်ဆုံးအကျင့် ဖြစ်သည်။

(၂) ရဟန်းတစ်ပါးသည် သူတစ်ပါးကို မညှင်းဆဲရာ၊

(၃) သူတစ်ပါးကို စွပ်စွဲခြင်း၊ ဆဲရေးတိုင်းထွာခြင်း၊ အပြစ်တင်ပြောဆိုခြင်း မပြုရာ၊

(၄) ကိုယ်၊ နှုတ်၊ နှလုံးကို ထိန်းသိမ်းရာ၏၊

(၅) ဆွမ်း၊ ကျောင်း၊ အိပ်ရာတို့၌ ရောင့်ရဲရာ၏၊

(၆) ကမ္မဋ္ဌာန်းအလုပ်ကို မပြတ် အားထုတ်ကျင့်ကြံရာ၏၊

(၇) မကောင်းမှုဟူသမျှကို မပြုရာ၊

(၈) မကောင်းသောစကားဟူသမျှကို မဆိုရာ၊

(၉) မကောင်းသောအကြံဟူသမျှကို မကြံရာ၊

(၁၀) စိတ်ကို ဖြူစင်အောင် အားထုတ်ရာ၏ ဟူ၍ဖြစ်ပါတယ်။

ဒါကြောင့် ဒီညီလာခံမှာ ဟောကြားခဲ့တဲ့ မြတ်ဗုဒ္ဓရဲ့ အဆုံးအမတော်တွေနဲ့အညီ သည်းခံခြင်း၊ ရောင့်ရဲကျေနပ်ခြင်းနဲ့ အကောင်းမြင်ခြင်းတို့ကို လက်ကိုင်ထားပြီး ဘုရားရှင်ရဲ့ သားတော်၊ သမီးတော်တွေဖြစ်ကြတဲ့ မိမိတို့က ဒီညီလာခံကြီးမှာ သာသနာတော် တိုးတက်ရေး၊ ထွန်းကားပြန့်ပွါးရေးကို အလေးထားဆွေးနွေးကြရမှာ ဖြစ်ပါတယ်။

## လုပ်ငန်းတာဝန်ကြီး ၄ ရပ်

ဘုရားရှင်ဟောကြားခဲ့တဲ့ တရားဓမ္မမှာ အဓိကအကျဆုံးကတော့ အရိယမဂ်နဲ့ အရိယသစ္စာတို့ဖြစ်ပါတယ်။ မြတ်ဗုဒ္ဓရဲ့ သားတော်၊ သမီးတော်တွေက ဒီအရိယမဂ်နဲ့ အရိယသစ္စာဆိုတဲ့ တရားတော်ကို လက်ဆင့်ကမ်း သယ်ဆောင်ထိန်းသိမ်းခဲ့တာ နှစ်ပေါင်း ၂၅၀၀ ရှိခဲ့ပြီဖြစ်ပါတယ်။ ဗုဒ္ဓဝါဒီအမျိုးမျိုးက မတူညီသော အစဉ်အလာဝါဒတွေကို လက်ခံကျင့်သုံးနေကြပေမဲ့ အရိယမဂ်၊ အရိယသစ္စာတို့နဲ့ ပတ်သက်ပြီး အငြင်းပွါးခဲ့ခြင်း မရှိပါ။ ဒါက ဗုဒ္ဓဘာသာရဲ့ ထူးခြားချက်တစ်ရပ် ဖြစ်ပါတယ်။

မြတ်ဗုဒ္ဓရဲ့ သာသနာတော်မှာ နေထိုင်ကြတဲ့ မိမိတို့ မြတ်ဗုဒ္ဓရဲ့ သားတော်၊ သမီးတော်များဟာ သာသနာ့ဝန်ထမ်းများ ဖြစ်ကြပါတယ်။ မြတ်ဗုဒ္ဓ ၄၅ နှစ်ကြာ ဟောကြားခဲ့တဲ့ တရားဒေသနာတော်ကို မိမိတို့ နောင်တော်၊ အစ်မတော် အဆက်ဆက်၊ ဆရာအဆက်ဆက် လက်ဆင့်ကမ်း သယ်ဆောင်ခဲ့လို့ ဒီသာသနာတော်ကို မိမိတို့ ရရှိနေကြပြီ ဖြစ်ပါတယ်။ မိမိတို့ရဲ့ ညီငယ်၊ ညီမငယ်အဆက်ဆက်တို့ အရိယမဂ်ပေါ်မှာ ဆက်လက်လျှောက်လှမ်းပြီး အရိယသစ္စာကိုသိမြင်ကာ နိဗ္ဗာန်ချမ်းသာကို ခံစားရရှိနိုင်ကြဖို့အတွက် လုပ်ငန်းတာဝန်ကြီး ၄ ရပ်ကို ထိထိရောက်ရောက် ဆောင်ရွက်ကြဖို့ မိမိတို့မှာ တာဝန်ရှိပါတယ်။ ဒီလုပ်ငန်း တာဝန်ကြီး ၄ ရပ်ကတော့-

(၁) ဗုဒ္ဓသာသနာတော်ကို မူလဟောကြားခဲ့စဉ်ကအတိုင်း သန့်ရှင်းစင်ကြယ်အောင် ထိန်းသိမ်းစောင့်ရှောက်ဖို့၊

(၂) မူလဟောကြားခဲ့စဉ်ကအတိုင်း (သန့်ရှင်းစင်ကြယ်တဲ့) ဗုဒ္ဓသာသနာတော်ကို ထိထိရောက်ရောက် ဖြန့်ချိဖို့၊

(၃) ဗုဒ္ဓသာသနာတော်ကို ထိန်းသိမ်းခြင်း၊ သင်ကြားခြင်း၊ သင်ယူခြင်းနဲ့ သုတေသနပြုခြင်းတို့မှာ ခေတ်မီ နည်းပညာများတွေကို အသုံးပြုဖို့၊

(၄) သမိုင်းဝင် သာသနာရေး နယ်မြေများ၊ ရွေးဟောင်းစေတီပုထိုးများ၊ ဗုဒ္ဓရုပ်ပွါးတော်များ၊ ဗုဒ္ဓစာပေများနဲ့ ယဉ်ကျေးမှု အမွေအနှစ်များကို သဘာဝဘေးရန်နဲ့ ဆန့်ကျင်ဘက် ပုဂ္ဂိုလ်တို့ရဲ့ နှောင့်ယှက်ဖျက်ဆီးမှုမှ ကာကွယ်စောင့်ရှောက်ကြဖို့- တို့ ဖြစ်ပါတယ်။

ဗုဒ္ဓသာသနာတော်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ထွန်းကားပြန့်ပွါးအောင် ဆောင်ရွက်ခြင်းနဲ့ သင်ကြားခြင်းတို့အတွက် အဓိကလိုအပ်ချက် (၄) ခု ရှိပါတယ်။ ဒါတွေကတော့-

(၁) လူအင်အား

(၂) ငွေကြေးအင်အား

(၃) ပစ္စည်းအင်အား

(၄) စိတ်ဓါတ်အင်အား- တို့ ဖြစ်ကြပါတယ်။

လူအင်အားအနေနဲ့ သာသနာတော်ထွန်းကားရေးအတွက် ရဟန်းတော်များ၊ အစိုးရ အဖွဲ့ဝင်များ၊ အသိပညာရှင် အတတ်ပညာရှင်များနဲ့ အလွှာပေါင်းစုံမှ ပြည်သူတွေကို စုစည်းဖို့ လိုအပ်ပါတယ်။ နိုင်ငံရေးအမြင် မတူညီတဲ့ နိုင်ငံတွေ စုပေါင်းပြီး ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး တည်ထောင်ခဲ့သလို မိမိတို့ ဗုဒ္ဓဘာသာဝင်တွေကလည်း ဗုဒ္ဓဘာသာနိုင်ငံတွေ ပူးပေါင်းပြီး ကမ္ဘာ့ဗုဒ္ဓဘာသာနိုင်ငံများအဖွဲ့တည်ထောင်ဖို့ ကြိုးပမ်းသင့်ပါတယ်။ အဲဒီ အခြေအနေ ရောက်ရှိဘို့ ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှုနဲ့ ခွင့်လွှတ်မှု၊ သည်းခံမှုတို့ကို အခြေခံတည်ဆောက်ထားတဲ့ ညီနောင်သားချင်းတွေလိုရင်းနှီးနားလည်တဲ့ ခိုင်မာတဲ့ စိတ်ဓါတ်မျိုး ထားရှိနိုင်ဖို့ လိုအပ်ပါတယ်။ ဒါ့အပြင် အကျင့်သီလနဲ့ ဉာဏ်ပညာလည်း လိုအပ်ပါတယ်။ ဗုဒ္ဓဘာသာ ခေါင်းဆောင်တွေ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုနဲ့ အပြန်အလှန်နားလည်မှုတို့အတွက် ဒီညီလာခံကြီးက ကောင်းကောင်း အထောက်အကူပြုလိမ့်မယ်လို့ မိမိ ယုံကြည်ပါတယ်။

ငွေကြေးအင်အားမရှိရင် သာသနာတော်ဆိုင်ရာ ကြီးမားတဲ့ စီမံကိန်းတွေကို ထိရောက်အောင် ဆောင်ရွက်နိုင်မှာ မဟုတ်ပါ။ မြတ်ဗုဒ္ဓ သက်တော်ထင်ရှားရှိစဉ် အနာထပိဏ်သူဌေးက ဇေတဝန်ကျောင်းတော် ဆောက်လုပ်လှူဒါန်းရာမှာ ငွေသန်းပေါင်း ၅၄၀ ကုန်ကျခဲ့ပါတယ်။ ဒီကျောင်းတော်မှာ ဘုရားရှင်နဲ့ တပည့်သာဝကများ ၂၅ နှစ်တိုင်တိုင် သီတင်းသုံး နေထိုင်ခဲ့ကြပါတယ်။ ဘုရားရှင်က သုတ္တန်ပေါင်းများစွာ ဟောကြားခဲ့ပြီး တရားနာရတဲ့ လူပေါင်းများစွာ ရဟန္တာအဖြစ်ကို ရခဲ့ကြပါတယ်။ သာသနာနှစ် ၃၀၀ လောက်မှာ သာသနိကအဆောက်အဦးတွေ တည်ဆောက်ဖို့နဲ့ ကိုးတိုင်းကိုးဌာနကို သာသနာပြုတွေစေလွှတ်ဘို့အတွက် အသောကမင်းကြီးက ငွေသန်းပေါင်းများစွာ သုံးစွဲခဲ့ပါတယ်။ ဒီကမ္ဘာ့ ဗုဒ္ဓဘာသာထိပ်သီးညီလာခံကျင်းပနေတဲ့ မဟာပါသာဏ လှိုဏ်ဂူတော်ကြီးကို ၁၉၅၂ခုနှစ်က ငွေကျပ် ကိုးသန်း အကုန်အကျခံ တည်ဆောက်ခဲ့ရပါတယ်။

အခု ဒီလှိုဏ်ဂူတော်ကြီးကို ပြုပြင် မွမ်းမံတာကပဲ သန်းပေါင်း ၉၀၀ လောက် ကုန်ကျပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက ဒီကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကို ကမကထပြုကျင်းပဖို့ ငွေသန်းပေါင်းများစွာ သုံးစွဲခဲ့ရပါတယ်။ ငွေကြေးအင်အားမရှိဘဲ ဒီလိုကြီးကျယ်ခမ်းနားတဲ့ လုပ်ငန်းစီမံကိန်းတွေကို ဆောင်ရွက်နိုင်မှာ မဟုတ်ပါ။

ပစ္စည်းအင်အားကလည်း ဒီလိုပါပဲ။ ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး အောင်အောင် မြင်မြင် ကျင်းပနိုင်ဖို့အတွက် ခေတ်မီဆန်းသစ်တဲ့ ရုပ်သံစနစ်၊ ကွန်ပျူတာ၊ လက်ကိုင်ဖုန်းနဲ့ ဆက်သွယ်ရေး ကိရိယာများ၊ လျှပ်စစ်အသုံးအဆောင်ပစ္စည်းများ၊ ပုံနှိပ်စက် စတာတွေကို တပ်ဆင်အသုံးပြုခဲ့ရပါတယ်။

ဒါတွေအပြင် သာသနာတော် ထွန်းကားပြန့်ပွါးရေးအတွက် အရေးအကြီးဆုံး မရှိမဖြစ် လိုအပ်တာကတော့ စိတ်ဓါတ်အင်အားဘဲ ဖြစ်ပါတယ်။ ငွေကြေး၊ ပစ္စည်းနဲ့ လူအင်အား ဘယ်လောက် များပြားနေပါစေ အရည်အချင်း၊ စိတ်ဓါတ်နဲ့ အကျင့်သီလမရှိရင် ဘယ်လုပ်ငန်း ကိုမှ ထိရောက် အောင်မြင်အောင် ဆောင်ရွက်နိုင်မှာ မဟုတ်ပါ။ သီလ (virtue) ဆိုတာကတော့ ကာယကံ ဝစီကံ မနောကံတို့ကို စောင့်စည်းတာကို ဆိုလိုပါတယ်။ မိမိတို့ ဗုဒ္ဓဘာသာဝင်တွေဟာ မြတ်ဗုဒ္ဓဆုံးမ သွန်သင်ချမှတ်ထားတဲ့ သီလများကို စောင့်ထိန်းကြရမှာ ဖြစ်ပါတယ်။ မိမိတို့ဟာ သည်းခံခြင်း၊ ချစ်ခင်ခြင်းနဲ့ သနားညှာတာခြင်း–ဆိုတဲ့ ညီနောင်သားချင်းတွေလို ချစ်ကြည်ရင်းနှီးတဲ့ စိတ်ဓါတ်ရှိဖို့ လိုအပ်ပါတယ်။ နူးညံ့သိမ်မွေ့တဲ့ နှလုံးသားရှိသူဟာ ထက်မြက်စူးရှသော ပညာ၊ ကြောင်းကျိုး ဆင်ခြင်တတ်သော ဉာဏ်၊ ကိုယ်နှုတ်စိတ်တို့ကို စည်းကမ်းတကျ ထိန်းသိမ်းစောင့်ရှောက်သည့် သီလနှင့် ပြည့်စုံဖို့ လိုအပ်ပါတယ်။ ဒါကြောင့် သာသနာတော် တည်တံ့ရေး၊ တိုးတက်ရေး၊ ထွန်းကားပြန့်ပွါးရေးနဲ့ ကာကွယ် စောင့်ရှောက်ရေးကို အောင်မြင်အောင် ဆောင်ရွက်နိုင်ဖို့ အဓိက လိုအပ်ချက် (၄) ရပ်မှာ စိတ်ဓါတ်အင်အားက အရေးအပါဆုံး ဖြစ်ပါတယ်။

ဒီလိုအင်အား ၄ ရပ်ကို နှိုင်းနှိုင်းချိန်ချိန် အသုံးချနိုင်ခဲ့လို့ အသောကမင်းကြီးဟာ သာသနာတော် အကျိုးအတွက် အများကြီး ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အသောကမင်းကြီးရဲ့ သာသနာပြုလုပ်ငန်းတွေကြောင့် အနောက်တိုင်း ဂရိ၊ တူရကီ၊ ရုရှားနိုင်ငံများနဲ့ အရှေ့တောင်အာရှဒေသတလွှားကို သာသနာတော် ရောက်ရှိ ပြန့်ပွါးခဲ့ပါတယ်။ အသောကမင်းကြီးက ထောင်ပေါင်းများစွာသော ဘုရားကျောင်းကန်တွေ တည်ဆောက်ခဲ့တာကို သာသနာသမိုင်းမှာ မှတ်တမ်းတင်ထားပါတယ်။

ဒီအင်အား (၄) ရပ်ကို စနစ်တကျ သူ့နေရာနဲ့သူ အသုံးမချနိုင်ခဲ့လို့ သာသနာတော် မွေးဖွါးပေါ်ပေါက်ရာ အိန္ဒိယနိုင်ငံမှာ သာသနာတော် မှေးမှိန်ကွယ်ပျောက်ခဲ့ရပြီ ဖြစ်ပါတယ်။ ဗုဒ္ဓသာသနာစက်ပျဉ်နှံ့ရာ ကျယ်ဝန်းလှတဲ့ ဒေသကြီးဟာလည်း ကျဉ်းမြောင်းလာခဲ့ရပါတယ်။ အသောကမင်းကြီး တည်ဆောက်ခဲ့တဲ့ ဘုရားကျောင်းကန်တွေလည်း အုတ်ကျိုးအုတ်ပဲ့အစုအပုံတွေ အဖြစ် ရောက်နေပါပြီ။ ဒါကြောင့် ဗုဒ္ဓဘာသာ ညီအစ်ကိုမောင်နှမများ ဗုဒ္ဓသာသနာတော် စောင့်ရှောက် ထိန်းသိမ်းပြန့်ပွါးရေးကို စွမ်းနိုင်သလောက် ဆောင်ရွက်ကြဖို့ ဒီဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးမှ တိုက်တွန်းလိုပါတယ်။

## မျက်မှောက်ခေတ် နိုင်ငံတကာရေးရာ အခြေအနေ

နိုင်ငံတကာအခြေအနေများကို လေ့လာရင် နိုင်ငံရေး၊ စီးပွါးရေး၊ လူမှုရေးနဲ့ စစ်ရေး အဘက်ဘက်မှာ တည်ငြိမ်အေးချမ်းမှုကင်းမဲ့ပြီး ရှုပ်ထွေးတင်းမာနေတာကို တွေ့ရပါတယ်။ ဒီလိုတစ်ကမ္ဘာလုံး တည်ငြိမ်အေးချမ်းမှုကင်းမဲ့နေခြင်းဟာ လူတစ်ဦးချင်းစီရဲ့ တည်ငြိမ်အေးချမ်းမှု ကင်းမဲ့ခြင်းက စတင်ခဲ့တာဖြစ်ပါတယ်။ လူတစ်ဦးချင်းစီရဲ့ အလိုမပြည့်မှုတွေက နိုင်ငံရေးအခြေအနေ ရှုပ်ထွေးတင်းမာမှုနဲ့ စစ်ပွဲတို့အတွက် လမ်းစပဲ ဖြစ်ပါတယ်။ ကမ္ဘာ့သမိုင်း တစ်လျှောက်မှာ လူသားတွေရဲ့ အလိုမပြည့်မှုကြောင့် ဖြစ်ပွါးခဲ့ရတဲ့ စစ်ပွဲတွေ အများကြီး ရှိခဲ့ပါတယ်။

သူတစ်ပါးကို လွှမ်းမိုးအုပ်ချုပ်ဖို့၊ သူတစ်ပါးရဲ့ စည်းစိမ်ဥစ္စာတွေကို လုယူဖို့နဲ့ သူတစ်ပါးကို သတ်ဖြတ်ဖို့–ဆိုတာတွေက နိုင်ငံတကာလူ့အဖွဲ့အစည်းရဲ့ အဓိကသွင်ပြင် လက္ခဏာတွေ ဖြစ်နေပါတယ်။ 'တစ်လောကလုံး လောင်ကျွမ်းနေသည်။ စိတ်၊ စေတသိက် များသည် ရာဂမီး၊ ဒေါသမီး၊ မောဟမီးတို့ဖြင့် လောင်ကျွမ်းနေကြသည်။ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏာတို့ဖြင့် လောင်ကျွမ်း

နေသည်။ ပရိဒေဝမီးတို့ဖြင့်လည်း လောင်ကျွမ်းနေသည်။'-လို့ မြတ်ဗုဒ္ဓကဟောကြားခဲ့ပါတယ်။ တော၊ တောင်၊ မြစ်ချောင်းတွေ၊ ဆီးနှင်းတွေနဲ့ သာယာလှပနေတဲ့ ကမ္ဘာ့ပတ်ဝန်းကျင်ကို စစ်လက်နက် ပစ္စည်း စက်ရုံတွေက ဖျက်ဆီးနေပါတယ်။ အဖိုးတန်ရတနာတွေ ပြည့်နှက်နေတဲ့ ကမ္ဘာကြီးဟာ အဆက်မပြတ် ဖြစ်ပွါးနေတဲ့ စစ်ပွဲတွေကြောင့် သုသာန်တစပြင်ကြီး တစ်ခုလို ဖြစ်နေပါပြီ။ သဘာဝနိယာမအရ ဒီမကောင်းမှုဒုစရိုက်တွေရဲ့ အကြောင်းရင်းကတော့ တဏှာ လောဘဘဲ ဖြစ်ပါတယ်။

လူသားတွေရဲ့ အတွင်းသဏ္ဌာန်မှာ လောဘ၊ ဒေါသ၊ မောဟတွေ ရှိနေပါတယ်။ ပြဿနာကိုသိရင် ပြဿနာရဲ့ အဖြေကို ရှာဖွေနိုင်ပါတယ်။ အလားတူဘဲ ရောဂါဝေဒနာရဲ့ ဇာစ်မြစ်ကိုသိရင် အဲဒီရောဂါကို ကုသနိုင်တဲ့ ဆေးဝါးကို ရှာလို့ရပါတယ်။ တနည်းအားဖြင့် ပြောရရင် မြတ်ဗုဒ္ဓဟာ လူသားတွေရဲ့ ဆင်းရဲဒုက္ခတွေကို ကုသပျောက်ကင်းစေနိုင်တဲ့ သမားတော်ကြီးတစ်ဆူ ဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။

ပိဋကတ်ကျမ်းဂန်တွေကတော့ စိတ်ပိုင်းဆိုင်ရာ မကျန်းမာမှုများကို ကုသဖို့ ဆေးညွှန်း လိုပါဘဲ။ အရိယသစ္စာနှင့် အရိယမဂ်ဆိုတဲ့ မြတ်ဗုဒ္ဓရဲ့ တရားဓမ္မဟာ အဲဒီရောဂါတွေကို ကုသဖို့ အစွမ်းအထက်ဆုံး ဆေးဝါးဖြစ်ပါတယ်။ လူသားတွေရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးတဲ့ အနေနဲ့ တရားဓမ္မ ဟောကြားသွန်သင်ကြဖို့ မြတ်ဗုဒ္ဓရဲ့ သားတော်၊ သမီးတော်တွေဖြစ်တဲ့ မိမိတို့မှာ အထူးတာဝန်ရှိပါတယ်။ အမှန်တရားကို သိရှိနားလည်နိုင်ခြင်း မရှိသူတွေကို နားလည်သဘောပေါက်လာအောင် ပညာပေးသွန်သင်ဖို့နဲ့ အဝိဇ္ဇာ တဏှာ စွဲကပ် လောင်ကျွမ်းနေတဲ့ ကမ္ဘာလောကကြီးကို ဆေးဝါးကုသပေးဖို့ ကမ္ဘာတစ်ဝန်းမှာ သာသနာ့ရိပ်သာတွေ တိုးမြှင့်ဖွင့်လှစ်ပေးကြဖို့ အလေးအနက် တိုက်တွန်းအပ်ပါတယ်။

ကမ္ဘာအရပ်ရပ် နိုင်ငံအသီးသီးမှာ ကမ္ဘာ့ဗုဒ္ဓဘာသာညီလာခံတွေ အသီးသီး အမျိုးမျိုး ကျင်းပခဲ့တဲ့ အကျိုးဆက်ဟာ ဗုဒ္ဓဘာသာဝင်တွေ စည်းလုံးညီညွတ်ကြရေးနဲ့ ပူးပေါင်း ဆောင်ရွက်ကြရေး၊ အချင်းချင်း အပြန်အလှန်နားလည်မှုရရှိရေးတို့အတွက် အင်အားတွေ၊ ခွန်အားတွေ ရရှိခဲ့ကြပါတယ်။ ဒီညီလာခံများရဲ့ အကျိုးကျေးဇူးကြောင့် ထေရဝါဒီတွေ၊ မဟာယာနနှင့် တိဗက်ဗုဒ္ဓဘာသာဝင်တွေ တစ်ယောက် အကြောင်း တစ်ယောက် ပိုမို သိရှိနားလည်လာခဲ့ကြပါတယ်။ ပုဂ္ဂိုလ်ရေး ချစ်ကြည်ရင်နှီးမှုတွေလည်း ရရှိလာခဲ့ပါတယ်။ တစ်ဆင့်တက်ပြီး မိမိတို့ ပြောဆိုယူဆချက်တွေကို လက်တွေ့အကောင်အထည်ဖော်ဖို့အတွက် စိမံချက်ချမှတ် လုပ်ဆောင်ဖို့ လိုအပ်နေပါသေးတယ်။

အနာဂတ်မှာ မိမိတို့ အချင်းချင်း ပိုမိုပူးပေါင်းဆက်သွယ်ဖို့ အထူးသဖြင့် တက္ကသိုလ်တွေနဲ့ ဘုန်းကြီးကျောင်းတွေ အချင်းချင်း ချိတ်ဆက်ထားတာတို့ ပညာသင်တွေ လဲလှယ်ကြတာတို့ ပြုလုပ်သင့်ပါတယ်။ နိုင်ငံတကာ ဗုဒ္ဓဘာသာခေါင်းဆောင်တို့ရဲ့ အချင်းချင်း ဆွေးနွေးပွဲတွေဟာ မရှိမဖြစ် လိုအပ်တဲ့အတွက် ဆွေးနွေးပွဲတွေနဲ့ အမြင်ချင်းဖလှယ်မှုတွေကို မှန်မှန် ပြုလုပ်သွားသင့်ပါတယ်။ မိမိတို့အနေနဲ့ ဒီလိုဆွေးနွေးပွဲများမှာ နားလည်ခြင်း၊ သည်းခံခြင်းနဲ့ ခွင့်လွှတ်ခြင်းတွေကို လက်ကိုင်ထားပြီး မိမိတို့ အားလုံးရဲ့ ဦးတည်ချက် အောင်မြင်ရေးကို ရှေးရှုပြီး ပါဝင်ဆွေးနွေးသင့်ပါတယ်။

ဗုဒ္ဓဘာသာဝင်တို့ စည်းလုံးညီညွတ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် စိမံချက် ချမှတ် ဆောင်ရွက်ရာမှာ အဖွဲ့အစည်း တစ်ရပ်အသွင် ဖွဲ့စည်းဖို့ လိုအပ်မှာ ဖြစ်ပါတယ်။

မိမိတို့ရဲ့ ဆွေးနွေးမှုများနဲ့အတူ တိုးတက်လာပြီး အဲဒီအဖွဲ့အစည်းရဲ့ နောက်ဆုံးပုံသဏ္ဌာန် ပေါ်ပေါက်လာမယ်လို့ ယူဆပါတယ်။ ဒါ့အပြင် ဗုဒ္ဓဘာသာ ပညာရေးဟာလည်း ဗုဒ္ဓဘာသာ ဂိုဏ်းကွဲတွေ တစ်ဂိုဏ်းအကြောင်း တစ်ဂိုဏ်းကောင်းကောင်း သိရှိနားလည်နိုင်စေဖို့ တကယ်ထိရောက်တဲ့ နည်းလမ်း ဖြစ်ပါတယ်။ အချုပ်အားဖြင့်ဆိုရင် မိမိတို့ သန့်ဌာန် ချဆောင်ရွက်နေတဲ့ ဗုဒ္ဓဘာသာဝင်တို့

စည်းလုံး ညီညွတ်မှုနဲ့ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုတို့ဟာ မရှိမဖြစ်တဲ့ လိုအပ်ချက်တွေ ဖြစ်ပြီး ဒီကမ္ဘာ့ဗုဒ္ဓဘာသာညီလာခံကြီးဟာ မိမိတို့ရဲ့ မွန်မြတ်တဲ့ ရည်မှန်းချက်များကို လေးလေးနက်နက် ထပ်မံအတည်ပြုလိုက်တာ ဖြစ်ပါတယ်။

ဗုဒ္ဓဘာသာခေါင်းဆောင်တွေဟာ ပြင်ပအသွင်သဏ္ဌာန်၊ အစဉ်အလာဝါဒ၊ ယဉ်ကျေးမှုတို့ ကွာခြားကြပေမဲ့ မေတ္တာ၊ ခန္တီ၊ ကရုဏာနဲ့ ပညာတို့ကို နှလုံးသား၌ တန်ဘိုးထား သိမှီးထားရာမှာတော့ တူညီကြပါတယ်။ မြတ်ဗုဒ္ဓ သွန်သင်ညွှန်ပြခဲ့တဲ့ အင်္ဂါ (၈) ပါးရှိတဲ့ အရိယမဂ်ဟာ မိမိတို့ အတူတကွ လျှောက်လှမ်းကြရမဲ့ လမ်းဖြစ်ပြီး (နိဗ္ဗာန်ဆိုတဲ့) နိရောဓသစ္စာက မိမိတို့မလွဲမသွေ ရောက်ရှိရမဲ့ ပန်းတိုင် ဖြစ်ပါတယ်။

ဒါကြောင့် မိမိတို့အားလုံး အရိယမဂ်ဆိုတဲ့ ဘုံလမ်းမကြီးပေါ်တွင် အတူ လျှောက်လှမ်းကြပြီး မိမိတို့ ပန်းတိုင်ဖြစ်တဲ့ နိဗ္ဗာန်မှာ ပြန်လည်ဆုံတွေ့ကြပါစို့။

ကမ္ဘာ့ဗုဒ္ဓဘာသာညီလာခံတက်ရောက်လာတဲ့ ဗုဒ္ဓဘာသာခေါင်းဆောင်အားလုံး စည်းလုံး ညီညွတ်မှုနဲ့ မိမိတို့ရဲ့ မွန်မြတ်တဲ့ ရည်မှန်းချက်တွေ၊ ဦးတည်ချက်တွေကို ပြီးပြည့်စုံအောင် ဖေါ်ဆောင်နိုင်ကြပါစေကြောင်းလည်း ဆုတောင်းအပ်ပါတယ်။

- ဗုဒ္ဓဘာသာခေါင်းဆောင်များ ဗုဒ္ဓသာသနာတော် ထွန်ကားပြန့်ပွါးရေးအတွက် ဆထက် ထမ်းပိုး တိုး၍ ဆောင်ရွက်နိုင်ကြပါစေ၊

- ဗုဒ္ဓဘာသာခေါင်းဆောင်များဟာ အရိယမဂ် ဆိုတဲ့ လမ်းမကြီးပေါ်မှာ လျှောက်လှမ်းကြရင်း လူသားတို့ရဲ့ ပြဿနာများကို ကူညီဖြေရှင်း ပေးနိုင်ကြပါစေ၊ နိရောဓသစ္စာ (ဆိုတဲ့ နိဗ္ဗာန်)ကို မျက်မှောက်ပြုနိုင်ကြပါစေ။

- သူတော်ကောင်းတရား နေရာတိုင်းမှာ တရားဓမ္မ ထွန်းတောက်ပါစေ၊

- ဗုဒ္ဓသာသနာတော် သန့်ရှင်းစင်ကြယ်စွာ တည်တံ့ပါစေ၊

- သတ္တဝါအားလုံး ဆင်းရဲဒုက္ခအပေါင်းမှ လွတ်မြောက်ပါစေ၊

- သတ္တဝါအားလုံး ကျန်းမာချမ်းသာကြပါစေ။

# သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ် သမ္မတနိုင်ငံ နိုင်ငံတော်ဝန်ကြီးချုပ် မစ္စတာ မဟိန္ဒရာဂျာပက်(ခ)စီ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံပိတ်ပွဲတွင် ပြောကြားသည့် နှုတ်ခွန်းဆက်မိန့်ခွန်း(ဘာသာပြန်)

ဗုဒ္ဓဘာသာဥက္ကဋ္ဌဆရာတော်ကြီးများ
ဗုဒ္ဓဘာသာဂိုဏ်းချုပ်ဘုန်းတော်ကြီးများ
လေးစားအပ်ပါသော ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ်
လေးစားအပ်ပါသော ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်
ဧည့်သည်တော်များခင်ဗျား-

ကျင်းပလျက်ရှိသော ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးတွင် မိန့်ခွန်းပြောကြားခွင့်ရသည့် အတွက် အထူးပင် ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

ထူးမြတ်လှသော ဤညီလာခံကြီးကို အချိန်သင့် အခါသင့် ဦးစီးကျင်းပပေးသဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအား ကျေးဇူးတင်ရှိအပ်ပါသည်။

ထို့အပြင် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသို့ တက်ရောက်ခွင့်ရစေရန် ဖိတ်ကြားသည့် အတွက်လည်း အထူးကျေးဇူးတင်ရှိပါကြောင်း ထပ်လောင်း ဖော်ပြအပ်ပါသည်။



မင်္ဂလသုတ်တွင် **"ကာလေန ဓမ္မသာဝနံ ဧတံ မင်္ဂလမုတ္တမံ"** ဟူ၍ သင့်တင့်လျောက်ပတ်သော အချိန်အခါတွင် တရားတော်များကို နာကြားရခြင်း၏ အကျိုးများပုံကို ဗုဒ္ဓရှင်တော်မြတ်ဘုရားက ဟောကြားတော်မူခဲ့ပါသည်။ ဘုရားရှင်၏ အဆုံးအမနှင့်အညီ အခွင့်အခါ သင့်မြတ်လှသော အခါသမယတွင် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီး ညီလာခံကြီးကို ဆင်ယင်ကျင်းပနိုင်ခြင်းသည် အကြောင်းသင့်လှပါသည်ဟု ပြောကြားလိုပါသည်။ ယခု ညီလာခံကြီးသည် မြတ်ဗုဒ္ဓ၏ အဆုံးအမနှင့်အညီ မေတ္တာ ကရုဏာတရားများ ထင်ဟပ်ရာ အစည်းအဝေးကြီးလည်း မည်ပါသည်။ ထိုမျှမကဘဲ မြတ်ဗုဒ္ဓ၏ ဩဝါဒတရားများမှတစ်ဆင့် လူသားများ၏ နှလုံးစိတ်ဝမ်း အေးချမ်းရေး ကမ္ဘာကြီး ငြိမ်းချမ်းရေးကို ဖော်ဆောင်ပေးမည့် ထိပ်သီးညီလာခံကြီးလည်း ဖြစ်ပါသည်။

မျက်မှောက်ကာလသည် ဗုဒ္ဓဘာသာဝင်များအကြား တည်ရှိနေသော ကွဲပြားခြားနားမှုများ၊ သာသနာအဆုံးအမမှ ပျက်ယွင်းသွေဖည်နေသော အခြေအနေများကို ယခု ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးက ပြန်လည်တည့်မတ်မှန်ကန်အောင် ပြုပြင်ထိန်းကြောင်းပေးနိုင်လိမ့်မည်ဟု ခိုင်မာစွာ ယုံကြည်မိပါသည်။ ယခုထိပ်သီးညီလာခံကြီးသည် ဗုဒ္ဓသာသနာ ပြန့်ပွားစည်ပင်ရေးအတွက် မှန်ကန်စွာ ဦးဆောင်ဦးရွက်ပြုနိုင်စေရန် အားသစ်လောင်းပေးနိုင်မည့် အစည်းအဝေးကြီးလည်း ဖြစ်ပါသည်။

မြန်မာနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့၏ နှစ်နိုင်ငံဆက်ဆံရေးကို ပြန်ပြောင်းကြည့်မည် ဆိုလျှင် ရှည်လျားနက်ရှိုင်းသော သမိုင်းကြောင်း ရှိခဲ့သည်ကို တွေ့ရှိနိုင်ပါသည်။ ထေရဝါဒ ဗုဒ္ဓသာသနာကို အခြေခံသည့် နက်ရှိုင်းသော ဆက်ဆံမှုဖြစ်သည်ကို သိရှိနိုင်ပါသည်။ မိမိတို့ နှစ်နိုင်ငံ ဆက်ဆံရေးသည် (၄) ရာစုနှစ်ကာလကတည်းက တည်ရှိခဲ့သော ဆက်ဆံရေး ဖြစ်ပါသည်။ ထိုစဉ်က မြန်မာရဟန်းတော်များသည် သီရိလင်္ကာနိုင်ငံ အနုရာဓပုရမြို့ရှိ မဟာနိကာယတွင် ဗုဒ္ဓ၏တရားဒေသနာတော်များကို လာရောက်ဆည်းပူးလေ့လာခဲ့ကြပြီး မြန်မာပြည်တွင် သာသနာတော်ကို စည်ပင်ပြန့်ပွား ထွန်းကားစေခဲ့ပါသည်။

အနော်ရထာမင်း မြန်မာနိုင်ငံ၌ နန်းစံစဉ် (၁၁)ရာစုနှစ်ကာလက ပိဋကတ်တော်များကို သိဟိုဠ်ဘုရင် ဝိဇယဗာဟုက မြန်မာနိုင်ငံသို့ ပို့ဆောင်ပေးခဲ့ပါသည်။ ဤနေရာတွင် သီရိလင်္ကာ၌ ထိုစဉ်အခါက သီတင်းသုံးတော်မူခဲ့ကြသော ရဟန်းသံဃာတော်များကို အထူးကျေးဇူးတင်ရမည်ဖြစ်ပါသည်။

ရဟန်းသံဃာတော်များသည် နှုတ်တက်အက္ခရာသာတင်လာခဲ့ကြသော ပိဋကတ်တော်များကို ပေထက်အက္ခရာတင် မှတ်တမ်းပြုနိုင်အောင် ခွဲ၊ လုံ့လ၊ ဝီရိယဖြင့် မနားမနေ အားထုတ်ကြိုးပမ်းခဲ့ကြပါသည်။ ပိဋကတ်တော်များကို ကမ္ဘည်းတင်နိုင်ချိန်မှစ၍ မြန်မာနှင့် သီရိလင်္ကာတို့သည် ထေရဝါဒကို အခြေခံအပ်သော ရွှေကြိုးငွေကြိုးဖြင့် ရစ်ပတ်နှောင်ဖွဲ့သော မိတ်ဆွေရင်းများအဖြစ် နှစ်နိုင်ငံအကြား ရင်းနှီးစွာ ဆက်ဆံမှုများ ထွန်းကားခဲ့ပါသည်။

နှစ်နိုင်ငံအကြား ရာစုနှစ်များစွာ ဖြစ်တည်ခဲ့သော သာသနာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်မြင့်မားစေရန် သီရိလင်္ကာနိုင်ငံ အစိုးရနှင့် ပြည်သူတို့က ထပ်လောင်း ဆန္ဒပြုအပ်ပါသည်။

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး ဆင်ယင်ကျင်းပပုံများကို လေ့လာတွေ့ရှိရသည်မှာလည်း အထူးပင် နှစ်ထောင်းအားရဖွယ် ဖြစ်ပါသည်။ ထေရဝါဒဗုဒ္ဓဘာသာ နိုင်ငံများ အချင်းချင်း ပူးပေါင်းကူညီမှုသည် စည်းလုံးညီညွတ်မှုကို မြှင့်တင်နိုင်ရန် လမ်းကြောင်းမှန်ကို တွေ့မြင်နေရပြီ ဖြစ်ပါသည်။

ဗုဒ္ဓဘာသာဆိုသည်မှာ ဘာသာရေးသက်သက်မျှသာ မဟုတ်ဘဲ ကြွယ်ဝလှသော ယဉ်ကျေးမှုနှင့် အကျင့်သီလ သိက္ခာများနှင့် ပြည့်စုံလျက် ရှိနေပါသည်။ ထိုမျှမကဘဲ ယနေ့ကမ္ဘာတွင် ရင်ဆိုင်နေရသော စိုးရိမ်ဖွယ် အန္တရာယ်အပေါင်းကိုလည်း ဗုဒ္ဓသာသနာတော်က ငြိမ်းအေးစေနိုင်သည် ဆိုသည်ကို ယခုကျင်းပလျက်ရှိသည့် ထိပ်သီးညီလာခံကြီးက ပြသလျက် ရှိနေပါသည်။

နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော် အခွန့်ရှည် တည်တံ့လာခဲ့သော ဗုဒ္ဓသာသနာတော်သည် ညှိုးနွမ်းသွားခြင်းမရှိဘဲ မျက်မှောက်ကာလထိတိုင် ရှင်သန်ထွန်းကားပြန့်ပွားနေဆဲဖြစ်ရာ ဗုဒ္ဓသာသနာတော်၏ ထွန်းလင်းတောက်ပမှုကို ယခုညီလာခံကြီးက ကမ္ဘာသိအောင် ပြသနိုင်ခဲ့ပြီ ဖြစ်ပါသည်။

မကြာမီအချိန်အတွင်း ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသည် အောင်မြင်စွာ ကျင်းပပြီးစီးတော့မည် ဖြစ်ပါသည်။ ယခုအချိန်အခါသမယတွင် မိမိတို့အားလုံး၏ ရင်တွင်းဝယ် မြတ်ဗုဒ္ဓ၏ အဆုံးအမဒေသနာတော်များ ကိန်းအောင်း ပြန့်ပွားနေပြီ ဖြစ်ကြောင်း ယုံကြည်မိပါသည်။

- ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး အောင်မြင်မှုအပေါင်း ခညောင်းပါစေ၊
- ရတနာမြတ်သုံးပါး၏ ဂုဏ်ကျေးဇူးကြောင့် အားလုံး ချမ်းမြေ့သာယာရှိကြပါစေဟု

ဆုမွန်ကောင်း တောင်းအပ်ပါသည်။ ။

# ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံပိတ်ပွဲတွင် ပြောကြားသည့် ကျေးဇူးတင်အမှာစကား

ကြွရောက်တော်မူလာကြတဲ့ သာသနာပိုင်ဆရာတော်ကြီးများနှင့် မဟာထေရ်မြတ်များ ဘုရား-နိုင်ငံခေါင်းဆောင်များ၊ ဂုဏ်သရေရှိ ဧည့်သည်တော်များနှင့် သူတော်စင်လူကြီးမင်းများ ခင်ဗျား-

ဒီမဟာပါသာဏ လိုဏ်ဂူ တော်ကြီးမှာ ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးကို ထည်ဝါ ခန့်ညားအောင်မြင်စွာ သမိုင်းဝင် ကျင်းပအောင်မြင်ခဲ့ပြီ ဖြစ်ပါတယ်။ ညီလာခံကြီးမှာ နိုင်ငံပေါင်း (၃၈) နိုင်ငံမှ ကိုယ်စားလှယ် သံဃာတော်များနှင့် လေ့လာသူ ဦးရေ(၆၀၀)ခန့်. မြန်မာရဟန်းသံဃာတော်(၆၀၀)ကျော် နှင့် သီလရှင်ဆရာကြီးများနှင့် လေ့လာကြည်ညိုသူ ပြည်သူများ အပါအဝင် နေ့စဉ်အင်အား (၂၀၀၀) ကျော် တက်ရောက်ခဲ့ကြပါတယ်။



သက်တော်ဝါတော် ကြီးရင့်လျက်ရှိကြတဲ့ နိုင်ငံတော် သြဝါဒိစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ သံဃာတော် အရှင်မြတ်များနှင့် ကိုယ်စားလှယ် အားလုံးကို ကျေးဇူးတင်ရှိပါတယ်။ အထူးသဖြင့် သက်တော် (၉၀) ကျော်ပြီ ဖြစ်သော် လည်း ညီလာခံကြီးကို အစမှအဆုံးထိ တက်ရောက် ချီးမြှင့်ခဲ့ကြတဲ့ သီရိလင်္ကာနိုင်ငံနှင့် လာအိုနိုင်ငံမှ သံဃရာဇာ ဆရာတော်ကြီး (၂)ပါးတို့.ကို လိုက်လဲစွာ ကျေးဇူးတင်ရှိပါကြောင်း လျှောက်ထားအပ်ပါတယ်။

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကို-

- ဗုဒ္ဓဘာသာ ယုံကြည်ကိုးကွယ်သော နိုင်ငံအချင်းချင်း ချစ်ခင်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ထွန်းကားလာစေရန်၊
- ဗုဒ္ဓဘာသာ ယုံကြည်ကိုးကွယ်မှုနှင့် လိုက်နာကျင့်သုံးမှုတို့.ကို ဗုဒ္ဓဘာသာအချင်းချင်း ထိန်းသိမ်းစောင့်ရှောက်ရန်၊
- ကမ္ဘာ့နိုင်ငံအသီးသီးတွင် ပရိယတ္တိကို အခြေခံသော ဗုဒ္ဓဘာသာပညာရေး ထွန်းကားပြန့်ပွားစေရန်၊
- ကမ္ဘာလူသားထု တစ်ရပ်လုံးအတွက် ငြိမ်းချမ်းသာယာသော ကမ္ဘာကြီးဖြစ်ထွန်း အကျိုးပြုစေရေးအတွက် ဗုဒ္ဓဘာသာရှုထောင့်က ဝိုင်းဝန်းကူညီဆောင်ရွက်ရန်နှင့်

• ဗုဒ္ဓ၏ တရားဓမ္မများ မူရင်းမပျက် နိုင်ငံတကာသို့ ပြန့်ပွားထွန်းကားစေရန်-ဟူသော ရည်ရွယ်ချက် (၅) ရပ်ဖြင့် ဆင်နွှဲကျင်းပခဲ့ပါတယ်။

ညီလာခံကြီးမှာ ဗုဒ္ဓဘာသာခေါင်းဆောင်များက မိန့်ခွန်းပြောကြားခြင်းနှင့် စာတမ်းများ ဖတ်ကြားခြင်းအပြင် အဖွဲ့(၄)ဖွဲ့ ခွဲ၍လည်း သတ်မှတ်ထားတဲ့ "ကမ္ဘာပေါ်တွင် ဗုဒ္ဓဘာသာ၏ အရေးပါမှု"၊ "ဗုဒ္ဓဘာသာထွန်းကားပြန့်ပွားရေး"၊ "ဗုဒ္ဓဘာသာပညာရေး" နဲ့, "ဗုဒ္ဓဘာသာ ဝိပဿနာ ကမ္မဋ္ဌာန်း" ခေါင်းစဉ်များကို ကျေလည်စွာ ဆွေးနွေးတိုင်ပင် ညှိနှိုင်းခဲ့ကြကြောင်းလည်း သိရှိရပါတယ်။

တစ်နည်းအားဖြင့် ညီလာခံကြီးမှာ ဗုဒ္ဓဘုရားရှင်ရဲ့တရားဒေသနာတော်များ သန့်ရှင်းစင်ကြယ်ရေး၊ တည်တံ့ခိုင်မြဲရေးနဲ့, ထွန်းကားပြန့်ပွားရေးတို့အတွက် ဆွေးနွေးနိုင်ခဲ့ပြီး မော်ကွန်းဝင် ပူးတွဲကြေညာချက် တစ်ရပ် ထုတ်ပြန်နိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ပူးတွဲကြေညာချက်ထဲမှာ–

• ဗုဒ္ဓသာသနာတော် ထိန်းသိမ်းစောင့်ရှောက်ရေးနဲ့, ထွန်းကားပြန့်ပွားရေးကို ဆောင်ရွက်ကြဖို့,

• သမိုင်းဝင် သာသနိက အဆောက်အအုံတွေကို စောင့်ရှောက်ထိန်းသိမ်းဖို့၊

• ဗုဒ္ဓဘာသာဆိုင်ရာ ပညာရေးကို တိုးမြှင့်ဖို့နဲ့

• ကမ္ဘာကြီးသာယာဝပြောရေးကို ဖော်ဆောင်ရာမှာ အထောက်အကူပြုဖို့၊ ဗုဒ္ဓရဲ့ တရားတော်တွေကို ကမ္ဘာတစ်ဝန်း ဖြန့်ချိဖို့ သဘောတူညီခဲ့ကြပါတယ်။

ဒီလိုထူးထူးခြားခြား အောင်မြင်ခြင်းဟာလည်း တက်ရောက်လာကြတဲ့ ကိုယ်စားလှယ်များ အားလုံး အနေနဲ့, ဘုရားရှင်ရဲ့ အဆုံးအမများနှင့်အညီ သည်းခံခွင့်လွှတ်ခြင်း၊ ပျော့ပြောင်းနူးညံ့ခြင်း၊ မေတ္တာကရုဏာထားခြင်း၊ အကောင်းမြင်ခြင်းတို့ကို လက်ကိုင်ထားနိုင်ခဲ့လို့ပဲ ဖြစ်ပါတယ်။

နိုင်ငံအသီးသီးမှ ဗုဒ္ဓဘာသာဝင် သူတော်စင်များစွာ ယခုကဲ့သို့ စုစည်းတွေ့ဆုံနိုင်ခြင်းကြောင့်လည်း ဗုဒ္ဓဘာသာဝင်အချင်းချင်း တစ်ဦးနဲ့တစ်ဦး ပိုမိုရင်းနှီးသိရှိပြီး စည်းလုံးညီညွတ်မှုနဲ့, နားလည်မှုများရရှိကာ သာသနာတော်ထွန်းကားရေးအတွက် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်မှာဖြစ်တယ်–လို့ မမှိတ်မသုန် ယုံကြည်ပါတယ်။

ကြွရောက်လာကြတဲ့, မထေရ်မြတ်များနဲ့, ဗုဒ္ဓဘာသာခေါင်းဆောင်များကလည်း မြတ်ဗုဒ္ဓရဲ့ တရားတော်များ အကူအညီနဲ့, မိမိတို့, မှီတင်းနေထိုင်ရာ ကမ္ဘာကြီးကိုရော မိမိအခြေပြုနေထိုင်ရာ နိုင်ငံကိုပါ တည်ငြိမ်အေးချမ်းမှုနဲ့, ဗြဟ္မစိုရ်တရား ထွန်းကားအောင် မေတ္တာအအေးဓါတ်ဖြင့် သည်းခံခွင့်လွှတ်မှုတို့ကို ဖော်ဆောင်နိုင်အောင် မဆုတ်မနစ် ကြိုးပမ်းအားထုတ်ကြလိမ့်မယ်လို့, မျှော်လင့်အားထားပြီး ဖြစ်ပါတယ်။ မြတ်ဗုဒ္ဓရဲ့အဆုံးအမများဟာ လူသားတွေရဲ့, ပူလောင်စွာခံစားနေရတဲ့, စိတ်ပိုင်းဆိုင်ရာ ဒုက္ခဝေဒနာများကို ကုစားနိုင်သကဲ့သို့, ကမ္ဘာပေါ်မှာ ကာယကံနှင့် ဝစီကံများယှဉ်ပြီး ဖြစ်ပေါ်နေတဲ့ အကြမ်းဖက် အနိုင်ကျင့်မှုတွေ၊ လက်နက်ကိုင်တိုက်ခိုက်နေကြတဲ့ စစ်ပွဲတွေ၊ ဆင်းရဲချမ်းသာကွာဟမှုတွေ၊ ကြီးနိုင် ငယ်ညှဉ်းမှုတွေကိုလည်း အမှန်တကယ် လျော့နည်းပပျောက်စေမှာ ဖြစ်ပါတယ်။

ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးဟာ ယခုအခါအောင်မြင်ပြီးမြောက်စွာ နိဂုံးကမ္ဘတ် အဆုံးသတ်တော့မှာဖြစ်ပါတယ်။ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရအနေနဲ့ရော မြန်မာနိုင်ငံသားအားလုံးကပါ ဒီဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကို အစစအရာရာ တာဝန်ယူပြီး အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပခွင့်ရတဲ့အတွက် အလွန်ဝမ်းသာကြည်နူး ကုသိုလ်ပွားများရပါတယ်။ သံဃာတော်များ၊ လူကြီးမင်းများရဲ့

အားပေးထောက်ပံ့မှုနဲ့ နားလည်ပူးပေါင်းမှုအပြင် သည်းခံခွင့်လွှတ်နိုင်မှုများကြောင့် ညီလာခံကြီး အောင်မြင်ခဲ့တာဖြစ်ကြောင်း ထပ်လောင်းတင်ပြပါရစေ။

ညီလာခံကြီးကိုတက်ရောက်လာခဲ့ကြတဲ့ နိုင်ငံခေါင်းဆောင်များ၊ ဝန်ကြီးများ၊ သံအမတ်ကြီးများ၊ အထူးသဖြင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစွတာ ဘောင်ည်ဗိုရာချစ်၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစွတာ သက်ဆင်ရှင်နာဝပ်နဲ့ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစွတာ လူလေစရန်– တို့ကိုလည်းကောင်း၊ အချိန်မီ ကြွရောက်ချီးမြှင့်လျက်ရှိတဲ့ သီရိလင်္ကာနိုင်ငံမှ အဆွေတော်ဝန်ကြီးချုပ် မစွတာ မဟိန္ဒရာ ဂျာပက်(ခ်)စီ ကိုလည်းကောင်း အထူးကျေးဇူးတင် ရှိပါတယ်။

ညီလာခံကြီးကို ကိုယ်တိုင်ကိုယ်ကျ မတက်ရောက်နိုင်သော်လည်း ဂုဏ်ပြုဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့တဲ့ နိုင်ငံခေါင်းဆောင်တွေနဲ့ ဗုဒ္ဓဘာသာခေါင်းဆောင်တွေရဲ့ စိတ်ဓါတ်ရေးရာ အားပေးမှုများကလည်း ညီလာခံကြီးအတွက် အဖိုးမဖြတ်နိုင်တဲ့ ထောက်ပံ့ကူညီမှုများဘဲဖြစ်ပါတယ်။

ညီလာခံကြီး အစ အလယ် အဆုံး အောင်မြင်သည်အထိ တာဝန်ယူဆောင်ရွက်ခဲ့ကြတဲ့ ဆရာတော် သံဃာတော်များကိုလည်းကောင်း၊ သာသနာရေးဝန်ကြီးဌာနအပါအဝင် နိုင်ငံ့ဝန်ထမ်းအဖွဲ့ အားလုံးကို လည်းကောင်း ဂုဏ်ပြုကျေးဇူးတင်ပါတယ်၊ သာဓုလည်းခေါ်ပါတယ်၊ အစစ အရာရာ ပင်ပန်းနွမ်းနယ်မှုကို သည်းခံပြီး စောင့်ရှောက်ကူညီခဲ့တဲ့ သိတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရကိုလည်း ကျေးဇူး အထူးတင်ရှိပါကြောင်း လျှောက်ထားအပ်ပါတယ်။

– ညီလာခံကြီးကိုကြွရောက်လာကြတဲ့ ဗုဒ္ဓဘာသာခေါင်းဆောင်များ ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့ခြင်းတို့ဖြင့် ပြည်စုံကြပါစေ၊

– သဗ္ဗညု မြတ်ဗုဒ္ဓရဲ့ တရားဒေသနာတော် နေလိုလလို ထွန်းလင်းတောက်ပပြီး အဓွန့်ရှည် တည်တံ့ပါစေ၊

– ကမ္ဘာတစ်ဝန်း အေးချမ်းသာယာမှု တရားမျှတမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုတို့ကို ဖော်ဆောင် နိုင်ကြပါစေ–လို့ ဆုတောင်းမေတ္တာ ပို့သရင်း နိဂုံးချုပ်အပ်ပါတယ်။

# ချက်ပြည်သူ့သမ္မတနိုင်ငံရဟန်းတော်၏ ကျေးဇူးတင်ဝမ်းမြောက်စကား (ဘာသာပြန်)

ရိုသေလေးစားရပါသော သံဃာတော်အရှင်သူမြတ်များ
ဓမ္မနောင်တော်၊ ညီတော်၊ ညီအစ်မတော်များ

ကမ္ဘာဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး အစီအစဉ်တစ်ဝက်ပြီးဆုံးပြီဖြစ်ကြောင်း ကျွန်ုပ်ကြေးသာ အပ်ပါသည်။ ဤညီလာခံကြီး၏ ပထမပိုင်းအစီအစဉ်အဖြစ် သမိုင်းဝင် မဟာပါသာဏလိုဏ်ဂုဟာတော်ကြီး အတွင်း ကျွန်ုပ်တို့ဆွေးနွေးခဲ့ကြ၊ အတွေ့အကြုံများကို ဖလှယ်ခဲ့ကြ၊ ဗုဒ္ဓသာသနာတော် ကမ္ဘာတစ်ဝန်း ပြန့်ပွားရေးဆောင်ရွက်ရန် တစ်ဦးကိုတစ်ဦး အားပေးတိုက်တွန်းနှိုးဆော်ခဲ့ကြပြီးဖြစ်ပါသည်။

ခက်ခဲသောအပိုင်းမှာ ကျွန်ုပ်တို့၏ရှေ့တွင် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်ပါသည်။ ဗုဒ္ဓမြတ်စွာ၏အဆုံးအမများ ပြန့်ပွားရေးအတွက် ကျွန်ုပ်တို့ဆွေးနွေးခဲ့ကြသည့် စိတ်ကူးစိတ်သန်းများကို လက်တွေ့ကောင်အထည်ဖော် သင်ကြားပြသရေးမှာ များစွာခက်ခဲပါသည်။ ဤထိပ်သီးညီလာခံကြီးသို့ သဝဏ်လွှာပေါင်းများစွာ ပေးပို့ထားကြသည်ကို အံ့ဩစွာ တွေ့ရှိရပါသည်။ နိုင်ငံတော် သမ္မတကြီးများ၊ နိုင်ငံတော်ခေါင်းဆောင်များ၊ ဝန်ကြီးချုပ်များ၊ သံအမတ်ကြီးများထံမှ ပေးပို့ထားခြင်းဖြစ်ပါသည်။ ဤပုဂ္ဂိုလ်ကြီးများ အနက် အချို့သော နိုင်ငံခေါင်းဆောင်များသည် ကျွန်ုပ်တို့၏ ဆောင်ရွက်ချက်များကို ယုံကြည်မှုရှိကြောင်း၊ ထောက်ခံကြောင်းနှင့် စာနာကြောင်း၊ ဤညီလာခံကြီးသို့ ကိုယ်တိုင် ကိုယ်ကျ ထုတ်ဖော်ပြောကြားကြရန် တက်ရောက်၍ လာကြပါသည်။ တဖက်ကလည်း ဤနိုင်ငံများနှင့် ကမ္ဘာကြီးတစ်ခုလုံးသည် ကျွန်ုပ်တို့အား အမှန်တကယ်လိုအပ်ချက်ရှိပြီး မြတ်ဗုဒ္ဓ၏ငြိမ်ချမ်းသည့်တရားတော်များသည် ယခင်အချိန်အခါများထက် ယခုအခါတွင် အမှန်တကယ်လိုအပ်နေရာ ဤကိစ္စကို ကျွန်ုပ်တို့က ဆောင်ရွက်ပေးနိုင်သည်ဟု ထင်မြင်မိပါသည်။



အမှန်အတိုင်းပြောရရင် ဆရာတော်က ကျွန်ုပ်ကဲ့သို့ အနောက်တိုင်းသားရဟန်းတော်တစ်ပါးကို ကျေးဇူးတင် စကားပြောခိုင်းလိုက်သည့်အခါ ကျွန်ုပ်များစွာအံ့ဩမိပါသည်။ အနောက်တိုင်းသားများသည် အလွန် ဝေဖန်တတ်သူများဖြစ်ပြီး(အကြောင်းအရာတစ်ရပ်ကို)နက်နက်နဲနဲ မသိတဲနှင့်ပင် ဝေဖန်ရေးဆရာကြီးများ လုပ်တတ်ကြသူများအဖြစ် လူသိများသလို ဝေဖန်ရန်လည်း ဝါသနာကြီးသူများ ဖြစ်ကြပါသည်။ သို့သော်လည်း ယခုအခါမှာမူ များစွာခြားနားပါသည်။ ဤထိပ်သီးညီလာခံကြီးကို ဖြစ်မြောက်အောင် ဆောင်ရွက်ပေးသည့် ကျင်းပရေးကော်မတီအား ကျေးဇူးတင်သည့်စိတ်များနှင့် ကျွန်ုပ်ရင်ထဲတွင် ပြည့်လျှံလျက်ရှိနေပါသည်။ စောစောပိုင်းက ကျင်းပရေးကော်မတီဝင်တစ်ဦးနှင့် စကားလက်ဆုံ ပြောဖြစ်ခဲ့ရာ ကော်မတီသည် ဤကြီးကျယ်လှသောညီလာခံကြီးဖြစ်မြောက်ရန် နှစ်နှစ်ခန့် ပြင်ဆင် လုပ်ကိုင်ခဲ့ရကြောင်း သိရပါသည်။ ဤကဲ့သို့သော အားထုတ်မှုများ၊ နိုင်ငံတော်အစိုးရပိုင်းက ငွေကြေး စိုက်ထုတ်

ပေးမှုနှင့် အခြားဆောင်ရွက်ချက်များကြောင့် ဤညီလာခံကြီးကို ခမ်းခမ်းနားနား ကြီးကြီးကျယ်ကျယ် ကျင်းပနိုင်ခဲ့ပါသည်။ ယနေ့နံနက် ကျွန်ုပ်သည် မော်တော်ယာဉ်ဖြင့် ဤနေရာသို့ လာခဲ့ရာတွင် မဟာပါသာဏလိုဏ်ဂူကြီးအား ပတ်၍လာခဲ့ရာ နတ်ဘုံနတ်နန်းတစ်ခုသို့ ရောက်ရှိနေသည့်အလား ခံစားမိပါသည်။ ပန်းများမြောက်များစွာ ဖူးပွင့်လျက် ပတ်ဝန်းကျင်တစ်ခုလုံး သာယာလှပနေပါသည်။ ကျင်းပရေးကော်မတီ၏ ကြိုးပမ်းအားထုတ်မှုကို များစွာနှစ်ထောင်းအား‌ရဖြစ်မိပြီး ကျင်းပရေးကော်မတီအနေဖြင့် ဤညီလာခံကြီးအား မည်မျှအလေးထား‌ကြောင်း ဖေါ်ပြနေပါသည်။ တစ်နည်းဆိုရပါမူ ဤသို့ဆောင်ရွက်ထားမှုသည် ကျွန်ုပ်တို့ကိုလည်း ကျွန်ုပ်တို့နိုင်ငံအသီးသီးတွင် ဗုဒ္ဓမြတ်စွာ၏ တရားဓမ္မများ ပြန့်ပွားရေးအတွက် အလေးအနက်ထား၍ အတတ်နိုင်ဆုံး လုပ်ဆောင်ကြရန် တာဝန်ပေးအပ်လိုက်ခြင်းပင်ဖြစ်ပါသည်။ ကျွန်ုပ်အနေနှင့် ကျွန်ုပ်၏မွေးရပ်မြေ ချက်ပြည်သူ့ သမ္မတနိုင်ငံတွင် ကျွန်ုပ်၏ လုပ်ငန်းတာဝန်များ ဆက်လက်ဆောင်ရွက်သွား‌နိုင်ရန် ခွန်အား‌များ ရရှိနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

ချက်ပြည်သူ့သမ္မတနိုင်ငံ၌ ကျွန်ုပ်တို့ လုပ်ငန်းတစ်ခုဆောင်ရွက်ပြီးတိုင်း ဥပမာတရားပွဲတစ်ခု၊ ကမ္မဋ္ဌာန်းတရားစခန်းတစ်ပွဲပြီးတိုင်း၊ ဝမ်းမြောက်ဆုတောင်းစကား တိုတိုတုတ်တုတ်ပြောပြီး အဆုံးသတ်လေ့ရှိပါသည်။ ယခုလည်း ပါဝင်ဆောင်ရွက်လိုသူတိုင်း ကျွန်ုပ်နှင့်အတူကျေးဇူးတင် ဝမ်းမြောက်ကြောင်း ဆုတောင်းစကားဆိုကြရန် ဖိတ်ခေါ်ပါသည်။ မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းရာတွင် ကျွန်ုပ်တို့သည် ကိုယ့်ကိုကိုယ် အရင်မေတ္တာပို့သကဲ့သို့ ကျွန်ုပ်တို့၏ အသိဉာဏ်ပညာများ နိုးကြားလာစေရန် ဤညီလာခံကြီးတွင် ပါဝင်ဆောင်ရွက်ခွင့်ရသည့်အတွက် ကိုယ့်အတွက်ကိုယ် ဆုတောင်းစကားဆိုပါသည်။ ပြီးမှကျွန်ုပ်တို့အား တရားဓမ္မများ သင်ကြားပြသပေးခဲ့ပြီး သတ္တဝါအနန္တအား ကယ်တင်ရန် အတွက် သဗ္ဗညုတ‌ဉာဏ်တော်ရရှိရန် ပါရမီတော်အစုံ ဖြည့်ဆည်းခဲ့သည့် မြတ်စွာဘုရားသခင်၏ ဂုဏ်ကျေးဇူးတော်များကို အောက်မေ့ဆုတောင်းပါသည်။ ထို့နောက် ပွင့်တော်မူပြီးသည့် ဘုရားရှင်များ ဆရာသမား၊ မိဘများနှင့် ဓမ္မမိတ်ဆွေအပေါင်းအား ကုသိုလ်မျှဝေပါသည်။ ထို့နောက် ကျွန်ုပ်တို့၏ ကျေးဇူးတင်ဆုတောင်းစကားကို ယခုညီလာခံကြီး သို့တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ခမ်းနားသိုက်မြိုက်စွာ ကြိုဆို‌ဧည့်ခံနိုင်ရန် အထူးဂရုစိုက်ဆောင်ရွက်ခဲ့ကြသည့် ကျင်းပရေးကော်မတီကြီးကိုလည်း ပေးပို့ပါသည်။ ဤညီလာခံကြီးအတွက် ဆောင်ရွက်ခဲ့သမျှအား‌လုံးအတွက် ကျွန်ုပ်အထူးဝမ်းမြောက်ဂုဏ်ယူပါသည်။

ချက်ပြည်သူ့သမ္မတနိုင်ငံတွင် ဤသို့ဆုတောင်းမှုပြုပြီးနောက် စကြာဝဠာအနှံ့ ကုသိုလ်မျှဝေရန် ရွတ်ဆိုကြသည်မှာ-

ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ၊ သဗ္ဗဗုဒ္ဓါ နုဘာဝေန သဒ္ဒါသုခိ ဘဝန္တုတေ။
ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ၊ သဗ္ဗဓမ္မာ နုဘာဝေန သဒ္ဒါသုခိ ဘဝန္တုတေ။
ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ၊ သဗ္ဗသံဃာ နုဘာဝေန သဒ္ဒါသုခိ ဘဝန္တုတေ။

# အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် (ရန်ကုန်မြို့) ပါမောက္ခချုပ်ဆရာတော်

## ဒေါက်တာ သီလာနန္ဒာဘိဝံသ၏

## အခမ်းအနားပြီးဆုံးကြောင်း နိဂုံးချုပ်မိန့်ခွန်း (ဘာသာပြန်)

သံဃရာဇာများ၊
မထေရ်မြတ်များ၊
ဂုဏ်သရေရှိ ဧည့်သည်တော်များ၊
ဓမ္မမိတ်ဆွေများ၊
လူကြီးမင်းများ

မကြာမီအချိန်အတွင်းမှာ ကမ္ဘာ့ ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး အောင်မြင်စွာ ပြီးဆုံးတော့မှာ ဖြစ်ပါတယ်။ အားလုံးသိကြတဲ့အတိုင်းပဲ ညီလာခံကြီး အောင်မြင်ရေးအတွက် မြန်မာနိုင်ငံတော် အစိုးရနဲ့ ပြည်သူများက ငွေအား၊ လူအား မခိုမကပ်ဘဲ လုပ်ဆောင်ခဲ့ပါတယ်။ အထိုက်အလျောက်လည်း အောင်မြင်ခဲ့တယ်လို့ ယူဆပါတယ်။ သူတို့ ဘယ်လောက် ကြိုးပမ်း အားထုတ်ကြပေမဲ့ တက်ရောက်သူ မရှိရင် ဘာမှဖြစ်လာမှာ မဟုတ်ပါဘူး။ ဒီသမိုင်းဝင် အခမ်းအနားကြီးမှာ မိန့်ခွန်းပြောသူများ၊ ဆွေးနွေးပွဲ တက်ရောက်သူများ၊ ဆွေးနွေးသူ များအဖြစ် လူကြီးမင်းတို့ တက်ရောက်ပြီး စိတ်အားထက်သန်စွာ ပါဝင်တက်ရောက်ခဲ့ကြလို့ ဒီညီလာခံကြီး ခမ်းနားသိုက်မြိုက်စွာ အောင်မြင်ခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီအောင်မြင်မှုဟာ (ပြည်ထောင်စု မြန်မာနိုင်ငံတော်)အစိုးရ၊ ပြည်သူများနဲ့တကွ ညီလာခံ တက်ရောက် ကြသူများကြောင့် ဖြစ်ပါတယ်။



ထေရဝါဒ၊ မဟာယာန၊ ဝဇိရာယာနလို့ မခွဲခြားဘဲ ဗုဒ္ဓဘာသာဝင်တွေရဲ့ စည်းလုံး ညီညွတ်ရေး ဆိုတဲ့ အခြေခံနဲ့ ဒီညီလာခံကြီးကို ကျင်းပတာ ဖြစ်ပါတယ်။ နိုင်ငံပေါင်း ၃၈ နိုင်ငံက ကိုယ်စားလှယ်တွေကို ဖိတ်ကြားခဲ့ပါတယ်။ မှတ်တမ်းအနေနဲ့ ဒီနိုင်ငံတွေရဲ့ အမည်တွေကို အက္ခရာစဉ် အတိုင်း ဖော်ပြလိုပါတယ်။

ဩစတြေးလျ၊ ဩစတြီးယား၊ ဘင်္ဂလားဒေ့ရှ်၊ ဘယ်လ်ဂျီယမ်၊ ဘရာဇီးလ်၊ ကမ္ဘောဒီးယား၊ ကနေဒါ၊ တရုတ်၊ ချက်ကိုစလိုဗေးကီးယား၊ အင်္ဂလန်၊ ပြင်သစ်၊ ဂျာမဏီ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ အီရန်၊ အစ္စရေး၊ အီတလီ၊ ဂျမေကာ၊ ဂျပန်၊ ကိုရီးယား၊ လာအို၊ မလေးရှား၊ မွန်ဂိုလီယား၊ မက်စီကို၊ နီပေါ၊ နယ်သာလန်

ရိုမေးနီးယား၊ ရုရှား၊ စကော်ပူ၊ သီရိလင်္ကာ၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ထိုင်း၊ အမေရိကန် ပြည်ထောင်စု၊ ဗင်နီဇွဲလား၊ ဗီယက်နမ်၊ နယူးဇီလန်၊ ထိုင်ဝမ်နဲ့ မြန်မာ–တို့ ဖြစ်ပါတယ်။

ဒီစာရင်းကိုကြည့်ရင် (နိုင်ငံ) တော်တော် များများက (ကိုယ်စားလှယ်တွေကို) ဗုဒ္ဓဘာသာ ထိပ်သီး ညီလာခံ (တက်ရောက်ဖို့) ဖိတ်ကြားခဲ့ပြီး အားလုံး စိတ်ကောင်း စေတနာကောင်းနဲ့ တက်ရောက်ခဲ့ကြ တယ်ဆိုတာ သတိပြုမိကြမှာပါ။ ပူးတွဲကမကထပြုမဲ့ အဖွဲ့အစည်းက ညီလာခံကျင်းပရေးကို ကျောခိုင်း သွားခဲ့တာကို ထည့်သွင်းစဉ်းစားရင် မြန်မာအစိုးရနဲ့ ပြည်သူတွေ အထူးအောင်မြင်ခဲ့တယ်လို့ ပြောရ ပါမယ်။

အမှန်အတိုင်းပြောရမယ်ဆိုရင် ထေရဝါဒ၊ မဟာယာန၊ ဝဇိရာယာနဆိုတဲ့ နာမည် ပညတ်ချက်တွေ မပါဘဲ ဗုဒ္ဓဘာသာဝင် အားလုံး တစ်ဖွဲ့တည်းဖြစ်လာဖို့ လုံးဝ မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့ (ဂိုဏ်း)အားလုံးနဲ့ သက်ဆိုင်တဲ့ ဗုဒ္ဓရဲ့တရားတော်တွေ ရှိပြီးတော့ ဒီတရားတော်တွေကို ဗုဒ္ဓရဲ့ စစ်မှန်တဲ့ တရား ဒေသနာ တော်တွေ အဖြစ် ဗုဒ္ဓဘာသာဝင် အားလုံးက လက်ခံကောင်း လက်ခံနိုင်ကြမှာပါ။ ဒီ(တရားတော်)တွေ ကို ဦးတည်ပြီး မိမိတို့နိုင်ငံတွေမှာရော၊ ပြည်ပနိုင်ငံများမှာပါ ကမ္ဘာတစ်ဝန်း (ဗုဒ္ဓသာသနာတော်) ပြန့်ပွားအောင် ဆောင်ရွက်ကြရမှာပါ။ သစ္စာလေးပါး တရားတော်ကို သာဓကပြလိုပါတယ်။ ဒီတရားတော်ကို မြတ်ဗုဒ္ဓရဲ့ စစ်မှန်တဲ့ တရား ဒေသနာတော် ဖြစ်တယ်လို့ ဗုဒ္ဓဘာသာဂိုဏ်း အားလုံးက ယုံကြည်လက်ခံ ထားကြပါတယ်။ ဒါကြောင့် ဒီတရားတော်ကို (ကမ္ဘာတစ်ဝန်း ပျံ့နှံ့အောင်) ဟောကြား ကြဖို့အတွက် မိမိတို့ ပူးပေါင်း ဆောင်ရွက် နိုင်ကြမှာပါ။ သစ္စာလေးပါးထဲက တစ်ပါးဖြစ်တဲ့ မဂ္ဂင်ရှစ်ပါး လမ်းစဉ်ကလည်း အရေးပါတဲ့တရားတော်ဖြစ်လို့ မိမိတို့ ကိုယ်တိုင် အရင်ကျင့်ကြံပြီး ကမ္ဘာတစ်ဝန်း ဟောကြားကြရမှာ ဖြစ်ပါတယ်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့ တရားတော်တွေကလည်း ဗုဒ္ဓဘာသာဝင် အားလုံး လက်ခံတဲ့တရားတော်တွေ ဖြစ်ပါတယ်၊ မိမိတို့အားလုံး သဘောတူလက်ခံကြလို့ ဒီတရားတော် တွေကိုလည်း ဟောကြားနိုင်ကြမှာ ဖြစ်ပါတယ်။ ပိုးမွှားလေးတွေအထိ ချွင်းချက်မထားဘဲ မေတ္တာ ကရုဏာထားဖို့–ဆိုတဲ့ မေတ္တာ တရားတော်ဟာလဲ မြတ်ဗုဒ္ဓရဲ့ ထင်ရှားတဲ့ တရားတော်ဖြစ်ပြီး မိမိတို့ ကမ္ဘာတစ်ဝန်း ဟောကြားနိုင်ကြမှာ၊ ဟောကြားကြမှာ ဖြစ်ပါတယ်။ အရင်ဆုံး မိမိတို့ကိုယ်တိုင် ကျင့်သုံးပြီးမှ ကမ္ဘာတစ်ဝန်း ဟောကြားကြရမှာပါ။ ဗုဒ္ဓဘာသာဂိုဏ်းအားလုံးက လက်ခံတဲ့ တခြား တရားတော်တွေလည်း ရှိပါတယ်။ အဲဒီ တရားတော်တွေကိုလည်း ဟောကြားဖို့ ကြိုးစားကြရမှာပါ။ အားလုံးနဲ့ သက်ဆိုင်တဲ့ တရားတော်တွေဖြစ်တဲ့ ဗုဒ္ဓဘာသာ တရားတော်တွေနဲ့ ကမ္ဘာလောကကြီးကို ငြိမ်းချမ်းရေးနဲ့ သဟဇာတရှိမှု ထွန်းကားတဲ့ နေရာတစ်ခုအဖြစ် ဖန်တီးနိုင်မှာ ဖြစ်ပါတယ်၊ လူသားတွေ စိုးရိမ် ပူပန်မှုမရှိဘဲ နေထိုင်နိုင်ကြမှာပါ။

ကမ္ဘာ့လူသားတွေကို ပညာပေးဖို့နဲ့ ပတ်သက်ပြီး သီရိလင်္ကာ၊ ထိုင်း၊ မြန်မာနိုင်ငံ၊ ကမ္ဘောဒီးယားနဲ့ လာအိုတို့မှာ ထွန်းကားတည်ရှိနေတဲ့ ဗုဒ္ဓဘာသာကို ရည်ညွှန်းရာမှာ ဟီနယာနဆိုတဲ့ အသုံးကို ဖွန့်လွှတ်ဖို့ ၁၉၅၀–ပြည့်နှစ်က ကိုလန်ဘိုမြို့မှာ ကျင်းပခဲ့တဲ့ ပထမအကြိမ် ဗုဒ္ဓဘာသာဝင်များ ညီလာခံ (First Fellowship of Buddhists)မှာ အားလုံး သဘောတူဆုံးဖြတ်ခဲ့တယ် ဆိုတာကို ပြောဖို့လိုပါတယ်။ ဟီနယာနလို့ ရည်ညွှန်း ခံရသူတွေဟာ မဟာယာန၊ ဝဇိရာယာန တို့ထက် ယုတ်ညံ့ နိမ့်ကျတယ်လို့ ဟီနယာန ဆိုတဲ့ ဝေါဟာရကို သုံးစွဲသူက ယူဆတဲ့ သဘော သက်ရောက်တဲ့အတွက် ဟီနယာန ဆိုတဲ့ အသုံးကို လုံးဝဖွန့်လွှတ်သင့်တယ်လို့ ထပ်လောင်း ပြောကြားလိုပါတယ်။ အခု ခေတ်မှာ မိမိကိုယ်တိုင်မှတစ်ပါး တခြားသူ တွေကို နိမ့်ကျတယ်လို့ရည်ညွှန်းတာဟာ ယဉ်ကျေးတဲ့ အပြုအမူ

မဟုတ်ပါဘူး။ ဒါ့အပြင် (ဗုဒ္ဓဘာသာဝင်တွေ) စည်းလုံး ညီညွတ်ရေးကို ရှေ့ရှုပြီး ဒီ(ဟိန္ဒယာန ဆိုတဲ့) အသုံးကို ကျွန်ပ်တို့ရဲ့ မိန့်ခွန်း၊ စာအုပ်စတာတွေထဲမှာ လုံးဝရှောင်ကြဉ်ကြရမှာ ဖြစ်ပါတယ်။

နောက်တစ်ချက်ပြောလိုတာကတော့ စီးပွားရေးကုမ္ပဏီတွေက ရောင်းအားတိုးမြှင့်ဖို့ ကုန်ပစ္စည်းတွေမှာ ဗုဒ္ဓရုပ်ပွားတော်နဲ့ ဗုဒ္ဓဘာသာ သင်္ကေတတွေကို သုံးစွဲနေကြတာ ဖြစ်ပါတယ်။ သူတို့ရဲ့ ကုန်ပစ္စည်းတွေ ကို ကြော်ငြာရာမှာ ဗုဒ္ဓဘာသာဝင်တွေကို မထိပါးဖို့နဲ့ (မိမိတို့) အထွတ်အမြတ် ထားတဲ့ အရာဝတ္ထုတွေကို မရိုမသေ အသုံးမပြုဖို့ ရိုင်းစိုင်းကြမ်းတမ်းမှုမပါဘဲ သူတို့ကို ပြောကြရမှာ ဖြစ်ပါတယ်။

အလုပ်လုပ်ရာမှာ လွယ်ကူချောမွေ့စေနိုင်တဲ့ အင်တာနက်ကို အသုံးပြုခွင့်ပေးတဲ့အတွက် မြန်မာနိုင်ငံ အစိုးရကို ကျေးဇူးတင်ပါတယ်။ အင်တာနက်မပါဘဲ ညီလာခံကို ချောမွေ့စွာ ကျင်းပနိုင်မှာ မဟုတ်ပါ။ အနာဂတ် ကမ္ဘာတစ်ဝန်း ဗုဒ္ဓသာသနာတော် ပြန့်ပွားရေး ဆောင်ရွက်ရာမှာလည်း အစိုးရက အင်တာနက် အသုံးပြုခွင့်ပေးမယ်လို့ မျှော်လင့်ပါတယ်။ ဒီကနေ့ တိုင်ဝမ်၊ မက်စီကိုနဲ့ အမေရိကက ကျောင်းသားတွေကို ပါတီမောက်နဲ့ ပတ်သက်လို့ တယ်လီဖုန်း ပြောဖြစ်ပါတယ်။ ကျွန်ပ် နေထိုင်တဲ့ ကာလီဖိုးနီးယားက Half Moon Bay မှာ ကွန်ပျူတာတွေနဲ့ ဆက်သွယ်ထားတဲ့ တယ်လီဖုန်း လုံလုံလောက်လောက် မရှိလို့ တယ်လီဖုန်းနဲ့ပဲ ပြောဖြစ်တာပါ။ ဒါပေမဲ့ ကျောင်းသားတွေက ကွန်ပျူတာတွေကနေ နားထောင်ကြပါတယ်။ ကျွန်ပ်ရဲ့ အသံကို အလွန်ကြည်လင်ပြတ်သားစွာ ကြားကြရတယ်လို့ ပြောကြပါတယ်။ ဘယ်ကိုမှ ကိုယ်တိုင် သွားစရာမလိုဘဲ နားထောင်သူ အများအပြားကို အင်တာနက်ကနေ ဒီလို ဆက်သွယ်နိုင်ပါတယ်။

နောက်ဆုံးအနေနဲ့ ပြောကြားလိုတာကတော့ မြန်မာအစိုးရနဲ့ ပြည်သူတွေက ဧည့်သည်တော်များ ပုဂံနဲ့ မန္တလေးကို ဘုရားဖူး သွားရောက်နိုင်ကြဖို့ စီစဉ်ထားတယ်လို့ သိရကြောင်းပဲ ဖြစ်ပါတယ်။ ရှေးဟောင်း သုတေသနနဲ့ ဘာသာရေး ရှုထောင့်တွေအရ စိတ်ဝင်စားစရာ ကောင်းတာတွေ တွေ့ကြရမှာ ဖြစ်ပါတယ်။ လူတွေရဲ့ ဘာသာရေးကို လေ့လာရာမှာ သူတို့ရဲ့ ယဉ်ကျေးမှုကို အနည်းငယ်ပဲဖြစ်ဖြစ် သိတာ ကောင်းပါတယ်။ အများကြီး တွေ့ကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ပုဂံကိုသွားရင် ကျောက်စာ နှစ်ချပ်ကို မဖြစ်မနေ ကြည့်ကြပါလို့ ပြောလိုပါတယ်။ တစ်ချပ်က ရာဇကုမာရ (သို့မဟုတ်) မြစေတီ ကျောက်စာ လို့ ခေါ်ပါတယ်။ အိုဂျစ် ရှေးဟောင်း သုတေသနနယ်ပယ်မှာလည်း အလားတူ ကျောက်စာ တစ်ချပ် ရှိပါတယ်။ Rosetta stone လို့ခေါ်တဲ့ ကျောက်စာကို သိကြမှာပါ။ ဘာသာစကား သုံးမျိုးနဲ့ ရေးထိုးထားပြီး အဲဒီ ကျောက်စာကို အခြေခံပြီးမှ အိုဂျစ် ဘာသာစကားက အရုပ်စာတွေကို ပညာရှင်တွေ အဓိပ္ပါယ် ဖွင့်နိုင်ခဲ့ကြတာပါ။ အလားတူပဲ ရာဇကုမာရကျောက်စာဟာလည်း ပါဠိ၊ ပျူ၊ မွန်၊ မြန်မာ ဘာသာစကားတွေနဲ့ လေးမျက်နှာ ရေးထိုးထားတဲ့ကျောက်စာ ဖြစ်ပါတယ်။ မြန်မာလူမျိုးတွေ ပျူဘာသာစကားကို အထိုက်အလျောက် အဓိပ္ပါယ် ဖွင့်နိုင်ခဲ့တာ ဒီကျောက်စာကြောင့်ပဲ ဖြစ်ပါတယ်။ ရေးထိုးထားတဲ့ အကြောင်းအရာကတော့ ကျွန်စစ်သား မင်းကြီး အသည်းအသန် ဖြစ်နေချိန်မှာ သားတော်က မင်းကြီးနတ်ရွာစံတော်မမူခင် မင်းကြီးအတွက် ရည်စူးပြီး ဗုဒ္ဓဆင်းတုတော် တစ်ဆူလှူလိုတဲ့ အကြောင်းပါ။

နောက်ကျောက်စာ တစ်ချပ်ကတော့ ပုဂံ ရွှေဂူကြီးဘုရားက ရွှေဂူကြီးကျောက်စာ ဖြစ်ပါတယ်။ ဘုရားအတွင်း နံရံ တစ်ဘက် တစ်ချက်စီမှာ ကျောက်စာနှစ်ချပ် ရှိပါတယ်။ ဘုရားဒါယကာဖြစ်တဲ့ အလောင်းစည်သူမင်းကြီးက ထားခဲ့တာပါ။ သံသရာမှာကျင်လည်နေကြတဲ့ သတ္တဝါအားလုံးအပေါ် ထားရှိတဲ့ သူ့ရဲ့ကရုဏာတရားနဲ့ ဘုရားဆုပန်တာကို ပါဠိဘာသာနဲ့ ဖွဲ့နွဲ့ရေးထိုးထားတဲ့ ဂါထာ

အပိုဒ်တစ်ရာ ပါရှိပါတယ်။ ကျောက်စာမှာ ဘုရားဆုပန်တာကို တွေ့ရခဲပါတယ်။ ထေရဝါဒဗုဒ္ဓဘာသာဝင်တွေလည်း ဘုရားဆုပန်တာရှိခဲ့တယ်-ဆိုတာကို ဒီကျောက်စာက ထင်ထင်ရှားရှား ဖေါ်ပြနေပါတယ်။ ဒီ ကျောက်စာမှာ မင်းကြီးက ဘုရားဆုပန်ခဲ့တာပါ။ နောက်ဆုံးမှာ ကျောက်စာကို သက္ကတဂါထာ နှစ်ပိုဒ်နဲ့ အဆုံးသတ် ထားပါတယ်။

မန္တလေးမှာ ၁၈၆၈-ခုနှစ်က စက္ကင်ကျောက်ချပ် (၇၂၉) ချပ်ပေါ်မှာ မင်းတုန်းမင်းကြီး ရေးထိုးလှူဒါန်းခဲ့တဲ့ ပိဋကတ်သုံးပုံကို တွေ့ကြရပါလိမ့်မယ်။ အမြင့် ၅ ပေခန့်၊ ဗျက် ၃ ပေခွဲခန့်၊ ထု ၅ လက္ခဏခန့် ရှိတဲ့ ကျောက်စာတစ်ချပ်စီကို ကျောက်စာ၇ တစ်ခုစီမှာ ထည့်သွင်းထားပါတယ်။ မန္တလေးကုသိုလ်တော်ဘုရား ပရဝုဏ်ထဲမှာ ထားတာပါ။ ဒီဘုရားအနားမှာ စန္ဒာမုနိလို့ ခေါ်တဲ့ ဘုရားတစ်ဆူ ရှိပါတယ်။ အဲဒီဘုရား မှာတော့ ရသေ့ကြီး ဦးခန္တီ ထားရှိခဲ့တဲ့ အဋ္ဌကထာတွေ ရေးထိုးထားတဲ့ စက္ကင် ကျောက်ချပ်တွေ ရှိပါတယ်။

ဒါတွေက ဘုရားဖူးသွားရင်တွေ့ရမယ့်ထဲက အရေးကြီးတာတွေပါ။

နိဂုံးချုပ်အနေနဲ့ ဒီသမိုင်းဝင်ညီလာခံကြီးမှာ ပါဝင် တက်ရောက်ကြသူတွေနဲ့ တက်ရောက်ကြသူတွေ သက်တောင့်သက်သာ အဆင်ပြေစေဖို့ အဘက်ဘက်က ကြိုးပမ်းခဲ့ကြတဲ့ အဆင့်အမြင့်ဆုံးကနေ အောက်ဆုံးအဆင့်ထိ ဝန်ထမ်းများအားလုံးကို ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။ အစကနေအဆုံးထိ ညီလာခံ အောင်မြင်ရေးအတွက် အစစအရာရာကို ဝိရိယကြီးစွာ ဆောင်ရွက်ခဲ့ကြတဲ့ သီတင်္ဂ ဆရာတော်နဲ့ အဖွဲ့ကိုလည်း ကျေးဇူးတင်ဖို့ မမေ့သင့်ပါ။

အားလုံး ကျန်းမာ၊ ချမ်းသာ၊ အေးချမ်းကြပါစေ၊

ကမ္ဘာတစ်ဝန်း တရားဓမ္မ ထွန်းကားပါစေ၊

ဗုဒ္ဓရဲ့ စစ်မှန်တဲ့ တရားဒေသနာတော်များ မူလကအတိုင်း သန့်စင်စွာ တည်တံ့ပါစေ။

# ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံသို့ ပေးပို့လာသော သဝဏ်လွှာများ

## ဗုဒ္ဓဘာသာဦးသျှောင် ဆရာတော်ကြီးများ၏ သဝဏ်လွှာများ

ပြည်ထောင်စုမြန်မာနိုင်ငံတော်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ဘုရားကြီး ရှိုးမြင့်သော သြဝါဒကထာ

ယနေ့မှစ၍ သုံးရက်တိုင်တိုင် ကျင်းပမည့် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသို့ ကြွရောက်လာကြသော ကိုယ်စားလှယ်တော်အပေါင်းနှင့် ဧည့်သည်တော်အပေါင်းတို့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ၊ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေဟု မေတ္တာပို့ကာ ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

မြတ်စွာဘုရားရှင်၏ သာသနာတော်အရှည်တည်တံ့၍ စည်ပင်ပြန့်ပွားထွန်းကားစေရန် ဤညီလာခံကိုယ်စားလှယ်တော်များက စုပေါင်းညီညာစွာဖြင့် တက်တက်ကြွကြွ အားထုတ်ဆောင်ရွက်နေကြသည်ကို တွေ့ရှိရသဖြင့် အနာဂတ်သာသနာတော်အတွက် အားတက်ရွှင်လန်း ဝမ်းမြောက်ရပါသည်။

ကမ္ဘာအရပ်ရပ်ရှိ ဗုဒ္ဓဘာသာဝင်အားလုံးတို့ စည်းလုံးညီညွတ်စွာဖြင့် သာသနာရေး၊ သာသနာမှုကိစ္စများကို တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါက ဗုဒ္ဓသာသနာတော်မြတ်ကြီးသည် ဤကမ္ဘာတစ်ဝန်းလုံး၌ နေတစ်ထောင် လတစ်ထောင်ပမာ ထွန်းလင်းတောက်ပလျက် ကာလရှည်ကြာတည်နေမည်သာဖြစ်ပါသည်။

သာသနာတော်ဆိုသည်မှာ လိုရင်းအနှစ်ချုပ်အားဖြင့် (၁) သီလ၊ (၂) သမာဓိ၊ (၃) ပညာဤသိက္ခာသုံးပါးပင် ဖြစ်ပါသည်။ ယင်းသိက္ခာသုံးပါးကို တရားကိုယ်အားဖြင့် ခွဲပြပါက (၁) သမ္မာဒိဋ္ဌိ (၂) သမ္မာသင်္ကပ္ပ (၃) သမ္မာဝါစာ (၄) သမ္မာကမ္မန္တ (၅) သမ္မာအာဇီဝ (၆) သမ္မာဝါယာမ (၇) သမ္မာသတိ (၈) သမ္မာသမာဓိ ဟူသော အရိယမဂ္ဂင်ရှစ်ပါးပင် ဖြစ်ပါသည်။

ထိုအရိယမဂ္ဂင်ရှစ်ပါးတို့တွင် သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ဤသုံးပါးတို့သည် သီလမဂ္ဂင်များ ဖြစ်ကြပါသည်။ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ သုံးပါးတို့သည် သမာဓိမဂ္ဂင်များ ဖြစ်ကြပါသည်။ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ ဤနှစ်ပါးတို့သည် ပညာမဂ္ဂင်များ ဖြစ်ကြပါသည်။ ဤအရိယမဂ္ဂင်ရှစ်ဖြာ သိက္ခာသုံးရပ်တို့ ကမ္ဘာသူ ကမ္ဘာသား တို့ သန္တာန်၌ ဖြစ်ပွားတည်နေခြင်း၊ ထွန်းလင်းတောက်ပနေခြင်းကိုပင် ဗုဒ္ဓသာသနာတော် တည်တံ့ခြင်း၊ ထွန်းလင်း တောက်ပခြင်းဟု ခေါ်ဆိုရပါသည်။

သက္ကမုနိဂေါတမဗုဒ္ဓက အရိယမဂ္ဂင်ရှစ်ပါးမရှိသော ဓမ္မဝိနယသာသနာ၌ ကိလေသာငြိမ်းသူ-သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာမရှိနိုင်။ အရိယမဂ္ဂင်ရှစ်ပါးရှိသော ဓမ္မဝိနယသာသနာ၌သာ ကိလေသာငြိမ်းသူ-သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာရှိနိုင်သည်။ ဤဂါဘုရား၏ ဓမ္မဝိနယ သာသနာတော်၌သာ အရိယမဂ္ဂင်ရှစ်ပါးရှိပေသည်။ ဤဂါဘုရား၏ ဓမ္မဝိနယသာသနာတော်၌သာ ကိလေသာငြိမ်းသူ-သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ ရှိနိုင်ပေသည်။ ဂါဘုရား၏ ဓမ္မဝိနယသာသနာတော်မှတစ်ပါး အခြားအယူဝါဒတို့သည် တရားကို သိမြင်ကြသည့်

ရဟန်းမြတ် (တစ်ကျိပ်နှစ်ပါး)တို့မှ ဆိတ်သုဉ်းကုန်၏ဟု သုဘဒ္ဒပရိဗိုဇ်အား ဟောတော်မူခဲ့ကြောင်း ဒီဃနိကာယ မဟာဝဂ္ဂပါဠိ မဟာပရိနိဗ္ဗာနသုတ်၌ သံဂါယနာတင်ခဲ့ပေသည် (ဒီ၊ ၂။ ၁၂၅)။

သက္ကမုနိဂေါတမဗုဒ္ဓရှင်တော်မြတ်သည်ပင် မဇ္ဈိမပဋိပဒါ-အလယ်လမ်းကျင့်စဉ်ဖြစ်သော ဤအရိယမဂ္ဂင်ရှစ်ပါးကို ကျင့်သုံးပွားများ အားထုတ်တော်မူခဲ့ခြင်းကြောင့် ဉာဏ်မျက်စိ အလင်းပေါက်ကာ တရားအလုံးစုံကို သိမြင်တော်မူသော သဗ္ဗညုဗုဒ္ဓအဖြစ်သို့ ရောက်တော်မူခဲ့ပေသည် (ဝိ၊၃။၁၄)။ ဤအရိယမဂ္ဂင်ရှစ်ပါးသည် ရာဂစသော ကိလေသာမီးတို့ကို ငြိမ်းစေနိုင်သော ရေစင်ရေအေးသဖွယ် ဖြစ်ပေသည်။

ယခုအခါ သတ္တလောကဟု ခေါ်ဆိုအပ်သော ကမ္ဘာသူကမ္ဘာသား အများစုကြီးသည် ရာဂမီး၊ ဒေါသမီးတို့ တည်းညီး တပြောင်ပြောင် အလောင်အမြိုက် ခံနေကြရခြင်းကြောင့် ဘေးဒုက္ခအမျိုးမျိုးတို့နှင့် တွေ့ကြုံနေကြ ရပေသည်။ ရာဂမီး၊ ဒေါသမီး၊ မောဟမီးတို့ကို အရိယမဂ္ဂင်ရှစ်ပါးတည်းဟူသော ရေစင်ရေအေးဖြင့် ငြိမ်းသတ်နိုင်မှသာ ဤကမ္ဘာလောကကြီးသည် ငြိမ်းချမ်းရေးရနိုင်ပေလိမ့်မည်။ ရာဂမီး၊ ဒေါသမီး၊ မောဟမီးတို့ကို အရိယမဂ္ဂင်ရှစ်ပါး တည်းဟူသော ရေစင်ရေအေးဖြင့် မငြိမ်းသတ်ဘဲ ငြိမ်းချမ်းရေးဟူသော စကားလုံးကို နှုတ်ဖြင့် အော်ဟစ်နေရုံမျှဖြင့် မည်သည့်အခါမျှ ငြိမ်းချမ်းရေး ရမည် မဟုတ်ပေ။ ရာဂမီး၊ ဒေါသမီး၊ မောဟမီးတို့ကို အရိယမဂ္ဂင် ရေစင်ရေအေးဖြင့် အနည်းငယ် ငြိမ်းသတ်နိုင်လျှင် အနည်းငယ်ငြိမ်းချမ်းရေးရမည်။ များများ ငြိမ်းသတ်နိုင်လျှင် များများငြိမ်းချမ်းရေး ရမည်။ လုံးဝငြိမ်းအောင် ငြိမ်းသတ်နိုင်လျှင် တစ်ကမ္ဘာလုံးငြိမ်းချမ်းရေးရမည်မှာ ဧကန်မုချဖြစ်ပေသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာဝင်သူတော်စင်အားလုံးတို့သည် ငြိမ်းချမ်းသာယာ၍ စည်ပင်ဝပြောသော ကမ္ဘာကြီးအဖြစ်သို့ ရောက်အောင် မိမိတို့ကိုယ်တိုင်လည်း ရာဂ၊ ဒေါသ၊ မောဟ ဟူသော ကိလေသာမီးတို့ကို အရိယမဂ္ဂင် ရေစင်ရေအေးဖြင့် တတ်စွမ်းသမျှ ငြိမ်းသတ်ကြ၍ ကမ္ဘာသူကမ္ဘာသား အများစုတို့လည်း ရာဂ၊ ဒေါသ၊ မောဟ- ဟူသော ကိလေသာမီးတို့ကို အရိယမဂ္ဂင် ရေစင်ရေအေးဖြင့် ငြိမ်းသတ်နိုင်ကြစေရန် သာသနာတော်၏ အနှစ်အမြုတေဖြစ်သော အရိယမဂ္ဂင်ရှစ်ဖြာ သိက္ခာသုံးရပ် အကျင့်မြတ်ကို ကမ္ဘာအနှံ့ ပြန့်ပွားအောင် စုပေါင်းညီညာစွာဖြင့် အားထုတ်ကြစေလိုပါသည်။

သက္ကမုနိဂေါတမရှင်တော်မြတ်ဘုရားက "ရဟန်းတို့သည် မကြာမကြာ အကြိမ်များစွာ စည်းဝေးလျက် သာသနာရေးလုပ်ငန်းကိစ္စများကို အညီအညွတ် ဆောင်ရွက်နေကြပါက ရဟန်းတော်တို့ ဆုတ်ယုတ်ဖွယ်မရှိ၊ တိုးတက်ကြီးပွားရန်သာ ရှိ၏"-ဟု ဟောတော်မူခဲ့ကြောင်းကို ဒီဃနိကာယ မဟာဝဂ္ဂပါဠိ၊ မဟာပရိနိဗ္ဗာနသုတ်၌ သံဂါယနာ တင်ခဲ့ပါသည် (ဒီ၊၂။၆၅)။

သို့ဖြစ်ပါ၍ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးများကို မကြာမကြာကျင်းပလျက် ကမ္ဘာအရပ်ရပ်မှ ဗုဒ္ဓဘာသာဝင်ခေါင်းဆောင်များ စည်းဝေးတိုင်ပင်ကြ၍ ဗုဒ္ဓမြတ်စွာ၏ သာသနာတော်မြတ်ကြီး အရှည်တည်တံ့အောင် ကမ္ဘာတစ်ဝန်း ပြန့်နှံ့စည်ကား ကြီးပွားတိုးတက်အောင် အစီအမံလုပ်ငန်းစဉ်များ ပြဋ္ဌာန်းရေးဆွဲကာ ဗုဒ္ဓဘာသာဝင်အားလုံးတို့က တညီတညွတ်တည်း တက်တက်ကြွကြွ ပါဝင်ကြိုးပမ်း ဆောင်ရွက်ကြပါရန် တိုက်တွန်းလိုက်ရပေသည်။

ဥက္ကဋ္ဌဆရာတော်

နိဂုံးတော်သံဃမဟာနာယကအဖွဲ့

**အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဘဒ္ဒန္တ ဒေါက်တာ သီလာနန္ဒာဘိဝံသပေးပို့သော သဝဏ်လွှာ (ဘာသာပြန်)**

၂၀၀၄ခုနှစ် ဒီဇင်ဘာလ (၉)ရက်မှ (၁၁)ရက်နေ့ထိ ရန်ကုန်မြို့တွင် ကျင်းပမည့် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသို့ တက်ရောက်ကြသူများအားလုံးအား နွေးထွေးစွာ နှုတ်ခွန်းဆက် ကြိုဆိုခွင့်ရသည့်အတွက် များစွာ နှစ်ထောင်းအားရဖြစ်မိပါသည်။

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးအား ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ သမိုင်းဝင်မြို့တော်ဖြစ်သည့် ရန်ကုန်မြို့တော်၌ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ဩဝါဒကို ခံယူ၍ ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရက ဦးစီးကျင်းပပေးသည့်အတွက် များစွာဝမ်းမြောက်မိပါသည်။ ဤကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး၏ ရလဒ်များသည် ကမ္ဘာတစ်ဝန်းလုံးရှိ ဗုဒ္ဓဘာသာဝင်များအတွင်း အချင်းချင်းနားလည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုများ တိုးမြှင့်ပေးပြီး ဗုဒ္ဓမြတ်စွာ၏ မြင့်မြတ်လှသော တရားဒေသနာများ အဓွန့်ရှည်စွာ တည်တံ့ရေး တိုးတက်ရေးနှင့် ပြန့်ပွားရေးတို့တွင် ဦးဆောင်မှုပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

ဗုဒ္ဓဘာသာခေါင်းဆောင်များသည် ထိပ်သီးညီလာခံကြီး၏ ရည်မှန်းချက်များကို တရားတော်နှင့်အညီ ဖြည့်ဆည်းပေးနိုင်လိမ့်မည်ဟု ရိုးသားစွာမျှော်လင့်ပါသည်။ တရားတော်ဆိုသည်မှာ မှန်ကန်ခြင်းဖြစ်ပြီး ဗုဒ္ဓမြတ်စွာ၏ လူသားများကို တောင်းဆိုချက်မှာလည်း ကမ္ဘာကြီးအား လူသားအားလုံး ညီညွတ်ငြိမ်းချမ်းစွာ နေထိုင်နိုင်မည့် နေရာကောင်းတစ်ခု ဖြစ်လာစေရန် မှန်မှန်ကန်ကန် ဆောင်ရွက်ရေးပင် ဖြစ်ပါသည်။

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး အောင်မြင်ပါစေကြောင်း ထပ်လောင်း၍ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါး၏ ဂုဏ်ကျေးဇူးကြောင့် ထိပ်သီးညီလာခံကြီးသို့ တက်ရောက်လာကြသူအားလုံး ကျန်းမာချမ်းသာကြပါစေ။

ဘဒ္ဒန္တ ဒေါက်တာ သီလာနန္ဒာဘိဝံသ

ပါမောက္ခချုပ်

အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓ

သာသနာပြုတက္ကသိုလ်

**နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) နာယကချုပ်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) ၏ သာရဏီယ ဩဝါဒကထာ**

ကမ္ဘာ့ဗုဒ္ဓဘာသာညီလာခံသို့. ကြွရောက်လာကြသော သဘာပတိဆရာတော်ကြီးနှင့်တကွ ပြည်တွင်းပြည်ပ ထေရဝါဒ၊ မဟာယာနဗုဒ္ဓဘာသာ ကိုယ်စားလှယ်များ ဖြစ်ကြသော ဆရာတော်သံဃာတော်များ၊ ဥပါသကာ ဥပါသိကာမများအတွက် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ကျွန်ုပ်သည် ဗုဒ္ဓဘာသာဝင်များကို မိမိ၏ သဗ္ဗဟွစာရီ သီတင်းသုံးဖော်ပုဂ္ဂိုလ်အဖြစ် လည်းကောင်း၊ ဉာတိမိတ္တ အဖြစ်လည်းကောင်း သဘောထားပါသည်။ ထေရဝါဒ၊ မဟာယာန ခြားနားသော်လည်း ဗုဒ္ဓသာဝက- ဘုရားရှင်၏ တပည့်ချည်းဟူ၍ သဘောထားပါသည်။

မိမိတို့သည် ဗုဒ္ဓဘာသာဝင် ဘုရားရှင်၏ တပည့်များဖြစ်ရသည်မှာ လွန်စွာမှ ကံကောင်း ကြပါသည်။ ဗုဒ္ဓကိစ္စငါးပါးကို ပြုတော်မြဲဖြစ်သော ဘုရားရှင်သည် နေ့စဉ်ပင် ဒုလ္လဘ-လွန်စွာမှ ရနိုင်ခဲသော အချက်ငါးမျိုးကို မိန့်တော်မူခဲ့ပါသည်။

(၁) **ဒုလ္လဘော ဗုဒ္ဓုပ္ပါဒေါ လောကသ္မိံ** - လောက၌ ဘုရားရှင်၏ ပွင့်ထွန်းပေါ်ပေါက်လာခြင်းကို လွန်စွာရခဲ၏။

(၂) **ဒုလ္လဘော မနုဿတ္တ ပဋိလာဘော** - လူ့အဖြစ် (လူ့ဘဝ)ကို လွန်စွာရခဲ၏။

(၃) **ဒုလ္လဘာ သမ္မတ္တိ** - ကိုယ်၊ လက်၊ နား၊ မျက်စိ-စသော အင်္ဂါနှင့် ပြည့်စုံခြင်း၊ ရတနာသုံးပါးနှင့် ဘုရားရှင်၏ အဆုံးအမ သာသနာတော် ထွန်းကားသော အရပ်ဒေသ၌ နေရခြင်း၊ ရတနာ သုံးပါးကို ကြည်ညိုသော သဒ္ဓါနှင့် ပြည့်စုံခြင်းဟူသော သမ္မတ္တိကို လွန်စွာ ရခဲ၏။

(၄) **ဒုလ္လဘာ ပဗ္ဗဇ္ဇာ** - ရှင်ရဟန်း၊ ဘိက္ခု၊ ဘိက္ခုနီ၊ သာမဏေအဖြစ်ကို လွန်စွာရခဲ၏။

(၅) **ဒုလ္လဘံ သဒ္ဓမ္မဿ ဝနံ** - သူတော်ကောင်းစကား၊ တရားစကားကို နာကြားရခြင်းကို လွန်စွာ ရခဲ၏ ဟု မိန့်တော်မူခဲ့ပါသည်။ (ဒီ၊ ၌၊ ၁၊ ၄၇။ အံ၊ ၌၊ ၁၊ ၄၉။)

မိမိတို့ ဗုဒ္ဓဘာသာဝင်များသည် ဤဒုလ္လဘတရားငါးမျိုးနှင့် ပြည့်စုံနေကြသဖြင့် လွန်စွာမှ ကံကောင်းကြပါသည်။ ဗုဒ္ဓမြတ်စွာသည် တရားဟောတော်မူရာ၌ မင်္ဂုလ် နိဗ္ဗာန်ဟူသော လောကုတ္တရာ အကျိုးသက်သက်ကိုသာ ဟောတော်မူသည် မဟုတ်ဘဲ လောကီအကျိုးဖြစ်သော ကျန်းမာရေး စီးပွားရေး ပေါင်းသင်းဆက်ဆံရေး စိတ်ချမ်းသာရေးစသော တရားတော်များကိုလည်း များစွာဟောတော်မူခဲ့ပါသည်။ ဤအချက်ကို မင်္ဂလသုတ်တော်၊ သိင်္ဂါလ သုတ်တော် စသော ကျင့်စဉ်များကို ကြည့်၍သိနိုင်ပါသည်။ ငြိမ်းချမ်းရေးရှုထောင့်က ကြည့်လျှင်လည်း ငါးပါးသီလ တစ်မျိုးတည်းဖြင့်ပင် ကမ္ဘာလောကရှိ သတ္တဝါများအား မည်မျှ ငြိမ်းချမ်းရေး ချမ်းသာရေးကို ပေးနိုင်ကြောင်းသိနိုင်ပါသည်။ ဤငါးပါးသီလ ဆိုသည်မှာ ဤသာသနာတော်၌ အောက်ဆုံး ကျင့်ဝတ်မျှပင် ဖြစ်ပါသည်။ ထိုထက် မြင့်မြတ်သော သီလ သမာဓိ ဝိပဿနာ ကျင့်စဉ်များ များစွာရှိပါသည်။

ဤမျှလောက်အဖိုးတန်သော ဘုရားရှင်၏အဆုံးအမသာသနာတော် မကွယ်မပျောက်အောင် ဗုဒ္ဓဘာသာဝင်များအားလုံး ညီညီညွတ်ညွတ်ဖြင့် စုပေါင်းဆောင်ရွက်နိုင်ကြပါစေ၊ အပွမာဒေန သမ္မာဒေထ – မမေ့မလျော့ မပေါ့မဆသောသတိတရားဖြင့် မိမိတို့၏စားဝတ်နေရေး၊ ကျန်းမာရေးကိစ္စ၊ ကုသိုလ်ကိစ္စများကို ပြီးစီးအောင်မြင်အောင် ဆောင်ရွက်နိုင်ကြပါစေ-ဟု ဆုတောင်းရင်း နိဂုံးချုပ်ပါသည်။

ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ

ပါမောက္ခချုပ်

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်

(ရန်ကုန်)

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်ဆရာတော် ဘဒ္ဒန္တဝဏ္ဏိတ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) ပေးပို့သော သဝဏ်လွှာ

အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ---

ယခုလို ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကို တက်ရောက်ခွင့်ရပြီး ကမ္ဘာအရပ်ရပ်မှ ကြွရောက်လာကြသော ထေရဝါဒ-မဟာယာနဗုဒ္ဓဘာသာဝင် ဆရာတော်ကြီးများနှင့် ထိပ်သီးဗုဒ္ဓဘာသာခေါင်းဆောင်များအား တွေ့ရှိရပါသဖြင့် လွန်စွာဝမ်းမြောက်ဝမ်းသာဖြစ်ရပါသည်။ ယင်းသို့ဖြစ်ရအောင် အဖက်ဖက်မှ ကူညီပံ့ပိုးပေးကြသော ပုဂ္ဂိုလ်များနှင့် ညီလာခံကြီးဖြစ်မြောက်အောင် လက်ခံကျင်းပပေးသော မြန်မာနိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရမင်းများကိုလည်း ကျေးဇူးတင် ဝမ်းမြောက်ကြောင်း ပြောကြားအပ်ပါသည်။

ယခု အစည်းအဝေးကြီးသို့ ကြွရောက်လာကြသည့် ဆရာတော်ကြီးများနှင့်တကွ ဘာသာရေးခေါင်းဆောင်များက အကြံပြုကြ၊ ဆွေးနွေးကြ၊ လုပ်ဆောင်သင့်သည်တို့ကို တင်ပြကြမည့်ကိစ္စကိုလည်း ကြိုတင်စိတ်ကူး၍ အထူးပင်အားရဝမ်းသာဖြစ်ရပါသည်။ တပည့်တော် ဘဒ္ဒန္တဝဏ္ဏိတ ကလည်း နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)၏ ကိုယ်စား အကြံပြုတင်ပြပါရစေ။

ယခုအခါ ကမ္ဘာ့လူသားထု တစ်ရပ်လုံးလိုလို လောဘ၊ ဒေါသ၊ မောဟများ များပြားလာပါသဖြင့် မတရားမှုများ များပြားလာပါသည်။ ဥပမာ- မတရားစိုးမိုးဗိုလ်ကျမှု၊ အကြမ်းဖက်တိုက်ခိုက်မှု၊ ရန်လိုမှု၊ ကြီးနိုင် ငယ်ညှဉ်းဆဲမှု၊ ငြိမ်းချမ်းရေး ပျက်ပြားအောင်လုပ်မှု စသည်တို့ဖြစ်ကြပါသည်။

ကာမရာဂ အားကြီးလာခြင်းနှင့် မူးယစ်ဆေးဝါး များများစားစား သုံးစွဲလာခြင်းတို့ကြောင့် ယခုတိုင် ကုသ၍ပျောက်ကင်းနိုင်သည့် ဆေးမတွေ့သေးဘဲ ကမ္ဘာ့လူသားထု တစ်ရပ်လုံးကို ဝါးမြိုနေသည့် (AIDS)အေအိုင်ဒီအက်စ် ရောဂါဆိုးကြီးလည်း ပေါ်ပေါက်နေပါပြီ။ နွားရူးရောဂါ၊ ကြက် ငှက်တုပ်ကွေး ရောဂါတို့မှ လူသားတို့အား ကူးစက်ပြီး သေကြေပျက်စီးနိုင်သည့် ရောဂါဆိုးများလည်း ပေါ်ပေါက်နေလေပြီ။

လူတို့ဖန်တီးသည့် ဘေးရန်အမျိုးမျိုးနှင့် သဘာဝဘေးရန်တို့ကလည်း လူသားထုတစ်ရပ်လုံးကို ဝါးမြိုနေသဖြင့် တုန်လှုပ်ချောက်ခြားဖွယ် စိတ်ပျက်ဖွယ် ကောင်းလှပါသည်။

လူတို့ဖန်တီးသည့် ဘေးအန္တရာယ်များကို လူသားတို့ကပင် ကိုယ်နှုတ်စိတ်တို့ကို စောင့်စည်းခြင်းသီလဖြင့်ထိန်းသိမ်းစောင့်ရှောက်ရမည်။ သီလဆိုရာ၌ မင်းနှင့် ပြည်သူ၊ မိဘနှင့် သားသမီး၊ ဆရာနှင့် တပည့်၊ အရှင်သခင်နှင့် ကျေးကျွန်၊ ရဟန်းနှင့် ဒါယကာ စသူတို့က မိမိတို့ ဆိုင်ရာဆိုင်ရာ ဝတ္တရားများကို လိုက်နာကျင့်သုံးကြရမည်။ ယင်းကျင့်ဝတ် အသီးသီးကို ဗုဒ္ဓကမိန့်ကြားထားခဲ့ပြီးဖြစ်၍ လိုက်နာကျင့်သုံးဖို့သာလိုပါသည်။ လိုက်နာကျင့်သုံးနိုင်အောင် မည်သို့အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ကို ဤအစည်းအဝေးကြီးက မူတစ်ရပ် ချမှတ်ဆောင်ရွက်သင့်သည်ဟု အကြံပြု တင်ပြအပ်ပါသည်။

သဘာဝဘေးအန္တရာယ်များကိုမူ လူသားတိုင်းက ကြိုတင်ကာကွယ်စောင့်ရှောက်မှုများ အမြဲမပြတ်ပြုလုပ်ဆောင်ရွက်ခြင်းဖြင့် ဘေးအန္တရာယ်မှ လွတ်မြောက်နိုင်ပါသည်။ ယင်းသို့ ပြုလုပ်ခြင်းဖြင့် လူသားတိုင်း ကိုယ်စိတ်ငြိမ်းချမ်းသာယာမှု ရရှိခံစားရပေမည်။

ဗုဒ္ဓသည် လောကဓံတရားရှစ်ပါးတို့ကြောင့် ဖြစ်ပေါ်လာသည့် ဆင်းရဲဒုက္ခအမျိုးမျိုးမှ လွတ်မြောက်ရာ နိဗ္ဗာန်ကို ညွှန်ပြခဲ့သည်။ နိဗ္ဗာန်ပန်းတိုင်ရောက်ကြောင်း အကျင့်ကောင်းများကိုလည်း "သီလ၊ သမာဓိ၊ ပညာ"ဟု ဟောမိန့်ခဲ့ပါသည်။

၁။ "သီလ"သည် ကောင်းသော ကိုယ်ကျင့်တရားများဖြစ်သည်။

၂။ "သမာဓိ"သည် တည်ကြည် ငြိမ်သက်အေးချမ်းသော တရားဖြစ်သည်။

၃။ "ပညာ"သည် လူ၊ နတ်၊ ဗြဟ္မာသတ္တဝါများ ဒုက္ခအားလုံးမှ အမြဲတမ်း အေးငြိမ်းစေသည့် အသိဉာဏ်ပင်ဖြစ်ပါသည်။

ဤအကျင့်တရားများသည်သာ လူသားထုတစ်ရပ်လုံး သတ္တဝါအားလုံး အပူအပင်မရှိ ငြိမ်းချမ်းသာယာစေနိုင်သည့် အကျင့်များဖြစ်သည်ကိုလည်း အကြံပြုတင်ပြအပ်ပါသည်။

ဤအစည်းအဝေးကြီးက ဗုဒ္ဓနည်းလမ်းပေးထားသည့်အတိုင်း "မပြတ်ညှိနှိုင်း၊ မူတိုင်းညီညာ၊ မှန်ရာကိုကျင့်" ဆိုသည့် လူ၊ ရှင်ရဟန်းတို့ ကြီးပွားတိုးတက်ကြောင်း တရားများမှ ---

၁။ ယခုကဲ့သို့ ညှိနှိုင်းနိုင်သည့် ကမ္ဘာ့ဗုဒ္ဓဦလာခံကြီးများ မကြာခဏကျင်းပပေးခြင်း၊

၂။ ညီညီညွတ်ညွတ် လုပ်ကိုင်ဆောင်ရွက်ခြင်း၊

၃။ မှန်သည်တို့ကိုသာ ကျင့်ဆောင်သွားခြင်း၊

ဟူသော ဤတရားသုံးမျိုးကို လိုက်နာကျင့်သုံးနိုင်ပါက ကမ္ဘာ့လူသားထုတစ်ရပ်လုံး ငြိမ်းချမ်းသာယာပြီး အတူယှဉ်တွဲ အေးချမ်းစွာ နေထိုင်နိုင်ကြမည်ဟု ယုံကြည်ပါကြောင်း တင်ပြရင်း ဘဒ္ဒန္တဝဏ္ဏီတ၏ ဩဝါဒကထာကို နိဂုံးချုပ်အပ်ပါသတည်း။ ။

ဘဒ္ဒန္တဝဏ္ဏီတ

ပါမောက္ခချုပ်ဆရာတော်

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်

(မန္တလေး)

**သီတဝုကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်(စစ်ကိုင်း) ပါမောက္ခချုပ်ဆရာတော် ဒေါက်တာနန္ဒမာလာဘိဝံသ (အဂ္ဂမဟာ ပဏ္ဍိတ)ပေးပို့သော သဝဏ်လွှာ**

ပြည်ထောင်စုမြန်မာနိုင်ငံတော် ရန်ကုန်မြို့ ဆဋ္ဌသင်္ဂီတိ မဟာပါသာဏလိုဏ်ဂူတော်အတွင်း ဆင်ယင် ကျင်းပအပ်သော ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသည် နိုင်ငံပေါင်း(၃၈)နိုင်ငံမှ ကိုယ်စားလှယ်ပေါင်း ခုနှစ်ရာကျော်တက်ရောက်ကြသည့်အတွက် ဗုဒ္ဓသာသနာ့သမိုင်းဝယ် အထူးခြားဆုံးမှတ်တိုင်ကြီး တစ်ခုဖြစ်ပါသည်။ ညီလာခံကြီးသို့ ပါဝင်တက်ရောက်ကြသည့် ရှင်တော်ဘုရား၏ တပည့်သား ကိုယ်စားလှယ်တော်ကြီးများသည် ညီညွတ်သောစိတ်ထား၊ ပြတ်သားသောအမြင် သန့်စင်သော နှလုံးသားတို့ဖြင့် လောကအရေး ဓမ္မအရေး အရှည်တွေးလျက် ဆွေးနွေးတင်ပြ ဆုံးဖြတ်နိုင်ကြလိမ့်မည်ဟု ယုံကြည်မိပါသည်။

ရှင်တော်ဘုရားသည် သဗ္ဗညုတဉာဏ်တော်ကြီးကိုမရမီ အလောင်းတော်ဘဝမှာပင် ဦးတည်ချက်မျှော်မှန်းချက်ကြီး (၃)ရပ်ကို ချမှတ်၍၊ ခက်ခဲလှသော စွန့်လွှတ်မှုကြီး(၅)မျိုး၊ လက်တွေ့ဆောင်ရွက်မှု(၃)မျိုးတို့ကို အခြေခံပြီးလျှင် ထူးခြားလှသော အရည်အသွေးများဖြစ်သည့် ပါရမီ(၁၀)ပါး စွမ်းပကားကို မြင့်မားအောင်ကြိုးစားခဲ့ပါသည်။

ဘုရားအလောင်းတော်၏ ဦးတည်ချက်မျှော်မှန်းချက်(၃)ရပ်မှာ

(၁) ဗုဒ္ဓေါ ဗောဓေယျံ = မိမိကိုယ်တိုင်အမှန်တရားကို သိအောင်ကြိုးစားပြီး လောကသားများအား အမှန်တရားသိရှိအောင်လည်း ကြိုးပမ်းအားထုတ်မည်။

(၂) တိဏ္ဏော တာရေယျံ = မိမိကိုယ်တိုင် ဒုက္ခပင်လယ်ကြီးကို ဖြတ်ကူးနိုင်အောင်ကြိုးစားပြီး လောကသားများအား ဒုက္ခပင်လယ်ကြီးကို ဖြတ်ကူးနိုင်အောင်လည်း ကြိုးပမ်း အားထုတ်မည်။

(၃) မုတ္တော မောစေယျံ = မိမိကိုယ်တိုင် ဘဝဒုက္ခမှ လွတ်မြောက်အောင် ကြိုးစားပြီး လောကသားများအား ဘဝဒုက္ခမှ လွတ်မြောက်အောင်လည်း ကြိုးပမ်းအားထုတ်မည်။

ရှင်တော်ဘုရားသည် ဗုဒ္ဓအဖြစ်သို့ ရောက်ရှိလာသည့်အခါ လောကာနုကမ္ပ= လောကသားတို့အပေါ် အကြင်နာတရားကြီးမားသည့် ပုဂ္ဂိုလ်မြတ်ကြီးအဖြစ် ထင်ရှားခဲ့ပါသည်။ ရှင်တော်ဘုရားသည် အတ္ထာယ- လောကသားတို့၏ မျက်မှောက်ဘဝအကျိုး တမလွန်ဘဝအကျိုးများ ဖြစ်ပေါ်စေရန်၊ သုခါယ- လောကသားတို့အတွက် ခံစားချမ်းသာ ငြိမ်းအေးချမ်းသာများ ရရှိခံစားရအောင် ဆောင်ရွက်တော်မူခဲ့ပါသည်။

ယနေ့ကမ္ဘာသူကမ္ဘာသား လူအများတို့သည် **အတ္ထ ဟိတ သုခ** တို့ကို အများအားဖြင့် လက်လွတ်ဆုံးရှုံးနေကြပါသည်။ ထိုကဲ့သို့ဖြစ်ရခြင်းမှာ ရှင်တော်ဘုရားသင်ကြားဆုံးမခဲ့သော တရားဓမ္မကို မသိခြင်းလက်တွေ့မကျင့်သုံးနိုင်ကြခြင်းကြောင့် ဖြစ်ပါသည်။ ယနေ့ လူသားအများစု တွေ့ကြုံခံစားနေရသည့် စိုးရိမ်ထိတ်လန့်ဖွယ် အကြမ်းဖက်မှုများ၊ ဖြေရှင်းရန်အလွန်ခဲယဉ်းသော လူမှုရေးပြဿနာများ အဆုံးသတ်ရန် တစ်ခုတည်းသောနည်းလမ်းမှာ ရှင်တော်ဘုရား ဟောကြားဆုံးမညွှန်ပြအပ်သော ဓမ္မလမ်းကြောင်းအတိုင်းလျှောက်လှမ်းခြင်းသာဖြစ်ပါသည်။

ဤညီလာခံကြီးသည် ရေမြေဒေသ မိုးနှယ်ဓလေ့စရိုက် အစဉ်အလာ ယုံကြည်ချက် အတွေးအမြင် မတူကွဲပြား ခြားနားကြသော လူသားများကို တစ်ခုတည်းသော ဗုဒ္ဓ၏ အဆုံးအမဓမ္မလမ်းကြောင်းမှာ အတူတကွ လက်တွဲညီညာ လျှောက်လှမ်းကြအောင် ဆွဲဆောင်နိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။ ရှင်တော်ဘုရား၏ ဓမ္မလမ်းကြောင်းအတိုင်း လျှောက်လှမ်းခြင်းဖြင့် စည်းလုံးညီညာ သာယာဝပြော စိတ်သောကရှင်း ကြောက်ရွံ့မှုကင်းသော အလှပဆုံး ဘဝကမ္ဘာကြီးသို့ တက်ရောက်ခိုဝင်ကာ ပျော်ရွှင်ချမ်းမြေ့နိုင်ကြပါစေ။

ဒေါက်တာနန္ဒမာလာဘိဝံသ

ပါမောက္ခချုပ်

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်(စစ်ကိုင်း)

## ကမ္ဘောဒီးယားနိုင်ငံ

### ကမ္ဘောဒီးယားနိုင်ငံ မဟာနိကာယ သံဃရာဇာ အရှင် ဆမ်ဒက်ရှ်တက်(ပ်)ဗွန် ပေးပို့သော သဝဏ်လွှာ (ဘာသာပြန်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် ရန်ကုန်မြို့ရှိ ဆဋ္ဌသံဂါယနာသဘင် ဆင်ယင်ကျင်းပခဲ့ရာ ခမ်းနားလှသော သမိုင်းဝင် မဟာပါသာဏလိုဏ်ဂုတော်ကြီး၌ ၂၀၀၄ ခုနှစ် ဒီဇင်ဘာလ (၉) ရက်နေ့မှ (၁၃) ရက်နေ့ထိကျင်းပသော ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံသို့ ဂုဏ်ပြုသဝဏ်လွှာပေးပို့ရသည့်အတွက် ကျွန်ုပ်အနေဖြင့် များစွာဝမ်းမြောက်ဂုဏ်ယူမိပါသည်။

ကျွန်ုပ်အနေဖြင့် သာသနာသမိုင်းတစ်ခေတ် ဆန်းသစ်စေသော (ကမ္ဘာ့)ဗုဒ္ဓဘာသာ ညီလာခံကြီးကို အောင်မြင်စွာ စီစဉ်ကျင်းပနိုင်ခြင်းအတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အစိုးရ၊ သံဃာတော်အရှင်သူမြတ်များနှင့်တကွ ပြည်ထောင်စုမြန်မာနိုင်ငံသားများအား လှိုက်လဲစွာ ဂုဏ်ပြုလိုပါသည်။

ယနေ့ကမ္ဘာကြီး၏ မရေရာမှုများကြောင့် ဗုဒ္ဓဘုရားရှင်၏ ထာဝရမှန်ကန်နေသော တရား ဒေသနာတော်၊ အထူးသဖြင့် မေတ္တာ၊ ကရုဏာ၊ ခန္တီ၊ အဟိံသာနှင့် ပရဟိတတရားများ ယခင် ယခင်ကာလများကထက် ပိုမိုလိုအပ်လျက် ရှိပါသည်။

ကမ္ဘာပေါ်တွင် ရှေးအကျဆုံးဘာသာတရားတစ်ခုဖြစ်သော ဗုဒ္ဓဘာသာသည် ကမ္ဘာကြီးအား အဘက်ဘက်မှ များစွာအကျိုးပြုခဲ့ပြီး ကမ္ဘာပေါ်ရှိ သန်းပေါင်းများစွာသော လူသားများအတွက် မီးရှူးတန်ဆောင်သဖွယ် ဖြစ်ခဲ့ပါသည်။ ထို့ကြောင့် ကမ္ဘာ့ဗုဒ္ဓဘာသာခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ တန်ဖိုးမဖြတ်နိုင်သော ကဏ္ဍများမှ ပါဝင်ကြမည့် ဤကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကို ကျင်းပခြင်းသည် အလွန်အရေးကြီးလှပါသည်။ ဤထိပ်သီးညီလာခံကြီးသည် ဗုဒ္ဓဘာသာဝင်များသာမက မည်သည့်ဘာသာကို သက်ဝင်သည်ဖြစ်စေ၊ မည်သည့်လူမျိုး မည်သည့် နိုင်ငံသားဖြစ်စေ၊ ကမ္ဘာတစ်ဝန်းရှိ လူသားအားလုံး၏ ညီညွတ် ကြွယ်ဝခိုင်ခြင်း၊ ညီရင်းအစ်ကိုကဲ့သို့ စည်းလုံးညီညွတ်ခြင်းများ ထွန်းကားလာရေးကို အောင်မြင်စွာ စွမ်းဆောင်နိုင်ပြီး၊ ဤနည်းအားဖြင့် လူသားအားလုံး၏ စစ်မှန်သော ငြိမ်းချမ်းသာယာရေးနှင့် ချမ်းသာပျော်ရွှင်ရေး–ဟူသည့် ညီလာခံ၏ မူနှစ်မြတ်သော ဦးတည်ချက် အောင်မြင်ရန် အထောက်အကူပြုစေမည်ဟု ကျွန်ုပ်အနေဖြင့် ယုံကြည်ပါသည်။

ကျွန်ုပ်အနေဖြင့် ဂုဏ်သရေရှိ ညီလာခံကိုယ်စားလှယ်များ အထူးအောင်မြင်စွာ ဆွေးနွေးဆုံးဖြတ်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အရှင် ဆမ်ဒက်ရှ် တက်(ပ်) ဗွန်

မဟာနိကာယ သံဃရာဇာ

ကမ္ဘောဒီးယားနိုင်ငံ

**ကမ္ဘောဒီးယားနိုင်ငံ ဓမ္မယုတိက နိကာယဂိုဏ်းသံဃရာစာ အရှင် ဘိုကရီ ပေးပို့သော သဝဏ်လွှာ**
**(ဘာသာပြန်)**
**မြင့်မြတ်သောဆရာတော်များ**
**သံဃာတော်များ**
**နိဂင်းအကြီးအကဲများ**
**ဒါယကာ၊ ဒါယိကာမများ**

ဂုဏ်သတင်းကြီးမားလှသည့် ဤညီလာခံကြီးသို့ ပါဝင်ဆင်နွှဲခွင့်ရအောင် ဆောင်ရွက်ပေးသည့် ဗုဒ္ဓဘာသာကမ္ဘာထိပ်သီးညီလာခံ ကျင်းပရေးအတွက် စိမ်ဆောင်ရွက်သူများအား ကျွန်ုပ်အနေနှင့် လှိုက်လဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း ရှေးဦးစွာပြောကြားလိုပါသည်။

**မာတာယထာ နိယံပုတ္တ၊ မာယုသာ ဧကပုတ္တ မနုရက္ခေ။**
**ဧဝမ္မိသဗ္ဗဘူတေသု၊ မာနသံဘာဝယေ အပရိမာဏံ။**
**မေတ္တဉ္စသဗ္ဗလောကသ္မိံ၊ မာနသံဘာဝယေ အပရိမာဏံ။**
**ဥဒ္ဓံအဓောစ တိရိယဉ္စ၊ အသမ္ဗာဓံ အဝေရ မ သပတ္တံ။**

မွေးသမိခင်ကျေးဇူးရှင်သည် မိမိရင်၌ဖြစ်သော တစ်ဦးတည်းသောသားအား မိမိ၏အသက်ကို မငဲ့ကွက်ဘဲ ကာကွယ်စောင့်ရှောက်သကဲ့သို့၊ အလုံးစုံသော သတ္တဝါတို့အပေါ်၌ အပိုင်းအခြားမရှိ မေတ္တာနှင့်ယှဉ်သောစိတ်ကို ပွားများရမည်။ အထက်၊ အောက်နှင့် ဝန်းကျင်အရပ်မျက်နှာအားလုံး စကြာဝဠာတစ်ခုလုံးသို့ အနှောင်အဖွဲ့ကင်းစွာ ရန်စွယ်ရန်ညိုးနှင့် အမုန်းတရား ကင်းရှင်းသည့် မေတ္တာနှင့်ယှဉ်သောစိတ်ကို ပွားများထားရှိကြရမည်။

(မေတ္တာသုတ်)

ပရမ်းပတာနိုင်လှပြီး အဓိပ္ပာယ်မဲ့သော ဖြစ်ရပ်များ၊ ရိုင်းစိုင်းယုတ်မာသည့် အပြုအမူများ ကြီးစိုးမင်းမူနေသည့် ယနေ့ပစ္စက္ခကာလသည် မြတ်စွာဘုရားသခင်၏ အဆုံးအမတရားတော်များကို သိရှိနားလည်စေရေးအတွက် သင်ကြားပေးရန် အထူးလိုအပ်နေသည့် အချိန်ဖြစ်သည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။ အထူးသဖြင့် အကြင်နာကရုဏာတရားကို ဖေါ်ကျူးသော မေတ္တာသုတ်ကို နားလည်အောင်ပြောပြရန် အလွန်အရေးကြီးလှပါသည်။ ဤတာဝန်သည် မြတ်စွာဘုရားသခင်၏ အဆုံးအမ တရားတော်များကို ထိန်းသိမ်းဖြန့်ချိပေးရသည့် ကျွန်ုပ်တို့ရဟန်းသံဃာတော်များ၏ အဓိကတာဝန်ကြီး ဖြစ်ပါသည်။

မြတ်ဗုဒ္ဓ၏အဆုံးအမဖြစ်သည့် ကရုဏာတရားထားရှိရေးသည် ကျွန်ုပ်တို့ကိုယ်တိုင် ရှေးဦးစွာ လိုက်နာကျင့်သုံးရမည့် စိတ်ပိုင်းဆိုင်ရာ လုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။ ဤအချက်သည် လူသား ပီသလို သူများ လိုက်နာကျင့်သုံးရမည့် အရည်အသွေးနှစ်ရပ်အနက် တစ်ရပ်ဖြစ်ပါသည်။ ကရုဏာတရားတွင် ချစ်ခင်ခြင်း၊ ပေးကမ်းစွန့်ကြဲခြင်း၊ သနားကြင်နာခြင်း၊ သည်းခံခြင်းစသည့် စိတ်ပိုင်းဆိုင်ရာ မြင့်မြတ်မှုများ ပါဝင်ပါသည်။ ဤအချက်များသည် လူသားတို့၏စိတ်ပိုင်းဆိုင်ရာတွင် အလွန်လိုလားအပ်သည့် အရည်အချင်းများဖြစ်ကြောင်း ကျွန်ုပ်တို့အားလုံးလက်ခံကြပါသည်။ သို့သော်လည်း အမှန်တကယ် နှစ်နှစ်ကာကာနားလည်ပြီး လိုက်နာကျင့်ကြံနိုင်သူမှာ လူနည်းစုသာဖြစ်ပါသည်။ မြတ်ဗုဒ္ဓ၏ အဆုံးအမတရားတော်များကို ယေဘုယျအားဖြင့် သဘောတရားအဖြစ် အားလုံးကောင်းစွာ လက်ခံကြသော်လည်း လက်တွေ့လိုက်နာကျင့်သုံးမှု မပြုနိုင်ကြပါ။ ကရုဏာတရားကို လက်တွေ့ကျင့်သုံးပြသနိုင်ရန် လိုအပ်ပါသည်။ လက်တွေ့ပြသသည်ဆိုရာ၌ ကရုဏာတရားတွင် သက်ဝင်နေဖို့ စိတ်နေစိတ်ထား၊ အပြုအမူ

အကျင့်အကြံများအတိုင်း ပြုမူကျင့်ကြံရန်ဖြစ်ပါသည်။ ဒုက္ခရောက်နေသူများကို သနားရံ့ သနားနေခြင်းသည် ကရုဏာတရားမမည်ပါ။ ကရုဏာတရားသည် သတ္တဝါအားလုံးအပေါ် တပြေးညီ ချစ်ခင်ကြင်နာခြင်း ဖြစ်ပါသည်။ ရင်းနှီးကျွမ်းဝင်သူများကိုရော သူစိမ်းတရံဆံများကိုပါ ညီတူညီမျှ ချစ်ခင်စိတ်ထားရမည်။ လူတစ်ဦးတစ်ယောက်ထံမှ အမုန်းတရားဖြင့် တုံ့ပြန်မှုဖြစ်ပေါ်စေနိုင်သည့် အလျင်စလိုဆုံးဖြတ်ချက်ချခြင်းမျိုး မပြုလုပ်နိုင်စေရန် ကရုဏာတရားက တားမြစ်ပါသည်။ လူအများနှင့် ဆက်ဆံရာတွင်လည်း အတွေ့စွဲကင်းကင်းဖြင့် ဆက်ဆံတတ်စေပါသည်။ ကရုဏာတရားသည် ကျွန်ုပ်တို့၏ ကိုယ်ရည်ကိုယ်သွေးကိုလည်း တိုးတက်မြင့်မားစေပါသည်။ ကျွန်ုပ်တို့သည် နည်းပညာပိုင်းနှင့် လျှပ်စစ်ပညာဗဟုသုတများဖြင့် ပြည့်ဝနေကြသော်လည်း ဤပြည့်ဝနေခြင်း သည် ကျွန်ုပ်တို့၏ အတွေ့စွဲကို တစ်ခဏသာမြှင့်တင်ပေးနိုင်ပါသည်။ အတွေ့သည်မမြဲဟုသိသော အသိတရားသည်သာ အမှန်တရား ဖြစ်ကြောင်း သိမြင်လာသည့်အခါ ပညာစခန်းသို့ ခြေလှမ်းစတင်နေပြီ ဖြစ်ပါသည်။

မေတ္တာသုတ်သည် မရေမရာ ဆွေးနွေးငြင်းခုံခြင်းကို ရှောင်ရှားပြီး မိမိ၏အတွင်းပိုင်းသို့ အာရုံစူးစိုက်ရန် သတိပေးပါသည်။ မိမိ၏အစ္ဈတ္တကို မပြတ်အာရုံပြုရင်း မိမိကိုယ်ကိုမိမိ ဝေဖန် ဆန်းစစ်ရန်၊ ကိုယ့်ကိုကိုယ် အဓိပ္ပာယ်ဖော်ရန်၊ ကိုယ့်ကိုကိုယ်သိရန် ကြိုးပမ်းခြင်းသည် အခြားသူများနှင့် ရင်ဆိုင်ရသည့်အခါ မိမိ၏အတွေ့ကို နေသားတကျဖြစ်စေရန် ဖြစ်ပါသည်။ ကရုဏာတရားကို လက်ကိုင်ထားခြင်းသည် စိတ်ငြိမ်းချမ်းမှုကို ရစေနိုင်သည်။ စိတ်သည်လောကကို ဦးဆောင်သည်။ ကာယက်၊ ဝစီက်အမှုတို့ကို မကောင်းသောစိတ်ထားဖြင့် ပြုလုပ်သူ၏နောက်သို့ မကောင်းမှုပြစ်ဒဏ်သည် နွားခြေရာ နောက်ကလှည်းဘီးရာကဲ့သို့ အမြဲမကွာ လိုက်ပါလျက်ရှိသည်။ အမုန်းတရားကို အမုန်းဖြင့် မအောင်မြင်နိုင်၊ အမုန်းတရားကို မေတ္တာဖြင့်အောင်နိုင်ခြင်းသည်သာ လောကနိယာမတရားဖြစ်သည်ဟု မြတ်ဗုဒ္ဓက ဟောကြားတော်မူခဲ့ပါသည်။

ငြိမ်းချမ်းသောစိတ်သည် ပျော်ရွှင်မှုကိုဖြစ်ပေါ်စေပြီး ထိုပျော်ရွှင်မှုသည် ရုပ်ပိုင်းဆိုင်ရာအာရုံခံစားမှုပိုင်းဆိုင်ရာ ပျော်ရွှင်မှုမျိုးထက် သာလွန်ပါသည်။ ကျွန်ုပ်တို့သည် မိမိတို့၏အပြုအမူနှင့် အားနည်းချက်များကို အသိရှိရှိဖြင့်လက်ခံနိုင်ရန် မိမိ၏အတွင်းစိတ် (အစ္ဈတ္တ)ကို သိနားလည်ရမည်။ အသိရှိရှိလက်ခံခြင်းဆိုသည်မှာ မိမိကိုယ်မိမိလက်ခံခြင်းဖြစ်သည်။ ကျွန်ုပ်တို့ ဘာဖြစ်နေသည်ကို ကျွန်ုပ်တို့၏ အတွေ့က လက်ခံနိုင်ရမည်။ အဘယ်ကြောင့်ဆိုသော် ထိုသို့ဖြစ်ပေါ်နေခြင်းသည် အကောင်အထည်ပြု၍မရ၊ ဖယ်ရှား၍မရ၊ ထိုးဖောက်၍မရသောကြောင့် ဖြစ်သည်။ လူ့ဘဝရနေခြင်းသည် (ကျွန်ုပ်တို့ လူဖြစ်နေရခြင်းသည်) ဝန်ထုပ်ဝန်ပိုး ဖြစ်ပါသည်။ ဤဝန်ထုပ်ကြီးသည် ကျွန်ုပ်တို့၏ အစ္ဈတ္တစိတ်ပိုင်းဆိုင်ရာများကို ပြုပြင်ပေးနိုင်ပါလျှင် ပေါ့ပါးလာပါမည်။ ဗဟိဒ္ဓအပေါ်တွင်သာ အာရုံပြုအလေးထားနေလျှင် လေးလံနေမည်သာ ဖြစ်ပါသည်။ မြတ်ဗုဒ္ဓက တစ်ပါးသူများ၏ ချို့ယွင်းချက်များ၊ အပြုအမူများ၊ ပမာဒတရားများကို အလေးမပြုဘဲ မိမိ၏အပြုအမူ၊ ချို့ယွင်းချက်များကို ဂရုပြုပါဟု သွန်သင်ဆုံးမခဲ့ပါသည်။ လောကီဆိုင်ရာ သိပ္ပံပညာနိယာမဥပဒေသများသည် လူသားတို့အားခြောက်လှန့်နေသည့် လျှို့ဝှက်ချက်များကို သိရှိအောင် မစွမ်းဆောင်နိုင်ပါ။ ထိုသို့သိရှိနိုင်ရန်မှာ လောကကြီးတစ်ခုလုံးသည် တံလျှပ်အသွင်သာဖြစ်သည်ကို သတိပြုနှလုံးသွင်းနေရမည်ဖြစ်ပါသည်။

ကျွန်ုပ်တို့အနေဖြင့် မိမိ၏သဘာဝအမှန်ကို ရင်ဆိုင်ရန်ကြောက်ရွံ့ကာ လူသည် ပင်ကိုယ်အားဖြင့် ကောင်းပါသည်ဟု မိမိကိုယ်မိမိ နှစ်သိမ့်နေကြခြင်းဖြင့် ဤအချက်ကို ငြင်းဆန်နေကြသည်။ ကျွန်ုပ်တို့အနေဖြင့် ကျွန်ုပ်တို့သည် အခြားသူများထက် ကောင်းပါသည်ဟု ပါးစပ်မှတဖွဖွ ပြောနေခြင်းဖြင့်

ကိုယ့်ကိုကိုယ် လိမ်ညာမနေဘဲ တကယ်ကောင်းရန် လိုအပ်လှပါသည်။ မြတ်စွာဘုရားသခင်က "အမှန်မှာ ကျွန်ုပ်တို့သည် မိမိကိုယ်ကိုမိမိစောင့်ရှောက်သူများ ဖြစ်ပါသည်။ တစ်ခြားမည်သူကမျှား လာစောင့်ရှောက်မည်နည်း။ မိမိကိုယ်မိမိစောင့်ရှောက်ခြင်းဖြင့် ကျွန်ုပ်တို့သည် ရရန်ခက်ခဲလှသည့် စောင့်ရှောက်မည့်သူကို ရရှိသည်" ဟု လမ်းညွှန်ပြခဲ့ပါသည်။ ကရဏာတရားကို လက်ကိုင်ထားခြင်းသည် လူသားတစ်ဦးအနေဖြင့် ဘာဝနာပွားခြင်းလည်းမည်ပါသည်။ ဤနည်းဖြင့် လူသားအချင်းချင်း ချစ်ခင်စေပြီး အသက်ရှင်နေထိုင်ခြင်းအဓိပ္ပါယ်ကို ထိုးထွင်းသိမြင်သဘောပေါက်စေပါသည်။ အသက်ရှင်နေထိုင်ခြင်းသည် လူသားအားလုံး ညီမျှစွာရကြသည့် အခွင့်အရေးတစ်ခုဖြစ်ရာ ဤအပေါ်တွင် အခြေခံ၍ လူသားများသည် တစ်ဦးပေါ် တစ်ဦး ချစ်ခင်လာကာ အကြင်နာတရားထားရှိလာနိုင်မည်ဖြစ်ပါသည်။ တစ်ဦးနှင့်တစ်ဦး ရင်းနှီးကျွမ်းဝင်စွာနေလာသည့်အခါ လူသားတစ်ဦးနှင့်တစ်ဦး ကွာခြားချက် သိပ်မရှိကြောင်း သိမြင်လာနိုင်ပါသည်။ ကျွန်ုပ်တို့သည် အခြေခံတူညီမှုများကို နိုင်ငံရေးစနစ်၊ အစဉ်အလာ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်း စသောလူမှုရေး အဆင်တန်ဆာများဖြင့် ဖုံးလွှမ်းထားကြပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် အချင်းချင်း ချစ်ချစ်ခင်ခင်နေကြရန်၊ ကရဏာတရားထားကြရန်လိုသည်ဟု မြင်ပါသည်။ ကရဏာတရားထားရှိခြင်းဖြင့် ငြိမ်သက်ခြင်း ၊ တုန်လှုပ်မှုမရှိခြင်းနှင့် နောင်တစ်ဖန် ပူပန်ခြင်းကင်းစေခြင်း စသောအရည်အချင်းများသည် ပြီးပြည့်စုံသောပညာရေးစနစ်ကပင် သင်ကြားပေးခြင်းမပြုနိုင်သော ကိုယ်ပိုင်ပညာများကို ရရှိစေသည်။ ထို့ကြောင့် လူ့အဖွဲ့အစည်း၏ အခန်းကဏ္ဍအလိုက် လူသားအချင်းချင်း ဆက်ဆံနေကြသည့် ဆက်ဆံရေးများအပြင် သာမန်အတတ်ပညာပိုင်းဆိုင်ရာ ဗဟုသုတထက် အသိပညာဉာဏ် လိုအပ်လျက်ရှိကြောင်း သိရှိအောင်လုပ်ဆောင်ကြရန် လိုအပ်ပါသည်။ သို့သော်လည်း လူ့အဖွဲ့အစည်းတွင် မည်မျှကောင်းမွန်သည်ဟုဆိုစေကာမူ လုံလောက်မှု ရှိမည်တော့မဟုတ်ပါ။

မြင့်မြတ်သောဆရာတော်များ
သံဃာတော်များ
နိုင်ငံအကြီးအကဲများ
ဒါယကာ၊ ဒါယိကာမအပေါင်းတို့

ကရဏာတရားကိုယူ၍မရပါ။ ခံယူထိုက်သူတို့ကိုသာ ပေးနိုင်ပါသည်။ ကရဏာတရားကို မွတ်သိပ်နေသူများကိုသာ ပေးနိုင်ပါသည်။ ကရဏာတရားသည် ခံယူရရှိရန်ခက်ခဲသကဲ့သို့ လွယ်လည်း လွယ်ကူလှပါသည်။ ခက်ခဲရခြင်းမှာ လူတစ်ယောက်အဖို့ မိမိအတွက် အခြေခံအကျဆုံးနှင့် အလိုအပ်ဆုံးအရာတို့ကို သိရှိအောင်ကြိုးပမ်းအားထုတ်ရန် လိုအပ်သောကြောင့် ဖြစ်ပါသည်။ မိမိ၏လိုအပ်ချက်ကို သိရှိပြီးသည်နှင့် လူသားများအပေါ် ကရဏာတရားပွားများ ထားရှိရန် လွယ်ကူသွားပြီဖြစ်ပါသည်။ ဗုဒ္ဓမြတ်စွာက သူတစ်ပါးဒုက္ခရောက်အောင် နစ်နာအောင် ပြုလုပ်ရန်လွယ်ကူလှပြီး အကျိုးရှိ၍ နစ်နာမှုမရှိအောင်လုပ်တတ်ရန် ခက်ခဲသည်ဟု ညွှန်ပြတော် မူခဲ့ပါသည်။ လူသားတစ်ဦးအဖြစ် ရပ်တည်ရှင်သန်နိုင်မှုကို နားလည်သဘောပေါက်မှသာ မိမိအတွက် အားထားမှီခိုစရာကို တွေ့နိုင်မည် ဖြစ်ပြီး ပြတ်ပြတ်သားသားလည်း တည်ဆောက်နိုင်ပါလိမ့်မည်။ လူ့ဘဝရှိခြင်းမှာ ဗုဒ္ဓအလိုအရ အနတ္တတရားကိုရရှိခြင်းပင်ဖြစ်သည်။ ခန္ဓာအစဉ်၏မမြဲသောအနိစ္စတရားကို လက်ခံရရှိထားခြင်းဖြစ်ပြီး ခဏငယ်များဖြင့်ပြီးသော ကာယပသာဒများနှင့် ခိုင်မြဲခြင်းမရှိသည့် အနှစ်သာရကင်းမဲ့သည့် ဘဝဖြစ်သည်။ ဝိပွလ္လာသတရားများကို မကြောက်မရွံ့သိမြင်ပြီး အမှန်တရားကို လက်ခံရန် လူသားသည် မိမိအတွက် ဆောက်တည် အားထားရာရှာဖွေရမည်။ ဤသို့ရှာဖွေရာတွင် အမှန်တရားပေါ် ရပ်တည်ရမည်။ တစ်နည်းအားဖြင့် ကိုယ့်ကိုကိုယ်သစ္စာရှိရမည်။ အားထားမှီခိုရာသည် အတ္တမဟုတ်၊ အဘယ့်

ကြောင့်ဆိုသော် အတ္တသည် ဗဟိဒ္ဓဝိပွလ္လာသတရားများအပေါ် အမှီပြုသောကြောင့်ဖြစ်သည်။ သင့်အတွက် သည်သာ အဓိကဖြစ်သည်။ သင်သာမိမိအရည်အသွေးကိုဖေါဆောင်နိုင်သည့် အစွမ်းဆောင် နိုင်ဆုံးသူ ဖြစ်သည်။ လူတစ်ဦးသည် ပတ်ဝန်းကျင်အခြေအနေများပေါ်မူတည်၍ မိမိကိုယ်ကိုမိမိ အသိပညာ ပြည့်ဝရန် ဆည်းပူးနေရန်သာလိုပါသည်။ မိမိအတွက်အားထား မှီခိုစရာရရှိပြီးသည့်အခါ ရွှေပ်ထွေးမှု၊ မုန်းတီးမှုနှင့် မနာလိုဝန်တိုမှုများ လုံးဝကင်းစင်ပြီး မိမိကိုယ်ကိုမိမိ တိုးတက်အောင် လုပ်ဆောင်လိုသည့် ဆန္ဒတစ်ခုတည်းသာ ဖြစ်ပေါ်တော့မည် ဖြစ်ပါသည်။ အခြားသူများအပေါ် မုန်းတီးခြင်း၊ မနာလို ဝန်တိုခြင်း စသည့်စိတ်ထားများ ရှိနေသူများသည် ၎င်းတို့အတွက် ဆောက်တည် အားထားရာမတွေ့သေး သည့် သူများဖြစ်ပါသည်။ လူသားအားလုံး၏ တူညီသည့်အခြေခံအချက်ဖြစ်သည့် ဘဝရှင်သန်လိုမှု (အသက်ရှင်နေထိုင်လိုမှု)ကိုသိမြင်လျှင် လူသားတစ်ဦးအနေနှင့် ဘဝအမြင်ကြည်လင် ပြတ်သားပြီး မိမိရှေ့မှပုဂ္ဂိုလ်များဖြတ်သန်းလျှောက်လှမ်းသွားကြမည့် လမ်းခရီး၏အခက်အခဲများကိုလည်း မြင်နိုင်ကြမည်ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကရဏာတရားပွားများထားရှိရန် အထူး လိုလားပါသည်. အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်တို့၏ အတွေ့အကြုံများအရ အခြားပုဂ္ဂိုလ်များသည်လည်း အလားတူ အခက်အခဲများတွေ့ကာ စက်ဆုပ်နေကြမည်ကို နားလည်လာသောကြောင့် ဖြစ်သည်။ အဓိကအခက်အခဲမှာ ကရဏာတရားမထားနိုင်ခြင်းမဟုတ်ပါ။ အသက်ရှင်ရပ်တည်နိုင်ခြင်းသာဖြစ်ပါသည်။ ကရဏာတရား ထားရှိနိုင်ရန်အတွက် ပထမဦးစွာ ကရဏာတရားကို တောင့်တနေသူဖြစ်မှသာ ကရဏာတရားကို ခံစားသိမြင်နိုင်သူဖြစ်ပါသည်။ ဤစေတသိက်ပိုင်း ဖြစ်စဉ်များကို သမာဓိထူထောင်ခြင်းဖြင့် ရရှိနိုင်ပါသည်။

သမာဓိထူထောင်ခြင်းသည် အမှန်တရားကို အကြွင်းအကျန်မရှိ တွေ့အောင်ရှာဖွေခြင်း ဖြစ်သည်။ အမှန်တရားကို ကောင်းစွာနားလည်သဘောပေါက်လျှင် တွယ်တာကပ်ငြိခြင်းများ ကင်းစင်သွားပါလိမ့်မည်။ လက်တွေ့တွင်သမာဓိထူထောင်ခြင်းသည် သင်ကြားနည်းတစ်မျိုးဖြစ်ပါသည်။ အခြားသူများအား နားထောင်၍ မိမိ၏စိတ်ကိုဆုံးမခြင်းနှင့် အခြားသူများအား သင်ကြားပေးသည့် သင်ခန်းစာများအား မိမိကိုယ်တိုင်လက်တွေ့ကျင့်ကြံအားထုတ်မှုများ ပြုလုပ်ရန်ဖြစ်သည်။ ဤနည်းသည် မိမိအကျိုးစီးပွား ဖြစ်ထွန်းရေးအတွက် မိမိ၏အတ္တကို မြှင့်တင်တွန်းအားပေးသည့် သင်ကြားနည်း မဟုတ်ပါ။ ကျွန်ုပ်ရည်ညွှန်းသောသင်ကြားနည်းမှာ မိမိ၏စိတ်ကို ပြုပြင်ပေးသည့် သင်ကြားနည်းသာဖြစ်သည်။ သက်ရှင်နေထိုင်ခြင်းကို ရှုမှတ်သိနေခြင်းထက်သာလွန်သောအရာ မရှိကြောင်း သိရှိနားလည်ပြီး တစ်ပါးသူ များအား စစ်မှန်သောမေတ္တာ ထားရှိနိုင်သည့် စိတ်စွမ်းအားရရှိစေသည့်နည်းဖြစ်ပါသည်။ ကရဏာတရား၏စွမ်းအားကို သိမြင်သဘောပေါက်သူတိုင်း အခြားသူများကိုလည်း ကရဏာတရား ထားတတ်စေရန် နည်းလမ်းပြသပေးဖို့လိုပါသည်။ ဤသို့လမ်းပြခေါ်ဆောင်ရာတွင်လည်း အတင်းအကြပ် တိုက်တွန်းခြင်း မဟုတ်ဘဲလက်ခံနိုင်စွမ်းရှိသူများအား ဟောပြောဆွေးနွေး၍ လည်းကောင်း၊ ငြင်းပယ်မည့် သူများကိုမူ ဆိတ်ဆိတ်နေခြင်းဖြင့်လည်းကောင်း ဖေါဆောင်သွားရန် ဖြစ်ပါသည်။ ဆွေးနွေး ဟောပြောခြင်းနှင့် ဆိတ်ဆိတ်နေခြင်းသည် ဘဝတူသတ္တဝါများအပေါ်ထားသည့် ကရဏာတရားပင် ဖြစ်ပါသည်။ စကားပြောဆိုရာတွင်လည်း သုံးနှုန်းသင့်သည့်အသုံးအနှုန်း၊ မသင့်သည့် အသုံးအနှုန်းကို ချင့်ချိန်တတ်ခြင်းသည် အမြင့်ရှင်းကြောင်း ပြသပါသည်။ မဆင်မခြင် သုံးနှုံးလိုက်သော စကားတစ်ခွန်း သည် အခြားသူတစ်ဦး၏ အတ္တမာနကို ချိုးနှိမ်ရာရောက်ပြီး ပဋိပက္ခဖြစ်ပွားနိုင်သည့် အခြေအနေ ဖြစ်စေနိုင်ပါသည်။ မြတ်ဗုဒ္ဓက ပျော်ရွှင်မှုနှင့် ချမ်းသာမှုကို ပေးစွမ်းနိုင်သော စကားတစ်ခွန်းသည် အဓိပ္ပါယ်မဲ့သော စကားအခွန်းပေါင်း တစ်ထောင်ထက် တန်ဖိုးရှိပါသည်ဟု ဆုံးမတော်မူခဲ့ပါသည်။

သမာဓိထူထောင်ခြင်းသည် ကျွန်ုပ်တို့၏စိတ်ကို နိုးကြားတက်ကြွစေပြီး သည်းခံမှု၊ တာဝန်သိတတ်မှုများ ရရှိလာစေရန် သင်ကြားပေးပါသည်။ တစ်ခုသောချာသည်မှာ ဤပညာရပ်မျိုးသည် လူသားအများစုနှင့် မသက်ဆိုင်ပါ။ လူသားအားလုံးကို (တညီတညီး) တစ်ပြေးတည်း ဖြစ်သွားအောင် လုပ်၍မရပါ။ လုပ်ရန်သောချာသည့် နည်းလည်း မရှိပါ။ လူသားဟူသည် တစ်မျိုးတည်းဖြစ်သလို တစ်ချိန်တည်းတွင် ကွဲပြားခြားနားမှုလည်း ရှိပါသည်။ လူသားများအား သဘောတရားတစ်ခုတည်း သက်ဝင်လာအောင် လုပ်နိုင်သည်ထားဦး ဤသို့လက်တွေ့လုပ်ကိုင် ဆောင်ရွက်ခြင်းကို တားဆီးရပေမည်။ ဤသို့လူသားများကို နားလည်ခြင်း၊ လူသားအားလုံး (တိရစ္ဆာန်များအပါအဝင်)၏ဘုံလက္ခဏာကို သိနားလည်ခြင်းတို့ဖြင့် ကရုဏာတရားသည် အကောင်အထည်ပေါ်လာပါလိမ့်မည်။

ပဓာန-နာယကဆရာတော်ကြီးများနှင့်
သံဃာတော်အရှင်မြတ်များဘုရား၊
ကမ္ဘာနိုင်ငံအသီးသီးမှ ခေါင်းဆောင်ကြီးများနှင့်
သံအမတ်ကြီးများ
ဒါယကာ၊ ဒါယိကာမကြီးတို့

ကမ္ဘာကြီးသည် အမှန်တရားကို မြင်နိုင်စွမ်းမရှိသည့် ကမ္ဘာကြီးဖြစ်၍ အမှန်တရားကို မြင်နိုင်စွမ်းရှိသူမှာ ဂုဏ်ရှိုးလှကြောင်း၊ သို့ဖြစ်ရာ အမှန်တရားကို မြင်နိုင်စွမ်းရှိသူတို့က မရှိသူများကို အထူးသဖြင့် မျိုးဆက်သစ်တို့အား အမှန်တရားကို ပို၍မြင်နိုင်စွမ်းရှိအောင် သင်ကြားပေးရမည်ဖြစ်ပါသည်။ အမှန်တရားကိုမြင်နိုင်စွမ်းရှိရန်ဆိုသည်မှာ မိမိတို့မျက်စိရှေ့တွင် မြင်တွေ့နေရသော လူသတ္တဝါ မှန်သမျှ၊ အရာဝတ္ထုမှန်သမျှ၊ ဖြစ်ပျက်ပြောင်းလဲမှုမှန်သမျှကို မိမိတို့ကိုယ်တိုင် လက်ခံပြီး ကျေနပ်ကြရမည်ဟု မဆိုလိုပါ၊ စတင်သည့်နေရာတွင်သာ ရပ်တန့်၍မနေဘဲ တစ်ဆင့်တက်လှမ်းနိုင်ရန် ကြိုးပမ်း ကြရမည် ဖြစ်ပါသည်။ တစ်နည်းပြောရလျှင် အမြင်မှန်ကိုရရှိအောင် ကြိုးပမ်းခြင်းဖြစ်ပါသည်။ တစ်စုံတစ်ရာကို စူးစမ်းရှာဖွေရာတွင် ကြီးငယ်မဟူ အဖြစ်အပျက်မှန်သမျှ၏ နောက်ကွယ်တွင် ရှာဖွေရမည်ဟု မဆိုလိုပါ။ ဗုဒ္ဓ၏အလိုကျ "ကရုဏာတရား"ကို နားလည်သဘောပေါက်ရန် ရှေးဦးစွာ အမှန်တရား ဆိုသည်မှာ အဘယ်နည်း ဟု မစဉ်းစားသေးဘဲ ချန်လှပ်ထားခဲ့ရန် လိုအပ်ပါသည်။ ဗုဒ္ဓက "ဤလောကတွင် အကြွင်းမဲ့မှန်ကန်သည့်အရာဟူ၍ မရှိကြောင်း"၊ မည်သည့်အရာမဆို တစ်ခုနှင့်တစ်ခု အညမည ဖြစ်နေကြောင်း၊ မည်သည့်အရာမျှ တည်မြဲသည်ဟူ၍ မရှိကြောင်း ဟောကြားခဲ့ပါသည်။

မျိုးဆက်သစ်တို့သည် အမှန်တရားကို သိရှိအောင်ကြိုးပမ်းကြရမည် ဖြစ်ပါသည်။ ယင်းသို့ကြိုးပမ်းရာတွင် အရာရာကို အရှိကိုအရှိအတိုင်း မြင်တတ်ဖို့လိုအပ်ပါသည်။ အမှန်တရားကို သိရှိနိုင်ရန် မိမိကိုယ်တိုင်မြင်တွေ့၍၊ မိမိကိုယ်တိုင် နားလည်သဘောပေါက်ရမည် ဖြစ်ပါသည်။ ကရုဏာတရားနှင့် မေတ္တာတရားတို့ကို နားလည်သဘောပေါက်နိုင်ရန် အမှန်တရား ဆိုသည်မှာအဘယ်နည်း ဆိုသည်ကိုလည်း နားလည်သဘောပေါက်ရန် လိုအပ်ပါသည်။ အဓိကမီးမောင်း ထိုးပြထားသည့် တရားတော်မှာ အကျိုးနှင့်အကြောင်းဆက်စပ်သည့် "ပဋိစ္စသမုပ္ပါဒ် သဘောတရား" ဖြစ်ပြီး၊ ပဋိစ္စသမုပ္ပါဒ် သဘောတရား အရ လောကတွင် မည်သည့်အရာမျှ ပြီးပြည့်စုံသည်ဟူ၍ မရှိဘဲ၊ "အရာအားလုံးသည် အကျိုးနှင့် အကြောင်းသာရှိပြီး တစ်ခုအပေါ်တစ်ခု မူတည်နေကာ အစဉ်တည်မြဲသည် ဟူ၍မရှိကြပါ" မျိုးဆက်သစ်တို့သည် ဗုဒ္ဓဟောကြားတော်မူသည့် တရားတော်ကို လက်ခံကြရမည်ဖြစ်ပြီး၊ ယင်း တရားတော်မှာ "ဖြစ်-ပျက်၊ ဖြစ်-ပျက်" ဆိုသည့် တရားပင်ဖြစ်ပါသည်။ အမှန်ကို-အမှန်ဟု လည်းကောင်း၊ အမှားကို အမှားဟု လည်းကောင်း၊ မိမိတို့ ကိုယ်ကို-မိမိတို့ဟု တိတိကျကျစဉ်းစားတတ်သူ ဟူသမျှ သည် အမှန်တရားကို

သိရှိနားလည် နိုင်မည်ဖြစ်ပါသည်၊ မျိုးဆက်သစ်တို့သည် အမှန်တရားကို သိရှိနိုင်ရန် ကြိုးပမ်းရန် သာလိုပါသည်။ ယင်းသို့ကြိုးပမ်းရာတွင် လိုအပ်သော အရာ (၃)မျိုးရှိရာ ယင်း (၃)မျိုးအနက် တစ်မျိုးကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရမည်ဖြစ်ပါသည်။ ထိုတစ်မျိုးမှာ တခြားမဟုတ် ဗုဒ္ဓဟောကြားတော်မူသည့်အတိုင်း လိုက်နာအားထုတ်ကျင့်ကြံရန် ဖြစ်ပါသည်။

ဗုဒ္ဓက "သတ္တဝါအားလုံးအပေါ် "မေတ္တာနှင့် ကရုဏာထားရေး"ကို ဟောကြားထားပြီး၊ တကယ့် ဗုဒ္ဓဘာသာဝင် အများစုသည်ပင် ဗုဒ္ဓကဟောကြားချက် အရေးကြီးပုံကို မေ့လျော့နေကြပါသည်။ မူလအစကတည်းကပင် မြတ်စွာဘုရားသခင်သည် သတ္တဝါအနန္တတို့၏ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာရေးအတွက် တရားတော်များကို ဟောကြားသင်ကြားခဲ့ပါသည်။

ဗုဒ္ဓ၏သင်ကြားချက်များအနက် လူ့ကျင့်ဝတ်နှင့်ဆိုင်သော "သမ္မာဝါစာ=ကောင်းသော စကားကို ပြောဆိုခြင်း၊ သမ္မာကမ္မန္တော=ကောင်းသောအမှုကိုပြုလုပ်ခြင်းနှင့် သမ္မာအာဇီဝ= ကောင်းသောအသက်မွေးမှုဖြင့် အသက်မွေးခြင်း"ဆိုသည့် အချက် (၃)ချက်ပါဝင်သည်ကို မျိုးဆက်သစ်တို့ နားလည် သဘောပေါက်ကြရမည်ဖြစ်ပါသည်။ သမ္မာဝါစာဆိုရာ၌ "မုသား၊ မိတ်ခွဲ၊ ဆဲရေး၊ ပြိန်ဖျင်း" အပယ်ဆင်းလေးသင့်ဝစီကံဆိုသည့် ဝစီက (၄)ပါးကို ရှောင်ကြဉ်ခြင်းလည်း ပါဝင်ပါသည်။ သို့ဖြစ်ရာ "ကျိုးရှိ၊ ဟုတ်မှန်၊ သူနာခံလို"သောစကားမျိုးကိုသာ ပြောဆိုရမည်ဖြစ်ပြီး၊ တစ်ဖန်ပြောသောအခါတွင်လည်း "ပြောသင့်သည့်ကာလနှင့် ပြောသင့်သည့်ဒေသ" တွင်သာ ပြောရမည်ဖြစ်ကာ "ပြောစရာစကားမရှိပါက ဆိတ်ဆိတ်သာနေရမည်ဖြစ်ပါသည်။ သမ္မာကမ္မန္တ–ကောင်းသောအမှုကိုပြုခြင်းဆိုရာ၌ "သက်သတ်၊ ခိုးဝှက်၊ အိမ်ရာဖျက်"၊ သုံးချက် ကာယကံ ဆိုသည့်အတိုင်း၊ "သူတစ်ပါးအသက်ကို သတ်ဖြတ်ခြင်း၊ သူတစ်ပါးပစ္စည်းကို ခိုးယူခြင်း၊ သူတစ်ပါးသားမယားတို့ကို ဖျက်ဆီးခြင်း"တို့ မပြုရဟု ဗုဒ္ဓက တားမြစ်တော်မူခဲ့သည့်အပြင်၊ "အကျင့်စာရိတ္တ ကောင်းမွန်သော၊ အဖြဴရှိသော၊ အပြစ်ကင်းသောအမှုများကို သာပြု၍ သူတစ်ပါးကိုကူညီလျှင်လည်း ဤနည်းအတိုင်းသာ ပြုလုပ်ရမည်ဖြစ်ပါသည်။ သမ္မာ အာဇီဝ= ကောင်းသော အသက်မွေးခြင်းပြုရမည်ဆိုရာ၌ သူတစ်ပါးကို ထိခိုက်နစ်နာမှု မရှိစေရန် သတိပြုရမည်ဖြစ်ကြောင်း ဗုဒ္ဓရှင်တော်ဘုရားက ဟောကြားတော်မူသည်။

မျိုးဆက်သစ်တို့ကို စာရိတ္တမကျိုင် ကြံခိုင်အောင်သင်ကြားပေးခြင်းသည် သူတစ်ပါးတို့၏ စိတ်ချမ်းသာရေးအတွက်ဖြစ်ပြီး၊ စာရိတ္တမကျိုင် ကြံခိုင်ခြင်းသည် အသိတရား ပိုမိုမြင့်မားရေး အတွက်လည်း လိုအပ်သောအုတ်မြစ်ဖြစ်သည် ဆိုသောအချက်ကို မျိုးဆက်သစ်တို့ နားလည် သဘောပေါက်ကြရမည်ဖြစ်ပါသည်။ ယင်းကဲ့သို့စာရိတ္တမကျိုင် မခိုင်မြဲပါက မိမိတို့၏ စိတ်ဓာတ်လည်း ဖွံ့ဖြိုးတိုးတက်မလာနိုင်ပါ။ စာရိတ္တမကျိုင် ကြံခိုင်မှသာ လူလူချင်း မေတ္တာ ကရုဏာထားနိုင်သည့် လူ့ဘောင် ပေါပေါက်လာနိုင်မည်ပါသည်။

ပဓာနနာယကဆရာတော်ကြီးများနှင့်
သံဃာတော်အရှင်မြတ်များဘုရား၊
ကမ္ဘာနိုင်ငံအသီးသီးမှ ခေါင်းဆောင်ကြီးများနှင့်
သံအမတ်ကြီးများ
ဒါယကာ၊ ဒါယိကာမကြီးတို့

စာရိတ္တကောင်းမွန်ခြင်း၏ တန်ဖိုးကိုသာမက "လူ့ကျင့်ဝတ်"အကြောင်းကို ပို၍အလေးထားပြောကြားလိုပါသည်။ "လူတိုင်းသည် ဥပဒေအရာတွင် အတူတူပင်ဖြစ်သည်"ဟု အစိုးရတိုင်းက ပြောကြား

ကြသော်လည်း နေ့စဉ်ကြုံတွေ့နေရသော လောကကြီးတွင်မူ ဤသို့မဟုတ်ဘဲ "ပြောင်းပြန်" ဖြစ်နေသည်ကို တွေ့မြင်နေရပါသည်။ သို့ဖြစ်ရာ "ကရဏာတရား"သည် ပြည်သူလူထုအများစုအတွက် မဟုတ်သည်ကို တွေ့မြင်နေရသည်မှာ အံ့သြဖွယ်ရာမဟုတ်တော့ပါ။ ကျွန်ုပ်တို့သည် "စာရိတ္တမဏ္ဍိုင် ကြွေခိုင်သော ကမ္ဘာကြီး" ဖြစ်လာစေချင်ပါသည်။ ဤသို့သော ကမ္ဘာကြီးဖြစ်လာရန် ကျွန်ုပ်တို့ဘာမျှ မတတ်နိုင်သေးသည့်အပြင် 'နိုင်ငံတကာအဖွဲ့အစည်းကြီး' ဟုခေါ်တွင်သော အဖွဲ့ကြီးကလည်း စာရိတ္တမဏ္ဍိုင် ကြွေခိုင်သောကမ္ဘာကြီး ဖြစ်လာအောင် လုပ်ဆောင် နိုင်စွမ်းမရှိပါ။ တိတိကျကျ ပြောရမည်ဆိုပါက ကျွန်ုပ်တို့သည် ဂုဏ်သိက္ခာအကျခံကာ စာရိတ္တပိုး၍ကောင်းသော ကမ္ဘာကြီးဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်သင့်ကြပါသည်။ ဗုဒ္ဓက "မိမိတို့သည် မိမိတို့ ပြောသလို ပြုလုပ်ကြမည်ဆိုပါက သူတစ်ပါးတို့ကိုလည်း မိမိတို့က ရှေ့ဆောင်လမ်းပြ ပြုလုပ်သွားနိုင်မည် ဖြစ်သည်"ဟု ပြောခဲ့ပါသည်။ ဆိုလိုရင်းမှာ သူတစ်ပါးကို ဘာတွေလုပ်သင့်သည်ဟုမပြောမီ မိမိတို့ကိုယ်တိုင်က လုပ်ပြသင့်ကြောင်းဖြင့် ဟောကြားတော်မူခဲ့ခြင်းဖြစ်ပါသည်။ ဤအချက်သည် အုပ်ချုပ်သူလူတန်းစားများ မလုပ်ခဲ့ကြသည့် အချက်ဖြစ်သည်။ ဤအားနည်းချက်သည် ယခုခေတ် မျိုးဆက်သစ်တို့အဖို့ သိသိသာသာ မထိခိုက်သေးသော်လည်း သို့ရာတွင် လာမည့်အနာဂတ် မျိုးဆက်သစ်တို့က နောင်တော့်နောင်တော်များ ပြီးခဲ့သည့် နှစ်(၅၀)ခန့် တည်ဆောက်ရန်ကြိုးပမ်းခဲ့သည့် ငြိမ်းချမ်း၍ သာယာသောလူ့ဘောင်၊ ကရဏာတရား ပြည့်ဝသောလူ့ဘောင်ကြီးကို ယုံကြည်မှုလုံးဝကင်းမဲ့သွားလောက်အောင် စိတ်ပျက်သွားနိုင်ပါသည်။ ယင်းကဲ့သို့ စိတ်ပျက်သွားပါက ရက်စက်ကြမ်းကြုတ်သော လူ့ဘောင်ကြီးဖြစ်ရေးကို လမ်းပြပေးသလို ဖြစ်သွားနိုင်သည့်အပြင် တစ်ဘက်၏အတွေးသည်ပင် အခြားတစ်ဘက်အတွက် အဖျက်လက်နက် ဖြစ်သွားနိုင်ပါသည်။

ဥပမာအားဖြင့် အာသေဘကမင်းကြီး မိန့်ကြားသကဲ့သို့ ဗုဒ္ဓဘာသာဆိုသည်မှာ အာဏာရရှိရေးအတွက် တိုက်ပွဲများစွာကို စွန့်လွှတ်သည့် လူ့ဘောင်ဖန်တီးရေးဖြစ်ကာ အောင်နိုင်သူရော ရှုံးနိမ့်သူပါ နှစ်ဦးနှစ်ဘက်စလုံးအဖို့ ငြိမ်းချမ်း၍အေးချမ်းသာယာမှုကို ဖော်ဆောင်ရမည်ဖြစ်ပါသည်။ လူသန်းပေါင်းများစွာကို လက်နက်အားကိုးဖြင့်တိုက်ခိုက်သည့် စစ်ရေးနှင့် စီးပွားရေးအရတိုက်ခြင်းဖြင့် အောင်မြင်ခြင်းထက် မိမိကိုယ်ကိုမိမိ အောင်နိုင်သော၊ လူသားတို့ကိုပို၍ ရိုသေလေးစား ထိုက်သော လူ့ဘောင်ကြီးဖြစ်ပြီး "ကရဏာတရား"သည် "ငြိမ်းချမ်း၍ ချစ်ကြည်ပြီးသဟဇာတ" ဖြစ်သော ကမ္ဘာကြီးတွင် အလုပ်အတွက် တွန်းအားဖြစ်သင့်ပါသည်။ လိုအပ်သောဇီဝမ်ခံပစ္စည်းမှန်သမျှ ပြည့်စုံနေသောကြောင့် လောကကြီးကို ကျေနပ်အားရမနေဘဲ ဘဝ၏ အမြင့်ဆုံးသောပန်းတိုင်အထိ သစ္စာတရားကို လွှမ်းမိုးသော အမြင့်ဆုံးသော နောက်ဆုံးပန်းတိုင်အထိ ရောက်အောင်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

လူ့ဘောင်နှင့်ပတ်သက်သော ဗုဒ္ဓ၏အယူအဆများကို အချို့က သဘောမတူကြချေ။ သို့ဖြစ်ရာ မိမိတို့၏အမြင် အယူအဆများကို ဖေါ်ပြရန်ကြိုးပမ်းနေသော အခြားသူများလည်း ရှိနေကြသည်။ ၎င်းတို့ကို ဗုဒ္ဓဘာသာတို့အနေဖြင့် ဗုဒ္ဓသင်ကြားခဲ့သည့်အတိုင်း ရိုသေလေးစားကြရမည်ဖြစ်သည်။ တူညီမှုမရှိသော ဤသူများမှာ ၎င်းတို့၏သဘောတရားရေးရာ ကွဲလွဲချက်များ ရှိကြမည်မှာ မုချဖြစ်သည်။ လူဆိုသည်မှာ ကောင်းသောအရည်အချင်းရှိနိုင်သလို မကောင်းသောစရိုက်များလည်း ရှိနိုင်သော သတ္တဝါဖြစ်ရာ မိမိ၏မကောင်းသောစရိုက်များ လျော့ပါးစေရန်အတွက် မည်သည့်လူ့ဘောင်သည် ပို၍ကောင်းသော လူ့ဘောင်ဖြစ်သနည်းဟု စဉ်းစားတွေးခေါ်တတ်ကြသည်။ ထိုလူသည် ပြဿနာ၏ အဓိကလိုအပ်ချက်ဖြစ်သော "ကရဏာ"တရား ကို မေ့ထားတတ်ကြသည်။ ဗုဒ္ဓဘာသာကမူ ၎င်းကို မေ့မထားပါ။

ဗုဒ္ဓဘာသာအဖို့ မိမိတို့သည် လူသတ္တဝါမှန်သမျှကို ရိုသေလေးစားပါသည်ဟူ၍ ပြောရုံသက်သက် မဟုတ်ဘဲ ယင်းကဲ့သို့ ရိုသေလေးစားကြောင်း ပြသရမည်ဖြစ်သည်။ ယဉ်ကျေးမှုဟူသမျှ၏ ဒုက္ခနှင့် ပဋိပက္ခမှုများ၏ဇာစ်မြစ်သည် သူတစ်ပါးကို ရိုသေလေးစားမှုမရှိခြင်းပင်ဖြစ်သည်။ ဟန်ချက်ညီညီ လုပ်ဆောင်ခွင့်ရှိသော လူ့ဘောင်ကို ကြည့်၍ စွပ်စွဲအပြစ်တင်နေမည့်အစား လူ့ဘောင်တစ်ခုနှင့်တစ်ခု ဆက်ဆံရာတွင်ကြုံတွေ့ရမည့် ကွဲပြားဆန့်ကျင်သည့်အချက်များကို လျော့ပါးသွားအောင်လုပ်ဆောင်ရန် ဖြစ်သည်။ လူတိုင်းလူတိုင်းသည် မည်သို့ ဖြစ်သည်ကိုသိရှိရန် လိုအပ်ပြီး သူတစ်ပါးအတွက် တာဝန်ယူရန် မည်သူမျှဆန္ဒမရှိကြပါ။ မည်သည့်စနစ်မျှ ကောင်းလည်းမကောင်းနိုင်သလို ဆိုးလည်းမဆိုးနိုင်ပဲ စနစ်မှန်သမျှသည် အနှေးနှင့်အမြန်ဆိုသလိုပင် အန္တရာယ်နှင့်ကြုံတွေ့ရမည်သာဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် မည်သည့်အရာမျှ မတည်မြဲသောကြောင့်ဖြစ်ပါသည်။ စနစ်တစ်ခုသည် အခြားသူတစ်ပါးတို့၏ လက်ခံမှုအပေါ်တွင် မူတည်နေပေရာ ဥပမာ လူနည်းစုကို လူများစုက လက်ခံခြင်းမျိုး ဖြစ်ပါသည်။ လက်ခံခြင်းဟူသည် အခြားသူတစ်ပါးကို ယင်းတို့၏သမိုင်းကြောင်းအရ တည်တံ့ခိုင်မြဲရေးအတွက် စိုးရိမ်ပူပန်စရာမလိုဘဲ ပြန်လည် သုံးသပ်နိုင်ရန် အခွင့်အရေးပေးခြင်းပင် ဖြစ်သည်။ သူတစ်ပါးတို့ကို လက်ခံခြင်း ဆိုသည်မှာ မိမိကိုယ်မိမိ လက်ခံခြင်းပင်ဖြစ်ရာ ၎င်းကိုပင်လျှင် "ကရဏာတရား"ဟု ခေါ်ဆိုပါသည်။

ပဓာနနာယကဆရာတော်ကြီးများနှင့်
သံဃာတော်အရှင်မြတ်များဘုရား၊
ကမ္ဘာနိုင်ငံအသီးသီးမှ ခေါင်းဆောင်ကြီးများနှင့် သံအမတ်ကြီးများ
ဒါယကာ၊ ဒါယိကာမကြီးတို့

ဤကဲ့သို့သော ကရဏာတရား ထားရှိလာနိုင်ရန် ကျွန်ုပ်တို့သည် သည်းခံကြရမည်ဖြစ်ပြီး ယင်းသို့သည်းခံခြင်းဖြင့် များစွာသောကိစ္စအဝဝကို ကျော်လွှားနိုင်ကာ တည်ငြိမ်အေးဆေးသောအဆင့်သို့ ရောက်ရှိလာနိုင်ပါသည်။ လူတို့တွင် ပညာတစ်မျိုးရရှိရေးအတွက် အဓိကထားသည့် ပညာမျိုးမဟုတ်ဘဲ ခံနိုင်ရည်ရှိမရှိစမ်းသပ်၍ မိမိကိုယ်မိမိ ခံနိုင်ရည်ရှိကြောင်း အတည်ပြုနိုင်သည့်ပညာပင်ဖြစ်ပါသည်။

ယင်းသို့သော ပညာမျိုးကို လက်ကိုင်ထားသူများဖြစ်သည့် ကျွန်ုပ်တို့ဗုဒ္ဓဘာသာဝင်များသည် မျိုးဆက်သစ်တို့လက်ခံနိုင်ကြမည့် နည်းလမ်းကို ပြသရန်လိုအပ်ပါသည်။ မျိုးဆက်သစ်တို့အနေဖြင့် စိတ်ဓာတ်တိုးတက်ဖွံ့ဖြိုးရေးအတွက် စတင်ဆောင်ရွက်လိုကြသူများဖြစ်ရာ ကျွန်ုပ်တို့အနေဖြင့် ဤလမ်းကိုပြရန် ဗုဒ္ဓ၏သင်ကြားချက်များအတိုင်း ကရဏာတရား ပေါ်ပေါက်လာစေမည့်နည်းလမ်းကို လက်တွေ့ပြသရန်လိုအပ်ပါသည်။ ဤသို့လက်တွေ့ပြသခြင်းဖြင့် စိတ်ချမ်းသာမှု ရရှိကြမည်ဖြစ်ရာ တစ်နေ့သောအခါတွင် သတ္တဝါအားလုံးတို့သည် ဗုဒ္ဓဟောကြားတော်မူသည့် တရားတော်အတိုင်း ဆောင်ရွက်လာကြမည်ဖြစ်ပါသည်။ ဗုဒ္ဓ၏တရားတော်မှာမည်သူမဆို တိုက်ပွဲတစ်ခုတွင် သန်းပေါင်းများစွာသော စစ်သည်တို့ကို နိုင်အောင်တိုက်ခိုက်နိုင်သော်လည်း မိမိကိုယ်မိမိ အောင်နိုင်သူသာလျှင် အကြီးမြတ်ဆုံးသော အောင်နိုင်သူဖြစ်ကြောင်း ရှင်တော်ဘုရားက ဟောကြားတော်မူခဲ့ပါသည်။

သဗ္ဗေသတ္တာ အဝေရာ ဟောန္တု
အဗျာပဇ္ဈာ ဟောန္တု
အနီဃာ ဟောန္တု
သုခီအတ္တာနံ ပရိဟာရန္တု

သတ္တဝါဟူသမျှ -
-စိုးရိမ်ကင်းကြပါစေ
-ဆင်းရဲကင်းကြပါစေ
-မိမိကိုယ်မိမိ ချမ်းသာအောင် ဆောင်ရွက်နိုင်ကြပါစေ။

ဂရုတစိုက် နာယူကြ၍ ကျေးဇူးတင်ပါသည်

သံဃရာဇာ ဘိုကရီ
ကမ္ဘောဒီးယားနိုင်ငံ

## ဂျာမဏီနိုင်ငံ

### ဂျာမန်ဗုဒ္ဓဘာသာသမဂ္ဂမှ ပေးပို့သော သဝဏ်လွှာ (ဘာသာပြန်)

ချစ်ခင်လေးစားအပ်တဲ့ ဗုဒ္ဓဘာသာဓလေ့ထုံးစံမျိုးစုံက ကိုယ်စားလှယ်တော် အရှင်သူမြတ်များ၊ နိုင်ငံနဲ့ယဉ်ကျေးမှု အသီးသီးမှ ဂုဏ်သရေရှိ ကိုယ်စားလှယ်တော်ကြီးများ

ဂျာမန်ဗုဒ္ဓဘာသာသမဂ္ဂကိုယ်စား ကျွန်ုပ်တို့ကိုယ်စားလှယ်အဖွဲ့က ခေတ်သစ်ကာလမှာ စစ်မှန်တဲ့ ဗုဒ္ဓဓမ္မထိန်းသိမ်းရေးနဲ့စပ်လျဉ်းတဲ့ အကြောင်းအရာတွေကို ဖလှယ်နိုင်ဖို့အတွက် ကျင်းပတဲ့ ဗုဒ္ဓဘာသာထိပ်သီးညီလာခံ ကျင်းပပေးသူတွေကို အလွန်ကျေးဇူးဥပကာရ တင်ရှိကြောင်း ပြောကြားလိုပါတယ်။ ထေရဝါဒ နဲ့ မဟာယာန (ဝဇြရာယာနဗုဒ္ဓဘာသာ အပါအဝင်) ဗုဒ္ဓရှင်သူမြတ်ရဲ့ ဟောကြားချက်တွေကို လိုက်နာသူတွေအကြား ပူးပေါင်းဆောင်ရွက်ရေးနဲ့ ညီညွတ်ရေးကို ဖြစ်ပေါ်စေတဲ့ ဒီတွေ့ဆုံဆွေးနွေးပွဲမှာ ပါဝင်ခွင့်ရတဲ့အတွက် အလွန်ပျော်ရွှင်မိပါတယ်။

လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ထောင့်ငါးရာက သကျမုနိ ဗုဒ္ဓဘုရားရဲ့ သင်ကြားချက်တွေဟာ ယဉ်ကျေးမှုနောက်ခံအမျိုးမျိုးရှိတဲ့ လူသားတို့အတွက် အလွန်အထောက်အကူပြုကြောင်း သက်သေထူခဲ့ပါတယ်။ ပါဠိဘာသာနဲ့ သက္ကတဘာသာတို့မှာ ဖေါ်ပြထားတဲ့ စစ်မှန်တဲ့ ဗုဒ္ဓရဲ့ ပိဋကကျမ်းတွေကို အခြေခံပြီး ဗုဒ္ဓရဲ့သင်ကြားချက်တွေဟာ အံ့သြဖွယ်ရာကောင်းလောက်အောင် ပျော့ပျောင်းပါတယ်၊ ထာဝရပျော်ရွှင်မှုရရှိရေးအတွက် ဒုက္ခက လွတ်မြောက်ရေးကို ရှာဖွေနေတဲ့ လူပုဂ္ဂိုလ်အသီးသီးရဲ့ လိုအပ်ချက်ကို လိုက်လျောညီထွေ အကျိုးပြုစေကြောင်း သက်သေပြခဲ့ပါတယ်။ ရာစုနှစ်ပေါင်းများစွာမှာ လူပုဂ္ဂိုလ်အသီးသီးရဲ့ လိုအပ်ချက်တွေကို အမျိုးမျိုး တုံ့ပြန်မှုတွေကြောင့် များစွာကွဲပြားတဲ့ ဗုဒ္ဓဘာသာ ဓလေ့ထုံးစံတွေ ပေါ်ပေါက်လာခဲ့ပါတယ်။ အားလုံးဟာ အတ္တအခြေခံတဲ့ ဥပါဒါန်နဲ့ အယူအဆ ကန့်သတ်ချက်တို့ကို ကျော်လွန်ပြီး စစ်မှန်တဲ့ ပျော်ရွှင်မှုတို့ကို အကောင်အထည်ဖေါ်စေမှု (သို့) သစ္စာလေးပါးတရားကို သဘောပေါက်နားလည်စေမှုကို အခြေခံကြပါတယ်။

ဗုဒ္ဓဘာသာဓလေ့ထုံးစံတစ်ရပ် (သို့)ဗုဒ္ဓဘာသာနိုင်ငံတစ်နိုင်ငံအနေနဲ့ ဗုဒ္ဓရဲ့အဆုံးအမတွေရဲ့ စစ်မှန်မှုနဲ့ ပြည်သူတွေရဲ့ အားထားယုံကြည်မှုရရှိဖို့အတွက် မဆွဲဆောင်နိုင်တော့ဘဲ ကျဆင်းလာတယ်ဆိုရင် ဗုဒ္ဓရဲ့အဆုံးအမတွေကို အဲဒီပုဂ္ဂိုလ်တွေရဲ့ ရင်ထဲနှလုံးသားထဲရောက်အောင် မှန်မှန်ကန်ကန် မဆောင်ရွက်နိုင်လို့ဖြစ်ပြီး အဲဒီလိုမဆောင်ရွက်နိုင်တာဟာလည်း အဲဒီနိုင်ငံရဲ့ ဓလေ့ထုံးစံနဲ့ ခေါင်းဆောင်များ အပေါ်မှာ အဓိကမူတည်ပါတယ်။ ဗုဒ္ဓဘာသာကို လိုက်နာကျင့်ကြံသူတို့ဟာ စည်းကမ်းကို လိုက်နာမှုအသိဉာဏ်ကိုလည်းကောင်း ကမ္မဋ္ဌာန်းဖြင့် ရယူမှုကိုလည်းကောင်း၊ စည်းကမ်းကိုကျင့်သုံးမှုကိုလည်းကောင်း သိရှိနားလည်ပြီး အတွေ့အကြုံ ရင့်ကျက်ခိုင်မာသူများ ဖြစ်ကြပါတယ်။

ဂျာမဏီနိုင်ငံမှာ ဗုဒ္ဓဝါဒဟာ အလွန်သက်တမ်းနဲသေးပါတယ်။ ဒါပေမယ့် (၁၉၉၅)ခုနှစ်မှာ ဂျာမန်ဗုဒ္ဓဘာသာသမဂ္ဂ တည်ထောင်ပြီးကတည်းက ၎င်းအဖွဲ့အစည်းဟာ ဗုဒ္ဓဓမ္မကို သိမြင်ရရှိဖို့ ကြိုးပမ်းတဲ့အခါမှာ အမျိုးမျိုးသော ဗုဒ္ဓဘာသာဓလေ့ထုံးစံများဖလှယ်ရာ စင်မြင့်အဖြစ် ဖွဲ့ဖြိုးတိုးတက်လာခဲ့ပါတယ်။ ကျွန်ုပ်တို့ဟာ ဗုဒ္ဓဘာသာကိုဏ်းတွေအကြား (ဗုဒ္ဓဘာသာမဟုတ်တဲ့ ပတ်ဝန်းကျင်အကြား) အာဃာတတွေ၊ နားလည်လွဲမှားမှုတွေကို အောင်မြင်စွာကျော်လွှားနိုင်ခဲ့တဲ့ နှစ် (၅၀) သမိုင်းကို ပြန်လည်သုံးသပ်ပြီး အပြန်အလှန် လေးစားမှုနဲ့ နားလည်မှု-စတာတွေ တိုးတက်ဖြစ်ထွန်းလာတာကို တွေ့ရှိရပါတယ်။

မျက်မှောက်ကမ္ဘာမှာ အတိတ်ကာလထက် သွားလာရေးမှာ လွယ်ကူလာလို့ များပြားတဲ့ ဗုဒ္ဓဘာသာ ဓလေ့ထုံးစံတွေ အကြားမှာရှိတဲ့ ကွဲပြားမှုတွေဟာ လျော့နည်းကျဆင်းလာပါတယ်။ ဒီလို နဲ့ ကျွန်ုပ်တို့ဟာ ဗုဒ္ဓဘာသာကမ္ဘာတစ်ဝန်းမှာ ဗုဒ္ဓဘုရား၏ သင်ကြားချက်ကို ဓလေ့ထုံးစံအမျိုးမျိုးတို့နဲ့ လေကျင့်မှုကြောင့် ပွင့်လာတဲ့ လှပတဲ့ ပန်းပေါင်းများစွာကို လေးစားမြတ်နိုးလာကြပါတယ်။ ကျွန်ုပ်တို့ဟာ ဗုဒ္ဓရဲ့ မေတ္တာ၊ ကရုဏာ၊ ကြီးမားတဲ့ အသိဉာဏ်ကို ဘက်ပေါင်းစုံ ဖေါ်ပြမှု (သို့) ယဉ်ကျေးမှုအားလုံးနဲ့ သင့်တော်ပြီး ရတနာအဖြစ် ဝေငှတဲ့အံသိဉာဏ် (သို့) စစ်မှန်တဲ့ငြိမ်းချမ်းရေးရရှိဖို့အတွက် ဒုက္ခကလွတ်မြောက်ရေးရရှိဖို့အတွက် ရည်ရွယ်တဲ့ အသိဉာဏ်အဖြစ် အပြန်အလှန်လေးစားကြပါစို့။

ဒီငြိမ်းချမ်းရေး (သို့) စစ်မှန်တဲ့ ဓမ္မကိုကျင့်သုံးမှုကြောင့်ရရှိတဲ့ လက္ခဏာ၊ အတ္တအစွဲအလမ်းကကင်းလွတ်တဲ့ ငြိမ်းချမ်းရေးဟာ ဒီနေရာကပျံ့နှံ့ပြီး သတ္တဝါအားလုံးရဲ့ နှလုံးသားမှာ ထိတွေ့ပျံ့နှံ့ကြပါစေ။

ကောင်းမြတ်တဲ့ ဆန္ဒနဲ့ -

ဂျာမန်ဗုဒ္ဓဘာသာသမဂ္ဂရဲ့ကိုယ်စား

အရှင်သူမြတ်လှားမား လွန်ဒရပ် နှင့်
ကိုယ်စားလှယ်များ

ဘိက္ခု သုခစိတ္တော၊ ဂျာမန်ဗုဒ္ဓဘာသာယူနီယံ၊ မြူးနစ်မြို့တော်၊ ဂျာမဏီ၏ သဝဏ်လွှာ (ဘာသာပြန်)

သံဃမဟာနာယက ဆရာတော်ကြီးများ

ဂုဏ်သရေရှိ ဗုဒ္ဓဘာသာခေါင်းဆောင်များ

ဓမ္မနောင်တော်၊ ညီတော်၊ ညီအစ်မတော်များ

မြင့်မြတ်သော ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးကို ၂၀၀၄-ခုနှစ် ဒီဇင်ဘာလ (၉)ရက်မှ (၁၁)ရက်နေ့ထိ ရန်ကုန်မြို့တွင် ကျင်းပနိုင်ရန် စီမံဆောင်ရွက်ပေးသော ထိပ်သီးညီလာခံ ကျင်းပရေးကော်မတီအား လှိုက်လှိုက်လဲလဲ ချီးကျူးဂုဏ်ပြုပါသည်။ ယခုကဲ့သို့ ကိုးကွယ်မှုဘာသာ တစ်ခုတည်းမှ ခေါင်းဆောင်ပုဂ္ဂိုလ်များ ဗုဒ္ဓတရားတော်နှင့် ပတ်သက်သည့် အကြောင်းအရာများကို ဆွေးနွေးတိုင်ပင်ရန် အညီအညွတ်စုဝေးလာကြသည်မှာ ကြုံတောင့်ကြုံခဲသည့် အခွင့်အလမ်းတစ်ရပ် ဖြစ်ပါသည်။

ယနေ့ဤအချိန်ဤနေရာသို့ မလာရောက်နိုင်ကြသည့်သူများ (အချို့မှာ ကွယ်လွန်သွားကြပြီးဖြစ်၍ လည်းကောင်း၊ အခြားတာဝန်များရှိ၍သော်လည်းကောင်း၊ လာရန်အခက်အခဲရှိ၍သော်လည်းကောင်း၊ အချို့ ဝေးကွာလှမ်းသည့်ဒေသများတွင် တရားဘာဝနာများ ရှုမှတ်ပွားများနေကြ၍ လည်းကောင်း)သည် မိမိတို့ရှိနေရာမှ ဤညီလာခံကြီးအောင်မြင်စေရန် ဆုမွန်ကောင်းများ ပို့သနေကြလိမ့်မည် ဖြစ်ပါသည်။

ကျွန်ုပ်တို့အနေဖြင့် မြတ်စွာဘုရား၏ အဆုံးအမများအား သတ္တဝါဝေနေယျများ အကျိုးစီးပွားဖြစ်ထွန်းစေရန် တန်ဖိုးရှိလှသည့် အချိန်များကို လိမ္မာစွာ အသုံးချကြပါစို့၊ ဗုဒ္ဓမြတ်စွာသည် သံဃာထုကြီး တိုးတက်ကြီးပွားရေးနှင့် ညီညွတ်ရေးအတွက် အဆုံးအမများ ထားခဲ့ပြီးဖြစ်ပါသည်။

ဥရောပတွင် နေထိုင်ကြသည့် အနောက်တိုင်း ဗုဒ္ဓဘာသာရဟန်းတော်များသည် အာရှနိုင်ငံများရှိ ဗုဒ္ဓဘာသာဝင်များနှင့် ယဉ်ကျေးမှုဓလေ့များအရာတွင် များစွာကွဲပြားခြားနားကြပါသည်။ အနောက်နိုင်ငံရှိ ဗုဒ္ဓဘာသာဆရာများသည် သိမ်ဝင်ရဟန်းများ မဟုတ်ကြသကဲ့သို့ လူအများကလည်း ယောကျ်ားနှင့် မိန်းမတန်းတူညီတူ အခွင့်အရေးပေးရမည်ဟု မျှော်လင့်သူများဖြစ်ကြပါသည်။ ဗုဒ္ဓမြတ်စွာကလည်း အမျိုးသမီးများသည် သံသရာမှ လွတ်မြောက်လမ်းကို ယောကျ်ားများနည်းတူ ရရှိနိုင်သည်ဟု ဟောကြားညွှန်ပြခဲ့ပါသည်။ ကျွန်ုပ်အနေနှင့်လည်း ဗုဒ္ဓဘာသာဝင်အမျိုးသမီးများ၏ ပညာရေးကဏ္ဍကို တိုးမြှင့်ပေးရန်မျှော်လင့်ပြီး ယခုကဲ့သို့ အရေးပါလှသော အစည်းအဝေးများတွင် ဗုဒ္ဓဘာသာအမျိုးသမီးခေါင်းဆောင်များ ပိုမိုတက်ရောက်လာကြသည်ကို တွေ့မြင်လိုပါသည်။

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသည် မြတ်ဗုဒ္ဓ၏ အဆုံးအမများကို ခိုင်မာရှင်သန်လာစေရန် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး မျက်မှောက်ခေတ်စိန်ခေါ်မှုများကို မည်သို့မည်ပုံ ကိုင်တွယ်ဖြေရှင်းသင့်သည်ကို နက်နက်နဲနဲ စဉ်းစားဆုံးဖြတ်နိုင်ကြလိမ့်မည်ဟု ကျွန်ုပ်ရိုးသားစွာမျှော်လင့်ပါသည်။

ညီလာခံကြီးသို့ တက်ရောက်ရန် ဖိတ်ကြားခံရသည့်အတွက် အထူးဂုဏ်ယူပါသည်။

အားလုံးကိုကျေးဇူးတင်ရှိပါသည်။

ဘိက္ခု သုခစိတ္တော

ဂျာမဏီ

## စကၠဝပူ သမ္မတနိုင်ငံ

**စကၠဝပူ ဗုဒ္ဓတရားရိပ်သာ ဆရာတော် ဝေရာယောဒ သရထ မဟာထေရ (စကၠဝပူ ဗုဒ္ဓကမ္မဋ္ဌာန်းရိပ်သာ) ပေးပို့သော သဝဏ်လွှာ (ဘာသာပြန်)**

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံသည် ကမ္ဘာပေါ်ရှိ ဗုဒ္ဓဘာသာသမိုင်းတွင် မြင့်မြတ်၍ ထူးခြားလှသည့် ကထိကတစ်ရပ်ဖြစ်စေနိုင်သဖြင့် မြန်မာနိုင်ငံတွင်ရှိသော ဗုဒ္ဓဘာသာထိပ်သီးညီလာခံ ကျင်းပနိုင်ရေးအတွက် စည်းရုံးဆောင်ရွက်နေသူများကို လွန်စွာဝမ်းမြောက်ဝမ်းသာဖြင့် ဂုဏ်ပြုမိပါသည်။

ဗုဒ္ဓဘာသာသမိုင်းကြောင်းအရ ဘုန်းတော်အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက် မကြာမီပင် ပထမဆုံးအကြိမ် သံဂါယနာတင်ခြင်းကို အိန္ဒိယနိုင်ငံ၌ ကျင်းပခဲ့ပါသည်။ နှစ်တစ်ရာကြာပြီးနောက် ကာဠာသောက မင်းကြီး၏ ဦးဆောင်မှုဖြင့် ဒုတိယအကြိမ် သံဂါယနာတင်ခြင်းကို အိန္ဒိယနိုင်ငံ၌ပင် ကျင်းပခဲ့ပါသည်။

တစ်ဖန် ဘုန်းတော်အနန္တနှင့် ပြည့်စုံတော်မူသော ဗုဒ္ဓမြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးနောက် (၂၃၆)နှစ်အကြာတွင် ဓမ္မာသောကမင်းကြီးလက်ထက်၌ တတိယအကြိမ် သံဂါယနာတင်ခြင်းကို အိန္ဒိယနိုင်ငံတွင်ပင် ကျင်းပခဲ့ပါသည်။

ဤသမိုင်းကြောင်း မှတ်တမ်းများအရ သံဂါယနာတင်ပွဲများကို အိန္ဒိယနိုင်ငံတွင် ကျင်းပပြီးနောက် မြန်မာနိုင်ငံတွင်လည်း သမိုင်းဝင်သံဂါယနာတင်ပွဲကို ကျင်းပခဲ့ကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံအနေဖြင့် ဗုဒ္ဓဘာသာဝင်များ၏ ထိပ်သီးညီလာခံကို ကျင်းပခြင်းမှာ လွန်စွာမြင့်မြတ်လှသော ဗုဒ္ဓဘာသာအစဉ်အလာကို မြန်မာနိုင်ငံက ဆက်လက်ဆောင်ရွက်နိုင်ကြောင်း ပြသနိုင်၍ ကျွန်ုပ်တို့အနေဖြင့် လွန်စွာဝမ်းမြောက်ဝမ်းသာ မှတ်တမ်းတင်အပ်ပါသည်။ မြတ်ဗုဒ္ဓ၏ သစ္စာတရားဟောကြားချက်များ ထာဝရတည်ရှိစေရေးဆိုသည့် မြင့်မြတ်သော ရည်ရွယ်ချက်ဖြင့် ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး မြန်မာနိုင်ငံတွင် ပေါ်ပေါက်လာခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင်ကျင်းပမည့် ဗုဒ္ဓဘာသာထိပ်သီးညီလာခံသည် အချိန်အခါ သင့်မြတ်စွာ ကျင်းပသည့် အခမ်းအနားဖြစ်ပေသည်။ ကမ္ဘာကြီးသည် အကြမ်းဖက်မှုများ၊ စစ်ပွဲများနှင့် ကြောက်မက်ဖွယ်ကောင်းသော ကြမ်းတမ်းရက်စက်မှုများဖြင့် လွှမ်းခြုံလျက် ရှိပါသည်။ ကျွန်ုပ်တို့ ခေတ်တွင် အမျိုးသားအမျိုးသမီးတို့သည် ထာဝရ မှန်ကန်နေသည့် ဗုဒ္ဓ၏ အဆုံးအမ ဩဝါဒအပေါ်တွင် အခြေခံသည့် အကြမ်းဖက်မှုမပြုရေး၊ မေတ္တာထား ရှိရေး၊ ကရုဏာပွားများရေး-ဟူသော လမ်းကြောင်းများမှ သွေဖီလျက် ရှိပါသည်။

ဗုဒ္ဓဘာသာ ကမ္ဘာကြီးတစ်ခုလုံးနှင့် လူ့လောကကို စိတ်ပိုင်းဆိုင်ရာ ချမ်းမြေ့မှု ရှိစေရေးအတွက် အလေးအမြတ်ထားသော မည်သည့်ပုဂ္ဂိုလ်မဆို ဗုဒ္ဓဘာသာဝင်တို့၏ မြင့်မြတ်လှသော ဤထိပ်သီးညီလာခံ ကျင်းပရေးအတွက် ဦးဆောင်မှုပြုသော မြန်မာ နိုင်ငံကို အလွန်ပင် ကျေးဇူးတင်ကြပါလိမ့်မည်။

ဤထိပ်သီးညီလာခံကြီး၏ ရည်ရွယ်ချက်မှာလည်း ငြိမ်းချမ်းရေး၏ မြင့်မြတ်လှသော အရှင်သခင်ဖြစ်သည့် ဗုဒ္ဓဘုရား၏ အခါခပ်သိမ်း မှန်ကန်နေသော ဟောကြားချက်များကို လူ့လောကကြီးတစ်ခုလုံး ကြားနာစေရန် ဆောင်ရွက်ခြင်းဖြစ်ပါသည်။

စစ်ကြောင့်ပျက်စီးခဲ့ရသော ဤကမ္ဘာတွင် ဗုဒ္ဓ၏ သတိပေးဟောကြားချက်များသည် ငြိုးငွေ့ဖွယ်ရာကောင်းသည့် ခြောက်သွေ့သော ကန္တာရတွင် ဝမ်းမြောက်ဖွယ်ရာကောင်းသည့် မိုးပေါက်များကျလာ၍ အေးမြစေသကဲ့သို့ ဖြစ်ပေါ်စေပါလိမ့်မည်။

ဗုဒ္ဓဘာသာဝင် ရဟန်းသံဃာများနှင့် သူတော်စင်အားလုံးတို့သည် ကြီးမား၍ တုန့်ပြန်ခြင်းကင်းသော ဤဗုဒ္ဓညီလာခံကြီး အောင်မြင်မှုရရှိရေးအတွက် မိမိတို့ တတ်စွမ်းသမျှ နည်းများမဆို ပါဝင်ကူညီဆောင်ရွက်ကြပေလိမ့်မည်။ ကျွန်ုပ်အနေဖြင့်မူ သမိုင်းဝင်ဘာသာရေးအခမ်းအနားကြီး၌ ပါဝင်ခွင့်ရရန် ဖိတ်ကြားခံရသည့်အတွက် အလေးအနက် ဂုဏ်ယူမိပါသည်။

မြန်မာနိုင်ငံတွင် ကျင်းပမည့် ဤဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးမှတစ်ဆင့် ငြိမ်းချမ်းရေးနှင့် သဟဇာတဖြစ်ရေးဆိုသည့် စိတ်ဓါတ်များ ဖြာထွက်ကာ ကမ္ဘာပေါ်ရှိ လူသားအားလုံးတို့အား ပို၍ကောင်းမွန်သော ကမ္ဘာကြီးအဖြစ် ပြောင်းလဲပေးနိုင်မည့် အင်အားအဖြစ်တည်ရှိနိုင်မည်ဟု လုံးဝမျှော်လင့်ပါသည်။ ဗုဒ္ဓဘာသာညီလာခံကြီးသည် ကြိုတင်မျှော်မှန်းထားသည့်အတိုင်း ထူးကဲထိုက်တန်စွာ အောင်မြင်မှုရပါစေဟု ဆန္ဒပြုပါသည်။

ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးတော်ကြောင့် သတ္တဝါအားလုံးအပေါ်တွင် ပျော်ရွှင်မှု၊ ငြိမ်းချမ်းမှု၊ စိတ်ပိုင်းဆိုင်ရာ ဝမ်းမြောက်မှုများ သွန်းလောင်းနိုင်ပါစေ၊ အားလုံးသော သတ္တဝါများ ကျန်းမာချမ်းသာကြပါစေ။

ဆရာတော် ဝေရာယောဒသာရဒ
မဟာထေရ

စက်ာပူ

## ထိုင်းနိုင်ငံ

**ထိုင်းနိုင်ငံ သံဃရာဇာ ဆရာတော် ဖရားဉာဏသံဝရ ထံမှ သဝဏ်လွှာ (ဘာသာပြန်)**
ဗုဒ္ဓဘာသာကိုယ်စားလှယ်တော်အပေါင်းတို့ -

၂၀၀၄-ခုနှစ်၊ ဒီဇင်ဘာလ (၉) ရက်မှ (၁၁) ရက်ထိ ကျင်းပပြုလုပ်မည့် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံသို့ တက်ရောက်ရန် ပင့်ဖိတ်စာ ရရှိသည့်အတွက် ကျွန်ုပ်အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်မိပါသည်။ ကျွန်ုပ်၏ ကျန်းမာရေး ကောင်းမွန်ခြင်းမရှိပါ၍ ထိုညီလာခံကြီးသို့ မတက်ရောက်နိုင်ခြင်းအတွက် စိတ်မကောင်းပါ။ သို့ပါသော်လည်း ထိုင်းနိုင်ငံ သံဃကိုယ်စားလှယ်တော်များကို ထိုညီလာခံကြီးသို့ ပါဝင်တက်ရောက်စေမည် ဖြစ်ပါသည်။

စီးပွားရေး၊ နိုင်ငံရေး၊ သိပ္ပံနှင့် ပြန်ကြားရေးနည်းပညာတို့သည် နေရာဒေသ အနှံ့အပြားတွင် လျင်မြန်စွာ ပြောင်းလဲနေပါသည်။ လူသား၏ လိုအပ်မှုနှင့် ဆန္ဒများသည် ယင်းပြောင်းလဲမှုများ၏ နောက်ကို လွှဲရှောင်၍မရဘဲ အဆုံးမရှိ လိုက်ပါလျက်နေပါသည်။ ယင်းတို့က လူတို့အား ၎င်းတို့၏ လိုအပ်ချက်နှင့် ဆန္ဒကို ရှာဖွေရန် တွန်းအားပေးနေပါသည်။ သို့သော်လည်း လူသားတို့သည် မိမိတို့၏ လိုအင်ဆန္ဒတိုင်းကို မရရှိနိုင်ကြချေ။ ထိုသို့ မရရှိကြသည့်အခါ လူသားတိုင်းသည် အနည်းနှင့် အများ ဒုက္ခရောက်ကြရပါသည်။ ယင်းကဲ့သို့သော အခြေအနေမျိုးတွင် ဗုဒ္ဓဘာသာသည် အလွန်အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်ရသည်။ ဗုဒ္ဓဘာသာ အဆုံးအမ၏ လက္ခဏာရေးသုံးပါးဖြစ်သော အနိစ္စ၊ ဒုက္ခနှင့် အနတ္တတရားတို့သည် ဒုက္ခရောက်နေသူတို့အား မိမိလိုချင်သော အရာတိုင်းကို မည်သူမျှ မရရှိနိုင်ကြောင်း၊ မည်သည့်အရာမျှ မတည်မြဲကြောင်းနှင့် မည်သည့်အရာကိုမျှ မစိုးမိုးနိုင်ကြောင်း စသည်တို့ကို နားလည်သဘောပေါက်စေပါသည်။

ဗုဒ္ဓဘာသာသည် သန့်စင်သိမ်မွေ့ပြီး ကျယ်ပြန့်သော ဘာသာဖြစ်၍ အသိပညာဉာဏ်ဖြင့် ပြည့်စုံသော ဘာသာလည်းဖြစ်ပါသည်။ ဗုဒ္ဓမြတ်စွာဘုရားသည် တရားတော်များကို ခိုင်မြဲသော အုတ်မြစ်ဖြင့် အနိမ့်မှအမြင့်သို့ အဆင့်ဆင့် တည်ဆောက်ပေးခဲ့ပါသည်။ ဆိုလိုသည်မှာ ဗုဒ္ဓမြတ်စွာဘုရားသည် ရှေးဦးစွာ သီလကို တည်ဆောက်စေခဲ့သည်။ ထို့နောက် ပဋိပတ္တိ တရားဘာဝနာကို တည်ဆောက်စေပြီး ဆက်လက်၍ ပညာကို တည်ဆောက်စေပါသည်။ သီလသည် ဉာဏ်ပညာကို ဦးတည်သော ပဋိပတ္တိတရား၏ အဓိက အခြေခံတရားတော် ဖြစ်ပါသည်။ ပဋိပတ္တိတရား မရှိပါက ဉာဏ်ပညာ ရရှိလိမ့်မည် မဟုတ်၊ သီလမရှိပါက ပဋိပတ္တိတရား ဖြစ်ပေါ်လိမ့်မည် မဟုတ်ပါချေ။ ထိုမြတ်စွာဘုရား၏ အဆုံးအမများသည် လူသား၏ ကာယ၊ ဝစီနှင့် မနော ဖွံ့ဖြိုးတိုးတက်မှုများအတွက် ကြီးမားသော အကျိုးကျေးဇူးများ ဖြစ်လေသည်။

ဗုဒ္ဓဘာသာအရ ဖွံ့ဖြိုးတိုးတက်မှုသည် စဉ်ဆက်မပြတ် အဆင့်မြင့် တိုးတက်မှုပင် ဖြစ်သည်။ ယင်းဖွံ့ဖြိုးတိုးတက်မှုကို လုပ်ဆောင်ကြရမည် ဖြစ်သည်။ နိုင်ငံများ ကြွယ်ဝချမ်းသာလာခြင်းမှာ ထိုနိုင်ငံများ၏ မဖွံ့ဖြိုးသေးသော အစိတ်အပိုင်းများကို တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်ခြင်းကြောင့်ပင် ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏ လူသားများသည် ဖွံ့ဖြိုးတိုးတက်မှုရှိရန် အမှန်ပင် လိုပါသည်။ လူသားများ၏ ဖွံ့ဖြိုးတိုးတက်မှုကို လူသား၏ ဖွံ့ဖြိုးဆဲစိတ်ဓာတ်မှ စတင်လုပ်ဆောင်ရမည် ဖြစ်ပါသည်။ ဤကဲ့သို့သော နည်းလမ်းမှ စတင်ခြင်းမရှိပါက လူသား၏ အခြားအစိတ်အပိုင်းများကို တိုးတက်စေရန် ခက်ခဲပါသည်။ ဗုဒ္ဓဘာသာကိုလည်း ဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်ပါသည်။ ဗုဒ္ဓ၏ အဆုံးအမများကို အသုံးချ၍

ဗုဒ္ဓဘာသာတိုးတက်မှု ဖွံ့ဖြိုးစေရန် လုပ်ဆောင်ရမည်ဖြစ်ပါသည်။ ဤဗုဒ္ဓဘာသာထိပ်သီးညီလာခံသည် ဗုဒ္ဓဘာသာ တိုးတက်မှု ဖွံ့ဖြိုးစေရေးအတွက် ဖြစ်ပါပေသည်။

လူသားသည် ထိုကဲ့သို့သော ကောင်းကျိုးကို ပြုလုပ်နိုင်၍ ကမ္ဘာပေါ်ရှိ လူသားများ၏ ကောင်းကျိုးအတွက် ကျင်းပပြုလုပ်သော ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီး ညီလာခံကြီးတွင် ကိုယ်စားလှယ်တော်အားလုံး ကြီးမားသော အောင်မြင်မှုကို ရရှိကြပါစေဟု ဆုတောင်းမေတ္တာ ပို့သလိုက်ပါသည်။

ဆရာတော် ဖရားဉာဏသံဝရ

ထိုင်းနိုင်ငံ သံဃရာဇာ

## နီပေါနိုင်ငံ

**နီပေါနိုင်ငံ ဝိရှ်ဝရှန်တိဝိဟာရမှ ဘိက္ခု အရှင် ဉာဏပူနိက မဟာထေရ် ပေးပို့သော သဝဏ်လွှာ (ဘာသာပြန်)**

ဆရာတော် သံဃာတော် အရှင်သူမြတ်များ၊
ကမ္ဘာဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး စီမံဆောင်ရွက် နေသောပုဂ္ဂိုလ်ကြီးများ၊
ဗုဒ္ဓဘာသာခေါင်းဆောင်ကြီးများ၊
ကိုယ်စားလှယ်တော်ကြီးများနှင့် ညီလာခံကြီး သို့ တက်ရောက်လာသော မင်းပရိသတ်အပေါင်းတို့-

ကမ္ဘာဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသို့ နီပေါနိုင်ငံ ကိုယ်စားပြုတက်ရောက်ခွင့်ရပါသဖြင့် နှစ်ထောင်းအားရစွာဖြင့် အနမောဒနာပြုရပါကြောင်း တင်ပြလိုပါသည်။ လူသားတို့အား အမျိုးမျိုး အဖုံဖုံ ခြိမ်းခြောက်လျက်၊ စစ်မက်ဖြစ်ပွားစေပြီး၊ နောက်ဆုံးတွင် ပျက်စီးခြင်းသို့ ပို့ဆောင်နေကြသော ယခုလို အချိန်အခါတွင် ငြိမ်းချမ်းမှုကို မျှဝေခံစားရေးအတွက် ထိပ်သီးညီလာခံကြီးကို ဖြစ်မြောက်စေရန် ကမကထ ပြုသော ကော်မတီ၏ မွန်မြတ်သောစွမ်းဆောင်မှုကို အသိအမှတ်ပြုလိုပါသည်။

ငြိမ်းချမ်းမှုနှင့် မေတ္တာ၊ ကရုဏာတရားတို့၏ထာဝရတန်ဖိုးကို ဖြန့်ကျက်လာစေရန် သာသနာပြု ကြမည့် ဗုဒ္ဓဘာသာဝင်အပေါင်းတို့သည် ပိုမိုခိုင်မြဲသော ညီညွတ်စည်းရုံးမှု တည်ဆောက်ရန် လိုအပ် ကြောင်းကို သိမြင်လာကြသဖြင့် ဤညီလာခံကြီးသို့ စုဝေးရောက်ရှိလာကြသည်။ ကမ္ဘာကြီးသည်ကား ပဋိပက္ခများ၊ ဖျက်ဆီးမှုများ၊ ရန်လိုမှုများ၊ ကိုယ်ကျိုးသာကြည့်မှုများ၊ တုံ့ပြန်လက်စားချေမှုများ လွှမ်းမိုး ကြီးစိုးရာနေရာကြီးဖြစ်လာလေပြီ။ အကြမ်းဖက်မှုများဖြစ်ပွားနေသော လှောင်ချိုင့်အိမ်ကြီး အဖြစ်သို့ ရောက်နေလေပြီ။ မေတ္တာတရား၊ ကရုဏာတရား၊ စာနာထောက်ထားမှုတရား၊ ဥပေက္ခာတရား (သမာဓိ တည်ငြိမ်မှုများ)စသော အမှန်တရားကို သိရှိဟောကြားတော်မူခဲ့သော ဗုဒ္ဓမြတ်စွာ၏ ဓမ္မနှင့်သာ ဤကမ္ဘာကြီးကိုပြုပြင်ရပါမည်။ ကမ္ဘာတစ်ခွင် ဒေသအများရှိ၊ ဗုဒ္ဓဘာသာဝင်ဂိုဏ်းအမျိုးမျိုးတို့ အချင်းချင်း နားလည်သဘောပေါက် လာစေရန်နှင့် စည်းလုံးညီညွတ်ကြပြီး၊ ချစ်ကြည်ရေးခိုင်မြဲစေရန်အတွက် အမြင် သဘောထား၊ အတွေး အခေါ်များဖလှယ်ကြရန်၊ ဒေသစွဲ၊ ဂိုဏ်းစွဲများကို ကျော်လွှားပြီး အစဉ်အလာနှင့် ယဉ်ကျေးမှု အမျိုးမျိုးရှိသော ပုဂ္ဂိုလ်တို့သည် ဤညီလာခံကြီးသို့ စုရုံးရောက်ရှိလာကြသည်။ ဤညီလာခံကြီး သည် လူသားအားလုံးအတွက် စစ်မှန်သော ငြိမ်းချမ်းမှု၊ တည်ငြိမ်မှုနှင့် သာယာဝပြောမှုသို့ဦးတည်သော မဟာခြေလှမ်းကြီးတစ်ရပ် ဖြစ်လာမည်ဟုမျှော်လင့်ပါသည်။

နီပေါနိုင်ငံရှိဗုဒ္ဓဘာသာသည်ကား သိဒ္ဓတ္တဂေါတမ မွေးဖွားချိန်ကတည်းက စတင်ခဲ့ပါသည်။ သို့သော်ငြားလည်း ဗုဒ္ဓဘာသာ၏အလားအလာကို ပြောဟောကြရင်း အချိန်ကြာမြင့်စွာ ပျောက်ကွယ်နေ ပြီးနောက်မှ ဗုဒ္ဓဘာသာပြန်လည်ရှင်သန်ပေါ်ထွန်းလာရေးကိစ္စကို ဆောင်ရွက်ကြရသည်မှာ ပဏာမ အဆင့်၌သာ ရှိနေသေးသည်။ ကိုယ်ကျင့်တရား၊ ကိုယ့်ကိုယ်ကိုထိန်းချုပ်ခြင်း၊ သမာဓိနှင့် ပညာဉာဏ်တို့ နှင့် အကြမ်းဖက်မှုများကို လျော့ကျစေရန်တိုးတက်၍လုပ်ဆောင်ကြရပါမည်။ (ဗုဒ္ဓ)ဟောကြားသော တရားများအနက် "စစ်သည်စိတ်ထဲတွင် စ သန္ဓေတည်သကဲ့သို့ ငြိမ်းချမ်းမှုသည်လည်း စိတ်ထဲတွင် စ သန္ဓေတည်သည်" ဟူသော အခြေခံတရားကို ကျွန်ုပ်တို့အားလုံး လက်ခံယုံကြည်ကြသည်။ နီပေါနိုင်ငံတွင် လူသားတို့၏ဘဝကို ခြောက်လှန့်နေသော လက်ရှိပဋိပက္ခများ လျော့ကျသွားစေရန် ဤညီလာခံကြီးသို့ စုဝေးရောက်လာကြသော ပုဂ္ဂိုလ်ကြီးတို့၏ အသိစိတ်များမှ အတွေးအခေါ်အယူအဆများကို ပေါင်းစုရရှိ

လာမည်ဟု ကျွန်ုပ်တို့ စွဲမြဲစွာယုံကြည်ပါသည်။ ဗုဒ္ဓမြတ်စွာ ဘုရား၏ မဂ္ဂင်ရှစ်ပါးကို လိုက်နာကျင့်ကြံခြင်းဖြင့် ငြိမ်းချမ်းမှု ပြန်လည်ရှင်သန်ရေးအတွက် ဆောင်ရွက်ရာ၌ ကျွန်ုပ်တို့ အောင်မြင်ကြမည်ဟု တထစ်ချ ထင်မြင်ကြပါသည်။ မနုဿလူသားသည်သာ မြင့်မြတ်သော စိတ်ပိုင်းဆိုင်ရာနှင့် အသိဉာဏ်ပညာတို့ ဖွံ့ဖြိုးတိုးတက်မှုတွင် စွမ်းဆောင်နိုင်သည်။ အခြားမည်သည့် သက်ရှိ သတ္တဝါများကမျှ မစွမ်းဆောင်နိုင်ဟု ဗုဒ္ဓဘာသာက လေးနက်စွာဟောကြားခဲ့သည်။ သို့သော် ကမ္ဘာကြီးတွင် မှီတင်းနေထိုင်ကြသော သက်ရှိသတ္တဝါအားလုံးသည် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကိုသာ အားသွန်ခွန်စိုက် ကြိုးပမ်းရှာဖွေနေကြသည်မှာ လျှို့ဝှက်ချက် မဟုတ်ပါ။ ထင်ရှားသော အဖြစ်မှန်သာတည်း။ နိပေါနိုင်ငံသည်လည်း ခွင်းချက် မဟုတ်ပါ။ ရုပ်ပိုင်းဆိုင်ရာစည်းစိမ်များ၊ ပျော်ရွှင်မှုများအား လုံး ပိုင်ဆိုင်ရယူနိုင်ရေးအတွက် ငွေကြေးဓန ရရှိရန် လူသားအားလုံး အကြောက်အကန်၊ အပြေးအလွှား သူ့ထက်ငါ ကြိုးပမ်းနေကြသည်။ ကာမဂုဏ် အာရုံများအပေါ် အခြေတည်သော ရုပ်ပိုင်းဆိုင်ရာ ပျော်ရွှင်သာယာမှုသည် အမှားဖြစ်ကြောင်းကို လူသားများစွာတို့ သဘောပေါက်လာကြသည်။ ထို့ကြောင့် သူတို့သည် ယခုအခါ ငြိမ်းချမ်းမှုကို ရှာဖွေနေကြရာ ယင်းငြိမ်းချမ်းမှုသည် သူတို့၏ အသည်းနှလုံး စိတ်များအတွင်း၌ ဖုံးကွယ်ကိန်းအောင်းလျက် ရှိနေသည်ကို မသိရှာကြသေးပါ။ သူတို့သည် ငြိမ်းချမ်းမှုရရေးအတွက် ဗုဒ္ဓ၏အဆုံးအမများကို အာရုံပြုရှာဖွေလာကြသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် သူတို့၏ရှာဖွေမှုကို အဆုံးသတ်သွားစေရန် တည်တည်ငြိမ်ငြိမ် ကူညီနိုင်ကြပါသည်။ ထို့ကြောင့် ဤဗုဒ္ဓဘာသာ ထိပ်သီး ညီလာခံနှင့် အလားတူ ထိပ်သီးညီလာခံများက ကမ္ဘာတွင် ငြိမ်းချမ်းမှုရရေးနှင့် စစ်မှန်သော ပျော်ရွှင်ချမ်းမြေ့မှုရရှိရေးအတွက် ဗုဒ္ဓဓမ္မကို ဖြန့်ကျက် ဟောကြားပေးရာတွင် အမြင်ချင်းဖလှယ်ကြရပါမည်။

၁၉၅၄–၅၆ ခုနှစ်များက ဤနေရာ ဤဌာနမှာပင် ဆဋ္ဌသံဂါယနာတင်ချိန်က သီရိလင်္ကာနိုင်ငံက မဟာထေရ်ကြီး အာနန္ဒမေတ္တေယျ မိန့်တော်မူခဲ့သော ဩဝါဒမှ အောက်ပါအပိုဒ်ကို ဖော်ထုတ်ပြလိုပါသည်။

**ဗုဒ္ဓ၏ဓမ္မတရားကို ဖော်ထုတ်ဖြန့်ကျက်သော ဤကြိုးပမ်းမှု၌ ထိုင်းလင်း၊ သီဟိုဠ် စသော ဗုဒ္ဓဘာသာနိုင်ငံများအတွက် မြန်မာနိုင်ငံသည် ဦးဆောင်လမ်းပြဖြစ်လာပါပြီ။**

ဗုဒ္ဓသာသနာကို မြှင့်တင်ခြင်း၊ ဓမ္မတရားကိုဖြန့်ခြင်းအတွက် ရဟန်းရှင်လူ အပေါင်းတို့၏ အားသွန်ခွန်စိုက်၊ စိတ်ရောကိုယ်ပါရှိသော တက်ကြွမှုသည်ကား နိုင်ငံတိုင်း၌ တဖြည်းဖြည်းတိုးတက်ပွားများလာပါပြီ။ မကြာမီကာလအတွင်း သဗ္ဗညု ဗုဒ္ဓမြတ်စွာဘုရား၏သာသနာတော်ကြီး ကမ္ဘာတစ်ဝန်းသို့ ပြန်လည်ပျံ့နှံ့ထွန်းကားလာမည်ဟု မျှော်လင့်ပါသည်။

ဤသို့ဆောင်ရွက်မှုတွင် မြန်မာနိုင်ငံအား အခြားသောနိုင်ငံအပေါင်းတို့က ထိုက်တန်စွာဂုဏ်ပြုထောပနာကြပါလိမ့်မည်။

မြန်မာအမျိုးသားတစ်ရပ်လုံး၏ ကြီးပွားတိုးတက်မှုသည်ကား ဗုဒ္ဓသာသနာ၏ ကျေးဇူးတရားကြောင့်သာဖြစ်ပြီး ဗုဒ္ဓသာသနာကျဆင်းခြင်းသည် မြန်မာအမျိုးသား တစ်ရပ်လုံး၏ကျဆုံးမှုသာတည်း။

စစ်အတွင်းကာလများကလည်းကောင်း၊ အခြားသောဒုက္ခအမျိုးမျိုး ဘေးအန္တရာယ် အသွယ်သွယ်နှင့်ကြုံသောအခါများကလည်းကောင်း၊ မဆိုင်းမတွ စွမ်းပကားဝီရိယ၊ သူရသတ္တိ၊ ခုခံနိုင်စွမ်းအပြည့်နှင့် ရင်ဆိုင်ရန် မြန်မာအမျိုးသားတစ်ရပ်လုံး အားပေးခဲ့သော ဇာတိမာန်မှာ ဗုဒ္ဓဘာသာထံကရရှိခဲ့သည်။

ထို့ကြောင့် လွပ်လပ်ရေးပြန်လည်ရရှိပြီးလျှင်ပြီးခြင်း ဗုဒ္ဓသာသနာကြီးပွား တိုးတက်ထွန်းကားရေး၊ သန့်ရှင်းရေးကို မြန်မာအမျိုးသားတစ်ရပ်လုံးကသံနှိုင်းဌာန်ချ ဆောင်ရွက်သည်မှာ မှန်ကန်လှသည်။ ထို့ကြောင့် ဆဋ္ဌသံဂါယနာကြီး အောင်မြင်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် မြန်မာတို့သည် သူတို့ယုံကြည်ကိုးကွယ်သော ဘာသာ သာသနာအပေါ် တာဝန်ကျေကြပါသည်။ ထို့အတူ သူတို့၏ ယဉ်ကျေးမှုကိုပါ တာဝန်သိသိ ထိန်းသိမ်းစောင့်ရှောက်ကြသည်။ မြန်မာတို့သည် အခြားနိုင်ငံ၊ အမျိုးသားများအတွက် စံပြဖြစ်လာသည်။

ဖေါ်မပြဘဲ ချန်ထား၍မဖြစ်သော အချက်တစ်ခု ရှိပါသေးသည်။ အားလုံး သိကြသည့်အတိုင်း ကျွန်ုပ်တို့၏ဘာသာတွင် အပိုင်းသုံးပိုင်းရှိသည်။ ပရိယတ္တိ၊ ပဋိပတ္တိနှင့် ပဋိဝေဓတို့ဖြစ်သည်။ ယင်းသာသနာသုံးရပ်အနက် ပထမနှစ်ရပ်ကို အခြားထေရဝါဒဗုဒ္ဓဘာသာနိုင်ငံများတွင် ယခုအထိ ကျေနပ်ဖွယ်ရာ အခြေအနေတွင် ရှိနေသေးသည်ကို တွေ့ရပါသည်။ တတိယသာသနာရပ်တွင်မူ အားပျော့နေသည်ကို တွေ့ရပါသည်။ သို့သော် မြန်မာနိုင်ငံတွင်မူ ပရိယတ္တိနှင့် ပဋိပတ္တိသာသနာနှစ်ရပ် ပြည့်စုံသည် သာမက ပဋိဝေဓ သာသနာသည်လည်း ယနေ့အထိ ရှင်သန်ထွန်းကားနေသည်ဟု ကျွန်ုပ်ယုံကြည်ကြောင်း ရဲဝံ့စွာ ကျွန်ုပ်၏ ပုဂ္ဂိုလ်ရေးအမြင်ကို ဖေါ်ထုတ်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် အရိယာပုဂ္ဂိုလ်များ ရှိနေဆဲဖြစ်သည်ဟု ကျွန်ုပ်ယုံကြည်သည်။

ဤနေရာတွင်လည်း မြန်မာနိုင်ငံသည် အခြားဗုဒ္ဓဘာသာနိုင်ငံများထက် သာလွန်နေပါသည်။ ထို့ကြောင့် ဤလိုနိုင်ငံမျိုးကလူတို့သည် အလွန်တရာ ဘာသာရေး ကိုင်းရှိုင်းသူများဖြစ်ပြီး သူတို့၏ ဘာသာအတွက် အချိန်မရွေး သူတို့၏ကိုယ်ခန္ဓာ၊ အသက်နှင့် အိုးအိမ်စည်းစိမ်ကိုပါ စွန့်လွှတ်ရန် အသင့်ရှိနေကြသည်မှာ အံ့ဩဖွယ်ရာ မဟုတ်တော့ပါ။ ထို့ကြောင့် အောက်ပါအတိုင်း စကားပုံသဖွယ် မှန်ကန်စွာ ပြောစမှတ်ပြုလာကြပါသည်။

**ဗုဒ္ဓသာသနာကို လှိုက်လှဲစွာမြတ်နိုးကြပြီး၊ ထက်သန်စွာ လက်တွေ့ ကျင့်သုံးခြင်းကို မြင်တွေ့လိုပါက မြန်မာနိုင်ငံသို့ သွားကြည့်ပါ-ဟူ၍ဖြစ်ပါသည်။**

နောက်ဆုံးအနေနှင့် နိဂုံးချုပ်ပြောလိုသည်မှာ ငြိမ်းချမ်းမှုအတွက် မျှော်လင့်ချက် အသစ်ထားရှိပြီး ယင်းအတွက် ကျွန်ုပ်တို့အတူတကွဆောင်ရွက်ရန် သန့်ဌာန်ချကြပါစို့။

ဗုဒ္ဓ၏မှန်ကန်သန့်စင်ပြီး သိပ္ပံနည်းကျလှသော ဓမ္မတရားတော်ပြန့်ပွားပါစေ။ လူတိုင်း၏ ဟဒယနှလုံးနှင့် စိတ်ဓါတ်အတွင်းဆီသို့ ရောက်ရှိပါစေ။ ဓမ္မတရားတော်၏ ခွန်အား၊ စွမ်းပကားကကမ္ဘာကြီး တစ်ခုလုံးအား ထာဝရငြိမ်းချမ်းမှုနှင့်ရောင့်ရဲမှု၊ ပျော်ရွှင်မှု၊ ကျေနပ်မှုနှင့်မေတ္တာတရားပြည့်ဝသော နှလုံးသားနှင့် နေထိုင်သွားကြစေရန် ဖျောင်းဖျဆောင်ကျဉ်းနိုင်ပါစေသောဝ်။

ဗုဒ္ဓသာသနာ အဓွန့်ရှည်စေသောဝ်။

ဘိက္ခု အရှင် ဉာဏပူနိက

နီပေါ

## ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ

**ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံဃရာဇာ ဆရာတော်ဓမ္မသင်္ဂဟ ပေးပို့သော သဝဏ်လွှာ (ဘာသာပြန်)**
ကမ္ဘာဗုဒ္ဓဘာသာထိပ်သီးညီလာခံ ဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူး
နိုင်ငံတော်သံဃမဟာနာယက အဖွဲ့မှ အရှင်သူမြတ်များ
ဂုဏ်သရေရှိကိုယ်စားလှယ်တော်များ
ဧည့်သည်တော်များ
လူကြီးမင်းများ

မြန်မာနိုင်ငံရဲ့ မဟာပါသာဏလိုဏ်ဂုဟာ ကျင်းပမဲ့ ဗုဒ္ဓဘာသာထိပ်သီးအစည်းအဝေးကို (ကမ္ဘာ့ဗုဒ္ဓဘာသာ ညီလာခံ)တက်ရောက်ဖို့ ဖိတ်ကြားခြင်းခံရတဲ့အတွက် ယခုအခါ ကျွန်ုပ်အနေနဲ့အလွန်ဝမ်းမြောက်ပျော်ရွှင်မိပါတယ်။ ဒီ ထိပ်သီး အစည်းအဝေးပွဲကို တက်ရောက်ဖို့အတွက် ကျွန်ုပ်အနေနဲ့ များစွာဂုဏ်ယူပြီး စိတ်လှုပ်ရှားမှု ဖြစ်ရပါတယ်။ ပထမဦးစွာ ကျွန်ုပ်အနေနဲ့ ဒီညီလာခံကို တက်ရောက်ကြမဲ့ လေးစားအပ်တဲ့ ကိုယ်စားလှယ်အားလုံးကို ကောင်းမြတ်တဲ့ဆန္ဒနဲ့ လေးစားတဲ့ကြိုဆိုမှုနဲ့ နှုတ်ခွန်းဆက်သပါတယ်။ ဒီထိပ်သီးအစည်းအဝေးပွဲဟာ ကျွန်ုပ်တို့ အားလုံးကို အမြင်မှားစေတဲ့ မသိနားမလည်မှုတွေ၊ ဒေါသ၊ လောဘတို့ကို ကျော်လွှားအောင်မြင်နိုင်ဖို့အတွက် ပိုမိုပြီးနားလည်မှု၊ အသိပညာ ထွန်းပြောင်မှုနဲ့ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးတို့ အတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်လို့ ပါဝင်တက်ရောက်သူ အားလုံး အတွက် စည်းလုံး ညီညွတ်မှု၊ ကောင်းမွန် သော အခွင့်အလမ်းရရှိမှုတို့ကို ဖြစ်စေမယ့် အခါသမယလည်း ဖြစ်ပါတယ်။

လေးစားအပ်သောဥက္ကဋ္ဌကြီး

ဗုဒ္ဓဘာသာထိပ်သီးအစည်းအဝေးဟာ နှစ်ဆယ့်တစ်ရာစုနှစ်မှာ ဗုဒ္ဓရဲ့စစ်မှန်တဲ့ စံနမူနာနဲ့အဘိဓမ္မာတို့ ပြန့်ပွားစေဖို့အတွက်လည်းကောင်း၊ ကမ္ဘာပေါ်မှာရှိတဲ့ ကွဲပြားတဲ့ဗုဒ္ဓဘာသာ ယဉ်ကျေးမှုတွေကို နီးစပ်စေဖို့လည်းကောင်း၊ မိတ်ဆွေဖြစ် ပူးပေါင်း ဆောင်ရွက်မှု၊ အတူတကွ ယှဉ်တွဲ နေထိုင်မှုတို့ကို ထိန်းသိမ်းဖို့အတွက်လည်းကောင်း၊ ဗုဒ္ဓဘာသာဝင်တွေအကြား ချစ်ကြည်ရေးအတွက် လည်းကောင်း အလွန်အရေးကြီးတဲ့ အခန်းကဏ္ဍကပါဝင်ဆောင်ရွက်လိမ့်မယ်လို့ ယုံကြည်ပါတယ်။

လူသားတို့ဟာ အာကာသကို ကျော်လွှားအောင်မြင်ခဲ့ပါတယ်။ လူသားတို့ဟာ မိမိကိုယ်ကို မိမိ မဟာလူသားအဖြစ် မြှင့်တင်ဖို့ပဲကြိုးစားလျက်ရှိကြပါတယ်။ ဒါပေမဲ့ အခြားသူတွေအပေါ် ချစ်ခင်ကြင်နာမှုမရှိတဲ့အတွက် မိမိကိုယ်ကိုမိမိ သိက္ခာရှိတဲ့လူသားအဖြစ် ရပ်တည်ဖို့ ဆောင်ရွက်နိုင်စွမ်း မရှိပါဘူး စိတ်ပိုင်း ဆိုင်ရာပိုင်ဆိုင်မှုမရှိဘဲ ရုပ်ပိုင်းဆိုင်ရာအောင်မြင်မှုကို အလေးထားတဲ့အတွက် စစ်မှန်ပြီး ထာဝရ တည်ရှိမယ့် ပျော်ရွှင်မှုမျိုး မရရှိကြပါဘူး။

ကျွန်ုပ်တို့ဟာ အတိတ်ကာလက လူတို့ရဲ့အပြုအမူဆိုင်ရာ သမိုင်းကို လေ့လာတဲ့အခါ ခေတ်သစ်လူတို့ရဲ့ စိတ်ဓာတ်ရေးရာပြုမူမှုဟာ ကျွန်ုပ်တို့ရဲ့ယဉ်ကျေးမှု တိုးတက်နေကြောင်း ထုတ်ဖော်နေပေမယ့် ကျွန်ုပ်တို့ရဲ့ ဘိုးဘွားတွေထက်ပိုမိုသာလွန်မှုမရှိကြောင်း ယုံမှားသံသယ ကင်းမဲ့စွာနဲ့သဘောတူညီကြပါတယ်။ တချို့ခေတ်သစ်တွေးခေါ်မြော်မြင်သူတို့က မကောင်းမှုဆိုတာဟာ လူရဲ့လုပ်ရပ်မှာ သဘာဝအလျောက် အပိုင်းတစ်ပိုင်းအဖြစ် ပါဝင်နေလို့ ၎င်းကို ကောင်းမွန်စေဖို့အတွက် လုပ်ဆောင်ဖို့မှာ လက်တွေ့လည်းမကျ၊ အချည်းနှီးလည်းမကျတဲ့ လုပ်ဆောင်ချက်လို့ ယူဆကြပါတယ်။ ၎င်းတို့က လူအမျိုးမျိုးဟာ

ကျူးလွန်ခဲ့တဲ့ လုယက် ဖျက်ဆီးမှုတွေ၊ မုဒိန်းမှုတွေ အကြမ်းဖက်မှုတွေ၊ လူသတ်မှုတွေ စတာတွေကို ကြောက်မက် ဖွယ်ရာ ဆိုးသွမ်းတဲ့ လုပ်ရပ်အနေနဲ့ ညွှန်ပြကြပါတယ်။ ယဉ်ကျေးတဲ့သူတို့က ဘယ်လိုပဲ ကြိုးစားစေပေမဲ့ နိုင်ငံ အသီးသီးနိုးပါးမှာ ကြောက်မက်ဖွယ်ရာကောင်းတဲ့ ဒီအဖြစ်ဆိုးတွေကို ဆက်လက် ကြုံတွေ့.ရမယ်လို့ ငြင်းခုံပြောဆိုကြပါတယ်။ ဒီလိုနဲ့ တချို့တွေးမြင်သူတို့အနေနဲ့ လူသားမျိုးနွယ်တို့ရဲ့ ကြမ်းကြုတ်ရက်စက်မှုတွေ လျော့နည်းသွားဖို့ ကြိုးပမ်းဆောင်ရွက်လိုတာကို လက်လျော့ခဲ့ကြပါတယ်။

ဂုဏ်သရေရှိပုဂ္ဂိုလ်များ

ဗုဒ္ဓဘာသာပဲဒီလိုအကြမ်းဖက်မှုကနေ လူသားတို့ကို ကာကွယ်စောင့်ရှောက်ပေးနိုင်ပါတယ်။ ဘုရားရှင်တော်မြတ်က လူသားတို့ကို ငြိမ်းချမ်းစွာနဲ့ ညီညွတ်စွာနေထိုင်ကြဖို့ ဟောကြားဆုံးမခဲ့ပါတယ်။ မြင့်မြတ်တဲ့ဆရာဖြစ်တဲ့ ဗုဒ္ဓမြတ်ဘုရားက သူ့ရဲ့နောက်လိုက်တွေကို သူ့ရဲ့ဟောကြားချက်တွေအပေါ် မျက်ကန်းယုံကြည်မှုတွေမဖြစ်စေဖို့သေချာစွာ ချဉ်းကပ်လေ့လာခြင်း၊ စူးစမ်းခြင်းတို့ကို ပြုလုပ်ပြီးမှ လက်ခံဖို့ အတွက်လည်းကောင်း၊ မိမိတို့ရဲ့ ကိုယ်ပိုင်အတွေ့အကြုံနဲ့.အသိဉာဏ်တို့ကို အခြေခံပြီး လက်ခံသင့်မသင့် ဆုံးဖြတ်ဖို့.အတွက်လည်းကောင်း မိန့်ကြားခဲ့ပါတယ်။ ရှင်တော်ဘုရားရဲ့ ရိုးသားတဲ့ဟောကြားချက်ဟာ "ကောင်းတဲ့အလုပ်ကိုလုပ်ပါ၊ မကောင်းတဲ့အလုပ်ကို ရှောင်ရှားပါ၊ စိတ်ဓါတ်ကို စင်ကြယ်စေပါ" လို့ဖေါ်ပြထားပါတယ်။

ကျွန်ုပ်တို့ဟာမြင့်မြတ်တဲ့မဂ္ဂင်ရှစ်ပါးကို လိုက်နာကျင့်သုံးပြီး ငါးပါးသီလကို ကျွန်ုပ်တို့ရဲ့ နေ့စဉ်ဘဝမှာ ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် ကျွန်ုပ်တို့ရဲ့စိတ်ဓာတ်ဟာ မကောင်းမှုအားလုံးက လွတ်မြောက်ပြီး သန့်ရှင်းစင်ကြယ်နေပါလိမ့်မယ်။ မေတ္တာတရားနဲ့ ကြင်နာမှုကို ပွားများစေမဲ့ အသိဉာဏ်နဲ့ ယှဉ်တဲ့လက်တွေ့ဟာ ကမ္ဘာငြိမ်းချမ်းရေးအတွက် အလွန်လိုလားအပ်ပါတယ်။ အမုန်းတရားကို အမုန်းတရားနဲ့ ချေဖျက်နိုင်ခြင်းမရှိပါဘူး။ မေတ္တာတရားနဲ့ကြင်နာမှုတို့နဲ့သာ ချေဖျက်နိုင်ပါတယ်။ ဒီမေတ္တာတရားနဲ့ ကြင်နာမှုဟာ ကမ္ဘာ့ဘန်းထိုင်ခြင်း၊ လက်တွေ့ကျင့်သုံးခြင်းတို့နဲ့ အလွယ်တကူရရှိနိုင်ပါတယ်။

ဒါယကာ၊ ဒါယိကာမများ

ဗုဒ္ဓဘာသာ အစဉ်အလာတွေ၊ ယဉ်ကျေးမှုတွေ၊ ဗုဒ္ဓဘာသာဝင်လူမျိုးတွေအကြားမှာ ကွဲပြားမှုတွေကြောင့် ဖြစ်ပေါ်လာတဲ့ အတားအဆီးတွေကို ကျော်လွှားဖို့အတွက် ကျွန်ုပ်တို့ ဆောင်ရွက်သင့်တဲ့ အရေးကြီးတဲ့အချက်တွေကို တင်ပြလိုပါတယ်။ ထေရဝါဒ၊ မဟာယာန၊ ဝဇိရာယာန၊ ကာလာစကြဈယာန၊ သဟဇယာန၊ တိဗက်ဗုဒ္ဓဘာသာကိုဏ်း၊ ဇင်ဗုဒ္ဓဘာသာ စတဲ့ အမျိုးမျိုးသော ဗုဒ္ဓဘာသာဂိုဏ်းတွေအားလုံး ကွဲပြားခြားနားမှုကို လျော့နည်းပြီး စည်းလုံးညီညွတ်စွာနဲ့ တစ်စုတစ်စည်းတည်း ရပ်တည်နိုင်ဖို့အတွက် အပေါင်းလက္ခဏာပြတဲ့ လက်တွေ့လုပ်ငန်းတွေကိုဆောင်ရွက်ဖို့ ကောင်းမွန်တဲ့ အချိန်အခါသမယ ဖြစ်ပါတယ်။

အဲဒီလို ကွဲပြားတဲ့ ယုံကြည်ချက်တွေကြောင့် ဗုဒ္ဓဘာသာတွေကို တောင်အာရှမှာရှိတဲ့ ဗုဒ္ဓဘာသာနဲ့ ဗုဒ္ဓဘာသာဝင်မဟုတ်တဲ့ နိုင်ငံတွေမှာ အခြားဘာသာဝင်တွေအဖြစ်ကို ကူးပြောင်းသွားစေခဲ့ပါတယ်။ ၎င်းတို့ဟာ အမျိုးမျိုးသော ဘေးဒုက္ခဆိုးတွေကို ရင်ဆိုင်ကြရမယ်။ ၎င်းတို့ဟာ စီးပွားရေး၊ ပညာရေး၊ နိုင်ငံရေးအရ ဖွံ့ဖြိုးမှုမရှိကြပါဘူး ဒါကြောင့် ကျွန်ုပ်တို့ဟာ ၎င်းတို့အတွက် ရပ်တည်ပြီး နည်းလမ်းကောင်းတွေရှာဖွေဖို့.ကိုယ်စားလှယ်တော်တွေကို နှိုးဆော်တိုက်တွန်းလိုပါတယ်။

ဆရာတော်အရှင်သူမြတ်များနဲ့ ဒါယကာ၊ ဒါယိကာမများ

ကျွန်ုပ်နေထိုင်တဲ့ဘင်္ဂလားဒေ့(ရှ်) က ဗုဒ္ဓဘာသာဝင်တွေဟာ ၎င်းတို့ရဲ့မြင့်မြတ်တဲ့ အစဉ်အလာနဲ့ အမွေကိုရရှိတဲ့အတွက် အလွန်ဂုဏ်ယူကြပါတယ်။ နလန္ဒာမှာရှိတဲ့ အကြီးဆုံးတက္ကသိုလ်ရဲ့ကျောင်းအုပ်ကြီးဖြစ်တဲ့ အလွန်ထူးခြားတဲ့ ဘုန်းတော်ကြီး ဘိက္ခုသီဟဘဒ္ဒရ မထေရ်ဟာ ဘင်္ဂလားဒေ့(ရှ်) နိုင်ငံမှာရှိတဲ့ "ကိုမိလာ" မှာ မွေးဖွားတာဖြစ်ပါတယ်။ အလွန်ထူးခြားကျော်ကြားတဲ့ အရှင်အာဒိစ္စအတိသ သီရိမာဟာ ဘင်္ဂလားဒေ့(ရှ်)နိုင်ငံ "ဒါကာ" မြို့ ခိကရမ်ပူရ မှာရှိတဲ့ ဘဂ္ဂယောဂိနီကျေးရွာမှာ ဖွားမြင်ခဲ့ ပါတယ်။ အိန္ဒိယတိုက်ငယ်မှာ ပထမဆုံး D.Litt ဘွဲ့ရတဲ့ ပါမောက္ခဘေနီမာဒက်(ဘ်)ဘရူးဝါးဟာ ဘင်္ဂလားဒေ့(ရှ်) နိုင်ငံ စစ်တကောင်းမြို့ မဟာမုနိ ပဟာတလီရွာမှာ ဖွားမြင်ပါတယ်။ ဘာသာတရားကို အလွန်ကိုင်းရှိုင်းပြီး မြင့်မြတ်တဲ့ အရှင်ကာမဂေါဂီ ကရိုဝသရမ် မဟာထေရ်ဟာ ဘင်္ဂလားဒေ့(ရှ်)နိုင်ငံ စစ်တကောင်းမှာရှိတဲ့ ကျွန်ုပ်ရဲ့ရွာဖြစ်တဲ့ ဥနောပူရမှာ ဖွားမြင်ပါတယ်။ ဒီလိုဖော်ပြရတာဟာ လေးစားအပ်တဲ့ ကိုယ်စားလှယ်တော်ကြီးတွေ ကျွန်ုပ်တို့ရဲ့ ကျက်သရေရှိတဲ့အတိတ်ကို ပြန်လည်ဖော်ထုတ် တင်ပြဖို့အတွက် တင်ပြခြင်း ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ပျံလွန်တော်မူသွားကြပြီဖြစ်တဲ့ ကျွန်ုပ်ရဲ့ကျေးဇူးရှင်ဆရာတော် အရှင်ဉာဏိသရ မဟာထေရ်နဲ့ အရှင်ဘန်ရှဝါဒီမဟာထေရ်တို့ကို မြတ်ဘုရားရဲ့ ဓမ္မစာပေများ လေ့လာသင်ကြား ဆည်းပူးခွင့်ပြုပေးခဲ့တဲ့ မြန်မာနိုင်ငံအစိုးရနဲ့ ပြည်သူများကို လေးစားပါကြောင်းနဲ့ ဆုမွန်ကောင်းများ တောင်းပေးပါကြောင်း ပြောကြားလိုပါတယ်။

တဖန်ဘင်္ဂလားဒေ့(ရှ်)နိုင်ငံ ဗုဒ္ဓဘာသာဝင်တွေကိုယ်စား ဗုဒ္ဓဘာသာထိပ်သီးညီလာခံ ကျင်းပရေးကော်မတီဝင်တွေ၊ အစိုးရနဲ့.မြန်မာပြည်သူတွေကို လေးနက်စွာနဲ့ ကျေးဇူးအထူးတင်ရှိကြောင်း တင်ပြလိုပါတယ်။

ဆရာတော်ဓမ္မသင်္ဂဟ

ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံဃရာဇာ

## မလေးရှားနိုင်ငံ

### မလေးရှားနိုင်ငံမှ အရှင် ဒေါက်တာ ညီဝမွန္ဒ ပေးပို့သော သဝဏ်လွှာ (ဘာသာပြန်)

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကို ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ၂၀၀၄-ခုနှစ် ဒီဇင်ဘာလ (၉) ရက်နေ့မှ (၁၁) ရက်နေ့ထိ ကျင်းပမည်ကို ဂုဏ်ယူဝမ်းမြောက်မိပါသည်။ ကမ္ဘာ့ဗုဒ္ဓဘာသာခေါင်းဆောင်များ၊ ဂျပန်၊ ထိုင်းနှင့် ကမ္ဘောဒီးယားနိုင်ငံတို့တွင် စုဝေးခဲ့သော ယခင်ညီလာခံများကို တက်ရောက်နိုင်ခဲ့သောကြောင့် ဝမ်းမြောက်မိပါသည်။ အဆိုပါညီလာခံများတွင် ကမ္ဘာ့(ဗုဒ္ဓဘာသာ) ခေါင်းဆောင်အားလုံးတို့သည် ယင်းတို့၏ စည်းလုံးညီညွတ်မှုကို ဖေါ်ထုတ်ခဲ့ကြပါသည်။ လွန်ခဲ့သော နှစ်ဆယ့်ငါးရာစုအတွင်း မရေမတွက်နိုင်သော လူပေါင်းများစွာတို့ ရရှိခံစားခဲ့ကြရသော ကြီးမားသော အကျိုးကျေးဇူးများကို နောင်လာနောက်သားတို့ ရရှိခံစားကြနိုင်စေရန် ဗုဒ္ဓသာသနာတော်ကို ထိန်းသိမ်း စောင့်ရှောက်ရန်နှင့် ထွန်းကားအောင် ဆောင်ရွက်ရန် ချမှတ်ထားသော ယင်းတို့၏ သန္နိဋ္ဌာန်ကိုလည်း ပြသခဲ့ကြပါသည်။

ဤမျှကြီးကျယ်သော နိုင်ငံတကာအခမ်းအနားမျိုး ကျင်းပရေးကို စိစဉ်ရသည်မှာ လွယ်ကူသည်မဟုတ်ပါ။ ဤညီလာခံများကို တင့်တယ်ခမ်းနားစွာ ဆင်ယင်ကျင်းပခဲ့ရုံသာမက ကိုယ်စားလှယ်တော်များကို အလွန်ကောင်းမွန်စွာ ပြုစုစောင့်ရှောက်နိုင်ရန် အထူးစိစဉ်ဆောင်ရွက်ခဲ့ကြသော ဤညီလာခံတစ်ခုချင်းကို ပြင်ဆင်ကျင်းပသူများအား အထူးကျေးဇူးတင်မိပါသည်။ ဤညီလာခံများအပြီးတွင် ခေါင်းဆောင်များသည် ဗုဒ္ဓသာသနာတော်အကျိုးသယ်ပိုးရန် အားမာန်သစ်၊ သန္နိဋ္ဌာန်သစ်ဖြင့် ယင်းတို့၏ နိုင်ငံအသီးသီးတို့သို့ ပြန်သွားခဲ့ကြပါသည်။

တတိယထောင်စုနှစ်၏ အဦးအစကို အထိမ်းအမှတ်ပွဲများ၊ ကမ္ဘာ့ငြိမ်းချမ်းရေး အဓွန့်ရှည်တည်တံ့မည်ဟူသော မျှော်လင့်ချက်များဖြင့် ကြိုဆိုခဲ့ကြပါသည်။ သို့သော် စက်တင်ဘာလ (၁၁)ရက်နေ့ နယူးယောက်မြို့ ကမ္ဘာ့ကုန်သွယ်ရေးအဆောက်အအုံကို အဓိပ္ပါယ်မဲ့ တိုက်ခိုက်ဖျက်ဆီးခဲ့ခြင်းနှင့် အပြစ်မဲ့သူ ထောင်ပေါင်းများစွာ အသက်ဆုံးရှုံးခဲ့ရသော တုန်လှုပ်ထိပ်လန့်ဖွယ် အဖြစ်ဆိုးကြီးက ထိုမျှော်လင့်ချက်များကို ဖျက်ဆီးပစ်ခဲ့ပါသည်။ ဤဖြစ်ရပ်က လက်တုန့်ပြန်မှုများနှင့် တာဝန်ရှိသူအားမဖြစ်မနေ ပြင်းထန်စွာ အပြစ်ပေးရန် ကြိုးပမ်းမှုများကို ဖြစ်ပေါ်စေခဲ့ပါသည်။ အတ္တလန္တိတ် သမုဒ္ဒရာ၏ နှစ်ဘက်လုံးတွင် ဖြစ်ပေါ်နေသော အကြမ်းဖက်မှုများ မပြီးမဆုံးနိုင်ဖြစ်နေသည်ကို စိတ်မချမ်းမြေ့ဖွယ်ရာတွေ့မြင်နေရပါသည်။ အပြစ်မဲ့သောနိုင်ငံများစွာသည်လည်း တိုက်ပွဲအတွင်းသို့ မလွဲမရှောင်သာရောက်ရှိခဲ့ကြပါသည်။

> သကျမုနိဗုဒ္ဓ၏ "အမျက်ဒေါသကို အမျက်ဒေါသဖြင့် မချေဖျက်နိုင်၊ မေတ္တာဖြင့်သာ ချေဖျက်နိုင်၏" ဟူသော သွန်သင်ဆုံးမမှုကို လိုက်နာရန် ယခင်ယခင်ကာလများကထက် များစွာပို၍ လိုအပ်နေပါသည်။

ကမ္ဘာ့ဗုဒ္ဓဘာသာဝင်တို့သည် မည်သို့သောအကြောင်းကြောင့်ဖြစ်စေ အကြမ်းဖက်မှု မှန်သမျှကို ရွှတ်ချပြစ်တင်ရန် စည်းလုံးညီညွတ်ကြရန် လိုအပ်ပါသည်။ မည်သည့်ဘက်ကိုမှ အပြစ်တင်ရန် မလိုအပ်ပါ။ သို့သော် မိမိတို့အားလုံးနှင့်ဆိုင်သော လူ့ယဉ်ကျေးမှုအမွေအနှစ်ကို အသိအမှတ်ပြုသော အသိဉာဏ်နှင့် ဆင်ခြင်တုံတရားရှိလာကြစေရန် တောင်းဆိုကြရမည် ဖြစ်ပါသည်။ ကမ္ဘာ့လောကကြီးတွင် အလွန်အမင်း လိုအပ်နေသည်မှာ ကရုဏာတရားဖြစ်ပါသည်။ လက်စားချေမှု သို့မဟုတ် စစ်အင်အားသာလွန်ကြီးမားသူ၏ ခြိမ်းခြောက်မှု သို့မဟုတ် အကြမ်းဘက် ခြိမ်းခြောက်မှုတို့က ပြဿနာကို မည်သည့်အခါမှ ဖြေရှင်းနိုင်မည်မဟုတ်ပါ။ အပြစ်မဲ့သော အသက်များကိုသာ ဆုံးရှုံးစေခဲ့ပါသည်။ မည်သည့်ဘာသာကိုသက်ဝင်ယုံကြည်သည်ဖြစ်စေ၊ ဘာသာတရားမရှိသူဖြစ်စေ၊ လူသားအားလုံး ငြိမ်းချမ်းစွာ နေထိုင်နိုင်ရေး

အတွက် မိမိတို့အနေဖြင့် ငြိမ်းချမ်းရေးနှင့် ချစ်ကြည်ရေးလိုလားမှုကို ဤညီလာခံကြီးတွင် ပူးတွဲထုတ်ပြန်ကြေညာနိုင်မည်ဟု မျှော်လင့်ပါသည်။

၂၀၀၄-ခုနှစ်သည် ဘုရားအဖြစ်သို့ ရောက်ရှိတော်မူသောနေရာနှင့် ဗုဒ္ဓဂါယာရှိ မဟာဗောဓိဘုရားကို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့က ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ကြေညာခဲ့ခြင်းကြောင့် ဗုဒ္ဓဘာသာဝင်အားလုံးအတွက် သမိုင်းဝင်သော နှစ်တစ်နှစ် ဖြစ်ပါသည်။ ကမ္ဘာ့လူဦးရေ ငါးပုံတစ်ပုံခန့်အတွက် အရေးပါသော ဤသမိုင်းဝင်နေရာကို ထိုက်တန်စွာ အသိအမှတ်ပြုလိုက်ခြင်း ဖြစ်ပါသည်။ အထိမ်းအမှတ်ပွဲလမ်းသဘင်ကို နယူးဒေလီတွင်သာမက ထိုမြင့်မြတ်သောနေရာတွင်ပါ ခမ်းနားသိုက်မြိုက်စွာ ထိုက်ထိုက်တန်တန် ကျင်းပပေးခဲ့ခြင်းအတွက် အိန္ဒိယနိုင်ငံအစိုးရကို ကျေးဇူးတင်မိပါသည်။ အိန္ဒိယအစိုးရသည် နိုင်ငံတစ်ဝန်းလုံး၌ ဗုဒ္ဓဘာသာဆိုင်ရာ အဓိကရနေရာများအား ဘုရားဖူး လာရောက်သူတို့အတွက် အဆောက်အအုံ၊ ပစ္စည်းပစ္စယတို့ကို ပိုမိုကောင်းမွန်အောင် ဖြည့်တင်းပေးလိုသောရည်ရွယ်ချက် ကိုလည်း ဖေါ်ထုတ် ကြေညာခဲ့ပါသည်။ ခရီးသွားလာရေး၊ တည်းခိုနေထိုင်ရေးနှင့် အဆိုပါဒေသများတွင် လုံခြုံရေးတိုးတက်ကောင်းမွန်စေရန် ကြိုးကျယ်သော အစီအစဉ် ချမှတ်ဆောင်ရွက်နေပြီဖြစ်သောကြောင့် အနာဂတ် ဘုရားဖူးခရီးသည်တို့သည် ယင်းတို့၏ အိန္ဒိယဘုရားဖူးခရီးစဉ်တွင် အနှောက်အယှက် ကင်းစွာ နေထိုင်သွားလာနိုင်ကြတော့မည် ဖြစ်ပါသည်။

သို့သော် အဆိုပါသမိုင်းဝင်နေရာသည် ဗုဒ္ဓဘာသာဝင်တို့၏ စိမ်အုပ်ချုပ်မှုအောက်သို့ လုံးဝ ရောက်ရှိလာခြင်း မရှိသေးကြောင်း ကျွန်ုပ်တို့ သတိပြုရန် လိုအပ်ပါသည်။ ထို့ကြောင့် မလိုလားအပ်သော ပြဿနာများစွာကို ပေါ်ပေါက်စေပါသည်။ ဤကိစ္စနှင့်ပတ်သက်၍ နိုင်ငံတကာဗုဒ္ဓဘာသာ အသိုင်းအဝိုင်းက ဤသီသာထင်ရှားစွာ လွဲချော်နေမှုကို ပြုပြင်စေရန် မိမိတို့၏ဆန္ဒကို သက်ဆိုင်ရာ အာဏာပိုင်တို့အား အသိပေးတင်ပြသင့်ပါသည်။

ဗုဒ္ဓဘာသာနိုင်ငံများ၏ ဆင်းရဲမွဲတေမှု ဖိစီးနေသောဒေသများရှိ လူဦးရေအမြောက်အမြားသည် "ကျင့်ဝတ်သိက္ခာမဲ့သော ဘာသာကူးပြောင်းခြင်း" (unethical conversions)ဟုခေါ်တွင်သော ဘာသာကူးပြောင်းမှုသဘောဖြင့် ဗုဒ္ဓဘာသာကို စွန့်ခွါခဲ့ကြသည်ကိုလည်း သတိပြုရန် လိုအပ်ပါသည်။ ဤဖြစ်ရပ်ကြောင့် လူမှုရေးအနှောက်အယှက်များစွာ ဖြစ်ပေါ်ခဲ့ပါသည်။ ပြည်ပသာသနာပြုတို့ကလည်း မိမိတို့၏ မွန်မြတ်သော သာသနာကို ပျက်ရယ်ပြု သိက္ခာချခဲ့ကြပါသည်။ ဤအပြုအမူမျိုးကို တရားဥပဒေသို့မဟုတ် အကြမ်းဖက်မှုဖြင့် တုံ့ပြန်၍ မရနိုင်ပါ။ ဗုဒ္ဓဘာသာနိုင်ငံများမှ ဆင်းရဲသားများအနေဖြင့် ၎င်းတို့၏ ရိုးရာယဉ်ကျေးမှုများနှင့် ကိုးကွယ်ယုံကြည်မှုတို့မှ သွေဖီသွားခြင်း မရှိစေရန် ၎င်းတို့အတွက် အခြေခံလိုအပ်ချက်များ ဖြစ်သော စားဝတ်နေရေးနှင့် ဆေးဝါးများကို ထောက်ပံ့ပေးရန် ဗုဒ္ဓဘာသာခေါင်းဆောင်တို့သည် စနစ်တကျစီမံချက်ချ၍ ပူးပေါင်းအားထုတ်ကြရန် လိုအပ်သည်ဟု ယူဆပါသည်။

နိဂုံးချုပ်အနေဖြင့် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကို မြန်မာနိုင်ငံတွင် ကျင်းပရန် စီစဉ်ဆောင်ရွက်ခြင်းကို ကျေးဇူးဥပကာရ တင်ရှိကြောင်း ပြောကြားပြီး ၎င်းတို့ အဘက်ဘက်မှ အောင်မြင်မှုရရှိစေရန် ဆုမွန်ကောင်း တောင်းအပ်ပါသည်။ လူကြီးမင်း တို့၏ ဆွေးနွေးဆုံးဖြတ်ချက်များ အကျိုးရှိပြီး မွန်မြတ်သော ဗုဒ္ဓသာသနာတော် ထွန်းကားရေးကို ဖေါ်ဆောင်နိုင်ပါစေ။

သတ္တဝါအားလုံး ချမ်းသာကြပါစေ။

ဒေါက်တာညီဓမ္မနန္ဒ

မလေးရှားနိုင်ငံ

## မွန်ကိုလီးယားနိုင်ငံ

### မွန်ကိုလီးယားဗုဒ္ဓဘာသာအကြီးအကဲ ပေးပို့သော သဝဏ်လွှာ (ဘာသာပြန်)

ချစ်ခင်လေးစားအပ်ပါသော ဓမ္မမိတ်ဆွေများ
လေးစားအပ်ပါသောကိုယ်စားလှယ်တော်များ
ဂုဏ်သရေရှိလူကြီးလူကောင်းများ

မြန်မာနိုင်ငံ မဟာပါသာဏလိုဏ်ဂူမှာကျင်းပတဲ့ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကို တက်ရောက်လာကြတဲ့ ဗုဒ္ဓဘာသာနိုင်ငံအသီးသီးက ကိုယ်စားလှယ်တော်တွေကို ကျွန်ုပ်ရဲ့ရိုးသားဖြူစင်တဲ့ ဝမ်းမြောက်ဝမ်းသာမှုကို ဖေါ်ပြခွင့်ရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။ ဒါ့အပြင် ကြင်နာဖေါ်ရွေမှုနဲ့. ကောင်းမွန်စွာ စီစဉ်ထားရှိမှုတို့အတွက် ဒီညီလာခံကြီးဖြစ်မြောက်ရေး ကော်မတီကိုလဲများစွာ ကျေးဇူးတင်ရှိပါတယ်။ ကမ္ဘာတစ်ဝန်းမှာ ပြန်လည် သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးရရှိအောင် ပါဝင်ဆောင်ရွက်သူအားလုံးကိုလည်း လေးစားဉီးညွတ်ကြောင်း ဆန္ဒပြုမိပါတယ်။ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံဟာ လူမျိုး၊ ဓလေ့ထုံးစံ၊ ဂိုဏ်းဂဏတို့ ဘယ်လိုပဲ ကွဲပြားပေမယ့် စည်းလုံးညီညွတ်ရေးကို ဆောင်ရွက်တဲ့အရေးကြီးတဲ့ ကဏ္ဍက ပါဝင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

ဗုဒ္ဓရဲ့.ဟောကြားချက်အတိုင်း လူသတ္တဝါအားလုံးဟာ ဒုက္ခကလွတ်မြောက်ပြီး ပျော်ရွှင်မှုကို ရရှိချင်တဲ့ တူညီတဲ့ဆန္ဒရှိကြပါတယ်။ ဒါပေမဲ့ လူအနည်းငယ်သာပဲ ဒုက္ခနဲ့. ပျော်ရွှင်မှုကိုဖြစ်ပေါ်တဲ့အကြောင်းရင်းကိုနားလည်ကြပါတယ်။ သတ္တဝါအားလုံးကပြင်ပအခြေအနေများဟာ ပျော်ရွှင်မှုရဲ့. အကြောင်းရင်းဖြစ်တယ်လို့ ယုံကြည်ကြတယ်။ ဒီလိုနဲ့. လူတို့ဟာ သူတို့ရဲ့. အချိန်နဲ့. စွမ်းအင်ကို ပြင်ပက ပျော်ရွှင်မှုများ ရရှိရေးအတွက် ကြိုးပမ်းကြတယ်။ အပေါ်ယံအနေနဲ့ကြည့်ရင် ဒီအရာတွေဟာ လူတွေကို ပျော်ရွှင်မှု ရရှိအောင် ဖန်တီးပေးတယ်လို့ ယူဆနိုင်ပါတယ်။ အသေအချာအလေးအနက် စဉ်းစားကြည့်ရင် ဒီအရာတွေဟာ ဒုက္ခနဲ့ပြဿနာတွေကို သယ်ဆောင်လာကြကြောင်း တွေ့.မြင်ရမယ်။ သစ္စာတရားနဲ့. ပတ်သက်ပြီး ဗုဒ္ဓရဲ့ဟောကြားချက်တွေမှာ လူတွေဟာ ဒုက္ခနဲ့.ကင်းဝေးဖို့ ဆန္ဒရှိရင် ပထမဦးဆုံး ဒုက္ခကို ဖြစ်ပေါ်စေတဲ့ အကြောင်းကိုနားလည်ဖို့ လိုအပ်တယ်။

မကြာသေးခင်က လူ.တွေရဲ့.ပြင်ပကမ္ဘာနဲ့.ပတ်သက်ပြီး နားလည်မှု၊ ထိန်းချုပ်နိုင်မှုတို့.ဟာ အထိုက်အလျောက် တိုးတက်လာခဲ့တယ်။ ရလဒ်အနေနဲ့. ထူးခြားတဲ့ ရုပ်ဝတ္ထုတိုးတက်မှုတွေကို တွေ့.မြင်ခဲ့ရသော်လည်း လူသားတွေမှာ ပျော်ရွှင်မှုမရခဲ့ကြပါဘူး။ ယနေ့.ကမ္ဘာမှာ ဒုက္ခတွေလျော့နည်းသွားတာ မရှိသလို ပြဿနာတွေ လျော့နည်းသွားတာလည်းမရှိပါဘူး။ တကယ်တော့ အရင်ကထက်ပြဿနာတွေ ပိုမိုလာပြီး စိတ်မချမ်းသာမှုတွေလည်း ပိုမိုလာခဲ့ပါတယ်။ ဒီလိုနဲ့. ကျွန်ုပ်တို့.ရဲ့ ပြဿနာတွေနဲ့. လူ.အဖွဲ့.အစည်းတစ်ခုလုံးအတွက် အဖြေဟာ ပြင်ပကမ္ဘာကို ထိန်းချုပ်နိုင်မှုနဲ့. အသိပညာပေါ်မှာ မူတည်ခြင်းမရှိဘူးဆိုတာ ပြနေပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ ပျော်ရွှင်မှုနဲ့. ဒုက္ခတို့.ဟာ စိတ်အခြေအနေတွေဖြစ်ပြီး ၎င်းတို့.ရဲ့. အကြောင်းရင်းဟာ စိတ်ရဲ့ပြင်ပမှာ မတွေ့.ရှိနိုင်ပါဘူး။ ပျော်ရွှင်မှုရဲ့. အစစ်အမှန်အရင်းအမြစ်ဟာ အတွင်းပိုင်းငြိမ်းချမ်းရေးပဲဖြစ်ပါတယ်။ ကျွန်ုပ်တို့.ရဲ့စိတ်ဓာတ် ငြိမ်းချမ်းမှသာ ပြင်ပအခြေအနေတွေဟာ ပျော်ရွှင်မှုကိုရရှိနိုင်ပါမယ်။

အတွင်းပိုင်းငြိမ်းချမ်းမှုမရှိဘဲ ပြင်ပငြိမ်းချမ်းမှုကိုမရရှိနိုင်ပါဘူး။ ကျွန်ုပ်တို့. အားလုံးဟာ ကမ္ဘာ့ငြိမ်းချမ်းရေးကို လိုလားကြပါတယ်။ ဒါပေမယ့် ကျွန်ုပ်တို့.ရဲ့စိတ်ဓာတ်မှာ ငြိမ်းချမ်းရေးကို

ဦးစွာမတည်ဆောက်နိုင်သေးသရွေ့ ကမ္ဘာငြိမ်းချမ်းရေး ကို မရရှိနိုင်ပါဘူး။ ပဋိပက္ခ ဖြစ်ပွားနေတဲ့ နေရာတွေကို ငြိမ်းချမ်းရေးထိန်းသိမ်းမှု တပ်များ လို့ခေါ်ဆိုသူတွေကို ပို့ဆောင်နိုင်ကြပါတယ်။ ဒါပေမယ့် ပြင်ပက သေနတ်တွေနဲ့ ငြိမ်းချမ်းရေးကို အတင်း အကြပ်ရရှိဖို့ မဖြစ်နိုင်ပါဘူး။ ကျွန်ုပ်တို့ရဲ့ စိတ်ဓာတ်အတွင်းမှာ ငြိမ်းချမ်းရေးကို ဖန်တီးနိုင်မှသာ၊ အခြားသူများကိုလည်း ဒီလိုဖြစ်လာဖို့ ကူညီဆောင်ရွက်နိုင်ပြီး ဒီကမ္ဘာမှာ ငြိမ်းချမ်းရေးကိုရရှိဖို့ မျှော်လင့်နိုင်ပါတယ်။ ဥပမာအနေနဲ့ ကျွန်ုပ်တို့ဟာ အလွန်လှပတဲ့ ပတ်ဝန်းကျင်မှာရှိပြီး ကျွန်ုပ်တို့လိုအင်ဆန္ဒတွေရရှိနေတဲ့တိုင်အောင် ကျွန်ုပ်တို့မှာ အမျက်ဒေါသ ဝင်ရောက်လာတာနဲ့တစ်ပြိုင်နက် ပျော်ရွှင်မှုများဟာ ပျောက်ကွယ်သွားမှာပါ။ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်ုပ်တို့ရဲ့အမျက်ဒေါသဟာ အတွင်းငြိမ်းချမ်းရေးကို ဖျက်ဆီးခဲ့တဲ့ အတွက်ဖြစ်ပါတယ်။

အမျက်ဒေါသထက်ပိုပြီးဖျက်ဆီးတဲ့အရာမရှိပါဘူး။ ဒီအမျက်ဒေါသဟာ လူ့လောကရဲ့ ငြိမ်းချမ်းရေးနဲ့ ပျော်ရွှင်မှုဘဝကိုပျက်စီးစေပြီး အနှုတ်လက္ခဏာ လုပ်ဆောင်ချက်မျိုးကို လုပ်ဆောင်စေကာ ဒုက္ခဆိုသို့ ရှေ့ရှုပါတယ်။

ဒါ့ပြင် (၂၀)ရာစုနှစ် သမိုင်းမှာ မကြုံဖူးလောက်အောင် ကမ္ဘာ့စစ်ပွဲကြီး (၂)ခု အပါအဝင် စစ်ပွဲပေါင်း (၂၅၀)ခန့် ဖြစ်ပွားခဲ့ရာမှာ ဒေါသဟာကြမ်းကြုတ် ရက်စက်မှုရဲ့ အဓိကအကြောင်းရင်းဖြစ်ပါတယ်။ လူသန်းပေါင်း ၂၀၀-လောက် အသက်ဆုံးရှုံးခဲ့ရတာသာမက သဘာဝပတ်ဝန်းကျင်တွေလည်း ဖျက်ဆီးခံခဲ့ရပါတယ်။ ယဉ်ကျေးမှုရဲ့ အဖိုးတန်ရတနာတွေဟာလည်း ပျက်စီးဆုံးရှုံးခဲ့ရတယ်။ ညှဉ်းဆဲသတ်ဖြတ်မှုကြောင့် ကြီးမားတဲ့ အရင်းအမြစ်တွေလည်း ဆုံးရှုံးခဲ့ရပါတယ်။ စစ်ပွဲဟာ လူသားတွေအပေါ် သတ်ဖြတ်မှုတွေနဲ့ ဖျက်ဆီးမှုတွေ၊ အကြမ်းဖက်မှုနဲ့ လူသတ်ပွဲတွေ၊ အမုန်းတရားနဲ့ ဒေါသတွေ ဖုံးလွှမ်းစေခဲ့ပါတယ်။

ကျွန်ုပ်တို့ဟာ (၂၁)ရာစုနှစ်ကို အတိတ်ရာစုနှစ်အတွင်းက မှားခဲ့တဲ့ စစ်မက်အနိဋ္ဌာရုံများ ထပ်မံမဖြစ်ပွားစေဘဲ ငြိမ်းချမ်းရေးနဲ့ ပြန်လည်သင့်မြတ်ရေးများ ထွန်းကားစေရမယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ ယုံကြည်ချက်အပြည့်အဝနဲ့ ကြိုဆိုလိုက်ပါတယ်။ ဒါပေမယ့် ကြောက်မက်ဖွယ်ရာကောင်းတဲ့ အကြမ်းဖက်မှုတွေဟာ ကမ္ဘာတစ်ဝန်းမှာ ဖြစ်ပွားလာခဲ့တယ်။ ဒီနေ့အထိ ဆက်လက် ဖြစ်ပွားလျက်ရှိပါတယ်။

လာမယ့်ခေတ်ဟာ စစ်မက်ရာစုနှစ်အဖြစ် မရောက်စေဖို့အတွက် ပြဿနာတွေကို အကြမ်းဖက်မှုတွေ စစ်အင်အားတွေနဲ့ ဖြေရှင်းခြင်းကို ရှောင်ရှားဖို့ဟာ အဓိကလိုအပ်ချက် ဖြစ်ပါတယ်။ အကြမ်းဖက်ရက်စက်မှုကင်းရှင်းရေး၊ စည်းကမ်းလိုက်နာရေး စိတ်ဓာတ်တို့နဲ့ ငြိမ်းချမ်းရေးကို တည်ဆောက်သွားဖို့ ဖြစ်ပါတယ်။ လူအများကို တစ်ဦးနဲ့တစ်ဦး ငြိမ်းချမ်းစွာ၊ သဟဇာတဖြစ်စွာ နေထိုင်နိုင်ဖို့၊ ငြိမ်းချမ်းရေးနဲ့ မေတ္တာတရားကို မြှင့်တင်ဖို့အတွက် ကျွန်ုပ်တို့ ဗုဒ္ဓဘာသာတရားက စည်းရုံး စွမ်းဆောင်သင့်ပါတယ်။ ကျွန်ုပ်တို့ဟာ အနာဂတ်မှာ ဖြစ်ပေါ်လာနိုင်တဲ့ ပဋိပက္ခတွေနဲ့ နားလည်မှု လွဲမှားခြင်းတွေက ကင်းဝေးစေဖို့၊ လူတွေအကြားမှာ ငြိမ်းချမ်းရေးနဲ့ စိတ်ဓာတ်တွေ ကိန်းအောင်းတည်ရှိဖို့ တာဝန်ယူရမှာဖြစ်ပါတယ်။

ဗုဒ္ဓရဲ့ဟောကြားချက်တွေကို လူသတ္တဝါတွေဆီ လွယ်လင့်တကူနဲ့ ပြည့်စုံစွာ ပြန့်နှံ့ ထွန်းကားဖို့အတွက် များစွာကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ကျွန်ုပ်တို့ရဲ့ဘဝမှာ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ဖို့၊ လူ့တန်ဖိုးတွေ နားလည်သဘောပေါက်ပြီး ရှင်သန်ဖို့၊ ဗုဒ္ဓရဲ့ဟောကြားချက်တွေဟာ အရင်ကထက် ပိုပြီးလိုအပ်ပါတယ်။ ဒါ့ပြင် (၂၁)ရာစုနှစ်မှာ ဗုဒ္ဓဘာသာကိုဏ်းအမျိုးမျိုး ဓလေ့ထုံးစံ အမျိုးမျိုးတို့ ရင်းနှီးစွာ ပူးတွဲညှိနှိုင်းဆောင်ရွက်ဖို့ ပိုပြီးလိုအပ်လာပါတယ်။ ဒါ့ကြောင့် ဒီကမ္ဘာမှာ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေး တိုးတက်ထွန်းကားဖို့အတွက် ယဉ်ကျေးမှုတွေ၊ လူမျိုးတွေရဲ့ ဗုဒ္ဓဘာသာဓလေ့ထုံးစံကွဲပြားမှုတွေကြောင့် ဖြစ်ပေါ်လာတဲ့ နယ်နိမိတ်တွေကို ကျော်လွှားရမှာဖြစ်ပါတယ်။

ဝေနေယျသတ္တဝါအပေါင်း ပျော်ရွှင်ချမ်းမြေ့ကြပါစေ။

ဝေနေယျသတ္တဝါအပေါင်း ပူဆွေးမှုကင်းဝေးကြပါစေ။

ဝေနေယျသတ္တဝါအပေါင်း ၎င်းတို့ရဲ့ပျော်ရွှင်မှုက ဘယ်အခါမှ ပြတ်စဲခြင်း မရှိကြပါစေနဲ့

ဝေနေယျသတ္တဝါတွေ ချစ်ခြင်း၊ မုန်းခြင်းများက ကင်းလွတ်ပြီး ငြိမ်းချမ်းကြပါစေ။

ဆရာတော် ဒေါက်တာ ရွှိုင် ကျမ(လ်)စ်

မွန်ဂိုလီးယားဗုဒ္ဓဘာသာအကြီးအကဲ

## လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ

**လာအိုဗုဒ္ဓဘာသာသင်္ဂဟအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာဝီချစ်သဃ်ရာဇာပေးပို့သော သဝဏ်လွှာ (ဘာသာပြန်)**

မြန်မာနိုင်ငံ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်ဘုရား –

ပြည်ထောင်စုမြန်မာနိုင်ငံတော်မှ ကမကထပြု ကျင်းပသော ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ အခမ်းအနားတွင် လာအိုနိုင်ငံဗုဒ္ဓဘာသာသင်္ဂဟအဖွဲ့ ဗဟိုကော်မတီနှင့် လာအိုလူမျိုးစု ဗုဒ္ဓဘာသာဝင်များ ကိုယ်စားလည်းကောင်း၊ ကျွန်ုပ်ကိုယ်တိုင်အနေဖြင့်လည်းကောင်း၊ အရှင်ဘုရားနှင့်တကွ ဗုဒ္ဓဘာသာမြန်မာ လူမျိုးအား ချီးကျူးဂုဏ်ပြုရသည်ကို လွန်စွာနှစ်ထောင်းအားရ ဖြစ်မိပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ဗုဒ္ဓမြတ်စွာ၏ အဆုံးအမများကို အထူးကြည်ညို ရိုသေ ကိုင်းရှိုင်းသည့် ဗုဒ္ဓဘာသာနိုင်ငံတော် ဖြစ်ပါသည်။ မြန်မာနိုင်ငံအစိုးရနှင့် မြန်မာပြည်သူများသည် သာသနာသက္ကရာဇ် ၂၅၀၀–ပြည့်နှစ်က ပြည်ထောင်စုမြန်မာနိုင်ငံတော် ရန်ကုန်မြို့၊ မဟာပါသာဏ လိုဏ်ဂူတော်ကြီး၌ ဆဋ္ဌသံဂါယနာတင်ပွဲ ကျင်းပပြီး ပိဋကတ်သုံးပုံအား သန့်စင်စေခဲ့ပါသည်။

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကိုလည်း မြန်မာနိုင်ငံ၏ မြို့တော်ရန်ကုန်ရှိ မဟာပါသာဏ လိုဏ်ဂူတွင်ပင် ကျင်းပသွားမည်ဖြစ်ရာ ဗုဒ္ဓသာသနာသမိုင်းတွင် အရေးပါသည့် ဖြစ်ရပ်တစ်ခုအဖြစ် သာမက (ကမ္ဘာ့)ထိပ်သီးဗုဒ္ဓဘာသာခေါင်းဆောင်များစုဝေး၍ လူသားအားလုံး၏ ငြိမ်းချမ်းရေး၊ ချစ်ကြည်ရေး၊ သွေးစည်းညီညွတ်ရေးနှင့် ပျော်ရွင်ချမ်းမြေ့မှုတို့ တိုးတက်မြင့်မားလာစေရေးအတွက် ဗုဒ္ဓမြတ်စွာ၏ ဆုံးမသွန်သင်ညွှန်ပြချက်များ ပိုမိုပြန့်ပွားစေရန် ကမ္ဘာတစ်ဝန်းလုံးသို့ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးရာတွင် မည်သို့မည်ပုံ ဆောင်ရွက် သင့်ကြသည်ကို ဆွေးနွေးတိုင်ပင် အမြင်ချင်းဖလှယ်နိုင်ကြမည် ဖြစ်ပါသည်။

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ရန် ရင်းနှီးဖေါ်ရွေဧည့်ဝတ် ကျေပွန်စွာ စီမံပြင်ဆင်ခဲ့ကြသော မြန်မာနိုင်ငံ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်၊ အထူးသဖြင့် မြန်မာနိုင်ငံတော်အစိုးရ၊ သာသနာရေးဝန်ကြီးဌာနနှင့် မြန်မာပြည်သူပြည်သားတို့၏ ဆောင်ရွက်ချက်များကို လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြုပါကြောင်းနှင့် ထောက်ခံကြိုဆိုပါကြောင်း ထပ်လောင်းပြောကြား လိုပါသည်။

ဒေါက်တာ ဖရ ဝီချစ် သဃ်ရာဇာ

လာအိုဗုဒ္ဓဘာသာသင်္ဂဟအဖွဲ့ဥက္ကဋ္ဌ

## သီရိလင်္ကာ ဒီဗိုကရက်တစ် ဆိုရှယ်လစ် သမ္မတနိုင်ငံ

**သီရိလင်္ကာဒီဗိုကရက်တစ် ဆိုရှယ်လစ် သမ္မတနိုင်ငံ ရာမည နိကာယမှ မဟာထေရ် ဝေဝယ် ဒေနီယေ မေဓလင်္ကာရ မဟာနာယက မဟာထေရ ပေးပို့သော သဝဏ်လွှာ (ဘာသာပြန်)**

ကမ္ဘာဗုဒ္ဓဘာသာထိပ်သီးညီလာခံနှင့် တက်ရောက်လာကြသော ကိုယ်စားလှယ်များထံသို့ ဤဝမ်းမြောက်ကြောင်းသဝဏ်လွှာ ရေးသားပေးပို့ရသည့်အတွက် ကျွန်ုပ်အနေဖြင့် များစွာဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါသည်။ ဤထူးကဲမွန်မြတ်လှသော ထိပ်သီးညီလာခံကြီးကို မြန်မာနိုင်ငံ မဟာပါသာဏ လှိုဏ်ဂူတော်ကြီးတွင် ကျင်းပရန် စီစဉ်ဆောင်ရွက်ခြင်းမှာ လွန်စွာလျော်ကန် သင့်မြတ်၍ အခွင့်အခါလည်း သင့်လှကြောင်း ဝမ်းမြောက်ဝမ်းသာ မှတ်သားမိပါသည်။ ကျွန်ုပ်အမြင်ပြောရလျှင် ဆဋ္ဌသံဂါယနာကျင်းပရာနေရာဖြစ်သော ဂုဏ်သတင်း ကျော်ကြားသည့် မြန်မာနိုင်ငံ မဟာပါသာဏ လှိုဏ်ဂူတော်ကြီး၌ ကျင်းပမည့် ထူးကဲမွန်မြတ်လှသော ထိပ်သီးညီလာခံကြီးတွင် ပါဝင်ခွင့်ရသည့်အတွက် ကျွန်ုပ်တို့အနေဖြင့် အလွန်ကံကောင်းခြင်းပင် ဖြစ်ပါသည်။

ထေရဝါဒဗုဒ္ဓလမ်းစဉ်ကို လိုက်နာကျင့်သုံးနေသည့် မြန်မာနိုင်ငံတွင် ကမ္ဘာပေါ်ရှိ ဗုဒ္ဓဘာသာကိုးပေါင်းစုံတို့ စုစည်းမိခြင်းသည် ယနေ့အချိန်အခါ၌ အလွန်လိုအပ်နေသော ကမ္ဘာ့ငြိမ်းချမ်းရေးကို မြှင့်တင်ပေးပြီး ပိုမိုခိုင်မာတောင့်တင်းစေမည့်အချက် ဖြစ်ကြောင်း ထင်ရှားစွာ သက်သေထူလိုက်ခြင်းပင် ဖြစ်ပါသည်။

မျက်မှောက်ကာလတွင် ဤကမ္ဘာကြီးအနေဖြင့် မရှိမဖြစ်သော ကမ္ဘာ့ငြိမ်းချမ်းရေးကို လိုအပ်နေကြောင်း သတိပြုမိပါသည်။ အင်အားအကြီးဆုံး နိုင်ငံများသည်ပင်လျှင် ကြီးထွားနေသော အကြမ်းဖက်မှုများ၏ မျက်မှောက်တွင် မလွဲမရှောင်သာ ရင်ဆိုင်နေကြရသည်ကို ကျွန်ုပ်တို့အားလုံး သတိပြုမိကြပေသည်။ ကမ္ဘာနိုင်ငံများအကြား စည်းလုံးညီညွတ်မှုနှင့် ငြိမ်းချမ်းရေးတို့ကို ဖေါဆောင်ရန် ကမ္ဘာဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသို့ တက်ရောက်လာကြသော ကိုယ်စားလှယ်များ၏ စုပေါင်းကြိုးပမ်းမှုစွမ်းအားကို အလွန်ချီးမွမ်းသင့်လှပေသည်။ လူသားအချင်းချင်း စာနာထောက်ထားမှုကင်းမဲ့သူများအတွက် ငြိမ်းချမ်းရေးသည် မရှိမဖြစ် လိုအပ်လှပေသည်။

ဘုရားလက်ထက်တော်က ပုဏ္ဏမန္တာဏီပုတ္တမထေရ်သည် သုနာပရန္တဇနပုဒ်သို့အသွား မြတ်စွာဘုရားအား ဖူးမြော်ပြီး လျှောက်ထားရာတွင် "ဘုန်းတော်ကြီးမြတ်သော မြတ်စွာဘုရား သုနာပရန္တ တိုင်းသားတို့သည် အပြောအဆို ကြမ်းတမ်း(ဆဲရေး)ကြပါကုန်၏။ ခက်ထန် ကြပါကုန်၏။ ရက်စက်ကြမ်းကြုတ် ကြပါကုန်၏။ သို့ရာတွင် ထိုသူတို့သည် တပည့်တော်အား မရိုက်ပုတ်သဖြင့် (ဆော်သေးသည်ဟု) ဝမ်းမြောက်ပါအုံ့ဘုရား။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ထိုသူတို့သည် တပည့်တော်အား ရိုက်ပုတ်သော်လည်း ရက်စက်စွာ မသတ်ဖြတ်ပါဟု (ဝမ်းမြောက်ပါအုံ့ဘုရား)။ အရှင်ဘုရား ထိုသူတို့သည် တပည့်တော်အား သတ်ဖြတ်မည် ဆိုပါကလည်း စိတ်မကွက်ပါဘုရား။ တပည့်တော်အနေဖြင့် မြင့်မြတ်သော အကျင့်ကို ကျင့်သုံးရ၍ ဖြစ်ပါသည်ဘုရား" ဟုလျှောက်ထားပါသည်။ ဤသည်မှာ ကျွန်ုပ်တို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး၏ မျှော်မှန်းချက်ပင် ဖြစ်ပါသည်။

မည်သူမဆို ကောင်းမှုကုသိုလ်တရားများကို ဆောင်ရွက်ရာတွင် မြောက်မြားစွာသော အခက်အခဲများကို ကြုံတွေ့ရတတ်ပါသည်။ တွေ့ကြုံရသော လောကဓံတရားကြောင့် မတုန်လှုပ်ခြင်းသည် လောကဓံတရား (၈)ပါး၏ သဘောတရားပင် ဖြစ်ပါသည်။ ဤလောက၌ မွေးဖွားလာသူ မည်သူမဆို

ခြိမ်းခြောက်ခံရမှု၊ ကြောက်ရွံ့မှုတို့ဖြင့် တုန်လှုပ်နေကြရပြီး ဤသည်မှာ လူအများ ကြုံတွေ့ရသော လောကခံတရားများပင် ဖြစ်ပါသည်။ တစ်ဦးတစ်ယောက်အပေါ် လက်စားချေခြင်းသည် နောင်တတရား မှတစ်ပါး မည်သည့်အရာကိုမျှ ရစေလိမ့်မည်မဟုတ်ပါ။ ဗုဒ္ဓ၏အဆုံးအမ တရားတော်သည် ပဋိစ္စသမုပ္ပါဒ် တရားတော်အပေါ်တွင် အခြေခံပေသည်။

ဤညီလာခံသည် မြတ်စွာဘုရား၏အဆုံးအမတော်မှတစ်ဆင့် ငြိမ်းချမ်းရေးအတွက် ကြွေးကြော်ရန် ဗုဒ္ဓဘာသာဝင်များအတွက် အေးချမ်းသောနေရာတစ်နေရာမလွဲမသွေ ဖြစ်မည်ဖြစ်ပါသည်။ ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံသို့ တက်ရောက်ကြသော ကိုယ်စားလှယ်တော်များအား သူတို့၏ မြင့်မြတ်သော ကြိုးပမ်းအားထုတ်မှုအတွက် ချီးကျူးခြင်းနှင့် ကျေးဇူးတင်ခြင်း ခံထိုက်ကြပါပေသည်။ ကမ္ဘာ့ ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး အောင်မြင်စေရန် လှိုက်လဲစွာ ဆန္ဒပြုအပ်ပါသည်။

ဝေဝယ်ဒေနီယေ မေဓလင်္ကာရ

သီရိလင်္ကာနိုင်ငံ

သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ် သမ္မတနိုင်ငံ အမရပူရ သံဃာ့ကောင်စီဥက္ကဋ္ဌ နှင့်အမရပူရ စူဠဝံသိက မဟာနိကာယဂိုဏ်း၏ မဟာနာယက မဟာပညာရှိ အဂ္ဂမဟာပဏ္ဍိတ ဝိမလနန္ဒီတိဿ မဟာထေရ် ပေးပို့သည့် သဝဏ်လွှာ (ဘာသာပြန်)

မြတ်စွာဘုရားသခင်၏ အဆုံးအမများကိုလက်တွေ့ကျင့်သုံးရမည့် အချိန်အခါ သမယသို့ ဆိုက်ရောက်လာပါပြီ။

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကျင်းပသည့် ထူးကဲလှသော ဤအခါသမယ၌ ဆုတောင်းမေတ္တာပို့သရဖြင်းကို ဝမ်းမြောက်လှပါသည်။ ဤညီလာခံသည် ဗုဒ္ဓ၏ တရားတော်ကို ကမ္ဘာတစ်ဝန်းပြန့်နှံ့တိုးပွားစေရန် အထောက်အကူပြုလိမ့်မည်ဟု ယုံကြည်ပါသည်။

ယနေ့ကမ္ဘာ၏ လူ့ဘောင်အဖွဲ့အစည်းတွင် ကြီးမားသော ရှုပ်ထွေးပွေလီမှုများ ရှိနေပေသည်။ သည်းမခံနိုင်ခြင်း၊ စိတ်မရှည်ခြင်း စသည်များသည် လူတိုင်းလူတိုင်း၏ စိတ်အတွင်းသို့ ထိုးဖောက်ဝင်ရောက်လျက်ရှိပေသည်။ ကျွန်ုပ်တို့သည် ကြောက်ရွံ့ စိုးရိမ်မှုများ၊ သံသယများနှင့် တွေကြုံနေကြရပေသည်။

အဆိုပါအရာများသည် လူ့ဘဝတွင် နေ့စဉ်ကြုံတွေ့နေရသော သမရိုးကျ အဖြစ်အပျက်များဟု သဘောထားကြသည်။ လူအများသည်လည်း အရာရာကို ဒေါသစိတ်များ၊ မုန်းတီးမှုများဖြင့်သာ ရှုမြင်တွေးတောဆက်ဆံရန် လှုံ့ဆော်ခြင်းခံနေရသည်။ လူ့ယဉ်ကျေးမှုအနာဂတ်ကို အကောင်းရှုမြင်ရန်အတွက် ဤအရာများသည် အတားအဆီးများပင်ဖြစ်သည်။

ဤကမ္ဘာလောကတွင် ရုပ်ဝတ္ထုပစ္စည်းတိုးတက်မှုသည် အထွတ်အထိပ်သို့ ရောက်ရှိနေပေသည်။ ဤအချက်သည် စိတ်ဓါတ်နှင့် စိတ်ပိုင်းဆိုင်ရာတိုးတက်မှုကို (ဟန့်တား) ခြိမ်းခြောက်လျက် ရှိပေသည်။ ဗုဒ္ဓဘာသာဝင်နှင့် ဗုဒ္ဓဘာသာဝင်မဟုတ်သော လူ့အဖွဲ့အစည်းတို့အတွင်း လွှမ်းမိုးသော (ဘာသာရေးဆိုင်ရာ) ဗဟုသုတကင်းမဲ့မှုကြောင့် လူအပေါင်းတို့သည် သူတို့၏ အလိုဆန္ဒများ ပြည့်ဝရန်အတွက်သာ စဉ်းစားကြသည်။ ဤသည်မှာ လူတို့သည် မိမိတို့ အကျိုး ရှိမည့် အရာများကိုသာ သိမ်းပိုက်လေ့ရှိသောကြောင့်ဖြစ်သည်။

ယခုအချိန်တွင် အသိပညာသည် ရင်းနှီးမြှုပ်နှံမှုတွင် ထိပ်ဆုံးအဆင့်သို့ ရောက်ရှိနေပြီ ဖြစ်သည်။ သို့ရာတွင် ကောင်းမွန်သော လူ့တန်ဖိုးနှင့် စိတ်နေသဘောထားမပါရှိပါက ပြီးပြည့်စုံခြင်းမရှိဘဲ ဆုံးရှုံးရမည်ဟု ယုံကြည်ပါသည်။

ကမ္ဘာအနှံ့ ဗုဒ္ဓဘာသာ မပြန့်ပွားရခြင်း၏ အကြောင်းရင်းများ များစွာရှိသည့်အနက် အဆက်မပြတ်ဖြစ်ပွားနေသော စစ်ပွဲများ၊ အကြမ်းဖက်မှုများ၊ သူတစ်ပါးကို ဖျက်ဆီးလိုမှုများ၊ ဘာသာရေးနှင့် လူမျိုးရေးပဋိပက္ခများနှင့် မိမိကိုယ်မိမိ သူတစ်ပါးထက် သာလွန်မြင့်မြတ်သည်ဟု တွေးထင်ယူဆခြင်းများ ပါဝင်သည်။ လူသားများသည် ယခုအခါ တစ်ကိုယ်တည်း အထီးကျန် ဆန်နေပေသည်။ အချင်းချင်း ဆက်ဆံမှုများသည် ပြိုကွဲနေပြီး အဖွဲ့စိတ်ဓါတ်သည်လည်း ပျက်စီးခဲ့ပေသည်။

စစ်ပွဲနှင့် အကြမ်းဖက်မှုများကို ကြောက်ရွံ့သောစိတ်သည် လူတိုင်း၏စိတ်တွင် စိုးမိုး နေပေသည်။ ထို့ကြောင့်ပင် ဤကဲ့သို့သော မငြိမ်သက်မှုများကို ပယ်ဖျောက်စေရန် အလို့ငှာ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး၏ အဆုံးအမများကို လက်တွေ့ ကျင့်သုံးရန် အရေးကြီးကြောင်း ကျွန်ုပ်တို့ ပြောဆို

ခြင်းဖြစ်ပါသည်။ လူများ၏ လှုပ်ရှားဆောင်ရွက်မှုများသည် အထီးကျန်ဆန်ခြင်းနှင့် တစ်ကိုယ်ကောင်းဆန်ခြင်းများကို ကြည့်ခြင်းဖြင့် ထိုအချက်သည် သိသာထင်ရှားလှပါသည်။

ကျွန်ုပ်တို့သည် လူသားများအား ဗြဟ္မစိုရ်တရားလေးပါးကို သိရှိအောင် ပညာပေးရမည်။ ကျွန်ုပ်တို့သည် သူတို့၏စိတ်ထဲတွင် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ စသည့် မြင့်မြတ်သော အရည်အသွေးများကိန်းအောင်းလာအောင် သွတ်သွင်းပေးရပေမည်။ ဗုဒ္ဓသာသနာတော်ကြီး အဓွန့်ရှည် တည်တံ့ရေးသည် လူသားများအပေါ်တွင် တည်မှီနေပေသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် မြတ်စွာဗုဒ္ဓ၏ အဆုံးအမအတိုင်း အမှန်တကယ် ကျင့်ကြံနေထိုင်ကြပါစို့။

ဤကမ္ဘာလောကတွင် မငြိမ်သက်မှုများ ပျောက်ကွယ်ကင်းပ၍ ဗုဒ္ဓသာသနာတော် ထာဝရတည်ပါစေ။

မဟာပညာရှိ အဟုန်ဂါလေ

သီရိလင်္ကာနိုင်ငံ

**သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ် သမ္မတနိုင်ငံ သျှမ်းဂိုဏ်း မဟာနာယကထေရ အရှင် ဥဒ်ဂမ ဩ ဗုဒ္ဓရက္ခိတာဘိဓါန ပေးပို့ သော သဝဏ်လွှာ (ဘာသာပြန်)**

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံသို့ ဤသဝဏ်လွှာပေးပို့ရသည်ကို များစွာဝမ်းမြောက်မိပါသည်။ ကျွန်ုပ်အား ဤအခွင့်အရေးကို ပေးခဲ့သော အတွင်းရေးမှူးချုပ်ဆရာတော်အား ကျွန်ုပ်နှင့်အတူ သီရိလင်္ကာနိုင်ငံသား ဗုဒ္ဓဘာသာဝင်အားလုံးက လှိုက်လဲစွာ ကျေးဇူးတင်ရှိပါသည်။

ဗုဒ္ဓဘာသာဝင်များအား ကြည့်ပါက ယဉ်ကျေးမှုအမျိုးမျိုး၊ ဒေသအမျိုးမျိုး၊ မူဝါဒအမျိုးမျိုး– စသည် ဖြင့် အမျိုးမျိုး ကွဲပြားနေသည်ကို တွေ့ရပါသည်။ သို့သော် ယခုအခါ မိမိတို့အားလုံး သာသနာ့အလံတော် တစ်ခုတည်းအောက်တွင် လာရောက်စုဝေးခြင်း ဖြစ်ပါသည်။ ကမ္ဘာပေါ်ရှိ ဗုဒ္ဓဘာသာဝင်အားလုံးတို့ကို ပွင့်လင်းစွာ ညှိနှိုင်းကြရန် မိမိတို့က တိုက်တွန်းကြရမည် ဖြစ်ပါသည်။ (ဗုဒ္ဓဘာသာလောက/ အဖွဲ့ကြီး (Buddhist World)ကိုတည်ထောင်မှုအတွက်) ဗုဒ္ဓဘာသာကမ္ဘာ အဖြစ်တည်ထောင်နိုင်ရေးကို မိမိတို့ သီရိလင်္ကာနိုင်ငံသား ဗုဒ္ဓဘာသာဝင် အားလုံးက ထောက်ခံအားပေးကြောင်း ဝမ်းမြောက်စွာ အသိပေးလိုပါသည်။ ဤညီလာခံသည် ဗုဒ္ဓဘာသာဝင်အားလုံး၏ အချင်းချင်း ဆက်ဆံရေးကို တိုးတက်စေနိုင်မည်ဟု ယူဆပါသည်။ ဤနည်းအားဖြင့် အခြားသူများအား ၎င်းတို့၏ လူမှုအဖွဲ့အစည်း၊ ယဉ်ကျေးမှု၊ နိုင်ငံများ တိုးတက်စေရေး ဆောင်ရွက်သွားရန်၊ ဒေသနှင့် ကမ္ဘာတစ်ဝန်းလုံးကို ကျွန်ုပ်တို့ တွန်းအားပေးရမည် ဖြစ်ပါသည်။ ပထမအဆင့်အနေဖြင့် ကမ္ဘာလောကကြီးကို ပိုမိုသာယာကောင်းမွန် လာအောင် ကြိုးပမ်းကြရပါမည်။

ကျွန်ုပ်တို့အနေနှင့် မြတ်ဗုဒ္ဓ၏ တပည့်များဖြစ်သည့် အားလျော်စွာ အခြားသောယဉ်ကျေးမှု၊ ဘာသာရေးနှင့် လူပုဂ္ဂိုလ်တို့အား အလေးထားခြင်းဖြင့် ချစ်ခင်ရင်းနှီးသော ကမ္ဘာကြီးအဖြစ် တည်ဆောက်ရန် သန္နိဋ္ဌာန်ပြုကြရပါမည်။

ယခုအခါ ဗုဒ္ဓဘာသာနှင့် ဗုဒ္ဓဘာသာဝင်တို့အပေါ် အခြားဘာသာတရားတို့က အလွန်တရာ လွှမ်းမိုးနေကြောင်း တွေ့ရပါသည်။ အခြားဘာသာဝင်များသည် ဗုဒ္ဓဘာသာဝင်တို့၏ ဆင်းရဲနွမ်းပါးမှုနှင့် လူမှုရေးပြဿနာများကို ရှင်းလင်းစွာ သိရှိအောင် ရှာဖွေကြပြီး ဗုဒ္ဓဘာသာဝင်များအတွက် စီမံချက် အမျိုးမျိုး ချမှတ်ဆောင်ရွက်ရန် ကြိုးပမ်းနေကြပါသည်။ မိမိတို့ ဗုဒ္ဓဘာသာဝင် ဆင်းရဲသားတို့အား ၎င်းတို့၏ ဘာသာသို့ တဖြည်းဖြည်းကူးပြောင်းသက်ဝင်စေရန် ဆောင်ရွက်နေကြပါသည်။ အထူးသဖြင့် သီရိလင်္ကာနိုင်ငံတွင် ဖြစ်ပါသည်။ ဤအခြေအနေကို အသိပေးရသည်ကို စိတ်မကောင်းပါ။ မိမိတို့နိုင်ငံ ဒေသအချို့တွင် လူမှုအဖွဲ့အစည်းလိုက် အခြားဘာသာသို့ ကူးပြောင်းသက်ဝင်ခြင်းများရှိပါသည်။ ဗုဒ္ဓဘာသာဝင်များဘက်၌မူ ဦးရေတိုးပွါးလာခြင်းမရှိပါ။ ဤညီလာခံသည် ဗုဒ္ဓဘာသာဝင်တို့ကို ကာကွယ်စောင့်ရှောက်ရန် ချက်ချင်းစီမံရပါမည်။ ယခုအချိန်သည် အသင့်တော်ဆုံး ဖြစ်ပါသည်။

ထိုအခြေအနေကို ပြောင်းလဲစေပြီး ကမ္ဘာတစ်ဝန်းလုံးကို သာယာဝပြောသော အနာဂတ်ဖြင့် ပိုမို ကောင်းမွန်သော နေရာဖြစ်လာစေရန် ကြိုးပမ်းကြရပါမည်။ ဤကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံသည် ကမ္ဘာ့လူသားတို့ကို ကုစားနိုင်အောင် ကြိုးပမ်းမည်ဟု မျှော်လင့်ပါသည်။

ရတနာသုံးပါး ကောင်းချီးပေးပါစေ –

ဥဒ်ဂမ ဩ ဗုဒ္ဓရက္ခိတာဘိဓါန

သီရိလင်္ကာနိုင်ငံ

## အမေရိကန်ပြည်ထောင်စု

**အမေရိကန်ပြည်ထောင်စု၊ ဓမ္မလောက ဗုဒ္ဓဘာသာအဖွဲ့.မှ အရှင် အရိယဓမ္မ ပေးပို့သော သဝဏ်လွှာ (ဘာသာပြန်)**

အမေရိက ဓမ္မလောကဗုဒ္ဓဘာသာအသင်း ဖလော်ရီဒါ၊ အမေရိကန်ပြည်ထောင်စုနှင့် အသင်းဝင်များကိုယ်စား ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကျင်းပရေးလုပ်ငန်းကော်မတီသို့ သဝဏ်လွှာပေးပို့ခွင့်ရသည့်အတွက် ကျွန်ုပ်ဝမ်းမြောက်မိပါသည်။

အမေရိကဓမ္မလောကဗုဒ္ဓဘာသာအသင်း ဖလော်ရီဒါ၊ အမေရိကန်ပြည်ထောင်စုသည် အမြတ်အစွန်း မယူသော ဘာသာရေးအဖွဲ့အစည်းတစ်ခုဖြစ်ပြီး ဗမာအမေရိကန်မိသားစုများက ၂၀၀၀ပြည့်နှစ် သြဂုတ်လ လပြည့်နေ့(၁၃၆၂ခု၊ ဝါခေါင်လပြည့်နေ့)တွင် ဖွဲ့စည်းခဲ့ပါသည်။ ရည်ရွယ်ချက်မှာ အမေရိကန်ပြည်ထောင်စုတွင် အစဉ်အလာထေရဝါဒဗုဒ္ဓဘာသာ ထိန်းသိမ်းရေးနှင့် ပြန့်ပွားရေးအတွက် ဆောင်ရွက်ရန်ဖြစ်ပါသည်။

ဓမ္မလောကဗုဒ္ဓဘာသာအသင်း၏ သာသနာပြုလုပ်ငန်းတွင် စိတ်ပါဝင်စားသူများအား ထေရဝါဒဗုဒ္ဓဘာသာအကြောင်းကို ရှင်းလင်းသင်ကြားခြင်း၊ ဘာသာရေးမူဝါဒများ၊ ဘာသာရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ တရားထိုင်နည်းများ သင်ကြားပေးခြင်းနှင့် သီလစောင့်ထိန်းနည်း အချို့တို့ကို ပြသပေးခြင်းများပါဝင်ပါသည်။

မြတ်ဗုဒ္ဓ၏ တရားဒေသနာများအရ ကျွန်ုပ်တို့အား လုံးသည် ညီရင်းအစ်ကို၊ မောင်ရင်းနှစ်များဖြစ်ကြပြီး ဗုဒ္ဓသာသနာတော်အတွက် လက်တွဲဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ အပရိဟာနိယတရားတော်အတိုင်း မှန်မှန်တွေ့ဆုံ၍ ညီညီညွတ်ညွတ်ဆွေးနွေးကာ စိတ်တူသဘောတူ ခွဲခွါကြခြင်းသည် ဗုဒ္ဓ၏ အဆုံးအမများကို ခိုင်မာတိုးတက်စေမည့်အချက်များ ဖြစ်ပါသည်။

မြတ်စွာဘုရား၏ အဆုံးအမများ မူရင်းအတိုင်း သန့်ရှင်းစွာ တည်မြဲပါစေသတည်း။

အရှင် အရိယဓမ္မ

အမေရိကန်ပြည်ထောင်စု

## အိန္ဒိယသမ္မတနိုင်ငံ

**အိန္ဒိယသမ္မတနိုင်ငံ မဟာဗောဓိအဖွဲ့မှ အရှင် ဒေါက်တာ ဒီ၊ ရေဝတထေရ ပေးပို့သော သဝဏ်လွှာ (ဘာသာပြန်)**

ကမ္ဘာဗုဒ္ဓဘာသာထိပ်သီးညီလာခံကို မြန်မာနိုင်ငံ၌ ဆင္ခသံဂါယနာတင်ပွဲ ကျင်းပခဲ့သည့် မဟာပါသာဏလိုဏ်ဂူတော်တွင် ကျင်းပမည်ဖြစ်ကြောင်း ကြားသိရသည့်အတွက် ဝမ်းမြောက်မိပါသည်။

ဤညီလာခံသည် ဗုဒ္ဓသာသနာလောကတွင် အထင်အရှားကျန်ရစ်မည့် ညီလာခံပင် ဖြစ်ပါသည်။ အနာဂါရိကမဓမ္မပါလ တည်ထောင်ခဲ့သော ကမ္ဘာပေါ်တွင် ရှေးအကျဆုံး အဖွဲ့အစည်းဖြစ်သည့် အိန္ဒိယနိုင်ငံ မဟာဗောဓိအဖွဲ့သည် အိန္ဒိယနိုင်ငံတွင်ရှိသော ဗုဒ္ဓဘာသာအချက်အချာနေရာဌာနအားလုံးကို စောင့်ရှောက်လျက်ရှိသည်မှာ လွန်ခဲ့သောနှစ်တစ်ရာကျော်ကတည်းကပင် ဖြစ်ပါသည်။

အိန္ဒိယနိုင်ငံ မဟာဗောဓိအဖွဲ့ကိုယ်စား ဤညီလာခံသဘင်ကြီးသည် အောင်မြင်ပါစေသတည်းဟု ဆန္ဒပြုလိုက်ရပါကြောင်း။

အရှင် ဒေါက်တာ ဒီ၊ ရေဝတထေရ

အိန္ဒိယနိုင်ငံ

## အီတလီသမ္မတနိုင်ငံ

**အီတာလျံဗုဒ္ဓဘာသာသမဂ္ဂမှ အရှင် ရပ်ဖယ်လို လောန်ကို ပေးပို့သော သဝဏ်လွှာ (ဘာသာပြန်)**

ကမ္ဘာတစ်ဝန်းလုံးမှ ဗုဒ္ဓဘာသာခေါင်းဆောင်များ ဂုဏ်သရေရှိ အစိုးရမင်းများနှင့် မြောက်မြားလှစွာသော ဗုဒ္ဓဘာသာဝင်များ စုဝေးရောက်ရှိလာကြသည့် အရေးပါလှသော ဤအခမ်းအနားသို့ တက်ရောက်ရန် ဖိတ်ကြားခြင်းခံရသည့်အတွက် များစွာဂုဏ်ယူမိပါကြောင်း အီတလီဗုဒ္ဓဘာသာယူနီယံအဖွဲ့ကိုယ်စား ပြောကြားလိုပါသည်။ ကျွန်ုပ်တို့အနေနှင့် အခက်အခဲများကြောင့် ကိုယ်တိုင် တက်ရောက်နိုင်ခြင်းမရှိသော်လည်း ကျွန်ုပ်တို့၏ စိတ်နှလုံးမှာ မြန်မာနိုင်ငံတွင် သင်တို့နှင့်အတူ ရှိနေပါသည်။

အလွန်ရှေးကျသည့် ဓမ္မတရားတော်(ဗုဒ္ဓတရားတော်)၏ သမိုင်းအတွင်းသို့ ကျွန်ုပ်တို့ အီတလီဗုဒ္ဓဘာသာဝင်များသည် နောက်မှရောက်ရှိလာကြသူများဖြစ်ပါသည်။ ဤညီလာခံကြီးသို့ တက်ရောက်ပြီး ထင်ရှားသည့် ဘာသာရေးခေါင်းဆောင်များ၏ အဆုံးအမများကို ရက်အနည်းငယ် အတွင်းနာယူမှတ်သားခွင့်ရသည့်အတွက် အထူးကျေးဇူးတင်ရှိပါသည်။ ဤအဆုံးအမများကို တန်ဖိုးထား နာယူမှတ်သား၍ ကျွန်ုပ်တို့နိုင်ငံသို့ ပြန်လည်ရောက်ရှိသည့်အခါ ဗုဒ္ဓမြတ်စွာ၏ အဆုံးအမများကို ထိထိရောက်ရောက် တွင်တွင်ကျယ်ကျယ် ဖြန့်ဖြူးသွားနိုင်မည်ဖြစ်ပါသည်။

လူသားအားလုံးအတွက် ဒုက္ခပင်လယ်ဝေနေသည့် ယနေ့အချိန်အခါ၌ တင်းမာမှုများ၊ ပြဿနာများ၊ လူသတ်ပွဲများ၊ စစ်ပွဲများ၊ နှိပ်စက်ညှဉ်းပန်းမှုများနှင့် တွေ့ကြုံနေကြရရာ၊ နိုင်ငံတိုင်း၊ အဖွဲ့အစည်းတိုင်း၊ မိသားစုတိုင်းသည် ကမ္ဘာ့မည်သည့်အရပ်ဒေသတွင်မဆို ဗုဒ္ဓဩွန်ပြဆုံးမခဲ့သော စိတ်ဓါတ်ဖြင့် ငြိမ်းချမ်းမှုကို ရယူမည် ဖြစ်ပါသည်။ မြတ်စွာဘုရား၏ အဆုံးအမများတွင် အခြေခံအကျဆုံးဖြစ်သည့် ချစ်ခြင်းမေတ္တာနှင့် ကရုဏာများကို လွန်ခဲ့သည့် နှစ်ပေါင်းနှစ်ထောင့်ငါးရာကတည်းက ကျွန်ုပ်တို့အား မြတ်စွာဘုရားက ဆုံးမထားခဲ့ပြီးဖြစ်ပါသည်။ ဤတရားများသည် လူသားများ အားလုံးအတူတကွ နေထိုင်ရေးနှင့် အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယနေ့အထိအရေးပါအရာ ရောက်ဆဲဖြစ်ပါသည်။

မြတ်ဗုဒ္ဓ၏ အဆုံးအမများ ရာစုနှစ်ပေါင်းများစွာ ထွန်းကားခဲ့သည့် ဤနိုင်ငံတွင် ရက်အနည်းငယ်တွေ့ဆုံဆွေးနွေး ပူးပေါင်းအားထုတ်ဆောင်ရွက်ချက်များသည် မြတ်ဗုဒ္ဓ၏ အဆုံးအမအတိုင်း ချစ်ခြင်းမေတ္တာနှင့် ကရုဏာတရားများကို အခြေခံ၍ လူသားအားလုံး၏ အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

ချစ်ခြင်းမေတ္တာနှင့် ငြိမ်းချမ်းမှုများ နေရာတိုင်းတွင် ထွန်းကားပါ့နှံ့ပါစေသတည်း။

ဘုန်းတော်ကြီး ရပ်ဖယ်လိုလောန်ကို

အီတာလျံဗုဒ္ဓဘာသာသမဂ္ဂ

# နိုင်ငံခေါင်းဆောင်များနှင့် ဌာန/အဖွဲ့အစည်း အကြီးအကဲများပေးပို့သော သဝဏ်လွှာများ

## ပြည်ထောင်စု မြန်မာနိုင်ငံတော်

## ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် မဲ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ သဝဏ်လွှာ

ကျက်သရေ မင်္ဂလာအပေါင်း ခညောင်းသော ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးသို့ ဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သခွင့်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါသည်။

သန့်စင်သော ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး မူရင်းအတိုင်း မပျောက်မပျက် တည်ရှိနေသည့် မြန်မာနိုင်ငံတွင် ဤညီလာခံကြီးကို ကျင်းပနိုင်သဖြင့် နိုင်ငံတော်အစိုးရနှင့် ရဟန်း၊ သံဃာ ပြည်သူအများက အထူးဝမ်းသာ ဂုဏ်ယူလျက် ရှိပါသည်။

ဤမဟာပါသာဏ လိုဏ်ဂူတော်ကြီးတွင် စုဝေးရောက်ရှိလာကြသူအားလုံးအနေဖြင့် မြတ်ဗုဒ္ဓ၏ ထာဝရမှန်ကန်နေသော တရားတော်များသည် တဏှာရမ္မက်နှင့် ဒုက္ခသံသရာပင်လယ်ဝေနေသော ယနေ့လူ့ဘောင်အား ကယ်တင်ပြုပြင်ရန်အတွက် များစွာလိုအပ်လျက်ရှိကြောင်း ခိုင်မြဲစွာ ယုံကြည်ကြပါသည်။

ယနေ့ကမ္ဘာကြီးတွင် ပဋိပက္ခမျိုးစုံ၊ ပြစ်မှုမျိုးစုံ ကျူးလွန်ကြသည်ကို တွေ့မြင်နေရပါသည်။ ဤဒုစရိုက်တရားများ၏ အရင်းခံမှာ လောဘ၊ ဒေါသ၊ မောဟတရားများ ဖြစ်ပါသည်။ ဤလောဘ၊ ဒေါသ၊ မောဟတရားများကို ပယ်သတ်ကြရမည်ဖြစ်ပြီး၊ ကမ္ဘာကြီး ငြိမ်းချမ်းသာယာရေးအတွက် သည်းခံခြင်း၊ ကြင်နာခြင်း၊ ကိုယ်ကျိုးစွန့်လွှတ်ခြင်းစသည့် စိတ်ကောင်းစေတနာကောင်းများ မွေးမြူကြရမည် ဖြစ်ပါသည်။

မြတ်ဗုဒ္ဓ၏ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတည်းဟူသော ဗြဟ္မစိုရ်တရားလေးပါးသည် လူသားအားလုံး အတွက် ငြိမ်းချမ်းမှုနှင့် သဟဇာတဖြစ်ရေးတို့ကို ပေးစွမ်းနိုင်သည့် အကောင်းဆုံးသော လမ်းညွှန်ချက်များဖြစ်ပါသည်။ ဤလမ်းညွှန်ချက်များသည် ဗုဒ္ဓဘာသာဝင်များအတွက်သာမက လူမျိုးဘာသာမခွဲခြားဘဲ လူသားအားလုံးအတွက် ရည်ညွှန်းသည့်တရားများ ဖြစ်ပါသည်။ ဤတရားများသည် လူသားများအား ဆင်းရဲဒုက္ခအပေါင်းမှ ကယ်တင်နိုင်သည့် လူသားအားလုံး ပျော်ရွှင်စွာ နေထိုင်နိုင်မည့် အေးချမ်းသာယာသော ကမ္ဘာလောကကြီးကို တည်ဆောက်နိုင်စေမည်ဖြစ်ပါသည်။

မြတ်ဗုဒ္ဓ၏ မွန်မြတ်သော တရားဒေသနာတော် ထွန်းကားပြန့်ပွားစေရန် ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင် အချင်းချင်း အပြန်အလှန်နားလည်မှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို တိုးတက်ကောင်းမွန်လာစေရန် ခန္တီ၊ မေတ္တာနှင့် ကရုဏာတရားများ ထွန်းကားပြန့်ပွားလာစေခြင်းဖြင့် လူသားအားလုံး၏ ငြိမ်းချမ်းပျော်ရွှင်ရေးကို ဖော်ဆောင်နိုင်ရန် ဤညီလာခံကြီးက ဆောင်ကြဉ်းပေးနိုင်မည်ဟု ယုံကြည်ပါသည်။

ဤအခါသမယတွင် ညီလာခံ တက်ရောက်လာကြသူအားလုံးအား လေးစားစွာ နှုတ်ခွန်းဆက်သ ပြီး၊ အခမ်းအနားကြီး အောင်မြင်စွာ ကျင်းပနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ




ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ သဝဏ်လွှာကို ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ဖတ်ကြားနေပုံ

The message sent by H.E. Senior General Than Shwe, Chairman of The State Peace and Development Council, to the World Buddhist Summit is read by H.E. Lt.Gen. Thein Sein, Secretary (1) of The State Peace and Development Council, at the Opening Ceremony of The World Buddhist Summit

## သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၏ သဝဏ်လွှာ

ဒီအစည်းအဝေးကြီးကို ကျင်းပရာမှာ လုပ်ငန်းကော်မတီဥက္ကဋ္ဌအနေနဲ့ရော သာသနာရေးဝန်ကြီးအနေနဲ့ပါ ဗုဒ္ဓသာသနာတော်အတွက် လုပ်ကိုင်ဆောင်ရွက်ရတာဖြစ်လို့ ဝမ်းမြောက်စွာ ဂုဏ်ယူပါတယ်။ ဘာကြောင့်လည်းဆိုတော့ မြတ်စွာဘုရားတို့သည် ကမ္ဘာပေါင်းများစွာကြာမှ တစ်ဆူတစ်လေသာ ပွင့်တော်မူကြတာဖြစ်ပါတယ်။ လေးသချေကမ္ဘာတစ်သိန်းမှ ဘုရားပေါင်း (၂၈)ဆူမျှသာ ပွင့်တော်မူတယ်လို့ မှတ်သားဖူးပါတယ်။ လူ့ဘဝဆိုတာလည်းရခဲပါတယ်။ လူဖြစ်ပြန်တော့လည်း ဗုဒ္ဓဘာသာထွန်းကားတဲ့အရပ်မှာ လူဖြစ်ဖို့၊ ဗုဒ္ဓသာသနာကိုကြည်ညိုတတ်တဲ့ လူတစ်ယောက်ဖြစ်ဖို့ဆိုတာ အလွန်ခက်ခဲပါတယ်။

ကျွန်ုပ်တို့ မြန်မာနိုင်ငံမြေပေါ်မှာ ဗုဒ္ဓနဲ့ဗုဒ္ဓသာသနာရောက်ခဲ့တာဟာ နှစ်ပေါင်း ၂၅၀၀-ကျော်ပါပြီ။ ဗုဒ္ဓပွင့်ပြီး ၄၉-ရက်အကြာမှာ မြန်မာပြည်က ကုန်သည်နှစ်ယောက်တို့ ဗုဒ္ဓရှင်တော်ကို ဖူးတွေ့ခဲ့ရပြီး ဆွမ်းဦးလည်း ကပ်ခဲ့ကြပါတယ်။ တရားဦးလည်း နာခဲ့ကြပါတယ်။ ဗုဒ္ဓဘာသာဝင်လည်း ဦးစွာဖြစ်ခဲ့ကြပါတယ်။ သက်ရှိဘုရားရဲ့ ဆံတော်ရှစ်ဆူကို ကျွန်ုပ်တို့ မြန်မာပြည်သားနှစ်ယောက်– တဖုသနဲ့ ဘလ္လိက ကုန်သည်နှစ်ယောက်တို့က ရရှိခဲ့ပြီး တည်ထားခဲ့တဲ့ စေတီတော်ကြီးဟာ ဒီကနေ့ ရွှေတောင်ကြီးကဲ့သို့ ဖူးမြင်နေကြရတဲ့ ရွှေတိဂုံစေတီတော်ကြီးပါပဲ။

ဗုဒ္ဓရှင်တော် ပရိနိဗ္ဗာန်ပြုပြီးနောက် နှစ်ပေါင်း(၁၃၆)နှစ်အကြာမှာ ပိဋကတ်သုံးပုံ ရောက်ရှိသည်မှစပြီး ယနေ့အထိ မြန်မာနိုင်ငံဗုဒ္ဓသာသနာတော်ဟာ ဆုတ်ယုတ်သည်မရှိ၊ ယနေ့မြန်မာနိုင်ငံတော်မှာ အရိန်အဟုန်ကောင်းစွာဖြင့် တိုးတက်လျက်ရှိပါတယ်။ ယနေ့မြန်မာနိုင်ငံတော်မှာ

၁။ ကျောင်းတိုက်ပေါင်း ငါးသောင်းကျော်

၂။ ရဟန်းတော်ပေါင်း နှစ်သိန်းရှစ်သောင်းကျော်

၃။ သာမဏေပေါင်း နှစ်သိန်းကျော်

၄။ သီလရှင်ပေါင်း သုံးသောင်းလေးထောင်ကျော် ရှိပါတယ်။

ပိဋကတ်သုံးပုံရဲ့အစ၊ အခြေခံဖြစ်တဲ့ ကျမ်းကြီးသုံးကျမ်းကို ပါဠိ အဋ္ဌကထာ ဋီကာနှင့်တကွ ပြန်ဆန်းသင်ကြားပြီး စာမေးပွဲကျင်းပပေးသဖြင့် ဓမ္မာစရိယ (Master in Dhamma) အောင်ပြီးတဲ့ ပုဂ္ဂိုလ်ပေါင်း ၈၄၀၀၀-ခန့် ရှိပါတယ်။ ပိဋကတ် သုံးပုံဆောင် စာမေးပွဲများကျင်းပပြီး ပိဋကတ် သုံးပုံဆောင် ပုဂ္ဂိုလ်များ စုစုပေါင်း ၁၁-ပါးပေါ်ပေါက်ခဲ့ပြီ။ မင်္ဂလသုတ်၊ ဗုဒ္ဓဝင်၊ အဘိဓမ္မာ အခြေခံသင်တန်းများ တစ်နိုင်ငံလုံးအနှံ့ ပို့ချပေးပြီး ကျောင်းသားလူငယ်များအတွက်လည်း ဗုဒ္ဓအဆုံးအမမျိုးစေ့ကို ချပေးလျက်ရှိပါတယ်။

မြန်မာနိုင်ငံမှာ လူဦးရေအားလုံးရဲ့ (၈၉.၃၇%) ရှစ်ဆယ့်ကိုး ဒသမ သုံးခုနှစ်ရာခိုင်နှုန်းဟာ ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြပါတယ်။ နိုင်ငံတော်အစိုးရ ဝန်ကြီးဌာနများဖွဲ့စည်းပုံထဲမှာ သာသနာရေးဝန်ကြီးဌာနဆိုတာကို ဖွဲ့စည်းထားပြီး မြို့နယ်၊ ခရိုင်၊ တိုင်းများမှာလည်း သာသနာရေးအရာရှိများ ခန့်ထားပါတယ်။ နိုင်ငံတော်ဘတ်ဂျက် ခွဲဝေရာမှာလည်း သာသနာရေးဘတ်ဂျက်ဆိုတာ သီးခြားသတ်မှတ်ပေးထားပါတယ်။ ဒါကြောင့် ဒီအစည်းအဝေးကြီးမှာ သပ်သပ်ရပ်ရပ် ထည်ထည်ဝါဝါ ပြင်ဆင်မွမ်းမံနိုင်ခဲ့ခြင်း ဖြစ်ပါတယ်။ ဒီအစည်းအဝေးကြီးအတွက် ကျွန်ုပ်တို့နိုင်ငံတော်အစိုးရအဖွဲ့က ဝန်ကြီးတွေ အားလုံး အဘက်ဘက်မှ ဝိုင်းဝန်း ကူညီကြတဲ့အတွက်ကြောင့်လည်း ဒီအစည်းအဝေးကြီးအောင်မြင်စွာ

ကျင်းပနိုင်တာဖြစ်ပါတယ်။ ထို့ပြင် မြန်မာနိုင်ငံသူ/နိုင်ငံသားတွေရဲ့ သဒ္ဓါ၊ စေတနာကလည်း အလွန်ကောင်းပါတယ်၊ ဒီအစည်းအဝေးကြီးမှာ ပုဂ္ဂလိကအလှူရှင်တွေကလည်း များစွာပါဝင်လှူဒါန်းထားကြပါတယ်။ ဂျပန်–မြန်မာစီးပွါးရေး အသင်းကဆိုရင် မော်တော်ကား (mini-vans) ၃၄–စီး လှူဒါန်းခဲ့တာရှိပါတယ်။ ဆွမ်းအလှူရှင်တွေ ခရီးစားရိတ် အလှူရှင်တွေလည်း ရှိပါတယ်။

မြတ်ဗုဒ္ဓရဲ့ အဆုံးအမ ပေါ်ပေါက်လာတာ ကမ္ဘာမှာ နေလအစင်းပေါင်းများစွာ ပေါ်ပေါက်လာသလိုပါပဲ၊ လူတို့ ဉာဏ်မျက်စိအလင်းရကြပါတယ်။ အမှောင်လမ်းမှာစမ်းပြီး လျှောက်လှမ်းနေသူတို့ ဓမ္မအလင်းရောင်အောက်မှာ လမ်းမှား လမ်းမှန်ခွဲခြား နိုင်စေခဲ့ပါတယ်။ မီးခဲခင်းသောလမ်းမှာ ပူလောင်ပင်ပန်းစွာ လျှောက်လှမ်းနေကြသူတွေ အေးချမ်းသာယာသောလမ်းကို လျှောက်နိုင်ကြဖို့ ဓမ္မသီတာရေနဲ့ ဖျန်းကြရမှာဖြစ်ပါတယ်။ တစ်ကမ္ဘာလုံးဟာ ကိလေသာမီးတွေ ဟုန်းဟုန်းတောက်နေပါတယ်။ ကမ္ဘာငြိမ်းချမ်းဖို့အတွက် ဒီအစည်းအဝေးကြီးရဲ့ အရှိန်အဟုန်ဖြင့် ဓမ္မရေချမ်း ပက်ဖျန်းနိုင်ကြလိမ့်မယ်လို့ ယုံကြည်ပါတယ်။

ကျွန်ုပ်တို့ဟာ ဘဝများစွာ သံသရာမှာ ကိလေသာ ကာမတဏှာလောဘရဲ့ ကျေးကျွန်တွေအဖြစ်နဲ့ ပင်ပန်းခဲ့ရတဲ့ ဘဝပေါင်း များလှပါပြီ။ ဒီနေ့ ဗုဒ္ဓသာသနာကို ကြည်ညိုခွင့်ရတဲ့ ဒီဘဝမှာ ဒီအစည်းအဝေးကြီးအတွက် မည်မျှပင်ပန်းစေကာမူ သာသနာ့ကျေးကျွန်အဖြစ်နဲ့ ပင်ပန်းရတာဖြစ်လို့ ကျွန်ုပ်ဘဝကို သိပ်ကျေနပ်ပါတယ်။ ကျွန်ုပ်ရဲ့ကောင်းမှုကုသိုလ် အစုစုကို အားလုံးအတွက် အမျှကုသိုလ်ပေးဝေအပ်ပါတယ်။

ဗိုလ်မှူးချုပ် သူရမြင့်မောင်

## ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ သဝဏ်လွှာ

ဤမဂ်လာရှိသော အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာနမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့ရသည်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါသည်။ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကျင်းပရေး ကော်မတီအဖွဲ့ဝင်တစ်ယောက်အနေဖြင့် သမိုင်းနှင့်ဘာသာရေးအရ မွန်မြတ်သည့် မဟာပါသာဏလိုဏ်ဂူတော်ကြီး အကြီးစားပြင်ဆင်မှုတွင် ကျွန်ုပ်အနေဖြင့် ပါဝင်ခဲ့ပါသည်။ ဝန်ကြီးဌာနအနေဖြင့် ထိပ်သီးညီလာခံကြီးဆောင်ရွက်နိုင်ရန်အတွက် ဤမဟာပါသာဏလိုဏ်ဂူအတွင်းတွင် ခေတ်မီရုပ်သံစနစ် ဆက်သွယ်တပ်ဆင်ပေးခဲ့ပါသည်။ သတင်းစာများ၊ ရေဒီယို၊ တယ်လီဗေးရှင်းများစသည်တို့ဖြင့် ထိပ်သီးညီလာခံအကြောင်းကို ထုတ်လွှင့်ပြန်ကြားခဲ့ပါသည်။ ညီလာခံကျင်းပစဉ်ကာလတွင် ထိပ်သီး ညီလာခံနှင့်ပတ်သက်သည့် သတင်းလွှာများကို မြန်မာဘာသာဖြင့်လည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့်လည်းကောင်း ပုံနှိပ်ထုတ်ဝေရန် စီစဉ်ထားပါသည်။ ထို့ပြင် ဝန်ကြီးဌာန ခါတ်ပုံရိုက်ကူးရေးအဖွဲ့က ဤထိပ်သီးညီလာခံအစည်းအဝေး၏ သမိုင်းဝင်ဆောင်ရွက်မှုများကို မှတ်တမ်းတင်မည်ဖြစ်ပါသည်။ ညီလာခံကို ဗွီစီဒီများဖြင့် မှတ်တမ်းတင်ထားခြင်းဖြင့် အနာဂတ်မျိုးနွယ်များအတွက် တန်ဖိုးမဖြတ်နိုင်သော မှတ်တမ်းများ ရရှည်တည်တံ့ပါလိမ့်မည်။ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနကိုယ်စား ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဗိုလ်မှူးချုပ်ကျော်ဆန်း

## ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၏ သဝဏ်လွှာ

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနကိုယ်စား အလွန်နှစ်ထောင်းအား၍ ဂုဏ်ယူစွာဖြင့် သဝဏ်လွှာ ပေးပို့အပ်ပါသည်။ လေးစားရပါသော ဧည့်သည်တော်များ ကျွန်ုပ်တို့နိုင်ငံအတွင်း နေထိုင်စဉ် မိမိတို့ဝန်ကြီးဌာနမှ လိုအပ်သော အကောင်းဆုံး ဝန်ဆောင်မှုများကို ဝမ်းမြောက်စွာ ပေးပါမည်။ ကိုယ်စားလှယ် တော်များအတွက် တည်းခိုနေထိုင်ရေး၊ သယ်ယူ ပို့ဆောင်ရေး၊ လေ့လာရေးခရီးများ သွားလာရေးတို့အတွက် မိမိတို့ဝန်ကြီးဌာနမှ တာဝန်ယူ စီစဉ်ပေးမည်ဖြစ်ပါသည်၊ လေးစားအပ်ပါသော ဧည့်သည်တော်များသည် ရှေးဟောင်းအမွေအနှစ် စေတီပုထိုးများနှင့် သာယာလှပသော မြန်မာနိုင်ငံ၏ ရှုခင်းများကို လှည့်လည် လေ့လာခွင့်ရသည့်အတွက် ကျွန်ုပ်အနေဖြင့် များစွာဝမ်းမြောက်မိပါသည်၊ ဧည့်သည်တော်များသည် ထေရဝါဒဗုဒ္ဓဘာသာကို နေ့စဉ်စောင့်ထိန်းနေသော ပုဂ္ဂိုလ်များအား တစေ့တစောင်း ကြည့်ရှုလေ့လာနိုင်သကဲ့သို့ မြန်မာလူမျိုးတို့၏ ဧည့်ဝတ်ကျေပွန်မှု၊ ရိုသေကိုင်းရှိုင်းမှု၊ ဓလေ့များကိုလည်း ဧည့်သည်တော်များ မြင်တွေ့ရမှာဖြစ်ပါသည်။ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး အစစအောင်မြင်ပါစေကြောင်း ကျွန်ုပ်အနေဖြင့် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဗိုလ်မှူးချုပ်သိန်းဇော်

## ကမ္ဘောဒီးယားနိုင်ငံ

### ကမ္ဘောဒီးယားဘုရင် နိုရိုဒွန်သီဟာနုပေးပို့သော သဝဏ်လွှာ (ဘာသာပြန်)

ဂုဏ်သရေရှိဥည့်ပရိတ်သတ်အပေါင်းတို့ခင်ဗျား

ဤကဲ့သို့သော အစည်းအဝေးများ ကျင်းပခြင်းသည် အစဉ်အလာအမျိုးမျိုး ကွဲပြားခြားနား သော်လည်း တူညီသောယုံကြည်ကိုးကွယ်မှုတစ်ရပ်ကို လေးစားမြတ်နိုးစွာ ဆည်းကပ်ကိုး ကွယ်ကြသူများ အတူတကွတွေ့ဆုံကြပြီး မြတ်ဗုဒ္ဓ၏ သိမ်မွေ့နက်နဲသော အဆုံးအမများကို ဆွေးနွေးခွင့် အမြင်ချင်း ဖလှယ်ခွင့်ရရှိစေကာ မိမိတို့၏ သဒ္ဓါတရားများ ပိုမိုရှင်သန်လာစေပါသည်။ အလင်းရောင်တစ်ခုတည်းမှ ဖြာထွက်လာသော အမျိုးမျိုးသော အလင်းတန်းများကြောင့် ကြည်လင်ပြတ်သားစွာ မြင်ကြရသူများကဲ့သို့ အစဉ်အလာအမျိုးမျိုးရှိကြသော ဗုဒ္ဓဘာသာဝင်များအနေဖြင့် (ဗုဒ္ဓ၏အဆုံးအမကြောင့် ရရှိသော) တူညီသောအသိဉာဏ်ပညာများသည်လည်း ဗုဒ္ဓဘာသာဝင် အဖွဲ့အစည်းတစ်ရပ်လုံး အား မိမိကိုယ်မိမိ ယုံကြည်စိတ်ချမှု ပိုမိုခိုင်မြဲစေမည်ဟု ကျွန်ုပ်မမှိတ်မသုံ ယုံကြည်ပါသည်။ ဤသို့ ခိုင်မာစွာစွဲမြဲလာသော ယုံကြည်မှုသည် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် အေးချမ်းတည်ငြိမ်မှုကို ဗုဒ္ဓဘာသာအဖွဲ့အစည်းက အမြင့်မြတ်ဆုံး သောနည်းဖြင့် ကမ္ဘာ့လူသားတို့၏ ဟဒယ နှလုံးသားအား ဖျောင်းဖျဖြေသိမ့်၍ အကြီးမားဆုံးသော ပျော်ရွှင်ချမ်းမြေ့မှုကို ဖော်ဆောင်ပေးနိုင်ပါလိမ့်မည်။

မြတ်ဗုဒ္ဓ၏ အဆုံးအမများသည် ယခုပြည်ထောင်စုမြန်မာနိုင်ငံတော်ဟုအမည်တွင်သော ဒေသသို့ ရှေးပဝေသဏီကာလကပင် ရောက်ရှိခဲ့ပါသည်။ ကမ္ဘောဒီးယားမှာကဲ့သို့ပင် ဗုဒ္ဓ၏ အဆုံးအမများသည် (မြန်မာနိုင်ငံ၌) ဖြစ်ထွန်းတည်ရှိပြီးသော ယဉ်ကျေးမှုအား ပိုမိုတိုးတက် ကြွယ်ဝစေခဲ့ပါသည်။ ကျွန်ုပ်တို့ နိုင်ငံ (ကမ္ဘောဒီးယား)သည်လည်း ဤဒေသသို့ တတိယ သံဃါယနာပွဲတော်အပြီး အသောကမင်းကြီး စေလွှတ်ခဲ့သည့် အရှင်သောဏနှင့် အရှင်ဥတ္တရ မထေရ်မြတ်တို့၏ သုဝဏ္ဏဘူမိသာသနာပြုအဖွဲ့က ချီးမြှင့်ခဲ့သည့် ထူးခြားသည့် (ဗုဒ္ဓ)အမွေအနှစ်များကို မျှဝေခံစားခဲ့ရပါသည်။ သုဝဏ္ဏဘူမိသည် အရှေ့ဘက်တွင် မဲခေါင်မြစ်ဝှမ်း ဒေသနှင့် အနောက်ဘက်တွင် ဧရာဝတီမြစ်တို့အကြား၌ တည်ရှိပါသည်။ ခမာစာပေများတွင် ဤရဟန္တာအရှင်မြတ်နှစ်ပါး၏ သာသနာပြုခရီးကို မြတ်နိုးစွာ ဂုဏ်ပြုမှတ်တမ်း တင်ခဲ့ကြပါသည်။

ကျွန်ုပ်တို့နှစ်နိုင်ငံ၏ ထူးခြားသောစွမ်းပကားများကြောင့် ဗုဒ္ဓတရားတော်များကို မူရင်းအတိုင်း သာမက အမျိုးမျိုးသော အနုပညာအတတ်များ၊ စာပေအရေးအသားများဖြင့် ရေးသားဖွဲ့ဆိုထုတ်ဖော် ပြသနိုင်ခဲ့ကြပါသည်။ ရှေးနှစ်ပေါင်းများစွာကတည်းက အာရှတိုက်ရှိ လူမျိုးအသီးသီးမှ ဗုဒ္ဓဘာသာ ရဟန်းတော်များသည် တစ်နိုင်ငံမှ တစ်နိုင်ငံသို့ ကူးလူးသွားလာရင်း ဘုရားဖူးကြ၊ အမြင်ချင်းဖလှယ်ကြ၊ သင်ယူလေ့လာမှုများ ပြုခဲ့ကြပါသည်။ တစ်ခါတစ်ရံ နိုင်ငံတစ်နိုင်ငံက ပြောင်မြောက်စွာ ရေးဖွဲ့ထားသည့် စာပေအဖွဲ့အနွဲ့သည် အခြားတစ်နိုင်ငံရှိ အနုပညာရှင်များအား ဖမ်းစားလွှမ်းမိုး သွားသည်များရှိပါသည်။ ဧမ္မုပတိသုတ္တန်ကို ဥဒဟာရံ ပြုလိုပါသည်။ ဧမ္မုပတိမင်းသည် မိမိ၏ ဘုန်းတန်ခိုး အာဏာကြီးမားမှုနှင့် ချမ်းသာကြွယ်ဝမှု အပေါ် ယစ်မူးမာန်တက်နေသဖြင့် မြတ်စွာဘုရားသခင်က တန်ခိုးတော်ဖြင့်ကြွလာကာ ရတနာ မျိုးစုံစီခြယ်၍ ယင်းထက်အဆပေါင်းများစွာ တန်ခိုးအာဏာ စည်းစိမ်ကြွယ်ဝမှုကိုပြသည့်အခါမှ ဧမ္မုပတိမင်းက အသိတရားရရှိကာ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သွားပုံကို မြန်မာပညာရှင်များက ပါဠိဘာသာဖြင့် ကရဏာရသမြောက်စွာ ရေးဖွဲ့စပ်ဆိုခဲ့ကြပါသည်။ မြန်မာများ၏ ဤရသမြောက်

လှသော အရေးအသားအဖွဲ့အနွဲ့သည် အလယ်ခေတ်ကမ္ဘောဒီးယားအနုပညာရှင်များအား စူးရှထက်မြက်သော အတွေးသစ်များရရှိစေကာ ၎င်းတို့ ထုဆစ်ခဲ့သော အင်ကော ခေတ်လွန်ဗုဒ္ဓရုပ်ပွားတော်များသည် ခမာတို့၏ ဂန္ဓဝင်မြောက်လှသော ကိုယ်ပိုင်အနုပညာများအဖြစ် ပေါ်ထွက်လာစေခဲ့ပါသည်။

ကျွန်ုပ်အနေနှင့် ဗုဒ္ဓဘာသာညီလာခံ အောင်မြင်ပါစေကြောင်း လိုက်လိုက်လဲလဲ ဆန္ဒပြုပါသည်။ ၂၀၀၂ခုနှစ် ဒီဇင်ဘာလအတွင်းက ဖန်နမ်ပင်တွင်ကျင်းပခဲ့သော ဗုဒ္ဓဘာသာညီလာခံကြီးမှ ရရှိခဲ့သော တူညီသောစိတ်ထား၊ သည်းခံမှုနှင့် ပွင့်လင်းမှုတို့သည် ယခုညီလာခံကြီးတွင် ဆက်လက်ရှင်သန်နေမည်ဟု ယုံကြည်မိပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအာဏာပိုင်များနှင့်တကွ ဤညီလာခံသို့ တက်ရောက်လာကြသော နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်တော်များအား လုံး မြတ်ဗုဒ္ဓပေးသော ဆုငါးပါး ဖြစ်သည့် အာယု၊ ဝဏ္ဏ၊ သုခ၊ ဗလ၊ ပဋိဘာနတို့ဖြင့် ပြည့်ဝကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

နိုရိဒွန်သီဟာန

## ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန် ပေးပို့သော သဝဏ်လွှာ (ဘာသာပြန်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သမိုင်းဝင်မြို့တော်ဖြစ်သော ရန်ကုန်မြို့တွင် ကျင်းပသည့် ကမ္ဘာ့ ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံသို့ တက်ရောက်ကြသူ ဗုဒ္ဓဘာသာဝင်အားလုံးအား လှိုက်လှဲစွာ နှုတ်ခွန်း ဆက်သရခြင်းကို ကျွန်ုပ်အနေဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါသည်။

ကမ္ဘောဒီးယားနိုင်ငံမှ ဗုဒ္ဓဘာသာဝင်များအပါအဝင် ဗုဒ္ဓဘာသာဝင်အားလုံးတို့သည် ကမ္ဘောဒီးယားနိုင်ငံဘုရင် နော်ရိဒမ်သီဟာန ကြီးမှူး၍ ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်ပင်မြို့ ပလွင်ဆောင်ခန်းမ၌ ၂၀၀၂ ခုနှစ် ဒီဇင်ဘာလတွင် တတိယအကြိမ်ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ ကျင်းပခဲ့ခြင်းကို အလေးအနက် ကျေးဇူးတင်လျက် သတိရနေကြဆဲရှိမည်ဟု လေးနက်စွာ ယုံကြည်မိပါသည်။ တတိယအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ၏ရလာဒ်သည် လူ့ဘောင်အဖွဲ့အစည်းတွင် နေထိုင်ကြသော လူသားများအကြား ငြိမ်းချမ်းမှု၊ တည်ငြိမ်မှုနှင့် သဟဇာတဖြစ်မှုတို့အတွက်သာမက ကျွန်ုပ်တို့၏ တူညီသော ဗုဒ္ဓဘာသာတရားတွင် သက်ဝင်ယုံကြည်မှုကို ထောက်ပံ့ရန်နှင့် မြှင့်တင်ရန်အတွက် ပူးပေါင်းဆောင်ရွက်ရေးတွင် ကမ္ဘာတစ်ဝန်းလုံးရှိ ဗုဒ္ဓဘာသာဝင်များ၏ ညီညွတ်သောစည်းလုံးမှုကို ထင်ဟပ်နေပေသည်။

ဤနေရာတွင် ညီလာခံကြီးသည် ကွဲပြားခြားနားသောနိုင်ငံအသီးသီးမှ ဂိုဏ်းအသီးသီးရှိ ဗုဒ္ဓဘာသာဝင်များအကြား လေးနက်သော ခင်မင်ရင်းနှီးမှုနှင့် ကြံ့ခိုင်စည်းလုံးမှုတို့၏ တန်ဖိုးနှင့် အနက်အဓိပ္ပါယ်တို့ကို မှတ်တမ်းတင်ပေသည်။ ဗုဒ္ဓဘာသာဝင်အများ စွဲမြဲလက်ကိုင်ထားသည့် လွန်ခဲ့သော နှစ်ပေါင်းများစွာက သားစဉ်မြေးဆက် ထိန်းသိမ်း လက်ဆင့်ကမ်းခဲ့သည့် ဤဓလေ့သည် ကျွန်ုပ်တို့အားလုံးအား တူညီသော ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် အကြမ်းဖက်ခြင်း၊ ကျူးကျော်ရန်စခြင်း၊ မနာလိုခြင်းနှင့် အကုသိုလ် တရားများကို ပယ်ရှားရန်အတွက်လည်းကောင်း၊ လူသားများကို ဗုဒ္ဓ၏ တရားအလင်းရောင်အောက်တွင် ညီညွတ်စွာ အတူယှဉ်တွဲနေထိုင်ရေးကို ရှာဖွေရေးသို့လည်းကောင်း ပို့ဆောင်ပေးနိုင်မည် ဖြစ်ပေသည်။

ဤနည်းအားဖြင့် တတိယအကြိမ်ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံသည် ဗုဒ္ဓဘာသာဝင်များ၏ အခန်းကဏ္ဍတွင် အရေးအပါဆုံးလုပ်ငန်းဖြစ်သည့် ကြောက်မက်ဖွယ်ရာကောင်းလှသော အကုသိုလ် အပြစ်များဖြစ်သော လောဘ၊ အကြမ်းဖက်မှုနှင့် အမုန်းတရားတို့၏စွမ်းအားဖြင့် ထိန်းချုပ်ခြင်း ခံနေရသော ဘေးအန္တရာယ်များကို သိမြင်ရန် နိုင်ငံရေးနယ်ပယ်အသီးသီးမှ လူသားများအား နှိုးဆော်ရန် အတွက်နှင့် ဗုဒ္ဓ၏ တရားလမ်းကြောင်းနှင့်အညီ လိုက်နာရေးသို့ ပြန်လည်ရောက်ရှိစေရေး စသည့် အကျိုးတရားများကို ရရှိစေခဲ့သည်။

ရန်ကုန်မြို့တွင် ကျင်းပသော ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံသည် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် အရှိန်အဟုန် ထပ်မံမြှင့်တင်ပေးပြီး မေတ္တာနှင့် ကရုဏာကို လက်ကိုင်ထားသော အပြုသဘောဆောင်သည့် အပြောင်းအလဲများကိုလည်း ပိုမိုဖော်ဆောင်ပေးနိုင်လိမ့်မည်ဟု လေးနက်စွာ ယုံကြည်မိပါသည်။ ဤနည်းအားဖြင့် ပဋိပက္ခများနှင့် ဆင်းရဲဒုက္ခများကို လျော့ပါးစေရေးအတွက် လည်းကောင်း၊ ဤလောက ကြီးအား ပိုမိုနေချင်စဖွယ်ကောင်းသော နေရာတစ်ခုအဖြစ် ပြောင်းလဲပေးရန်အတွက်လည်းကောင်း ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးမှ အထောက်အကူပြုလိမ့်မည်ဟု ယုံကြည်ပါသည်။

ဤယုံကြည်ချက်ဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက ကမကထပြုကျင်းပသည့် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး အစစအရာရာ အောင်မြင်ရေးအတွက် ကမ္ဘောဒီးယား နိုင်ငံတော်အစိုးရကိုယ်စား လှိုက်လဲစွာ ဆန္ဒပြုလိုက်ပါသည်။

ထပ်မံ၍ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး၏ စိတ်ဓာတ်သည် ကျွန်ုပ်တို့၏ နှလုံးသားဝယ် ထာဝရကိန်းအောင်းနေပြီး ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးကို ဖန်တီးနိုင်မည့် ဗုဒ္ဓတရားတော်များကို လိုက်နာကြသည့် ကမ္ဘာတဝန်းလုံးရှိ ဗုဒ္ဓဘာသာဝင်များအကြား ခိုင်မာသော စည်းလုံးညီညွတ်မှု၏ သင်္ကေတဖြစ်လာစေရန် ဆုတောင်းလိုက်ပါသည်။

နောက်ဆုံးအနေဖြင့် ဤထိပ်သီးညီလာခံသို့ တက်ရောက်လာကြသော ကိုယ်စားလှယ်တော်များ အားလုံး၊ဗုဒ္ဓ၏တန်ခိုးတော်ကြောင့် ဆု(၅)ပါး၊နှင့် ပြည့်စုံစေရန်ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ဟွန်ဆန်

**ကမ္ဘောဒီးယားနိုင်ငံ သာသနာရေးဝန်ကြီး မစ္ဆတာ ခွန်ဟိုင်း ပေးပို့သော သဝဏ်လွှာ (ဘာသာပြန်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော် သမိုင်းဝင်ရန်ကုန်မြို့တော်တွင် ဒီဇင်ဘာလ ၉ ရက်နေ့မှ ၁၁ ရက်နေ့ထိ ကျင်းပသည့် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံတွင် ပါဝင်တက်ရောက်ကြသူ အားလုံးအား လှိုက်လှဲစွာ နှုတ်ခွန်းဆက်သရသည်ကို ဝမ်းမြောက်မိပါသည်။

ကမ္ဘောဒီးယားနိုင်ငံမှ ဗုဒ္ဓဘာသာဝင်တို့သည် ၂၀၀၂-ခု ဒီဇင်ဘာလက ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်ပင်မြို့၊ ပလွင်ခန်းမဆောင်တွင် (ကမ္ဘောဒီးယား) ဘုရင်မင်းမြတ် ကမကထပြု၍ ကျင်းပခဲ့သော တတိယအကြိမ် ဗုဒ္ဓဘာသာထိပ်သီးညီလာခံကို ကျေးဇူးတင် သတိရလျက် ရှိနေပါသည်။ ထိုတတိယအကြိမ် ဗုဒ္ဓဘာသာထိပ်သီးညီလာခံမှ ရရှိခဲ့သော အကျိုးတရားသည် အလွန်အရေးပါလှပါသည်။ လူမျိုးကွဲများ အချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်းနှင့် အပြန်အလှန် နားလည်ခြင်းဟူသော စိတ်ဓါတ်များကို တိုးပွါးစေခဲ့ပြီး ကျွန်ုပ်တို့အား လုံး ကိုးကွယ်သော ဘာသာတရား၏ ကြိုးပွါးတိုးတက်မှုကို အထောက်အကူပြုခဲ့ပါသည်။ ဒေသတွင်းနိုင်ငံများ၏ ငြိမ်းချမ်းရေး၊ တိုးတက်ရေးနှင့် မြတ်ဗုဒ္ဓ၏ ထာဝရမှန်ကန်နေသော တရားဒေသနာတော်ကို များစွာလိုအပ်နေသော ကမ္ဘာတစ်ဝန်း ပိုမို ပြန့်နှံ့စေရန် အထောက်အကူပြုခဲ့ပါသည်။

ရန်ကုန်မြို့တွင် ကျင်းပသော ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံသည် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် တွန်းအားတစ်ရပ်ဖြစ်ပြီး မေတ္တာ၊ ကရုဏာတို့ကို ပိုမိုပွါးများ ကျင့်သုံးစေကာ ပဋိပက္ခနှင့် ဆင်းရဲဒုက္ခတို့ကို လျော့နည်းသက်သာစေခြင်းဖြင့် ကမ္ဘာကြီးကို နေထိုင်၍ ပိုမိုကောင်းမွန်သော နေရာတစ်ခု ဖြစ်စေလိမ့်မည်ဟု ကောင်းစွာ ယုံကြည်ပါသည်။

ဤယုံကြည်ချက်ဖြင့် ကမ္ဘောဒီးယားနိုင်ငံ သာသနာရေးဝန်ကြီးဌာနကိုယ်စားအနေဖြင့် လည်းကောင်း၊ ကျွန်ုပ်ကိုယ်တိုင်အနေဖြင့်လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက ကမကထပြု ကျင်းပသော ဗုဒ္ဓဘာသာထိပ်သီးညီလာခံ အဘက်ဘက်မှ အောင်မြင်မှုရပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ခွန်ဟိုင်း

## ကိုရီးယားသမ္မတနိုင်ငံ

### ကိုရီးယားသမ္မတနိုင်ငံ ယဉ်ကျေးမှုနှင့်ခရီးသွားလုပ်ငန်းဌာနဝန်ကြီး ချန်ဒေါင်ချီး ပေးပို့သော သဝဏ်လွှာ(ဘာသာပြန်)

ကိုရီးယားဗုဒ္ဓဘာသာဝင် သန်း(၂၀) ကိုယ်စား မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် ကျင်းပမည့် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံသို့ ကျွန်ုပ်ဝမ်းမြောက်ဝမ်းသာဖြစ်ပါကြောင်း သဝဏ်လွှာကို ပေးပို့အပ်ပါသည်။ ဤကဲ့သို့ ခမ်းနားကြီးကျယ်လှစွာသော ညီလာခံကြီးသို့ နိုင်ငံပေါင်းများစွာတို့မှ ဗုဒ္ဓဘာသာ ခေါင်းဆောင်များ တက်ရောက်ကြမည် ဖြစ်ပါသည်။

ယခုအခါ ကမ္ဘာ့ငြိမ်းချမ်းရေးကို ခြိမ်းခြောက်မှုများစွာဖြင့် ကျွန်ုပ်တို့ ရင်ဆိုင်နေကြရပါသည်။ လူပေါင်းများစွာတို့သည် ယနေ့တိုင် ငတ်မွတ်ခေါင်းပါးမှုနှင့် ရောဂါဘယဘေးဒုက္ခကို ခံစားနေရပြီး အကြမ်းဖက်မှုနှင့် စစ်မက်အန္တရာယ်တို့ကိုပါ ခံစားနေကြရပါသည်။

ဗုဒ္ဓမြတ်စွာဘုရား၏ ဉာဏ်တော်နှင့် ကရုဏာတော်တို့သည် အနာဂတ်ကို အလင်းရောင်ပေး၍ လူသားတို့၏ ဒုက္ခနှင့် အဝိဇ္ဇာလွှမ်းမိုးမှုကို လျော့နည်းစေလိမ့်မည်ဟု ကျွန်တော်တို့ ကြီးမားစွာ မျှော်လင့်ထားပါသည်။

ကမ္ဘာကြီးတစ်ခုလုံးမှ ဗုဒ္ဓဘာသာအဖွဲ့အစည်းများအတွင်း အပြန်အလှန်နားလည်သဘောပေါက်မှုနှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် စစ်ဘေးနှင့် အကြမ်းဖက်မှုအန္တရာယ်မှ ပယ္ပောက်စေ၍ သနားကြင်နာမှုနှင့် မေတ္တာတရားတို့မှတစ်ဆင့် ငြိမ်းချမ်းသောကမ္ဘာကြီးတစ်ခုအဖြစ် တိုးတက် ဖြစ်ပေါ်စေရေးအတွက် ဤညီလာခံကြီးသည် ထူးခြားလှသော အခမ်းအနားတစ်ခု ဖြစ်ပါစေကြောင်း ကျွန်ုပ် ဆုတောင်းပါသည်။

အထူးကျေးဇူးတင်ပါသည်။

ချန်ဒေါင်ချီး

# နီပေါနိုင်ငံ

## နီပေါနိုင်ငံတော်ဝန်ကြီးချုပ် မစ္ဆတာ ရှားဗဟာဒူးဒူပါ ပေးပို့သော သဝဏ်လွှာ (ဘာသာပြန်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ရန်ကုန်မြို့တွင် ၂၀၀၄-ခုနှစ်၊ ဒီဇင်ဘာလ (၉)ရက်မှ (၁၁)ရက်ထိ ကျင်းပမည့် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံသို့ ဤဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့ရသည့် အတွက် အထူးနှစ်ထောင်းအားရကျေနပ်မိပါသည်။

ဦးမ်းချမ်းရေးတရားတော်ကို ဟောကြားတော်မူခဲ့သော အထွဋ်မြတ်ဆုံးသော သကျမုနိ ဗုဒ္ဓမြတ်စွာသည် ခရစ်နှစ် ၆၂၃-ခုတွင် နီပေါနိုင်ငံတောင်ပိုင်းရှိ လုမ္ဗိနီဥယျာဉ်တွင် မိုးရွာသန့်စင် ဖွားမြင်တော်မူခဲ့ပါသည်။ မြတ်စွာဘုရားသခင်၏ အဆုံးအမများဖြစ်သည့် ဦးမ်းချမ်းရေး၊ မေတ္တာတရားနှင့် ခန္တီတရားများသည် အတိတ်ကာလ ဖြစ်ရပ်အခြေအနေများနှင့် လိုက်ဖက်ဆီလျော်သကဲ့သို့ ယနေ့ မျက်မှောက်ကမ္ဘာ့အခြေအနေများနှင့်လည်း လိုက်ဖက်ဆီလျော်လျက် ရှိပါသည်။

ကျွန်ုပ်တို့သည် ၂၁-ရာစုအတွင်းသို့ စတင်ချဉ်းနင်းဝင်ရောက်ခဲ့ကြပါပြီ။ ကုန်လွန်ခဲ့သော ရာစုနှစ်သည် ကျွန်ုပ်တို့အတွက် နိုင်ငံအတွင်းနှင့် နိုင်ငံအချင်းချင်း ဆင်နွှဲခဲ့ကြသည့် စစ်ပွဲများ၊ လူမျိုးစုပဋိပက္ခများနှင့် ပြဿနာပေါင်းမြောက်များစွာကို ချန်ထားပေးခဲ့ပါသည်။ သမရိုးကျ လက်နက်များနှင့် ညူကလီးယားလက်နက်များ အမြောက်အမြား ထုတ်လုပ်ပိုင်ဆိုင်ထားခြင်းမှ ပေါ်ပေါက်လာသည့် ခြိမ်းခြောက်မှုအန္တရာယ်သည် ကြီးမားစွာ ဆက်လက်တည်ရှိနေပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့အနေနှင့် ဒေသတွင်းနှင့် ဒေသပြင်ပတွင်ပါ ဦးမ်းချမ်းရေးထိန်းသိမ်းရန် ပိုမိုတိုးတက်စေရန်နှင့် ပြန့်ပွားစေရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းအားထုတ်နေကြရမည် ဖြစ်ပါသည်။ ဦးမ်းချမ်းရေးထွန်းကားစေရန်အတွက်သော်လည်းကောင်း၊ ဆိုးရွားသည့် စစ်ပွဲများဆင်နွှဲရန်အတွက်သော်လည်းကောင်း၊ ဖန်တီးနိုင်သူမှာ လူသားများသာ ဖြစ်ပါသည်။ ဤထိပ်သီးညီလာခံသည် ကမ္ဘာ့လူသားအပေါင်းအတွက် ဦးမ်းချမ်းရေး၏ အရေးပါအရာရောက်ပုံကို မီးမောင်းထိုးပြနိုင်မည့် အောင်မြင်သည့် ညီလာခံကြီး ဖြစ်လိမ့်မည်ဟု ကျွန်ုပ်ခိုင်မြဲစွာမျှော်လင့်ပါသည်။

ဦးမ်းချမ်းရေးနှင့် တိုးတက်ဖြစ်ထွန်းမှုတို့သည် တစ်ခုပေါ်တစ်ခု အမှီသဟဲပြုလျက် ရှိပါသည်။ ဦးမ်းချမ်းမှုမရှိဘဲ စီးပွားဖွံ့ဖြိုးတိုးတက်မှု ရရှိရန်နှင့် ရရှိထားပြီး ဖြစ်သည့် စီးပွားတိုးတက်မှုကို တည်မြဲအောင် ဆောင်ရွက်နိုင်ရန် ဖြစ်နိုင်မည် မဟုတ်ပါ။ ဤအမြင်ကို အခြေခံ၍ ရန်ကုန်မြို့တော်တွင် ကျင်းပမည့် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသည် အလွန်အရေးပါ အရာရောက်လှသည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။ ထိပ်သီးညီလာခံကြီး အထူးအောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ရှားဗဟာဒူး ဒူပါ

## ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ

**ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဖန်ဗန်ခိုင် ပေးပို့သော သဝဏ်လွှာ (ဘာသာပြန်)**

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး ကျင်းပသည့် အခမ်းအနားတွင် ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံအစိုးရအဖွဲ့ကိုယ်စား ကျွန်ုပ်အနေဖြင့် လှိုက်လှဲစွာဂုဏ်ယူပါကြောင်းနှင့် ညီလာခံကြီး ဆထက် ထမ်းပိုး တိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဖန်ဗန်ခိုင်

**ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဘာသာရေးဆိုင်ရာအစိုးရကော်မတီ သဘာပတိ မစ္စတာ ဒုယင်သီ ပေးပို့သော သဝဏ်လွှာ (ဘာသာပြန်)**

**ဗုဒ္ဓဘာသာခေါင်းဆောင် အရှင်သူမြတ်များဘုရား**
**လေးစားအပ်သော ကိုယ်စားလှယ်တော်များနှင့်**
**ဂုဏ်သရေရှိ ဧည့်သည်တော်များ ခင်ဗျား**

ပြည်ထောင်စုမြန်မာနိုင်ငံ၊ ရန်ကုန်မြို့တော်တွင် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ ကျင်းပနေသည်ကို သိရှိရသည့်အတွက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ ဘာသာရေးဆိုင်ရာ အစိုးရ ကော်မတီ၏ ကိုယ်စားအနေဖြင့်လည်းကောင်း၊ ကျွန်ုပ်အနေနှင့်လည်းကောင်း၊ ကောင်းမြတ်သောဆန္ဒနှင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းဖော်ပြအပ်ပါသည်။

ကမ္ဘာပေါ်ရှိ ဗုဒ္ဓဘာသာနိုင်ငံများရှိ ဗုဒ္ဓဘာသာဝင်များအားလုံး အတူတကွ ပေါများကြွယ်ဝ ချမ်းသာသုခနှင့်ပြည့်ဝသော အနာဂတ်တည်ဆောက်ရေးအတွက် တစ်ကိုယ်ကောင်းမဆန်ခြင်း၊ ပျော်ရွှင်မှုနှင့် စိတ်တည်ငြိမ်မှု၊ မေတ္တာ ကရုဏာ ဖေါ်ရွေရင်းနှီးမှု စသည်တို့ကို အခြေခံသော ဗုဒ္ဓ၏ ဟောကြားချက်များကို ပြန့်ပွားစေရန်၊ ငြိမ်းချမ်းရေး ကြွယ်ဝဖွံ့ဖြိုးရေး၊ ငြိမ်းချမ်းစွာရောင့်ရဲကျေနပ်မှုနှင့် အပြန်အလှန်ဖွံ့ဖြိုးမှုကို ရရှိရေးအတွက်လည်းကောင်း၊ လူ့လောက၏ မြင့်မြတ်သော တန်ဖိုးများ၊ ဗုဒ္ဓဘုရားရှင်၏ ဆင်ခြင်တုံတရားနှင့်ပတ်သက်၍ မြင့်မြတ်သော စံများကိုလည်းကောင်း၊ ချီးကျူးဂုဏ်ပြုရန်အတွက် ဤညီလာခံကြီးသည် မြင့်မြတ်သော အပြုသဘောဆောင်သည့်စိတ်ဓါတ်ဖြင့် စွမ်းဆောင်လိမ့်မည်၊ ကြီးမားသော အောင်မြင်မှုများရရှိလိမ့်မည်ဟု ကျွန်ုပ်တို့ခိုင်မြဲစွာ ယုံကြည်ပါသည်။

ညီလာခံကြီး အောင်မြင်ပါစေ၊

ညီလာခံတက်ရောက်သူများကျန်းမာပါစေ၊

ဒုယင်သီ

## ဘင်္ဂလားဒေရှ်.ပြည်သူ.သမ္မတနိုင်ငံတော်

ဘင်္ဂလားဒေရှ်.ပြည်သူ.သမ္မတနိုင်ငံတော် သမ္မတ ပါမောက္ခဒေါက်တာအီယာဂျုဒင်အာမက် ပေးပို့သော သဝဏ်လွှာ (ဘာသာပြန်)

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
ပြည်ထောင်စုမြန်မာနိုင်ငံတော်
အဆွေတော် ဥက္ကဋ္ဌကြီး-

၂၀၀၄-ခုနှစ် ဒီဇင်ဘာလ (၉)ရက်နေ့မှ (၁၁)ရက်နေ့အထိ ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်မည့် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်ဝသော ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံအတွက် အဆွေတော်ထံသို့ နှုတ်ခွန်းဆက် သဝဏ်လွှာ ပေးပို့ရသဖြင့် အထူးဝမ်းမြောက်မိပါသည်။

ဗုဒ္ဓဘာသာသည် ယုံကြည်ကိုးကွယ်မှုတစ်ရပ်အဖြစ်သာမက ကမ္ဘာတစ်ဝန်းရှိ လူသားများအား ယဉ်ကျေးမှု ရှင်သန်ထွန်းကားစေသည့် ဘာသာလည်းဖြစ်ပါသည်။ ဗုဒ္ဓဘာသာ၏ အတွေးအမြင်နှင့် စိတ်ထားများ အထူးသဖြင့် သက်ရှိသတ္တဝါ အားလုံးအပေါ်တွင် ထားရှိသည့် ခန္တီတရားနှင့် ချစ်ခြင်း မေတ္တာတရားများသည် အလွန်ခက်ခဲသိမ်မွေ့သည့် အချိန်အခါအခြေအနေသို့ ရောက်ရှိနေသော ပစ္စက္ခ လူ့ယဉ်ကျေးမှုနယ်ပယ်တွင် အထူးလိုအပ်ပြီး အရေးပါသည့်တရားများ ဖြစ်နေပါပြီ။ ဗုဒ္ဓဘာသာ၏ အနှစ်သာရပြည့်ဝသော လူသားဝါဒသဘောတရားသည် နှစ်ပရိစ္ဆေဒများစွာ ကျော်လွန်ခဲ့ပြီဖြစ်သော်လည်း ယနေ့မျက်မှောက်ကာလတိုင်အောင် ကမ္ဘာ့လူသားများကို ဆွဲဆောင်လျက်ပင်ရှိပါသည်။

ဤထိပ်သီးညီလာခံသည် ကမ္ဘာတစ်ဝန်းရှိ ဗုဒ္ဓဘာသာဝင်များအား ပိုမိုနီးကပ် ရင်းနှီးစေလာပြီး ဗုဒ္ဓဘာသာ၏ နမူနာစံပြစိတ်ထားဖြစ်သည့် ငြိမ်းအေးသော စိတ်ထား၊ လိုက်လျောညီထွေ ပြေပြစ်စွာ နေထိုင်တတ်မှုများသည် ယေဘုယျအားဖြင့် ကွဲပြားခြားနားသော ဘာသာဝင်များ အတွင်း၌သော်လည်းကောင်း၊ အထူးအားဖြင့် ဗုဒ္ဓဘာသာဝင်များအတွင်း၌သော်လည်းကောင်း ပိုမိုစွမ်းခိုင်မာလာစေမည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။

ထိပ်သီးညီလာခံ ကျင်းပပြီးစီးသွားသည့်အခါ ကျွန်ုပ်တို့ အိမ်နီးချင်း နှစ်နိုင်ငံအတွင်း ဖြစ်ထွန်းတည်ရှိနေပြီဖြစ်သည့် ချစ်ကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် အနာဂတ်ကာလတွင် နှစ်နိုင်ငံပြည်သူတို့ အကျိုးစီးပွားအလို့ငှာ ပိုမို ခိုင်မာတည်မြဲလာမည်ဟု ကျွန်ုပ်မျှော်လင့်ပါသည်။

အဆွေတော် ကျန်းမာပျော်ရွှင်စွာဖြင့် သက်တော်ရာကျော် ရှည်ပါစေကြောင်း၊ ပြည်ထောင် စုမြန်မာနိုင်ငံတော်သူ နိုင်ငံတော်သားအပေါင်း ဆက်လက်ငြိမ်းချမ်းတိုးတက်စည်ပင်ဝပြောပါစေကြောင်း ဆုမွန်ကောင်းများ တောင်းဆိုဆန္ဒပြုအပ်ပါသည်။ အဆွေတော်အပေါ်ထားရှိသော ကျွန်ုပ်၏ လေးစားဂါရဝတရားကိုလည်း ထပ်လောင်း ဖော်ပြအပ်ပါသည်။

ပါမောက္ခဒေါက်တာအီယာဂျုဒင်အာမက်

## ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ဝန်ကြီးချုပ် မစ္စစ် ခါလီဒါဇီယာ ပေးပို့သော သဝဏ်လွှာ (ဘာသာပြန်)

အဆွေတော်ဝန်ကြီးချုပ်

ဘင်္ဂလားဒေ့ရှ်ပြည်သူများနှင့် နိုင်ငံတော်အစိုးရ၏ကိုယ်စား၊ ခရစ်နှစ် ၂၀၀၄–ခုနှစ်၊ ဒီဇင်ဘာလ (၉) ရက်နေ့မှ (၁၁) ရက်နေ့အတွင်း ကျင်းပပြုလုပ်သည့် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး၏ ကြီးကျယ်မြင့်မြတ်လှသော အခမ်းအနား ကြီးအတွက် လိုက်လိုက်လဲလဲ ဝမ်းမြောက်ကြောင်း သဝဏ်လွှာကို ပို့သန္နတ်ခွန်း ဆက်သအပ်ပါသည်။

ဗုဒ္ဓ၏အတွေးအခေါ်အယူအဆများဖြစ်သည့် အထူးအားဖြင့် အကြမ်းမဖက်ခြင်း၊ သည်းခံခြင်း၊ ရင်းနှီးချစ်ခင်စွာ နေထိုင်ခြင်းတို့သည် ကျွန်ုပ်တို့၏ သမိုင်းတစ်လျှောက်လုံး အတွေးအမြင် အသိစိတ်နှင့် ယှဉ်တွဲ တည်ရှိခဲ့ပါသည်။ နိုင်ငံတကာငြိမ်းချမ်းရေးနှင့် စည်းလုံးညီညွတ်ရေးတို့ ဖြစ်ပေါ်တိုးတက်လာရေးအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံပါ သဘောထားသည် ဗုဒ္ဓဝါဒ၏ မှန်ကန်မြင့်မြတ်လှသော အတွေးအခေါ်များဖြင့် နိုးကြားတက်ကြွလျက် ရှိပါသည်။ အကြပ်အတည်းများ၊ အခက်အခဲများ ဖြင့် ပြည့်နှက်လျက်ရှိသော လူ့သမိုင်းတွင်၊ ဗုဒ္ဓဝါဒသည် နိုင်ငံများအတွင်း၊ လူမျိုးအသီးသီး အတွင်း၊ ဘာသာအယူဝါဒအမျိုးမျိုးအတွင်း၊ ငြိမ်းချမ်းခြင်း၊ ညီညွတ်ခြင်းများ တိုးတက်ရရှိလာစေရန် အလွန်အားကောင်းသော အမာခံအင်အားတစ်ခု ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် နိုင်ငံသားအချင်းချင်း စည်းလုံးညီညွတ်ခြင်း၊ သည်းခံခြင်း၊ တစ်ဦးနှင့်တစ်ဦး နားလည်မှုရှိခြင်း၊ လူမျိုးမရွေး၊ ဘာသာမရွေး၊ အမျိုးအနွယ်မရွေး၊ အခွင့်အရေး တန်းတူရရှိရေးအတွက် အခြေခံဥပဒေတွင် ရေးဆွဲဖော်ပြထားပါသည်။

ဤကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံအပါအဝင်၊ ကမ္ဘာပေါ်ရှိ ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်များအား လုံးတို့အား ဆုံစည်းနိုင်သော အခွင့်အရေးကို ပေးသည်ဟု ကျွန်ုပ် ခိုင်မာစွာ ယုံကြည်မိပါသည်။ ဤဘာသာထိပ်သီးညီလာခံကြီးသည် ရှေ့နှစ်ပေါင်းများစွာ ကျွန်ုပ်တို့နိုင်ငံ နှစ်နိုင်ငံ၏ ချစ်ခင်ရင်းနှီးမှုကို တည်တံ့ခိုင်မြဲစေမည်ဟုလည်း ယုံကြည်ပါသည်။

ရင်းနှီးဖော်ရွေသော မြန်မာပြည်သူပြည်သားများ၊ ငြိမ်းချမ်းခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်း၊ ကြီးပွားချမ်းသာခြင်းများနှင့် ပြည့်ဝကြွယ်၊ အဆွေတော်ဝန်ကြီးချုပ် ကျန်းမာခြင်း၊ ပျော်ရွှင်ချမ်းမြေ့ခြင်း၊ အသက်ရှည်ခြင်းတို့နှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာ ပို့အပ်ပါသည်။

အဆွေတော် အပေါ်ထားရှိသော ကျွန်ုပ် လေးစားဂါရဝတရားကို ထပ်လောင်း ဖော်ပြအပ်ပါသည်။

ခါလီဒါဇီယာ

**ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံသာသနာရေးဝန်ကြီး မစ္စတာ မိုရှာရက်ဖ် ဟိုစိန်ရှာဟန် ပေးပို့သော သဝဏ်လွှာ (ဘာသာပြန်)**

ဗိုလ်မှူးချုပ် သူရမြင့်မောင်
သာသနာရေးဝန်ကြီး
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ။
အဆွေတော် ခင်ဗျား

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကို ၂၀၀၄ ခုနှစ် ဒီဇင်ဘာလ (၉) ရက်နေ့မှ (၁၁) ရက်နေ့ထိ ရန်ကုန်မြို့တွင် ကျင်းပမည်ဖြစ်ကြောင်း သိရ၍ နှစ်ထောင်းအားရ ဖြစ်မိပါသည်။ အဆွေတော် ဝန်ကြီးနှင့်တကွ ညီလာခံအဖွဲဝင်အားလုံးကို မင်္ဂလာရှိသော အခမ်းအနား၏ကြိုးကျယ်သော အောင်မြင်မှုအတွက် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဤညီလာခံသည် ကမ္ဘာပေါ်ရှိ ဗုဒ္ဓဘာသာဝင်အားလုံးကို စုစည်းစေနိုင်မည်ဟု ယုံကြည်ပါသည်။ ဤညီလာခံသည် ဗုဒ္ဓဘာသာဝင်တို့ ဗုဒ္ဓဘာသာအပေါ် ပိုမိုယုံကြည်သက်ဝင်လာစေမည်လည်း ဖြစ်ပါသည်။ ဤညီလာခံသည် ကျွန်ုပ်တို့ တိုင်းပြည် (၂)ပြည်ရှိ ပြည်သူများရင်းနှီးမှု ရစေခြင်း၊ အချင်းချင်း အပြန်အလှန် ဆက်ဆံမှုများ၊ နားလည်မှုများ၊ ညှိနှိုင်းမှုများ နှစ်ပေါင်းများစွာ ရှည်ကြာအောင် တိုးပွါးစေမည်ဟု ယုံကြည်ပါသည်။

အဆွေတော် အသက်ရှည် ကျန်းမာ ပျော်ရွှင်စေရန် ဆုမွန်ကောင်းများ ပို့သလိုက်ပါသည်။
ကျွန်ုပ်၏ အလေးထားဂါရဝပြုမှုကို လက်ခံစေလိုပါသည်။

မစ္စတာ မိုရှာရက်ဖ် ဟိုစိန်ရှာဟန်

# လာအိုပြည်သူ. ဒီမိုကရက်တစ် သမ္မတနိုင်ငံ

**လာအိုနိုင်ငံအမျိုးသားတည်ဆောက်ရေးတပ်ဦး ဥက္ကဋ္ဌ မစ္ဆတာ သီသဝပ် ကိုဘွန်ဖန် ပေးပို့သော သဝဏ်လွှာ (ဘာသာပြန်)**

ဗိုလ်မှူးချုပ်သူရမြင့်မောင်
ဝန်ကြီး၊ သာသနာရေးဝန်ကြီးဌာန
ပြည်ထောင်စုမြန်မာနိုင်ငံတော်

လာအိုနိုင်ငံ အမျိုးသားတည်ဆောက်ရေးတပ်ဦး၊ ဗုဒ္ဓဘာသာဝင်လာအိုပြည်သူများနှင့် လာအိုလူမျိုးစုများကိုယ်စား ကျွန်ုပ်အနေဖြင့် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီး ညီလာခံကြီးကို သဒ္ဓါတရား ထက်သန်စွာဖြင့် လက်ခံကျင်းပပေးပြီး၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့နှင့် သာသနာရေးဝန်ကြီးဌာနကို လိုအပ်သည့် စီမံပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် ခန့်ထားစီမံပေးသည့် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအား ချီးကျူးဂုဏ်ပြုပါကြောင်း ပြောခွင့်ရသည့်အတွက် နှစ်ထောင်းအားရ ဖြစ်မိပါသည်။

ကျွန်ုပ်တို့ အနေနှင့် ဤဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးမှ အနာဂတ်ကာလတွင် ကမ္ဘာလူသားများအတွက် ဗုဒ္ဓ၏အဆုံးအမတရားတော်များ ပြန့်ပွားနိုင်စေရန်နှင့် ထိရောက်သော သင်ကြားမှုများ ပြုလုပ်နိုင်ရေး အလေးထား ဆောင်ရွက်နိုင်ရန် စီမံချက်များလည်း ချမှတ်နိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

ထို့ပြင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်သို့ တက်ရောက်ပညာသင်ယူဆည်းပူးနေကြသော လာအိုဗုဒ္ဓဘာသာသံဃာတော်များအား ချစ်ခင်ကြင်နာစွာ အထောက်အပံ့ ပေးကြသည့်အတွက်လည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူများကို ကျွန်ုပ်အနေဖြင့် လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း ထပ်မံပြောကြားလိုပါသည်။

ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးတော်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဝန်ကြီးချုပ်၏ ဦးဆောင်မှုဖြင့် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသည် မိမိတို့. မျှော်မှန်းသည့် ရည်ရွယ်ချက်ပန်းတိုင်သို့. အောင်မြင်စွာရောက်ရှိပါစေသတည်း။

သီသဝပ် ကိုဘွန်ဖန်

## သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ် သမ္မတနိုင်ငံ

**သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ် သမ္မတနိုင်ငံ သမ္မတ မဒမ် ချန်ဒရိကဗန်ဒရနယ်ကကေ ကုမာရတွန်ဂါ ပေးပို့သော သဝဏ်လွှာ (ဘာသာပြန်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော် ရန်ကုန်မြို့တွင် ၂၀၀၄-ခုနှစ် ဒီဇင်ဘာလ(၉)ရက်နေ့မှ (၁၁) ရက်နေ့ထိ ကျင်းပသော ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံသို့ ဆုတောင်းသဝဏ်လွှာ ပေးပို့ရသည်ကို ကျွန်ုပ်အနေဖြင့် ဝမ်းမြောက်မိပါသည်။ ဤညီလာခံသည် ယခုနှစ်တွင် ကျရောက်သော သီရိလင်္ကာနိုင်ငံ အမရပူရ မဟာနိကာယ တည်ထောင်ခြင်း အနှစ် ၂၀၀ ပြည့် နှစ်ပတ်လည်အထိမ်းအမှတ် အခမ်းအနားနှင့် တိုက်ဆိုင်နေသည်ကိုလည်း သတိပြုမိပါသည်။

၁၈၀၃ ခုနှစ်တွင် (သီရိလင်္ကာမှ) အရှင်ဝေလိတရဉာဏတိဿ မဟာနာယကထေရသည် ယခု မြန်မာနိုင်ငံဟု ခေါ်တွင်သော ဗမာပြည် အမရပူရနေပြည်တော်သို့ သွားရောက်ပြီး အမရပူရ သုဝဏ္ဏသီမာမာလကမည်သောသီမ်(ဆင်ကြိုးရွှေဂူသီမ်)တွင် ဓမ္မရာဇာဓိရာဇဂုရု သံဃရာဇ မဟာနာယက ထေရ် (မြန်မာသာသနာပိုင်ဆရာတော်) ထံမှောက်၌ ဥပသမ္ပဒါကံဆောင် ရဟန်းခံခဲ့ရာမှ (သီရိလင်္ကာ နိုင်ငံတွင်) အမရပူရမဟာနိကာယ စတင်ခဲ့ပါသည်။ ထိုအချိန်မှစ၍ ကျွန်ုပ်တို့နိုင်ငံပြည်သူတို့၏ သာသနာတော်အကျိုးစီပွါးအတွက် (မြန်မာပြည်) အမရပူရမဟာနိကာယ သံဃအဖွဲ့က ထူးခြားစွာ စွမ်းဆောင်ပေးခဲ့သည်ဟု နားလည်လက်ခံထားပါသည်။ ကျွန်ုပ်တို့ သီရိလင်္ကာနိုင်ငံသားများအနေဖြင့် ဤသို့သော ကျေးဇူးတရားများကို လှိုက်လဲစွာ အသိအမှတ်ပြု မှတ်တမ်းတင်လိုပါသည်။ ထို့ပြင် အနာဂတ် တွင်လည်း အမရပူရမဟာနိကာယသံဃအဖွဲ့သည် ဤမွန်မြတ်သော လုပ်ငန်းကို လေးနက်စွာ ဆက်လက် ဆောင်ရွက်သွားမည်ဟု ကျွန်ုပ်တို့ သီရိလင်္ကာနိုင်ငံသား အားလုံးတို့က မျှော်လင့်ပါသည်။

ကျွန်ုပ်တို့လူမျိုးများ တိုးတက်ရေးနှင့် ယဉ်ကျေးမှု၊ ဘာသာစကား၊ မျိုးနွယ် အမျိုးမျိုးရှိသော ကျွန်ုပ်တို့ လူနေမှုအဖွဲ့အစည်းမှ အဖွဲ့ကွဲများ အချင်းချင်း ငြိမ်းချမ်းရေးရစေရန် ဦးဆောင်မှုပေးခဲ့သော အမရပူရ နိကာယ မဟာသံဃအဖွဲ့၏ စွမ်းစွမ်းတမန် ကြိုးပမ်းချက်များသည် ကျွန်ုပ်တို့အတွက် အလွန်အားတက် စေပါသည်။ ဤထိပ်သီးညီလာခံတွင် ဆွေးနွေးဆုံးဖြတ်ချက်များသည် ဗုဒ္ဓဘုရားရှင်၏ မွန်မြတ်သော ဒေသနာတော် ပြန့်ပွါးရေးနှင့် ကျွန်ုပ်တို့လူသားအားလုံး ကြောက်ရွံ့ခြင်း၊ မုန်းတီးခြင်း ကင်းၝ ငြိမ်းချမ်း သော ကမ္ဘာကြီး ဖြစ်လာစေရေးအတွက် အထောက်အကူပြုမည်ဟု လှိုက်လဲစွာ မျှော်လင့် ဆုတောင်းအပ် ပါသည်။

သတ္တဝါအားလုံး ကျန်းမာ ချမ်းသာကြပါစေ။

ချန်ဒရိက ဗန်ဒရနယ်ကကေ ကုမာရတွန်ဂါ

**သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ် ပြည်သူ့သမ္မတနိုင်ငံ ဗုဒ္ဓသာသနာရေး ဝန်ကြီး ရတန သီရိ ဝိကရေမနာယကေ၏ သဝဏ်လွှာ (ဘာသာပြန်)**

သီရိလင်္ကာနိုင်ငံ အစိုးရ ဗုဒ္ဓသာသနာရေးဝန်ကြီးအနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ရန်ကုန်မြို့တွင် ၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၉ရက်နေ့မှ ၁၁ရက်နေ့ထိ ကျင်းပမည့် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီး ညီလာခံသို့ ဂုဏ်ပြုသဝဏ်လွှာပေးပို့ ဆုမွန်ကောင်းတောင်းရသည်ကို များစွာဝမ်းမြောက်မိပါသည်။ မြန်မာနိုင်ငံတော် (ယခင်ဗမာပြည်)နှင့် သီရိလင်္ကာနိုင်ငံတို့အကြား သာသနာရေးဆိုင်ရာ ဆက်သွယ်မှုများ တည်ရှိခဲ့သည်မှာ သီရိလင်္ကာနိုင်ငံတွင် သာသနာတော်စတင်အခြေတည်စကပင်ဖြစ်၍ လွန်စွာကြာမြင့်လှပြီ ဖြစ်ပါသည်။ သီရိလင်္ကာနိုင်ငံတွင် အရေးအပါဆုံးဖြစ်သော မဟာသံဃအဖွဲ့က ၎င်းတို့အဖွဲ့သည် ဗမာပြည်ရှိ ဗုဒ္ဓဘာသာ မဟာသံဃအဖွဲ့မှ ဆင်းသက်လာသည်ဟု ဆိုပါသည်။ သီရိလင်္ကာနိုင်ငံရှိ အမရပူရမဟာနိကာယနှင့် ရာမညနိကာယ နှစ်ခုစလုံးသည် ဗမာပြည်မှ စတင်အခြေပြု၍ တည်ထောင်ခြင်း ဖြစ်ကြောင်း သီရိလင်္ကာသမိုင်းတွင် မှတ်တမ်းတင်ထားပါသည်။

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကို ဆင္ဒသံဂါယနာသဘင် ဆင်ယင်ကျင်းပခဲ့ရာ မဟာပါသဏ္ဍ လိုဏ်ဂူတော်ကြီးတွင်ကျင်းပမည်ဟု ကျွန်ုပ်နားလည်ထားပါသည်။ ဤညီလာခံကြီးကျင်းပခြင်းသည် ကမ္ဘာ့ဗုဒ္ဓဘာသာသမိုင်းတွင် အရေးပါသော မှတ်တိုင်တစ်ခု ဖြစ်လာပါမည်။ ဒေသ၊ ဂိုဏ်းဂဏတို့ ကွဲပြားနေသော်လည်း အစဉ်အလာပေါင်းစုံ ယဉ်ကျေးမှုပေါင်းစုံရှိသော ကမ္ဘာ့ဗုဒ္ဓဘာသာဝင်တို့သည် (ဒေသစွဲ ဂိုဏ်းဂဏစွဲများ မထားဘဲ) ဤညီလာခံသို့ လာရောက်စုဝေးပြီး အသိအမြင် အယူအဆများကို ပွင့်လင်းစွာ ဖလှယ်ကြမည်ဖြစ်ပါသည်။ ဤသို့ ဆွေးနွေးဖလှယ်ကြခြင်းသည် ကမ္ဘာပေါ်ရှိ ဒေသပေါင်းစုံမှ ဗုဒ္ဓဘာသာဂိုဏ်းပေါင်းစုံတို့ အချင်းချင်း ရင်းနှီးချစ်ကြည်မှုကို ပိုမိုခိုင်မြဲစေပြီး အပြန်အလှန် နားလည်မှုကို ပိုမိုတိုးတက်စေမည်မှာ မလွဲစေကန့်ပင် ဖြစ်ကြောင်း ကျွန်ုပ်ယုံကြည်ပါသည်။ တည်တံ့ခိုင်မြဲသော ကမ္ဘာငြိမ်းချမ်းရေးအတွက် လမ်းဖွင့်ပေးမည်ဖြစ်ကြောင်းကိုလည်း ယုံကြည်ပါသည်။

အမုန်းတရားသည် အမုန်းတရားကိုသာ ဖြစ်ပေါ်စေပါသည်။ အမုန်းတရားကို မေတ္တာ၊ ကရုဏာတို့ဖြင့် ချေဖျက်နိုင်ပါသည်။ ကျွန်ုပ်တို့အားလုံး စုပေါင်း၍ ရွှမ်းထွေးတင်းမာမှုများကင်းမဲ့သော ကမ္ဘာလောကကြီးကို တည်ဆောက်ကြပါစို့၊ အနာဂတ်မျိုးဆက်သစ်များအား ဗုဒ္ဓဘုရားရှင်၏ ဒေသနာတော်များနှင့်အညီလမ်းပြကြပါစို့။

နိဂုံးချုပ်အနေဖြင့် ဤညီလာခံကြီး အဘက်ဘက်မှ အောင်မြင်ရေးအတွက် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

သတ္တဝါအားလုံး ကျန်းမာ ချမ်းသာကြပါစေ။

ရတနာမြတ် သုံးပါး ဂုဏ်ကျေးဇူးတော်ဖြင့်

ရတနသီရိ ဝိကရေမနာယကေ

**သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ် နိုင်ငံ သမ္မတ၏အကြံပေးပုဂ္ဂိုလ်နှင့် သီရိလင်္ကာနိုင်ငံ၏ကိုယ်စားလှယ် လက်ရှုမန် ဇယကောဒီ ပေးပို့သော သဝဏ်လွှာ (ဘာသာပြန်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ကမ္ဘာ့ဗုဒ္ဓဘာသာဝင်များ၏ ညီလာခံဖြစ်သော ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကို မျှော်မှန်းချက် ကြီးမားစွာဖြင့် စုဝေးကျင်းပပါသည်။

သီရိလင်္ကာနိုင်ငံတွင် သျှမ်းနိကာယ၊ အမရပူရနိကာယနှင့် ရာမညနိကာယ–ဟူ၍ ဗုဒ္ဓဘာသာအဖွဲ့ကြီး သုံးခုရှိရာ အမရပူရနှင့် ရာမညတို့သည် လွန်ခဲ့သောနှစ်ပေါင်း (၂၀၀)ကျော်က မြန်မာနိုင်ငံမှ ဥပသမ္ပဒါကံဆောင်ခြင်းကိုပြုခဲ့သော ရဟန်းသံဃာတို့မှ စတင်တည်ထောင်ခဲ့ခြင်း ဖြစ်ပါသည်။

အဆိုပါ အဖွဲ့ကြီး နှစ်ခုသည် မြန်မာနိုင်ငံ၏ယဉ်ကျေးမှုကို ကိုယ်စားပြုနေပေသည်။ မြန်မာ့ရဟန်းတော်များသည် သုတ္တန်ပိဋကဓိ၊ ဝိနည်းပိဋကများနှင့်အတူ အဘိဓမ္မာပိဋကနှင့် တရား ဘာဝနာပွားများမှုကို ပိုမိုအလေးထားပေသည်။ ကျွန်ုပ်တို့ သီရိလင်္ကာနိုင်ငံအနေဖြင့် ဒုတိယ ကမ္ဘာစစ်မတိုင်မီကတည်းကပင် ဆန်နှင့်ကျွန်းသစ်များ တင်သွင်းခြင်းဖြင့် မြန်မာနိုင်ငံနှင့် ရင်းနှီးစွာ ဆက်ဆံခဲ့ပါသည်။ အိန္ဒိယ၊ မြန်မာနှင့် သီဟိုဠ်နိုင်ငံတို့သည် ဗြိတိသျှလက်အောက်၌ အိန္ဒိယဘုရင်ခံတစ်ပါးတည်း၏ အုပ်ချုပ်မှုအောက်တွင် အတူတကွ ရှိခဲ့ရသည့်အတွက် မြန်မာနိုင်ငံသည် ကျွန်ုပ်တို့နှင့် ပိုမို နီးကပ်ခဲ့ပါသည်။ သီရိလင်္ကာနိုင်ငံ၏ ပြည်သူ့ဝန်ထမ်းရေးရာဌာနကို လွတ်လပ်ရေး ကြိုးပမ်းမှုကာလအထိ အိန္ဒိယနိုင်ငံက ထိန်းချုပ်ခဲ့ပါသည်။ ၁၉၄၀–ပြည့်နှစ်များ နောက်ပိုင်းကာလတွင် ကျွန်ုပ်တို့(၃)နိုင်ငံလုံး လွတ်လပ်ရေးရရှိခဲ့ပါသည်။ လွတ်လပ်ရေးရပြီးသောအခါ သီရိလင်္ကာနိုင်ငံသည် မြန်မာနိုင်ငံနှင့် ပထမဦးဆုံး သံတမန် အဆက်အသွယ် ပြုခဲ့ပါသည်။ ဗုဒ္ဓဘာသာဘုန်းတော်ကြီးများနှင့် လူပုဂ္ဂိုလ်များသည် မြန်မာစကားကိုသင်ယူ၍ အပြန်အလှန်ဆက်သွယ်ပြောဆိုနိုင်ခဲ့ကြပါသည်။ ရာစုနှစ်နှင့်ချီ၍ နှစ်နိုင်ငံအကြား ရင်းနှီးစွာ ဆက်ဆံနိုင်ခဲ့သည်မှာ ဗုဒ္ဓဘုရားရှင်၏ဓမ္မကြောင့်ပင် ဖြစ်ပါသည်။

အရှေ့အလယ်ပိုင်းဒေသနှင့် အနောက်နိုင်ငံအချို့တို့သည် မြတ်စွာဘုရား၏ တရားတော်အတိုင်း ကျင့်သုံးနေထိုင်ခြင်း၊ ဗုဒ္ဓဘာသာဝင်များလိုက်နာ ကျင့်သုံးကြသည့် ဗုဒ္ဓ၏ အဆုံးအမများနှင့် လူမှုကျင့်ဝတ်များကို ကျင့်သုံးနေထိုင်ခြင်းတို့ဖြင့် ၎င်းတို့ တွေ့ကြုံနေကြရသော လူမှုရေး ပြဿနာအများစုကို ဖြေရှင်းနိုင်လိမ့်မည် ဖြစ်ပါသည်။ အိန္ဒိယနိုင်ငံ၏ ဘုရင်ဧကရာဇ်ဖြစ်သော အသောကမင်းကြီးသည် မြတ်စွာဘုရား၏ဝါဒကို လိုက်နာကျင့်သုံးခြင်းအားဖြင့် ငြိမ်းချမ်းရေးဘက်သို့ နေ့ချင်းညချင်း လှည့်ပြောင်း သွားခဲ့ကြောင်း သမိုင်းများတွင် ဖော်ပြထားပါသည်။ မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒသည် "တိကျသော ဘက်မလိုက်မူဝါဒ" ဖြစ်ကြောင်းနှင့် ကမ္ဘာ့အင်အားကြီးနိုင်ငံများအုပ်စုတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ၊ ပါဝင်ခြင်းမရှိကြောင်း ကျွန်ုပ်တို့အနေဖြင့် နားလည်သဘောပေါက်ပါသည်။

- ဤထိပ်သီးညီလာခံသည် ဗုဒ္ဓဝါဒ၏ ထာဝရတည်တံ့သော သစ္စာတရားကို ဖော်ဆောင်နိုင်ပါစေ။
- ရန်ကုန်ညီလာခံသည် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ၏ ရည်မှန်းချက်များ ပိုမိုခိုင်မြဲအောင် ရွက်ဆောင်နိုင်ပါစေ။
- ဤသမိုင်းဝင်ညီလာခံကြီးသည် ဆဋ္ဌသံဂါယနာတင်စဉ်က မဟာပါသာဏလိုဏ်ဂူကြီးတွင် ဆောင်ရွက်ခဲ့သည့်အတိုင်း ဗုဒ္ဓတရားတော်များကို ကောင်းစွာ သိမှီးနိုင်ကြပါစေ။
- လူသားအားလုံးငြိမ်းချမ်းစွာနေနိုင်ကြပါစေ။

လက်ရှုမန် ဇယကောဒီ

## အိန္ဒိယသမ္မတနိုင်ငံ

### အိန္ဒိယနိုင်ငံသမ္မတ မစ္ဆတာ အေ၊ ပီ၊ ဂျေ အဗ္ဒုလ် ကလမ် ပေးပို့သော သဝဏ်လွှာ (ဘာသာပြန်)

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကို ၂၀၀၄-ခုနှစ် ဒီဇင်ဘာလ (၉) ရက်နေ့မှ (၁၁) ရက်နေ့ထိ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ကျင်းပသည်ကို သိရ၍ ဝမ်းမြောက်မိပါသည်။

မြတ်ဗုဒ္ဓ၏သာသနာတော်သည် ကျွန်ုပ်တို့နှစ်နိုင်ငံနှင့် ကမ္ဘာ့အခြားဒေသများရှိ ဘာသာရေး၊ လူမှုရေးနှင့် နိုင်ငံရေးခေါင်းဆောင်များကို သမိုင်းကြောင်းတစ်လျှောက် များစွာနှိုးကြားထက်မြက်စေခဲ့ပါသည်။ အိန္ဒိယနိုင်ငံ၏ ဖခင်ကြီးဖြစ်သော မဟတ္တမဂန္ဓီအပေါ် ထာဝရမှန်ကန် အရေးပါနေသော မြတ်ဗုဒ္ဓ၏ သီလ(အပါအဝင်) အဆုံးအမများက အလွန်လွှမ်းမိုးခဲ့ပါသည်။

ဤညီလာခံသည် ကမ္ဘာပေါ်တွင် ငြိမ်းချမ်းရေး ပြန်လည်တည်ဆောက်ရန် အရေးပါသည့် သော့ချက်ဖြစ်သော "သတ္တဝါ အားလုံးအပေါ် မေတ္တာထားခြင်း" ဟူသည့် မြတ်ဗုဒ္ဓ၏ အဓိကအဆုံးအမကို လူသားအားလုံးယုံကြည် လက်ခံမှု ပြန်လည်ထွန်းကားလာစေရန် အခွင့်အရေးတစ်ရပ် ဖြစ်လာနိုင်ပါသည်။

ဤအခါသမယတွင် ညီလာခံတက်ရောက်သူအားလုံးအား နွေတ်ဆက်ဂုဏ်ပြုပါကြောင်းနှင့် ညီလာခံကြီး အဘက်ဘက်မှ အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အေ၊ ပီ၊ ဂျေ အဗ္ဒုလ် ကလမ်

# သံရုံးများမှ ပေးပို့လာသော သဝဏ်လွှာများ

## စကၠဴပူသမ္မတနိုင်ငံ

### ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ စကၠဴပူသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဆိုင်မွန်ဒီကရု(ဇ်) ၏ သဝဏ်လွှာ (ဘာသာပြန်)

ရန်ကုန်မြို့တွင် ၂၀၀၄-ခုနှစ် ဒီဇင်ဘာလ (၉) ရက်မှ (၁၁) ရက်အထိ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကို ကျင်းပခြင်းအတွက် ကျွန်ုပ်အနေဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးအား လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြုအပ်ပါသည်။

စစ်မှန်သော ထေရဝါဒဗုဒ္ဓဘာသာအစဉ်အလာများ ခိုင်ခံ့မြဲမြံစွာတည်ရှိနေသည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကျင်းပရန် အလွန်သင့်တော်သော နိုင်ငံ ဖြစ်ပါသည်။ ထိပ်သီးညီလာခံတွင် ကမ္ဘာနိုင်ငံပေါင်း (၃၀)ကျော်မှ ကိုယ်စားလှယ်တော်များမှ မိမိတို့၏ အသိပညာနှင့် အတွေ့အကြုံများ ဆွေးနွေးကြ၊ အမြင်ခြင်းဖလှယ်ကြမည် ဖြစ်ပါသည်။ ဤထိပ်သီး ညီလာခံသည် မြန်မာနိုင်ငံ၏ ကြွယ်ဝသော ထေရဝါဒဗုဒ္ဓဘာသာ ယဉ်ကျေးမှုနှင့် အမွေအနှစ်များကို ကမ္ဘာသို့ ပြသနိုင်မည့် အလွန်သင့်မြတ်သော အခွင့်ထူးကြီးလည်း ဖြစ်ပါသည်။ ဤညီလာခံကြီးသို့ ပါဝင်ဆွေးနွေးကြသူများအားလုံး ကြီးမားသော အကျိုးတရားများ ရရှိမည်မှာ အသေအချာဖြစ်ပါသည်။

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး အစစအရာရာ အောင်မြင်ပါစေကြောင်း ဆန္ဒပြုအပ်ပါသည်။

ဆိုင်မွန်ဒီကရု(ဇ်)

## ဖိလစ်ပိုင်သမ္မတနိုင်ငံ

**ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး ပေးပို့သော သဝဏ်လွှာ (ဘာသာပြန်)**

ရန်ကုန်မြို့တွင် ၂၀၀၄ခုနှစ် ဒီဇင်ဘာလ(၉)ရက် မှ (၁၁)ရက်ထိ၊ ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးအား လက်ခံကျင်းပပေးသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအား ဝမ်းမြောက်ဂုဏ်ယူပါကြောင်း လှိုက်လှဲစွာ နှုတ်ခွန်းဆက်သအပ်ပါသည်။

ကျက်သရေ မင်္ဂလာအပေါင်း ခညောင်းသော ဤအချိန်အခါသမယသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွက်သာမက ဗုဒ္ဓဘာသာဝင်အားလုံးအတွက် အထူးအရေးပါအရာရောက်လှသည်ဟု ကျွန်ုပ်နားလည်သဘောပေါက်ပါသည်။ ကမ္ဘာတစ်ဝန်းလုံး၌ ဗုဒ္ဓဘာသာဝင်များ၊ သာယာလှပသော မြန်မာနိုင်ငံသို့ လာရောက်စုဝေး၍ ဆွေးနွေးတိုင်ပင်နိုင်ရေးအတွက် အောင်မြင်စွာ ကြိုးပမ်းအားထုတ်ခဲ့သော ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကျင်းပရေး လုပ်ငန်းကော်မတီအား ကျွန်ုပ်အနေဖြင့် ချီးကျူး ဂုဏ်ပြုအပ်ပါသည်။

ဖို့(ဘ်) အေ ဂိုမက်(ဇ်)

## တရုတ်ပြည်သူ့ သမ္မတနိုင်ငံ

**ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီဂျင်ဂျန်း ပေးပို့သော သဝဏ်လွှာ (ဘာသာပြန်)**

ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာကို ပေးပို့အပ်ပါသည်။

ဤညီလာခံကြီးသည် ကျေနပ်ဖွယ်ကောင်း၍ အောင်မြင်မှုရရှိလိမ့်မည်ဟု ကျွန်ုပ် မျှော်လင့်ပါသည်။

မစ္စတာလီဂျန်ဂျင်း

## ရှ့ရှားဖက်ဒရေးရှင်းနီင်ငံ

**ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးမစ္စတာ အိုလက်(ဂ်) ဗွီ ကဘနော(ဗ်)ပေးပို့သော သဝဏ်လွှာ(ဘာသာပြန်)**

စက်တင်ဘာလ (၃၀) ရက်၊ ၂၀၀၄

မိတ်ဆွေများခင်ဗျား

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံအဖွဲ့ဝင်များ ကိုယ်စားအနေဖြင့်လည်းကောင်း၊ ကျွန်ုပ်ကိုယ်တိုင်အနေဖြင့်လည်းကောင်း၊ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီး ညီလာခံသို့ တက်ရောက်ကြသူအားလုံးအား လှိုက်လှဲစွာနှုတ်ခွန်းဆက်သ ချီးကျူးထောမနာပြုလိုပါသည်။

စစ်မှန်သော ဗုဒ္ဓသာသနာတော် ထွန်းကားစည်ပင်ရာ ရွှေရောင်လွှမ်းသော မြန်မာ့မြေပေါ်တွင် ကျင်းပသော ကမ္ဘာ့ဗုဒ္ဓဘာသာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်တော်များ၏ ဤညီလာခံကြီးသည် ကမ္ဘာ့လူသားတို့ သည်းခံမှုနှင့် အပြန်အလှန်နားလည်မှု တိုးပွားစေရန်နှင့် ကမ္ဘာတစ်ဝန်းငြိမ်းချမ်းတည်ငြိမ်မှုကို ခိုင်မြဲစေရန်အတွက် တန်ဖိုးမဖြတ်နိုင်အောင် အထောက်အကူပြုလိမ့်မည်ဟု ကျွန်ုပ်တို့ စွဲစွဲမြဲမြဲ ယုံကြည်ပါသည်။

သင်တို့၏ကြိုးပမ်းမှုများ အဘက်ဘက်မှ အောင်မြင်ပါစေကြောင်း လှိုက်လှဲစွာ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အိုလက်(ဂ်) ဗွီ ကဘနော(ဗ်)

## မလေးရှားနိုင်ငံ

### ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံသံအမတ်ကြီး ဒါတိုရီစမ်ကစ်ပ် ပေးပို့သော သဝဏ်လွှာ (ဘာသာပြန်)

၁။ ၂၀၀၄ ခုနှစ် ဒီဇင်ဘာလ (၉) ရက်မှ (၁၁) ရက်အထိ ကျင်းပမည့် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပပေးသော ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရအား ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

၂။ ဤညီလာခံကြီးသည် အမှန်စင်စစ် ဗုဒ္ဓဘာသာဝင်များအတွက်သာမက အခြား ဘာသာဝင်များအတွက်ပါ အလွန်အရေးပါပြီး ကြီးမားလှသည့် ကတ္တရာတစ်ရပ်ဖြစ်ပေသည်။ သမိုင်းအစဉ်အလာ၊ ပထဝီဝင်အနေအထား၊ လူမျိုးနှင့် ယဉ်ကျေးမှုနောက်ခံခြင်း ကွဲပြားခြားနားစွာရှိသော်လည်း၊ တူညီသော ဘာသာရေး ကျင့်ကြံမှုတစ်ခုဖြင့် ဆက်နွယ်ထားသည့် ကမ္ဘာကြီးတစ်ခုလုံးရှိ ဗုဒ္ဓဘာသာဝင်များကို အတူတကွ စုဝေးစေခြင်းဖြင့်၊ ဤညီလာခံကြီးသည် ညီလာခံသို့ ပါဝင်တက်ရောက်ကြသူများသာမကပဲ အခြား ဘာသာဝင်များကိုပါ အပြန်အလှန် နားလည်မှု တိုးပွားစေလိမ့်မည်ဟု ကျွန်ုပ် ယုံကြည်ပါသည်။

၃။ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး၏ ဆွေးနွေးလုပ်ဆောင်မှုများ ကြီးမားစွာ အောင်မြင်မှု ရရှိပါစေကြောင်း ဆန္ဒပြုလိုက်ပါသည်။

ဒါတိုရီစမ်ကစ်ပ်

## ကမ္ဘောဒီးယားနိုင်ငံ

ပြည်ထောင်စု မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး ဟာ(လ်)ဖန်နီ ပေးပို့သော သဝဏ်လွှာ (ဘာသာပြန်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် ရန်ကုန်မြို့တွင် (၂၀၀၄)ခုနှစ် ဒီဇင်ဘာလ(၉)ရက်နေ့မှ (၁၁)ရက်နေ့ထိ ကျင်းပမည့် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကို ဝမ်းမြောက်ဝမ်းသာ လေးစားစွာ ချီးကျူးဂုဏ်ပြုအပ်ပါသည်။

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသည် လူသားအားလုံး၏ ဟဒယနှလုံးသားတွင် စွဲစွဲမြဲမြဲ ထင်ရှိနေမည်ဟု ကျွန်ပ်နှင့်တကွ ကမ္ဘောဒီယားဘုရင်နိုင်ငံသံရုံးအဖွဲ့သားများ အားလုံးက မျှော်လင့်ပါသည်။ ဤထိပ်သီးညီလာခံကြီးသည် ဗုဒ္ဓမြတ်စွာ၏မြင့်မြတ်သော တရားဓမ္မများကို လိုက်နာကျင့်သုံးကြသည့် ဗုဒ္ဓဘာသာဝင်များ၏ ခိုင်မြဲသော ညီညွတ်မှုစွမ်းအား၏ သင်္ကေတဖြစ်ပါသည်။ ဤထိပ်သီးညီလာခံကြီးသည် ဗုဒ္ဓဘာသာဝင်များအချင်းချင်းသွေးစည်းညီညွတ်မှုနှင့် ချစ်ကြည်ရင်းနှီးမှုအတွက် အပြုသဘောဆောင်သောပူးပေါင်းဆောင်ရွက်မှုကို ဖေါ်ဆောင်နိုင်စွမ်းရှိပြီး အကြမ်းဖက်မှု ပြိုင်ဆိုင်မှုများကင်းစင်သည့် ပျော်ရွှင်ခြင်း သာယာဝပြောခြင်းနှင့် တည်တံ့ခိုင်မြဲခြင်းများအတွက် အတူတကွ ဆောင်ရွက်သွားနိုင်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

မြင့်မြတ်သော ဆောင်ရွက်မှုအားလုံး အောင်မြင်မှု သရုပ်ဆောင်းနိုင်ပါစေ။

ဟာ(လ်)ဖန်နီ

## သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ

**ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ် သမ္မတနိုင်ငံ သံအမတ်ကြီး ဒီ၊ အမ်၊ အမ်ရာနာရာဂျာ ပေးပို့သော သဝဏ်လွှာ (ဘာသာပြန်)**

၂၀၀၄-ခုနှစ် ဒီဇင်ဘာလ (၉) ရက်မှ (၁၁) ရက်အထိ မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်မည့် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသို့ ဤသဝဏ်လွှာကို ဝမ်းမြောက်ဝမ်းသာစွာ ပေးပို့အပ်ပါသည်။ လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော်က ဗုဒ္ဓယဉ်ကျေးမှုကို အမွေဆက်ခံခဲ့သော နိုင်ငံတစ်နိုင်ငံဖြစ်သည့် သီရိလင်္ကာနိုင်ငံ၏ သံအမတ်ကြီးအနေဖြင့် ဤသဝဏ်လွှာကို ပေးပို့ရသည့်အတွက် ကျွန်ုပ် နှစ်ထောင်း အားရရှိလှပါသည်။

ဗုဒ္ဓဘာသာ၏ စံနှုန်းနှင့် တန်ဖိုးများကို တစ်သွေမသိမ်း ထိန်းသိမ်းလိုက်နာ ကျင့်သုံးသော နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအစိုးရက ဦးစီး၍ ဤညီလာခံကြီးကို ဦးစီးကျင်းပနိုင်ရန် လုပ်ဆောင်ပေးမှုများအတွက် မြန်မာနိုင်ငံအစိုးရအား ကျွန်ုပ်တို့ အလွန်တန်ဖိုးထားပါသည်။

ဗုဒ္ဓဘာသာ၏ဂုဏ်ကျက်သရေကို ပိုမိုမြှင့်တင်၍ ပြန်လည်ထိန်းသိမ်းနိုင်ရန် အလို့ငှာ၊ ဗုဒ္ဓဘာသာနိုင်ငံများမှ ကိုယ်စားလှယ်တော်များနှင့် ပညာရှင်များ ဆွေးနွေးပွဲအတွက် အကောင်းဆုံးသော စုစည်းရာနေရာကို ဤညီလာခံကြီးက စီမံဆောင်ရွက်ပေးခြင်းဖြစ်သည်။

ပဋိပက္ခ ပြဿနာများဖြင့် ရင်ဆိုင်နေရသော ယနေ့ကမ္ဘာကြီးတွင် ဗုဒ္ဓမြတ်စွာဘုရား၏ တရားတော်သည် ပိုမိုတန်ဖိုးရှိ၍ အသုံးဝင်လာပါသည်။

ကမ္ဘာကြီးတစ်ခုလုံးသည် တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးနှင့် ပျော်ရွှင်မှုကို ရှာဖွေလျက် ရှိပါသည်။ ဗုဒ္ဓမြတ်စွာဘုရား၏ မြင့်မြတ်သောတရားတော်ကို လိုက်နာကျင့်သုံးခြင်းဖြင့် ကမ္ဘာ့ ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသည် ငြိမ်းချမ်းမှုနှင့် ပျော်ရွှင်မှုတို့ကို ရရှိစေသော ကမ္ဘာကြီးအဖြစ် ရောက်ရှိစေနိုင်ရန်ထွန်းလင်းပေးမည့် မီးရှူးတန်ဆောင်ကြီး ဖြစ်ပါစေသတည်း။

ဗုဒ္ဓဂုဏ်တော်၊ ဓမ္မဂုဏ်တော်၊ သံဃဂုဏ်တော်တို့ဖြင့် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီး ညီလာခံကြီး အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်လိုက်ရပါသည်။

ဒီ၊ အမ်၊ အမ်ရာနာရာဂျာ

## ထိုင်းနိုင်ငံ

**ပြည်ထောင်စု မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး ဆူပေါ့ဒီရာကော်ဆယ် ပေးပို့သော သဝဏ်လွှာ (ဘာသာပြန်)**

ရွှေရောင်ဝင်းသည့် စေတီပုထိုးများနှင့် ဗုဒ္ဓသာသနာထွန်းကားပြီး ဘာသာတရားကိုင်းရှိုင်းသော မြန်မာလူမျိုးများနေထိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက ကြီးမှူးကျင်းပသော ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံသို့ တက်ရောက်သူအားလုံးအား လှိုက်လဲပျူငှာစွာ နှုတ်ခွန်းဆက် ရခြင်းကြောင့် အလွန်ပင် ဂုဏ်ယူပါသည်။

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသည် ဗုဒ္ဓဘာသာဝင်များအချင်းချင်း၏ ပူးပေါင်းညီညွတ်မှုကို ဖေါ်ပြရုံသာမက ထေရဝါဒနှင့် မဟာယာနရဟန်းတော်များ ဗုဒ္ဓဘာသာကို လက်တွေ့ကျင့်သုံးရေးနှင့် ထွန်းကားပြန့်ပွါးအောင် လုပ်ဆောင်မှု အတွေ့အကြုံများဖလှယ်ရန် အခွင့်အလမ်းတစ်ရပ်ကိုလည်း ပေးစွမ်းပါသည်။

လူသားတို့၏ သမိုင်းတွင် ကိုးကွယ်ယုံကြည်မှုသည် တစ်နည်းမဟုတ်တစ်နည်း အရေးပါသော အခန်း ကဏ္ဍမှ ပါဝင်လျက် ရှိပါသည်။ ယခုမျက်မှောက်ခေတ် ကမ္ဘာတွင်လည်း ဘာသာရေးသည် အရေးပါမြဲ ပါလျက်ရှိပါသည်။ ကျွန်ုပ်တို့သည် အလွန်တရာ အပြောင်းအလဲမြန်ပြီး ရေရာသေချာမှု မရှိသော ကမ္ဘာတွင် နေထိုင်လျက်ရှိကြပါသည်။ အလွန် လျင်မြန်သောဖြစ်ပေါ် တိုးတက်ပြောင်းလဲမှုများကြောင့် ကောင်းကျိုးများရှိသလို ဆိုးကျိုးများလည်း ရှိပါသည်။ ထို့ကြောင့် ထိုအပြောင်းအလဲများနှင့်အတူ ဟန်ချက် ညီညီလုပ်ဆောင်သွားရေးနှင့် မရေရာ မသေချာသည့်ကြားမှ ပျော်ရွှင်စွာနေထိုင်သွားရေးတို့သည် အမှန်တကယ် ခက်ခဲပါသည်။

ထိုဖေါ်ပြပါ ပြဿနာများကို ဖြေရှင်းရန်အတွက် ဗုဒ္ဓဘုရားရှင်၏ အဖြေမှာ ရိုးရိုးလေးပင် ဖြစ်ပါသည်။ ဗုဒ္ဓဟောပြောသင်ကြားမှု၏ အနှစ်သာရဖြစ်သော မဇ္ဈိမ ပဋိပဒါလမ်းစဉ်ကို စွဲမြဲစွာ ကျင့်သုံးရေးပင် ဖြစ်သည်။ မဇ္ဈိမပဋိပဒါ အလယ်အလတ် လမ်းစဉ်သည် အစွန်းနှစ်ပါးကို ရှောင်ရှားရေးပင် ဖြစ်သည်။ သိပ္ပံနည်းကျကျ ယထာဘူတနည်းကျကျ တွေးခေါ်လျှင် အရာဝတ္ထု တစ်ခုသည် မကျသွားစေရန် ဟန်ချက်ညီစွာ ထိန်းထားရန် လိုအပ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဟန်ချက်ညီညီ ထိန်းထားနိုင်စေသော အလယ်အလတ် လမ်းစဉ်ကို ကျင့်သုံးပါက နောက်ဆုံးတွင် တည်ငြိမ်မှုကို ရရှိမည် ဖြစ်ပါသည်။

အကြမ်းဖက်မှုများ တစ်နေ့တခြား များပြားလာသော ကမ္ဘာကြီးတွင် မည်ကဲ့သို့ ပျော်ရွှင်စွာ နေကြမည်နည်း။ ဗုဒ္ဓဟောကြားသော အသိပညာ၏ အဓိကအနှစ်သာရ ဖြစ်သောမေတ္တာကို ကျင့်သုံးခြင်းသည် ထိုမေးခွန်း၏အဖြေပင် ဖြစ်သည်။ မေတ္တာသည် အမုန်းတရားနှင့် ဒေါသတို့၏ ဆန့်ကျင်ဘက် ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် သတ္တဝါအားလုံးအပေါ် မေတ္တာထားပြီး သတ္တဝါများ ပျော်ရွှင်ချမ်းမြေ့စေရန် အစဉ်မေတ္တာပို့သင့်ပါသည်။ မေတ္တာဖြင့် ပြည့်လျှမ်းသောစိတ်သည် ပျော်ရွှင်စိတ်၊ မေတ္တာနှင့် လွှမ်းခြုံသော လူမှုအဖွဲ့အစည်းသည် ပျော်ရွှင်ဖွယ် ကောင်းသော လူ့အဖွဲ့အစည်း၊ မေတ္တာအတိ လွှမ်းမိုးထားသော ကမ္ဘာသည် ပျော်ရွှင်ဖွယ်ရာ ငြိမ်းချမ်းသောကမ္ဘာ ဖြစ်သည်။ ထို့ကြောင့်

ငြိမ်းချမ်းသာယာမှု ချို့တဲ့နေသော ကမ္ဘာကို ကျွန်ုပ်တို့သည် လက်တွေ့ကျကျ ဗုဒ္ဓဘာသာတရားကို ပြန့်ပွါးအောင် လက်တွဲ ဆောင်ရွက်ကြပါစို့ဟု တိုက်တွန်း လိုက်ပါသည်။

နောက်ဆုံးအနေဖြင့် ဖေါ်ပြလိုသည်မှာ ယခုကဲ့သို့ ကမ္ဘာတစ်ဝန်းလုံး ဗုဒ္ဓဘာသာဝင်များပါဝင်သည့် ကြီးကျယ်သည့် ထိပ်သီးညီလာခံအတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ အဖွဲ့အစည်းအားလုံးက ကြီးစွာသော လုံ့လဝီရိယဖြင့် အားထုတ် သည်ကို ချီးကျူးလိုပါသည်။ ဗုဒ္ဓဘာသာ ကြီးစိုးသောနိုင်ငံတစ်နိုင်ငံအနေဖြင့် ထိပ်သီးညီလာခံကြီး အောင်မြင်ရေးအတွက် ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံကို အတတ်နိုင်ဆုံး ထောက်ခံဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ထပ်လောင်းပြောကြားလို ပါသည်။

ရတနာသုံးပါး၏ တန်ခိုးအာနုဘော်နှင့် ထိပ်သီးညီလာခံကျင်းပခြင်းမှ ရရှိသော ကုသိုလ်တို့သည် ဗုဒ္ဓဘာသာဝင်အားလုံး ကောင်းကျိုးချမ်းသာရပါစေ၊ ကမ္ဘာတစ်ဝန်းလုံး ငြိမ်းချမ်းပြီး စည်းလုံးကြပါစေ၊ ထိုသို့ ငြိမ်းချမ်းရေးရရှိခြင်းကြောင့် အယူဝါဒအမျိုးမျိုး ကိုးကွယ်သော ကမ္ဘာသူ ကမ္ဘာသားများသည် ညီညွတ်သင့်မြတ်စွာ အတူတကွ ယှဉ်တွဲ နေထိုင်နိုင်ကြပါစေဟု ဆုတောင်းပတ္ထနာပြုလိုက်ပါသည်။

ဆူပေါ့ဒီရာကော်ဆယ်

**ပြည်ထောင်စု မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်အစ္စလာမ်သမ္မတနိုင်ငံသံအမတ်ကြီး မိုဟာမက် နဝတ်စ် ချောင်ဒရီ ပေးပို့သော သဝဏ်လွှာ (ဘာသာပြန်)**

၂၀၀၄-ခုနှစ် ဒီဇင်ဘာလ (၉) ရက်နေ့မှ (၁၁) ရက်နေ့ ရန်ကုန်မြို့တွင် ကျင်းပသော ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကျင်းပရာ မင်္ဂလာရှိသော အခါသမယတွင် လှိုက်လဲစွာ ချီးကျူးဂုဏ်ပြုရသည်ကို များစွာဝမ်းမြောက်မိပါသည်။

ဤအခမ်းအနားသည် အဘက်ဘက်မှ အလွန်အရေးပါသော အခမ်းအနား ဖြစ်ပါသည်။ သည်းခံရေး၊ ငြိမ်းချမ်းရေးနှင့် ကရုဏာထားရေးဟူသော စံများကို အလေးပေးထားသော မြတ်ဗုဒ္ဓ၏ မွန်မြတ်သော တရားဒေသနာတော်သည် ရှေးယခင်က ကဲ့သို့ပင် အမြဲမှန်ကန်နေပါသည်။ ရှုပ်ထွေးနေသော ယခုအချိန်တွင် ဤကောင်းမြတ်သောစံများ၏လမ်းညွှန်မှုကို လိုက်နာရန် အထူးလိုအပ်နေပါသည်။

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံသည် ပါကစ္စတန်နိုင်ငံမူဝါဒ၏ အခြေခံများလည်းဖြစ်သော အသိဉာဏ်ကြီးမားခြင်း၊ ညီမျှခြင်းနှင့် ငြိမ်းချမ်းစွာ အတူတကွယှဉ်တွဲ နေထိုင်ခြင်းဟူသော သဘောတရားများကို ပိုမိုပြန့်နှံ့စေမည်ဟု မျှော်လင့်ပါသည်။

ညီလာခံကြီး အဘက်ဘက်မှ အောင်မြင်ပါစေ။

မိုဟာမက် နဝတ်စ် ချောင်ဒရီ

# ကုလသမဂ္ဂအဖွဲ့အစည်းများမှ ပေးပို့သော သဝဏ်လွှာများ

ကမ္ဘာ့ကုလသမဂ္ဂဌာနေပေါင်းစပ်ညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်

ကမ္ဘာ့ကုလသမဂ္ဂဌာနေပေါင်းစပ်ညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် ဌာနေကိုယ်စားလှယ် မစ္စတာချာ(လ်စ်)ပက်ထရီ ပေးပို့သည့် သဝဏ်လွှာ (ဘာသာပြန်)

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ ဖွင့်ပွဲအခမ်းအနားတွင် မြန်မာပြည်သူ ပြည်သားများနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ သာသနာရေးဝန်ကြီးဌာနအား ဤညီလာခံကြီး ကျင်းပနိုင်ရန် ကြိုးပမ်းဆောင်ရွက်ပေးသည့်အတွက် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြု ပါကြောင်း ဖေါ်ပြအပ်ပါသည်။

ဗုဒ္ဓဘာသာနှင့် ပတ်သက်၍ မြန်မာတို့တွင် ရှည်လျားသောသမိုင်းရှိပါသည်။ ဗုဒ္ဓ၏ အဆုံးအမများ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာများနှင့် အနှစ်သာရများသည် မြန်မာပြည်သူများအတွင်း စွဲမြဲစွာ ကိန်းအောင်းကာ ၎င်းတို့၏လူနေမှုဘဝအပေါ် လွှမ်းမိုးထားပါသည်။

ဗုဒ္ဓဘာသာတရားတော်သည် လူအပေါင်းအား ကြင်နာသနားတတ်ရန်၊ ကရုဏာတရားထား ရှိရန်၊ သတ္တဝါအားလုံးအပေါ် မေတ္တာဖြင့် လွှမ်းခြုံထားရန်တို့အပြင် ငြိမ်းငြိမ်းချမ်းချမ်းနေတတ်ရန်၊ စိတ်ရှည်သည်းခံတတ်ရန်နှင့် နိုင်ငံတော်တိုးတက် ဖွံ့ဖြိုးရေးအတွက် ငြိမ်းချမ်းမှုနှင့် တည်ငြိမ်မှု ဖန်တီးတည်ဆောက်ရန်များကို သင်ကြားပေးပါသည်။

ဆင်းရဲမွဲတေချွတ်ခြုံကျမှုများ၊ လက်နက်ကိုင်ပဋိပက္ခများ၊ အကြမ်းဖက်မှုများ တစ်နေ့တခြား တိုးတက်ကြီးထွားလာနေသည့် ကမ္ဘာကြီးတွင် ဗုဒ္ဓ၏လမ်းစဉ်နှင့် အဆုံးအမဖြစ်သည့် ကြည်လင်သန့်စင်သော မေတ္တာတရားသည် ဆင်းရဲဒုက္ခများသည် လူ့အဖွဲ့အစည်းများကို ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရေးအတွက် ယခင်ကာလများထက် ပိုမိုလိုအပ်လျက်ရှိပါသည်။

ကမ္ဘာ့ငြိမ်းချမ်းရေး တိုးတက်ရရှိနိုင်ရေးအတွက် ဤထိပ်သီးညီလာခံကြီး အဘက်ဘက်မှ အောင်မြင်မှုရစေရန် ဆုတောင်းမေတ္တာပို့အပ်ပါသည်။

မစ္စတာချာ(လ်စ်)ပက်ထရီ

## ကမ္ဘာ့ကျန်းမာရေးအဖွဲ့.

ပြည်ထောင်စု မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့. ဌာနေကိုယ်စားလှယ် ဒေါက်တာ အဂိုစတီနို ဘိုရာ ပေးပို့သော သဝဏ်လွှာ (ဘာသာပြန်)

လူကြီးမင်းများခင်ဗျား

ပြည်ထောင်စုမြန်မာနိုင်ငံတော် ရန်ကုန်မြို့တွင် ၂၀၀၄ ခုနှစ် ဒီဇင်ဘာလ (၉) ရက်နေ့မှ (၁၁)ထိ ကျင်းပပြုလုပ်မည့် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံအတွက် ပြင်ဆင်နေကြသူများအား လှိုက်လဲစွာ နှုတ်ခွန်းဆက်သရသည်ကို များစွာ ဝမ်းမြောက်မိပါသည်။

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံမှရလဒ်များသည် ကမ္ဘာ့လူနေမှုအဖွဲ့အစည်းအတွင်း ငြိမ်းချမ်းရေး သာယာရေးနှင့် သဟဇာတဖြစ်ရေးတို့အတွက် အထောက်အကူပြုလိမ့်မည်မှာ သေချာပါသည်။

လူကြီးမင်းတို့၏ မွန်မြတ်သောကြိုးစားအားထုတ်မှုများ အစစအရာရာ အောင်မြင်ပါစေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့.ကိုယ်စား ဆုမွန်ကောင်း တောင်းအပ်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် အစွမ်းကုန် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ထပ်လောင်းပြောကြားလိုပါသည်။

မေတ္တာဖြင့်

လေးစားလျက်

ဒေါက်တာ အဂိုစတီနို ဘိုရာ

# သီးခြားသဝဏ်လွှာများ

## ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာ စိုးရင် (ဥက္ကဋ္ဌ၊ တက္ကသိုလ်များဆိုင်ရာ ဗုဒ္ဓဘာသာ အသင်းရန်ကုန်) ပေးပို့သော သဝဏ်လွှာ

မင်္ဂလာအပေါင်းနှင့် ပြည့်ဝသော အချိန်အခါသမယတွင် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသို့ တက္ကသိုလ်များဆိုင်ရာ ဗုဒ္ဓဘာသာအသင်းဥက္ကဋ္ဌအနေနှင့်လည်းကောင်း ရန်ကုန်တက္ကသိုလ်၏ ပါမောက္ခချုပ်အနေနှင့်လည်းကောင်း ချီးကျူးဂုဏ်ပြုသဝဏ်လွှာပေးပို့ခွင့်ရသည့်အတွက် လှိုက်လှဲစွာ ဂုဏ်ယူမိပါသည်။ မင်္ဂလာအပေါင်းနှင့် ပြည့်ဝသည်ဟု ဆိုရခြင်းမှာ ဤညီလာခံကြီးသည် အဖိုးအနှုံထိုက်တန်လှသည့် ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးနှင့် ဆက်စပ်နှီးနွယ်လျက်ရှိသောကြောင့် ဖြစ်ပါသည်။ ဤညီလာခံကြီးကျင်းပသည့် လိုဏ်ဂူတော်ကြီးမှာ လွန်ခဲ့သော နှစ်(၅၀)က ဗုဒ္ဓသာသနာ အနှစ်(၂၅၀၀)ပြည့် အထိမ်းအမှတ်ပွဲတော်အဖြစ် သီရိလင်္ကာနှင့် အရှေ့တောင်အာရှဒေသမှ ထေရဝါဒ ဗုဒ္ဓဘာသာနိုင်ငံများပါဝင် ဆင်နွှဲခဲ့သည့် ဆဋ္ဌသံဂါယနာတင်ပွဲကြီးကျင်းပခဲ့သည့် ဘူမိနက်သန်မှန်သော နေရာလည်း ဖြစ်ပါသည်။ ဤညီလာခံကြီးသို့ တက်ရောက်လာကြသည့် နိုင်ငံပေါင်း(၃၀)ကျော်မှ ကိုယ်စားလှယ်တော်ကြီးများအား လေးမြတ်ဂုဏ်ယူစွာ နှုတ်ခွန်းဆက်ခွင့်ရသည့်အတွက် များစွာ နှစ်ထောင်းအားရဖြစ်မိပါသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် စစ်မှန်သော ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံအဖြစ် ကာလရှည်ကြာစွာ အသိအမှတ်ပြုခြင်းခံရသည့်နိုင်ငံဖြစ်ပါသည်။ ရှေးပဝေသဏီကာလများကတည်းက မြန်မာနိုင်ငံသူနိုင်ငံသားများသည် မြတ်ဗုဒ္ဓ၏ အဆုံးအမများကို ၎င်းတို့၏ ဘဝလမ်းညွှန်အဖြစ် လက်ခံလိုက်နာ ကျင့်သုံးခဲ့ကြပြီး မင်းအဆက်ဆက်၊ အစိုးရအဆက်ဆက်တို့ကလည်း ဗုဒ္ဓဘာသာကို လိုက်နာကျင့်သုံးကာ ကိုယ်ရောစိတ်ပါ ထောက်ပံ့ကူညီခဲ့ကြပါသည်။ ဗုဒ္ဓဘာသာသည် ငြိမ်းချမ်းရေးကို လိုလားသည့် ဘာသာအဖြစ် လူသိများထင်ရှားပါသည်။ ဗုဒ္ဓမြတ်စွာသခင်ကိုယ်တော်တိုင်က ငြိမ်းချမ်းရေးသမား တစ်ဦးဖြစ်ကာ သူ၏အဆုံးအမတရားဒေသနာအမြောက်အများမှာ လူသားများ အချင်းချင်း ငြင်းခုံခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်းတို့မှ ရှောင်ဖယ်ကာ ငြိမ်းချမ်းညီညွတ်စွာ နေထိုင်ကြရန် ဟောပြောခဲ့သည့် တရားအဆုံးအမများ ဖြစ်ပါသည်။

ကျွန်ုပ်တို့ဗုဒ္ဓဘာသာနိုင်ငံများသည် ဤကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးမှ ရရှိသော အခွင့်ကောင်းကို အမိအရယူ၍ ဗုဒ္ဓဘာသာမိသားစုကြီးတစ်ခုအဖြစ် စုစည်းကာ ဗုဒ္ဓသာသနာကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် သာသနာပြန့်ပွားအောင်ဆောင်ရွက်ရုံသာမက ကျွန်ုပ်တို့အချင်းချင်း အတွင်း ငြိမ်းချမ်းမှု၊ ညီညွတ်မှု၊ ချစ်ကြည်ရင်းနှီးစွာဆက်ဆံမှု၊ အပြန်အလှန်နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရရှိအောင် ဆောင်ရွက်ပြီး ကျန်ကမ္ဘာ့လူသားအားလုံးထံသို့လည်း လက်ကမ်းသွားနိုင်လိမ့်မည်ဟု ကျွန်ုပ်ရိုးသားစွာ မျှော်လင့်ပါသည်။

နောက်ဆုံးအနေနှင့် မြတ်ဗုဒ္ဓ၏ "သမဂ္ဂါနံ တပေါ သုခေါ" (အညီအညွတ်ပြုခြင်းသည် ချမ်းသာခြင်းပင်တည်း။) ဟူသော အဆုံးအမဖြင့် ကျွန်ုပ်၏ သဝဏ်လွှာကို နိဂုံးကမ္မတ်အဆုံးသတ်အပ်ပါသည်။

ဒေါက်တာစိုးရင်

**အိတလီနိုင်ငံ၊ ဥရောပဗုဒ္ဓဘာသာ သမဂ္ဂမှ ပါမောက္ခ မာရီယာ အင်ဂျယ်လာ ဖာလာ ပေးပို့သော သဝဏ်လွှာ (ဘာသာပြန်)**

**ဆရာတော်ကြီးများ၊ သီလရှင်များ၊ ဂုဏ်သရေရှိ ညွှန်ကြားသူတော်များနှင့် ဓမ္မမိတ်ဆွေများ**

ပြည်ထောင်စုမြန်မာနိုင်ငံ ရန်ကုန်မြို့တွင် ကျင်းပသော ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသို့ တက်ရောက်ဆင်နွှဲကြသည့် ပုဂ္ဂိုလ်အားလုံးတို့အား ဆုမွန်ကောင်းများပို့သပါကြောင်းနှင့် ညီလာခံကြီးအား လိုက်လံစွာ ချီးကျူးဂုဏ်ပြုပါကြောင်း ဥရောပ ဗုဒ္ဓဘာသာယူနီယံကိုယ်စား ပြောကြားလိုပါသည်။ ကျွန်ုပ်တို့အနေနှင့် ညီလာခံကြီးသို့ ကိုယ်တိုင်ကိုယ်ကျ တက်ရောက်နိုင်ခြင်းမရှိသော်လည်း ကျွန်ုပ်တို့၏ စိတ်နှလုံးသည် မြန်မာနိုင်ငံရှိ သင်တို့နှင့်အတူ ရှိနေပါသည်။

ယနေ့ကမ္ဘာတွင်ကျွန်ုပ်တို့ရင်ဆိုင်ကြုံတွေ့နေရသော စိုးပွားရေးနှင့် နိုင်ငံရေးစိန်ခေါ်မှုများသည် လူသားအားလုံးအတွက် လွန်ခဲ့သောနှစ်ပေါင်း နှစ်ထောင့်ငါးရာက ဟောကြားခဲ့သော မြတ်စွာဘုရား၏ တရားတော်များနှင့် အကျုံးဝင်ဆဲဖြစ်ပါသည်။

မြတ်စွာဘုရားဟောကြားခဲ့သော ဉာဏ်ပညာနှင့် ကရုဏာတရားများသည် အချိန်တိုင်း နေရာတိုင်းတွင် ထာဝရမြင့်မြတ်မှန်ကန်လျက်ရှိပါသည်။ ဤတရားများကို လက်တွေ့ကျင့်ကြံအားထုတ်ခြင်းမရှိပါက နိုင်ငံအချင်းချင်း လူသားအချင်းချင်း မိသားစုများအချင်းချင်းအတွင်း ပြဿနာများ၊ ရန်ပွဲများ ဖြစ်ပွားပေါ်ပေါက်လာကြမြဲဖြစ်သည်။ ဉာဏ်ပညာနှင့် ကရုဏာတရားများအပေါ်အခြေခံသည့် ဓမ္မရောင်ခြည်သည် လူသားအများစုတွေ့ကြုံနေရသည့် အခက်အခဲပြဿနာများကို ဖြေရှင်းရန် အတွေးသစ်၊ အမြင်သစ်များ ရရှိစေပြီး မေတ္တာကရုဏာနှင့် စိတ်ဇြိမ်းချမ်းသာမှုများ ရရှိနိုင်ပါလိမ့်မည်။ ယခုကဲ့သို့ ကမ္ဘာတစ်ဝန်းမှ ထင်ရှားကျော်ကြားပြီး အရေးပါအရာရောက်သည့် ဗုဒ္ဓဘာသာခေါင်းဆောင်များ စုဝေးတွေ့ဆုံသည့် ညီလာခံကြီးမှလည်း အနာဂတ်လူသားများအတွက် ကြည်လင်ပြတ်သားသည့် အတွေးအမြင်များ ဖေါ်ထုတ်ပေးနိုင်လိမ့်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။

ဗုဒ္ဓဘာသာသမိုင်းတွင် သက်တမ်းနှုန်းယ်လသော ဥရောပဗုဒ္ဓဘာသာဝင်များဖြစ်သည့် ကျွန်ုပ်တို့သည် အာရှတိုက်မှ ကျွန်ုပ်တို့၏ နောင်တော်၊ အစ်မတော်များထံမှ အကူအညီများ လိုအပ်လျက်ရှိပါသည်။ ဗုဒ္ဓဘာသာထိပ်သီးညီလာခံနှင့် ဥရောပဗုဒ္ဓဘာသာယူနီယံတို့၏ ဆက်သွယ်မှုသည် နောင်အခါတွင် ပိုမိုဖွံ့ဖြိုးတိုးတက်လာကာ လူသားအားလုံး အကျိုးစီးပွားအတွက် ဗုဒ္ဓဒေသနာတော်များ ဖြန့်ဖြူးရာတွင် အကူအညီများ ပိုမိုရရှိလာမည်ဟု မျှော်လင့်ပါသည်။

ရတနာသုံးပါး ကောင်းချီးပေးပါစေ။

မာရီယာ အင်ဂျလာဖာလာ

**ဘရာဇီး(လ်)နိုင်ငံ၊ နာလန္ဒ ထေရဝါဒဗုဒ္ဓစင်တာမှ ညွှန်ကြားရေးမှူး မစ္ဆတာရိကာဒို ဆာဆကီ (ဓမ္မာစရိယ ဓမ္မပါလ)က ပေးပို့သော သဝဏ်လွှာ (ဘာသာပြန်)**

ဆရာတော်အရှင်သူမြတ်များ

ဂုဏ်သရေရှိကိုယ်စားလှယ်တော်များနှင့် ဒါယိကာ၊ ဒါယိကာမများ

ဤသာယာလှပသော မြန်မာနိုင်ငံ၌ ကျင်းပပြုလုပ်သည့် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသို့ တက်ရောက်ရသည့်အတွက် ကျွန်ုပ်များစွာဂုဏ်ယူပါသည်။ ကမ္ဘာတစ်ဝန်းလုံးရှိ ဗုဒ္ဓဘာသာဝင်များ အားလုံး စည်းလုံးညီညွတ်ရန်လိုအပ်သည်ဆိုခြင်းမှာ စိတ်ကူးယဉ်မှုတစ်ရပ်မဟုတ်တော့ဘဲ အမှန်တကယ် လိုအပ်နေကြောင်း တစ်နှစ်ထက်တစ်နှစ် ထင်ရှားလာလျက်ရှိပါသည်။ ရတနာသုံးပါးအဆုံးအမကို ရိုသေလေးမြတ်စွာဦးထိပ်ပန်ဆင်ပြီး ဗုဒ္ဓဘာသာဝင်များ၏ ချစ်ခင်စည်းလုံးညီညွတ်မှုကို ဖေါ်ပြသည့် ဖြစ်ရပ်များသည် များစွာအရေးကြီးလှပါသည်။

ဗုဒ္ဓသာသနာသည် ဘရာဇီး(လ်)နိုင်ငံရှိ မြေယာများ၏ မြေဩဇာဖြစ်ထွန်းမှုအခြေအနေများကို လေ့လာစစ်ဆေးရန် ၁၉၀၈ခုနှစ်က ကာဆာတိုမာရူးသဘော်ဖြင့် ပထမဦးဆုံးရောက်ရှိလာကြသည့် ဂျပန်အလုပ်သမားနှင့်အတူ ဘရာဇီး(လ်)နိုင်ငံသို့ရောက်ရှိလာခဲ့ပါသည်။ ဆက်လက်၍လည်း ဆယ်စုနှစ်ပေါင်းများစွာ ဂျပန်အလုပ်သမားများ စဉ်ဆက်မပြတ်ရောက်ရှိလာကြရာ ဗုဒ္ဓဘာသာဦးရေမှာလည်း တိုးတက်များပြားလာခဲ့ပါသည်။ ကျွန်ုပ်၏ဖခင်ဖြစ်သူသည်လည်း ဤသဘော်များဖြင့် လိုက်ပါလာခဲ့သူဖြစ်ပါသည်။ နောင်အခါတွင် အလုပ်အကိုင်အခြေအနေသစ်များ ရှာဖွေရင်းဖြင့် တရုတ်နှင့် ကိုရီးယားနိုင်ငံသားများလည်းရောက်ရှိလာကြရာ ၎င်းတို့နှင့်အတူ ၎င်းတို့ကိုးကွယ်သည့် ဗုဒ္ဓဘာသာလည်း ပါလာပါသည်။ ၁၉၆၇ခုနှစ်တွင် ရီယိုဒီဂျင်းနားရိုးမြို့၌ ပထမဆုံးနှင့် ယခုအချိန်အထိတစ်ခုတည်းသော သီရိလင်္ကာထေရဝါဒဗုဒ္ဓဘာသာကျောင်းတော်ကို ဖွင့်လှစ်တည်ထောင်ခဲ့ပါသည်။ ၁၉၈၉ခုနှစ်တွင် ဘရာဇီး(လ်)နိုင်ငံ၏ ဒုတိယမြောက်ထေရဝါဒဗုဒ္ဓဘာသာကျောင်းတော်တစ်ခုအဖြစ် နာလန္ဒဗုဒ္ဓဘာသာစင်တာ ကို ကျွန်ုပ်ထူထောင်ခဲ့ပါသည်။ ခရစ်နှစ်(၂၀၀၀)ပြည့်နှစ်ရောက်မှ မြန်မာဘုန်းတော်ကြီးတစ်ပါး ဘရာဇီး(လ်)နိုင်ငံသို့ ပထမဆုံးအကြိမ်ရောက်ရှိလာခဲ့ပါသည်။ ကျွန်ုပ်၏ဆရာဖြစ်သူ အဂ္ဂမဟာပဏ္ဍိတဆရာတော်ဦးရေဝတဓမ္မသည် ကျွန်ုပ်၏ပင့်လျှောက်ချက်အရ (၂၀၀၀)ပြည့်နှစ် ဇူလိုင်လအတွင်း ကြွရောက်လာကာ ကျောင်းတော်ကို သိဒ္ဓိတင်မင်္ဂလာအခမ်းအနားပြုလုပ်ပေးပြီး တရားစခန်းများလည်း ဖွင့်လှစ်ပေးခဲ့ပါသည်။ ထိုအချိန်မှစ၍ ကျွန်ုပ်တို့နှင့် မြန်မာဗုဒ္ဓဘာသာများ ရင်းနှီးမှုတဖြည်းဖြည်းတိုးတက်လာခဲ့ပါသည်။

မြန်မာနိုင်ငံသားများသည် ကမ္ဘာကိုအကောင်းဆုံးလက်ဆောင်အဖြစ် ဓမ္မလက်ဆောင်ကို ပေးဝေလိုက်ပြီဖြစ်ပါသည်။ ထင်ရှားကျော်ကြားသည့် ဆရာတော်ကြီးများနှင့် ဒါယိကာ ဒါယိကာမများ ဓမ္မအလင်းရောင်ကို ဤမြေပေါ်(မြန်မာနိုင်ငံ)တွင် ထွန်းတောက်သည့်ထက်ထွန်းတောက်အောင် စဉ်ဆက်မပြတ်ထွန်းညှိပေးခဲ့ကြပြီး ကမ္ဘာတစ်ဝန်းလုံးရှိ လူသားအားလုံးကိုပါ သဒ္ဓါတရားထက်သန်စွာဖြင့် ရက်ရက်ရောရော မျှဝေပေးခဲ့ပါပြီ။ ယခုအချိန်တွင် ခေတ်မီနည်းပညာများကြောင့် ဆက်သွယ်မှုများ လွယ်ကူလာပြီး ခရီးအကွာအဝေးကိုလည်း ချုံ့လာနိုင်သဖြင့် ဗုဒ္ဓဘာသာ နိုင်ငံများအချင်းချင်း ပိုမိုနားလည် သိကျွမ်းလာကာ မာန်မာနကင်းရှင်းစွာဖြင့် ဆက်ဆံလာနိုင်ကြပြီဖြစ်ပါသည်။ ကျွန်ုပ်အနေနှင့် သာသနာရေးဝန်ကြီးဌာနကိုလည်းကောင်း၊ သီတဂုဆရာတော် အရှင်ဉာဏိဿရနှင့် ဤထိပ်သီးညီလာခံကြီး ဖြစ်မြောက်အောင် ကြိုးကြပ်ဆောင်ရွက်ပေးတော်မူကြသော ဆရာတော်ကြီးများကိုလည်းကောင်း၊ မြန်မာနိုင်ငံသူ နိုင်ငံသားများကိုလည်းကောင်း၊ တရားတော်များကို ငြိမ်းချမ်းစွာ

ကြားနာမျှဝေခံစားရသဖြင့် ကျေးဇူးအထူးတင်ရှိပါကြောင်း ဖော်ပြလိုပါသည်။ ဤသဒ္ဓါတရား ကုသိုလ်ကောင်းမှုများကြောင့် ကောင်းကျိုးများစွာ ဖြစ်ထွန်းပါစေသတည်း၊

ဗုဒ္ဓသာသနာ ကမ္ဘာချဉ်းသည့်တိုင် တိုးတက်ပါစေသတည်း။

သတ္တဝါအားလုံး သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်နိုင်ကြပါစေသတည်း။

ဓမ္မရောင်ခြည် ထာဝစဉ်ထွန်းတောက်ပါစေ။

ရိကာဒို ဆာဆကို

နာလန္ဒ ထေရဝါဒဗုဒ္ဓစင်တာ

**ဂျပန်နိုင်ငံ၊ တိုကျိုမြို့၊ မြန်မာစီးပွားရေးဘဏ်အသင်းဥက္ကဋ္ဌ ယာဆူယိုရှိ နာကာဂျိမ ထံမှ ပေးပို့သော နှုတ်ခွန်းဆက်သဝတ်လွှာ(ဘာသာပြန်)**

မဂ်လာညနေခင်းပါခင်ဗျား-

ကျွန်တော် ဂျပန်နိုင်ငံ တိုကျိုမြို့ မြန်မာစီးပွားရေးဘဏ်အသင်းဥက္ကဋ္ဌ ယာဆူယိုရှိ နာကာဂျိမ ဖြစ်ပါတယ်။

မြန်မာစီးပွားရေးအသင်းကိုယ်စား ဤကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသို့ တက်ရောက် ဆင်နွှဲနေကြသူများအား လှိုက်လှဲစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်အနေနဲ့လဲ ဒီနေရာမှာ သင်တို့နဲ့အတူ ပါဝင်ဆင်နွှဲခွင့်ရတဲ့အတွက် အထူးဝမ်းမြောက်ဂုဏ်ယူမိပါတယ်။

ဒီနှစ်ဟာ မြန်မာနိုင်ငံနဲ့ဂျပန်နိုင်ငံတို့ရဲ့ သံခင်းတမန်ခင်း ဆက်သွယ်ထူထောင်ခဲ့တာ အနှစ်(၅၀) ပြည့်တဲ့ နှစ်လည်းဖြစ်တဲ့အတွက် မဂ်လာနှစ်ထပ်ကွမ်းရှိတဲ့ အခါသမယလည်းဖြစ်ပါတယ်။ ကျွန်တော်တို့ နှစ်နိုင်ငံလုံးအတွက် လာမဲ့နှစ်ပေါင်းများစွာမှာလည်း တိုးတက်အောင်မြင်မှုများ ရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးဟာ ကျေနပ်ဖွယ်ကောင်းပြီး အောင်မြင်မှုအပြည့်အဝ ရှိကြောင်းတွေ့ရပါတယ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်က ထိပ်သီးညီလာခံကြီးကို ဦးစီးကျင်းပနိုင်တဲ့ အတွက် မြန်မာနိုင်ငံရဲ့ဆောင်ရွက်ချက်ကို အလွန်တန်ဖိုးထားပါတယ်။ ဒီကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီး ညီလာခံကြီးမှာ နိုင်ငံပေါင်း (၃၇)နိုင်ငံက ဗုဒ္ဓဘာသာဂိုဏ်းပေါင်းများစွာကို စုစည်းတွေ့ဆုံပြီး ဆွေးနွေး ခဲ့ကြတဲ့အတွက် အလွန်အဓိပ္ပါယ်ပြည့်ဝတဲ့ ဆောင်ရွက်ချက်ဖြစ်ပြီး ထာဝရမှန်ကန်တဲ့ တရားများပေါ် အခြေခံပြီး ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့ ပျော်ရွှင်မှုကို ထွန်းပြောင်စေလိမ့်မယ်လို့ ခိုင်မြဲစွာယုံကြည်ပါတယ်။

အင်မတန် အဖိုးတန်တဲ့ အခုလို အခွင့်အရေးပေးတဲ့အတွက် ကျေးဇူးအထူးတင်ပါတယ်၊ ကမ္ဘာ့ဗုဒ္ဓ ဘာသာထိပ်သီးညီလာခံကြီး အစစအရာရာ အောင်မြင်ပါစေကြောင်းနဲ့ ဂျပန်မြန်မာ ချစ်ကြည်ရေး အစွန့်ရှည်ကြာတည်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နိဂုံးချုပ်အပ်ပါတယ်။

ယာဆူယိုရှိ နာကာဂျိုးမား

# ပူးတွဲကြေညာချက်

## ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ

## ၂၀၀၄-ခုနှစ် ဒီဇင်ဘာလ ၉ ရက်မှ ၁၁ ရက်

## ရန်ကုန်မြို့

## ပြည်ထောင်စုမြန်မာနိုင်ငံတော်

သံဃအစည်းအဝေးများကို မကြာခဏ ကျင်းပခြင်းသည် သာသနာတော်နှင့် သံဃအဖွဲ့အစည်း၏ တိုးတက်ကြီးပွားရေးကို အထောက်အကူပြုကြောင်း အပရိဟာနိယသုတ္တန်တွင် ဗုဒ္ဓဘုရားရှင်က ဟောကြားတော်မူခဲ့ပါသည်။ အစောဆုံး ဗုဒ္ဓဘာသာ အစည်းအဝေးများကို ဘီစီ ၆-ရာစုကပင် ကျင်းပခဲ့ပါသည်။ ဗုဒ္ဓဘုရားရှင် သက်တော်ထင်ရှားရှိစဉ်ကပင် အိန္ဒိယနိုင်ငံတွင် သံဃအဖွဲ့ ညီလာခံနှစ်ရပ် ကျင်းပခဲ့ပါသည်။ ထိုညီလာခံများတွင် ဗုဒ္ဓဘုရားရှင်က တရားဒေသနာတော်ကို လှည့်လည် ဟောပြောကြရန် လမ်းညွှန်ဆုံးမခဲ့ပြီး သံဃအဖွဲ့အုပ်ချုပ်ရေးအတွက် ခေါင်းဆောင်များခန့်ထားခဲ့ပါသည်။

ဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် ဗုဒ္ဓသာသနာတော်ကို မူလဟောကြားခဲ့စဉ်ကအတိုင်း သန့်စင်စွာ ထိန်းသိမ်းနိုင်ရန် သံဂါယနာတင်ပွဲများကို ကျင်းပခဲ့ပါသည်။ ကနဦး သံဂါယနာ သုံးတန်ကို ဗုဒ္ဓသာသနာတော်၏ ဇာတိမြေဖြစ်သည့် အိန္ဒိယနိုင်ငံတွင်ပင် ကျင်းပခဲ့ပါသည်။ ထိုသံဂါယနာများအနက် နောက်ဆုံးသံဂါယနာ သို့မဟုတ် တတိယသံဂါယနာတင်ပွဲက သာသနာတော်ကို ပြည်ပသို့ ပြန့်နှံ့စေခဲ့ပါသည်။ သီရိလင်္ကာနိုင်ငံတွင် ကျင်းပခဲ့သော စတုတ္ထသံဂါယနာသည် အိန္ဒိယနိုင်ငံပြင်ပတွင် ကျင်းပခဲ့သော ပထမဆုံး ဗုဒ္ဓဘာသာ အစည်းအဝေး ဖြစ်ပါမည်။ ပဉ္စမသံဂါယနာတင်ပွဲကို မြန်မာနိုင်ငံ မန္တလေးမြို့တွင် ကျင်းပခဲ့ပါသည်။ ၁၉၅၆-ခုနှစ်က ဤလိုဏ်ဂူတော်ကြီးတွင်ပင် ကျင်းပခဲ့သော ဆဋ္ဌသံဂါယနာတင်ပွဲသည် ပိဋကတ်သုံးပုံကို သန့်စင်တည်းဖြတ်ရာတွင် ထေရဝါဒနိုင်ငံအားလုံးမှ သံဃခေါင်းဆောင်များ အဓိကကျသောအခန်းကဏ္ဍမှ ပါဝင်ခဲ့ကြသည့် ပထမဆုံးသော ဗုဒ္ဓဘာသာ ညီလာခံ ဖြစ်ပါသည်။ တရုတ်၊ ဂျပန်စသော မဟာယာနဗုဒ္ဓဘာသာထွန်းကားရာ နိုင်ငံများမှ ဗုဒ္ဓဘာသာရဟန်းတော်တို့လည်း ထိုအရေးပါလှသောသံဂါယနာပွဲသို့ တက်ရောက်ဆင်နွှဲခဲ့ပါသည်။ ၁၉၉၈-ခုနှစ် က နီပေါနိုင်ငံ လုမ္ဗိနီတွင် ကမ္ဘာ့ဗုဒ္ဓဘာသာ ညီလာခံ (World Buddhist Summit) ကို ကျင်းပခဲ့ပါသည်။ ထိုနှစ်တွင်ပင် ပထမအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထွန်းကားပြန့်ပွားရေးကွန်ဖရင့် (First World Buddhist Propagation Conference)ကို ဂျပန်နိုင်ငံ ကျိုတိုမြို့တွင် ကျင်းပခဲ့ပါသည်။ ၂၀၀၀-ပြည့်နှစ်နှင့် ၂၀၀၂-ခုနှစ်တို့တွင် ထိုင်းနိုင်ငံနှင့် ကမ္ဘောဒီးယား နိုင်ငံတို့၌ ဒုတိယနှင့် တတိယအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထွန်းကားပြန့်ပွားရေးကွန်ဖရင့်များ (Second and Third World Buddhist Propagation Conferences)ကို ကျင်းပခဲ့ပါသည်။

ဗုဒ္ဓသာသနာတော် မူလဟောကြားခဲ့စဉ်ကအတိုင်း နှစ်ပေါင်းတစ်ထောင်ကျော်အောင် ထွန်းကားစည်ပင်နေသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ရန်ကုန်မြို့ သမိုင်းဝင် မဟာပါသာဏလိုဏ်ဂူတော်ကြီးတွင် ၂၀၀၄-ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့မှ ၁၁ ရက်နေ့ထိ ဤကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကို ကျင်းပခဲ့ပါသည်။ ဤအရေးပါသော ညီလာခံသို့ ထင်ရှားသော ဗုဒ္ဓဘာသာခေါင်းဆောင်များနှင့် နိုင်ငံခေါင်းဆောင်များ တက်ရောက်ခဲ့ကြပါသည်။

ဤကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကျင်းပရခြင်း၏ ရည်ရွယ်ချက်များသည် ကမ္ဘာ့ဒေသအသီးသီးမှ ဗုဒ္ဓဘာသာဝင်များအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်မှု၊ ပူးပေါင်း

ဆောင်ရွက်မှုတို့ကို တိုးတက်ကောင်းမွန်စေရန်၊ ဗုဒ္ဓဘာသာ စာပေသင်ကြားရေးနှင့် ကျင့်သုံးရေးတို့ကို ထိန်းသိမ်းနိုင်ရန်၊ ဗုဒ္ဓဘာသာကျန်းဂန်များကို အခြေခံသော ဗုဒ္ဓဘာသာပညာရေးကို မြှင့်တင်ရန်၊ ငြိမ်းချမ်းသော ကမ္ဘာလောက ပေါ်ထွန်းလာစေရေးကို အထောက်အကူပြုရန်နှင့် ဗုဒ္ဓဘုရားရှင်၏ တရားစစ် တရားမှန်ကို ကမ္ဘာတစ်ဝန်း ပြန့်နှံ့အောင် ဆောင်ရွက်ရန်တို့ ဖြစ်ပါသည်။

ဤဦးတည်ချက်များ အောင်မြင်စေရန် ဤသမိုင်းဝင် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံတွင် တက်ရောက်ခဲ့ကြသော ကျွန်ုပ်တို့သည် အောက်ပါအချက်များကို သဘောတူညီခဲ့ကြပါသည်။

✔ ဗုဒ္ဓ၏ တရားဒေသနာတော်ကို မူလကအတိုင်း သန့်ရှင်းစင်ကြယ်စွာ ထိန်းသိမ်းထားရန် ဆုံးဖြတ်ပါသည်။

✔ ဗုဒ္ဓ၏ တရားဒေသနာတော်ကို တိုးတက်ကြီးပွားပြန့်နှံ့စေရန် ကြိုးပမ်းသွားပါမည်။

✔ သမိုင်းဝင် သာသနိက အဆောက်အဦးများကို ကာကွယ်စောင့်ရှောက်ရန်၊ ထိန်းသိမ်းရန်နှင့် မူလအခြေအနေရောက်အောင် ပြုပြင်ရန် ကြိုးပမ်းသွားပါမည်။

✔ ဗုဒ္ဓ၏ မွန်မြတ်သော မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသည့် တရားတော်ကို ပြန့်ပွားစေခြင်းဖြင့် ကမ္ဘာတစ်ဝန်း ငြိမ်းချမ်းသာယာဝပြောရေးကို ဖေါ်ဆောင်ရန် ကြိုးပမ်းသွားပါမည်။

✔ ဗုဒ္ဓဘာသာဝင်တို့၏ စည်းလုံးညီညွတ်ရေးကို ဖေါ်ဆောင်ပြီး ကမ္ဘာတစ်ဝန်း ဗုဒ္ဓဘာသာဝင် အချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်မှု တိုးတက်ကောင်းမွန်အောင် ကြိုးပမ်းသွားပါမည်။

✔ ခေတ်မီနည်းပညာများ အသုံးပြု၍ ဗုဒ္ဓဘာသာပညာရေး တိုးတက်မြင့်မားအောင် ကြိုးပမ်းသွားပါမည်။

✔ အယူအဆများ ဆွေးနွေးဖလှယ်ရန်နှင့် အပြန်အလှန်နားလည်မှု တိုးတက်စေရန်အတွက် ဗုဒ္ဓဘာသာညီလာခံများကို မကြာခဏ ကျင်းပသွားရန် ကြိုးပမ်းသွားပါမည်။

✔ လူတစ်ဦးချင်းစီ၏ ငြိမ်းချမ်းရေးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ကမ္ဘာ့လူသားများသို့ ဗုဒ္ဓဘာသာ ကမ္မဋ္ဌာန်းတရားများကို မျှဝေပေးသွားရန် ကြိုးပမ်းသွားပါမည်။

✔ ဗုဒ္ဓဘုရားရှင်၏ တရားဒေသနာတော်များ ပိုမိုထိရောက်စွာ ပြန့်ပွားစေရန်အတွက် ကမ္ဘာတစ်ဝန်း ဗုဒ္ဓဘာသာ ရိပ်သာများ တိုးချဲ့ဖွင့်လှစ်ရန် လိုအပ်သည်ဟု ယုံကြည်ပါသည်။

မဟာပါသာဏလိုဏ်ဂူတော်ကြီး

ကမ္ဘာအေး၊ ရန်ကုန်။
ပြည်ထောင်စုမြန်မာနိုင်ငံတော်

သာသနာနှစ် ၂၅၄၈

၂၀၀၄-ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်

# ကမ္ဘာဗုဒ္ဓဘာသာထိပ်သီးညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ အစီရင်ခံစာ

ကမ္ဘာဗုဒ္ဓဘာသာထိပ်သီးညီလာခံဖြစ်မြောက်ရေးကော်မတီသည် ညီလာခံကြီးကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်မှုများကို ၂၀၀၃-ခုနှစ်၊ အစောပိုင်းကာလမှစ၍ လုပ်ဆောင်ခဲ့ပါသည်။ ကော်မတီအနေဖြင့် လုပ်ငန်းစီမံချက်တစ်ရပ်ရေးဆွဲကာ မဟာထေရ်ဆရာတော်ကြီးများပါဝင်သော အကြံပေးအဖွဲ့၊ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတစ်ဆယ့်တစ်ခု ဖွဲ့စည်းခဲ့ပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဝန်ကြီးချုပ်သည် ဦးစီးကော်မတီဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သာသနာရေးဝန်ကြီးဌာနဝန်ကြီးသည် လုပ်ငန်းကော်မတီဥက္ကဋ္ဌအဖြစ်လည်းကောင်း တာဝန်ယူကြပြီး၊ နိုင်ငံတော်ဝန်ကြီးချုပ်သည် သဘာပတိအဖြစ်ဆောင်ရွက်သည့် ညှိနှိုင်းအစည်းအဝေးပေါင်းများစွာကို ကျင်းပဆွေးနွေး ညှိနှိုင်းဆုံးဖြတ်၍ ဆောင်ရွက်ခဲ့ပါသည်။ ကမ္ဘာဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးနှင့်သက်ဆိုင်သော ကိစ္စရပ်များ လျင်လျင်မြန်မြန်အကောင်ထည်ဖော်ဆောင်ရွက်နိုင်ရန် အတွင်းရေးမှူးများအဖွဲ့ကိုလည်း ဖွဲ့စည်းခဲ့ပါသည်။

ကမ္ဘာဗုဒ္ဓဘာသာထိပ်သီးညီလာခံ ကျင်းပမည့် မဟာပါသဏလိုဏ်ဂူအား အကြီးစားပြင်ဆင်မွမ်းမံမှုကို အချိန်(၂)နှစ်ခန့်ယူ၍ ငွေကြေး ပမာဏအမြောက်အများ အကုန်အကျခံကာ ပြုလုပ်ခဲ့ပါသည်။ ကမ္ဘာအေး စေတီတော် ဘုရားပရဝုဏ်အတွင်း စိမ်းလန်း စိုပြေသာယာလှပရန် မြေအလှပြုပြင်မှု လုပ်ငန်းကိုလည်း အလားတူ ဆောင်ရွက်ခဲ့ပါသည်။ မဟာပါသဏ လိုဏ်ဂူကြီးကို ၁၉၅၄-ခုနှစ်က ဆောက်လုပ်ခဲ့ရာ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကျင်းပနိုင်ရန် အကြီးစားပြင်ဆင်မွမ်းမံမှု လုပ်ရန်လိုအပ်နေပြီ ဖြစ်ပါသည်။ လိုဏ်ဂူကြီး၏ အမိုးမျက်နှာကြက်နှင့်နံရံများ ပြင်ဆင်ခြင်း၊ လေအေးစက်အသစ်များ၊ လျှပ်စစ်မီးများ၊ ရုပ်သံစနစ်များ တပ်ဆင်ခြင်း၊ အပြင်နံရံများကိုအသံလုံ၊ အသံထိန်းပြားများဖြင့်ကာရံခြင်းများ ပြုလုပ်ခဲ့ပါသည်။ ပရိတ်သတ်မျက်နှာမူရာနံရံများကို ရွှေပိန်းချ၍ ဂူအတွင်းရှိတိုင်ကြီး(၆)တိုင်ကို ရွှေရောင်သုတ်ပြီး ကျောက်စိမ်းပြားများဖြင့်အလှဆင်ခဲ့ပါသည်။ လိုဏ်ဂူအတွင်းဗဟိုစင်မြင့်ပေါ်တွင် ပြည်သူအများ ဖူးမြော်ကြည်ညိုနိုင်ကြရန် သစ်သားပလ္လင်ပေါ်တွင် ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်တစ်ဆူ ပူဇော်ထားရှိပါသည်။ လိုဏ်ဂူကြီး၏ ပင်မဝင်ပေါက် (၂)ပေါက်ကိုလည်း ကျောက်စိမ်းတုံးများဖြင့် အလှဆင်ထားပါသည်။ သစ်တောရေးရာဝန်ကြီးဌာနနှင့် ပုဂ္ဂလိက လုပ်ငန်းရှင်များကလည်း လိုဏ်ဂူပတ်ဝန်းကျင်အား အလှဆင်ခြင်းနှင့် မြေပြင်အလှပြုပြင်ခြင်း လုပ်ငန်းများကို တာဝန်ယူခဲ့ကြပါသည်။

ညီလာခံဖြစ်မြောက်ရေးကော်မတီက ကမ္ဘာဗုဒ္ဓဘာသာခေါင်းဆောင်များထံသို့ ဖိတ်ကြားစာများ ပေးပို့ခဲ့ပါသည်။ ကမ္ဘာပေါ်ရှိဗုဒ္ဓဘာသာအဖွဲ့အစည်းများမှ ဗုဒ္ဓဘာသာခေါင်းဆောင်များနှင့် ကမ္ဘာဒေသအသီးသီးမှလေ့လာသူအများအပြားကိုလည်း ဖိတ်ကြားခဲ့ပါသည်။ ဖြစ်မြောက်ရေးကော်မတီမှ အရေးကြီးပုဂ္ဂိုလ်များနှင့်အထူးစည့်သည်တော်များအတွက် သွားလာရေး၊ စားသောက်ရေး၊ ဟိုတယ်နှင့် လေ့လာရေးစရိတ်များကျခံပေးခဲ့ပါသည်။ လေ့လာသူအများအပြားသည် မိမိတို့စရိတ်နှင့်မိမိ ကမ္ဘာဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသို့ တက်ရောက်ခဲ့ကြပါသည်။ လုပ်ငန်းကော်မတီအနေဖြင့် အထူး စည့်သည်တော်များအား နိုင်ငံအတွင်းသွားလာရေး၊ တည်းခိုနေထိုင်ရေးတို့အတွက် အကူအညီများ အတတ်နိုင်ဆုံးပေးခဲ့ပါသည်။

နိုင်ငံရပ်ခြားမှဧည့်သည်တော် များအပြင် ပြည်တွင်းမှ ဆရာတော် သံဃာတော်များ၊ ဘာသာရေးခေါင်းဆောင်များကိုလည်း ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးသို့တက်ရောက်ရန် ဖိတ်ကြားခဲ့ပါသည်။ ဖိတ်ကြားသူများထဲတွင် နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်ကြီးများ၊ သံဃဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ၊ တိပိဋကကောဝိဒနှင့် တိပိဋကဓရဆရာတော်များ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များနှင့် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ ပါမောက္ခချုပ် ဆရာတော်များ၊ ကျောင်းထိုင် ဆရာတော်များ၊ နိုင်ငံတော် သံဃာအဖွဲ့ဝင်ဆရာတော်များ၊ ဘာသာရေးအသင်းအဖွဲ့ဝင်များ၊ သာသနာရေးဆိုင်ရာဘွဲ့တံဆိပ်အပ်နှင်းခြင်းခံရသူများနှင့် လူထုလူတန်းစားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကိုလည်း ဖိတ်ကြားခဲ့ပါသည်။ ထို့ကြောင့် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကို ကြီးကျယ်ခမ်းနားစွာ ကျင်းပနိုင်ခဲ့ပြီး ကမ္ဘာတစ်ဝန်းလုံးမှ စစ်မှန်သောဗုဒ္ဓဘာသာမိတ်ဆွေများ တက်ရောက်လာခဲ့ကြသည်ကို တွေ့မြင်ရပါသည်။

၂၀၀၄–ခုနှစ်ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသည် ဗုဒ္ဓသာသနာသမိုင်းတွင် ဆဋ္ဌသင်္ဂါယနာတင်ပွဲကဲ့သို့ပင် သမိုင်းမှတ်တိုင်တစ်ခုဖြစ်လာပါလိမ့်မည်။

ဤသမိုင်းဝင်ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကို ရဟန်းသံဃာတော်ငါးသိန်းနီးပါးနှင့် ပိဋကတ်သုံးပုံအာဂုံဆောင်နိုင်သော တိပိဋကဆရာတော်(၉)ပါး သက်ရှိထင်ရှားရှိနေဆဲဖြစ်သည့် ကျွန်ုပ်တို့၏ဓမ္မမြေပေါ်တွင် ကျင်းပခဲ့ခြင်းဖြစ်ပါသည်။ နိုင်ငံတော်သံဃမဟာနာယကကော်မတီ၏ ဦးဆောင်မှုအောက်တွင် သံဃာအဖွဲ့အစည်းအဆင့်ဆင့်ကို စနစ်တကျဖွဲ့စည်းထားရှိပါသည်။ သာသနာရေး ဝန်ကြီးဌာနကလည်း ဝန်ထမ်းအင်အား(၂၀၀၀)ကျော်ဖြင့် နိုင်ငံတစ်ဝန်းလုံးရှိ သံဃာတော်များ အရေးကိစ္စများကို ဖြည့်ဆည်းဆောင်ရွက်စောင့်ရှောက်ပေးလျက်ရှိပါသည်။ ထို့အပြင် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီး ညီလာခံကြီးသို့ ထေရဝါဒဗုဒ္ဓဘာသာဝင်နိုင်ငံအချို့မှ ဝန်ကြီးချုပ်များနှင့် သံဃရာဇာ ဆရာတော်ကြီး များ တက်ရောက်လာခဲ့ကြပြီး နိုင်ငံပေါင်း(၃၈)နိုင်ငံမှ အထူးဧည့်သည်တော်များနှင့် လေ့လာသူများ တက်ရောက်ခဲ့ကြပါသည်။ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံဟူသည့်အမည်နှင့် လိုက်ဖက်စွာပင် ကမ္ဘာပေါ်ရှိတိုက်ကြီးများအားလုံးမှ သံဃကိုယ်စားလှယ်များ တက်ရောက်ခဲ့သည့် ညီလာခံကြီးလည်းဖြစ်ပါသည်။ ဤညီလာခံကြီးသည် ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံများအတွင်း မြန်မာနိုင်ငံ၏ ဗဟိုချက်အဖြစ် ရပ်တည်နေခြင်းနှင့် ကမ္ဘာ့ဗုဒ္ဓဘာသာနိုင်များ မြတ်ဗုဒ္ဓ၏ အဆုံးအမ အောက်တွင် စည်းလုံးညီညွတ်စွာရှိရေးအတွက် မြန်မာနိုင်ငံ၏ကြိုးပမ်းဆောင်ရွက်ချက်ကို ထပ်မံ အသိအမှတ်ပြု အတည်ပြုလိုက်ခြင်းပင်ဖြစ်ပါသည်။ ဤထိပ်သီးညီလာခံသည် ထာဝရမှန်ကန်နေသည့် ဗုဒ္ဓ၏အဆုံးအမများဖြင့် ကမ္ဘာ့အနှံ့ဖြစ်ပွားနေသော ရက်စက်မှု၊ အကြမ်းဖက်မှု၊ မငြိမ်မသက်ဖြစ်မှုစသည့် ပြဿနာများနှင့် တင်းမာမှုများကို လျော့နည်းသွားစေရန် ကျေးဇူးပြုမည်ဖြစ်ပါသည်။

သာသနာရေးဝန်ကြီးဌာန၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ရဟန်းသံဃာတော်ငါးသိန်းနှင့် မြန်မာပြည်သူများကိုယ်စား ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကျင်းပရေးလုပ်ငန်းကော်မတီအနေနှင့် ညီလာခံကြီး ချောချောမောမော အောင်အောင်မြင်မြင်ကျင်းပနိုင်ရန် မိမိတို့၏ အချိန်၊ ငွေကြေးနှင့် လုပ်အားဒါနပြုကြသူများအားလုံးအား ကျေးဇူးတင်ရှိပါသည်။ မြန်မာနိုင်ငံတွင်နေထိုင်ခဲ့စဉ်အတွင်း

တစ်စုံတစ်ရာလစ်ဟင်း၊ ချို့ယွင်းမှုနှင့် အဆင်မပြေမှုများရှိခဲ့ပါက သည်းခံခွင့်လွှတ်ပါရန် ဂုဏ်သရေရှိ ဧည့်သည်တော်ကြီးများအား အနူးအညွတ်တောင်းပန်အပ်ပါသည်။ ကျွန်ုပ်တို့ပြုလုပ်ခဲ့သမျှသော ကုသိုလ်အားလုံးကို သတ္တဝါအားလုံးအားအမျှပေးဝေပါကြောင်းနှင့် ချမ်းမြေ့ပျော်ရွှင်အောင်မြင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ဗိုလ်မှူးချုပ်သူရမြင့်မောင်

ဝန်ကြီး၊ သာသနာရေးဝန်ကြီးဌာန

ဥက္ကဋ္ဌ

ကမ္ဘာဇုဒ္ဓဘာသာထိပ်သီးညီလာခံ

လုပ်ငန်းကော်မတီ

# သမိုင်းဖော်ညွှန်း တည်မော်ကွန်း
## (ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ မှတ်တမ်းတင် မဂ်လာရတု)

သမိုင်းစာတင် ရွေနား‌ဆင်လော့၊ တောခွင်တောင်တန်း နိမ့်မြင့်လမ်းနှင့် ရှုခန်းဖြာဖြာ မြေပြန့်. မှာလည်း လယ်ယာထွက်ကုန် သီးနှံစုံတို့. ကုံလုံပြည့်ဝ ပေါကြွယ်လှသော မြင့်ရေကြောနှင့် အုံသြဘွယ်ရာ ရတနာတို့. နီလာပတ္တမြား စသည်အားဖြင့် စိန်လား‌တွင်းထွက် ဝင်းဝင်းလက်အောင် ပြုံးပြက်ရောင်လျှံ အုံဘွယ်ဖန်လျက် သယံဇာတ ပေါကြွယ်လှ၍ ဗုဒ္ဓသာသနာ ထွန်းထိန်ဖြာသည့် မြန်မာပြည်ဖွား လူအများတို့. ရှေးဖျားတိုင်မှ ယနေ့.ကျအောင် ကမ္ဘာ့အလယ် လွန်တင့်တယ်ခဲ့၊ အုံဘွယ်စုံညီ ရှုမအီအောင် စေတီပုထိုး အမျိုးမျိုးက တင့်တိုးသာသနာ ပြည်မြန်မာတွင် သဒ္ဓါတရား မေတ္တာအား‌တို့. ကြီးမား‌တောက်ပ သက်သေပြ၏။ ဗုဒ္ဓသာသနာ မြတ်နိုးပါသည် မြန်မာဘိုးဘွား စဉ်ဆက်အား‌ဖြင့် ဘုရားသာသနာ ကိုးကွယ်လာ၍ ကိုယ်မှာအလုပ် နှုတ်မှာအပြော မနောအကြံ ဆက်အဆံတို့. သုံးတန်ဖြူဖွေး လွန်ယဉ်ကျေးခဲ့၊ ရှေးခါဘိုးဘွား လူအများသို့. မခြား‌တူပေ ယဉ်ကျေးမွေကို ရစေလိုကြောင်း စိတ်ထား‌ကောင်းဖြင့် ခေါင်းဆောင် ရှေ့.သွား ဦးဆောင်အား‌ကြောင့် အများ‌ဝင်ပါ ခုချိန်မှာလည်း သာသနာ့ဆောက်အုံ မျိုးပေါင်းစုံတို့. ဖုံဖုံထင်ရှား ဟောင်းသစ်များနှင့် သင်ကြား‌မပြတ် ပရိယတ်စာပေ ယဉ်ကျေးမွေလည်း သင်ခြေဆင့်တန်း ပွင့်စုံလန်း၏၊ အေးချမ်းသာယာ ပြည်မြန်မာ၌ ခုခါကာလ ချိန်သမယတွင် ကမ္ဘာ့ဗုဒ္ဓဘာသာ ညီလာခံထိပ်သီး ကျင်းပပြီး သီးသီးရောက်လာ နိုင်ငံတကာမှ ဘာသာဗုဒ္ဓ မြတ်နိုးကြသည့် များလှဘိတောင်း ခေါင်းဆောင်‌ကောင်း‌တို့. ကျိုးကြောင်းဆင်ခြင် ညှိတိုင်ပင်၍ တူယှဉ်ကြိုးပမ်း ဘေးမသန်းသည့် ငြိမ်းချမ်းအေးမြ ပန်းတိုင်လှကို ရအောင်ယူမည် ကြံရွယ်ရည်သည့် ညီလာခံသဘာ ပြုချိန်ခါကား ကောဇာခေါ်ထုံး တစ်ထောင်သုံးရာ ခြောက်ဆယ်သာသည့် ခြောက်ဖြာစွန်းလစ် သက္ကရာဇ်တွင် ကောက်သစ်ရွှင်ပြုံး တန်ဆောင်မုန်းလ ထွက်ပြည့်ကျော်တက်၍ ဆယ်ရက်အပေါ် သုံးရက်ကျော်သည့် ရွှင်ပျော်ချမ်းမြေ့. ကြာသပတေး‌နေ့.ဝယ် မမေ့နိုင်စရာ ပြည်မြန်မာ၌ ညီညာဖျဖျ ကမ္ဘာ့ဗုဒ္ဓဘာသာ ညီလာခံထိပ်သီး ခမ်းနား‌ကြီး‌ကို ပြုပြီးမဆိုင်း မြန်မာ့တိုင်း‌တွင် သမိုင်းဖော်ညွှန်း ဤမော်ကွန်းသည် တည်ထွန်းကမ္ဘာတိုင်စေသော်။



သာသနာရေး‌ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင် ဖတ်ကြား‌သည်။

# အက်(စ်)အင်(နှ်) ဂိုအင်ကာ၏ မိန့်ခွန်း
# ဗုဒ္ဓဓမ္မ၏ တစ်ကမ္ဘာလုံးကို ဆွဲဆောင်မှု ကိုယ်တွေ့ဖြစ်ရပ်

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

အလေးစားထိုက်ဆုံးဖြစ်ကြတဲ့ သံဃာတော်များနှင့် ဓမ္မမိတ်ဆွေများခင်ဗျား –

ပထမဦးစွာ ကျွန်တော့်အား ကြင်နာစွာဖိတ်ကြားတဲ့ ဒီညီလာခံ စီစဉ်ကျင်းပသူများကို ကျေးဇူးတင်ကြောင်း ပြောကြားပါရစေ။ ဗုဒ္ဓမြတ်စွာရဲ့ ငြိမ်းချမ်းရေးတရားတော်ကို တစ်ကမ္ဘာလုံး ဖြန့်ချိဖို့အတွက် ဗုဒ္ဓကိုးကွယ်သူများကို စုစည်းရန် ရည်ရွယ်ချက်နဲ့ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကို ကျင်းပရာမှာ မြန်မာနိုင်ငံကို အိမ်ရှင်အဖြစ်ရွေးချယ်တဲ့ အတွက်လည်း စီစဉ်ကျင်းပသူများကို ကျွန်တော် ဝမ်းမြောက်စွာ ချီးကျူးပါတယ်။ ကျွန်တော်တို့ ပူးပေါင်းပြီး စုပေါင်းကြိုးပမ်းမှု ပြုလုပ်ခြင်းဟာ ကမ္ဘာကို လွှမ်းမိုးဖို့မဟုတ်ပါဘူး။ ကမ္ဘာကို အသုံးချဖို့လည်း မဟုတ်ပါဘူး၊ ကိုးကွယ်မှုဘာသာတစ်ခုက အခြားဘာသာ တစ်ခုထက် သာလွန်တာကို ကြွားဝါဖို့လည်း မဟုတ်ပါဘူး။ ကြီးကျယ်တဲ့ လူသားပြောင်းလဲမှုကို ကူညီရိုင်းပင်းဖို့သာဖြစ်တယ်။ အဲဒီ ပြောင်းလဲမှုက အနှောင်အဖွဲ့ဘဝက လွတ်မြောက်တဲ့ဘဝကို ကူးပြောင်းခြင်း ဖြစ်ပါတယ်၊ ရက်စက် ကြမ်းကြုတ်တဲ့ဘဝက သနားကြင်နာတတ်တဲ့ဘဝကို ကူးပြောင်းခြင်းဖြစ်ပါတယ်၊ သဘောထားကွဲလွဲကြတဲ့ဘဝက ညီညွတ်သင့်မြတ်တဲ့ ဘဝကို ကူးပြောင်းခြင်း ဖြစ်ပါတယ်၊ ဆင်းရဲငြိုငြင်တဲ့ဘဝက ချမ်းသာပျော်ရွှင်တဲ့ဘဝကို ကူးပြောင်းခြင်းဖြစ်ပါတယ်၊ ဒါဟာဗုဒ္ဓရဲ့လမ်းစဉ်ပဲ ဖြစ်ပါတယ်။ ဗုဒ္ဓဟာ ငြိမ်းချမ်းရေးနဲ့ ညီညွတ်ရေးတရားကို ဟောကြားဖြန့်ချိပါတယ်။ ဧကရာဇ်ဘုရင် အသောကမင်းကြီးက ထပ်ဆင့်ကာ ဒီတရားကို နိုင်ငံများစွာမှာ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ချိပေးခဲ့ပါတယ်။ ဒီနေ့လည်း ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံက အဲဒီလမ်းစဉ်အတိုင်း အများအတွက်အကျိုးပွားအောင် ဆောင်ရွက်နေတာကို တွေ့မြင်ရလို့ ကျွန်တော်ဝမ်းမြောက်မိပါတယ်။



အပြင်ပန်းအားဖြင့်ကြည့်ရင် ဗုဒ္ဓမြတ်စွာရဲ့ တပည့်သားများဟာ အမျိုးမျိုးကွဲပြားနေကြတယ်လို့ ထင်ရပေမယ့် ဒီကွဲပြားမှုဟာ အပေါ်ယံမျှသာ ဖြစ်ပါတယ်။ ဗုဒ္ဓဘာသာဂိုဏ်းကွဲများ အားလုံးက တူညီတဲ့ အခြေခံသဘောတရားများဖြစ်ကြတဲ့ မဂ္ဂင်ရှစ်ပါးကျင့်စဉ်ပါဝင်တဲ့ အရိယ သစ္စာလေးပါးနဲ့ အကြောင်းအကျိုးဆက်နွယ်မှုအစဉ်အတန်းဖြစ်တဲ့ **ပဋိစ္စသမုပါဒ်**တရားတို့ကို လိုက်နာကြပါတယ်။ ဒီကြိုးပမ်းမှုဟာ မြန်မာနိုင်ငံရဲ့ ထိပ်သီးညီလာခံမှာ တွန်းအားသစ်ရရှိတဲ့အတွက် ကျွန်တော် အလွန်ဝမ်းသာပါတယ်။

မြန်မာနိုင်ငံဟာ ကျွန်တော့်ရဲ့ မိခင်နိုင်ငံ ဖြစ်ပါတယ်။ ကျွန်တော်ဟာ ဒီမှာမွေးတာပါ။ ကျွန်တော်ရဲ့မိသားစုလို အချို့သောမိသားစုများမှာ မိမိမွေးဖွားတဲ့ အဆောက်အအုံရဲ့မြေကြီးမှာ

မိမိရဲ့ချက်ကြိုးကို မြုပ်နှံတဲ့အစဉ်အလာရှိပါတယ်။ ကျွန်တော်ရဲ့ချက်ကြိုးကို မြန်မာမြေထဲမှာပဲ မြုပ်နှံခဲ့ပါတယ်။ ကျွန်တော်ရဲ့အစိတ်အပိုင်းတစ်ခုဟာ မြန်မာ့မြေကြီးနဲ့အတူတကွ အစဉ်ရှိနေမှာ ဖြစ်ပါတယ်။ ကျွန်တော်ရဲ့ ကိုယ်ခန္ဓာအစိတ်အပိုင်းတစ်ခုက မြန်မာ့မြေကြီးနဲ့ တစ်ပေါင်းတည်း ဖြစ်သွားရုံမျှနဲ့ မြန်မာနိုင်ငံဟာ ကျွန်တော့်ရဲ့မိခင်နိုင်ငံ ဖြစ်လာတာမဟုတ်ပါဘူး။ မြန်မာနိုင်ငံဟာ ကျွန်တော့်ရဲ့ စိတ်ပိုင်းဆိုင်ရာ မိခင်နိုင်ငံလည်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံက ကျွန်တော့်ကို နှစ်ကြိမ် မွေးပေးခဲ့ပါတယ်။ ဒုတိယမွေးဖွားခြင်းက ပိုအရေးကြီးပါတယ်၊ ဘာကြောင့်လဲဆိုတော့ ဒီမှာ ကျွန်တော် တရားရခဲ့တဲ့အတွက်ပါဘဲ။ ငှက်တစ်ကောင်က မိခင်ရဲ့ ဝမ်းကြောတိုက်က တစ်ခါ မွေးဖွားတယ်၊ ပြီးတော့ ဥခွံကတစ်ခါ ထပ်မွေးဖွားတယ်။ အဲဒီလိုပဲ ကျွန်တော့်ကိုလည်း နှစ်ကြိမ် မွေးဖွားပါတယ်။ ကျွန်တော့်ရဲ့ မိခင်က ကျွန်တော့်ကို ပထမမွေးဖွားပါတယ်။ ဆရာကြီး ဦးဘခင်က ကျွန်တော့်ကို ဒုတိယအကြိမ် မွေးဖွားပေးပါတယ်။ ကျွန်တော်တရားရပြီး မသိမှုအဝိဇ္ဇာရဲ့ ဥခွံမှ ဖောက်ထွက်ကာ ဂိုအင်ကာအသစ် ဖြစ်လာတာဟာ ဒုတိယမွေးဖွားခြင်းပါပဲ။

ဒီနိုင်ငံဟာ အလွန်အင်အားကြီးတဲ့ ဓမ္မနိုင်ငံဖြစ်ပါတယ်။ ကျွန်တော်ဟာ ဗုဒ္ဓတရားတော်နဲ့ လုံးဝ ဆန့်ကျင်တဲ့ပတ်ဝန်းကျင်မှာ ကြီးပြင်းလာရပေမယ့် သူတော်ကောင်းတရားသို့ ဆွဲဆောင်ခြင်းကို ကျွန်တော်ခံယူရပါတယ်။ ကျွန်တော့်ရဲ့ကလေးဘဝနဲ့ လူကြီးဘဝ ရှေ့ပိုင်းတစ်လျှောက်လုံးမှာ ကျွန်တော် ထပ်ခါထပ်ခါ နာခံယူရတဲ့ အဆုံးအမကတော့ "ဗုဒ္ဓကို ကိုးကွယ်ချင်ကိုးကွယ်ပါ။ ဒါပေမယ့် သူရဲ့ ဟောပြောချက်က ဝေးဝေးရှောင်ပါ။ ဗုဒ္ဓရဲ့ဟောပြောချက်တွေဟာ ငရဲကိုပို့ဆောင်မယ့် လှည့်စားချက်တွေပဲ" တဲ့။

ဒီလိုရေရေရာရာနားမလည်ဘဲ မတရားမှန်းဆပြီး လေးလေးနက်နက် စွပ်စွဲပြောဆိုချက်တွေကို ဆန့်ကျင်ပြီး သူတော်ကောင်းတရားဆီကို ကျွန်တော်ဘယ်လိုရောက်လာသလဲ။ ဘယ်အရာက ကျွန်တော့်ကို ဗုဒ္ဓဓမ္မဆီကို ဆွဲငင်လိုက်ပါသလဲ။

ဆရာကြီးဦးဘခင်နဲ့ ပထမအကြိမ် ကျွန်တော်တွေ့ဆုံရတာကို ကျွန်တော်မှတ်မိပါတယ်။ ကျွန်တော်ဟာ ကျွန်တော်ရဲ့ယုံကြည်ချက်တွေကို အင်မတန်စွဲလန်းပါတယ်။ ဗုဒ္ဓတရားတော်အပေါ် မှာ ကျွန်တော်ရဲ့ ယုံမှားသံသယတွေ အများကြီးရှိပါတယ်။ ကျွန်တော်ဟာ ဒေသခံ အိန္ဒိယ-ဟိန္ဒူ အဖွဲ့အစည်းရဲ့ ခေါင်းဆောင်ဖြစ်တာကို ဆရာကြီးကသိပါတယ်။ သူကျွန်တော့်ကိုမေးတယ် - "မင်းတို့ ဟိန္ဒူတွေဟာ ကိုယ်ကျင့်တရားကောင်းတဲ့ဘဝ သီလကို ကန့်ကွက်စရာရှိသလား။ စိတ်ကို ကောင်းကောင်း ထိန်းချုပ်နိုင်တဲ့ သမာဓိကို ကန့်ကွက်စရာရှိသလား။ စိတ်ကိုဖြူစင်စေနိုင်တဲ့ ပညာကို ကန့်ကွက်စရာ ရှိသလား" တဲ့။ ကျွန်တော်ဘယ်လိုကန့်ကွက်ရပါ့မလဲ၊ ဘယ်ပုဂ္ဂိုလ်တစ်စုံ တစ်ယောက်က ကန့်ကွက်နိုင်ပါ့မလဲ။

ဆရာကြီးက ဆက်ပြောတယ်- "ကောင်းပြီ၊ ဗုဒ္ဓသင်ပြပေးတာ ဒါပါပဲ။ ငါစိတ်ဝင်စားတာလည်း ဒါပါပဲ၊ မင်းကိုငါသင်ပြပေးမှာကလည်း ဒါပါပဲ" တဲ့။

တစ်စုံတစ်ယောက်သောသူက ဘယ်လိုလုပ်ပြီး သီလ ၊ သမာဓိ၊ ပညာကို ကန့်ကွက်နိုင်ပါ့မလဲ။ နှစ်ပေါင်းများစွာကြာလို့ ကွဲပြားတဲ့ ဘာသာရေးနောက်ခံအမျိုးမျိုးက လာကြတဲ့လူတွေကို ကျွန်တော် ဓမ္မစာ စသင်ပေးတဲ့အခါ ဆရာကြီးသုံးတဲ့နည်းအတိုင်းပဲ သူတို့ကိုဓမ္မအကြောင်း ရှင်းပြတယ်။

ဆရာကြီးရဲ့ဓမ္မကို အဓိပ္ပာယ်ဖွင့်ဆိုချက်ဟာ လူအားလုံးလက်ခံနိုင်တဲ့ ဖွင့်ဆိုချက်ဖြစ်တယ်။ ဂိုဏ်းဂဏခွဲခြားမှုမရှိဘူး။ သူဟာ ကျွန်တော် ဗုဒ္ဓဘာသာကူးပြောင်းလာဖို့ကို စိတ်မဝင်စားဘူး။ သူပြောလေ့

ရှိတဲ့စကားက "ငါ့အဖို့တော့ လူတစ်ယောက်က သီလ၊ သမာဓိ၊ ပညာကို လက်ခံ ကျင့်သုံးမယ်ဆိုရင် လက်တွေ့ကိစ္စအားလုံးအတွက် သူဟာ ဗုဒ္ဓဘာသာဝင်တစ်ယောက်ပဲ" တဲ့။ တကယ်လို့ ဗုဒ္ဓဘာသာဝင် တစ်ယောက်က သီလ၊ သမာဓိ၊ ပညာကို မကျင့်သုံးဘူးဆိုရင် သူ့အတွက် ကျွန်တော် ဝမ်းနည်းပါတယ်။

ကျွန်တော့်ရဲ့ ပထမဝိပဿနာသင်တန်းက ကျွန်တော့်ကို ဗုဒ္ဓတရားတော်နဲ့ မိတ်ဆက်ပေးပါတယ်။ ပြီးတော့ ကျွန်တော့်ရဲ့ဘဝကို ထာဝရပြောင်းလဲပေးလိုက်ပါတယ်။ ဗုဒ္ဓရဲ့ အကြောင်းအကျိုး ညီညွတ်ပြီး လက်တွေ့ကျတဲ့၊ အဓိပ္ပါယ်ရှိပြီး စစ်မှန်တဲ့၊ တစ်ကမ္ဘာလုံးက လက်ခံနိုင်တဲ့ ဂိုဏ်းဂဏ ခွဲခြားမှုမရှိတဲ့ တရားတော်တွေဟာ ကျွန်တော့်ကို သံလိုက်ကြိုးလို ဆွဲငင်ပါတယ်၊ တရားတော်မှာ ကန့်ကွက်စရာ ဘာမှ မပါဘူး။ ကိလေသာတွေကို ပယ်သတ်ဖို့နဲ့ စိတ်ကိုဖြူစင်စေဖို့အကြောင်းတွေကို ကျွန်တော် ကြားနာနေခဲ့ရတယ်။ ပြောဆိုနေခဲ့ရတယ်။ ခံစားမှုတွေကို ကျွန်တော်စတင်ရှုမှတ်တဲ့အခါ အစပိုင်းမှာ ယုံမှားသံသယ ရှိခဲ့ပါတယ်။ ဒါက ငါ့ကိုဘယ်လိုကူညီမလဲ။ ဒါပေမယ့် မကြာခင်မှာ ခံစားမှုတွေကို ရှုမှတ်ခြင်းဟာ ပြဿနာရဲ့ အရင်းအမြစ်မှာ အလုပ်လုပ်နေတာပဲဆိုတာကို ကျွန်တော်သိနားလည်လာတယ်။ ကျွန်တော်ဟာ အမှန်တကယ်ပဲ လုံးဝလွတ်မြောက်ခြင်းပန်းတိုင်ဆီကို လျှောက်လှမ်းနေတာပါလား။

ကျွန်တော့်ကို ဆရာကြီးသင်ပေးသမျှဟာ ကြည်ညိုလေးမြတ်မှုကို ပျိုးထောင်ပေးရုံသာ မဟုတ်ပါဘူး၊ဆင်ခြင်ဉာဏ်ကို ကျေနပ်စေရုံသာလည်းမဟုတ်ဘူး၊ ကြည်ညိုလေးမြတ်မှုနဲ့ ဆင်ခြင်ဉာဏ် နှစ်မျိုးလုံးဟာ အရေးကြီးပါတယ်။ သူဟာ ကျွန်တော့်ကို အမှန်တရားကို ကိုယ်တွေ့ခံစားနိုင်တဲ့အထိ သိနိုင်အောင် နည်းလမ်းညွှန်ပြပေးပါတယ်။ ကျွန်တော့်ကို လက်ခံယုံကြည်စေတဲ့ လက်ငင်းချက်ချင်း အဖြေရလဒ်တွေကို ပေးတဲ့အချက်က ခန္ဓာကိုယ်ခံစားမှုများကတစ်ဆင့် အမှန်တရားကို ကြုံတွေ့ရခြင်း ဖြစ်ပါတယ်။ ဗုဒ္ဓရဲ့တရားတော်က **အကာလိကော** အခါမလပ် ချက်ချင်း အကျိုးပေးပါတယ်။

ဒီဓမ္မမြေပေါ်မှာ ကျွန်တော့်ကိုမွေးဖွားတာ အလွန်ကံကောင်းတယ်လို့ ကျွန်တော် ခံစားမိပါတယ်။ ဆရာကြီးဦးဘခင်နဲ့ ဆုံတွေ့ရတာလည်း ကျွန်တော်အင်မတန်ကံကောင်းတယ်လို့ ခံစားမိပါတယ်။ ဒီပုဂ္ဂိုလ်မှာ အင်မတန်သန့်ရှင်းစင်ကြယ်တဲ့ နည်းပညာရှိတယ်။ ဆရာကြီးဟာ တစ်စုံတစ်ရာရရှိလိမ့်မယ်လို့ မျှော်လင့်ချက်မထားဘဲ အကြင်နာတရားမြောက်များစွာနဲ့ သင်ကြားပြသပေးတဲ့ ပုဂ္ဂိုလ်မြတ်တစ်ဦး ဖြစ်ပါတယ်။

အခု အဲဒီသင်ပြမှုဟာ တစ်ကမ္ဘာလုံးက လူတွေကို ဆွဲဆောင်နေပါတယ်။ ဝိပဿနာ သင်တန်းတွေကို နိုင်ငံ(၇၀)လောက်မှာ ကျင်းပခဲ့ပြီး နိုင်ငံ(၁၃၀)ကျော်က လူတွေဟာ ဒီသင်တန်းမှာ ပါဝင်ရှုမှားခဲ့ကြပါတယ်။ ဗုဒ္ဓဓမ္မက ဘာကြောင့်တစ်ကမ္ဘာလုံးကလူတွေကို ဆွဲဆောင်နိုင်စွမ်းရှိရသလဲ။

သဗ္ဗညုတဉာဏ်ရှင် မြတ်ဗုဒ္ဓရဲ့တရားတော်ဟာ အလွန်ရိုးရှင်းပါတယ်။ ဒါပေမယ့် အလွန် နက်ရှိုင်းတယ်။ သိပ်နက်ရှိုင်းတယ်။ သူဟာ သူ့ရဲ့တရားတော်ကို စကားလုံးအနည်းငယ်နဲ့ ရှင်းပြခဲ့ပါတယ်။

သဗ္ဗပါပဿ အကရဏံ၊
ကုသလဿ ဥပသမ္ပဒါ၊
သစိတ္တပရိယောဒပနံ၊
ဧတံ ဗုဒ္ဓါန သာသနံ။

**စတဲ့ ဗုဒ္ဓါန သာသနံ**။ ဒါဟာဘုရားရှင်အားလုံးတို့ရဲ့ သင်ပြချက်ပါပဲ။ ဂေါတမဗုဒ္ဓတစ်ဆူသာ မဟုတ်ပါဘူး။ သမ္မာသမ္ဗုဒ္ဓအဖြစ်သို့ရောက်ရှိတဲ့ပုဂ္ဂိုလ်တိုင်းဟာ ဒီသုံးချက်ကလွဲရင် အခြားဘာကိုမှ မဟောပါဘူး။ **သဗ္ဗပါပဿ အကရဏံ**။ မကောင်းမှုအားလုံး၊ ယုတ်မာတဲ့ အပြုအမူအားလုံး၊ အပြစ်ရှိတဲ့ အပြုအမူအားလုံးကို ရှောင်ကြဉ်ပါ။ **ကုသလဿ ဥပသမ္ပဒါ**။ ကောင်းမှုအားလုံး အပြစ်ကင်းတဲ့ အပြုအမူအားလုံးကိုလုပ်ဆောင်ပါ။**သစိတ္တပရိယောဒပနံ**၊ စိတ်ကိုဖြူစင်အောင်ထားပါ။ လုံးဝဖြူစင်သွားတဲ့အထိ ကြိုးစားအားထုတ်ပါ။ ဒါ–အကုန်ပဲ။ သိပ်ရှင်းတယ်၊ သို့ပါသော်လည်း သိပ်နက်ရှိုင်းတယ်၊ သိပ်အမြော်အမြင် ရှိတယ်။ အပေါ်ယံလွှာမှာ အလွန်ရိုးရှင်းတယ်လို့ ထင်ရတယ်။ ဘာသာတရားလို့ အမည်ခံထားတဲ့ ဘယ်ဘာသာတရားမဆို အပြစ်ရှိတဲ့ ပြုလုပ်ခြင်းများကို ရှောင်ကြဉ်ပါလို့ပြောလိမ့်မယ်။ ဘာသာတရားတိုင်းက ကောင်းတဲ့ ပြုလုပ်ချက်များကို ပြုလုပ်ပါလို့ ပြောလိမ့်မယ်။ ဘာသာတရားတိုင်းက သင့်ရဲ့စိတ်ကို ဖြူစင်အောင်လုပ်ပါလို့ ပြောလိမ့်မယ်။ ဒီလိုဆိုရင် ဗုဒ္ဓရဲ့အတုမဲ့ထူးခြားချက်ကဘာလဲ။ ကျွန်ုပ်တို့နားလည်အောင် ဆန်းစစ်ကြည့်ပါ။

အကယ်၍ တရားဟောပြောတာလောက်ကိုသာ ဆန်းစစ်မယ်ဆိုရင် ဗုဒ္ဓမြတ်စွာဟာ အခြားဘာသာရေးဆရာတို့နဲ့ တူညီတဲ့အဆင့်မှာ ရပ်တည်နေလိမ့်မယ်။ ဒါပေမယ့် ဗုဒ္ဓက တရားဟောရုံမျှသာ မဟုတ်ဘူး။ သူဟာ ကျွန်တော်တို့ကို နည်းလမ်းပေးတယ်။ နည်းပညာပေးတယ် ကျင့်စဉ်ကိုပေးတယ်။ ဒီကျင့်စဉ်နဲ့ ဓမ္မနဲ့ညီညွတ်တဲ့ဘဝကို နေထိုင်တတ်အောင် တရားတော်များကို အတိအကျရုပ်လုံးဖော်ပေးတယ်။

ကိုယ်ကျင့်တရားနဲ့ညီညွတ်တဲ့ဘဝကို နေထိုင်ဖို့ဆိုတာ လူအားလုံးကအသိဉာဏ်အဆင့်မှာ လက်ခံနိုင်ပါတယ်။ ဟုတ်ကဲ့၊ ကျွန်တော် ကိုယ်ကျင့်တရားကောင်းတဲ့ဘဝနဲ့နေထိုင်ရမယ်။ ဒါကို ကျွန်တော်လက်ခံတယ်လို့ပြောလိမ့်မယ်။ ဒါမှမဟုတ်ရင် ကြည်ညိုလေးမြတ်တဲ့အဆင့်မှာ လက်ခံနိုင်ပါတယ်၊ ဘာကြောင့်လဲဆိုတော့ ဗုဒ္ဓညွှန်ကြားထားလို့ပဲ၊ ဒါမှမဟုတ် ဒီဘာသာ ဟိုဘာသာကို တည်ထောင်တဲ့ ပုဂ္ဂိုလ်တို့ကပြောဆိုထားလို့ပဲ "ငါဟာဒီဂိုဏ်းကလူပဲ၊ ဟိုဘာသာဝင် တစ်ယောက်ပဲ၊ ဟိုအစဉ်အလာကလူပဲ၊ ဒါကြောင့် ငါဟာ ကိုယ်ကျင့်တရားရှိတဲ့ဘဝနဲ့ နေထိုင် ရမယ်"လို့ ပြောလိမ့်မယ်။

လူတစ်ယောက်ဟာ ကိုယ်ကျင့်တရားကောင်းဖို့ကို ကြည်ညိုလေးမြတ်တဲ့ အဆင့်မှာလည်း လက်ခံတယ်၊ အသိဉာဏ်နဲ့ ထိုးထွင်းသိတဲ့အဆင့်မှာလည်း လက်ခံတယ်။ "ငါဟာအပြစ်ကင်းတဲ့အလုပ်တွေကိုလုပ်ရမယ်၊ ကောင်းတဲ့အလုပ်တွေကိုလုပ်ရမယ်၊ ငါ့စိတ်ကိုဖြူစင်စေရမယ်" ဆိုတာကို လက်ခံတယ်။

ဒါပေမယ့် တကယ့်လက်တွေ့အဆင့်မှာ ကိုယ်တွေ့အဆင့်မှာ လက်ခံဖို့ဆိုတာ သိပ်ခဲယဉ်း တယ် ကိုယ်တွေ့အဆင့်ကလစ်လပ်နေတယ်။ ဒီအဆင့်လစ်လပ်နေရင် အားလုံး လစ်လပ်သွားလိမ့်မယ်။ တစ်စုံတစ်ယောက်သောသူက ဗုဒ္ဓဖြစ်လာတယ်။ သူကဓမ္မကို ကိုယ်တွေ့အဆင့်နဲ့ ဟောကြားတယ်။

မကောင်းမှုတွေကို ရှောင်ကြဉ်ပါ၊ ဘယ်လို ရှောင်ကြဉ်ရမလဲ၊ ကောင်းမှုတွေကို ပြုလုပ်ပါ၊ ကောင်းမှုတွေကို ဘယ်လိုပြုလုပ်ရမလဲ။ စိတ်ကိုဖြူစင်အောင်ထားပါ၊ စိတ်ကိုလုံးဝဖြူစင်သွားအောင် ဘယ်လိုလုပ်ရမလဲ။ ဒီနေရာမှာ ဗုဒ္ဓမြတ်စွာက လူသားတို့ကို အတုမရှိတဲ့ ပံ့ပိုးကူညီမှုကို ပေးဆောင်ပါတယ်။ စိတ်ကို လုံးဝဖြူစင်စေနိုင်တဲ့ နည်းလမ်းကို သူရှာဖွေတွေ့ရှိပြီး နည်းလမ်းညွှန်ပြပေးတယ်။

ကဲ့ သီလလို့ ကျွန်တော်တို့ခေါ်တဲ့ အပိုင်းက အပြစ်ရှိတဲ့ အပြုအမူတွေကို ရှောင်ကြဉ်ခြင်း ဖြစ်ပါတယ်။ အချို့သော ဘာသာရေးဆရာတွေက လူတွေကို ပြောပေါတယ်။ အပြစ်ရှိတဲ့ အပြုအမူတွေကို လုပ်ဆောင်ရင် ငရဲပြည်သို့သွားကြရမယ်။ ဟုတ်ကဲ့ ဒါမှန်ပါတယ်။ ဒါပေမယ့် ဒါကို ရယ်မောပြီး ပျက်ရယ်ပြုတဲ့လူတွေများစွာရှိပါတယ်။ "နောက်ဘဝအတွက် ဘယ်သူက ဂရုစိုက်ရမှာလဲ၊ ငရဲဆိုတာ ဘယ်မှာလဲ၊ ကောင်းကင်ဘုံဆိုတာဘယ်မှာလဲ၊ ဒီဘဝမှာပျော်ပျော်နေရရင် ငါ့အဖို့ကောင်းတယ်။ ငါကျေနပ်ပြီ" လို့ပြောတယ်။

ပြီးတော့ တခြားဆင်ခြေကို ပေးကြတယ်။ လူဆိုတာ ပေါင်းသင်းဆက်ဆံတတ်တဲ့သတ္တဝါဖြစ်တယ်။ လူဆိုတာ လူ့အဖွဲ့အစည်းမှာနေထိုင်ရတယ်။ မိသားစုဝင်များနဲ့အတူနေထိုင်ရတယ်။ အခြားလူများနဲ့ အတူနေထိုင်ရတယ်။ ရသေ့ ရဟန်း သီလရှင်တောင်မှ လူ့အဖွဲ့အစည်းဝင်တွေနဲ့ ဆက်ဆံထိတွေ့ရတယ်။ လူ့အဖွဲ့အစည်းရဲ့ ညီညွတ်မှု ငြိမ်းချမ်းမှုကိုပျက်ပြားစေတဲ့ အပြုအမူတစ်ခုကို လူတစ်ယောက်က ပြုလုပ်မယ်ဆိုရင် မိမိသန္တာန်မှာ ငြိမ်းချမ်းမှုနဲ့ညီညွတ်မှုကို ဘယ်လို ရနိုင်တော့မှာလဲ၊ ဟုတ်တယ်။ လူတစ်ယောက်က ဉာဏ်ပညာနဲ့တွေးခေါ်ဆင်ခြင်ပြီး နားလည်လာတယ်။ "ငါ့ပတ်ဝန်းကျင်မှာ ငါမိုးမွှေးရင် ဒီမိုးတွေရဲ့အပူဒဏ်ကို ငါခံရလိမ့်မယ်။ ငါက ပတ်ပတ်လည်မှာ မိုးလောင်စေတဲ့အတွက် ဒီမိုးအပူဒဏ်ကို ငါခံစားရလိမ့်မယ်"။

ဒါတင်မကသေးဘူး။ နောက်ရှင်းလင်းချက်တစ်ခုရှိသေးတယ် ကလေးတွေကိုမကြာခဏ ရှင်းပြချက်ပေါ့။

"တစ်စုံတစ်ယောက်က မင်းကိုလာသတ်မယ်၊ ဒါမှမဟုတ် လာရိုက်မယ်ဆိုရင် မင်းကြိုက်မလား"

"ဟင့်အင်း၊ ကျွန်တော်မကြိုက်ဘူး"

"ဒါဆိုရင် မင်းက တစ်စုံတစ်ယောက်ကိုရိုက်မယ် သတ်မယ်ဆိုရင်လည်း သူကကြိုက်ပါ့မလား"

"ဟင့်အင်း၊ ဟိုလူလဲကြိုက်မှာမဟုတ်ဘူး"

"ဒါဆိုရင် သူများကမင်းကိုလုပ်ရင် မင်းမကြိုက်တာကို သူများကိုလည်း မင်းမလုပ်သင့်ဘူး"

"ဟုတ်ကဲ့၊ ကျွန်တော်မသတ်ထိုက်ဘူး၊ ခင်ဗျားပြောတာမှန်တယ်"

ကိုယ်ကျင့်သိက္ခာပုဒ်အားလုံးအတွက် အလားတူအကြောင်းပြချက်တွေကို တင်ပြကြတယ်။

ပဋ္ဌသီလရဲ့ ကျင့်ဝတ်ငါးပါးလုံးကို ယုတ္တိဗေဒအဆင့်မှာရော ဆင်ခြင်တုံတရားအဆင့်မှာရော ဉာဏ်ပညာအဆင့်မှာရော ကောင်းကောင်းလက်ခံနိုင်ပါတယ်။ ဒါပေမယ့် လူတွေက သီလ ဆောက်တည်တဲ့ ဘဝနဲ့မနေထိုင်ကြဘူး။ "ငါဟာ သီလဆောက်တည်တဲ့ဘဝနဲ့နေထိုင်သွားရမယ်။ သီလဟာ ငါ့အတွက် သိပ်အရေးကြီးတယ်။ သီလဆောက်တည်တဲ့ ဘဝဟာ ငါ့အတွက် သိပ်ကောင်းတယ်။ သူများအတွက်လည်း သိပ်ကောင်းတယ်" လို့ နားလည်ကြတဲ့ လူတွေတောင် သီလ မဆောက်တည်ကြဘူး။ ဘာ့ကြောင့်လဲ။ ဗုဒ္ဓမြတ်စွာက ဒါကို မှန်မှန်ကန်ကန်နားလည်တယ်။ ဘာ့ကြောင့်လဲ။ လူတွေက စိတ်ကိုမထိန်းနိုင်ကြလို့ပါပဲ။ လူတွေဟာ မိမိစိတ်ရဲ့ အရှင်သခင် မဟုတ်ကြဘူး။

အရက်စွဲနေတဲ့လူတစ်ယောက်ဟာ "ငါအရက်မသောက်သင့်ဘူး၊ အရက်ဟာ ငါ့အတွက် မကောင်းဘူး" လို့ ကောင်းကောင်းကြီးသိတယ်၊ ဒါပေမယ့် အချိန်ရောက်လာတဲ့အခါ သူအရှုံးပေးရတယ်။

သူ့ကိုယ်သူ မထိန်းနိုင်ဘူး။ "လောင်းကစားတာ ငါ့အတွက် မကောင်းဘူး"လို့ အပြည့်အဝ ကောင်းကောင်းနားလည်တယ်။ ဒါပေမယ့် အချိန်ရောက်လာတဲ့အခါ သူထလောင်းကစားတော့တာပဲ။ မကောင်းမှုတွေဟာ မိမိအတွက်မကောင်းဘူးဆိုတာကို အပြည့်အဝ ကောင်းကောင်းသိပါလျက်နဲ့ လူတွေဟာ ဒီမကောင်းမှုတွေကိုဆက်လုပ်နေကြတယ်။ ဒါက ကိုယ့်စိတ်ကို မထိန်းချုပ်နိုင်လို့ပါပဲ။ လူတွေဟာ မိမိတို့ရဲ့ မကောင်းတဲ့အကျင့်စရိုက်ရဲ့ ကျေးကျွန်တွေဖြစ်သွားကြတယ်။

ဒါကြောင့်မြတ်ဗုဒ္ဓက "**သမာဓိ**" ဆိုတဲ့ သူ့ရဲ့ဓမ္မဒုတိယပိုင်းကို ဆက်ဟောတယ်။ စိတ်ကို ထိန်းချုပ်နိုင်ဖို့ပဲ။ ဒီမှာလည်း မြတ်ဗုဒ္ဓရဲ့သမာဓိဟာ အခြားဆရာများသင်ကြားတဲ့ သမာဓိနဲ့ မတူဘူး။ သူက **သမ္မာသမာဓိ** ကိုသင်ပြပေးတယ်။

ကောင်းပြီ လူတစ်ယောက်က သမာဓိကို ကျင့်ကြံအားထုတ်ပြီးပြီ၊ စိတ်ကိုလည်း ထိန်းချုပ်နိုင်ပြီ။ သီလဆောက်တည်တဲ့ဘဝနဲ့လည်း နေထိုင်နေပြီ၊ အခြားသတ္တဝါများရဲ့ ငြိမ်းချမ်းမှုနဲ့ ညီညွတ်မှုကို ထိခိုက်စေမယ့် မကောင်းတဲ့အပြုအမူကိုလည်း မပြုလုပ်ဘူး။ သူက **သမာဓိ**ကို ထူထောင်ပြီးပြီ။ ဒါပေမယ့် စိတ်ရဲ့ နက်ရှိုင်းတဲ့အလွှာမှာ **အနုသယကိလေသာ** (စိတ်ရဲ့ အနက်ရှိုင်းဆုံးအလွှာမှာ အိပ်ပျော်နေတဲ့ အညစ်အကြေး မီးတောင်များ) ဖြစ်တဲ့ အညစ်အကြေးများရှိနေရင် ဒီအိပ်ပျော်နေတဲ့ မီးတောင်တစ်ခုခုကဘယ်တော့ပေါက်ကွဲမယ်ဆိုတာကို သူမသိဘူး ဒီအညစ်အကြေးရဲ့ လွှမ်းမိုးမှုအောက်ကို သူရောက်သွားပြီး၊ မှားယွင်းတဲ့ဘဝနဲ့သူဆက်လက် နေထိုင်သွားလိမ့်မယ်။

ဘုရားအလောင်းဂေါတမက ဒါကိုနားလည်သဘောပေါက်တယ်။ သူက **လောကီဈာန်** ရှစ်ပါးလုံးကို ထူထောင်တယ်။ ဒီ**ဈာန်တရား**များကို ကျွမ်းကျင်နိုင်နင်းအောင် လေ့ကျင့်ပြီးတဲ့ အခါမှာလည်း စိတ်ရဲ့ အနက်ရှိုင်းဆုံးအလွှာမှာရှိတဲ့ အညစ်အကြေးများဟာ အမြစ်မပြတ်သေးဘူး ဆိုတာကို သူနားလည်တယ်။ ဒီနက်ရှိုင်းစွာအမြစ်တွယ်နေတဲ့ **အနုသယကိလေသာ**များကို အမြစ်ပြတ် မပယ်သတ်နိုင်ဘူးဆိုရင် လူတစ်ယောက်ဟာ လွတ်မြောက်ပြီးသူ မဖြစ်နိုင်ဘူး။

ဒါကြောင့်ဘုရားအလောင်းတော်က တတိယပိုင်းဖြစ်တဲ့ **ပညာ**၊ ဝိဇ္ဇာဉာဏ်၊ ထိုးထွင်းသိတဲ့ဉာဏ်၊ အနက်ရှိုင်းဆုံးအဆင့်မှာ စိတ်ကိုဖြူစင်စေခြင်းတို့အတွက် ဆက်လက် အားထုတ်တယ်။ **အိန္ဒိယနိုင်ငံ**ရဲ့ စိတ်ပိုင်းဆိုင်ရာရောင်စဉ်များနဲ့ ပြည့်လျှမ်းနေတဲ့ ပန်းချီကားချပ်ကြီး ကျွန်တော်တို့မှာရှိတယ်။ အလွန်များပြားတဲ့ဘာသာရေးဆရာတို့ကတူညီတဲ့ အကြောင်းအရာ တစ်ခုတည်းကိုကြည်ညာနေကြတာကို ကျွန်တော်တို့မြင်တွေ့ကြရတယ်။ အဲဒီအကြောင်းကတော့ "**တဏှာ** ကွန်ယက်မှထွက်လာပါ၊ **ဒေါသ** နယ်ပယ်မှထွက်လာပါ၊ ကာမဂုဏ်အာရုံများနဲ့ ပတ်သတ်ပြီး လိုချင်မက်မောခြင်းတဏှာနဲ့ မနှစ်သက်မှု **ဒေါသ**တို့ရဲ့အလိုကို မလိုက်ပါနဲ့" ဆိုတာပဲ ဖြစ်တယ်။

ဒါပေမယ့် ဒီအကြောင်းအရာကို ကျွန်တော်တို့ ပိုပြီးနက်နက်နဲနဲ လေ့လာတဲ့အခါ ဗုဒ္ဓရဲ့ပါဝင်လုပ်ဆောင်မှုက အတုမဲ့ထူးခြားတာကို တွေ့ရပါတယ်။ ဗုဒ္ဓမြတ်စွာရောက်ရှိခဲ့တဲ့ နက်ရှိုင်းတဲ့အလွှာအထိ အခြားဘယ်ဆရာကမှ မရောက်ရှိခဲ့ဘူး။ သူညွှန်ပြပေးတဲ့ လမ်းစဉ်က လူတိုင်းကို အဲဒီနက်ရှိုင်းတဲ့အလွှာကို ရောက်အောင် ပို့ဆောင်ပေးပါတယ်။

လူတစ်ယောက်ဟာ မိမိရဲ့စိတ်ကို အပြင်ပန်းအဆင့်လောက်ဖြူစင်စေနိုင်တယ်။ အနည်းငယ်ပိုနက်ရှိုင်းတဲ့ အဆင့်ထိလည်း မိမိစိတ်ကိုဖြူစင်စေနိုင်တယ်။ ဒါပေမယ့် စိတ်ကိုအနက်ရှိုင်းဆုံး အဆင့်အထိ အရင်းအမြစ်အထိ ဖြူစင်စေဖို့ဆိုတာကတော့ လစ်ဟင်းနေတယ်။ ဗုဒ္ဓက **အနုသယကိလေသာ**

အားလုံးကို ဘယ်လိုရှင်းလင်းသုတ်သင်ရမယ်ဆိုတာကို စတင်တွေ့ရှိခဲ့တယ်။ အညစ်အကြေးများရဲ့ အမြစ်များကို ဆွဲနှုတ်ဖယ်ရှားပစ်ရမယ်။ **ပဋိစ္စသမုပ္ပါဒ်**တရားတော်မှာ ရှင်းပြထားသလို စိတ်မှာ **သစ်္ခါရတရား**တွေ ကိန်းအောင်းနေသမျှကာလပတ်လုံး တဏှာ **ဥပါဒါန်**နဲ့ **ဘဝ**တို့လိုက်လာတယ်။ တစ်ဘဝပြီးတစ်ဘဝဆက်ဖြစ်မယ်။ ဝဋ်ဆင်းရဲမှာ လူးလိမ့်နေရမယ်။ ဝဋ်ဆင်းရဲမှာနစ်မျောနေရမယ်။ ဝဋ်ဆင်းရဲက ရုန်းထွက်လာနိုင်မှာမဟုတ်ဘူး။ အလွန်မြင့်မားတဲ့ဘုံများမှာ ဗြဟ္မာဘုံများမှာ **ဘဝသစ်**တွေ ဖြစ်နိုင်တယ်။ **ရူပဗြဟ္မာလောက**နဲ့ **အရူပဗြဟ္မာလောက**တို့မှာ ဘဝတွေဖြစ်နိုင်တယ်။ ဒါပေမဲ့ ဆင်းရဲနယ်ထဲမှာပဲ နေထိုင်နေရသေးတယ်။

**အနုသယကိလေသာ**များဟာ ဘဝရဲ့မျိုးစေ့များဖြစ်ကြတယ်။ **ဒီသစ်္ခါရတရား**တွေဟာ ဘဝ တစ်ခုပြီး တစ်ခုဖြစ်ပေါ်စေတယ်။ **တစ်ဘဝပြီး တစ်ဘဝဆက်ဖြစ်စေတယ်**။ **အနုသယကိလေသာ**တွေကို အမြစ်ပြတ်အောင် မပယ်သတ်နိုင်သမျှကာလပတ်လုံး ဆင်းရဲတွင်းက မရုန်းထွက်နိုင်ဘူး။

ဒါကို ဗုဒ္ဓက **ပရိပုဏ္ဏော် ကေဝလပရိပုဏ္ဏော်** လို့မိန့်ဆိုတယ်။ အခြားဘယ်အရာကိုမျှ ထပ်ဖြည့်စွက် စရာမလိုဘူး ဓမ္မအားလုံးဟာ အဲဒီအထဲမှာပါဝင်တယ်။ ဘယ်အရာမှ လစ်ဟင်းတာ မရှိဘူး။ **ဒီသုံးခု– သီလ၊ သမာဓိ၊ ပညာထဲမှာ ဘာမှလစ်ဟင်းတာမရှိဘူး။ ကေဝလပရိပုဏ္ဏော် နဲ့ ပရိသုဒ္ဓေ** အလွန်အလွန် ဖြူစင်လွန်းလို့ ဘာမှဖယ်ရှားဖို့မလိုဘူး၊ ဘယ်အရာကိုမှ ဖယ်ထုတ်ပစ်ဖို့ မလိုဘူး၊ ဘယ်အရာကိုမှလည်း ထပ်ထည့်ဖို့မလိုဘူး။ သိပ်ကိုပြည့်စုံပါတယ်၊ **ကေဝလပရိပုဏ္ဏော် ပရိသုဒ္ဓေ**။

အခုအခါ ဗုဒ္ဓရဲ့နည်းပညာဖြစ်တဲ့ **ဝိပဿနာ**ဟာ ကမ္ဘာကိုလွှမ်းပတ်သွားနေတာကို ကျွန်တော်တို့တွေ့ရတယ်။ ပညာရှိတွေ၊ သိပ္ပံပညာရှင်တွေ၊ အင်ဂျင်နီယာတွေ၊ ဆရာဝန်တွေ၊ စိတ်ပညာရှင်တွေ –သူတို့က **ဝိပဿနာ**ကိုသင်ယူတယ်။ကိုယ်တိုင်ခံစားကြရတယ်။ ကွဲပြားကြတဲ့ ကိုဏ်းဂဏတွေက လူတွေ **ဒီဝိပဿနာ**သင်တန်းဆီလာကြတယ်။ ဟိန္ဒူတွေ၊ မူဆလင်တွေ၊ ခရစ်ယာန်တွေ၊ ဂျိန်းတွေ၊ ဂျူးတွေ၊ ပါစီတွေ၊ ဆစ်ခ်တွေ စသည်တို့နဲ့ ဗုဒ္ဓဘာသာဝင်တွေပေါ့။ အစဉ်အလာအားဖြင့် ဗုဒ္ဓမြတ်စွာကို ဆန့်ကျင် ကြတဲ့ လူ့အဖွဲ့အစည်းတွေထဲကလူတွေတောင် **ဒီဝိပဿနာ**သင်တန်းဆီ လာရောက်ကြတဲ့အခါ လက်ခံနိုင်တာကိုတွေ့ရှိကြတယ်။

ဒါကဗုဒ္ဓတရားတော်ရဲ့လှပခြင်းပါပဲ၊ တရားတော်ကသိပ်ရိုးရှင်းတယ်။ လက်တွေ့ကျတယ်၊ စကြဝဠာအတိုင်းအတာထိမှန်ကန်တယ်။ လူတိုင်းလက်ခံနိုင်တယ်။ **သီလ၊ သမာဓိ၊ ပညာ** တို့ကို လေ့ကျင့်ဖို့သာလိုတယ်။ လုံလောက်ပြီ၊ တရားတော်က သိပ်ဖြူစင်တဲ့အတွက် ဘာကိုမှဖယ်ရှားပစ်ဖို့ မလိုဘူး။ **သီလ**မှာမှားယွင်းတဲ့အချက်တစ်စုံတစ်ရာရှိတယ်လို့ ဘယ်သူမှ မညွှန်ပြနိုင်ဘူး။ **သမာဓိ**မှာ တစ်စုံတစ်ရာချွတ်ယွင်းတာရှိတယ်လို့ ဘယ်သူမှ မညွှန်ပြနိုင်ဘူး။ **ပညာ**မှာ တစ်စုံတစ်ရာ မှားယွင်းတာရှိတယ်လို့ ဘယ်သူမှ မထောက်ပြနိုင်ဘူး။

ဗုဒ္ဓတရားတော်ရဲ့ အနှစ်သာရဖြစ်တဲ့ **သီလ၊ သမာဓိ၊ ပညာ**ကို လူအားလုံးက လက်ခံနိုင်တယ်။ ဒီလိုဖြစ်ရတဲ့အကြောင်းက ဘာသာတရားအားလုံးမှာ အတွင်းအနှစ်သား ရှိတယ်။ စိတ်ကို ဖြူစင်စေခြင်းအပေါ်အာရုံစူးစိုက်တဲ့ အတွင်းအနှစ်သာရပါပဲ။ ဘာသာတရား အားလုံးမှာ အပြင်ခွံလည်းရှိတယ်။ ဒါက ရုပ်အသွင်အပြင်တွေ၊ ပွဲတော်တွေ၊ ဘာသာရေး ထုံးတမ်းဓလေ့တွေ စတာတွေနဲ့ ပိုပြီးသက်ဆိုင်တယ်။ အတွင်းအနှစ်သားကို အလေးထားနေသမျှ ကာလပတ်လုံး ဘာသာတရား တစ်ခုနဲ့တစ်ခု အပြင်ပန်းအခွံကွာခြားတာ အရေးမကြီးဘူး။ သို့ပါသော်လည်း အပြင်ပန်းအခွံကိုသာ လုံးဝအလေးထားတယ်ဆိုရင်

အတွင်းအနှစ်သားက ပျောက်ဆုံးပြီး ဘာသာတရားတစ်ခုက ငြိမ်းချမ်းမှုနဲ့ ညီညွတ်မှုတို့ကို မဖန်တီးပေးနိုင်ဘူး။ ဗုဒ္ဓတရားတော်က အတွင်းအနှစ် သာရနဲ့အညီ နေထိုင်တတ်ဖို့ ကူညီပေးတယ်။ ဒီတရားတော်က ယခုဘဝတွင်ပဲ လက်ငင်းချက်ချင်း အကျိုးပေးတယ်။

ကျွန်တော်ဟာ ဝိပဿနာရှုပွားခြင်းကနေ အကျိုးကျေးဇူးများစွာရရှိတဲ့အတွက် ကျွန်တော့်ဆရာအကြံပေးချက်နဲ့အညီ ဗုဒ္ဓတရားတော်ကို စတင်ဖတ်ရှုပါတယ်။ ကျွန်တော်ငယ်စဉ်ကတည်းက ကြားသိခဲ့ရတာက ဗုဒ္ဓဟာ ကျွန်တော်တို့ရဲ့အစဉ်အလာဓလေ့ထုံးစံနဲ့ ယုံကြည်ချက်တွေထဲက ကောင်းတဲ့အချက်များစွာကို သူ့တရားနဲ့ပေါင်းစပ်လိုက်ပြီးတော့ လွဲမှားတဲ့အယူအဆတွေကို ထပ်ထည့်လိုက်တယ်တဲ့။ ပြီးတော့သူဟာ ဘာအသစ်အဆန်းကိုမှ စတင်မတွေ့ရှိခဲ့ပါဘူးတဲ့။ ဗုဒ္ဓတရားတော်က အလွန်အကျိုးကျေးဇူးများတာကို ကျွန်တော်တွေ့ရှိရတဲ့အတွက် ဒီအဆိုအမိန့်တွေရဲ့ မှန်ကန်မှုကို ကျွန်တော် ဆက်လက်ပြီး စူးစမ်းရှာဖွေတယ်။ ဗုဒ္ဓတရားတော်(**တိပိဋကတ**)ကို ဖတ်ရှုခြင်းဟာ ကျွန်တော့်ကို အလွန် ပျော်ရွှင်စေပါတယ်။

ကျွန်တော်စောစောက ကြားသိခဲ့ရတဲ့အချက်အလက်တွေဟာ သိပ်မှားနေပါလား၊ ဗုဒ္ဓ အလေးအမြတ် ပြုတာက အမှန်တရားကို ကိုယ်တွေ့သိဖို့ဖြစ်တယ်ဆိုတာကို တရားတော်က ကျွန်တော့်ကို ပြသလိုက်တယ်။ ပိဋကသုံးပုံက သိပ်အားရစရာကောင်းတယ်။ တိပိဋကမှာ ဗုဒ္ဓရဲ့ **ဓမ္မကာယ**ကို အလွန်အံ့သြဖွယ်ကောင်းအောင် ဖော်ပြထားတာကို ကျွန်တော်တို့ တွေ့ရတယ်။

လူတွေက ဗုဒ္ဓတရားဟောတဲ့အခါ ဒီလိုပြောတယ်တဲ့- "သင်တို့ကို ငါဘုရားရဲ့တပည့်သာဝကတွေဖြစ်အောင်ပြုလုပ်ဖို့ ငါစိတ်မဝင်စားဘူး၊ သင်တို့ကို သင်တို့ရဲ့ဆရာဟောင်းတွေဆီက ဆွဲလုယူဖို့ ငါစိတ်မဝင်စားဘူး၊ ဆင်းရဲတွင်းကထွက်မြောက်ဖို့နည်းလမ်းကို ငါတွေ့ရှိခဲ့တယ်၊ ဒီနည်းကို သင်တို့စမ်းကြည့်ကြပါ။" တစ်ချိန်က သူတော်ကောင်းတရား (**သဒ္ဓမ္မ**)ကို သံသယရှိနေကြ တဲ့ ရသေ့တစ်ချို့ကို (၇)ရက်ပဲစမ်းကြည့်ဖို့ သူတိုက်တွန်းတယ်။

တကယ်လို့ ကမ္ဘာပေါ်ကလူတွေ အရေအတွက်တိုးတိုးပြီး သူတို့ကိုသူတို့ ဗုဒ္ဓဘာသာဝင်တွေလို့စခေါ်လာကြတယ်ဆိုရင် သူတို့ဘယ်လိုအကျိုးရမလဲ။ ဟုတ်ကဲ့ တကယ်လို့သူတို့က သီလ၊ သမာဓိ၊ ပညာတို့ကို စတင်လေ့ကျင့်ကြမယ်ဆိုရင် ဗုဒ္ဓတရားတော်မှ အကောင်းဆုံး အကျိုးကျေးဇူးတွေကို သူတို့အသေအချာရရှိကြမှာဖြစ်တယ်။ တကယ်လို့ လူတစ်ယောက်က သူ့ကိုဗုဒ္ဓဘာသာဝင် လို့ခေါ်ပြီး သီလကိုမလေ့ကျင့်ရင် သမာဓိကိုမပျိုးထောင်ရင် ပညာကိုမလေ့ကျင့်ရင် ဗုဒ္ဓတရားတော်မှ သူဘယ်လို အကျိုးအမြတ် ရနိုင်ပါ့မလား။

ဗုဒ္ဓမြတ်စွာက လူတွေရဲ့နာမည်တွေကို ပြောင်းလဲဖို့ စိတ်မဝင်စားပါဘူး။ အရှင်မောဂ္ဂလာန်က မောဂ္ဂလာန်လို့ပဲ အမည်တွင်ရစ်တယ်၊ အဲဒါက ပုဏ္ဏားအမည်တစ်ခုဖြစ်တယ်၊ သီးသန့် ပုဏ္ဏားမျိုးနွယ်တစ်ခုဖြစ်တယ်။ ကစ္စာနက ကစ္စာနလို့ပဲ အမည်တွင်ရစ်တယ်။ ဘာရဒွါဇကလည်း ဘာရဒွါဇလို့ပဲ အမည်တွင်ရစ်တယ်။ ကစ္စာန နဲ့ ဘာရဒွါဇတို့လည်း ပုဏ္ဏားမျိုးနွယ်များရဲ့အမည်များဖြစ်ကြတယ်။

ဗုဒ္ဓတရားတော်က သိပ်ရိုးရှင်းတယ်၊ ပြီးတော့ သိပ်လေးနက်တယ်။ ဒါပေမယ့် **ဓမ္မ**ကိုတကယ်လက်တွေ့ ကျင့်ကြံရင် အပြင်းအထန်ကြိုးစားရမယ်။ ကျွန်တော့်ဆရာကြီးက ဒီလိုပြောလေ့ရှိတယ်- 'တရားက သိပ်လွယ်ပါတယ်၊ ဒါပေမယ့် ကျင့်ကြံဖို့က သိပ်ခဲယဉ်းပါတယ်' တဲ့။

တရားနားထောင်ခြင်း သို့မဟုတ် တရားစာဖတ်ရှုခြင်းဟာသိပ်ကောင်းတယ်။ **ကာလေန ဓမ္မဿဝနံ စတံမင်္ဂလမုတ္တမံ။**[၂] ပြီးတော့ တရားဆွေးနွေးရတာ သိပ်အဲ့သြဖို့ ကောင်းပါတယ်– **ကာလေန ဓမ္မသာကစ္ဆာ စတံမင်္ဂလမုတ္တမံ။**[၃] ဒါပေမယ့် လူတစ်ယောက်က ဆွေးနွေးရုံ၊ အခြေအတင်ပြောရုံ လောက်ပဲလုပ်နေပြီးတော့ တရားကို မကျင့်ကြံ ဘူးဆိုရင် အလုပ်မဖြစ်ဘူး။ အကျင့်လမ်းပေါ်မှာ တကယ့်ခြေလှမ်းတွေကို စတင်လှမ်းသွားရမယ်။ ဓမ္မအကျင့်လမ်းပေါ်က မလျှောက်လှမ်းသွားဘူးဆိုရင် ဓမ္မရဲ့အသီးအပွင့်တွေကို မရရှိနိုင်ပါဘူး။

ဗုဒ္ဓမြတ်စွာက သဘာဝနိယာမ၊ သဘာဝနဲ့ဆိုင်တဲ့ စကြဝဠာနိယာမဖြစ်တဲ့ ဓမ္မကို သင်ပြပေးတယ်။ ဒီဓမ္မက လူတစ်ဦးစီနဲ့ရော လူအားလုံးနဲ့ရော သင့်လျော်တယ်။ ပြီးတော့ ဗုဒ္ဓကအင်မတန်ရိုးရှင်းတဲ့ ဘာသာ၊ အင်မတန်ရှင်းလင်းတဲ့နည်းနဲ့ သင်ပြပေးတယ်။ ဒီတရားကို ကျွန်တော်တို့ မကျင့်ကြံကြတဲ့အခါ တရားကို ဒဿနိကပညာလုပ်ပြီး အချင်းချင်းငြင်းခုံကြတယ်–'မင်းရဲ့ယုံကြည်ချက်က မှားတယ်၊ ငါ့ရဲ့ ယုံကြည်ချက်က အားလုံးမှန်တယ်' ဒီလို ငြင်းခုံတဲ့အတွက် ကျွန်တော်တို့ ဘာအကျိုးအမြတ်ရသလဲ။ အကယ်၍ ငါ့ရဲ့ ယုံကြည်ချက်က အားလုံးမှန်တယ်၊ သိပ်ကောင်းတယ် ဆိုရင်တောင်မှ ငါကမကျင့်ကြံဘူးဆိုရင် ဒီယုံကြည်ချက်က ဘာအသုံးကျတော့မှာလဲ။

ကျွန်တော် မြန်မာနိုင်ငံမှာ မွေးပါတယ်။ ဒီဓမ္မမြေပေါ်မှာ ကျွန်တော့်ကို မွေးဖွားတဲ့အတွက် သိပ်ကျေးဇူးတင်ဖို့ကောင်းတယ်လို့ ကျွန်တော်ခံစားရတယ်၊ ဂုဏ်လည်းယူပါတယ်။ ဒီကရှစ်ဆယ်ရာခိုင်နှုန်းကျော် လူတွေဟာ ခန္ဓာကိုယ်ထဲမှာ ဝိညာဉ်ရှိတယ်လို့ မယုံကြည်ကြဘူး။ ဒီစကြဝဠာကို ဖန်ဆင်းပေးတဲ့ ဖန်ဆင်းရှင် သို့မဟုတ် ဘုန်းတန်ခိုးကြီးမြတ်တဲ့ ဘုရားသခင်ရှိတယ်လို့ သူတို့ မယုံကြည်ကြဘူး။ အခုအခါ လွန်ခဲ့တဲ့နှစ်သုံးဆယ်ကျော် နိုင်ငံတစ်နိုင်ငံမှာ ကျွန်တော်နေထိုင်တယ်၊ နိုင်ငံများစွာကို ကျွန်တော် ခရီးသွားတယ်၊ ဒီနိုင်ငံတွေမှာ ရှစ်ဆယ်ရာခိုင်နှုန်းကျော် လူတွေဟာ ခန္ဓာကိုယ်ထဲမှာ ဝိညာဉ်ရှိတယ်လို့ ယုံကြည်ကြတယ်။ သူတို့က ဘုန်းတန်ခိုးကြီးမြတ်တဲ့ဘုရားသခင်ကို စကြဝဠာဖန်ဆင်းရှင်အဖြစ် ယုံကြည်ကြတယ်။

ဝိညာဉ်မရှိဘူးဆိုတာကို ဆင်ခြေပေါင်းထောင်ပေါင်းများစွာ ပေးနိုင်တယ်၊ ပြီးတော့ လူတစ်ချို့က ထာဝရ တည်မြဲတဲ့ ဝိညာဉ်အမှန်တကယ်ရှိတယ်လို့ ဆင်ခြေပေးလိမ့်မယ်။ ဒီဆင်ခြေတွေ အခြေအတင် ငြင်းခုံမှုတွေ ဟာ သိပ်အထောက်အကူမပြုကြပါဘူး။ **ဓမ္မ**ကို လက်တွေ့လေ့ကျင့်တဲ့အခါ သဘာဝဖြစ်ရပ်အားလုံးဟာ နာမ်နှင့်ရုပ်တို့ အပြန်အလှန် အကျိုးသက်ရောက်မှုသာပဲလို့ မိမိကိုယ်တိုင် ကိုယ်တွေ့ခံစားရပါတယ်။ မြင်သာတဲ့အဆင့်မှာ အစိုင်အခဲပဲ၊ သိပ်စစ်မှန်တယ်၊ သိပ်တည်မြဲတယ်လို့ ထင်ရတယ်။ ဒါကို ပညတ်(**ပညတ္တိ**)လို့ခေါ်တယ်၊ အမှန်ရှိတယ်လို့ ထင်မြင်ယူဆရတယ်၊ တကယ်မရှိဘူး။ ဗုဒ္ဓတရားတော်ဟာ ပညတ်ခေါ် ထင်မြင်ရတဲ့အမှန်တရားက **ပရမတ္ထ**ခေါ် အဆုံးစွန်အမှန်သဘောကို ခရီးသွားခြင်း ဖြစ်တယ်။ ထင်မြင်ရတဲ့အမှန်သဘောကို ကျော်လွန်ပြီး အဆုံးစွန် အမှန်သဘောကို ရောက်အောင်သွားရမယ်။ **ဝိပဿနာ**ဆိုတာ ဒါပါပဲ – **ပညတ္တိ ဌပေတွာ ဝိသေသေန ပဿတီတိ ဝိပဿနာ။**[၄] အတွင်းကျကျ ကြည့်ရှုတဲ့အခါ နာမ်တရားနဲ့ ရုပ်တရားနယ်ပယ်မှာ အရာ အားလုံးဟာ မတည်မြဲဘူး – အနိစ္စဆိုတာကို ဝိပဿနာရှုသူက နားလည်သဘောပေါက်လာတယ်။ အရာတိုင်းဟာ အစဉ်မပြတ် ပြောင်းလဲနေတယ်။

အစဉ်အမြဲပြောင်းလဲနေတဲ့အရာဟာ တည်တံ့တဲ့ ချမ်းသာပျော်ရွှင်မှုရဲ့ အရင်းအမြစ်မဖြစ် နိုင်ဘူး၊ ဘယ်ချမ်းသာပျော်ရွှင်မှုကိုပဲ ကြုံတွေ့.ရ ကြုံတွေ့.ရ၊ အနှေးနဲ့အမြန်ဆိုသလို မချမ်းသာ မပျော်ရွှင်မှုကို ပြောင်းလဲသွားတာ လူတိုင်းသိနားလည်ပါတယ်။ ကူးပြောင်းတတ်တဲ့ ချမ်းသာပျော်ရွှင်မှုမှာ မချမ်းသာ

မှုက သဘာဝသတ္တိအဖြစ် စွဲမြဲစွာပါဝင်နေတယ်။ မဂ်လမ်းပေါ်မှာ ဆက်လက်လျှောက်လှမ်းသွားတဲ့အခါ နာမ်ရုပ်နယ်ပယ်မှာ အတွေ့အကြုံတိုင်းမှာ ဆင်းရဲခြင်းက သဘာဝသတ္တိအဖြစ် ယှဉ်တွဲပါဝင်နေတာကို သိနားလည်လာတယ်-**ယံကိဉ္စိ ဝေဒယိတံ တံဒုက္ခသမိ**။[၁]

သဘာဝဖြစ်ရပ်ကို ဒိဋ္ဌဓမ္မကျကျ ရှုကြည့်တဲ့အခါ ဗုဒ္ဓသင်ပြတဲ့အတိုင်း အစိုင်အခဲမရှိဘူး ဆိုတာကို တွေ့မြင်လာလိမ့်မယ်။ ရုပ်နာမ်သဘာဝဖြစ်ရပ်ကို မိမိရဲ့ ကိုယ်တိုင်စူးစမ်းလေ့လာမှုက အရာအားလုံးဟာ တုန်ခါမှုမျှသာဖြစ်တာကို ညွှန်ပြလိမ့်မယ်။ **သဗ္ဗော ပဇ္ဇလိတော လောကော၊ သဗ္ဗောလောကော ပကမ္မိတော**။[၆] စကြဝဠာတစ်ခုလုံးဟာ လောင်ကျွမ်းခြင်းနှင့် တုန်ခါခြင်းမျှ သာဖြစ်တယ်။ စကြဝဠာထဲမှာ တည်မြဲတဲ့ အနှစ်အသားဆိုတာ မရှိဘူး။ ရုပ်နာမ် သဘာဝဖြစ်ရပ်ကို ချုပ်ထိန်းလို့လည်းမရဘူး။ 'ငါ' သို့မဟုတ် 'ငါ့ဥစ္စာ' သို့မဟုတ် 'ငါ့ဝိညာဉ်'ရယ်လို့ ညွှန်ပြစရာလည်းမရှိဘူး။

ကိုယ်တွေ့အဆင့်မှာ **အနိစ္စ**ကို တွေ့ကြုံခံစားရခြင်းဟာ **သညာ**ကို **အနိစ္စ-သညာ**သို့ ပြောင်းလဲပေးတယ်၊ **အနိစ္စသညာ**က **အနတ္တ**သဘောကို သဘာဝကျစွာ ညွှန်ပြပါတယ်။ ဒီသဘောက နိဗ္ဗာန်ရဲ့ အတွေ့အကြုံဆီသို့ ပို့ဆောင်ပေးတယ်။

အနိစ္စသညာနောဟိ၊ အနတ္တသညာ သင်္ဌာတိ၊ အနတ္တသညီ
အသမိမာနသမဂ္ဂါတံ ပါပုဏာတိ ဒိဋ္ဌေဝ ဓမ္မေ နိဗ္ဗာနန္တိ။[၇]

ဒါက ကိုယ်တိုင်အတွေ့အကြုံနဲ့သိရမယ်။ 'ဝိညာဉ်မရှိပါဘူး' လို့ ပြောဆိုနေပေမယ့် မိမိသန္တာန်မှာ 'ငါစွဲ' ပြည့်လျှမ်းနေတယ်။ အဲသလိုဆိုရင် ဗုဒ္ဓတရားတော်က သင့်ကိုမကူညီနိုင်ဘူး။ 'ငါစွဲ' ဆိုတဲ့ အစွဲက သိပ်ခိုင်မြဲတယ်။ '**အနတ္တ**' ကို ကိုယ်တွေ့မခံစားရဘဲနဲ့ အနတ္တကို အခြေခံပြီး ဒဿနိက ပြုလုပ်မယ်ဆိုရင် ဗုဒ္ဓတရားတော်က မကူညီနိုင်ဘူး။ မိမိကိုယ်တိုင် အနတ္တကို ကိုယ်တွေ့ခံစားရမယ်ဆိုရင် မိမိဟာ လွတ်မြောက်သွားတဲ့ လူတစ်ယောက် ဖြစ်သွားပြီ။ အဲဒါ **အနတ္တ**ပါပဲ။

ဝိဇ္ဇာဉာဏ်ဆိုတဲ့ ပညာက ကိုယ်တွေ့ခံစားမှုအဆင့်ထိ သိမြင်လာခြင်းဖြင့် ငါစွဲကို ဖျော်ချနိုင်တဲ့ အဆင့်ကို ပို့ဆောင်ပေးပါတယ်။ ပညာဆိုတာ အသိဉာဏ်ပါတဲ့ ကစားနည်းတစ်မျိုးမဟုတ်ပါဘူး။ ပြင်းပြစွာခံစားရတဲ့ ကစားနည်း သို့မဟုတ် ဆည်းကပ်ကိုးကွယ်ခြင်းနဲ့ဆိုင်တဲ့ ကစားနည်းလည်း မဟုတ်ပါဘူး၊ မျက်ကန်းယုံကြည်မှုလည်း မဟုတ်ဘူး၊ တရားသေ လက်ခံထားတဲ့ အယူဝါဒလည်း မဟုတ်ဘူး၊ ရွတ်ဖတ်သရဇ္ဈာယ်တဲ့ ကိုးကွယ်မှုစနစ်တစ်ခုလည်း မဟုတ်ဘူး၊ ဒဿနိကဗေဒတစ်ခုလည်း မဟုတ်ဘူး။ လူအားလုံးက တစ်ယောက်စီ သိနားလည်နိုင်တဲ့ အမှန်တရား ဖြစ်ပါတယ်။ ခရစ်ယာန်ဖြစ်စေ၊ မူဆလင်ဖြစ်စေ၊ ဟိန္ဒူဖြစ်စေ၊ ဂျိန်းဖြစ်စေ၊ မြန်မာဖြစ်စေ၊ ထိုင်းဖြစ်စေ၊ အိန္ဒိယပြည်သားဖြစ်စေ၊ ပါကစ္စတန်ပြည်သားဖြစ်စေ၊ အမေရိကန်ဖြစ်စေ၊ ရုရှားဖြစ်စေ၊ တရုတ်ဖြစ်စေ အားလုံးသိနားလည်နိုင်တဲ့ အမှန်တရားဖြစ်တယ်။ ကွာခြားမှုမရှိဘူး။ သဘာဝနိယာမဟာ သဘာဝနိယာမပဲ လူတိုင်းအတွက် အသုံးကျပါတယ်။

ဒါက ဗုဒ္ဓမြတ်စွာရဲ့ တွေ့ရှိချက်ပါပဲ။ အတိတ်တုန်းက အချို့သောလူတွေ လက်ခံကြတယ်၊ အချို့လက်မခံဘူး။ ဗုဒ္ဓမြတ်စွာက လမ်းစဉ်ကို ညွှန်ပြပေးတယ်။ မစူးစမ်းမဆင်ခြင်ဘဲ မျက်ကန်းလက်ခံတာမျိုးကို သူမလိုချင်ဘူး၊ သင်ကိုယ်တိုင်အမှန်တရားကိုရှာဖွေဖို့ သင့်ကိုသူနည်းလမ်းပြပေးတယ်။

ဂယ်လီလီယိုက ကမ္ဘာမြေကြီးလုံးတာကို စတင်တွေ့ရှိခဲ့တယ်၊ ကမ္ဘာမြေကြီးက ၎င်းရဲ့ ဝင်ရိုးပေါ်မှာ လည်ပတ်နေတာကိုလည်း သူစတင်တွေ့ရှိခဲ့တယ်၊ အဲဒါကို လူအချို့ယုံကြည်ကြတယ်၊ အချို့ မယုံကြည်ကြဘူး။ နောက်ပိုင်းမှာ လူအားလုံးက လက်ခံလာကြတယ်။ အမှန်တရားက အမှန်တရားပဲ။ ဂယ်လီလီယို

မရှိခင်ကတည်းက ကမ္ဘာမြေကြီးက လုံးနေတာပဲ။ နယူတန်က ကမ္ဘာ့ဆွဲအားနိယာမကို တွေ့.ရှိခဲ့တယ်၊ ဒါကို သူကြေညာတယ်။ ကမ္ဘာဆွဲအား နိယာမက နယူတန် မမွေးခင်ကတည်းက ရှိခဲ့တယ်၊ နယူတန်ရှိစဉ် အခါမှာလည်း ရှိနေတာပဲ၊ နယူတန် ကွယ်လွန်ပြီးတဲ့ အခါမှာလည်း ရှိနေမှာပဲ။

အလားတူပဲ **ပဋိစ္စသမုပ္ပါဒ်** နိယာမက ရှိနေတယ် ဗုဒ္ဓမတိုင်မီမှာရော ဗုဒ္ဓပွင့်နေစဉ်အခါမှာရော ဗုဒ္ဓပရိနိဗ္ဗာန်စံပြီးတဲ့ အခါမှာရော ရှိနေတာပဲ၊ ဒါဟာ သဘာဝနိယာမပဲ။

ဗုဒ္ဓမြတ်စွာဘုရားတို့ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဓမ္မနိယာမကတော့ ထာဝရတည်ရှိနေမှာပါပဲ။ ဗုဒ္ဓက ဒီလိုမိန့်ဆိုပါတယ် –

ဥပ္ပါဒါ ဝါ တထာဂတာနံ အနုပ္ပါဒါ ဝါ တထာဂတာနံ၊
ဋ္ဌိတာဝသာဓာတု ဓမ္မဋ္ဌိတတာ ဓမ္မနိယာမတာ ဣဒပ္ပစ္စယတာ။[၈]

မသိမှ **အဝိဇ္ဇာ**တရားကြောင့် **နာမရူပ**ဆိုတဲ့ စိတ်နဲ့ရုပ်ဘောင်အတွင်းမှာ ဘာတွေဖြစ်နေတယ်ဆိုတာကို ကျွန်တော်တို့ မသိခြင်းဖြစ်တယ်။ အချိန်တိုင်းမှာ ခန္ဓာကိုယ်တစ်ခုလုံးတွင် ခံစားမှုတစ်မျိုးမဟုတ် တစ်မျိုးရှိနေတယ်။ အသက်ရှိနေတဲ့နေရာတိုင်းမှာ ခံစားမှုရှိနေမှာပဲ။ ဒွါရခြောက်ပါးမှာ အာရုံခြောက်ပါး အသီးသီးလာထိတိုက်တဲ့အခါ **ဝေဒနာ**ဖြစ်ပေါ်တယ်၊ **ဖဿ ပစ္စယာ ဝေဒနာ**။ ဒီခံစားမှုကို ခံစားနိုင်တဲ့ စွမ်းရည်သတ္တိမရှိရင် **ဝေဒနာ ပစ္စယာ တဏှာ**ကို ဘယ်လိုနားလည်နိုင်မလဲ။

အဲဒီဝေဒနာက ဘုရားမပွင့်ခင်ကတည်းက ရှိနေတာပါ။ **ဝေဒနာ ပစ္စယာ တဏှာ**ဆိုတာ ဘုရားမပွင့်ခင်ကတည်းက ရှိနေတာပါ။ ဒီနိယာမက အမြဲရှိနေမှာပဲ၊ ဗုဒ္ဓလက်ထက်ကလည်းရှိတယ်၊ ဗုဒ္ဓပရိနိဗ္ဗာန်စံပြီးတော့လည်း ရှိတယ်။ ဒါကြောင့် ဓမ္မဆိုတဲ့ နိယာမဟာ အမြဲထာဝရရှိနေမှာပဲ။ **ဧသ ဓမ္မော သနန္တနော**။ ဓမ္မက **သနန္တနော** ထာဝရတည်မြဲတယ်။ ဗုဒ္ဓရှိသည်ဖြစ်စေ မရှိသည် ဖြစ်စေ ဓမ္မက ရှိနေမှာပဲ။

ဗုဒ္ဓက ကြီးကျယ်တဲ့လုံ့လနဲ့ ဓမ္မကိုရှာဖွေတွေ့ရှိခဲ့ပြီးတော့ သူ့ကိုယ်ပိုင်လွတ်မြောက်ရေး အတွက် ဓမ္မကို အသုံးပြုခဲ့တယ်။ ပြီးတော့ မဟာကရုဏာတော်နဲ့ ဓမ္မကို အခြားပုဂ္ဂိုလ်များကို ဖြန့်ဖြူးပေးခဲ့တယ်။ 'ကြည့်စမ်းပါ၊ ဒါက သင်တို့ ဘယ်လိုဆင်းရဲဒုက္ခဖြစ်နေတာကို ဖေါ်ပြတာပဲ၊ **ဝေဒနာ ပစ္စယာ တဏှာ၊ ဝေဒနာ ပစ္စယာ တဏှာ**။ ကြည့်စမ်းပါ၊ အဲဒီဆင်းရဲဒုက္ခက သင်တို့ ဘယ်လိုလွတ်မြောက်နိုင်တဲ့နည်းလမ်းကို ငါညွှန်ပြမယ်။ အခု **ဝေဒနာ**ကရှိနေတယ်၊ ဒါပေမယ့် **တဏှာ**မရှိတော့ဘူး။ သင်ဝေဒနာကို ခံစားရတဲ့ အချိန်တိုင်းမှာ ပညာဖြစ်ပေါ်ရမယ်။ အို **အနိစ္စ၊ အနိစ္စ၊ အနိစ္စ၊ အနိစ္စ**၊ ဒီဝေဒနာဖြစ်စေ၊ ဟိုဝေဒနာဖြစ်စေ **အနိစ္စ၊ အနိစ္စ**ပါပဲ။

တစ်ဖန် **ဝေဒနာ**တိုင်းက **အနိစ္စ**ပဲ၊ **ဝေဒနာ**တိုင်းက **အနိစ္စ**ပဲလို့ ဒဿနိကဖြစ်လာရင် သင်ဘာမှရမှာမဟုတ်ဘူး။ အဲဒီအခါ မိမိယုံကြည်မှုမျှသာ ဖြစ်သွားမယ်။ ဒါပေမယ့် အကယ်၍ မိမိဒီလိုတွေ့ကြုံခံစားရတယ် – ကြည့် **ဝေဒနာ**တစ်ခု ဖြစ်ပေါ်လာပြီ၊ ပြီးတော့ အနှေးနဲ့အမြန် ဆိုသလို **ဝေဒနာ**က ပျောက်ပျက်သွားတယ်၊ ဘယ်လောက် မနှစ်မြို့ဖွယ်ကောင်းတဲ့ ခံစားမှုဖြစ်ပါစေ၊ ဘယ်လိုမနှစ်မြို့ဖွယ်ကောင်းတဲ့ **ဝေဒနာ**ဖြစ်ပါစေ၊ အဲဒီ**ဝေဒနာ** ပျောက်ပျက်သွားမှာ သေချာတယ်။ ဘယ်လောက် သာယာတဲ့ **ဝေဒနာ**ဖြစ်ပါစေ အဲဒီ**ဝေဒနာ**လည်း ပျောက်ပျက်သွား မှာပဲ။ ဥဒယ – ဝယ၊ ဥဒယ – ဝယ ဒီလိုဖြစ်ပြီး ပျက်သွားတာကို အမြဲသိနေရမယ်–**သမုဒယ ဓမ္မာနုပဿီ၊ ဝယဓမ္မာနုပဿီ** ဝိဟရတိ။[၉] ထင်မြင်ရတာက ဝေဒနာဟာ ဖြစ်ပေါ်ပြီးတော့ ခဏကြာတည်နေတယ်၊ နောက် အနှေးနဲ့အမြန်ဆိုသလို ဝေဒနာက

ပျောက်ပျက်သွားတယ်။ သို့ပါသော်လည်း တရားရှုပွားသူတစ်ဦးက အချိန်ခဏတိုင်းမှာပဲ ဝေဒနာက ဖြစ်ပေါ်ပြီးတော့ ကွာဟမှုမရှိဘဲ ပျောက်ပျက်သွားတာကို ကိုယ်တွေ့ခံစားမှုနဲ့ သိနားလည်ပါတယ်။ ဖြစ်လာပြီးတာနဲ့ တစ်ပြိုင်နက် အလွန်လျင်မြန်စွာပဲ ပျောက်ပျက်သွားတယ်–**သမုဒယဝယ ဓမ္မာနုပဿီ ဝိဟရတိ**။[၁၀]

**ဝေဒနာ**က အချိန်တိုင်းပဲ ဖြစ်ပေါ်နေတယ်၊ ဖြစ်ပေါ်ပြီးတော့ ပျောက်ပျက်သွားတယ်၊ ဖြစ်ပေါ်ပြီးတော့ ပျောက်ပျက်သွားတယ်။ မိမိက **ဝေဒနာ**ကိုလိုက်ပြီး တုံ့ပြန်နေတယ်။ အကယ်၍ **ဝေဒနာ**က သာယာဖွယ်ဖြစ်ရင် **လောဘ**နဲ့ တုံ့ပြန်တယ်။ အကယ်၍ **ဝေဒနာ**က မသာယာဘူးဆိုရင် **ဒေါသ**နဲ့ တုံ့ပြန်တယ်။ ဒီလိုပဲ တစ်သက်တာပတ်လုံး တုံ့ပြန်နေတယ်၊ ပြီးတော့ မိမိအဖို့ ဆင်းရဲဒုက္ခတွေ တိုးသထက် တိုးအောင် ဖန်တီးနေတယ်။ မိမိရဲ့ဆင်းရဲဒုက္ခကို တိုးပွားအောင် မိမိ လုပ်နေတယ်၊ ဆင်းရဲတိုးပွားအောင် လုပ်နေတယ်။

ကြည့်စမ်းပါ၊ ဆင်းရဲဒုက္ခကို လွတ်မြောက်နိုင်တဲ့နည်းလမ်းရှိတယ်။ **ဝေဒနာ နိရောဓော တဏှာ နိရောဓော၊ တဏှာနိရောဓော၊ ဥပါဒါန နိရောဓော**။[၁၁] နာမ်နဲ့ရုပ်နယ်ပယ်ကို လွန်မြောက် သွားတဲ့အဆင့်ကို ရောက်ရှိသွားလိမ့်မယ်။

ဗုဒ္ဓမြတ်စွာက တရားဒေသနာတော်ကို ဟောကြားရုံမျှသာ မဟုတ်ပါဘူး။ တရားဟောရုံမျှသာဆိုရင် သူဟာ ကမ္ဘာ့ဒဿနိက ဆရာများစွာထဲက ဆရာတစ်ဆူဖြစ်သွားလိမ့်မယ်။ သူက ဗုဒ္ဓဖြစ်လာဖို့အတွက် အဆုံးစွန်ပရမတ် အမှန်တရားကို ကိုယ်တိုင်တွေ့ကြုံခံစားပြီးတော့ သူတစ်ပါးတို့လည်း တွေ့ကြုံခံစားနိုင်အောင် သင်ပြပေးပါတယ်။

ဗုဒ္ဓတရားတော်ဟာ လက်တွေ့သဘောပါရှိတဲ့အတွက် ကျွန်တော့်ကို နှစ်သက်စွဲလန်းစေပါတယ်။ အကယ်၍ တရားတော်ဟာ အသိဉာဏ်ပညာနဲ့ဆိုင်တဲ့ လေ့ကျင့်ခန်းသာဆိုရင် ဗုဒ္ဓလမ်းစဉ်ပေါ်မှာ ကျွန်တော် လျှောက်လှမ်းသွားခဲ့မှာ မဟုတ်ပါဘူး။ ကျွန်တော်ဒီလို ပြောဆိုခဲ့လိမ့်မယ်။

'သိပ်ကောင်းတယ်၊ သိပ်ကောင်းတယ်၊ ကျွန်တော်တို့ရဲ့ **ဂီတ**ကလည်း အဲသလိုဆိုပါတယ်၊ ကျွန်တော်တို့ရဲ့ **ဥပနိဂ္ဂဒ်**ကလည်း အဲသလို ဆိုပါတယ်။ ဒါဟာ သိပ်အံ့သြစရာ ကောင်းတယ်၊ သိပ်ကောင်းပါတယ်'လို့။ မဂ်လမ်းပေါ်မှာ ကျွန်တော်လျှောက်လှမ်းမိမှာ မဟုတ်ဘူး။

ကျွန်တော့်ကို နည်းလမ်းညွှန်ပြပေးတဲ့အတွက် ကျွန်တော်လက်ခံ ယုံကြည်ခြင်း ဖြစ်ပါတယ် – 'ကြည့်ပါ၊ ဒါက **လောဘ**က သင်လွတ်မြောက်နိုင်တဲ့နည်းလမ်းပဲ၊ ဒါက**ဒေါသ**က သင်ထွက်မြောက်နိုင်တဲ့ နည်းလမ်းပဲ။'

ကျွန်တော် **ဓမ္မ**မြေဖြစ်တဲ့ ဒီအုံ့သြဖွယ်ကောင်းတဲ့နိုင်ငံမှာ မွေးဖွားရတာ အလွန်ကံကောင်းတယ်လို့ ခံစားမိပါတယ်။ ဗုဒ္ဓတရားတော်ကို မူရင်းအတိုင်းစင်ကြယ်စွာ ထိန်းသိမ်းထားတဲ့နိုင်ငံမှာ ကျွန်တော် လူဖြစ်ခဲ့ရတာ အလွန်ကံကောင်းပါတယ်။ ဝိပဿနာကို – ဘယ်လိုရှုပွားရမယ်ဆိုတာ – ဒီမှာ ထိန်းသိမ်းထားပါတယ်။

ပြီးတော့ ကျွန်တော့်ထံက ဘာမှမမျှော်လင့်ဘဲ ကျွန်တော့်ကို မေတ္တာ ကရုဏာ ကြီးမားစွာနဲ့ သင်ပြပေးခဲ့တဲ့ မြင့်မြတ်တဲ့ ပုဂ္ဂိုလ်တစ်ဦးနဲ့ ကျွန်တော်တွေ့ဆုံခဲ့ရတာလည်း ကျွန်တော် အင်မတန်ကံကောင်းလို့ ဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ ဗုဒ္ဓရဲ့ဘဝမှာ ထူးခြားတဲ့နေရာတစ်ခု ဖြစ်ပါတယ်။ သူ သဗ္ဗညုတဉာဏ်ကို ရရှိပြီးလို့ ရက်သတ္တ ခုနှစ်ပတ်ကြာအောင် အမြိုက်ချမ်းသာကို ခံစားပြီးတော့ သူပထမဦးဆုံး ဘုန်းပေးခဲ့တဲ့ဆွမ်းဟာ မြန်မာနိုင်ငံက ကုန်သည်ညီနောင်များဖြစ်ကြတဲ့ တပုဿနဲ့ ဘလ္လိကတို့ရဲ့ မြန်မာထမင်းနဲ့ ဟုဏ်းရည်ဆွမ်း ဖြစ်ပါတယ်။ သူတို့နှစ်ဦးသာ (ဘုရားနှင့် တရားကို ဆည်းကပ် ကိုးကွယ်ခြင်း) **ဒုရတနသရဏဂုံ**ကို ခံယူဆောက်တည်ကြရတဲ့ သူများဖြစ်ပါတယ်။ မြတ်ဗုဒ္ဓဟာ ဆံတော်ကိုသုံးသပ်လို့ ကျွတ်ထွက်လာတဲ့ ဆံတော်မြတ်ရှစ်ဆူဆိုတဲ့ **ရူပဓါတု (ကေသဓါတု)**ကို မြန်မာကုန်သည်ညီနောင်တို့ကို ပေးသနားတော်မူခဲ့ပါတယ်။ ဗုဒ္ဓသက်တော်ထင်ရှား ရှိစဉ်ကာလမှာ ဓာတ်တော်ကို သူကိုယ်တိုင်ချီးမြှင့်ခဲ့တာလည်း ဒီတစ်ကြိမ်သာရှိတဲ့အတွက် ဒီအချင်းအရာဟာလည်း တကယ့်ကို ထူးခြားတဲ့ ဖြစ်ရပ်တစ်ခုပါပဲ။ ဗုဒ္ဓရဲ့ သက်တမ်းကာလမှာ သူကိုယ်တိုင် ချီးမြှင့်လိုက်တဲ့ **ဗုဒ္ဓဓာတ်တော်**ဟာ မြန်မာပြည်သို့ ရောက်လာပြီး ရွှေတိဂုံဘုရားကိုတည်ထား ကိုးကွယ်ခဲ့ကြတာဟာ အဲဒီဖြစ်ရပ်ရဲ့ ခမ်းနားထည်ဝါလှတဲ့သက်သေ အထောက်အထားပါပဲ။ မြန်မာနိုင်ငံဟာ ဗုဒ္ဓမြတ်စွာရဲ့ **ကေသဓာတုမျှလောက်**ကိုသာ ထိန်းသိမ်းထားတာမဟုတ်ဘူး၊ **ပရိယတ္တိ**နှင့် **ပဋိပတ္တိ**ဖြစ်တဲ့ **သဒ္ဓမ္မ**ကိုလည်း အထူးသဖြင့် ဝိပဿနာ ရှုပွားနည်းကိုလည်း နှစ်ထောင်ပေါင်းများစွာကြာအောင် ထိန်းသိမ်းပေးခဲ့ပါတယ်။

ယခုအခါ ဝိပဿနာဟာ ကမ္ဘာတစ်ဝန်းကို ပျံ့နှံ့နေပါတယ်။ မိမိက မြန်မာနိုင်ငံက ဖြစ်စေ၊ အိန္ဒိယနိုင်ငံကဖြစ်စေ၊ အခြားထေရဝါဒ နိုင်ငံတစ်ခုကဖြစ်စေ၊ မဟာယာနနိုင်ငံကဖြစ်စေ၊ ဒါမှမဟုတ် ကမ္ဘာပေါ်က အခြားမည်သည့်ဒေသကပဲဖြစ်စေ၊ အရေးအကြီးဆုံးအချက်က ဓမ္မလမ်းပေါ်မှာ တကယ် လျှောက်လှမ်းနိုင်ဖို့ပဲ ဖြစ်တယ်။

သင်တို့အားလုံးသည် စင်ကြယ်တဲ့ ဓမ္မအရသာကို ကိုယ်တိုင်တွေ့ကြုံခံစားရတဲ့အဆင့်မှာ ခံစားခွင့်ရကြပါစေသတည်း၊ သင်တို့အားလုံးသည် စစ်မှန်တဲ့ငြိမ်းချမ်းမှု၊ စစ်မှန်တဲ့ညီညွတ်မှု၊ စစ်မှန်တဲ့ ချမ်းသာပျော်ရွှင်မှု၊ စစ်မှန်တဲ့အမြိုက်ချမ်းသာကို ခံစားနိုင်ကြပါစေသတည်း။

ဘဝတု သဗ္ဗမင်္ဂလံ၊ ဘဝတု သဗ္ဗမင်္ဂလံ၊ ဘဝတု သဗ္ဗမင်္ဂလံ ။

**ကျမ်းကိုးစာရင်း**


၁။ ဒီဃနိကာယ၊ ၂၊ မဟာပဒါနသုတ်

၂။ ခုဒ္ဒကနိကာယ၊ ခုဒ္ဒကပါဋ္ဌ၊ မင်္ဂလသုတ်

၃။ ခုဒ္ဒကနိကာယ၊ ခုဒ္ဒကပါဋ္ဌ၊ မင်္ဂလသုတ်

၄။ ပဋိသမ္ဘိဒါမဂ္ဂ အဋ္ဌကထာ ဉာဏကထာ

၅။ မဇ္ဈိမနိကာယ၊ ၃၊ မဟာကမ္မဝိဘင်္ဂသုတ်

၆။ သံယုတ္တနိကာယ၊ သဂါထာဝဂ္ဂ၊ ဥပစာလာသုတ်

၇။ အင်္ဂုတ္တရနိကာယ၊ နဝကနိပါတ၊ သမ္မောဓိသုတ်

၈။ သံယုတ္တနိကာယ၊ နိဒါနဝဂ္ဂ၊ နိဒါနသံယုတ္တ၊ ပစ္စယသုတ်

၉။ ဒီဃနိကာယ၊ ၂၊ မဟာသတိပဋ္ဌာနသုတ်

၁၀။ ဒီဃနိကာယ၊ ၂၊ မဟာသတိပဋ္ဌာနသုတ်

၁၁။ ဒီဃနိကာယ၊ ၂၊ မဟာပဒါနသုတ်

# စာတမ်းများ

## ဗုဒ္ဓဘာသာနှင့် စင်ကြယ်ခြင်း

ဒေါက်တာကုမာရာဘိဝံသ
အပြည်ပြည်ဆိုင်ရာ
ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်
ရန်ကုန်၊ မြန်မာ

သံသရာတွင် ဆွေမျိုး၊ မိဘ၊ ညီအစ်ကိုတော်စပ်ခဲ့ပြီး ဗုဒ္ဓဘာသာထိပ်သီးညီလာခံ တက်ရောက် လာကြသူ မိတ်ဆွေအားလုံး....

ဓမ္မလက်ဆောင်ပေးရန် ကျွန်ုပ်ဆန္ဒရှိပါသည်။ ဤဓမ္မကို လက်ခံကျင့်သုံးပါလျှင် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် အပါယ်လေးဘုံမှ လွတ်၍ မြင့်မြတ်သော လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံတွင် အကျိုးပေးပါလိမ့်မည်။

ဓမ္မလက်ဆောင်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ သီလဝိသုဒ္ဓိ = ကိုယ်အမှုအရာ၊ နှုတ်အမှုအရာ စင်ကြယ်ခြင်း၊

၂။ စိတ္တဝိသုဒ္ဓိ = စိတ်၏ စင်ကြယ်ခြင်း (သမာဓိ)

၃။ ဒိဋ္ဌိဝိသုဒ္ဓိ = အယူ စင်ကြယ်ခြင်း

၄။ ကင်္ခါဝိတရဏဝိသုဒ္ဓိ = သံသယလွန်မြောက်စင်ကြယ်၍ အကြောင်းအကျိုးနိယာမကို နားလည်ခြင်း

ဤလေးခုတွင် အခြေခံငါးပါးသီလသည် ကိုယ်၊ နှုတ်၊ အမှုအရာ စင်ကြယ်ခြင်းအတွက် လုံလောက်ပါသည်-

အခြေခံငါးပါးသီလမှာ-

၁။ သူတစ်ပါးအသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊

၂။ သူ့ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊

၃။ သူတစ်ပါးသားမယားကို ပြစ်မှားမှုမှ ရှောင်ကြဉ်ခြင်း၊

၄။ လိမ်လည်ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊

၅။ သေရည်သောက်စားခြင်းမှ ရှောင်ကြဉ်ခြင်း၊

ဤငါးပါးသီလကို စောင့်ထိန်းပါလျှင် ကြမ်းတမ်းသော ကိုယ်အမှုအရာ(ကာယကံ)၊ နှုတ်အမှုအရာ (ဝစီကံ)များကို ထိန်းသိမ်းပြီး ယဉ်ကျေးလာပါမည်။

သတ္တဝါများသည် အသတ်ခံရမည်ကို ကြောက်သကဲ့သို့ မိမိအသတ်ခံရမည်ကို ကြောက်ရွံ့လျက် အကြင်နာမေတ္တာ ကရုဏာများ ရှိလာပါမည်။

သတ္တဝါများသည် မိမိတို့၏ ဥစ္စာနှင့် အဖိုးတန်ရတနာများ ခိုးယူလုယက်ခံရမည်ကို ကြောက်သကဲ့သို့ မိမိ၏ ဥစ္စာနှင့် အဖိုးတန်ပစ္စည်း ခိုးယူလုယက်ခံရမည်ကိုကြောက်၍ အကြင်နာမေတ္တာကရုဏာများရှိလာပါမည်။

သတ္တဝါများသည် ဇနီးမယားတို့ စော်ကားခံရလျှင် ဝမ်းနည်းပူဆွေးသကဲ့သို့ မိမိ၏ ဇနီးမယား စော်ကားခံရလျှင် ဝမ်းနည်းပူဆွေးမည်ဖြစ်၍ အကြင်နာမေတ္တာကရုဏာရှိလာပါမည်။

ဤကဲ့သို့မေတ္တာ ကရုဏာဟူးများပါလျှင် ကမ္ဘာသူ ကမ္ဘာသားအားလုံး စိတ်ချမ်းသာပျော်ရွှင်ပါလိမ့်မည်။ အလားတူပင် မဟုတ်မမှန်ပြောဆိုခြင်း၊ သေရည်သောက်ခြင်း၊ မူးယစ်ဆေးဝါး သုံးစွဲခြင်းမှရှောင်ကြဉ်ပါလျှင် လူသားအားလုံးပျော်ရွှင်ပါလိမ့်မည်။ မည်သည့် ဘာသာဝင်၊ မည်သည့်နိုင်ငံသားမဆို ငါးပါးသီလ စောင့်ထိန်းပါလျှင် လူသားအားလုံး ကိုယ်စိတ်ချမ်းသာပါလိမ့်မည်။ စိတ်စင်ကြယ်ခြင်း(သို့)မဟုတ်သမာဓိ(စိတ္တဝိသုဒ္ဓိ)အတွက် ဗုဒ္ဓဂုဏ်တော် ဆင်ခြင်ခြင်းနှင့် သတ္တဝါအားလုံးအပေါ် မေတ္တာဖြန့်ကြက်ခြင်း။ ဤနှစ်ခုတွင် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းအတွက် မိမိမှ တစ်ကိုက်(သို့)တစ်ကိုက်ခွဲအကွာတွင် ဗုဒ္ဓပုံတော်ကို ချိတ်ဆွဲ(သို့) ကော်ဖြင့်ကပ်ရပါသည်။ မျက်စိဖွင့်၍ ဤပုံတော်ကို ငါးမိနစ်ဖြစ်စေ၊ ဆယ်မိနစ်ဖြစ်စေ၊ ဗုဒ္ဓပုံတော်ကို ဖူးမြော်ကြည်ညိုရပါမည်။ ထို့နောက် မျက်စိပိတ်ပါမည်။ မျက်စိပိတ်သော်လည်း စိတ်တွင် ဗုဒ္ဓ၏ပုံတော်ကို မြင်နေပါလျှင် ဤသို့အာရုံပြုရပါမည်။

အရဟံ၊ အရဟံ၊ အရဟံ၊

သမ္မာသမ္ဗုဒ္ဓေါ၊

ဝိဇ္ဇာစရဏ သမ္ပန္နော၊

သုဂတော၊ သုဂတော၊

လောကဝိဒူ၊ လောကဝိဒူ၊

အနုတ္တရော ပုရိသ ဓမ္မသာရထိ၊

အနုတ္တရော ပုရိသ ဓမ္မသာရထိ၊

သတ္ထာဒေဝ မနုဿာနံ၊

ဗုဒ္ဓေါ၊ ဗုဒ္ဓေါ၊

ဘဂဝါ၊ ဘဂဝါ၊

ဤသို့ မနက်တစ်ကြိမ်၊ နေ့လည်၊ ညဟု တစ်နေ့လျှင် သုံးကြိမ်အာရုံပြုရပါမည်။ ဗုဒ္ဓ၏ဂုဏ်တော်များကို အာရုံပြုပြီးလျှင် မိမိ၏ ကုသိုလ်ကို အမျှဝေရပါမည်။ ဤကုသိုလ်ကို အမျှရကြ၍ 'သတ္တဝါအားလုံး ကျန်းမာချမ်းသာပါစေ'ဟု မေတ္တာဟူးများရပါမည်။ မေတ္တာသုတ်ကို ရွတ်ဆိုတတ်လျှင် မေတ္တာဟူးများပါလျှင် ဗုဒ္ဓဂုဏ်တော်နှင့် မေတ္တာဟူးများမှကြောင့် စိတ်သည် စင်ကြယ်ပြီး လောဘ၊ ဒေါသ၊ မောဟ ကိလေသာတို့ လျော့ပါးလာပါလိမ့်မည်။ သို့နှင့် စိတ်၏ စင်ကြယ်ခြင်း(စိတ္တဝိသုဒ္ဓိ)ကို ဟူးများရပါမည်။ စကြာဝဠတေးမင်း၏ ပတ္တမြားကို အိုးထဲရှိ ရေနောက်ထဲသို့ ထည့်လိုက်ပါလျှင် အိုးထဲရှိ ရေသည် ကြည်လင်လာပြီး ရေထဲမှ အမှုန်တို့ အနည်ထိုင်ကြပါသည်။ ထို့အတူ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းနှင့်

မေတ္တာဘာဝနာပွားများလျှင် မိမိ၏ ကိလေသာ အနည်မှုန်တို့ ပျောက်ကွယ်ပြီး စင်ကြယ်ဖြူစင်သော စိတ် မွေးဖွားလာပါသည်။

စိတ်သန့်ရှင်းလာသူတွင် စိတ်ခွန်အားရရှိပြီး လောကီ လောကုတ္တရာ အောင်မြင်မှုများ ရရှိနိုင်ပါသည်။ အယူစင်ကြယ်ခြင်း ဒိဋ္ဌိဝိသုဒ္ဓိအတွက် နာမ်နှင့် ရုပ်သာရှိသည်ကို သဘောပေါက်ရပါမည်။ အသက်(လိပ်ပြာ၊ ဝိညာဉ်ကောင်)ဟူ၍ မရှိပါ။ အသက်(လိပ်ပြာ၊ ဝိညာဉ်ကောင်)ဟူသည်မှာ အယူအဆသာ ဖြစ်သည်။ အချို့က ဤကိုယ်ထဲတွင် ကိုယ်၊ ရုပ်၊ စိတ်နှင့် အသက်ရှိသည်ဟုထင်ကြသည်။ အချို့က အသက်သည် တစ်ထွာ(ကိုးလက္ခ)ခန့်ရှိ၍ ဦးခေါင်းထဲတွင် ရှိသည်ဟု ထင်ကြသည်။

ကျွန်ုပ်သည် ခန္ဓာဗေဒ၊ ခွဲစိတ်ဘာသာ၊ ဆေးပညာတို့ သင်ယူနေသော ဆေးကျောင်းသားများကို မေးဖူးပါသည်။ လူနာရဲ့ ဦးခေါင်းကို ခွဲစိတ်တဲ့အခါ ၉ လက်မလောက်ရှိတဲ့အသက်ကို တွေ့သလား။ သူတို့က အသက်ဟုခေါ်သောအရာကို တစ်ခါမှ မတွေ့ဖူးပါဟု တူညီသော အဖြေကို ပေးကြသည်။ အချို့က နှလုံးထဲတွင် တစ်မိုက်(၄လက်မခွဲ)ခန့်ရှိ အသက်ရှိသည်ဟု ယူဆကြသည်။

ခန္ဓာဗေဒသင်ယူကြသော ဆေးကျောင်းသားများ၊ ပါမောက္ခများကို ကျွန်ုပ်မေးဖူးပါသည်။ သင်တို့ ခွဲစိတ်မှုပြုသောအခါ လူနာ၏ နှလုံးသားထဲတွင် အသက်(လိပ်ပြာ၊ ဝိညာဉ်ကောင်)ကို မြင်ဖူးပါသလား။ ယခင်ကဲ့သို့ပင် သူတို့ အသက်(လိပ်ပြာ၊ ဝိညာဉ်ကောင်)မမြင်ဖူးပါဟု တညီတညွတ်တည်း ဆိုကြသည်။ အချို့က လူ၏လက်မရွယ်ရှိ အသက်(လိပ်ပြာ၊ ဝိညာဉ်ကောင်)သည် လူ၏လည်မျိုဧလုတ်တွင်ရှိသည်ဟု ယူဆကြသည်။ ဤယူဆချက်ကို ကျွန်ုပ်သည် ဆေးကျောင်းသားများ ပါမောက္ခများကို မေးဖူးပါသည်။ သူတို့က လည်မျိုဧလုတ်ကို ခွဲစိတ်စဉ် အသက်(လိပ်ပြာ၊ ဝိညာဉ်ကောင်)ကို တစ်ခါမှ မမြင်ဖူးပါဟု တညီတညွတ်တည်း ဖြေကြပါသည်။

အလားတူပင် ခွဲစိပ်ဆရာဝန်အကျော်အမော်များကို မေးမြန်းသောအခါ ၃၂ ကောင်္ဂာသတွင် တစ်ခါမျှ အသက်လိပ်ပြာ မမြင်ဖူးပါဟု ဆိုကြပါသည်။ ဗုဒ္ဓ၏ အဆုံးအမသည် အနတ္တာ (န+အတ္တာ) ဖြစ်သည်။ ရုပ်ဝတ္ထုသည် ငါ(သို့မဟုတ်) အသက်မဟုတ်ချေ။ "နတ္တိ အတ္တာ ယဿာတိ အနတ္တာ" ရုပ်တွင် အသက်(လိပ်ပြာ၊ ဝိညာဉ်ကောင်)မရှိဟု ဗုဒ္ဓက ဟောကြားတော်မူခဲ့သည်။

မည်သည့်နာမကွန္ဓာလေးပါးတွင်မှ အတ္တမပါသကဲ့သို့ ရူပကွန္ဓာတွင်လည်း အတ္တမပါဟု ဗုဒ္ဓ ဟောကြားတော်မူခဲ့ပါသည်။ နာမ်နှင့် ရုပ်သာရှိသည်ဟုနားလည်လျှင် အယူစင်ကြယ်၍ မိစ္ဆာဒိဋ္ဌိ အယူမှား ကို ပယ်လေသည်။ ရုပ်နာမ်၏ အကြောင်းအကျိုးကို သိလျှင် ကခ်ါ ဝိတရဏ ဝိသုဒ္ဓိ သံသယ လွန်မြောက်သည်။ ဤနေရာတွင် အကြောင်းကြောင့် အကျိုးဖြစ်ပုံကို ရှင်းပြပါမည်။

သရက်စေ့ကို အပင်စိုက်လျှင် သရက်ပင်ပေါက်၍ သရက်သီးသီးလိမ့်မည်။ ဖရဲစေ့ကို အပင်စိုက်လျှင် ဖရဲပင်ပေါက်၍ ဖရဲသီးသာသီးလိမ့်မည်။ အလားတူပင် ငှက်ပျောပင်စိုက်လျှင် ငှက်ပျောသီးကို ရလိမ့်မည်။ ဤသည်က မျိုးစေ့(အကြောင်း)ကိုလိုက်၍ အသီး(အကျိုး)ဖြစ်ပေါ်ပုံကို ပြသည်။

"သခ်ါရပစ္စယာဝိညာဏ" ပါဠိတော်နှင့် အညီ လူနတ်စသည့် သုဂတိဘုံ ကုသိုလ်အကျိုး(ကမ္မဇရုပ်) သည် ကုသိုလ်ကံစေတနာကြောင့် ဖြစ်လာရသည်။ တိရစ္ဆာန် စသည့် ဒုဂ္ဂတိဘုံ အကုသိုလ်အကျိုးပေး သည် အကုသိုလ်ကံစေတနာကြောင့် ဖြစ်လာရသည်။ ဖန်ဆင်းရှင်ကြောင့် ဖြစ်ပေါ်လာရသည် မဟုတ်ဘဲ အကြောင်းတရားတို့ကြောင့် အကျိုးတရားများ မပြတ်ဖြစ်ပေါ်လာရသည်။

အလားတူပင် ဗီဒီယိုကင်မရာဖြင့် လူ၊ ရွာခင်း၊ ရုပ်ပုံကား၊ အသံတို့ကို မှတ်တမ်းတင်ထားလျှင် ဤမှတ်တမ်းများကို ပြန်လည်ဖွင့်ကြည့်နိုင်သည်။ မူရင်း ပုံတွင် ရုပ်၊ အသံကောင်းလျှင် မှတ်တမ်းတင်ပုံတွင် ကောင်းသော ရုပ်၊ အသံ ကိုရသည်။ မူရင်းပုံတွင် ရုပ်၊ အသံ မကောင်းလျှင် ညံ့သောရုပ်၊ အသံကိုရသည်။ ဗီဒီယိုရိုက်ကူးခဲ့သော မူရင်းရုပ်၊ အသံပေါ်မူတည်၍ မှတ်တမ်းပုံ အကျိုးထွက်ကို ရရှိသည်။ အကျိုးတရား တို့သည် ဗီဿနိုး၊ ဗြဟ္မာ၊ ဖန်ဆင်းရှင်စသည့် တန်ခိုးရှင်တို့ကြောင့် မဟုတ်ပေ။

အကြောင်းကောင်းလျှင် အကျိုးကောင်းပြီး အကြောင်းညံ့လျှင် အကျိုးညံ့သည်။ ဤသည်ကို သဘောပေါက်လျှင် ဖန်ဆင်းရှင် တန်ခိုးရှင်မရှိဟု လက်ခံလာပြီး သံသယ ဝိစိကိစ္ဆာကို ပယ်သတ်နိုင်လေသည်။ ဤစင်ကြယ်ခြင်းလေးမျိုးကို အားထုတ်ပါလျှင် မဟာသောတာပန်ပုဂ္ဂိုလ်ကဲ့သို့ ဒိဋ္ဌဝိကိစ္ဆာကို ပယ်ပြီး၍ အပါယ်လေးဘုံမှ လွတ်မြောက်ပါလိမ့်မည်။

အဖွဲ့.(၁)၊ "ဗုဒ္ဓဘာသာသည် ကမ္ဘာပေါ်တွင် အရေးပါမှု"၊ ဆွေးနွေးပွဲကျင်းပရာနေရာ – မဟာပါသာဏလိဏ်ဂူတော်ကြီး
Discussion of Group (1) about "Buddhism and its Relevence to The Present World", Mahā Pāsāṇa Cave.



# ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေးနှင့် ကာကွယ်စောင့်ရှောက်ရေး၌ နိုင်ငံတော်၏ ပံ့ပိုးကူညီမှု အခန်းကဏ္ဍ

## (ရှုကွက်နှင့် အရေးပါသော ဆောင်ရွက်ချက်များ)

ဆရာတော် ဦးကောသလ္ဍ
အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြု
တက္ကသိုလ်
ရန်ကုန်၊ မြန်မာ

**နိဒါန်း**

ဗုဒ္ဓဘုရားရှင်၏ အဆုံးအမတည်းဟူသော သာသနာတော်သည် နှစ်ပေါင်း ၂၅၀၀ကျော် ခရီးရှည်ကြီးကို ကျော်ဖြတ်ခဲ့ပြီးဖြစ်၍ သက်တမ်းရှည်လှသော ကိုးကွယ်မှု ဘာသာရေးတစ်ရပ်အဖြစ် ရပ်တည်နေဆဲဖြစ်ပါသည်။ သာသနာတော်သည် ဤခရီးရှည်ကြီးတစ်လျှောက် လောကဓံတရား၏ အလှည့်အပြောင်း၊ အတက်အကျ၊ အနိမ့်အမြင့်၊ အကြမ်းအနုဒဏ်ကို အကြိမ်ကြိမ် အဖန်ဖန် ခံစားခဲ့ရဘူးပါပြီ။

ဤကဲ့သို့သော လောကဓံအပြောင်းအလဲကို ခံနိုင်စွမ်းရည်ရှိခြင်းမှာ များသောအားဖြင့် တိုင်းပြည်ကို အုပ်ချုပ်သော နိုင်ငံတော်အစိုးရ၏ ပံ့ပိုးကူညီမှုကိုရရှိခြင်း၊ မရရှိခြင်းအပေါ်တွင် တည်နေသည်ဟု ဆိုရပေမည်။

ဥပမာဆိုရသော် အပင်များသည် မြေဩဇာကောင်းသော မြေပေါ်တွင် ကောင်းစွာ ရှင်သန်ပေါက်ရောက်၍ မြေဩဇာကင်းမဲ့သော ကျတ်တီးမြေကဲ့သို့သော မြေပေါ်တွင် မရှင်သန်၊ မပေါက်ရောက်နိုင်ပါ။ ထို့အတူ ဘာသာတရားတို့သည် ၎င်းတို့ပေါက်ဖွားထွန်းကားရာ တိုင်းပြည်၌ အုပ်ချုပ်သော အစိုးရမင်းတို့၏ ထောက်ခံအားပေးမှု ပံ့ပိုးကူညီမှုရမှသာလျှင် ရှင်သန်ကြီးထွားနိုင်ကြမည် ဖြစ်ပေသည်။

**သုံးပါးသောမြတ်ရတနာ**

ဗုဒ္ဓဘုရားရှင်၏ သာသနာတော် သန့်ရှင်း၊ တည်တံ့၊ ပြန့်ပွားရေးနှင့် စပ်ဆိုင်သော အဓိက အကြောင်းရပ်များကို မဆွေးနွေးမီ၊ ကျွန်ုပ် အထူးရိုသေမြတ်နိုး တန်ဘိုးထားအပ်သော ရတနာသုံးပါး၏ အဓိပ္ပါယ်ကို အောက်ပါအတိုင်း ဖွင့်ဆိုကြပါစို့။

ဗုဒ္ဓ ဘုရားဟူသည် တရားအပေါင်းကို မတိမ်းမစောင်း ကောင်းမြတ်သောသယမ္ဘူဉာဏ်ဖြင့် သိမြင်တော်မူသော လူနတ်ဗြဟ္မာသတ္တဝါတို့ကို ဆိုဆုံးမနိုင်တော်မူသော ဆရာမြတ်ကြီးတစ်ဆူဖြစ်ပါသည်။

ဓမ္မ တရားဟူသည် ကောင်းစွာကျင့်ကြံသူအပေါင်းကို မင်္ဂိုလ်နိဗ္ဗာန် သုံးတန်သောချမ်းသာကို ပေးစွမ်းနိုင်သော ဘုရားရှင်၏ အဆုံးအမတော် အမှန်တရားကို ဆိုလိုသည်။

သံဃာ ဟူသည် ဘုရားရှင်ဟောဖော်ညွှန်ပြဆုံးမအပ်သော တရားတော်အတိုင်း လိုက်နာကျင့်သုံးကြကုန်သော တပည့်သား သာဝက ဟူသမျှကို ဆိုလိုပါသည်။

[ဗုဒ္ဓ] ဗုဒ္ဓဘုရားရှင်သည် သာမညောင်ည သူလိုကိုယ်လို ဝိရိယမျိုးဖြင့် သမ္မာသမ္ဗောဓိဉာဏ်တော်ကို ရရှိခဲ့သည်မဟုတ်။ အလွန်ကြီးမားသော ဝိရိယ၊ မြင့်မြတ်လှသော ပညာ၊ ခိုင်မာသော အဓိဋ္ဌာန်တို့ဖြင့် မည်သူမျှ မတွေးတော မကြံစည်ဝံ့အောင် ပါရမီဆယ်ပါး၊ အပြားသုံးဆယ်တို့ကို လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းပတ်လုံး ဖြည့်ကျင့်၍ ရရှိခဲ့ခြင်းဖြစ်ပါသည်။

သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင်အဖြစ်သို့ ရောက်ပြီးနောက် ဗုဒ္ဓသည် မိမိက သစ္စာလေးပါး မြတ်တရားကို ကောင်းစွာသိမြင်သလို သတ္တဝါအပေါင်းကိုသိစေအံ့။ မိမိသည် သံယောဇဉ်အနောင်အဖွဲ့မှ လွတ်မြောက်သလို သတ္တဝါအပေါင်းကိုလည်း လွတ်စေအံ့။ ဤသို့ ဆုံးဖြတ်အဓိဋ္ဌာန်ပြုခဲ့သည်။ ဤအချက်များကို အလေးထား၍ တင်ပြရခြင်းမှာ အကြောင်းမဲ့မဟုတ်။ ဘုရားရှင်နှင့် သမ္မာသမ္ဗောဓိဉာဏ်ကို အထူးကြည်ညို လေးမြတ်စေလိုခြင်းကြောင့် ဖြစ်ပါသည်။

ရှင်တော်မြတ်ဘုရားသည် မိမိ၏ဘဝတစ်သက်တာပတ်လုံး ပင်ပမ်းမှု၊ စိတ်ဆင်းရဲမှု၊ စိတ်ဆန္ဒကင်းမဲ့ခြင်းများကို မြို့မျှလောက်ပင်သဘောမထားဘဲ သတ္တဝါများ၏ အကျိုးစီးပွားနှင့် ချမ်းသာဖို့အတွက်များစွာအားထုတ်ခဲ့ပြီး သတ္တဝါများကို ဒုက္ခဝပ်သိမ်း ကင်းငြိမ်းအောင် အငြိမ်းအေးဆုံးသော နိဗ္ဗာန်သောင်ကမ်းသို့ အရောက်လှမ်းနိုင်အောင် ပို့ဆောင်ကယ်တင်တော်မူခဲ့ပါသည်။ ထို့ကြောင့်ပင် ဗုဒ္ဓဘုရားရှင်အား "မဟာကရုဏာတော်ရှင်"ဟု သမုတ်ခေါ်တွင်ရခြင်းဖြစ်သည်။

[ဓမ္မ] မြတ်စွာဘုရား၏ အဆုံးအမတည်းဟူသော ဓမ္မသည် ကောင်းစွာဟောကြားအပ်၍ အစ၌ကောင်းခြင်း၊ အလယ်၌ကောင်းခြင်း၊ အဆုံး၌ကောင်းခြင်းနှင့် ပြည့်စုံ၏။ ၎င်းတရားတော်မှာ မည်သည့်ချို့ယွင်းချက် တစိုးတစိမျှ မရှိ။ အလုံးစုံ ပြီးပြည့်စုံနေသဖြင့် ထပ်မံဖြည့်စွက်စရာလည်းမလို၊ နုတ်ပယ်စရာလည်းမလို၊ အမှားကင်းစင်သဖြင့် ပြင်ဆင်စရာလည်း မလိုပါချေ။ တရားတော်သည် လူသတ္တဝါနှင့် နတ်များ ဉာဏ်မမီနိုင်လောက်အောင် ခက်ခဲခြင်းမရှိ။ ထိုတရားတော်ကို နည်းမှန် လမ်းမှန် ကျင့်ကြံအားထုတ်လျှင် နိဗ္ဗာန်တိုင်အောင် သိမြင်နိုင်စွမ်းရှိ၏။

ဘုရားရှင်၏ အဆုံးအမဖြစ်သော ဓမ္မသည်– ပိဋကတ်(အစုအပုံ)အားဖြင့် သုံးသွယ်၊ နိကာယ်(သဘောတူရာစုပေါင်းခြင်း)အားဖြင့်ငါးရပ်၊ ဓမ္မက္ခန္ဓာ(တရားကိုယ်)အားဖြင့် ရှစ်သောင်းလေးထောင်မျှ ပမာဏရှိ၏။ ထိုတွင် တရားသဘော အားလျော်စွာ ပိဋကတ်သုံးသွယ်မှာ အောက်ပါအတိုင်းဖြစ်သည်။

(က) ဝိနယပိဋက= ရဟန်းများအတွက် လိုက်နာကျင့်သုံးဖွယ်ရာ စည်းမျဉ်း စည်းကမ်းများပါဝင်သည်။

(ခ) သုတ္တန္တပိဋက= ကာလ၊ ဒေသ၊ ပုဂ္ဂလ အလိုက် မြတ်စွာဘုရားဟောကြားတော်မူအပ်သောတိုသော အလယ်အလတ်ဖြစ်သော ရှည်သော တရားတော်များပါဝင်သည်။

(ဂ) အဘိဓမ္မပိဋက= ပုဂ္ဂိုလ်၊ ပညတ်တို့ကို မသုံးသပ်မူ၍ ဗုဒ္ဓဒဿနိကဗေဒဟု ခေါ်ဆိုထိုက်သော ပရမတ်သဘောတရားများ ပါဝင်သည်။

ဤပိဋကတ်သုံးသွယ်တို့တွင် အဘိဓမ္မာပိဋကတ်သည် အခက်ခဲဆုံး၊ အနက်နဲဆုံး၊ အသိခက်ဆုံးဖြစ်ပါသည်။ ၎င်းအဘိဓမ္မာပိဋကတ် သင်ကြားရေးကို နိုင်ငံတော်အစိုးရသာ အားမပေးခဲ့လျှင် ၎င်းပိဋကတ်တော်မှာ ပိဋကတ်အားလုံးအနက် အဦးဆုံးဖြစ်မှ၊ ထင်ပေါ်ကျော်ကြားမှု၊ ရေပန်းစားမှုများ ဆုံးရှုံးနိုင်သည့် ပိဋကတ်ပင်ဖြစ်ပါသည်။ မြန်မာနိုင်ငံတော်တွင်မူကား နိုင်ငံတော်အစိုးရကိုယ်တိုင်အဘိဓမ္မာ စာမေးပွဲ

များကို အဆင့်ဆင့် နှစ်စဉ်နှစ်တိုင်း ကျင်းပပေးသဖြင့် အဘိဓမ္မာသင်ကြားရေးမှာ ဦးမော့ခေတ်စားလျက် အောင်လံတလူလူ လွင့်ထူနေပါသည်။

[သံဃ] ဟူသည် ဘုရားရှင်၏ သာသနာတော်ပြန့်ပွားရန်အတွက် ဘုရားရှင်ကိုယ်တော်တိုင် ဖွဲ့စည်းထားအပ်သော ကောင်းစွာစည်းကမ်းသေဝပ်သော၊ ကောင်းစွာလေ့ကျင့်အပ်သော တပည့်သား သံဃာအပေါင်းပင်ဖြစ်ပါသည်။ သံဃာတော်အရေအတွက် ခြောက်ဆယ်ပြည့်သောအခါ ဘုရားရှင်က "ရဟန်းတို့ များစွာသောလူတို့၏ အကျိုးငှာ၊ လူအများချမ်းသာခြင်းငှာ လောကကိုစောင့်ရှောက်ခြင်းငှာ၊ နတ်လူတို့၏ အကျိုးစီးပွားချမ်းသာခြင်းငှာ ဒေသစာရီ လှည့်လည်ကြကုန်။ တစ်ကြောင်းတည်းသော ခရီးဖြင့် နှစ်ပါးမသွားကြကုန်လင့်။ ကောင်းမြတ်သော တရားကို ဟောကြားကြကုန်"ဟု သာသနာပြုပုံ ပြုနည်းကို နည်းပေးလမ်းပြ ဆုံးမတော်မူခဲ့ပါသည်။ (ဝိဉ၊ ၁၃ရ)

ဤသာသနာအဖွဲ့များကို ဘုရားရှင်သည် အုပ်ချုပ်သော မင်းတို့၏ သင့်တင့်လျောက်ပတ်သော အကူအညီမယူဘဲ စေလွှတ်တော်မူခဲ့ပါသည်။ သို့ပေမယ့် အတော်အတန် အောင်မြင်ကြောင်း တွေ့ရပါသည်။

ထိုအချိန်မှ အနှစ်၂၀ကြာခဲ့ပြီးနောက် ဗုဒ္ဓဘုရားရှင်သည် အောက်ပါအကျိုးစီးပွားများကို ထောက်ဆ၍ ရဟန်းသံဃာများအတွက် ဝိနည်း သိက္ခာပုဒ်တော်များကို တစ်ပါးပြီးတစ်ပါး ပညတ်တော်မူခဲ့ပါသည်။

(၁) သံဃာတော်များက ဝိနည်းတော်ကို လိုက်နာခြင်း၊

(၂) သံဃာတော်များ ချမ်းသာစွာနေရခြင်း၊

(၃) အလဒ္ဓီ ဒုဿီလ ရဟန်းဆိုးများကို နှိမ်နှင်းနိုင်ခြင်း၊

(၄) သီလကို လေးစားသောရဟန်းတော်များ ချမ်းသာစွာနေနိုင်ခြင်း၊

(၅) ယခုဘဝ၌ ဘေးအန္တရာယ်များကို ကာကွယ်တားဆီးနိုင်ခြင်း၊

(၆) နောင်တမလွန်ဘဝ၌ ဘေးအန္တရာယ်များကို ကာကွယ်တားဆီးနိုင်ခြင်း၊

(၇) သာသနာတော်၌ မကြည်ညိုသေးသောသူများကို ကြည်ညိုလာစေခြင်း၊

(၈) ကြည်ညိုပြီးသူများကို သဒ္ဓါတရားဆထက်တိုးပွားစေခြင်း၊

(၉) သာသနာတော်အစွန့်ရှည်ကြာတည်တံ့ခြင်း၊

(၁၀)ဝိနည်းတော်ကို ချီးမြှောက်ခြင်း၊

တည်းဟူသော အကျိုးဆယ်ပါး ဝိနည်းသိက္ခာပုဒ်တော်များကို ပညတ်ခြင်းကြောင့် ရရှိနိုင်ကြောင်း သိမြင်၍ ဘုရားရှင်သည် ဝိနည်း သိက္ခာပုဒ်တော်များကို ပညတ်တော်မူရခြင်း ဖြစ်ပါသည်။

ဘုရားရှင်သည် တပည့်သားရဟန်းများက မကောင်းမှု အပြစ်များ မကျူးလွန်မီ၊ မကျူးလွန်သေး သရွေ့ကာလပတ်လုံး ဝိနည်းသိက္ခာပုဒ်တော်များကို ပညတ်တော်မမူသေး။ ကျူးလွန်ပြီးမှသာ ပညတ်

တော်မူသည်။ ဥပမာဆိုသော် လိမ္မာသော ဆေးသမားသည် ခန္ဓာကိုယ်ပေါ်တွင် အနာဒဏ်ရာ တစ်စုံတစ်ရာ ပေါ်မှသာလျှင် ဆေးလိမ်းကျံသကဲ့သို့ ပင်ဖြစ်သည်။

ဗုဒ္ဓသာသနာတော်အပြား

(၁) ပရိယတ္တိသာသနာ = ပိဋကတ်စာပေများကို သင်ကြားလေ့လာခြင်း(အဆင့်)

(၂) ပဋိပတ္တိသာသနာ = တရားဓမ္မကို ကျင့်ကြံအားထုတ်ခြင်း(အဆင့်)

(၃) ပဋိဝေဓသာသနာ = တရားဓမ္မ ဟုတ်တိုင်းမှန်စွာ ထိုးထွင်းသိမြင်ခြင်း(အဆင့်)

ဤအဆင့်သုံးပါးတို့တွင် ပရိယတ္တိသာသနာတော်သည် အခြေခံအကျဆုံးအဆင့် ဖြစ်ပါသည်။ ပရိယတ္တိသာသနာတော်၏ ခိုင်မာမြဲမြံသော အခြေခံအုတ်မြစ်မရှိလျှင် သာသနာတော် အဆောက်အအုံတစ်ခုလုံးသည် ပြိုလဲပျက်စီးသွားနိုင်ပါသည်။ ဤသာသနာတော်သုံးရပ်သည် အစဉ်အတိုင်း မြင့်တက်သွားသည့် လှေခါးသုံးထစ် သုံးဆင့်နှင့် တူပါသည်။ အထက်ဆင့်သို့ တက်ရောက်လိုလျှင် အနိမ့်ဆုံးအဆင့်ကို ဦးစွာ၊ ၎င်းနောက် အလယ်၊ အဆုံးအားဖြင့် အစဉ်အတိုင်း တက်ဖို့လိုပါသည်။

စာပေပရိယတ်ကို ကောင်းစွာမလေ့လာ မသင်ကြားမူ၍ တရားဓမ္မ ကျင့်ကြံအားထုတ်ရန်မှာ မဖြစ်နိုင်ပါ။ တရားဓမ္မကို ကျင့်ကြံအားထုတ်ခြင်းမရှိဘဲ တရားဓမ္မကို ဟုတ်တိုင်းမှန်စွာ သိမြင်ခြင်းမှာ မဖြစ်နိုင်ပါချေ။ တရားဓမ္မသည် တောင်ထိပ်(၀၀) တောင်ထွတ်နှင့်တူသော အမြင့်မြတ်ဆုံး နိဗ္ဗာန်ချမ်းသာသန္တိသုခသို့ တက်ရောက်ရန် လမ်းညွှန်ပြသပေးပါသည်။ ကျွန်ုပ်တို့ ထိပ်ဆုံးသို့ မရောက်ဘဲ အနိမ့်ဆုံးအဆင့်၊ အလယ်အလတ်အဆင့်တည်းဟူသော လမ်းခုလတ်၌ မဆုံးဖြတ်တတ်၊ ဇဝေဇဝါ၊ ချီတုံချတုံ၊ ဖြစ်လျက် တန့်ရပ်နေရန်မဟုတ်။

တနည်းအားဖြင့် မြတ်ဗုဒ္ဓသာသနာတော်ကို ဤသို့ နှိုင်းယှဉ်နိုင်သေးသည်။

ပရိယတ္တိသာသနာတော်သည် ကန်ဘောင်ရိုးနှင့်ဌင်း၊

ပဋိပတ္တိသာသနာတော်သည် ကန်ရေနှင့်ဌင်း၊

ပဋိဝေဓသာသနာတော်သည် ကန်တွင်းရှိကြာပန်းများနှင့်ဌင်း တူပေသည်။

ကန်ဘောင်ရိုး ခိုင်ခန့်မြဲမြံခြင်းမရှိလျှင် ကန်တွင်း၌ ရေမတည်နိုင်သကဲ့သို့ ကန်တွင်း၌ ရေမရှိလျှင် လည်း ကြာပန်းများ ပေါက်ရောက်နိုင်မည်မဟုတ်ပေ။ ထိုနည်းတူစွာ တရားဓမ္မကို နည်းမှန်လမ်းကျ(၀၀) စနစ်တကျ သေသေချာချာ ကျင့်ကြံအားထုတ်မှုမရှိဘဲ တရားဓမ္မကို မက်ဩဇာ ဖိုလ်ဩဇာဆိုက်အောင် ထိုးထွင်းသိမြင်နိုင်မည်မဟုတ်။ ထို့အတူ ဗုဒ္ဓပိဋကတ်၊ စာပေပရိယတ်ကို အဦးအစထား၍ ကောင်းစွာ မလေ့လာ၊ မသင်ကြားဘဲနှင့် တရားတော်ကို နည်းမှန်လမ်းမှန် ကျင့်ကြံအားထုတ်ခြင်းမှာ မဖြစ်နိုင်ပါချေ။

## ပရိယတ္တိသာသနာတော်၏ အခန်းကဏ္ဍ

ပါဠိစာပေများကို များသောအားဖြင့် ရဟန်းသာမဏေများ သင်ကြားကြရပါသည်။ အကြောင်းမှာ ပရိယတ်စာပေသင်ကြားမှုအလုပ်သည် သူတို့အတွက် ရဟန်းဘဝ၌ အသင့်တော်ဆုံး အလေးအနက်ထား၍ ဖော်ကျလုပ်ရမည့် တာဝန်တစ်ရပ်ဖြစ်နေသောကြောင့်ပင်တည်း။

ယနေ့ခေတ်ကာလအထိ ပရိယတ္တိစာပေကို သင်ကြားလေ့ကျင့်ရာ၌ နှုတ်တက်အာဂုံဆောင်ခြင်း စနစ်သည် မရှိမဖြစ် မလုပ်မဖြစ် လိုအပ်၍ ခေတ်စားဆဲ၊ ထိန်းသိမ်းထားဆဲဖြစ်ပါသည်။ ဤသို့ဖြင့် ရဟန်းသံဃာတော်တို့သည် ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကို ရှေးမူမပျက် ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ပရိယတ္တိစာသင်တိုက်ဟု ခေါ်သော ဘုန်းကြီးကျောင်းများမှာ ဗုဒ္ဓစာပေများကို သင်ကြားပို့ချရာ ဗဟိုဌာနကြီးများဖြစ်ပါသည်။

ဗုဒ္ဓသာသနာတော်ထွန်းကားပြန့်ပွားရန် အားထုတ်ရာ၌ ပရိယတ္တိသာသနာတော် အရှည်တည်တံ့နိုင်ရေးအတွက် နိုင်ငံတော်၏ ပံ့ပိုးကူညီမှုသည် အထူးအရေးပါ အရာရောက်၍ အဓိကကျလှပါသည်။ နိုင်ငံတော်သည် ပရိယတ္တိသာသနာကောင်းမွန်ချောမွတ်စွာ လည်ပတ်နိုင်ရေးအတွက် အောက်ပါလုပ်ငန်းဆောင်ရွက်ချက်များဖြင့် အားပေးချီးမြှောက် ကူညီစောင့်ရှောက်နိုင်ပါသည်။

(က) ပရိယတ်စာပေများကိုသင်ကြားပို့ချနေကြသော ဘုန်းကြီးကျောင်း၊ သီလရှင်ကျောင်းများကို ပစ္စည်းလေးပါး ထောက်ပံ့ခြင်း၊

(ခ) ပါဠိကျမ်းစာများကို ပုံနှိပ်ထုတ်ဝေ၍ အခမဲ့ဖြန့်ချိခြင်း၊

(ဂ) ဘာသာရေးစာမေးပွဲများကျင်းပ၍ အောင်မြင်သူများအား ဆုလက်မှတ်များ ချီးမြှင့်ခြင်း၊

(ဃ) လူဝတ်ကြောင်များအတွက် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းများဖွင့်လှစ်ပေးခြင်း စသည်တို့ ဖြစ်ကြပါသည်။

## ပဋိပတ္တိသာသနာတော်၏ အရေးပါ အရာရောက်မှု

ပရိယတ္တိနှင့် ပဋိပတ္တိတို့မှာ ပဋိဝေဓတည်းဟူသော တစ်ခုတည်းသော ရွှေဒင်္ဂါးပြား၏ မျက်နှာပြင်နှစ်ဘက်တို့ ဖြစ်ကြပါသည်။ နိဗ္ဗာန်ကို မျက်မှောက်ပြုရာ၌ ပရိယတ္တိမှာ ဝေးသောအကြောင်းဖြစ်၍ ပဋိပတ္တိမှာ နီးသောအကြောင်းဖြစ်ပါသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် လမ်းကြောင်းကိုသိဖို့ရန် ပရိယတ္တိ၏တာဝန်၊ ထိုလမ်းပေါ်၌ လျှောက်လှမ်းရန် ပဋိပတ္တိ၏တာဝန်၊ ပန်းတိုင်ဆီသို့ အရောက်လှမ်းနိုင်ခြင်းမှာ ပဋိဝေဓ ဧကန်စင်စစ်ဖြစ်တော့သည်။

ပဋိပတ္တိ၌ စိတ်ကို တိုးတက်အောင် ကျင့်ကြံအားထုတ်မှု နှစ်ပိုင်းပါဝင်နေပါသည်။

(က) သမထ ဘာဝနာ = စျာန်ကို ရစေနိုင်သော သမာဓိဦးစီးသော စိတ်ပွားများမှု

(ခ) ဝိပဿနာ ဘာဝနာ = မဂ်ဖိုလ်ကိုရစေနိုင်သော ပညာဦးစီးသော စိတ်ပွားများမှု

ဤထူးခြားသော ဘာဝနာနည်းနှစ်ပါးကို ဘုရားရှင်ကိုယ်တော်တိုင် ဟောကြားတော်မူခဲ့ပေသည်။ သမထ၊ ဝိပဿနာဘာဝနာတို့သည် သောက စိုးရိမ်မှုကို ပယ်ရှားနိုင်၏။ စိတ်တင်းမာမှုကို လျော့စေ၏။ စိတ်ခါတ်ကျဆင်းမှုကို ပယ်ဖျက်၏။ စိတ်ငြိမ်းချမ်းမှုကို ချက်ခြင်းပေးစွမ်းနိုင်၍ စျာန်၊ မဂ်ဖိုလ်၊ နိဗ္ဗာန်ချမ်းသာတို့ကို ရစေနိုင်၏။ ဤဘာဝနာနည်းများကို ကျင့်ကြံကြိုးကုတ် အားထုတ်ခြင်းဖြင့် မုန်တိုင်းထန်နေသော စိတ်မိုက်စိတ်ရိုင်းတို့သည် တည်ငြိမ်အေးဆေး၊ ငြိမ်သက်၊ အဆုံးအမခံ၍ ယဉ်ကျေးသိမ်မွေ့လာနိုင်ကြပေသည်။

ဤနည်းနာနိသယများကို စာသင်ကျောင်း၊ ကောလိပ်၊ တက္ကသိုလ်များ၌ နိုင်ငံတော်အစိုးရက အားပေးပြဋ္ဌာန်းနိုင်ပါမူကား ကျွန်ုပ်တို့၏နိုင်ငံတော်မှာ သူခိုး၊ လူဆိုး၊ ဓားပြကင်းစင်၍ ရဲတပ်ဖွဲ့၊ စစ်တပ်များလည်း လိုအပ်တော့မည်မဟုတ်ပေ။ အေးချမ်းသာယာသော၊ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ဖို့ အလားအလာကောင်းများကိုသာ မျှော်လင့်နိုင်ဖွယ်ရှိတော့သည်။

## ကိုယ်ကျင့်သီလအရေးကြီးပုံ

ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေးအတွက် သင့်တင့်လျောက်ပတ် အကျိုးများသော အကြောင်းအထောက်အပံ့အဖြစ် ကျွန်ုပ်တို့သည် ပဋိပတ်ကိုရှေ့တန်းတင် အထူးပြုပြောဆိုဆွေးနွေးကြသောအခါ မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် ထောက်ခံအားပေးတော်မူသော ပဉ္စသီလဟုခေါ်သော စည်းမျဉ်းကြီးငါးချက်၏ အရေးပါသော အခန်းကဏ္ဍကို မျက်ကွယ်ပြု လျစ်လျူရှုနိုင်မည်မဟုတ်ပေ။

ငါးပါးသီလကို ကျင့်သုံးဆောက်တည်သော နိုင်ငံတော်တစ်ခုတွင် သတ်ဖြတ်ခြင်း၊ ခိုးယူခြင်း၊ သူတစ်ပါးသားမယားကို မတော်မတရားပြုခြင်း၊ လိမ်လည်လှည့်ဖြားခြင်း၊ သေရည်သေရက် သောက်စား၍ ဥပဒေမဲ့ပြုမူခြင်းတည်းဟူသော ဘေးအန္တရာယ်များကျရောက်မည်ကို စိုးရိမ်ပူပန်ရန် လိုတော့မည်မဟုတ်။

ဤကဲ့သို့သော နိုင်ငံတော်တွင်းရှိ ပြည်သူပြည်သားများမှာ ငြိမ်းချမ်းသာယာ၊ ညီညွတ်သင့်တင်စွာ နေထိုင်ကြရ၍ ဥပဒေတရားမျှတမှု စိုးမိုးရေးသည် ကျယ်ပြန့်စွာ အားကောင်းလွမ်းမိုးနိုင်လိမ့်မည်။

ပြည်သူတို့သည် ညဉ့်အခါ အိမ်များကို တံခါးဖွင့်အိပ်စက်နိုင်ပေလိမ့်မည်။ နေအိမ်များမှာလည်း ဘေးအန္တရာယ်ကျရောက်နိုင်ကောင်းနိုင်မည်ဟု စိုးရိမ်ပူပန်ခြင်း၊ စိတ်တထင့်ထင့်ဖြစ်ခြင်းမရှိဘဲ အရပ်တပါး လွယ်ကူလွတ်လပ်စွာ ထွက်ခွါနိုင်ပေလိမ့်မည်။ ဤကဲ့သို့ စိုးရိမ်ပူပန်ခြင်းမှ ကင်းဝေးခြင်းမှာ ငါးပါးသီလကို အသက်ပမာထိန်းသိမ်းစောင့်ရှောက်သော နိုင်ငံတော် သို့မဟုတ် လူမျိုး၌သာလျှင် ရရှိနိုင်ပေသည်။

ဤအကျင့်သီလတို့ကို ဆောက်တည်ကျင့်သုံးကြလျှင် ကမ္ဘာမျက်နှာပြင်ပေါ်တွင် ကမ္ဘာစစ်ပွဲကြီးများလည်း ဖြစ်ပွားစရာမလို၊ ဥပဒေကို ချိုးဖောက်မှုကို ကျူးလွန်မိမည်မဟုတ်။ နယ်မြေပိုင်နက် ကျူးကျော်သိမ်းပိုက်မှုလည်း မရှိနိုင်။ ကတိကဝတ်ဖောက်ဖျက်မှုမျိုးကို ကြားရမည်မဟုတ်သလို မတရား ညှဉ်းပန်းနှိပ်စက်ခြင်းမျိုးလည်း တွေ့မြင်ရမည်မဟုတ်ပါ။

ကမ္ဘာတစ်ဝန်းရှိ လူမျိုးတို့သည် အတူတကွ ရပ်တည်နေထိုင်ခြင်း၊ ကောင်းမွန်ခိုင်ခန့်သော ဆက်သွယ်မှုကို ထူထောင်နိုင်ခြင်း၊ နီးကပ်သော ပူးပေါင်းဆောင်ရွက်မှုကို တည်ထောင်နိုင်ခြင်းအပြင် အချင်းချင်းမုန်းတီးမှု၊ ရန်လိုမှုကို မြေမြှုပ်ပစ်နိုင်ခြင်း၊ မိတ်ဆွေအဖြစ်ကို ပြန်လည် ဆန်းသစ်ခြင်း စသော အကျိုးများကို ရရှိနိုင်ကြမည်။ ဤဖော်ပြခဲ့သောအချက်များသည် ဤအကျင့်သီလသိက္ခာများကို စောင့်ထိန်းခြင်း၏ အလားအလာကောင်းသော အကျိုးဆက်များဟု ဧကန်မုချ ပြောနိုင်ပါသည်။

**ဗုဒ္ဓသာသနာတော် ဆုတ်ယုတ်ကွယ်ပျောက်ကြောင်း**

ဗုဒ္ဓသာသနာတော် အရှည်တည်တံ့ပြန့်ပွားစည်ပင်ရေးနှင့် ဆုတ်ယုတ်ကွယ်ပျောက်ခြင်းမှ ကာကွယ်နိုင်ရန်အလို့ငှာ ကျွန်ုပ်တို့သည် သာသနာတော် ဆုတ်ယုတ်ကွယ်ပျောက်ခြင်း၏ အကြောင်းများကို သိထားရန်လိုအပ်ပါသည်။ သဒ္ဓမ္မသမ္မောသနသုတ်များ(အင်္ဂုတ္တိရ် ၂၊ ၁၅၅-၁၅၉) မှ လာရှိသော သာသနာတော်ကွယ်ကြောင်း တရားများမှာ အောက်ပါအတိုင်း ငါးမျိုးသုံးလီ ဖြစ်ကြပါသည်။

**သာသနာကွယ်ကြောင်းငါးပါး(ပထမအုပ်စု)**

ရဟန်းများသည်-

(၁) တရားကိုရိုသေစွာမနာယူခြင်း၊

(၂) တရားကို ရိုသေစွာ မသင်ယူခြင်း၊

(၃) တရားကို ရိုသေစွာမမှတ်မဆောင်ခြင်း၊

(၄) ဆောင်ထားသောတရားတို့၏ အဓိပ္ပါယ်တို့ကို မဆင်ခြင်ခြင်း၊

(၅) တရားသဘောကိုသိ၍ ရိုသေစွာမကျင့်ခြင်း တို့ ဖြစ်ပါသည်။

**သာသနာကွယ်ကြောင်းငါးပါး(ဒုတိယအုပ်စု)**

ရဟန်းများသည်-

(၁) တရားဓမ္မကိုမသင်ယူခြင်း၊

(၂) တရားဓမ္မကို အကျယ်မဟောပြောခြင်း၊

(၃) တရားဓမ္မကို အကျယ်မပို့ချခြင်း၊

(၄) တရားဓမ္မကို အကျယ်မသင်အံခြင်း၊

(၅) တရားဓမ္မကို အဖန်ဖန်မဆင်ခြင်ခြင်း တို့ဖြစ်ပါသည်။

**သာသနာကွယ်ကြောင်းငါးပါး(တတိယအုပ်စု)**

ရဟန်းများသည်-

(၁) တရားဓမ္မကို မှားယွင်းစွာသင်ယူခြင်း၊

(၂) ဆုံးမရခက်ခြင်း၊ သည်းမခံတတ်ခြင်း၊

(၃) တရားဓမ္မကို ရိုသေစွာ မပို့ချခြင်း၊

(၄) တရားဓမ္မကိုမကျင့်ဘဲ ပစ္စည်းလေးပါး ပေါများရန်အားထုတ်ခြင်း၊

(၅) အချင်းချင်း ဆဲရေး၍ မညီညွတ်ခြင်း တို့ ဖြစ်ပါသည်။

အထက်ပါအကြောင်းအချက်များကို ပြောင်းပြန်လှန်လိုက်လျှင် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် အကြောင်းအချက်ဖြစ်သည်မှာ ယုံမှားဘွယ်မရှိ။ ဗုဒ္ဓဘုရားရှင်ကိုယ်တော်တိုင် အလေးထား ဟောကြားခဲ့ပြီးဖြစ်သည်။

ဤအကြောင်းအချက်များကို တင်ပြရခြင်းမှာ သာသနာကွယ်ကြောင်းများ မှတ်မိရုံသက်သက်မျှ သာမဟုတ်။ ဗုဒ္ဓမြတ်စွာသာသနာတော် အရှည်တည်ရေးကို မျှော်တွေးထောက်ရှု၍ လက်တွေ့ကျင့်သုံးနိုင်ရန်အတွက်ဖြစ်ပါသည်။ ဘုရားရှင်၏ အဆုံးအမ သာသနာတော်မပျောက်ပျက်အောင် စာအုပ်ထဲ၊ စိဒိရွမ်ထဲတွင်၊ စက်မှုနည်းပညာရပ်များဖြင့် ထိန်းသိမ်းထားနိုင်ရုံဖြင့် လုံလောက်မည်မဟုတ်ပေ။ စက်မှုနည်းပညာသည် အဘယ်မျှလောက် ခေတ်မီတိုးတက်ထွန်းကားစေမူ လူ၏စွမ်းဆောင်နိုင်မှုကို သာလွန်နိုင်မည်မဟုတ်ချေ။

ဤနေရာတွင် နိုင်ငံတော်၏ ကူညီပံ့ပိုးမှု အခန်းကဏ္ဍသည် အထူးပင် အရေးပါအရာရောက်လှပေသည်။ နိုင်ငံတော်သည် သံဃာ့အစည်းအဝေးများကို အခါအားလျော်စွာ ကျင်းပပေးခြင်း၊ ကြီးကြပ်ပေးခြင်း၊ ကမကထပြုပေးခြင်းဖြင့် သာသနာရေးကိစ္စများ ပြီးမြောက်အောင်မြင်အောင် အထောက်အပံ့နည်းမျိုးစုံ ပေးစွမ်းနိုင်ပေသည်။

## အားထားဘွယ်ရာ သံဂါယနာကြီးများ

ဗုဒ္ဓသာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ထိရောက်အောင် ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတစ်နိုင်ငံအတိုင်းအတာအလိုက်၊ နိုင်ငံတကာအတိုင်းအတာအလိုက် ဘာသာရေးအစည်းအဝေးမျက်နှာစုံညီ စုဝေးမှုများ ညီလာခံများ၊ ကွန်ဖရင့်များ၊ ဆွေးနွေးမှုကြီးများ အလွန်အမင်းလိုအပ်ပါသည်။

ဤကဲ့သို့ ဂုဏ်ယူဖွယ်၊ ချီးကျူးဖွယ်ကောင်းသော ဗုဒ္ဓဘာသာအစည်းအဝေးများကို ကျင်းပရန်မှာ တူညီသော ရည်ရွယ်ချက်ရှိကြသော ဗုဒ္ဓဘာသာဝင်များအတွက် မလုပ်မဖြစ်သော တာဝန်တစ်ရပ် ဖြစ်ပါသည်။ အမှန်ပြောရလျှင် ကျွန်ုပ်တို့ပါဝင်သော ဤ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာ ညီလာခံမျိုးသည် တကယ်ပင် အချိန်သင့်အခါသင့် အကျိုးကြီးမြင့်သော ကိစ္စတစ်ရပ်ပင် ဖြစ်ပါသည်။

အတိတ်က ကျွန်ုပ်တို့သည် ကျမ်းစာများကို ညီညွတ်စွာ ရွတ်ဆိုအပ်သော သံဂါယနာဟု ခေါ်ဆိုရသော အခါကြီးမျိုး ခြောက်ကြိမ်မျှ အောက်ပါအတိုင်းကြုံခဲ့ပြီ ဖြစ်ပါသည်။

(၁) ပထမသံဂါယနာကို ၅၄၄ ဘီစီတွင် အိန္ဒိယနိုင်ငံ ရာဇဂြိုဟ်ပြည်၌ ကျင်းပခဲ့ပါသည်။

(၂) ဒုတိယသံဂါယနာကို ဘီစီ၄၅၀တွင် အိန္ဒိယနိုင်ငံ ဝေသာလီပြည်၌ ကျင်းပခဲ့ပါသည်။

(၃) တတိယသံဂါယနာကို ဘီစီ၂၅၀တွင် အိန္ဒိယနိုင်ငံ ပါဋလိပုတ်ပြည်၌ ကျင်းပခဲ့ပါသည်။

(၄) စတုတ္ထသံဂါယနာကို ဘီစီ ၁၀၀တွင် သီရိလင်္ကာနိုင်ငံ၊ မာတလေအရပ်၌ ကျင်းပခဲ့ပါသည်။

(၅) ပဉ္စမသံဂါယနာကို ၁၈၇၁ ခုနှစ်တွင် မြန်မာနိုင်ငံ၊ မန္တလေးမြို့၌ ကျင်းပခဲ့ပါသည်။

(၆) ဆဋ္ဌမသံဂါယနာကို ၁၉၅၄ခုနှစ်တွင် မြန်မာနိုင်ငံ၊ ရန်ကုန်မြို့၌ ကျင်းပခဲ့ပါသည်။

ဤသံဂါယနာကြီးများကို အချိန်ကာလ၏ တောင်းဆိုချက်အရ အများအားဖြင့် နိုင်ငံတော်၏ပံ့ပိုးကူညီမှုဖြင့် ကျင်းပခဲ့ကြပါသည်။ ဤသံဂါယနာကို သုံးသပ်ကြည့်လျှင် အချိန်ကာလ ကွာဟမှုမှာ

၈၃ နှစ်မှ ၁၉၇၁ နှစ်အထိရှိကြောင်း တွေ့မြင်နိုင်ပါသည်။ ဤကဲ့သို့သော ဗုဒ္ဓဘာသာညီလာခံကြီးများကို အကြိမ်အနည်းငယ်သာကျင်းပခဲ့ကြရာ ဗုဒ္ဓသာသနာတိုးတက်ကြီးပွားရာ ကြီးပွားကြောင်း ဆောင်ရွက်ရန် ပျက်ကွက်ခဲ့ကြသည်ကို တွေ့ရပါသည်။

ဗုဒ္ဓသာသနာတော် ၂၅၄၆ နှစ်မျှ ခရီးရှည်ကြီးတစ်လျှောက်တွင် ကျွန်ုပ်တို့မှာ သံဂါယနာခြောက်ကြိမ်မျှသာ ကျင်းပခဲ့ရပါသေးသည်။ တနည်းအားဖြင့် ဆိုရသော် ပျမ်းမျှ ၄၂၄ နှစ်ကြာမှ သံဂါယနာတစ်ခါ ကျင်းပရပါသည်။ ဗုဒ္ဓဘာသာညီအစ်ကို အပေါင်းတို့သည် ဤအချိန်ကွာဟချက်ကို ချဲ့ဖို့ လိုပါသည်။ ဗုဒ္ဓဘာသာညီလာခံများကို အရှိန်တိုးမြှင့်၍ ကျင်းပသင့်ပါသည်။ ဖြစ်နိုင်လျှင် တတ်နိုင်၍ ဆန္ဒအာသီသကြီးမားသော နိုင်ငံတစ်နိုင်ငံသည် အိမ်ရှင်အဖြစ်ဆောင်ရွက်၍ မိတ်ဆွေနိုင်ငံများကို အတူ ပါဝင်ဆင်နွှဲရန် ဖိတ်ခေါ်ကာ နှစ်စဉ်ကျင်းပသင့်ပါသည်။

ဤသို့ ပြုလုပ်ခြင်းသည် ဗုဒ္ဓဘာသာနိုင်ငံများအတွက် အတူတကွပေါင်းစည်းနိုင်ခြင်း၊ ဆွေးနွေးခြင်း၊ အမြင်ချင်းဖလှယ်ခြင်း၊ သာသနာတော်တိုးတက်ရေးအတွက် အကြံဉာဏ်ကောင်းများ ပေးနိုင်ခြင်းတည်းဟူသော ရတောင့်ရခဲသော အခွင့်အရေးတစ်ရပ်ကို ပေးသည်နှင့် တူနေပါသည်။

ယခုအခါ ထေရဝါဒဗုဒ္ဓသာသနာတော်သည် သီရိလင်္ကာ၊ ထိုင်း၊ မြန်မာ၊ ကမ္ဘောဒီယား၊ လာအို ဤငါးနိုင်ငံ၌သာလျှင် ထွန်းကားပြန့်ပွားနေပါသည်။ ဤငါးနိုင်ငံတို့သည် ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေးအတွက် အတူတကွ လက်တွဲ၍ အနီးကပ် ညီညွတ်စွာ မရပ်တည်ခဲ့ပါလျှင် ဗုဒ္ဓသာသနာတော်သည် မတွေးဝံ့နိုင်လောက်အောင် ကမ္ဘာမြေမျက်နှာပြင်ပေါ်မှ အနှေးနှင့်အမြန် ပျောက်ကွယ်သွားမည်မှာ မြေကြီးလက်ခတ်မလွဲဖြစ်ပါသည်။

အချို့သော နိုင်ငံရေးဝါဒများသည် ဗုဒ္ဓဘာသာ သာသနာတော်ကို ကြီးမားစွာ ခြိမ်းခြောက်နေပါသည်။ အချို့သော ဘာသာအယူဝါဒများမှာ ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင်များကို နောက်ကျောကရော၊ ပတ်ဝန်းကျင်ကပါ ပုန်းလျှိုးကွယ်လျှိုး လက်သီးပုန်းထိုး၍ တိုက်ခိုက်လျက်ရှိပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဗုဒ္ဓဘာသာသာသနာတော်ကို ကာကွယ်နိုင်ရန် ညီညွတ်စွာရပ်တည်၍ ဤအခက်အခဲဘေးရန် အန္တရာယ်များကို လာမည့်ဘေး ပြေးတွေ့ဆိုသကဲ့သို့ ရဲရဲရင့်ရင့် ရင်ဆိုင်သင့်လှပေသည်။

## ရှ။ ချီတက်ရမည့်ခရီး

မဟာပရိနိဗ္ဗာနသုတ်(ဒီ၂၊ ၆၁-၁၃၈)တွင် ဗုဒ္ဓဘုရားရှင်သည် သံဃာတော်တိုးတက်ရေးအတွက် အကြောင်း ခုနှစ်ပါးတို့ကို အောက်ပါအတိုင်း ဟောကြားတော်မူခဲ့ပါသည်။

(၁) မကြာခဏ စည်းဝေးခြင်း၊ အကြိမ်များစွာစည်းဝေးခြင်း၊

(၂) ညီညွတ်စွာစည်းဝေးခြင်း။ ထွက်ခွာခြင်း၊ အလုပ်ကိစ္စဆောင်ရွက်ခြင်း၊

(၃) အဟောင်းကိုလည်း မနုတ်ပယ်၊ အသစ်ကိုလည်း ပညတ်မှု မပြုခြင်း၊

(၄) ထေရ်ကြီးဝါကြီးများကို အရိုအသေပြုခြင်း၊

(၅) ဆိတ်ငြိမ်ရာ တောကျောင်း၌သာ မွေ့လျော်ခြင်း၊

(၆) တဏှာ၏အလိုသို့ မလိုက်ခြင်း၊

(၇) သီတင်းသုံးဖော်တို့နှင့် ညီညွတ်ချမ်းသာစွာ နေထိုင်ခြင်း တို့ ဖြစ်ကြပါသည်။

ဘုရားရှင်သည် ရဟန်းတို့အား တစ်လလျှင်နှစ်ကြိမ်၊ ဓမ္မဝိနယကြောင်းများ ဆွေးနွေးရန် စည်းဝေးရမည်ဟု တိုက်တွန်းတော်မူခဲ့သည်။ ဤဥပမာနည်းနာနိသျှကို ပြဿနာများကို လွယ်ကူစွာ ဖြေရှင်းနိုင်ရန် ဘာသာရေးကိစ္စများကို နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ရှောရှောရှူရှူ ဆောင်ရွက်နိုင်ရန် အတုယူသင့်လှပေသည်။

သံဃာ့ကိစ္စ၊ သံဃာ့လုပ်ငန်းဆောင်တာများကို ရဟန်းသံဃာများက ညီညွတ်စွာ တခဲနက် ဆောင်ရွက်ခဲ့ပါမူ အောင်မြင်သည်သာ ဖြစ်ပါသည်။ သို့သော် တစ်ဦးနှင့်တစ်ဦး သဘောမတူ မညီညွတ်ဘဲ တစ်ယောက်တစ်နေရာ တစ်ကွဲတပြား ဆောင်ရွက်နေလျှင် သံဃာ့ကိစ္စများသည် အချည်းအနှီးဖြစ်ရန်ရှိပါသည်။ ဤသည်ကား ရဟန်းသံဃာတော်ညီညွတ်မှု အဘယ်မျှအရေးပါကြောင်း ဖော်ပြခြင်း ဖြစ်ပါသည်။

သံဃာတော်၏ အစဉ်အလာဌာ စည်းမျဉ်းအသစ်များကို သွတ်သွင်းခြင်း အပေါင်းများကို နှတ်ပယ်ခြင်းတို့သည် လိုလားအပ်သော အရာများမဟုတ်ပါ။ ဘုရားရှင်သည် မဟာရာဒသုတ်(အံ၃၊ ၃၈-၄၄)၌ "ငါဘုရား၏ တပည့်သာဝကတို့သည် အသက်ဟူသော အကြောင်းကြောင့်လည်း ပညတ်အပ်သော ဝိနည်းစည်းမျဉ်း သိက္ခာပုဒ်တော်ကို ကျူးလွန်ဖောက်ဖျက်လေ့မရှိကုန်"ဟု ဝန်ခံတော်မူခဲ့သည်။

ဓမ္မပဒပါဠိတော် (ဂါထာအမှတ် ၁၀၉)၌ ဤသို့ ဟောကြားတော်မူခဲ့သည်။ "မိမိထက် အသက်သိက္ခာ ဂုဏ်ဝါအားဖြင့် ကြီးမြတ်သောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်း၊ တည်းဟူသော အကျိုးတရားလေးပါးတို့သည် တိုးပွားကုန်၏"ဟူသတည်း။ ဤအရာ၌ နိဂ်ံးတော်သည် သာသနာတော်ထွန်းကားပြန့်ပွားရေးအတွက် ဆောင်ရွက်ရာ၌ ယနေ့ခေတ်လူငယ်များ၏ အပျော်တွန်သန္တာန် နှလုံးသားအတွင်း လူကြီးသူမများအား ရိုသေလေးစားတတ်သော မျိုးစေ့ကောင်းများကို ပျိုးထောင်ပေးသင့်ပါသည်။

"နိဗ္ဗာန်စကေ၊ ဒွေပညာ"ပညာလိုလျှင် ဆွေးနွေးဖက်အဖော်ရှာ၊ နိဗ္ဗာန်လိုလျှင် တစ်ယောက်တည်း သီးခြားနေ ဟူသော စကားတစ်ရပ်ရှိပါသည်။ ထိုစကားသည် ရဟန်းတော်တစ်ပါးအတွက် တိုးတက်ကြီးပွားဖို့ရန် ဆိတ်ငြိမ်ရာ၌ နေခြင်းသည် အဘယ်မျှအရေးကြီးကြောင်း ဖော်ပြပါသည်။ တဏှာ၏ လွှမ်းမိုးခြယ်လှယ်မှု မခံရခြင်းကလည်း နိဗ္ဗာန်လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေသော ရဟန်းတစ်ပါးအတွက် အဘယ်မျှ အရေးကြီးကြောင်း ညွှန်ပြနေပါသည်။

ဓမ္မပဒပါဠိတော်(ဂါထာအမှတ် ၁၉၄)၌ "ဘုရားရှင်တို့ ထွန်းပေါ်လာခြင်းသည် ချမ်းသာ၏။ သူတော်ကောင်းတရားကို ဟောကြားခြင်းသည် ချမ်းသာ၏။ သံဃာတော်တို့ ညီညွတ်ခြင်းသည် ချမ်းသာ၏။ ညီညွတ်သောသူတို့၏ အလေ့အကျင့်သည် ချမ်းသာ၏"ဟူ၍ ဘုရားရှင်ဟောကြားတော်မူခဲ့၏။

အထက်ဖော်ပြပါ အဆိုအမိန့် ဂါထာတော်များကို ထောက်ထားခြင်းအားဖြင့် ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင်များသည်-

(က) တရားအပေါင်းကို လုံးစုံကုန်စင် သိမြင်တော်မူသော ဘုရားစစ်ဘုရားမှန်၊

(ခ) မဂ်ဖိုလ်နိဗ္ဗာန် ကျိုးသုံးတန်ကို ပေးစွမ်းနိုင်သော တရားစစ် တရားမှန်၊

(ဂ) ဘုရားရှင်ချထားအပ်သော လမ်းကြောင်းအတိုင်း မတိမ်းမစောင်း လိုက်နာကျင့်သုံးသော သံဃာစစ် သံဃာမှန်တို့ကို ရှိခိုးခြင်းဖြင့် အလွန်ကျက်သရေမင်္ဂလာအပေါင်းတို့နှင့် ပြည့်စုံ၍ လူဖြစ်ကျိုးနပ်ကြပေသည်။ ကျွန်ုပ်တို့သည် ဗုဒ္ဓသာသနာတော်ကို ချီးမြှောက်နေသရွေ့ ကျွန်ုပ်တို့မှာ ကျက်သရေအပေါင်းနှင့် ပို၍ပြည့်စုံလာမည်ဖြစ်သည်။ နိုင်ငံတော်သည် ချမ်းသာကိုပေးတတ်သော ဗုဒ္ဓသာသနာတော်မြတ်ကို အမြဲမပြတ် ထောက်ပံ့ကူညီအားပေး ချီးမြှောက်နိုင်ပါစေဟု ဆုတောင်းသမှု ပတ္တနာပြုရပေသည်။

## အထွေထွေ တိုက်တွန်းအကြံပြုချက်

ဗုဒ္ဓဘာသာနိုင်ငံတစ်နိုင်ငံတွင် အချိန်အခါအားလျော်စွာ ပေါ်ပေါက်လာသော သံဃာတော်နှင့် စပ်သောကိစ္စပြဿနာရပ်များ ပေါ်ပေါက်လာလျှင် အရေးတယူ အပြီးသတ် ဆောင်ရွက်နိုင်အောင် ဂိုဏ်းပေါင်းစုံပါဝင်သော တခဲနက်သော သံဃာထုတစ်ရပ်ရှိသင့်သည်။ "နိုင်ငံတော်သံဃမဟာနာယက အဖွဲ့"ဟု ခေါ်ဆိုအပ်သော ဤကဲ့သို့သော သံဃာအဖွဲ့အစည်းကြီးတစ်ရပ်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ၁၉၈၀ ခုနှစ်မှစ၍ ပေါ်ပေါက်လာခဲ့ပါသည်။ ဤသံဃာ့အဖွဲ့အစည်းကြီးသည် နိုင်ငံတော်က ကမကထပြုလုပ်၍ ပေါ်ပေါက်လာခြင်း ဖြစ်ပါသည်။ သာသနာရေးကိစ္စများကို ဆောင်ရွက်ရာ၌ သာသနာရေးဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုကို ကျယ်ကျယ်ပြန့်ပြန့် ရရှိခဲ့ပါသည်။

ဤဝန်ကြီးဌာနလက်အောက်၌-

(က) သာသနာရေးဦးစီးဌာန

(ခ) သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဟူ၍ နှစ်ဌာနရှိပါသည်။

ပထမဌာနသည် များသောအားဖြင့် သာသနာရေးဆိုင်ရာ စာမေးပွဲများ ကျင်းပပေးခြင်း၊ ကျမ်းစာများ ရိုက်နှိပ်ထုတ်ဝေခြင်း၊ အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်သက်ဆိုင်၍ ဒုတိယဌာနသည် အဓိကအားဖြင့် နိုင်ငံတော်ဗုဒ္ဓတက္ကသိုလ်များ သာသနာပြုဆိုင်ရာလုပ်ငန်းများနှင့် သက်ဆိုင်ပါသည်။

ဤသို့အားဖြင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် နှစ်ခုနှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဤတက္ကသိုလ်သုံးခု တစ်ခုပြီးတစ်ခု ပေါ်ပေါက်လာခဲ့ပါသည်။ ပထမပရိယတ္တိတက္ကသိုလ်နှစ်ခုမှာ ပြည်တွင်းရဟန်းတော်များအတွက် ရည်ရွယ်၍ တတိယတက္ကသိုလ်မှာ ပြည်တွင်း၊ ပြည်ပ ရဟန်းသီလရှင် လူဝတ်ကြောင် အမျိုးသား အမျိုးသမီးအားလုံးတို့ ဗုဒ္ဓစာပေသင်ကြား ဆည်းပူးရာဌာနကြီးအဖြစ် ရပ်တည်လျက်ရှိပါသည်။

ဤထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်တွင် အင်္ဂလိပ်ဘာသာဖြင့် သင်ကြား ပို့ချရကား ဗုဒ္ဓဘာသာ ကမ္ဘာပြန့်ရေးအတွက် ကျယ်ပြန့်သော အထောက်အကူတစ်ခုဟုဆိုလျှင် မှားအံ့မထင်။

ဤကဲ့သို့သော ဗုဒ္ဓတက္ကသိုလ်ကြီးများသည် အခြားဗုဒ္ဓဘာသာနိုင်ငံများတွင် အသီးအသီး ပေါ်ပေါက်လာခဲ့ပါမူကား ဗုဒ္ဓသာသနာတော် ကမ္ဘာတစ်ခုလုံး လွှမ်းပတ်တည်တံ့နေမည်မှာ ယုံမှားဖွယ်ပင် မရှိပါချေ။

ဘိုးဘွားရိပ်သာ၊ မသန်စွမ်းသူများအတွက်ဌာန၊ အခမဲ့ဆေးပေးရုံ စသော လူမှုရေး အဆောက် အအုံများကို တည်ထောင်သင့်ပေသည်။ တနင်္္ဂနွေဗုဒ္ဓဘာသာ သင်တန်းကျောင်းများကို ထောက်ပံ့အားပေး သင့်ပါသည်။ နံနက်ညနေ ဘုရားရှိခိုးဗုဒ္ဓပူဇော၊ ဖောဓိပူဇော ဝတ်ရွတ်ခြင်းများကို ထိန်းသိမ်းထားသင့်သည်။ ၎င်းတို့မှာ ပဋ္ဌိပတ်၊ ကျင့်စဉ်၏ အရိပ်အရောင်တစ်ခုဟုဆိုရသော်လည်း ပြင်ပမှ အတိုက်အခိုက် ဘေးဒဏ်ကို ဦးစွာကြွေကြွေခံနိုင်ကြပါပေသည်။

မဖွယ်မရာ အရက်ဆိုင်များ၊ ဘီယာဆိုင်များ၊ လောင်းကစားရုံဌာနများ၊ ပြည့်တန်ဆာအိမ်များ ကို ပိတ်ပစ်သင့်ပါသည်။

အခြားသော ဘာသာများ၏ ဘာသာရေးအဆောက်အအုံများဆောက်လုပ်ခြင်းကို အချိုးကျ ကန့်သတ်သင့်ပါသည်။

**နိဂုံးစကား**

ယခုအခါ ကျွန်ုပ်တို့သည် အသစ်တီထွင်မှု၊ ရှာဖွေတွေ့ရှိမှုများနှင့် ပြည့်နေသော ရုပ်ပစ္စည်း အဆမတန် တိုးတက်လျက်ရှိသော မျက်မှောက်ခေတ်ကြီးတစ်ခုထဲတွင် လူသားလာ၍ဖြစ်နေကြပါသည်။ သို့သော်လည်း စိတ်နှင့်ဆိုင်သော တိုးတက်ပွားများမှုအတွက် ကြိုးပမ်းအားထုတ်မည့်သူများကား မပြောပ နိုင်လောက်အောင် နည်းပါးလှပါသည်။ ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင်များအဖို့ကား ဗုဒ္ဓ၏အဆုံးအမတော် တည်းဟူသော သာသနာတော်နှင့် တွေ့ဆုံကြုံကြိုက်နေရသည်မှာ အရတော်ပေစွတဟု ဆိုရမည်ဖြစ်ပါ သည်။

(မင်္ဂဖိုလ်နိဗ္ဗာန်ချမ်းသာသို့သွားသော ရောက်နိုင်သော) လမ်းမှန်ကားရှိပါ၏။ ကျွန်ုပ်တို့အဖို့ ထိုလမ်းပေါ်မှာ တည့်တည့်မတ်မတ်၊ မှန်မှန်ကန်ကန် လျှောက်ဘို့သာ လိုအပ်ပါသည်။ သို့မှသာ မိမိတို့ ရည်မှန်းထားသော ခရီးဆုံး(နိဗ္ဗာန်)သို့ ဧကန်မုချ ရောက်နိုင်ကြပေလိမ့်မည်။

သို့ဖြစ်၍ ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင် ညီအစ်ကိုများသည် ဗဟုသုတတိုးပွားရန် မကြာခဏ စည်းဝေးကြပြီး စိတ်ပိုင်းဆိုင်ရာတိုးတက်ကြီးပွားမှုများကို အသေအချာ ရရှိခံစား မျက်မှောက်ပြုနိုင် ကြရလေအောင် စိတ်ပါဝင်စားစွာဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းအားထုတ်ကြပါစို့ဟူ၍ တပ်လှန့်နှိုးဆော် တိုက်တွန်းလိုက်ရပေသတည်း။

# မြန်မာ့သမိုင်းလာ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းပညာရေး

ဒေါက်တာခင်မောင်ညွန့်.
မဟာဝိဇ္ဇာ၊ ပီအိတ်ချ်ဒီ(လန်ဒန်)
ပါမောက္ခ၊ သမိုင်းဌာန
အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓ
သာသနာပြုတက္ကသိုလ်
မြန်မာ

ပြည်တွင်းပြည်ပ သမိုင်းဆိုင်ရာ အထောက်အထားများအရ၊ ဗုဒ္ဓမြတ်စွာဘုရား၏ သာသနာတော်သည် မြန်မာနိုင်ငံသို့ ရေကြောင်း ကြည်းကြောင်းလမ်းနှစ်သွယ်မှ အနည်းဆုံးငါးကြိမ်တိုင်တိုင် ရောက်ရှိထွန်းကားခဲ့သည်ကို ဂုဏ်ယူဝင့်ကြွားသဒ္ဓါပွားကာပြောနိုင်ပါသည်။ ပထမသုံးကြိမ်မှာ မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်က ရောက်ရှိခဲ့ပြီး ဒုတိယနှစ်ကြိမ်မှာမူ ဘုရားပရိနိဗ္ဗာန်ဝင်ပြီး နောက်ပိုင်းတွင် ရောက်ရှိခဲ့သည်။

## မြန်မာ့ယဉ်ကျေးမှုဘဝတွင် တည်လာသော ဗုဒ္ဓဘာသာ

မြန်မာနိုင်ငံသို့ ဗုဒ္ဓသာသနာတော်ရောက်ရှိလာကတည်းကပင် မြန်မာတို့၏ နေ့စဉ်ဘဝတွင် ဗုဒ္ဓသာသနာဝင်ရောက်ကိန်းဝပ်လာပြီး ဗုဒ္ဓဘာသာရဟန်းသီလရှင်တို့၏ သင်ကြားဆုံးမမှု ကျေးဇူးကြောင့် လေးနက်စွာသြဇာစက်ရိပ်လွှမ်းလာခဲ့သည်။ မြန်မာသမိုင်း၏ ပျူခေတ် (အေဒီဒုတိယရာစုမှ ၉ရာစုအထိ) ကတည်းကပင် ဘုန်းတော်ကြီးစာသင်ကျောင်းများသည် အရေး၊ အဖတ်၊ အတွက်၊ အချက်၊ ဘာသာရေးကို သင်ကြားပို့ချလာခဲ့သည်ကို ခိုင်မာသော သမိုင်းအထောက်အထားမြောက်မြားစွာက သက်သေပြုသည်။ အေဒီ ၁၀၅၇ခုနှစ်တွင် မဟာထေရ်ကြီး ရှင်အရဟံနှင့် ဘုရင်အနော်ရထာတို့က ပေထက်အက္ခရာတင်ပြီး ထေရဝါဒဗုဒ္ဓသာသနာတော်ကို ပုဂံပြည်သို့ပင့်ဆောင်လာပြီးကတည်းက နေပြည်တော်နှင့်တစ်ကွနိုင်ငံတော်အဝန်းသို့ ဗုဒ္ဓသာသနာတော်ပြန့်ပွားထွန်းကားလာပြီး ဘုန်းတော်ကြီးသင် ကျောင်းပညာရေးပါ ထွန်းကားလာသည်။

ဘုန်းတော်ကြီးများကား စာသင်ဆရာများဖြစ်သည်နှင့်အညီ အသိပညာကို သင်ကြားပို့ချခြင်း၊ တရားဓမ္မဟောကြားခြင်းနှင့် သာသနာတော်ပြန့်ပွားမှုပြုကြသည်။ ဗုဒ္ဓဘာသာသည် စာပေတတ်မြောက်မှု အရင်းခံဖြစ်သောကြောင့် ဗုဒ္ဓဘာသာကို နားလည်သဘောပေါက်နိုင်ရန် စာပေသင်ကြားမှုသည် မူလပထမအဆင့်ဖြစ်သည်။ အရေး၊ အဖတ်၊ အတွက် (၀၊) အ–သုံးလုံးကြေသင်ကြားရေးသည် ရဟန်းသီလရှင် တို့၏ အဓိကဆောင်ရွက်ကြသော ပညာရေးလုပ်ငန်းများဖြစ်သည်။

မြန်မာ့အစဉ်အလာအရ ဘုန်းတော်ကြီးများကို "ဆရာတော်"ဟု ခေါ်ကြပြီး ဘုန်းကြီးသီလရှင်တို့သီတင်းသုံးသော အဆောက်အဦးများကို "ကျောင်း"ဟုခေါ်ကြသည်။ မြန်မာစကား "ကျောင်း"ဟူသည်မှာ ဘုန်းကြီး၊ သီလရှင်တို့ သီတင်းသုံးရာ ဝိဟာရများဟူသောအဓိပ္ပါယ်အပြင် ရဟန်းရှင်လူတပည့်များအား စာပေ၊ ပရိယတ္တိသင်ကြားပို့ချရာ "ကျောင်း"ဟူသော အဓိပ္ပါယ်လည်းဆောင်သည်။ မြန်မာနိုင်ငံ၏ စာတတ်မြောက်ရေးပညာသည် ဗုဒ္ဓဘာသာဘုန်းတော်ကြီးစာသင်ကျောင်းများတွင် စတင်ပေါက်ဖွားလာသည်။

မြန်မာနိုင်ငံတွင် စာတတ်မြောက်သောဦးရေမြင့်မားနေခြင်းမှာ ဘုန်းတော်ကြီးသင်ပညာရေးပြန့်ပွားထွန်းကားနေခြင်း၏ ကောင်းကျိုးတစ်ရပ်ကြောင့်ဖြစ်သည်။ ဘုန်းကြီးသီလရှင်ကျောင်းများကိုနိုင်ငံတော်နှင့် ပြည်သူတို့က ထောက်ပံ့လှူဒါန်းကြသည်။ မျိုးရိုးဇာတိနှင့် လူတန်းစားမခွဲ၊ ဆင်းရဲချမ်းသာ၊ ကျားမ မရွေး၊ မခွဲခြားဘဲ သင်ယူနိုင်သော ဘုန်းကြီးကျောင်းပညာရေးသည် အခမဲ့ပညာရေးဖြစ်ရုံသာမက စာသင်တပည့်များ၏ စား၊ ဝတ်၊ နေ၊ ရေးအတွက်ပါ အခမဲ့ပေးသေးသည်။ စာသင်ဘုန်းကြီးများ၏ ကွပ်ကဲဆုံးမမှုအောက်တွင် ဘုရင့်သားတော်များနှင့် တောင်သူလယ်သမားသားသမီးများသည် အတူတကွ အခမဲ့ပညာဆည်းပူးကြပြီး တန်းတူရည်တူအခွင့်အရေး၊ ပြုစုထိန်းသိမ်းစောင့်ရှောက်မှုရကြသည်။ စာသင်ဘုန်းကြီးတို့က လောကီ၊ လောကုတ္တရာနှစ်ဖြာသော ဘာသာရပ်တို့ကို သင်ပေးသည်။ လောကီပညာများမှာ အရေး၊ အဖတ်၊ အတွက်၊ သဒ္ဒါ၊ စာပေ၊ ရာဇဝင်သမိုင်း၊ ဗေဒင်၊ နက္ခတ်၊ အင်္ဂရိတ် စသည်တို့ဖြစ်သည်။ ဘာသာရေးဆိုင်ရာ ဘာသာရပ်များမှာ ပိဋကတ်စာပေ၊ ဗုဒ္ဓစာပေကျမ်းဂန်များ၊ တရားဓမ္မ၊ ကမ္မဋ္ဌာန်းဝိပဿနာများဖြစ်သည်။ ရှေးအခါက "ပွဲကျောင်း"ဟူသော ကျောင်းများရှိခဲ့ဖူးသည်။ လောကီပညာမျိုးစုံ၊ လက်မှုပညာ၊ အတတ်ပညာမျိုးစုံအပြင်၊ ကိုယ်ခံပညာ၊ စစ်ပညာများကိုပါ လက်တွေ့သင်ကြားပေးသည်။ စာသင်ကျောင်းသားတို့သည် သာမဏေ၊ ရဟန်း ရာသက်ပန်ဝတ်လိုက ဝတ်ပြီး မဝတ်လိုပါက လူထွက်၍ လောကီဘဝတွင် နေထိုင်လုပ်ကိုင်စားသောက်ကြသည်။ ဘုန်းကြီးကျောင်းထွက်များကို စာတတ်ပေတတ် ပညာရှိများဟု လေးစားရသည်။ ထူးချွန်သူတို့သည် ဘုရင့်အမှုထမ်းများဖြစ်လာပြီး မှူးမတ်၊ ဝန်ကြီးရာထူးများအထိ တာဝန်ပေးချီးမြှင့်ခံကြရသည်။ မြန်မာဘုရင်မင်းညီမင်းသားတို့သည် ငယ်စဉ်က ဘုန်းကြီးကျောင်းတွင် သင်ကြားခဲ့ကြသော ဘုန်းကြီးကျောင်းထွက်ပညာတတ်များဖြစ်ကြသည်။

**ဘုန်းတော်ကြီးစာသင်ကျောင်းများ၏ စာရိတ္တမြင့်တင်ရေး**

ဘုန်းတော်ကြီးစာသင်ကျောင်းများသည် အသိပညာ၊ အတတ်ပညာနှင့် ဗုဒ္ဓဘာသာကို သင်ကြားရုံမကသေးပါ၊ လူကြီးလူငယ် အရွယ်အစားလုံးအား အကျင့်စာရိတ္တ၊ သီလ၊ သမာဓိနှင့် ပြည့်စုံကြစေရန် ညွှန်ကြားဆုံးမပေးသေးသည်။ ဗုဒ္ဓဘာသာသည်ကား ဂေါတမဗုဒ္ဓမြတ်စွာဘုရား၏ သင်ကြားဆုံးမလမ်းညွှန်ပြသော ဒေသနာတော်ဖြစ်သည်။ သံသရာဝဋ်ဆင်းရဲဒုက္ခမှ ကင်းလွတ်ရန် နိဗ္ဗာန်ချမ်းသာမှုရစေခြင်းအလို့ငှာ ညွှန်ပြသောလမ်းစဉ်ဖြစ်သည်။ ရဟန်းသံဃာတို့၏ ညွှန်ကြားဆုံးမမှုကို နာယူ၍ ဗုဒ္ဓမြတ်စွာ၏ နိဗ္ဗာန်ရောက်ကြောင်းမဂ္ဂင်ရှစ်ပါးကို ကိုယ်တိုင်ကိုယ်ကျ သင်ယူနားလည်သဘောပေါက်ပြီး လိုက်နာကျင့်သုံးခြင်းဖြင့် နိဗ္ဗာန်ချမ်းသာ ရယူခြင်းဟူသော လောကုတ္တရာလမ်းစဉ်သာဖြစ်သည်။

မိမိ၏ပစ္စုပ္ပန်လောကီဘဝ၏ မွန်မြတ်၊ ချမ်းမြေ့သာယာမှုအတွက် လိုက်နာကျင့်ကြံရန် ဗုဒ္ဓမြတ်စွာဘုရားဟောကြားခဲ့သော အကျင့်သီလတရားများ မြောက်မြားစွာရှိသည်။ ရဟန်းသံဃာများအတွက် လိုက်နာကျင့်ကြံရန် ဝိနည်းငါးကျမ်းရှိရာ ပိဋကတ်သုံးပုံ၏ တစ်ပုံဖြစ်သည်။ အလားတူ လောကီ၊ လူသားပုဂ္ဂိုလ်တို့ လိုက်နာကျင့်ကြံရန် ဟောကြားခဲ့သော သုတ်တရားတော်များရှိရာ စုစုပေါင်းသုံးကျမ်းရှိသည်။ ယင်းတို့သည် ပိဋကတ်သုံးပုံ၏ တစ်ပုံဖြစ်သည်။ ယင်းသုတ်တရားတော်များတွင် မင်္ဂလသုတ်အပါအဝင်ဖြစ်သည်။

မင်္ဂလသုတ်တွင် ၃၈ဖြာသော မင်္ဂလာများကို ဖွင့်ဆိုထားပြီး ယင်း ၃၈ဖြာမင်္ဂလာရရှိစေခြင်းငှာ ကျင့်ကြံရမည့် ၃၈မျိုးသောကျင့်စဉ်များ ပြဋ္ဌာန်းပေးထားသည်။ ၃၈ဖြာ

မင်္ဂလာကျင့်စဉ်ကို ကျင့်ကြံ လိုက်နာခြင်းဖြင့် လောကီသားတို့သည် ပစ္စုပ္ပန်ဘဝကို သာယာချမ်းမြေ့စွာ နေထိုင်နိုင်ကြမည်ဟု ဗုဒ္ဓဘာသာဝင်အပေါင်းတို့အား ညွှန်ကြားထားသည်။ ဒုစရိုက်မင်္ဂလာကျင့်စဉ်ကို လိုက်နာခြင်းဖြင့် အုပ်ချုပ်သူ မင်းစိုးရာဇာတို့သည် တိုင်းနိုင်ငံကို ကောင်းစွာအုပ်ချုပ်နိုင်ကြမည်။ ကမ္ဘာတစ်ခွင်၌ ငြိမ်းချမ်း သာယာဝပြောစေရန် အစီအမံများပြုလုပ်နိုင်မည်။ ဒုစရိုက်လာကို လိုက်နာခြင်းကြောင့် နိဗ္ဗာန် ရောက်ကြောင်းအတွက် အထောက်အကူဖြစ်လာစေမည်ဟု ဗုဒ္ဓမြတ်စွာဘုရားက ဟောကြားခဲ့ပါသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာသည် သံသရာဝဋ်ဆင်းရဲမှ လွတ်ကင်းရန် ဘာသာရေးဖြစ်သည်။ အသိ၊ အတတ်ပညာများ သင်ကြားပေးသော ပညာရေးဖြစ်သည်။ အကျင့်၊ သိက္ခာ၊ စာရိတ္တကောင်းမွန်ရေး အတွက် ပညာရေးလည်းဖြစ်သည်။ မြန်မာနိုင်ငံ၏ ပြည်သူလူထုအများစုအပေါ် အထူးသဖြင့် ဗုဒ္ဓဘာသာဝင်မြန်မာတို့၏ နေ့စဉ်ဘဝအတွင်းဗုဒ္ဓဘာသာယဉ်ကျေးမှုသည် လေးနက်စွာ သြဇာညောင်းလျက်ရှိသည်။

ထို့ကြောင့် ဘုန်းတော်ကြီးစာသင်ကျောင်းပညာရေးသည်ကား မြန်မာ့ယဉ်ကျေးမှု၏ အမာခံအုတ်မြစ်ဖြစ်ပေသည်။


ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး
9-10-11 December, 2004
Yangon, Myanmar
MINISTRY OF RELIGIOUS AFFAIRS
THE WORLD BUDDHIST SUMMIT
သူတော်ကောင်းတရား နေရာတိုင်းမှာ တန်းတောက်ပါစေ

အဖွဲ့ (၂)၊ "ဗုဒ္ဓဘာသာပညာရေး"၊ ဆွေးနွေးပွဲကျင်းပရာနေရာ - အစည်းအဝေးခန်းမ၊ ဝန်ကြီးရုံး၊ သာသနာရေးဝန်ကြီးဌာန

Discussion of Group (2) about "Buddhist Education", Meeting Room, Ministry of Religious Affairs

# ဗုဒ္ဓဘာသာကမ္ဘာဦးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေး

ဒေါက်တာစန္ဒာဝရာဘိဝံသ
အပြည်ပြည်ဆိုင်ရာ ထေရဝါဒ
ဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ မြန်မာ

လေးစားအပ်ပါသော ဆရာတော်ကြီးများ ဗုဒ္ဓဘာသာဝင်ပညာရှင်များ

ယနေ့ ကျွန်ုပ်ပြောချင်တာက **ဗုဒ္ဓ၏ဝိပဿနာကျင့်စဉ်နှင့် ကမ္ဘာ့ငြိမ်းချမ်းရေး** ဆက်စပ်ပုံ အကြောင်း ဖြစ်ပါတယ်။

**ပါဠိစာပေတွေမှာ လောက** ဆိုတဲ့စကားလုံး တစ်ခုရှိပါတယ်၊ လောကဆိုတာ သတ္တလောက၊ သြကာသလောက သခ်ါရလောကဆိုပြီးတော့ သုံးမျိုးရှိပါတယ်၊ အထူးအားဖြင့် ဒီနေ့ပြောချင်တာက **သတ္တလောကအကြောင်းဖြစ်ပါတယ်၊ သတ္တလောကဆိုတာ** နာမ်ရုပ်တွေနဲ့ ဖွဲ့စည်းတည်ဆောက်ထားတဲ့ သတ္တဝါတွေပါ၊ နာမ်ရုပ်နှစ်မျိုးရှိတဲ့နေရာမှာ နာမ်တရား၏ (၀၂)စိတ်၏ ငြိမ်းချမ်းမှုကို ရဖို့ ပိုအရေးကြီးပါတယ်။

ဘာကြောင့်လဲဆိုတော့ ကိလေသာဆိုတဲ့အရာတွေဟာ နာမ်ရုပ်နှစ်မျိုးနဲ့ ဖွဲ့စည်းတည်ဆောက်ထားတဲ့ သတ္တဝါတွေကို အမြဲလောင်မြိုက်နေလို့ပါပဲ၊ နာမ်တရားတွေ ညစ်နွမ်းတယ်ဆိုတာ ကိလေသာကြောင့် ဖြစ်ပါတယ်၊ ညစ်နွမ်းနေတဲ့ နာမ်အစဉ်ဟာ(၀၂)စိတ်ဟာ သတ္တလောကကြီး ငြိမ်းချမ်းမှုရအောင် ပြုလုပ်မပေးနိုင်ပါဘူး၊

အဂုံတွေရနိုကာယ်၊ ဟတ္ထကအာဠဝကသုတ္တန်မှာ ဗုဒ္ဓက "ငါ့မှာ လောဘ၊ ဒေါသ၊ မောဟ၊ ကိလေသာ မရှိဘူး၊ အဲဒီကိလေသာတွေ ငါပယ်ခဲ့ပြီးပြီ၊ ဒါ့ကြောင့် ငါ့မှာ ငြိမ်းချမ်းမှုနဲ့ ပြည့်စုံနေတယ်" လို့ ဟောကြားခဲ့ပါတယ်၊

ဒါ့ကြောင့် ယနေ့ စိတ်ဆိုတဲ့ နာမ်ရဲ့ ငြိမ်းချမ်းမှုဖြစ်ဖို့ကို ဦးစားပေးပြီး တင်ပြမှာဖြစ်ပါတယ်၊ ကိုယ်စားလှယ်တော်ကြီးများ ပညာရှင်များ၊

ဗုဒ္ဓက ရဟန္တာကြီး အပါးခြောက်ဆယ်ကို "ရဟန်းတို့ သင်တို့ဟာ လူအများကောင်းကျိုးအတွက် လူအများချမ်းသာရာရဖို့အတွက် နတ်လူဗြဟ္မာတွေရဲ့ အကျိုးစီးပွားချမ်းသာဖြစ်ဖို့အတွက် ကရုဏာတရားလက်ကိုင်ထားပြီး ဒေသစာရီခရီးကြွချီကြ"လို့ မိန့်ကြားခဲ့ပါတယ်၊ ပြီးတော့ သူကိုယ်တိုင်လည်း သတ္တဝါတွေရဲ့ ကောင်းကျိုးအတွက် ငြိမ်းချမ်းရေးခရီးကို စတင်ခဲ့ပါတယ်၊ သတ္တဝါတွေအတွက် ဗုဒ္ဓဟာ နိဗ္ဗာန်ဆိုတဲ့ ငြိမ်းချမ်းမှုကိုရဖို့အတွက် ကျင့်စဉ်တွေ(၀၂) နည်းလမ်းတွေ ချမှတ်ပေးခဲ့ပါတယ်၊ နည်းလမ်းတွေကတော့ သမ္မာမဂ္ဂင်ရှစ်ပါးဖြစ်ပါတယ်၊ ဒါ့ကြောင့် နိဗ္ဗာန်ဆိုတဲ့ ငြိမ်းချမ်းမှုရလိုသူ မည်သူမဆို သမ္မာမဂ္ဂင်ရှစ်ပါးကို လက်တွေ့ကျင့်သုံးရမှာ ဖြစ်ပါတယ်၊

ဗုဒ္ဓမပွင့်ခင်ကတည်းက အိန္ဒိယမှာ ဇာတ်စနစ် ထွန်းကားနေပါပြီ၊ အဲဒီဇာတ်စနစ်ကြောင့် နိုင်ငံအသီးသီး ပြည်နယ်အသီးသီးမှာ စည်းလုံးညီညွတ်မှုတွေ မရခဲ့ကြပါဘူး၊ နိုင်ငံကြီးတွေက နိုင်ငံငယ်တွေကို မတရားသိမ်းပိုက်ခဲ့ကြတယ်၊ လောကလူသားတွေရဲ့ သန္တာန်မှာ လောဘ ဒေါသတွေ လွှမ်းမိုးနေခဲ့ကြတယ်၊

ဘုရားပွင့်လာတဲ့အခါမှာ ဗုဒ္ဓက မဂ္ဂင်ရှစ်ပါးကို ဟောကြားခဲ့တယ်၊ လူသားတွေဟာ မဂ္ဂင်ရှစ်ပါးဆိုတဲ့ လမ်းကြောင်းပေါ်မှာ လျှောက်လှမ်းရင်းနဲ့ လောဘ၊ ဒေါသ၊ ကိလေသာတွေကို ဖယ်ရှားနိုင်ခဲ့တယ်၊

ဒါ့ကြောင့် အာနန္ဒာလို၊ အနုရုဒ္ဓါလို၊ ဘဒ္ဒိယလို ရှင်ဘုရင်တွေ မင်းသားတွေကတောင်မှ ဥပါလိ လို ကျွန်တစ်ယောက်ကို အရှိအသေပေးနိုင်ခဲ့တယ်၊ ဥရုဝေလကဿပလို သစ္စကပရဗိုဒ်လို အလွန်မာနကြီးတဲ့ ပုဂ္ဂိုလ်တွေတောင် မဂ္ဂင်လမ်းပေါ်လျှောက်လှမ်းပြီးတာနဲ့. မာနတွေကင်းစင်ပြီး ဗုဒ္ဓရဲ့ တပည့်သာဝကတွေ ဖြစ်လာခဲ့တယ်၊ ဒါဟာမဂ္ဂင်ရှစ်ပါးရဲ့ အကျိုးကျေးဇူးတွေပဲ၊

ဂင်္ဂါ၊ ယမုနာ အစိရဝတီ သရဖူ မဟီ ဆိုတဲ့ မြစ်ကြီးငါးစင်းထဲကရေတွေဟာ ပင်လယ်သမုဒ္ဒရာထဲကို ရောက်သွားတာနဲ့. အမျိုးအစားတစ်ခုတည်းဖြစ်သွားတယ်၊ ကွဲပြားမှု မရှိတော့ဘူး၊ အဲဒီလိုပါပဲ၊ ဇာတ်အမျိုးမျိုးမှ ရောက်လာသူတွေဟာ ဗုဒ္ဓရဲ့မဂ္ဂင်ရှစ်ပါး လမ်းကြောင်းပေါ်ကို လျှောက်လှမ်းမိတာနဲ့. အတူတူဖြစ်သွားကြတယ်၊ ကိလေသာတွေအတူတူပယ်ပြီး နိဗ္ဗာန်ဆိုတဲ့ ငြိမ်းချမ်းမှုကို အတူတူရသွားခဲ့ကြတယ်၊

သမ္မာမဂ္ဂင်ရှစ်ပါးဆိုတာ

သမ္မာဒိဋ္ဌိ မှန်သော အပြစ်ကင်းသော အသိအမြင်

သမ္မာသင်္ကပ္ပ မှန်သော အပြစ်ကင်းသော အတွေးအခေါ်

သမ္မာဝါစာ မှန်သော အပြစ်ကင်းသော အပြောအဆို

သမ္မာကမ္မန္တ မှန်သော အပြစ်ကင်းသော အပြုအမူ

သမ္မာအာဇီဝ မှန်သော အပြစ်ကင်းသော စီးပွါးရေး

သမ္မာဝါယာမ မှန်သော အပြစ်ကင်းသော ကြိုးစားမှု

သမ္မာသတိ မှန်သော အပြစ်ကင်းသော သတိရဆင်ခြင်မှု

သမ္မာသမာဓိ မှန်သော အပြစ်ကင်းသော စူးစိုက်မှု တို့ဖြစ်ကြပါတယ်၊

အဘိဓမ္မာကျမ်းတွေမှာ မဂ္ဂင်ကို နှစ်မျိုးပြထားပါတယ်၊ အဲဒါကတော့ သမ္မာမဂ္ဂင်(မှန်သောလမ်း)နဲ့. မိစ္ဆာမဂ္ဂင်(မှားသောလမ်း)ပဲဖြစ်ပါတယ်၊ မှန်သောလမ်း သမ္မာမဂ္ဂင်ကို လောကီမဂ္ဂင် လောကုတ္တရာမဂ္ဂင်လို့. နှစ်မျိုးထပ်ပြီး ခွဲပြထားပါသေးတယ်၊ လောကီလမ်းနဲ့. လောကုတ္တရာလမ်းလို့. မှတ်ယူရပါမယ်။

အရိယာပုဂ္ဂိုလ်တွေဟာ လောကုတ္တရာလမ်းကြောင်းအတိုင်း သွားနိုင်ခဲ့ကြလို့. နိဗ္ဗာန်ဆိုတဲ့ အမြင့်ဆုံးငြိမ်းချမ်းမှုကို ရရှိသွားကြသူတွေဖြစ်ပါတယ်၊ ကျွန်ုပ်တို့.ဟာ အရိယာပုဂ္ဂိုလ်တွေ မဟုတ်ကြပါဘူး၊ ဒါပေမဲ့ လောကီလမ်းလို့.ခေါ်တဲ့ လောကီသမ္မာမဂ္ဂင်တွေကိုတော့ ကျင့်သုံးနိုင်ကြပါတယ်၊ (လောကီသမ္မာမဂ္ဂင်လမ်းအတိုင်းလျှောက်လှမ်းနိုင်ကြပါတယ်) လောကနိဗ္ဗာန်လို့.ခေါ်တဲ့ လောကငြိမ်းချမ်းမှုကိုလည်း ရအောင်ဖန်တီးနိုင်ကြပါတယ်၊ ဒါ့ကြောင့် ကျွန်ုပ်တို့.ဟာ လောကငြိမ်းချမ်းမှု (၀၊) ကမ္ဘာ့ငြိမ်းချမ်းရေးကိုရအောင် သမ္မာမဂ္ဂင်လို့.ခေါ်တဲ့ မဂ္ဂင်ရှစ်ပါး ကျင့်စဉ်တရားကို လက်တွေ့. ကျင့်သုံးကြရပါလိမ့်မယ်၊

မြန်မာနိုင်ငံဟာ လောကီဝိပဿနာကျင့်စဉ် သမ္မာမဂ္ဂင်ကိုကော၊ လောကုတ္တရာ သမ္မမဂ္ဂင်ကိုပါ လက်တွေ့.ကျင့်သုံးနေတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်၊ လောကုတ္တရာသမ္မာမဂ္ဂင်နဲ့.ပြည့်စုံဖို့.ကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့.ကြီးက ဦးဆောင်မှုပေးနေသလို လောကီသမ္မာမဂ္ဂင်နဲ့.ပြည့်စုံဖို့.ကို နိုင်ငံတော်အေးချမ်းသာယာရေးနဲ့. ဖွံ့ဖြိုးရေးကောင်စီက စီစဉ်ချမှတ်ပေးပါတယ်၊ ဒါ့ကြောင့် မြန်မာနိုင်ငံမှာ ရဟန်းရှင်လူ ပြည်သူအားလုံးဟာ ပြည့်ဝတဲ့စိတ်ချမ်းသာမှုကို ရနေကြတာဖြစ်ပါတယ်၊

ယနေ့.ကမ္ဘာ့.နေရာများစွာမှာ ဆိုးရွားတဲ့ရာသီဥတုလို သဘာဝဘေးအန္တရာယ်တွေ ကျရောက်နေတာကို ကျွန်ုပ်တို့.တွေ့.မြင်နိုင်ကြပါတယ်၊ အဲဒါတွေဟာ ကျွန်ုပ်တို့.ရဲ့. သန္တာန်မှာရှိနေတဲ့ စိတ်ဓါတ်မစင်ကြယ်မှု ကိလေသာတွေကြောင့်ပဲဖြစ်ပါတယ်၊ တစ်နည်းအားဖြင့် ပြောရရင် ကျွန်ုပ်တို့.တတွေ သဘာဝ ဘေးအန္တရာယ်အမျိုးမျိုးနဲ့. ကြုံတွေ့.နေရတာဟာ သမ္မာမဂ္ဂင်လို့.ခေါ်တဲ့ မှန်ကန်တဲ့ ကျင့်စဉ်ကို မကျင့်သုံး နိုင်ကြလို့.ပဲ ဖြစ်ပါတယ်၊

အမှန်တကယ်တော့ ကျွန်ုပ်တို့.ဟာ မိစ္ဆာမဂ္ဂင်လို့.ခေါ်တဲ့ မှားယွင်းတဲ့လမ်းကြောင်းပေါ်မှာ လျှောက်လှမ်းနေကြသူတွေများပါတယ်၊

မှားယွင်းတဲ့ မိစ္ဆာလမ်းကြောင်းဆိုတာကတော့

| | |
|---|---|
| မိစ္ဆာဒိဋ္ဌိ | မှားသော အပြစ်မကင်းသော အသိအမြင် |
| မိစ္ဆာသင်္ကပ္ပ | မှားသော အပြစ်မကင်းသော အတွေးအခေါ် |
| မိစ္ဆာဝါစာ | မှားသော အပြစ်မကင်းသော အပြောအဆို |
| မိစ္ဆာကမ္မန္တ | မှားသော အပြစ်မကင်းသော အပြုအမူ |
| မိစ္ဆာအာဇီဝ | မှားသော အပြစ်မကင်းသော စီးပွါးရေး |
| မိစ္ဆာဝါယာမ | မှားသော အပြစ်မကင်းသော ကြိုးစားမှု |
| မိစ္ဆာသတိ | မှားသော အပြစ်မကင်းသော သတိရဆင်ခြင်မှု |
| မိစ္ဆာသမာဓိ | မှားသော အပြစ်မကင်းသော စူးစိုက်မှု တို့.ဖြစ်ကြပါတယ်။ |

သမ္မာမဂ္ဂင်က ငြိမ်းချမ်းမှုရအောင် အပြည့်အဝပြုလုပ်ပေးနိုင်သလို မိစ္ဆာမဂ္ဂင်က ငြိမ်းချမ်းမှုကင်းဝေးတဲ့ အခြေအနေမျိုးရောက်အောင် ဖန်တီးပေးပါတယ်၊ ဒါ့ကြောင့် ငြိမ်းချမ်းမှု လိုလားသူတိုင်းဟာ သမ္မာမဂ္ဂင်လို့.ခေါ်တဲ့ မှန်သောလမ်းကို လျှောက်လှမ်းနိုင်အောင် ကြိုးစားသင့်ကြပါတယ်၊

သမ္မာမဂ္ဂင်ဆိုတဲ့လမ်းကို ဗုဒ္ဓက ချမှတ်ပေးထားတာပါ၊ ဒါပေမဲ့ သမ္မာမဂ္ဂင်ဆိုတဲ့ ကျင့်စဉ်ကို ဗုဒ္ဓဘာသာဝင်တွေသာမကပါဘူး၊ မည်သည့် လူမျိုး မည်သည့်ဘာသာဝင်မဆို လိုက်နာကျင့်သုံးနိုင်ကြပါတယ်၊ သမ္မာမဂ္ဂင်ကျင့်စဉ်ကို လိုက်နာကျင့်သုံးသူမည်သူမဆို ငြိမ်းချမ်းမှုကို ရကြပါလိမ့်မယ်၊

ကျွန်ုပ်တို့.ဟာ သမ္မာမဂ္ဂင်လမ်းစဉ်ကို ပြည့်ပြည့်ဝဝကျင့်သုံးနေနိုင်ပြီဆိုရင် ဗုဒ္ဓရဲ့. ဝိပဿနာကျင့်စဉ်ကိုပါ အလိုလို ကျင့်သုံးလာနိုင်ပါလိမ့်မယ်၊ ဗုဒ္ဓရဲ့. ဝိပဿနာကျင့်စဉ် (Buddhist meditation) ဟာ နိဗ္ဗာန်ဆိုတဲ့ ငြိမ်းချမ်းမှုကို ရစေနိုင်တဲ့ ကျင့်စဉ်ဖြစ်ပါတယ်၊ အကယ်၍ သင်ဟာ ဗုဒ္ဓရဲ့. ဝိပဿနာကျင့်စဉ်ကို ကျင့်လာနိုင်ပြီဆိုရင် သမ္မာမဂ္ဂင်ရှစ်ပါးကိုလည်း အပြည့်အဝကျင့်သုံးနေနိုင်သူ တစ်ယောက်ဖြစ်ပါတယ်၊ အဲဒီအခါမှာ သင်ဟာ လောကငြိမ်းချမ်းရေးကိုသာမက လောကုတ္တရာ ငြိမ်းချမ်းရေးကိုပါ ရနိုင်သူတစ်ယောက်ဖြစ်လာပါလိမ့်မယ်။

Buddhist meditation ကို လက်တွေ့.ကျင့်သုံးနိုင်ဖို့.အတွက် ဥာဏ်အဆင့်ဆင့်ရအောင် သင်ကြားကြိုးစားရပါလိမ့်မယ်၊ ပဋိသမ္ဘိဒါမဂ်ပါဠိတော်မှာ ဥာဏ်(၇၃)မျိုးအထိပြထားပါတယ်၊ အဲဒီအထဲမှာ ကျွန်ုပ်တို့.ရနိုင်တာကတော့ ဥာဏ်(၆၇)မျိုးမျှသာ ဖြစ်ပါတယ်၊ အဲဒီဥာဏ်တွေရဖို့. ကျင့်စဉ်ကတော့ သမ္မာမဂ္ဂင်ရှစ်ပါးပဲဖြစ်ပါတယ်၊

ကျွန်ုပ်တို့ရဲ့ ပတ်ဝန်းကျင်ကို လေ့လာကြည့်ရင် သမ္မာမဂ္ဂင်ကို လက်တွေ့ကျင့်သုံးနိုင်သူဟာ အင်မတန်နည်းပါတယ်၊

ငါလုပ်နေတဲ့အလုပ်တွေဟာ အမှန်တွေပါလို့ သင်တွေးကောင်းတွေးပါလိမ့်မယ်၊ ဒါပေမဲ့ သင်လုပ်နေတဲ့ အလုပ်တိုင်းဟာ သင့်အတွက် သင့်မိသားစုအတွက် သင့်မိတ်ဆွေတွေအတွက် သင့်နိုင်ငံအတွက်ဖြစ်တယ်ဆိုတာကိုတော့ သင်မမေ့ပါနဲ့၊

ဗုဒ္ဓရဲ့ အဘိဓမ္မာအလိုအရ ငါ့ကိုယ် ငါဟာ ငါဥစ္စာဆိုတဲ့ အမြင်နဲ့ ပြုလုပ်မှုမှန်သမျှဟာ သမ္မာဒိဋ္ဌိ အလုပ်မျိုးမဟုတ်ပါဘူး၊ သင်ဟာဘယ်အချိန်မှာမဆို သခ်ါရဓမ္မဆိုတဲ့ တူညီတဲ့အမြင်မျိုးမြင်နိုင်အောင် ကြိုးစားရပါလိမ့်မယ်၊

ဗုဒ္ဓကဟောတယ်၊ သဗ္ဗေ သခ်ါရာ အနိစ္စာ တဲ့၊ သခ်ါရတရားတွေဟာ မမြဲဘူးတဲ့၊ ဒီဟောကြားချက်မှာ သဗ္ဗေသခ်ါရာ ဆိုတဲ့ စကားလုံးနဲ့ အနိစ္စာဆိုတဲ့ စကားလုံးနှစ်လုံးကို သင်သတိပြုရပါလိမ့်မယ်၊ သင်မြင်သမျှ ကြားသမျှအရာအားလုံးဟာ သခ်ါရတရားတွေပါ၊ သူတို့ဟာ မမြဲကြပါဘူး၊ သခ်ါရတရားထဲမှာ ငါဆိုတာမရှိသလို ငါ့ဥစ္စာဆိုတာလည်းမရှိပါဘူး၊ ခိုင်မြဲတဲ့ အရာဆိုတာလည်း မရှိပါဘူး၊

ပြီးတော့ ဗုဒ္ဓကဟောသေးတယ်၊ စရံဝါ ယဒိဝါ တိဋ္ဌံ နိသိန္နော ဥဒဝါ သယံ၊ ပသာရေတိ သမိဉ္ဇေတိ ဧသာ ကာယဿ ဂ္ဂဉ္ဇနာတဲ့၊ သွားနေတာ ရပ်နေတာ ထိုင်နေတာ လဲလျောင်းနေတာတွေဟာ ပုဂ္ဂိုလ်သတ္တဝါမဟုတ်ဘူး၊ နာမ်ရုပ်တို့ရဲ့ လှုပ်ရှားမှုတွေတဲ့၊ တကယ်တော့ နာမ်ရုပ်ရဲ့သဘာဝကို မြင်အောင်ကြည့်နိုင်မှ သမ္မာဒိဋ္ဌိအစစ်အမှန်ဖြစ်ပါတယ်၊ သမ္မာဒိဋ္ဌိဖြစ်ရင် သမ္မာသင်္ကပ္ပစတဲ့ မဂ္ဂင်တွေလည်း ဖြစ်နေပါပြီ။

သမ္မာမဂ္ဂင်တွေဖြစ်နေချိန်မှာ အမြင်မှားမှုဆိုတဲ့ ဒိဋ္ဌိကိလေသာကို သင်ပယ်နိုင်ပါတယ်၊ ရုပ်နာမ်တွေဟာမမြဲဘူးလို့ သိလိုက်တဲ့အချိန်မှာ တဏှာကိလေသာကို သင်ပယ်နိုင်ပါတယ်၊ ဒိဋ္ဌိစွဲနဲ့ တဏှာစွဲ ကင်းစင်သွားပြီဆိုရင် သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ တရားတွေ ဘယ်တော့မှ ဖြစ်မှာမဟုတ်တော့ပါဘူး၊ အဲဒီအချိန်မှာ သင့်ရဲ့စိတ်ဟာ သိပ်ကို ငြိမ်းချမ်းနေပါတယ်။

ပဋိသမ္ဘိဒါမဂ္ဂ ပါဠိတော် ဣန္ဒိယကထာအလိုအရ ဣန္ဒြေငါးမျိုးတို့ရဲ့ ဖြစ်ခြင်း ပျက်ခြင်း သာယာဖွယ်ကောင်းခြင်း အပြစ်တင်ထိုက်ခြင်း လွတ်မြောက်နိုင်ခြင်း သဘောတွေကို မသိနိုင်ဘူးဆိုရင် သမဏလို့ခေါ်တဲ့ ငြိမ်းချမ်းမှုရှိတဲ့သူလို့ မခေါ်နိုင်ဘူးတဲ့၊ ဘာကြောင့်လဲဆိုတော့ ငြိမ်းချမ်းမှုဖြစ်ကြောင်း သမ္မာမဂ္ဂင်တရား ရှစ်ပါး သူ့မှာမရှိလို့ပဲ၊ ဝိပဿနာကျင့်စဉ်ကိုကျင့်ရင် အရိယမဂ်လို့ခေါ်တဲ့ လောကုတ္တရာမဂ္ဂင်ကို ရနိုင်ပါတယ် လောကုတ္တရာမဂ်ကို ရရင် ပြည့်ဝတဲ့ ငြိမ်းချမ်းမှုကို ရနိုင်ပါတယ်။

ဒါ့ကြောင့် သမ္မာမဂ္ဂင်လို့ခေါ်တဲ့ ဗုဒ္ဓရဲ့ ဝိပဿနာကျင့်စဉ်ဟာ ကမ္ဘာ့ငြိမ်းချမ်းရေးကို ဖြစ်စေတဲ့ ကျင့်စဉ်ပါ၊ ဒါ့ကြောင့် ငြိမ်းချမ်းမှုကိုလိုလားတဲ့ အထူးသဖြင့် စိတ်ငြိမ်းချမ်းမှုကို လိုလားတဲ့ လူသားတိုင်းဟာ သမ္မာမဂ္ဂင်လို့ခေါ်တဲ့ ဝိပဿနာကျင့်စဉ်ကို မလွဲမသွေ ကျင့်ကြရမှာ ဖြစ်ပါတယ်။

လောကသားအားလုံး သမ္မာမဂ္ဂင်ရှစ်ပါးနဲ့ ပြည့်စုံနိုင်ကြပါစေ၊
လောကသားအားလုံး ဝိပဿနာ ကျင့်စဉ်ကို ကျင့်နိုင်ကြပါစေ၊
လောကသားအားလုံး ငြိမ်းချမ်းမှုကို ရနိုင်ကြပါစေ။

# ဗုဒ္ဓဘာသာနှင့် ဗုဒ္ဓဘာသာ၏ မျက်မှောက်ကမ္ဘာကြီးအပေါ် အကျိုးပြုသက်ရောက်မှု

ဘဒ္ဒန္တဆေကိန္ဒ
အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓ
သာသနာပြုတက္ကသိုလ်

ကောင်းသောနေ့ပါ ဓမ္မမိတ်ဆွေအပေါင်းတို့....

မြန်မာနိုင်ငံကြီးရဲ့မြို့တော်ဖြစ်တဲ့ ရန်ကုန်မြို့မှာ ယနေ့ကျင်းပတဲ့ ကမ္ဘာဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး မှာ "ဗုဒ္ဓဘာသာနဲ့ ဗုဒ္ဓဘာသာရဲ့ ယနေ့မျက်မှောက်ကမ္ဘာကြီးအပေါ် အကျိုးပြုသက်ရောက်မှု" ဆိုတဲ့ စာတမ်းကို တင်ပြခွင့်ရတဲ့အတွက် ကျွန်ုပ်အနေနဲ့ အထူးပဲ ဝမ်းမြောက်ပါတယ်။

ဗုဒ္ဓမြတ်စွာ ရှင်တော်ဘုရား ပရိနိဗ္ဗာန် စံဝင်တော်မူပြီးတာ နှစ်ပေါင်း ၂၅၄၈ နှစ်ရှိခဲ့ပါပြီ။ ယနေ့ကမ္ဘာကြီးဟာလည်း Information Technology ခေတ်ကြီးအတွင်းကို ချဉ်းနင်းဝင်ရောက်လို့ နေခဲ့ပါပြီ။ ကျွန်ုပ်တို့ မိုတင်းနေထိုင်နေကြတဲ့ မျက်မှောက်ကမ္ဘာကြီးဟာလည်း ထူးထွေဆန်းပြားတဲ့ နည်းပညာတွေနဲ့ သတင်းကွန်ယက် စနစ်တွေကြောင့် ကမ္ဘာရွာကြီးတစ်ရွာအသွင်အနေနဲ့ နေထိုင်မှုပုံစံတွေ ပြောင်းလဲလို့ လာခဲ့ပါပြီ။ ကွန်ပျူတာ အသုံးပြုမှုစနစ်ဆိုတဲ့ အလွန်ပြင်းထန်တဲ့ လုပ်ငန်းစွမ်းအားကြီးဟာ အကျွန်ုပ်တို့ လူသားတွေကို စက်ရုပ်လူသားဆိုတဲ့ အဖွဲ့အစည်းတစ်ခုဆီကို မောင်းနှင် ပို့ပေးနေပါတယ်။

ဗုဒ္ဓမြတ်စွာ ရှင်တော်ဘုရား ပွင့်တော်မမူခင်နဲ့ ဗုဒ္ဓမြတ်စွာရှင်တော်ဘုရား မျက်မှောက် ထင်ရှားရှိစဉ် ခေတ်အခါတွေမှာလည်း လူ့ဘောင်အဖွဲ့အစည်းကြီးဟာ ဘာသာတရား အသီးသီးရဲ့ မွန်မြတ်တဲ့ စိတ်ပိုင်းဆိုင်ရာ လမ်းညွှန်မှုအောက်မှာ အဆင့်အတန်း သိက္ခာရှိရှိ ကျက်သရေပြည့်စုံစွာနဲ့ စီးဆင်းလာခဲ့ပါတယ်။ ဘာသာရေးဆိုတဲ့ အဖွဲ့အစည်းများရဲ့ အမည်နာမနဲ့ အခေါ်အဝေါ်သင်္ကေတတွေ ကွဲပြားကောင်း ကွဲပြားနိုင်ပေမယ့် ဘာသာတရားတိုင်းဟာ လူ့ဘောင်အဖွဲ့အစည်းကို လမ်းညွှန်မှု ပေးခဲ့တာချည်းပါပဲ။

လူသားများဟာ ကိုယ်ကျင့်တရားနဲ့ စိတ်ဓါတ်ရေးရာ ဖွံ့ဖြိုးမှုစွမ်းအားများကို တိုးတက်အောင် ဆောင်ရွက်နိုင်တဲ့ အရည်အချင်းကောင်းတွေ အများကြီးရှိကြတဲ့သူတွေပါ။ တစ်ကမ္ဘာလုံး အတိုင်းအတာနဲ့ လူသားတစ်ဦးချင်းစီရဲ့ တန်ဖိုးတွေကို မြှင့်တင်မယ်ဆိုရင် စိတ်ဓါတ်ရေးရာ လမ်းညွှန်ဆရာအဖြစ် ကိုယ်ကျင့်တရားကို အခြေခံထားဖို့ လိုအပ်လှပါတယ်။

ရွှေ့လျားနေတဲ့ အချိန်နဲ့အတူ ကာမဂုဏ်စည်းစိမ်ချမ်းသာကိုသာ လိုလားတပ်မက်တဲ့ ဆန္ဒက တွန်းတင်ပေးတဲ့ လမ်းမကြီးပေါ်ကို ရောက်နေရတဲ့ လူသားတွေဟာ မိမိတို့ရဲ့ အလိုအာသာ ပြည့်ဝဖို့ အတွက်သာ နေ့မအား ညမအား တစ်နေကုန် တစ်နေခမ်း အဆုံးမရှိတဲ့ လိုအပ်ချက်တွေကို ဆန်းသစ်တီထွင် ဖန်တီးလုပ်ကိုင်ရင်းနဲ့ပဲ ဘဝရဲ့တန်ဖိုးရှိတဲ့ အချိန်တွေကို ဖြုန်းတီးပစ်ခဲ့ကြရပါတယ်။ ကမ္ဘာလူသားတွေဟာလည်း အဲဒီသိပ္ပံဖန်တီးမှုများဆိုတဲ့ အံ့ဖွယ်သရဲ လုပ်ငန်းကြီးတွေအပေါ်မှာပဲ အလွန်သာယာနေကြပါတယ်။ ဒီဖန်တီးမှုကြီးကသာ ကိုယ်ကျင့်တရားကောင်းဆိုတဲ့ အခြေခံလိုအပ်ချက်တွေ မပြည့်မစုံ ချို့ချို့တဲ့တဲ့ဖြစ်နေရတဲ့ ရုပ်ပစာန၊ ရုပ်ဝတ္ထုဥစ္စာစားပေးနေတဲ့ လူ့ဘောင်လောကကြီးဆီကို အရှိန်ပြင်းပြင်းနဲ့ တွန်းပို့နေခြင်းသာ ဖြစ်ပါတယ်။ ဒီလိုနဲ့ပဲ လူသားတွေက ခေတ်ရေစီးကြောင်းတိုးတက်မှုဆိုတဲ့ အလျင်ကြီးကို အမှီလိုက် မျောပါနိုင်ဖို့ ကွန်ပျူတာ အသုံးချမှုစနစ် လုပ်ငန်းဘောင်

အတွင်း အံဝင်ဂွင်ကျဖြစ်အောင် ရုန်းရင်းကန်ရင်း လှုပ်ရှားရင်းနဲ့ တဖြည်းဖြည်း လူစက်ရုပ်တွေ ဖြစ်မှန်း မသိပဲ စက်ရုပ်ခေတ်ဆီကို ဆိုက်ရောက်လို့လာခဲ့ပါပြီ။

လူသားစင်စစ်တွေရဲ့ အခြေခံရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်တွေဆိုတာ ရှိပါတယ်။ အဲဒါတွေကတော့ စားသောက်ရေး၊ နေထိုင်ရေး၊ ဝတ်ဆင်ရေးနဲ့ ကျန်းမာရေးတွေပဲ ဖြစ်ပါတယ်။ ကျွန်ုပ်တို့ရဲ့ နေ့စဉ် လိုအပ်ချက် ဒီလေးမျိုးဖြည့်ဆည်းမှုကပဲ လူသားတွေကို လှုပ်ရှားစေခဲ့ပါတယ်။ အချိန်တရားဟာ လျင်လျင်မြန်မြန်ပဲ လောကကို နှစ်သက်သာယာမှုရဲ့ တောင်းဆိုချက်တွေနဲ့အတူ ရှေ့ကိုရွေ့လျားနေကြတဲ့အခါ လူသားတွေဟာ တစ်ဦးနဲ့တစ်ဦး တစ်ယောက်နဲ့တစ်ယောက် အထက်တန်းကျကျ အဆင့်မြင့်ရေး စီးပွားရေး ပြည့်စုံရေး၊ ကျော်စောမှုပါဝါအာဏာ ဆိုတဲ့ ဟန်ဆောင်မှုရည်မှန်းချက်ကို ဦးတည်ပြီး အပြိုင်အဆိုင် တိုက်ပွဲဝင်နေကြပါတယ်။ ဗုဒ္ဓမြတ်စွာ ရှင်တော်ဘုရားရဲ့ အဆုံးအမအနေနဲ့ကတော့ အဲဒီရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်တွေက ပြီးပြည့်စုံမှုဆိုတာ မရှိနိုင်ပါဘူး။ ဒါပေမယ့် စိတ်ပိုင်းဆိုင်ရာ ချမ်းသာမှုရရှိဖို့နဲ့ လွတ်မြောက်မှုလမ်းစဆီကို ဦးတည်နိုင်ဖို့ အတွက်တော့ အသုံးလိုတဲ့ ကိရိယာတန်ဆာပလာတွေသာဖြစ်ပါတယ်။

ယခုမျက်မှောက်ကမ္ဘာကြီးမှာ ကျွန်ုပ်တို့ရဲ့ နိစ္စဓုဝမြင်နေရတဲ့ လှုပ်ရှားမှုတွေဟာ စက်ရုပ်လူသားစနစ်ကြီးရဲ့ အောက်မှာပဲ ရောက်ရှိနေပါတယ်။ စိတ်တင်းကျပ်မှု စိတ်ဖိစီးမှုတွေကို ကုစားနိုင်ဖို့ အတွက် ဝတ္ထုအာရုံ ကာမဂုဏ်တွေကို ရှာဖွေပေးနေရတဲ့ လုပ်ဆောင်ချက်တွေနဲ့သာ ဘဝကို ဖြည့်ဆည်းပေးနေရပါတယ်။ လူသားတွေဟာ မိုးလင်းကနေ မိုးချုပ်ဆိုသလိုပဲ သူတို့ရဲ့ တန်ဖိုးကြီးလှတဲ့ အချိန်တွေကို သူတို့ရဲ့ စီးပွားရေးနယ်ပယ်ရဲ့ လှုပ်ရှားမှုတွေအပေါ် စိတ်ဝင်တစား ထားရှိခြင်းနဲ့သာ ဖြုန်းတီးပစ်နေပါတယ်။ အသိဉာဏ်တွေ အားနည်းပြီး၊ ဘာသာရေးအကျိုးသက်ရောက်မှုတွေအပေါ် လူသားတွေရဲ့ တွေးတောဆင်ခြင်ဆောင်ရွက်နိုင်မှု အခွင့်အလမ်းအတွက် အချိန်ပေးနိုင်မှုမရှိကြပါဘူး။ အထူးအားဖြင့်ကတော့ လူနေမှုဘဝကြီးတစ်ခုလုံးကို တိုးတက်စေနိုင်ဖို့ အသုံးချနိုင်တဲ့ ဗုဒ္ဓမြတ်စွာ ဘုရားရှင်ရဲ့ အဆုံးအမကိုတော့ သိဖို့ရာအတွက် အခွင့်အရေး အလွန်နည်းပါးကြပါတယ်။

အများအားဖြင့် လူတွေဟာ "ISM" ဆိုတဲ့ စကားလုံးကို ကြားလိုက်တာနဲ့ ကန့်လန့်ကာချကာ တံခါးပိတ်လုပ်ချင်ကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ "ISM" အားလုံးကား အတူတူပါပဲ။ သက်ဆိုင်ရာ ယုံကြည်ကိုးကွယ်ချည်းပါပဲဟု ထင်ကြလို့ ဖြစ်ပါတယ်။ အတိအကျပြောရင် ဗုဒ္ဓတရားဟာ "ISM" မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဗုဒ္ဓတရားဟာ သဘောတရားရေးသက်သက်စနစ်နဲ့ပဲ တည်ဆောက်ထားတာမဟုတ်လို့ပါ။ ဗုဒ္ဓတရားဟာ မြင့်မြတ်တဲ့ဘဝပညာ၊ မှန်ကန်တဲ့ ဘဝနေနည်းနဲ့ စင်စစ်ငြိမ်းချမ်းတဲ့ ဘဝအခြေအနေတို့ကို အထောက်အကူပြုပါတယ်။ သဘာဝအားဖြင့် သတ္တဝါတိုင်းဟာ ကောင်းမွန်လုံခြုံတဲ့ဘဝကို တောင့်တကြတာပါပဲ။ ဒါ့ကြောင့် ဒါဟာ လိုအပ်တဲ့ ဘုံပန်းတိုင်တစ်ခုဖြစ်လာပါတယ်။ သို့သော်လည်း ရည်မှန်းချက်ပန်းတိုင်ကို ချဉ်းကပ်တဲ့လမ်းကြောင်းက ပန်းတိုင်ကိုဦးတည်ရာကနေ ဒုက္ခပင်လယ်ဝေးရာဆီသို့ သွေဖီသွားပါတယ်။ အကြောင်းကတော့ သတ္တဝါတွေကို တွေဝေမှုမောဟက ဖုံးကွယ်ထားလို့ပါပဲ။ တစ်နည်းအားဖြင့် ပြောရရင် တွေဝေမှု အမှန်မသိမှု မောဟဟာ ခံစားရတဲ့ ဒုက္ခအားလုံးအတွက် တာဝန်ရှိပါတယ်။

စိတ်ပိုင်းဆိုင်ရာ အကျင့်တွေက နည်းနေမယ်ဆိုရင် ရုပ်ပိုင်းဆိုင်ရာ ဘဝနေနည်းတွေနဲ့ အကျွမ်းတဝင် ဖြစ်နေတဲ့ ချမ်းသာသူများဟာ စိတ်ချမ်းသာမှုကို မရနိုင်ပါဘူး။ စိတ်ပိုင်းဆိုင်ရာ အသိဉာဏ်

ဖွံ့ဖြိုးမှုနည်းလမ်းတွေ ပျောက်ဆုံးနေသူဟာ ဥစ္စာဓန ကျော်ကြားထင်ရှားမှုနဲ့. သြဇာအာဏာတွေကို သေးသိမ်တဲ့နည်းတွေ သူရဲ့ပိုင်ဆိုင်မှုတွေသုံးပြီး ရယူနိုင်ပါတယ်။ လူသားတွေဟာ ကောင်းမွန်တဲ့ အထောက်အပံ့တွေကို စိတ်ပိုင်းအရရော ရုပ်ပိုင်းအရပါ လိုအပ်တယ်ဆိုတာ အထူးပြောဖို့ မလိုပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ရုပ်နာမ် စနစ်ပါတဲ့ ဖွဲ့စည်းထားပုံပါပဲ။ ရုပ်ဝတ္ထုရုရှိမှု နည်းလမ်းများဖြင့် ဘဝဖြည့်ဆည်းမှုဟာ စိတ်တည်းဟူသော ရေမရှိလို့ လုံးဝခန်းခြောက်နေတဲ့ ကန်နဲ့တူပါတယ်။ ကန်ဆိုတဲ့ စကားလုံးမှာ ရေရောမြေသားပါ အကျုံးဝင်ပါတယ်။ တစ်ခုမရှိရင် တစ်ခုက မရှိနိုင်ပါဘူး။ ထိုနည်းတူစွာ လူဟာ စိတ်ပိုင်းရော ရုပ်ပိုင်းပါ ဖွံ့ဖြိုးဖို့ လိုပါတယ်။ သို့မှသာ အခြေခံစိတ်ရုပ် ရေကန်မှ လောကကို အလှဆင်မယ့် ဉာဏ်ပညာကြာပန်း ပွင့်လာနိုင်မှာ ဖြစ်ပါတယ်။

ရုပ်ပိုင်းဆိုင်ရာ ကျေနပ်မှုရရှိခြင်းသက်သက်ဟာ ပန်းတိုင်မဟုတ်ပါ။ ဘာဖြစ်လို့လဲဆိုတော့ တိရစ္ဆာန်တွေမှာလည်း ဒီအဆင့် ဒါမှမဟုတ် ဒီလောက်နီးနီးအဆင့်ကို ရရှိနိုင်လို့ပါပဲ။ လိုအပ်ချက်လေးမျိုးကို ကျေနပ်နေရုံလောက်ဆိုရင် လူသားတွေရဲ့ ဘဝဟာလဲ အနိမ့်ဆုံးအဆင့်ဖြစ်တဲ့ တိရစ္ဆာန်ထက် ဘာမှပိုပြီးမကောင်းပါဘူး။ ခံစားမှုဆိုင်ရာအဆင့်ကို တွေးခေါ်မြော်မြင်မှုဆိုင်ရာ အဆင့်တို့ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုအဆင့်တို့ ဆိုတာတွေလည်း ရှိပါသေးတယ်။

ခံစားမှုအဆင့်နဲ့. ပတ်သက်လို့ကတော့ လူတွေဟာ ကြိုက်မကြိုက်ဆိုတာတွေကို ပိုပြီးအလေးထားကြပါတယ်။ လူပ်ရှားမှုအားလုံးဟာ စိတ်ခံစားမှုက တိုက်ရိုက်ထုတ်လွှင့်လိုက်တာဖြစ်ပါတယ်။ အကျိုးသက်ရောက်မှုဟာ မှားယွင်းတဲ့ဆင်ခြင်မှု ဒါမှမဟုတ် မှားယွင်းတဲ့အသိကို ဦးတည်နိုင်ပါတယ်။ အဆင့်နိမ့်သတ္တဝါများဟာလည်း သူတို့ရဲ့. နေ့စဉ်ဘဝကို ဒီလိုပဲ ဖြတ်သန်းကြပါတယ်။ ဒါကြောင့် ဒီအဆင့်ဟာ ရုပ်ပိုင်းဆိုင်ရာအဆင့်ထက် မပိုပါဘူး။ ဒုတိယအဆင့်ကတော့ တွေးခေါ်မြော်မြင်မှု ဆိုင်ရာ အဆင့်ဖြစ်ပါတယ်။ ဒီအဆင့်မှာ လူတွေဟာ တွေးခေါ်မြော်မြင်မှုများ၊ ဉာဏ်ပညာဖွံ့ဖြိုးစေမည့်အရာများကို သင်ယူမှုများကို အလေးထားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ စာပေရဲ့ရသကို ခံစားနိုင်လာလို့ ဖြစ်ပါတယ်။ နောက်ဆုံးအဆင့်ကတော့ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှု အဆင့်ဖြစ်ပါတယ်။ ဒီအဆင့်ကို ကိုယ်ကျင့်တရားဆိုင်ရာအဆင့်လို့ ခေါ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်ကျင့်သီလနဲ့. ပတ်သက်နေလို့ပါပဲ။ ကိုယ်ကျင့်သီလဟာ သနားကြင်နာမှု စာနာထောက်ထားမှု မေတ္တာတရားထားရှိမှု နားလည်သဘောပေါက်မှုတို့နဲ့.လည်း ဆက်စပ်လျက်ရှိပါတယ်။ တရားမျှတမှု သမာသမတ်ကျ ဆက်ဆံမှုတို့နဲ့. လည်း နီးနွယ်ပါတယ်။

ကိုယ်ကျင့်စည်းကမ်းမရှိရင် ကမ္ဘာကြီးဟာ စိတ်မချမ်းမြေ့ဖွယ်ရာ အဆုံးသတ်တဲ့ ပဋိပက္ခတွေထိပ်တိုက်တိုးမှုတွေနဲ့. ရင်ဆိုင်ရပြီး ဗရုတ်သုတ်ခဖြစ်နေမှာသေချာတယ်။ စည်းမျဉ်းစည်းကမ်း ချိုးဖောက်မှု ဒါမှမဟုတ် ကိုယ်ကျင့်တရားပျက်ပြားမှုဟာ တပ်မက်မှု မုန်းတီးမှုနဲ့. မသိနားမလည်မှုတို့အတွက် တွန်းအားဖြစ်ပါတယ်။ လူသားတစ်ယောက်ရဲ့အရည်အသွေးနဲ့. အဆင့်အတန်းဟာ သူ့ရဲ့. ကိုယ်ကျင့်တရားကို ထိန်းသိမ်းပေးမဲ့ စည်းကမ်းစည်းမျဉ်း ဥပဒေသများကို လိုက်နာမှုအပေါ်မှာ မူတည်ပါတယ်။ သီလမရှိရင် လူသားဟာ ကာမဂုဏ်အာသာလောက်နဲ့. ကျေနပ်နေတတ်တဲ့ တိရစ္ဆာန်အဆင့်ကို လျော့ကျသွားပါလိမ့်မယ်။ ဒါ့ကြောင့် သီလဟာ လူ့အဆောက်အအုံကြီးတစ်ခုလုံးရဲ့. မရှိမဖြစ်လိုအပ်တဲ့ အခြေခံအုတ်မြစ်ဖြစ်ပါတယ်။ ဗုဒ္ဓတရားတော်အရဆိုရင် ကောင်းမွန်မြင့်မြတ်သူဖြစ်တဲ့ ပညာရှိပုဂ္ဂိုလ်ဟာ

သီလဆိုတဲ့ ကိုယ်ကျင့်စည်းကမ်းတွေ၊ စိတ်တည်ကြည်ခိုင်ခန့်မှုတွေ ထိုးထွင်းသိမြင်မှုနဲ့ နားလည်မှုဆိုတဲ့ ပညာတရားတွေကို ကိုယ်တိုင်ကျင့်သုံးသူ ဖြစ်သင့်ပါတယ်။

ဆိုးယုတ်တဲ့စိတ်တွေကို သန့်စင်ဖို့အတွက် တရားဘာဝနာပွားများခြင်းကို မဖြစ်မနေ ကျင့်ကြရပါမယ်။ ငြိမ်းအေးမှုပွားများခြင်းနှင့် ထိုးထွင်းသိမြင်မှုပွားများခြင်းဆိုပြီးတော့ ပွားများခြင်း နှစ်မျိုးရှိပါတယ်။ အာရုံတစ်ခုတည်းကို စူးစိုက်တဲ့ သမထဘာဝနာနည်း လေးဆယ်ထဲ တစ်ခုခုကို အသုံးပြုပြီး ပွားများမယ်ဆိုရင် အားကောင်းတဲ့ စိတ်ငြိမ်းချမ်းမှုအကျိုးကို ရရှိနိုင်ပါတယ်။ သမထဘာဝနာရဲ့ ထိုးထွင်းသိမြင်တဲ့ ပညာ(ဝိပဿနာ)ကိုတော့ မဖြစ်ပေါ်စေနိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သမထဟာ ပညတ်အရာသာ ဖြစ်လို့ပါပဲ။

ဝိပဿနာဘာဝနာကတော့ မှန်မှန်ကန်ကန် သဘောပေါက်မှုဆိုတဲ့ ပညာကို ဖြစ်ပေါ်စေနိုင်ပါတယ်။ ဝိပဿနာက အရှိကို အရှိအတိုင်း မြင်နိုင်ဖို့ သမာဓိကို အသုံးချပါတယ်။ ဒါကြောင့် ဝိပဿနာကို လက်တွေ့ပွားများသူတစ်ယောက်အတွက် အထူးသတ်မှတ်ထားတဲ့ ကမ္မဋ္ဌာန်း အာရုံဆိုတာ မလိုသလို တရားကျင့်သုံးဖို့ သီးသန့်ပတ်ဝန်းကျင်လည်း ဖန်တီးဖို့ မလိုပါဘူး။ တွေ့ကြုံသမျှ ရုပ်နာမ်တရားတွေကို သတိကပ်ပြီး ထိုးထိုးဖောက်ဖောက် မြင်နိုင်အောင် ကိုယ့်ကိုယ်ကို လေ့ကျင့်ပေးဖို့ လိုပါတယ်။ ရုပ်နာမ်နှစ်ပါးလုံးရဲ့ သဘာဝဟာ ထာဝရပြောင်းလဲနေခြင်း၊ မမြဲခြင်းဆိုတာမှတစ်ပါး အခြားဘာမှမရှိပါဘူး။ ဒါကြောင့် မမြဲတဲ့တရားအားလုံးဟာ ဆင်းရဲခြင်းနဲ့ အစိုးမရခြင်း ဆိုတဲ့ အဓိပ္ပါယ်တွေကိုလည်း ညွှန်ပြနေပါတယ်။ တစ်စုံတစ်ခုသောတရားကို မှန်မှန်ကန်ကန် သဘောပေါက်ဖို့ဆိုရင် ပထမအဆင့်အနေနဲ့ မှန်မှန်တွေးခေါ်ဆင်ခြင် သုံးသပ်နိုင်မှု စွမ်းအားလိုပါတယ်။ တစ်ခါ မှန်မှန်ကန်ကန်တွေးခေါ်သုံးသပ်နိုင်မှုကို လေ့ကျင့်ယူနိုင်ဖို့ မှန်မှန်ကန်ကန် လေ့လာဆည်းပူး သင်ယူမှုဟာ အင်မတန်အရေးကြီးပါတယ်။ ဒီလို ဆည်းပူးမှုဟာ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုရဲ့ အသက်ပါပဲ။

ဗုဒ္ဓတရားဟာ လူတိုင်းအတွက် အလွန်တန်ဖိုးရှိတဲ့တရားပါ။ ဗုဒ္ဓတရားကို ဘာသာရေးရှုထောင့်တစ်ခုတည်းကနေ ကြည့်မနေဘဲနဲ့ တရားတော်ရဲ့ အရည်အသွေးကို လက်တွေ့စမ်းသပ်ကျင့်သုံးသင့်ပါတယ်။ ဒါမှသာလျှင် ဗုဒ္ဓတရားတော်မှာသာ တွေ့ရှိနိုင်တဲ့ အံ့ဩစရာကောင်းတဲ့ အကျိုးကျေးဇူးတွေကို ခံစားနိုင်မှာ ဖြစ်ပါတယ်။ တစ်ကိုယ်ကောင်းဆန္ဒ၊ စိတ်ဆိုးရန်လိုမှု၊ နားလည်လွဲမှုတွေကြောင့် သာမန်လူတွေ(ပုထုဇဉ်)တွေဟာ နေ့စဉ်နဲ့အမျှ မကောင်းတဲ့ကာယကံ၊ ဝစီကံ၊ မနောကံတွေကို ပြုလုပ်နေကြပါတယ်။ ဒါကြောင့် လူတွေဟာ သူတို့ရဲ့ နေ့စဉ်ဘဝတွေထဲက မကောင်းတဲ့တရားတွေကို ပယ်နိုင်ရန် ကောင်းမွန်အကျိုးရှိတဲ့ ရလဒ်တွေကို ရရှိကြမှာပါပဲ။

မြတ်စွာဘုရားရဲ့ တရားတော်တွေကို အကျဉ်းချုပ်လိုက်ရင် မကောင်းတာမှန်သမျှ ဘာမှမလုပ်နဲ့၊ ကောင်းတာမှန်သမျှ အကုန်လုပ်၊ စိတ်ထားဖြူစင်သန့်ရှင်းအောင်လုပ် ဒါပါပဲ။ ပထမစကားစုက ကိုယ်ကျင့်တရား သီလကို ကိုယ်စားပြုပြီး ဒုတိယစကားစုက စိတ်တည်ငြိမ်အောင် ချမ်းသာမှု သမာဓိကို ကိုယ်စားပြုပါတယ်။ တတိယစကားစုကတော့ ကမ္ဘာငြိမ်းချမ်းရေးကို ဆောင်ရွက်ပေးနိုင်တဲ့ မြတ်စွာဘုရားရဲ့ တရားတွေကို လက်ဆင့်ကမ်းဝေငှကြဖို့ တာဝန်ဟာ မြတ်စွာဘုရားရဲ့ တပည့်တွေအပေါ်မှာ ရှိပါတယ်။

ရဟန်းတော်များနဲ့ သီလရှင်များက ခေါင်းဆောင်အခန်းကဏ္ဍမှ ပါဝင်ပြီး တရားတော်များကို လေ့လာဆည်းပူးခြင်း၊ လက်တွေ့ကျင့်ကြံခြင်းတွေမှာ စံနမူနာဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ ဒါယကာ ဒါယိကာမများဟာ တရားတော်တွေကို တိတိကျကျ ဆောက်တည်လိုက်နာသင့်ပါတယ်။ ဒါမှသာလျှင် မျိုးဆက်သစ်လူငယ်တွေက တန်ဖိုးထား အတုယူလာကြမှာ ဖြစ်ပါတယ်။ လူငယ်တွေအားလုံး လက်ခံကျင့်သုံးကြမယ်ဆိုရင် သူတို့တွေဟာ ငြိမ်းချမ်းတဲ့ လူ့အဖွဲ့အစည်းနဲ့ သာယာတဲ့ လူ့ပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်မည့် ကမ္ဘာသားကောင်း သမီးကောင်းတွေ ဖြစ်လာကြပါလိမ့်မယ်။

ဆိုတော့ ဒီတာဝန်ကို ဘယ်အချိန် ဘယ်အခါမှာ စတင်ဆောင်ရွက်ရမှာလဲ၊ အချိန်တောင် တော်တော်နောက်ကျနေပါပြီ။ ဘိုးဘွားဘီဘင်တွေ လုပ်ခဲ့သလိုပါပဲ။ ကူညီပေးမဲ့လက်တွေကို ခုချက်ချင်းပဲ ကမ်းသင့်ပါတယ်။ ကျွန်ုပ်ကတော့ ကျွန်ုပ်ရဲ့လက်တွေကို ကမ်းပေးနေပါတယ်။ ဒီအတွက် အရမ်း ဝမ်းသာတယ်။ မော်ဘီမှာရှိတဲ့ ကျွန်ုပ်ရဲ့ ဓမ္မဒူတကျောင်းမှာ ရှစ်နှစ်ကနေ နှစ်ဆယ့်ငါးနှစ် အတွင်းမှာရှိတဲ့ အရွယ်စုံကလေးငယ်တွေအတွက် တရားစခန်းတွေ ဖွင့်ပေးပါတယ်။ နွေရာသီကျောင်းပိတ်ရက်တွေမှာပါ ကလေးတွေဟာ ပျော်ပျော်ရွှင်ရွှင် နေထိုင်ကြပြီး တရားဓမ္မတွေကို နာကြားကြပါတယ်။ တစ်ဦးချင်းဆိုင်ရာ အပြုအမူကောင်းတွေ ယနေ့ခေတ်မီကမ္ဘာကြီးနဲ့ ကျယ်ကျယ်ပြန့်ပြန့် ဆက်ဆံနိုင်တဲ့ နည်းနာတွေကို သင်ယူကြပါတယ်။

ကျွန်ုပ်ရဲ့ အတွေ့အကြုံအရဆိုရင် တော်တော်ကို အားရစရာကောင်းတာကို တွေ့ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကလေးတွေဟာ တရားပတ်တွေကို ဆက်ကာဆက်ကာ စိတ်အားထက်ထက် သန်သန်နဲ့ ဝင်ရောက်နေကြလို့ပါပဲ။ သူတို့လေးတွေရဲ့ စိတ်သဘောထားတွေ ပြုမူဆက်ဆံပုံတွေ၊ အကျင့်စရိုက်တွေ တိုးတက်ကောင်းမွန်လာတာ တွေ့ရတော့ သူတို့ရဲ့မိဘတွေလည်း သိပ်ကိုဝမ်းသာ ပီတိဖြစ်ကြပါတယ်။ မိဘနဲ့သားသမီး ဆက်ဆံရေးနယ်ပယ်က ပြဿနာတွေကို ဖြေရှင်းရာမှာ ဒီကလေး တွေဟာ နမူနာကောင်းတွေဖြစ်လာတယ်။ ပြီးတော့ တခြားဆက်ဆံရေးနယ်ပယ်တွေမှာလည်း တရား စွမ်းရည်တွေကို တည်တည်ငြိမ်ငြိမ်နဲ့အသုံးချဖို့ ယုံကြည်မှုအပြည့် ရှိနေကြလိမ့်မယ်ဆိုတာလည်း ဒီကလေးတွေပဲ သက်သေပြနေပါတယ်။ မြတ်စွာဘုရားလက်ထက်တော်မတိုင်မီနဲ့ မြတ်စွာဘုရား လက်ထက်အချိန်တွေကဆိုရင် ကမ္ဘာလောကကြီးဟာ ငြိမ်းချမ်းပြီး ညီညွတ်ခဲ့ကြပါတယ်။ ဒါကြောင့် ကျွန်ုပ်ကတော့ မြတ်စွာဘုရားရဲ့ တရားတော်တွေကို ဆက်လက်ထိန်းသိမ်း ကျင့်ကြံခြင်းဖြင့် အားလုံး အတွက် ပျော်ရွှင်စရာကောင်းတဲ့ တိုးတက်ငြိမ်းချမ်းနေတဲ့ ဘုံဗိမာန်ကြီးတစ်ခု ဖြစ်လာလိမ့်မယ်လို့ ယုံကြည်ပါတယ်။

ဓမ္မမိတ်တွေအပေါင်းတို့ ဓမ္မမိတ်ဆွေတို့ဟာ လက်လှမ်းမီတဲ့နေရာကနေ ဒီမြင့်မြတ်တဲ့ လုပ်ငန်း ရပ်ကြီးမှာ ပါဝင်ဆောင်ရွက်ကြပါလို့ တိုက်တွန်းရင်းနဲ့ပဲ ကျွန်ုပ်ရဲ့ စာတမ်းကို နိဂုံးချုပ်ပါတယ်။

သတ္တဝါတိုင်း ပျော်ရွှင်ချမ်းမြေ့ကြပါစေ။

သည်းခံနားထောင်တဲ့အတွက် ကျေးဇူးများစွာ တင်ရှိပါတယ်။


WELCOME TO THE WORLD BUDDHIST SUMMIT
WELCOME TO THE WORLD BUDDHIST SUMMIT

# မြတ်ဗုဒ္ဓ၏ ကိုယ်ကျင့်သီလအယူအဆနှင့် မျက်မှောက်ကမ္ဘာဆက်နွယ်မှု

ဒေါက်တာဇိနဗောဓိဘိက္ခု
ဥက္ကဋ္ဌ နှင့် တွဲဘက်ပါမောက္ခ
စစ်တကောင်းတက္ကသိုလ်၊ စစ်တကောင်း
ဘင်္ဂလားဒေ့ရှ်

ကမ္ဘာ့အတွေးအခေါ်ပညာရှင်ကြီးများအနက် လူသားအားလုံးအဓိပ္ပါယ်ရှိပြီး ကောင်းမွန်လုံခြုံသော ဘဝရရှိရေးအတွက် ကိုယ်ကျင့်သီလစောင့်ထိန်းခြင်းသည် မလွဲမသွေ လိုက်နာရမည့်အချက်ဖြစ်ကြောင်း ညွှန်ပြဟောပြောခဲ့သူမှာ ဘီစီ(၆)ရာစုနှစ်အတွင်းက ပေါ်ထွန်းခဲ့သော ဂေါတမဗုဒ္ဓ ဖြစ်ပါသည်။

ညီမျှခြင်း၊ ထာဝရညီရင်းအစ်ကို စိတ်ထားရှိခြင်း၊ လူသားဆန်ခြင်း၊ အကြွမ်းမဖက်ခြင်းတို့သည် မြတ်ဗုဒ္ဓဟောကြားသည့် ကိုယ်ကျင့်သီလ၏ အနှစ်ဖြစ်ပါသည်။ ဗုဒ္ဓမြတ်ဘုရားသည် ကိုယ်ကျင့်သီလများကို စံနမူနာလက်တွေ့ လိုက်နာစောင့်ထိန်းခြင်းဖြင့် လူသားအားလုံး ရင်းနှီးချစ်ခင် ညီညွတ်သင့်မြတ်စွာ နေထိုင်နိုင်သည့် လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ထွန်းလာစေရန် မျှော်မှန်းခဲ့ပါသည်။

လူ့အဖွဲ့အစည်းဟူသောဝေါဟာရသည် မြတ်ဗုဒ္ဓအတွက် အလွန်လေးနက်သောသဘောဆောင်ပါသည်။ "သတ္တဝါဟူသမျှ စိုးရိမ်ပူပန်မှုများနှင့် အန္တရာယ်အပေါင်းမှ ကင်းဝေး၍ ချမ်းမြေ့ပျော်ရွှင်နိုင်ကြပါစေ" ဟူသော ဆုပေးစကားသည် သက်ရှိသတ္တဝါအားလုံး လုံခြုံစိတ်ချစွာနေထိုင်နိုင်သော ကမ္ဘာ့လူ့အဖွဲ့အစည်းတစ်ရပ်ကို မျှော်မှန်းထားခြင်းဖြစ်ပါသည်။

မြတ်ဗုဒ္ဓ၏ ကိုယ်ကျင့်သီလတွင် ထူးခြားသည့်အချက်(၃)ချက်ရှိပါသည်။ ၎င်းတို့မှာ -

(က) အကြွမ်းမဖက်ရေးအခြေခံမူ

(ခ) မွန်မြတ်သော ဘဝဆိုင်ရာ အခြေခံမူများ

(ဂ) ငါးပါးသီလ တို့ဖြစ်ပါသည်။

ဤအချက်များသည် လူ့အဖွဲ့အစည်းအတွင်း၌ဖြစ်ပေါ်နေသည့် မညီမျှမှုများနှင့် ပြိုကွဲပျက်စီးနေခြင်းများကို တွန်းလှန်ရန်အတွက် လူသားတို့လိုက်နာရမည့်လူ့ကျင့်ဝတ်များ၏ အခြေခံအုတ်မြစ်များ ဖြစ်ပါသည်။[၁]

ဤအခြေခံမူများကို အကျဉ်းသဘောရှင်းလင်းဆွေးနွေးသွားခြင်းဖြင့် မျက်မှောက်ခေတ်ကမ္ဘာနှင့် ဤမူများမည်သို့ ဆက်နွယ်နေပုံကို ကျွန်ုပ်တို့ စဉ်းစားနိုင်ပါလိမ့်မည်။

ခေတ်သစ်လူသားသည် ကြီးမားသော အကြပ်အတည်းနှင့် ရင်ဆိုင်နေရပါသည်။ လူသားတွင် သူ၏ဆန္ဒနှင့်ဘဝကို ထပ်တူထပ်မျှ အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည့် နည်းလမ်း ရှာမတွေ့သေးပါ။ ခေတ်သစ်လူသားဘဝတွင် ကိုးကွယ်ယုံကြည်မှုနှင့် လက်တွေ့လုပ်ဆောင်မှုတို့အကြား ကြီးမားသော ကွာဟချက်တစ်ခုရှိနေပါသည်။ ခေတ်သစ်လူသားအတွက် ဗုဒ္ဓသည် ကြီးမားသော အကူအညီဖြစ်နိုင်ပါသည်။ မြတ်ဗုဒ္ဓ၏တရားတော်သည် တရားသေဝါဒမဟုတ်သလို လူသားသည် ငြိမ်းချမ်းမှုကို လိုအပ်ပြီး ထိုငြိမ်းချမ်းမှုရရှိရန်အတွက် လူတစ်ဦးချင်းအနေနှင့် ဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ ပြင်းပြင်းထန်ထန်ကြိုးပမ်းအားထုတ်ရမည်ဟူသော အချက်မှတစ်ပါး အခြားမည်သည့် အာမခံချက်မှ

ပေးမထားပေ၊ အစဉ်အလာကိုးကွယ်ယုံကြည်မှု ဘာသာတရားများ၏ မောင်းနှင်တံဖြစ်သော ဘုရားသခင်ဝါဒမှာပင် ဤအချက်ကို မရည်ညွှန်းနိုင်ခဲ့ပေ။

အပြစ်(အကုသိုလ်)များကို လွန်ကျူးခြင်းမပြု၊ တစ်ပါးသူ၏ သနားညှာတာခြင်းကိုလည်း မမျှော်လင့်၊ မမှီခို၊ ထာဝရဘုရား၏ မျက်နှာသာပေးမှုကိုလည်း မတောင့်တဘဲ ပိုမိုကောင်းမွန်သော ရှင်သန်မှုနှင့် ဘဝကို ရရှိအောင် စွမ်းဆောင်နိုင်သည့် လူသား၏ဂုဏ်သိက္ခာနှင့် စွမ်းပကားအပေါ်၌သာ အားထားယုံကြည်ခြင်းသည် မြတ်ဗုဒ္ဓဒေသနာတော်၏ အမာခံကိုယ်ထည်ဖြစ်ပါသည်။

မြတ်ဗုဒ္ဓ၏ ဒေသနာတော်များတွင် အလွန်ကျယ်ပြန့်နက်နဲသော သဘောတရားများ ပါရှိသော်လည်း အခြေခံရည်မှန်းချက်မှာမူ လူသားအားလုံး၏ အကျိုးစီးပွားအတွက်သာ ဖြစ်ကြောင်း မငြင်းကွယ်နိုင်ပါ။ မြတ်ဗုဒ္ဓသည် သူ၏ဘဝတစ်လျှောက်လုံးတွင် တစ်ပါးသူများအတွက် ရှင်သန်ခဲ့သူဖြစ်ပါသည်။ ဤသို့ သူတစ်ပါးအကျိုးဆောင်ရွက်သယ်ပိုးခြင်းသည်ပင် ဗုဒ္ဓမြတ်စွာ၏ ကြီးကြယ်မြင့်မြတ်မှုနှင့် သူ၏ဘဝဒဿနအမြင် ရှင်သန်ထက်မြက်မှုတို့၏ လျှို့ဝှက်ချက်ပင်ဖြစ်ပါသည်။ မိမိရင်နှစ်သည်းချာသားရတနာအတွက် အမြဲကြောင့်ကြစိုက်နေသော မိခင်တစ်ဦးပမာ ကျွန်ုပ်တို့အနေဖြင့် ဘုရားရှိခိုးဝတ်ပြုချိန်များတွင် သက်ရှိသတ္တဝါအားလုံးတို့အပေါ် မေတ္တာတရား ပို့လွှတ်ပွားများသင့်ကြပါသည်။ မြင့်မြတ်သော နှလုံးသားဖြစ်လာစေရန်နှင့် အမုန်းတရားကို ချေဖျက်ရန်အတွက် မေတ္တာတရားထက်ကောင်းမွန်သင့်မြတ်သော အခြားဆေးများမရှိပါပေ။ လူသားတို့၏ အနာဂတ်သည် မရပ်မနားဆောင်ရွက်နေရသည့် ဓမ္မဓိဋ္ဌာန်ကျကျ ပြုပြင်ပြောင်းလဲမှုတစ်ခုတည်းအပေါ်တွင် မူမတည်ဘဲ စိတ်ရင်းစေတနာကောင်းများ ဖြစ်ပေါ်စေရန် လေ့ကျင့်ပြုစုပျိုးထောင်မှုလည်း ပြုလုပ်ရန်လိုအပ်ပါသည်။ ကျွန်ုပ်တို့တွင် ကျိုးကြောင်းဆင်ခြင်သုံးသပ်တတ်သောအမြင်နှင့် နှလုံးစိတ်ထားဖြူစင်ရေးကို လက်တွေ့နှင့် သဘောတရားအရပါ လေ့ကျင့်ပေးသည့် ကိုးကွယ်ယုံကြည်မှုတစ်ရပ်ရှိရပါမည်။ ဤသည်ကို ထောင်စုနှစ်မတိုင်မီကပင် ဗုဒ္ဓမြတ်စွာကပေးခဲ့ပြီး လူသားတို့၏ ရှင်သန်ရေးနှင့် ငြိမ်းချမ်းမှုရရှိရေး၏ လျှို့ဝှက်ချက်သည် ဤအချက်ကို စိတ်ပါလက်ပါအကောင်အထည်ဖော်ခြင်းပေါ်တွင် တည်မှီနေပါသည်။

အမှန်စင်စစ် မြတ်ဗုဒ္ဓ၏ အဆုံးအမမှာ ကိုယ်ကျင့်တရားနှင့်စပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုမှုတွင် အဆုံးသတ်ပါသည်။ မြတ်စွာဘုရား၏ ဘဝရေးရာ ဒဿနဆိုင်ရာအဓိကအချက်မှာ တစ်ပါးသူများအားထိခိုက်နစ်နာမှုမရှိစေရန်သာမက ၎င်းတို့အပေါ် စိတ်ကောင်းစေတနာကောင်းများထားရန် အခြေခံအားဖြင့် ကြိုးပမ်းအားထုတ်ခြင်းပင်ဖြစ်ပါသည်။ ဤအချက်ကို ထာဝရဘုရားဝါဒီများနှင့် ဘုရားမဲ့ဝါဒီများပါ မငြင်းနိုင်သကဲ့သို့ ငြင်းလည်း မငြင်းပယ်သင့်ချေ၊ ငြင်းပယ်ခြင်းဖြင့်လည်း လူသားများကို မပျက်စီးစေသင့်ပေ။

ခေတ်သစ်လူသားတို့ အမှန်တကယ်လိုအပ်နေသည်မှာ မိမိကိုယ်တိုင်ကောင်းနေရန်နှင့် တစ်ပါးသူများကောင်းလာစေဘို့အတွက် ကူညီသမှုပြုရန်ဖြစ်ပါသည်။ လူသားများတွင် ကောင်းမှုအတိနှင့် ပြည့်လျှမ်းနေသည်မှာ မြင်သာထင်သာ ရှိလှပါသည်။ မြတ်စွာဘုရားသခင်က သူ၏သဗ္ဗညုတဉာဏ်တော်ဖြင့် ကောင်းမှု၏ အနှစ်သာရသည် အလုပ်လုပ်မှုတွင်တည်သည်။ အသက်ရှင်နေထိုင်လိုမှုနှင့် တန်ခိုးဩဇာကြီးမာလိုမှုအပေါ်တွင်မတည်ဘဲ ပေးကမ်းလိုမှု၊ သူတစ်ပါးအကျိုးသယ်ပိုးလိုမှုနှင့် စိတ်အားထက်သန်မှုတို့အပေါ်တွင် တည်ကြောင်းညွှန်ပြခဲ့သည်။ ၂

ယခုတစ်ဖန် ကိုယ်ကျင့်တရားဆိုင်ရာအခြေခံမူများကို ရှင်းလင်းဆွေးနွေးပါမည်။ ပထမဦးဆုံးအကြမ်းမဖက်ရေးဖြစ်ပါသည်။ အကြမ်းမဖက်ရေးနှင့် ပတ်သက်၍ ဗုဒ္ဓ၏သဘောထားမှာ

လူသားအားလုံး အကြမ်းဖက်မှုကို ထိတ်လန့်တုန်လှုပ်ကြသည်။

အားလုံးသေခြင်းတရားကို ကြောက်ရွံ့ကြသည်။

မိမိကိုယ်နှင့် နှိုင်းယှဉ်၍ ကိုယ်ချင်းစာတရားထားကာ တစ်ပါးသူအား သတ်ဖြတ်ခြင်းကို သော်လည်းကောင်း သတ်ဖြတ်စေရန်သော်လည်းကောင်း မပြုလုပ်သင့်ပေ ဟူ၍ဖြစ်ပါသည်။

သို့ရာတွင် အကြမ်းဖက်မှုဟူသောစကားတွင် အခြားပုံစံများလည်းပါဝင်လျက်ရှိသည်ဟု ကျွန်ုပ်ဆိုလိုသည်။ အကြမ်းဖက်မှုမှာ လူသားများ၊ တိရစ္ဆာန်များနှင့် သဘာဝလောကတစ်ခုလုံးအား အန္တရာယ်ပြုခြင်း၊ နိမ့်ကျသွားစေခြင်း၊ လူသားအဖြစ်မှ ယုတ်လျော့သွားစေခြင်း သို့မဟုတ် ရိုင်းစိုင်းရက်စက်ခြင်းများဖြစ်ပါသည်။ ထို့အပြင် အကြမ်းဖက်သူဆိုသည်မှာ သူ၏ ကာယကံမှု ဝစီကံမှုများဖြင့် သွယ်ဝိုက်၍ သော်လည်းကောင်း၊ တိုက်ရိုက်သော်လည်းကောင်း၊ အန္တရာယ်ပေးခြင်းသို့မဟုတ် သူ၏မနောအတွေးများတွင် အဆိုပါအန္တရာယ်ပြုလိုစိတ်များဖြင့် ပြည့်လျှမ်းနေသူကို ဆိုလိုပါသည်။

ဗုဒ္ဓမြတ်စွာဘုရားရှင်သည် သူ၏စေတောပရိယဉာဏ်တော်ဖြင့် ရှုမြင်ပြီး အကြမ်းဖက်မှုနှင့် ပဋိပက္ခများကြောင့် လူ့အဖွဲ့အစည်း ပြိုကွဲပျက်စီးမည့် အကျိုးဆက်များကို ပြုပြင်ပြောင်းလဲနိုင်ရန် ဒေသနာတော်အချို့ကို ဟောဖော်ညွှန်ပြတော်မူခဲ့ပါသည်။ ဗုဒ္ဓဘာသာဝင်တို့အတွက် စိတ်ပိုင်းဆိုင်ရာ အန္တိမပန်းတိုင်မှာ ဒုက္ခအပေါင်းချုပ်ငြိမ်းသည့် နိဗ္ဗာန်ဖြစ်ပါသည်။ ဤရည်မှန်းချက်ပန်းတိုင်မှာ လက်ရှိဘဝမှာပင်ရနိုင်ရောက်နိုင်မည့် ပန်းတိုင်ဖြစ်ပြီး လောဘ၊ ဒေါသ၊ မောဟ စသော အညစ်အကြေးများကို လုံးဝဥဿုံဖယ်ရှားခြင်းနှင့် ကမ္ဘာကြီး၏ ရှုမြင်နေကျ အမြင်ကို တော်လှန်ဖယ်ရှားလိုက်သည့် တရားနှင့် အတွေ့အကြုံတို့မှ လွတ်မြောက်ခြင်းပင်ဖြစ်ပါသည်။ နိဗ္ဗာန်ကို ရဖို့ရောက်ဖို့ဆိုလျှင် အကြမ်းဖက်လိုစိတ်နှင့် အကြမ်းဖက်လိုမှုဟူသည့် ကိလေသာအညစ်အကြေးများကို ဖယ်ရှားသုတ်သင်ပစ်ရမည်ဖြစ်ပါသည်။ ဤနေရာတွင် နိဗ္ဗာန်သည် အမြင့်မားဆုံးသော ကောင်းမြတ်သော ကိုယ်ကျင့်တရားပင်ဖြစ်ပါသည်။ သို့သော် နိဗ္ဗာန်ကို လက်တွေ့ဘဝနှင့်ကင်းလွတ်ပြီး သိမြင်ရခက်သည့် အခြေအနေတစ်ရပ်အဖြစ်လည်းကောင်း၊ နိဗ္ဗာန်သို့သွားရာလမ်းသည် လူ့အဖွဲ့အစည်းမှ သီးခြားဖြစ်သည်ဟု ရှုမြင်လျင်လည်းကောင်း၊ နိဗ္ဗာန်၏ အဓိပ္ပါယ်သည် အလွဲလွဲအမှားမှားဖြစ်သွားပါလိမ့်မည်။ ထေရဝါဒဗုဒ္ဓဘာသာသည် လက်တွေ့ဘဝပေါ်တွင် အခြေစိုက်ပါသည်။ အကြမ်းဖက်မှုသည် လူသားများကို အမှန်းတရားတိုးပွားစေပြီး လူ့အဖွဲ့အစည်းအား ပြိုကွဲစေနိုင်သည့်အတွက် ဖယ်ရှားသုတ်သင်ရမည်ဖြစ်ပါသည်။ လူသားများအနေနှင့် ကြောက်ရွံ့ခြင်းကင်းစွာ မဂ္ဂင်ရှစ်ပါး ကျင့်စဉ်တရားကို လွပ်လွပ်လပ်လပ် ကျင့်ကြံအားထုတ်နိုင်သည့် လူ့အဖွဲ့အစည်းတစ်ရပ် တည်ထောင်လိုပါက အကြမ်းဖက်မှုကို ရှောင်ကြဉ်ကြရမည်ဖြစ်ပါသည်။

ဤနေရာတွင် နိဂုံးရေးသဘောဆန်သော မိမိကိုယ်မိမိကာကွယ်သည့် အကြမ်းဖက်မှုပြဿနာကို ဖော်ပြရပေလိမ့်မည်။ ပြည်တွင်း ပြည်ပမှ ခြိမ်းခြောက်မှုများခံနေရသော နိုင်ငံတစ်ခုအနေဖြင့် မိမိတိုင်းသူပြည်သားများကို ကာကွယ်ရန်လိုအပ်ချက်အရ အကြမ်းဖက်မှုလုပ်လျင် တရားသည်ဟု ပြောနိုင်ပါမည်လော၊ ဤအခြေအနေမျိုးသည် အကြမ်းဖက်မှုကို ရုံချမှုမပြုလုပ်ရမည့် အခြေအနေလော။ ဗုဒ္ဓစာပေကျမ်းဂန်များအရ ဤနေရာတွင် ဗုဒ္ဓဘာသာသည် ခွဲခြားရှုမြင်သုံးသပ်တတ်ရန်ထောက်ပြထားသည်။ ဗုဒ္ဓစာပေများတွင် စစ်တပ်တစ်ခုလိုအပ်ခြင်းနှင့် ခုခံကာကွယ်ရန် အင်အားအသုံးပြုခြင်းကို လောကီလိုအပ်ချက်အဖြစ်ဖော်ပြထားသည်။ သို့သော် "လောဘတဏှာစစ်ပွဲ"ကို ဂုဏ်တင်နေခြင်း မဟုတ်ဘဲ အကြမ်းဖက်မှုနှင့်စစ်ပွဲများကို (လူလောကစ၏)မြင့်မားသော တန်ဖိုးစံနှုန်းတို့အပေါ် အခြေခံ၍ ကြည့်မြင်ရန် တောင်းဆိုခြင်းသာဖြစ်သည်။ [၃]

အင်အားကို အင်အားဖြင့်သာရင်ဆိုင်ရလိမ့်မည်။ ဗုံးကို ဗုံးချင်း၊ လက်စားချေခြင်းကို လက်စားချေခြင်းဖြင့်သာ တုံ့ပြန်ကြလိမ့်မည်။ လက်တုံ့ပြန်ခြင်းသည် ငြိမ်းချမ်းမှုကို ဘယ်တော့မှ မပေးနိုင်၊ အကြမ်းမဖက်သည့် သူ၏တပည့်များအား ပေးသည့် ဗုဒ္ဓအဆုံးအမမှာ "ရန်ကိုရန်ချင်းမတုံ့လျင်းရာ၊ မေတ္တာဖြင့်သာရန်ကို အောင်နိုင်ရာ၏" ဟူ၍ဖြစ်ပါသည်။ မေတ္တာသည်သာ ခေတ်မီဗုံးများအတွက် အဖြေဖြစ်ပါသည်။ [၄]

ဗုဒ္ဓ၏အဆုံးအမများနှင့် ပိုမိုဆီလျော်သည့် အမြင်တစ်ခုမှာ ရုပ်ဝတ္ထုလောကနှင့် လူသားများအပေါ် သြဇာအာဏာလွှမ်းမိုးလိုခြင်း၊ မိမိကိုယ်ကို မိမိကာကွယ်လိုခြင်းနှင့် အခြားသူများကို မိမိထက်နိမ့်ကျသည်ဟု ထင်ခြင်း၊ မိမိ၏ အတွေးအခေါ်အယူအဆကို ဖက်တွယ်ထားပြီး အခြားသူများ၏ အတွေးအခေါ်အယူအဆများကို ကဲ့ရဲ့ရွဲ့ချခြင်းတို့သည် တဏှာ၊ မာနနှင့် ဒိဋ္ဌိတို့တွင် အရင်းခံသည်ဟု ရှုမြင်ခြင်းပင်ဖြစ်သည်။ တဏှာ၊ မာနနှင့် ဒိဋ္ဌိတို့သည် ပပဉ္စတရားများဖြစ်ပြီး ပပဉ္စတရားသည် အတွေးအခေါ်များကို ချဲ့ကားတွေးမြင်ကာ လက်တွေ့ဘဝနှင့် ကင်းကွာသည့် ဝိပလ္လာသတရားများဖြင့် ဖုံးလွှမ်းစေပါသည်။ နျူကလီးယားလက်နက်နှင့် ဓာတုလက်နက်များသည် လူများ၏ စိတ်ကူးများမှ ကြောက်မက်ဖွယ်ပေါ်ထွက်လာသည့် လက်နက်များသာဖြစ်ပါသည်။

အခြားတစ်ဘက်မှပြောရလျှင် ရုပ်ပိုင်းဆိုင်ရာအကြောင်းအချက်အနေနှင့် ကမ္ဘာပေါ်ရှိနိုင်ငံအများစုတွင် ဆင်းရဲသူများက ပို၍ဆင်းရဲလာကြခြင်းဖြစ်သည်။ ချမ်းသာသည့်နိုင်ငံများသည် ဆင်းရဲသည့်နိုင်ငံများအပေါ် အနိုင်ကျင့်၍ ပို၍ချမ်းသာလာကြသည်။ ဤသို့သောအခြေအနေများသည် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေနိုင်ပြီး တရားဥပဒေအရရော လက်နက်သုံး၍ပါ တားဆီး၍မရနိုင်ကြောင်း ဗုဒ္ဓစာပေများကသတိပေးထားပါသည်။ အရင်းခံအကြောင်းတရားကို ပြုပြင်ပြောင်းလဲနိုင်မှသာ ပိုမိုငြိမ်းချမ်းသော အခြေအနေများ ဖန်တီးနိုင်မည်ဖြစ်သည်။ ဤအချက်သည် ကမ္ဘာကရင်ဆိုင်ကြုံတွေ့နေရသည့် အကြီးဆုံးသော စိန်ခေါ်မှုတစ်ရပ် ဖြစ်လာပါသည်။ အဘယ်ကြောင့်ဆိုသော် ကမ္ဘာ့စီပွားရေးစနစ်ကြီးတစ်ခုလုံးကို အစမှစ၍ပြန်လည်ရေးဆွဲရန် ညွှန်ပြတောင်းဆိုနေသောကြောင့် ဖြစ်ပါသည်။ ဤသို့ ပြုပြင်ပြောင်းလဲမှုကို မလုပ်ရန် ဟန့်တားနေသော အတားအဆီးမှာ အမြတ်အစွန်းများရနေပြီး တန်ခိုးအာဏာနှင့် စည်းစိမ်ချမ်းသာအပြည့် ခံစားနေကြသော တန်ခိုးဩဇာနှင့် ဓနအင်အား တောင့်တင်းခိုင်မာသည့်နိုင်ငံများ၏ တဏှာလောဘပင်ဖြစ်သည်။

အထက်ပါတင်းမာမှုများအတွက် တစ်ဦးချင်းတုန့်ပြန်မှုမှာ လှုပ်ရှားမှုကင်းသော ဘဝအခြေအနေသို့ ဆုတ်ခွါလိုက်ခြင်းပင်ဖြစ်သည်။ ဤလုပ်ဆောင်ချက်ကို ဘီစီ (၆)ရာစုနှစ်အတွင်းတွင် လုပ်ဆောင်ခဲ့ဘူးသည်။ နောက်ရာစုနှစ်များတွင်လည်း ကိုးကွယ်ယုံကြည်မှုဘာသာတရားများတွင် ပေါ်ထွန်းလာသည်ကိုတွေ့ရသည်။ သို့သော် လူ့ဘောင်ကို စွန့်ခွါခြင်းနှင့် လှုပ်ရှားမှုကင်းမဲ့ခြင်း၊ တပ်မက်မှုကင်းခြင်း(ဝိရာဂ)နှင့် ခံစားမှုကင်းမဲ့ခြင်းတို့ကို လွဲမှားစွာ အဓိပ္ပါယ်ကောက်ယူတတ်ကြသည်။ လူ့ဘောင်ကို စွန့်ခွါခြင်း၏ ရည်ရွယ်ချက်မှာ ရာဂ၊ ဒေါသ၊ မောဟတို့အား လျော့ပါးစေရန်ရည်ရွယ်ပြီး လိုချင်သည့်ရလဒ်မှာ ခံစားမှုကင်းမဲ့ခြင်း မဟုတ်ဘဲ ကရဏာတရားနှင့် မေတ္တာတရားများ ပိုမိုကြီးမားလာစေရန်ဖြစ်သည်။ ဗုဒ္ဓမြတ်စွာသည် ဒုစရိုက်တရားများကို ရှောင်ကြဉ်ခိုင်းရုံသာမက သုစရိုက်တရားများ ရှင်သန်ကြီးထွားအောင် လုပ်ဆောင်ကြရန်အရေးကြီးပုံကိုလည်း ညွှန်ပြပါသည်၊ မဂ္ဂင်ရှစ်ပါးလမ်းစဉ်အတိုင်းကျင့်ကြံရန် ရဟန်းသံဃာများကိုသာမက ဗုဒ္ဓဘာသာဝင်အားလုံးကိုပါ တိုက်တွန်းတော်မူသည်။ မဂ္ဂင်ရှစ်ပါးမှာ

၁။ သမ္မာဒိဋ္ဌိ

၂။ သမ္မာသင်္ကပ္ပ

၃။ သမ္မာဝါစာ

၄။ သမ္မာကမ္မန္တ

၅။ သမ္မာအာဇီဝ

၆။ သမ္မာဝါယမ

၇။ သမ္မာသတိ

၈။ သမ္မာသမာဓိ တို့ဖြစ်ပါသည်။

ထို့ကြောင့် အကြမ်းဖက်မှုကမ္ဘာ၌ နေကြရသော ဗုဒ္ဓ၏ တပည့်သားတို့၏တာဝန်မှာ လှုပ်ရှားမှုကင်းမဲ့ခြင်း၊ နောက်ဆုတ်နေခြင်းနှင့် ခံစားမှုကင်းမဲ့ခြင်းမဟုတ်ဘဲ စိတ်ပိုင်းဆိုင်ရာကို လေ့ကျင့် ပြုစုပျိုးထောင်၍ ကိလေသာတရားများကို ဖယ်ရှားပစ်ခြင်းဖြင့် ဘက်မလိုက်သော ဓမ္မဓိဋ္ဌာန်ကျသော အသိအမြင်နှင့် ဆုံးဖြတ်ချက်များ ချတတ်ကြရန်ဖြစ်ပေသည်။ အပြုသဘောဆန်သော အရည်အချင်းကောင်းများ မွေးမြူခြင်းဖြင့် ညီညွတ်မှုနှင့် ငြိမ်းချမ်းမှုကို ဖော်ဆောင်သွားရမည်။ အရေးအကြီးဆုံးမှာ ပစ်တင်ရှုတ်ချထိုက်သောကိစ္စမှန်သမျှကိုလည်း ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြောဆိုရန်နှင့် ချီးကျူးထိုက်သော ကိစ္စမှန်သမျှကို ထုတ်ဖော်ချီးကျူးနိုင်ရန် အဆင်သင့်ရှိရမည်ဖြစ်သည်။ ဗုဒ္ဓ၏အဆုံးအမများတွင် လေ့ကျင့်မှုများနှင့် ပြုပြင်ပြောင်းလဲမှုအစဉ်ကို ဖြေးဖြေးမှန်မှန်လုပ်ရန် အလေးပေးထားသည်။ ဖြေးဖြေးမှန်မှန်ပြုလုပ်ရမည့် ပထမအဆင့်မှာ ကိုယ်ကျင့်သီလပိုင်းဖြစ်ပြီး ငါးပါးသီလပေါ်တွင် အခြေခံသည်။ သီလငါးပါးလုံးသည် အမျိုးမျိုးသော အသွင်သဏ္ဌာန်ရှိသည့် အကြမ်းဖက်မှု လုပ်ရပ်များကို ရှောင်ကြဉ်ခြင်းနှင့် ဆက်သပ်လျက်ရှိသည်။ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း သတ်ဖြတ်ခြင်း၊ ခိုးယူခြင်း၊ မိန်းမသားများအပေါ် အနိုင်အထက်ပြုခြင်း၊ ကြမ်းတမ်းပြောဆိုခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲကာ မိမိကိုယ်ကို အကြမ်းဖက်ခြင်းတို့ဖြစ်သည်။ [၅]

ပို၍အရေးကြီးသည့်အချက်မှာ နိုင်ငံအလိုက်သော်လည်းကောင်း ကမ္ဘာတစ်ခုလုံးအတွက်လည်းကောင်း လူဦးရေပေါက်ကွဲမှုကို ကာကွယ်ရန် ဆင်နွှဲသည့် မွေးဖွားနှုန်းထိန်းချုပ်သည့် စီမံချက်ကိုချမှတ်အကောင်အထည်ဖော်နေကြရာ၌ ငါးပါးသီလစောင့်ထိန်းခြင်းသည် ဤစီမံချက် အကောင်အထည်ဖော်ရန်အတွက် ဗုဒ္ဓဘာသာကပေးနိုင်သည့် ထူးခြားသောနည်းလမ်းတစ်ရပ်ဖြစ်ပြီး စီးပွားရေးအတွက်သာမက အခြားအကျိုးကျေးဇူးများလည်း ရရှိမည်ဖြစ်ပါသည်။

ဗုဒ္ဓဘာသာ၏အဆုံးအမများသည် ဆရာဝန်တစ်ယောက်၏ ဆေးညွှန်းနှင့် ပမာတူပါသည်။ အဆုံးအမများသည် ခရီးသွားများကို လမ်းနှစ်လမ်းညွှန်ပြပေးပြီး လမ်းတစ်လမ်းသည် ဘေးအန္တရာယ်နှင့် ဒုက္ခရောက်မည့်လမ်း၊ ကျန်တစ်လမ်းသည် ကြီးပွားတိုးတက်ပျော်ရွှင်စေမည့်လမ်းဖြစ်ပါသည်။ သွားမည့်လမ်းရွေးချယ်ရန်မှာ ခရီးသွားမည့်ပုဂ္ဂိုလ်က မိမိကြိုက်သည့်လမ်းကို မိမိဘာသာ ရွေးချယ်ရန်ဖြစ်ပါသည်။

သီလစောင့်ထိန်းခြင်း၏ လက်တွေ့အသုံးကျပုံကို ပြောလိုပါသေးသည်။ ဗုဒ္ဓဘာသာတရားတော်တွင် အရက်သေစာသောက်စားခြင်းကဲ့သို့ မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ ဆိုးကျိုးများကို ဖော်ပြထားပါသည်။ ဤအချက်သည်ယနေ့ခေတ်တွင်ဖြစ်ပေါ်နေသော အခြားသော မူးယစ်ဆေးဝါးသုံးစွဲမှုများနှင့်ပါ အကျုံးဝင်ပါသည်။ အကယ်၍ လူပုဂ္ဂိုလ်တစ်ဦးသည် သီလကို တိတိကျကျစောင့်ထိန်းနိုင်ပါက မူးယစ်ဆေးဝါးသုံးစွဲခြင်းကို လုံးဝရှောင်ကြဉ်လာနိုင်ကာ ၎င်းအတွက်မူးယစ်ဆေးစွဲပြဿနာလည်း ရှိတော့မည်မဟုတ်ပေ။

ဗုဒ္ဓ၏ကိုယ်ကျင့်တရားဆိုင်ရာ အဆုံးအမများကိုလိုက်နာကျင့်သုံးခြင်းဖြင့် ရရှိမည့်ထင်ရှားသည့် အကျိုးကျေးဇူးမှာ လူကောင်းသူကောင်းဦးရေပမာဏ တိုးပွားလာခြင်းပင်ဖြစ်ပြီး အပြန်အလှန်အားဖြင့် လူဆိုးလူသွမ်းများ လျော့နည်းလာမည်ဖြစ်သည်။ အကျိုးဆက်အဖြစ်လူ့အဖွဲ့အစည်းအတွင်းတွင် မုန်းတီးမှုနှင့်ရန်လိုမှုများ လျော့နည်းကာ တစ်ဦးနှင့်တစ်ဦး ချစ်ကြည်မှုနှင့်ရင်းနှီးမှုများ ပိုမိုတိုးပွားလာပေလိမ့်မည်။ ဤသည်မှာ သီလစောင့်ထိန်းခြင်းနှင့် ကိုယ်ကျင့်တရားကောင်းမွန်ခြင်း ရှိလျင်ရှိသလောက် တိုးပွားလာမည်ဖြစ်သည်။

ဆန့်ကျင်ဘက်အားဖြင့် ပြောရလျင် သီလချိုးဖောက်ခြင်းသည် ထိတ်လန့်စိုးရိမ်ဘွယ်ကောင်းသည့် အရေးအခင်းများကို ဖြစ်ပေါ်စေနိုင်ပါသည်။ ခိုးမှု၊ လူသတ်မှု၊ လိမ်ညာမှု၊ မုဒိမ်းမှု၊ မူးယစ်ဆေးသုံးစွဲမှုစသည့်အမှုများသည် နိုင်ငံတကာမှုခင်းများဖြစ်လာကာ ယနေ့မျက်မှောက်ကမ္ဘာ့လူ့အဖွဲ့အစည်းတစ်ခုလုံးအတွက် အလွန်အကျည်းတန်သည့် ဒဏ်ရာဒဏ်ချက်များ ဖြစ်နေပေသည်။[၆]

ဤလူမှုပြဿနာများသည် လူသားများ၏ ကိုယ်ကျင့်တရားချို့ယွင်းချို့တဲ့မှုကြောင့် ဖြစ်ပေါ်ရခြင်းဖြစ်ပါသည်။ ထို့ကြောင့် မြတ်စွာဘုရား၏ လက်စွဲအဆုံးအမဖြစ်သော

> မကောင်းမှုမှန်သမျှရှောင်ကြဉ်ရန်
>
> ကောင်းမှုပြုလုပ်ရန်
>
> စိတ်ကိုဖြူစင်အောင်ထားရန် ဟူသော အဆုံးအမသည် လူသားတိုင်းလိုက်နာဆောင်ရွက်ရမည့်ကျင့်ဝတ်ဖြစ်ပါသည်။

ဗုဒ္ဓမြတ်စွာ၏ ကိုယ်ကျင့်တရားဆိုင်ရာ အခြားအချက်တစ်ခုမှာ ဗြဟ္မဝိဟာရ ဟုခေါ်ဝေါ်သည့် မြင့်မြတ်စင်ကြယ်စွာနေသည့်ဘဝကို ပြုစုပျိုးထောင်ခြင်းပင်ဖြစ်ပါသည်။ ဤကျင့်စဉ်တွင်လည်း ဗုဒ္ဓက ကိုယ်ကျင့်တရား၏ စစ်မှန်သောတန်ဖိုးကို လေးလေးနက်နက်စဉ်းစားကြရန်တိုက်တွန်းထားသည်။

ဗြဟ္မဝိဟာရတရားကို လက်တွေ့ကျကျပုံဖော်ရန်အတွက် ဗုဒ္ဓမြတ်စွာက ဗြဟ္မာဟူသော သဘာဝလွန်အယူအဆကို ပရမတ္ထတရားနှင့် နက်ရှိုင်းစွာထိတွေ့သည့် စစ်မှန်သော နယ်ပယ်အတွင်းသို့ ချဉ်းနင်းဝင်ရောက်ခြင်းဟု အဓိပ္ပါယ်ရသည့် ဗြဟ္မဝိဟာရဖြင့် အစားထိုးသုံးစွဲခဲ့ခြင်းဖြစ်ပါသည်။

ဗုဒ္ဓမြတ်စွာက အရာအားလုံးသည် တစ်ခုတည်းဖြစ်လျင် လက်တွေ့ကျသည့် အကောင်းဆုံးဒဿနမှာ အားလုံး၏ အကျိုးစီးပွားကို လိုလားရမည်ဖြစ်သည် ဟုညွှန်ပြခဲ့သည်။ ဤသို့ ပြုလုပ်ဆောင်ရွက်လျင် ဒြပ်မဲ့ ဗြဟ္မာ အယူအဆသည် ကျွန်ုပ်တို့၏ ဦးဏှောက်မှတစ်ဆင့် ဟဒယနှလုံးသားအတွင်းသို့ ကိန်းဝပ်လာကာ ချစ်ခြင်းမေတ္တာများဖြင့် စိမ့်ဝင်ပျံ့နှံ့နေပါလိမ့်မည်။[၇]

ဗြဟ္မဝိဟာရတွင် မြင့်မြတ်သော လိုက်နာကျင့်ကြံမှုလေးပါးပါဝင်ပြီး မေတ္တာ၊ ကရုဏာ၊ မုဒိတာနှင့် ဥပေက္ခာတရား တို့ဖြစ်ပါသည်။

မေတ္တာဟူသည် သက်ရှိသတ္တဝါအားလုံးအပေါ် အကန့်အသတ်မဲ့သော ချစ်ခြင်းတရားထားရှိပြီး ဒေါသနှင့် ဗျာပါဒတရားတို့၏ ဆန့်ကျင်ဖက်ဖြစ်သည့် တစ်ပါးသူများအား ချမ်းသာပျော်ရွှင်စေလိုသည့် ဆန္ဒဖြစ်ပါသည်။

ကရဏာဟူသည် ဒုက္ခရောက်နေပြီး အကူအညီလိုအပ်နေသည့် သူများအပေါ်ထား ရှိသည့် ကိုယ်ချင်းစာတရားဖြစ်ပါသည်။ ဒုက္ခရောက်နေသူများအား ၎င်းတို့ခံစားနေရသည့်ဒုက္ခမှ လွတ်မြောက်စေလိုသည့်ဆန္ဒဖြစ်ပြီး တစ်ပါးသူများအပေါ် ဒုက္ခရောက်စေလိုခြင်း၊ အန္တရာယ်ပြုလိုသည့် စိတ်ထား၏ ဆန့်ကျင်ဘက်ဖြစ်ပါသည်။

မုဒိတာဟူသည် ကံကောင်းထောက်မသူများ အောင်မြင်မှုရရှိသူများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းသာပျော်ရွှင်နိုင်ခြင်းဖြစ်ပြီး မနာလိုဝန်တိုသည့် စိတ်ထား၏ ဆန့်ကျင်ဘက်ဖြစ်ပါသည်။ [၇]

စတုတ္ထအချက်ဖြစ်သော မြင့်မြတ်သည့်စိတ်ထားမှာ ဥပေက္ခာဖြစ်ပါသည်။ ဥပေက္ခာစိတ်သည် အလိုအပ်ဆုံးဖြစ်သလို ထားနိုင်ရန်လည်း အလွန်ခက်ခဲပါသည်။ ဥပေက္ခာ၏ ဝေါဟာရဓစ်မြစ်မှာ အမှန်အတိုင်းနားလည်ခြင်း တရားသဖြင့် ရှုမြင်ခြင်း သို့မဟုတ် ဘက်မလိုက်ဘဲ ရှုမြင်ခြင်းဖြစ်သည်။ ဤသည်မှာ ချစ်ခြင်း၊ မုန်းခြင်းမရှိ မျက်နှာလိုက်ခြင်းမရှိဘဲ ရှုမြင်ခြင်းဖြစ်သည်။

မထေမဲ့မြင်လုပ်ခြင်း၊ စော်ကားမော်ကားပြုလုပ်ခြင်းများသည် လူသားတို့၏ လုပ်ရိုးလုပ်စဉ်တစ်ခု သဖွယ်ဖြစ်နေပါသည်။ ကမ္ဘာပေါ်တွင် လူကောင်းသူကောင်းများအနေဖြင့် မကြာခဏ မတရားပြစ်တင် ဝေဖန်မှုနှင့် စော်ကားမော်ကားလုပ်မှုများကို ခံကြရလေ့ရှိသည်။ ထိုသို့သော အခြေအနေမျိုးတွင် တည်တည်ငြိမ်ငြိမ်နှင့် ကြံ့ကြံ့ခံနိုင်ခြင်းသည် လူစွမ်းကောင်းတို့၏လုပ်ရပ်ဖြစ်ပါသည်။

လာဘော အလာဘော၊ ယသော အယသော၊ နိန္ဒာ ပသံသာ၊ သုခံ ဒုက္ခံ စသောလောကဓံ တရား(၈)ပါးသည် လူသားအားလုံးအား ရိုက်ခတ်လျက်ရှိသည်။ လူအများစုသည် ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ လောကဓံတရားနှင့် တွေ့ကြုံလာပါက လှုပ်လှုပ်ရှားရှားဖြစ်လာကြရသည်။ ချီးကျူးခံရသည့်အခါ ပျော်ရွှင်မြူးကြွလာကြပြီး ကဲ့ရဲ့ပစ်တင်ခြင်းခံရလျှင် စိတ်ပျက်အားငယ်သွားကြသည်။ ဘဝတစ်လျှောက်တွင် အနိမ့်အမြင့်အတက်အကျနှင့် တွေ့ကြုံတိုင်း မတုန်မလှုပ် ခိုင်ခိုင်မြဲမြဲ ကျောက်စိုင်ကျောက်ခဲပမာ ကြံ့ကြံ့ခံနိုင်သူကို ပညာရှိဟု မြတ်စွာဘုရားက ချီးကျူးတော်မူသည်။ ဗုဒ္ဓ၏ စံနမူနာပြုဘဝသည် ကျွန်ုပ်တို့ လူသားများအတွက် အကောင်းဆုံးသော ဥပေက္ခာ စံနမူနာဖြစ်ပါသည်။ [၉]

ယခုအခါ ကျွန်ုပ်တို့သည် ရာစုနှစ်အသစ်နှင့် ထောင်စုနှစ်သစ်အတွင်းသို့ စတင်ချဉ်းနင်းဝင်ရောက်ခဲ့ပါပြီ၊ ယခုအချိန်အထိ ကျွန်ုပ်တို့သည် စိုးရိမ်ကြောက်ရွံ့စွာဖြင့် ဒေသအတွင်းနှင့် ကမ္ဘာတစ်ဝန်းလုံးတွင် ပေါက်ကွဲလုဆဲဆဲ တင်းမာမှု၏ သားကောင်များဖြစ်နေပါသည်။ မြတ်ဗုဒ္ဓ၏ အဆုံးအမများက ပေးသည့် တိကျသော စိတ်ပိုင်းဆိုင်ရာလေ့ကျင့်မှုနှင့် ကိုယ်ကျင့်သီလတို့သည် ဤပြဿနာများကို ဖြေရှင်းပေးပါလိမ့်မည်။ [၁၀]

မြတ်ဗုဒ္ဓ၏ ကိုယ်ကျင့်သီလ အယူအဆများသည် နှစ်ပေါင်း ၂၀၀၀ကျော်က ဟောပြောချက်များဖြစ်သော်လည်း ယနေ့ထိခေတ်မီဆဲပင်ဖြစ်သည်။ ယနေ့လက်ရှိကမ္ဘာ့အခြေအနေများနှင့် ဆီလျော်နေဆဲဖြစ်ကြောင်းတွေ့ရှိရပါသည်။ ယနေ့ကမ္ဘာတွင် ဖြစ်ပွားနေသော စစ်ပွဲများ၊ နိုင်ငံအချင်းချင်း ပဋိပက္ခများ၊ အကြမ်းဖက်မှုများ၊ စာရိတ္တပျက်ပြားမှုများ၊ သဘာဝပတ်ဝန်းကျင် ဖျက်ဆီးမှုများ၊ ခုခံအားကျဆင်းမှု ရောဂါပျံ့ပွားမှု၊ မူးယစ်ဆေးသုံးစွဲမှု စသော ပြဿနာအများစုသည် ဗုဒ္ဓ၏ အဆုံးအမများ (ငါးပါးသီလ၊

အကြမ်းမဖက်မှု၊ ဗြဟ္မစိုရ်တရား)ကို စောင့်ထိန်း၍ လေးလေးစားစား ကျင့်ကြံအားထုတ်လျှင် ဖြေရှင်းပြီးဖြစ်နိုင်ပါသည်။

ငါးပါးသီလကို တစ်ကမ္ဘာလုံး လိုက်နာစောင့်ထိန်းရန် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့နှင့် ကမ္ဘာ့ဗုဒ္ဓဘာသာဝင်များအဖွဲ့က စည်းရုံးသိမ်းသွင်းသင့်ပြီး အဖွဲ့ဝင်နိုင်ငံများအား ငါးပါးသီလစိတ်ဓါတ်မွေးမြူပြီး လက်တွေ့လိုက်နာစောင့်ထိန်းရန် အားပေးတိုက်တွန်းသင့်ပါသည်။ တရားဓမ္မ၏အနှစ်သာရ (ငါးပါးသီလစသည်)ကို ဘာသာတရားအားလုံးနှင့် လူမှုစနစ်အားလုံးက လိုက်နာကျင့်သုံးပါက ငြိမ်းချမ်း၍ သာယာဝပြောသော ခေတ်ကာလတစ်ခုကို ကမ္ဘာလောကကြီးအတွင်းသို့ ရောက်ရှိအောင် ပို့ဆောင်ပေးပါလိမ့်မည်။ ထိုသို့ဖြစ်လာသည့်အခါ ကျွန်ုပ်တို့အားလုံး ဗုဒ္ဓမြတ်စွာ၏ မိန့်ဆိုချက်များကို နားလည်သဘောပေါက် ခံစားလာနိုင်ပါလိမ့်မည်။

နတ္ထိ သန္တိပရံ သုခံ – ငြိမ်းချမ်းခြင်း(နိဗ္ဗာန်)ထက် သာလွန်သော ချမ်းသာမရှိ။ [၁၁]

**ကျမ်းကိုးစာရင်း**


1. Neetividya (A manual of Ethics): Anwarullah Bhuiyan, Assisant Professor, Dept. of Philosophy, Jahangir Nagar University, Dhaka Abasar 2003 pp. 25-26.
2. Buddha the Humanist; Dr. G.C. Dev (1907-1971), Professor of Philosophy, University of Dhaka, Dhaka, Bangla Academy, Dhaka, 1969 pp. 26-31.
3. Violence and Disruption in Society- a Study of the Early Buddhist Texts: Elizabeth J. Harris. The Wheel Publication no. 392/393, Buddhist Publication Society, Kandy, Sri Lanka, 1994 pp. 1-2, back cover, 12,16,17.
4. The Dhammapada: Narada Thera. Colombo 1971, p.ix
5. Same as no.3.pp. 50-52, 39.
6. Great Reply to Global Questions; Venerable Phra Rajadhammanidesa (Rabaeb Thiṭan...āno), Wat Borvoranives Vihar, Bangkok, Thailand. Eng. Version by Siri Buddha-sukh, English Lecturer, Mahamakut Buddhist University. Published by The Buddhism Promotion Centre of Thailand, Wat Borvoranives Vihar, Bangkok, Thailand.pp.44,82,83,86,95,96.
7. Same as no. 3 p. 25.
8. Buddhist Morality: Prof. Phra Thepsophon (Prayoon Mererk). Maha-chulalongkornrajavidyalay University. 2004. pp. 54-55
9. The Way to Nibbāna; Ven. Narada Thera. The Corporate Body of The Buddha Educational Foundation, Taiwan, 1997. p.21
10. The Buddha and His Message Past, Present and Future: Address given on the occasion of United Nations Celebration of Vesak year 2000 "Bhikkhu Bodhi". Ministry of Foregin Affaris, Sri Lanka and Buddhist Publication Society, Kandy, Sri Lanka, 2003p.17
11. Same as no. 8. pp 119-120

# ဗုဒ္ဓဘာသာဆက်နွယ်မှုနှင့် ယနေ့ကမ္ဘာအခြေအနေ

အရှင်ဉာဏိသရ(သီတဂူဆရာတော်)
အဂ္ဂမဟာပဏ္ဍိတ၊ D.Litt
သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်
မြန်မာ

လူသားဟူသည် နှိုင်းဆ၍မရသော အစွမ်းသတ္တိများ၊ မြင့်မြတ်သောလက္ခဏာများနှင့် ယုတ်ညံ့သော သဘောထား တို့စုဝေးရာ ထူးခြားလှသည့် သက်ရှိသတ္တဝါဖြစ်သည်။ ထိုအကောင်းအဆိုးနှစ်မျိုးသော သဘောတရား တို့သည် မိမိတို့၏ ဘဝမျက်နှာပြင်ပေါ်သို့ မမြော်လင့်ဘဲ အချိန်မရွေး သူ့အလိုအလျောက် ပေါ်လာတတ်ပေသည်။ ထိုတရား တို့သည် မိမိတို့၏ သန္တာန်၌ အနည်းနှင့်အများ ကိန်းအောင်းနေကြ ပေသည်။ စွမ်းအားပြည့်ဝသလောက် နားလည်ရခက်လှပြီး သူ့သဘောသူဆောင်နေသည့် လူသား တို့၏ စိတ်သန္တာန်သည် ကောင်းမြတ်သောတရား တို့ စုဝေးရာ အမှိုက်ပုံကြီးလည်း ဖြစ်နိုင်သည်။ ထိုကောင်းမြတ် သော တရား တို့ကို ပွါးများခြင်းက လူ့ဘောင်လောကအတွက် ကောင်းကျိုးကို ဖြစ်စေနိုင်သလို ယုတ်မာ ညစ်ညမ်းသော တရား တို့ကို ကျင့်ကြံခြင်းက ဆိုးကျိုးကို ဖြစ်စေနိုင်ပေသည်။ လောက ကောင်းကျိုးအတွက် ကျင့်ကြံအားထုတ်လိုပါက မိမိတို့ သန္တာန်၌ ကိန်းအောင်းနေသော ယုတ်မာဆိုးရွား အညစ်တရား တို့ကို ပယ်ရှားရန်နှင့် ကောင်းမှုမျိုးစေ့ကို စိုက်ပျိုးရန် ကြိုးပမ်းအားထုတ်ရပေမည်။ မိမိတို့ သန္တာန်၌ ကိန်းအောင်းနေသော တန်ဖိုးမဖြတ်နိုင်သည့် ရတနာတို့ကို တူးဖော်နိုင်ရန်အတွက် ခန္တီနှင့် မဆုတ်မနစ် သော ဇွဲလုံ့လတို့ မရှိမဖြစ် လိုအပ်ပေသည်။ ပစ္စည်းဥစ္စာ ဆင်းရဲမွဲတေလှသောသူတို့ပင် ခန္တီနှင့် ဇွဲကိုအသုံးပြုကာ ထိုရတနာတို့ကိုရအောင် ရှာဖွေဖော်ထုတ်နိုင်ပေသည်။ ထို့ကြောင့် စည်းစိမ်ဥစ္စာ တန်ခိုးအာဏာတို့သည် လူ့တန်ဖိုးကို ဖြစ်စေရာ၌ မရှိမဖြစ်လိုအပ်သောအရာတို့ မဟုတ်ကြချေ။

မိမိတို့သန္တာန်၌ ကိန်းအောင်းနေသော အဖျက်စွမ်းအင်တစ်ခုမှာ ဒေါသပင်ဖြစ်သည်။ ဒေါသကို ပယ်ရှားသုတ်သင်ပြီး လောကကိုအလှဆင်နိုင်သောတရားကား မေတ္တာဖြစ်သည်။ ယနေ့ကမ္ဘာကြီးကို လွှမ်းမိုးခြိမ်းခြောက်နေသော ကြောက်မက်ဖွယ်အဖြစ်ဆိုးများနှင့် ကြမ်းကြုတ်ရက်စက်မှုတို့၏ တရားခံမှာ သတ္တဝါအချင်းချင်း ညှာတာထောက်ထားမှုကင်းမဲ့သော စိတ်ညစ်စိတ်ဆိုး အမျက်ဒေါသ၏ လွှမ်းမိုးမှုပင်ဖြစ်သည်။ ထိုကြမ်းကြုတ်ရက်စက်လိုသော စိတ်ရောဂါဝေဒနာကို ပျောက်ကင်းစေနိုင်သော ဆေးတော်ကြီးသည်ကား ကရုဏာဖြစ်သည်။ ကိုယ့်ထက်သာ မနာလိုတတ်သော လူ့ဘောင်လောက၏ အဆိပ်ပင်ဖြစ်သည်။ ထိုအဆိပ်က ကြောက်မက်ဖွယ်ကောင်းလောက်အောင် အန္တရာယ်များသော ပြိုင်ဆိုင်မှုများကို ဖြစ်စေပေလိမ့်မည်။ ထိုအဆိပ်ကို ကောင်းစွာဖြေဖျောက်နိုင်သော ဆေးစွမ်းကောင်းကား မုဒိတာတရားဖြစ်သည်။ နှစ်သက်ဖွယ်အာရုံတို့ကို တွယ်တာတပ်မက်တတ်သော လောဘနှင့် မနှစ်သက်ဖွယ်အာရုံနှင့်တွေ့ကြုံပါက စိတ်ပျက်အားငယ်တတ်သော ဒေါသတို့သည် စိတ်ငြိမ်းချမ်းမှုကို အမြဲတမ်းနှောက်ယှက်ဖျက်ဆီးတတ်သော တရားများဖြစ်ကြသည်။ ဥပေက္ခာကို ပွါးများခြင်းကြောင့် ထိုလောဘဒေါသတရား တို့ကင်းဝေးလွင့်ပျောက်ကာ စိတ်အေးချမ်းခြင်းသို့ရောက်နိုင်ပေသည်။ အထက် ဖော်ပြပါတရားလေးပါး တို့ကို မြတ်သောအကျင့်၊ ထိုတရား တို့ပွါးများ၍နေခြင်းကို မြတ်သောနေခြင်း ဟုဆိုနိုင်ပေသည်။ ထိုဗြဟ္မဝိဟာရ (မြတ်သောနေခြင်း) တရားလေးပါးသည် မိမိတို့ဘဝကို မြင့်မြတ် ဖြူစင်စေလိုသောသူအားလုံးအတွက် ကျင့်သုံးအပ်သော တရား တို့ဖြစ်သည်။ မျိုးနွယ်၊ အသားအရောင်၊ ဓာတ်၊ ယောကျ်ား၊ မိန်းမ မခွဲခြား အားလုံးသောလူသား တို့ ထိုဗြဟ္မဝိဟာရတရားကို ကျင့်သုံးကြပါက

ကမ္ဘာသူ ကမ္ဘာသားတို့ ငြိမ်းချမ်းစွာ ညီညွတ်စွာ နေထိုင်နိုင်သော လောကနိဗ္ဗာန်ကြီးကို တည်ဆောက်နိုင်ကြပေလိမ့်မည်။ ထို့ကြောင့် ဘာသာအယူဝါဒစသည်မခွဲမခြား အားလုံးသော လူသားတို့အပေါ်၌ မေတ္တာ၊ ကရုဏာ၊ မုဒိတာနှင့် ဥပေက္ခာဟူသော ဗြဟ္မဝိဟာရတရားလေးပါးကို ပွါးများသင့်လှပေသည်။ ဤကဲ့သို့ သတ္တဝါအားလုံးအပေါ်၌ မခွဲမခြားတသားတည်း ပွါးများကျင့်ကြံအပ်သောကြောင့်လည်း ထိုတရားလေးပါးကို အပွမညာတရားဟုခေါ်နိုင်ပေသည်။ ဘာသာအယူဝါဒဟူသော ကန့်သတ်ချက်မထားပဲ လူတိုင်းလူတိုင်း ချိုမြိန်ကောင်းမြတ်သောထိုတရားတို့ကို ကျင့်သုံးခြင်းဖြင့် မိမိတို့ကိုယ်တိုင် အတွက်သာမက အခြားသူ အားလုံးအတွက်ပါ ကောင်းမြတ်သော မင်္ဂလာတရားတို့ကို ဆောင်ယူနိုင်ကြပေသည်။

မေတ္တာတရားကိုပွါးများခြင်းက လူတို့၏နှလုံးသားကို နူးညံ့ပျေားပျောင်းစေနိုင်ပေသည်။ နိုင်ငံတကာအဖွဲ့အစည်းများအချင်းချင်း စစ်ရေးအကူအညီများပေးကြမည့်အစား ဆိုးရွားသော ဖြစ်ရပ်များအကြား အကူအညီကင်းမဲ့နေသောသူများအတွက် မေတ္တာတရားကိုသာ ပေးသင့်ကြပေသည်။ မိမိနှင့်သူတပါး မခွဲမခြားဘဲ ကောင်းကျိုးစီးပွားကို လိုလားခြင်း စစ်မှန်သော ပျော်ရွှင်မှုကို ဖြစ်စေလိုခြင်းကို မေတ္တာဟု အဓိပ္ပါယ်ဖွင့်ဆိုနိုင်ပေသည်။ မိခင်သည် မိမိ၏တစ်ယောက်တည်းသောသားကို အသက်နှင့်လဲ၍စောင့်ရှောက်သကဲ့သို့ သတ္တဝါအားလုံးအပေါ်၌ အနှိုင်းအဆမရှိသောမေတ္တာကို ပွါးများသင့်ပေသည်။ ဤသည်ကား ဗုဒ္ဓဆိုဆုံးမတော်မူခဲ့သော မေတ္တာသုတ္တန်လာ စကားပင်ဖြစ်ပါသည်။ မေတ္တာတရားသည် မိခင်က ရင်သွေးအပေါ် အတ္တနှင့်ယှဉ်၍ ချစ်ခင်မြတ်နိုးခြင်းမျိုးမဟုတ်ပါပေ။ ထိုနည်းတူစွာပင် မိမိတို့ပွါးများသော မေတ္တာသည် လောကကောင်းကျိုးနှင့် ငြိမ်းချမ်းမှုကို လိုလားသော အတ္တကင်းမဲ့စစ်မှန်သော အနှိုင်းမဲ့မေတ္တာမျိုးဖြစ်ရပေမည်။ နိုင်ငံတိုင်း၊ လူမျိုးတိုင်း၊ အတန်းအစားတိုင်းအပေါ် နိုင်ငံရေးအမြင်မတူညီမှုတည်းဟူသော အပိတ်အပင်အတားအဆီးကင်းလျက် အားလုံးအပေါ်၌ လွှမ်းခြုံနိုင်အောင် အနှိုင်းမဲ့မေတ္တာဖြင့် ညီရင်းအစ်ကို စိတ်ဓါတ်ကို ဖြန့်ကြက်ရပေမည်။

လောကကောင်းကျိုးနှင့် စစ်မှန်သောငြိမ်းချမ်းရေးကို လိုလားသော မေတ္တာတရားသည် နိုင်ငံရေးအယူဝါဒစွဲ၊ လူမျိုးစွဲ၊ နိုင်ငံစွဲ၊ ဘာသာစွဲဖြင့် ချစ်ခင်ကြခြင်းမျိုးမဟုတ်ပေ။ ဒီမိုကရက်တစ်၊ ဆိုရှယ်လစ်၊ ကွန်မြူနစ်စသော နိုင်ငံရေးအယူဝါဒတူညီသူတို့အကြား ရင်းနှီးချစ်ကြည်မှုသည် ထိုအယူဝါဒ တူညီသူများအကြား၌သာ တည်သော ဘက်လိုက်တတ်သော ချစ်ခင်မှုမျိုးသာဖြစ်သည်။ အမျိုးချစ်စိတ် နိုင်ငံချစ်စိတ်ဟူသည်လည်း ထိုလူမျိုး၊ ထိုနိုင်ငံတို့အကြား၌သာ တည်ပေသည်။ မိမိတို့၏လူမျိုး၊ မိမိတို့၏နိုင်ငံရေးအယူဝါဒကို ခိုင်မာအောင်လုပ်ဆောင်ခြင်းက မကြာခဏဖြစ်ပွားသော ရက်စက် ကြမ်းကြုတ်သော စစ်ပွဲကြီးများ၊ ကောင်းကင်မှ ကြင်နာသနားမှုကင်းမဲ့စွာ ဗုံးကြဲတိုက်ခိုက် သတ်ဖြတ်ခြင်းများသို့ ဦးတည်စေသည်။ ဒုတိယကမ္ဘာစစ်အတွင်းက ရင်နင့်ဖွယ်ဖြစ်ရပ်များသည် မေ့ပျောက်၍ မရနိုင်သော ဥပမာများပင်ဖြစ်တော့သည်။ အခြေအနေခြင်း၊ ဘာသာအယူဝါဒခြင်း မတူကွဲပြားကြသော လူသားတို့အကြား အကြမ်းဖက်သောင်းကျန်းမှုများကို ဖွန့်လွှတ်ကြလျက် တရားမျှတသော ရိုးသားသော ဆက်ဆံရေးကို တည်ဆောက်သင့်ပေသည်။

ဆိုခဲ့သည့်အတိုင်း မေတ္တာတရားသည် ကိုးကွယ်သည့် ဘာသာတူကြသူအချင်းချင်းအကြားသာ ထားအပ်သော ညီရင်းအစ်ကို စိတ်ဓါတ်မျိုးမဟုတ်။ ကျဉ်းမြောင်းသည့် ဘာသာအယူဝါဒ စိတ်ဓါတ်ကြောင့် ဘာသာရေးငြင်းခုံမှုများ၊ သနားညှာတာမှုကင်းသော ဘာသာရေးစစ်ပွဲကြီးများဖြစ်ရခြင်းဖြစ်သည်။ မိမိတို့အယူအဆကို ရိုးသားပွင့်လင်းစွာတင်ပြကြသော ယောကျ်ား မိန်းမတို့ အရှင်လတ်လတ်

အသတ်ခံခဲ့ကြရသည်။ လူတို့သည် ရက်စက်ကြမ်းကြုတ်မှုများစွာကို ကျူးလွန်ခဲ့ကြသည်။ ကမ္ဘာ့သမိုင်းတွင် ကြမ်းကြုပ်သော စစ်ပွဲကြီးများ ဖြစ်ပွါးခဲ့ပြီ။ ကိုယ်ကျင့်တရားပျက်ပြားနေသော ဤလောကလူ့ဘောင်၏အတွင်း စစ်မှန်သောငြိမ်းချမ်းရေးနှင့် ပျော်ရွှင်ခြင်းကို တည်ဆောက်နိုင်ရန် စစ်မှန်သော ဘာသာရေးကျင့်သုံးမှုနှင့် ညီညွတ်ရေးတို့သည် မရှိမဖြစ်လိုအပ်နေပေသည်။ ထို့ကြောင့် ဘာသာအသီးသီးမှ ခေါင်းဆောင်များ ဆုံးမညွှန်ကြားသည့် မြင့်မြတ်သော လမ်းစဉ်တို့အပေါ်၌ အခြေခံကာ စင်ကြယ်သော အကျိုးရှိသော မေတ္တာ၊ ကြောင်းကျိုးဆက်စပ်နိုင်းယှဉ်မှုနှင့် တရားမျှတမှုတို့ကို ကောင်းစွာတည်ဆောက်ကြရပေမည်။

'အမျက်ဒေါသကို အမျက်ဒေါဖြင့် ဖြေဖျောက်၍မရနိုင်၊ အမျက်ဒေါသကို မေတ္တာဖြင့်သာ ဖြေဖျောက်နိုင်သည်'ဟု ရှင်တော်ဗုဒ္ဓမြွက်ကြားတော်မူခဲ့လေသည်။ ဤတရားတော်သည် ရှေးယခင်ကာလကတည်းက ထာဝရတည်ရှိခဲ့သော လောကဥပဒေသတစ်ရပ်၏ အနှစ်ချုပ်ပင်ဖြစ်သည်။ မေတ္တာတရားသည် အေးငြိမ်းသော အပြုသဘောဆောင်သည့် ခွန်အားတစ်ရပ်ဖြစ်သည့် အားလျော်စွာ အဖျက်စွမ်းအားများ၏ လွှမ်းမိုးမှုကို ဆန့်ကျင်တတ်သော သဘောရှိပေသည်။ ဒေါသလွှမ်းမိုးသောစိတ်က အရာအားလုံးကို အဆိပ်ဖြစ်စေသလောက် မေတ္တာစိတ်က ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာခြင်းကို ဖြစ်စေနိုင်သည်။ ဗုဒ္ဓရှင်တော်က စိတ်ဆင်းရဲမှုများ အခက်အခဲများကို ဖယ်ရှား၍ ပြဿနာအားလုံးကို ပြေလည်စေနိုင်သော နည်းလမ်းအဖြစ် သီလ၏အရေးပါမှုကို အလေးအနက်ဟောကြားတော်မူခဲ့သည်။ အတွေ့ကင်းသောစိတ်၊ မေတ္တာတရား၊ ညှဉ်းပန်းနှိပ်စက်မှုကင်းခြင်းနှင့် အကြမ်းဖက်မှုကင်းခြင်းတို့ကို မိမိတို့အနေဖြင့် ကျင့်ကြံပွါးများသင့်ပေသည်။

ယနေ့ကမ္ဘာလောကတွင် အရှုပ်အထွေးပြဿနာများ၊ ဆင်းရဲဒုက္ခများ၊ စစ်ဘေးစစ်ဒဏ်များနှင့် အကြမ်းဖက်မှုများ တင်းကျမ်းပြည့်နေပေသည်။ နိုင်ငံတိုင်းလိုလို စစ်လက်နက်များ အစွမ်းကုန်တပ်ဆင်နေကြသည်။ လူ့ဘဝဟူသည် အန္တရာယ်များပြည့်လျှမ်းသည့် ဘဝမျိုးဖြစ်လာပြီး နိုင်ငံအချင်းချင်း လက်နက်ပြိုင်ဆိုင်ခြင်းက လူတို့ကို ခြိမ်းခြောက်နေပေသည်။ ထိုလက်နက်များသည် အချိန်မရွေး ပစ်လွှတ်နိုင်သည့် အနေအထားမှာရှိနေပြီး လူပေါင်းများစွာ၏ အသက်ကို အချိန်မရွေးသေစေနိုင်ပေသည်။ ကမ္ဘာပေါ်၌ စစ်မှန်သော မေတ္တာတရား အနှိုင်းအဆမဲ့ ကရုဏာတရားတို့ အမှန်ပင်လိုအပ်နေပေသည်။ ညီရင်းအစ်ကို မောင်ရင်းနှမပမာ ချစ်ခင်ငြိမ်းချမ်းညီညွတ်စွာ အတူနေထိုင်နိုင်ကြဖို့ ခန္တီတရားကို မြင့်မြင့်မားမားလက်ကိုင်ထားမှုနှင့် မှန်ကန်သော အသိအမြင်တို့ လိုအပ်နေပေသည်။ အဆိပ်အတောက်ဖြစ်စေသော ဣဿာတရားကို ကာကွယ်နိုင်ရန် မုဒိတာကို ပွါးများသင့်ပေသည်။ ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးသော အာရုံတို့အပေါ်၌ တပ်မက်တွယ်တာခြင်း၊ မနှစ်လိုမုန်းတီးခြင်းများ ပယ်ရှားသုတ်သင်ဖို့ရန် ဥပေက္ခာနှင့် ယှဉ်သောစိတ်ကို ပွါးများသင့်ပေသည်။

ရုပ်ပိုင်းဆိုင်ရာအားဖြင့်ကြည့်လျှင် ယနေ့ကမ္ဘာပေါ်၌ စက်မှုနှင့်ကုန်ထုတ်မှုနည်းပညာများ မြင့်မားစွာတိုးတက်ထွန်းကားနေသော်လည်း လူသားတို့၏ စိတ်ဓာတ်၌ မေတ္တာ၊ ကရုဏာ၊ မုဒိတာနှင့် ဥပေက္ခာတရားတို့ကင်းမဲ့ကာ အတွေ့ကင်းသော စိတ်မျိုးလည်း ဆိတ်သုဉ်းနေပေသည်။ စိတ်ဓါတ်ရေးရာ မြင့်မြတ်မှုကင်းမဲ့လျက် အတွေ့ကိုသာ အလွန်အမင်း ရှေ့တန်းတင်နေကြပေသည်။ ထို့ထက်ပို၍ဆိုးသည်မှာ မျိုးဆက်သစ်လူငယ်များ၏ အကျင့်စာရိတ္တများ ပျက်ပြားလာနေခြင်းပင်ဖြစ်သည်။ နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ဖို့ရန် ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုများသာမက စိတ်ဓာတ်ရေးရာ ဖွံ့ဖြိုးတိုးတက်ဖို့ရန်လည်း လိုအပ်လှပေသည်။ စိတ်ဓာတ်ရေးရာ ချွတ်ခြုံကျမှုကို မြှင့်တင်နိုင်ရေးအတွက် နိုင်ငံရေးခေါင်းဆောင်များ

အားလုံးနှင့် ပညာရှိပုဂ္ဂိုလ်များအားလုံးတို့က ခေတ်မီပညာရေးနှင့် ကိုယ်ကျင့်တရားဆိုင်ရာ ပညာရေးတို့ကို ဟန်ချက်ညီညီတိုးတက်စေနိုင်သော ပညာရေးစနစ်တစ်ခု တိုးတက်ဖွံ့ဖြိုးအောင်ဆောင်ရွက်သင့်ပေသည်။ ယေဘုယျအားဖြင့် ပညာရေးစနစ်ကောင်းတစ်ခုသည် ကိုယ်ကျင့်တရားတိုးတက်ဖွံ့ဖြိုးရေးသို့ ဦးတည်သောလမ်းတစ်ခုဖြစ်ပြီး လူအများကို ဆင်းရဲတွင်းမှလည်း လွတ်စေနိုင်သော နည်းလမ်းတစ်ခု ဖြစ်ရပေမည်။ ယခုအခါတွင် ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုသည် ကျေနပ်လောက်သောအနေအထားတွင် ရှိနေသော်လည်း စိတ်ဓာတ်ရေးရာအရမူ အနိမ့်ဆုံးအဆင့်သို့ ရောက်နေပေသည်။ ထို့ကြောင့် နောင်ရေတို့ရေရှည်အနာဂတ်ကာလများတွင် လူအားလုံးအတွက် အထူးအားဖြင့် မိမိတို့သားသမီးများ၏ စိတ်ဓာတ်ရေးရာနှင့် ကိုယ်ကျင့်တရားတိုးတက်စေရေးအတွက် မြှင့်တင်ပေးသင့်ပေသည်။

လောကဥ္စာ စစ်မှန်သောငြိမ်းချမ်းရေးကို အမှန်တကယ်တည်ဆောက်လိုပါက စိတ်ဓါတ်ရေးရာ ပြန်လည်မြှင့်မားလာသော ခေတ်တစ်ခုကို တည်ဆောက်သင့်ပေသည်။ ထိုသို့ တည်ဆောက်ရန်အတွက် နိုင်ငံတိုင်းရှိ ပညာရေးစနစ်များ တိုးတက်အောင်ပြင်ဆင်ပြောင်းလဲကာ ကိုယ်ကျင့်တရားကို မြှင့်တင်ပေးနိုင်သော ပညာရေး၊ ယဉ်ကျေးမှုကို ဖွံ့ဖြိုးတိုးတက်စေသော ပညာရေး၊ ဘာသာရေးအဆုံးအမများနှင့် ညီညွတ်သောပညာရေး၊ စိတ်ဓာတ်ရေးရာ မြှင့်မားတိုးတက်စေသော ပညာရေးတို့ကို နိုင်ငံအလိုက် ယဉ်ကျေးမှုထုံးစံအလိုက် ရေမြေသဘာဝအနေအထားအလိုက် ကိုးကွယ်သောဘာသာအလိုက် သင်ကြားပို့ချနိုင်ရန် စီမံကိန်းချ အကောင်အထည်ဖော်သင့်ပါသည်။ ထို့ကြောင့် ဘာသာရေးခေါင်းဆောင်အားလုံး အထူးအားဖြင့် ဗုဒ္ဓဘာသာခေါင်းဆောင်အားလုံး မိမိတို့အကြား တူညီသော အဆုံးအမများပေါ်တွင် ရပ်တည်ကြကာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးကဲ့သို့ 'ကမ္ဘာ့ဗုဒ္ဓဘာသာသမဂ္ဂ (သို့မဟုတ်) ကမ္ဘာ့ကိုးကွယ်သည့် ဘာသာပေါင်းစုံသမဂ္ဂ'ကို ဖွဲ့စည်းနိုင်အောင် ကြိုးပမ်းသင့်ပါသည်။

'ကမ္ဘာ့ဗုဒ္ဓဘာသာသမဂ္ဂ (သို့မဟုတ်) ကမ္ဘာ့ကိုးကွယ်သည့် ဘာသာပေါင်းစုံသမဂ္ဂ' ကို ဖွဲ့စည်းတည်ထောင်နိုင်ပါက နိုင်ငံအရပ်ရပ်ရှိ ပြဿနာပေါင်းစုံကို အတူလက်တွဲ၍ ဖြေရှင်းနိုင်ကြပေလိမ့်မည်။ ဗုဒ္ဓရှင်တော် မိန့်ကြားတော်မူခဲ့သည့်အတိုင်း 'ဒေါသကို မေတ္တာဖြင့် အနိုင်ယူ၊ ကောက်ကျစ်စဉ်းလဲမှုကို ဖြောင့်မတ်မှန်ကန်ခြင်းဖြင့် အနိုင်ယူ၊ အတ္တကြီး၍ ဝန်တိုစေးနဲမှုကို ပေးကမ်းစွန့်ကြဲခြင်းဖြင့် အနိုင်ယူ၊ မုသားကို သစ္စာတရားဖြင့် အနိုင်ယူရမည်' ဖြစ်ပေသည်။ မိမိတို့ယုံကြည်ကိုးကွယ်သည့် ဘာသာတရား၊ အမြင်နှင့် ဓလေ့ထုံးစံတို့မှ မတူညီသောအချက်များကိုသာ ဂရုပြုပြီး တူညီသောအချက်များအပေါ်တွင် မတွေ့ဆုံနိုင် မရပ်တည်နိုင် လက်တွဲမလျှောက်နိုင်ပါက ကရုဏာတရားကြီးမားကြပါသည်ဆိုသော ကမ္ဘာ့ခေါင်းဆောင်များ၏ လောကကောင်းကျိုးဆောင်ရွက်ခြင်းလုပ်ငန်းများ ကျရှုံးမည်မှာ မလွဲစေကန်ဖြစ်ပေတော့သည်။

ဤနေရာ၌ မိမိဆိုလိုသောအချက်ကို ပိုမိုရှင်းလင်းစေရန် ဥပမာဆောင်၍ တင်ပြလိုပါသည်။ ကမ္ဘာအရပ်ရပ်တွင် နာမည်အမျိုးမျိုးရှိကြသော မြစ်များစွာတို့ စီးဆင်းနေကြပါသည်။ ဥပမာအားဖြင့် မြန်မာနိုင်ငံတွင် ဧရာဝတီမြစ်၊ လာအို ကမ္ဘောဒီးယားနှင့် ဗီယက်နမ်တို့တွင် မဲခေါင်မြစ်၊ အိန္ဒိယတွင် ဂင်္ဂါမြစ်၊ ဥရောပတိုက်တွင် ရိုင်းမြစ်၊ အမေရိကန်ပြည်ထောင်စုတွင် မစ္စစ္စပီမြစ် အစရှိသည်တို့ စီးဆင်းနေကြပါသည်။ ထိုမြစ်အားလုံးတို့ ဦးတည်စီးဆင်းရာအရပ်ကား သမုဒ္ဒရာပင်ဖြစ်ပါသည်။ နိုင်ငံဒေသအရပ်ရပ်ရှိမြစ်များ၊ အမည်အမျိုးမျိုးကွဲပြားကြ၍စီးဆင်းပုံ မတူညီကြစေမူထိုမြစ်တို့ သမုဒ္ဒရာသို့ စီးဝင်ကြသည့်အခါတွင် တူညီသောအဆင်းနှင့် တူညီသော အရသာရှိကြမြဲဖြစ်ပေသည်။ သမုဒ္ဒရာအတွင်းသို့ရောက်သောအခါ ထိုမြစ်များ၏ မူလအမည်အသီးသီးလည်း မရှိနိုင်တော့ပေ။

မြစ်အားလုံးမှ ရေအားလုံးတို့သည် တူညီသော ဆားငံအရသာ၊ တူညီသော အပြာရောင်ဖြင့် ရောယှက်သွားကြရပေသည်။ မြစ်တစ်ခုကိုကြည့်ပါ။ မြစ်ဟူသည်ကား အဘယ်အရာနည်း။ မြစ်ဟူသည် သမုဒ္ဒရာထဲသို့စီးဝင်သော ရေစီးကြောင်းသာဖြစ်ပေသည်။ မိမိတို့အားလုံးသည်လည်း နိဗ္ဗာန်တည်းဟူသော တစ်ခုတည်းသောဦးတည်ရာသို့ စီးဆင်းနေသော မဂ္ဂင်ရှစ်ပါးတည်းဟူသော မြစ်ရေစီးတွင် မြစ်နှင့်အတူ စီးဆင်းနေကြသူများပမာသာဖြစ်ပေသည်။ နိဗ္ဗာန်သို့ ဝင်စံကြရသည့်အခါ မိမိတို့အားလုံး ဝိသုဒ္ဓိတည်းဟူသော တူညီသော အဆင်းရှိလာကြပြီး ဝိမုတ္တိအရသာတည်းဟူသော တူညီသော အမြိုက်အရသာကို ခံစားကြရမည်ဖြစ်ပေသည်။ မိမိတို့အားလုံးသည် ကမ္ဘာပေါ်တွင် အတူနေထိုင်ကြသောသူများဖြစ်သည့်အပြင် ဗုဒ္ဓ၏သားတော် သမီးတော်များသာဖြစ်ကြသောကြောင့် မေတ္တာ၊ ခန္တီ၊ ကရုဏာ၊ မုဒိတာ၊ ပညာတို့သည် တူညီသော လမ်းကြောင်းများ ဖြစ်ကြပေသည်။ ထိုသို့ တူညီသော လမ်းကြောင်းပေါ်၌ အတူလျှောက်လှမ်းကြခြင်းသည် လက်တွေ့မဆန်ဟု ယူဆလိုက ယူဆနိုင်သော်လည်း ကြမ်းကြုတ်ရက်စက်သော စစ်ပွဲကြီးများကို ဆင်နွဲခြင်းနှင့် ညူကလီးယားစစ်လက်နက်များကို ထုတ်လုပ်နေခြင်းတို့ထက် ပို၍လွယ်ကူ အန္တရာယ်ကင်းလှသည်မှာ အမှန်ပင်ဖြစ်ပါသည်။

ပါဠိတော်၌ 'လူ'ဟူသော ပုဒ်၏အဓိပ္ပါယ်သည် အမှားနှင့်အမှန်ကို ခွဲခြားသိမြင်ပြီး အကြောင်းအကျိုးဆက်နွယ်မှုကို နားလည်သဘောပေါက်သော စဉ်းစားနိုင်စွမ်းရှိသည့် သတ္တဝါဖြစ်သည်ဟူ၏။ ကြောက်ရွံ့ခြင်း၊ သောက၊ စိတ်ကူးယဉ်အတွေးများနှင့် အစွန်းရောက်အတွေးအခေါ်များ လူ့နှလုံးသားတွင် ပေါ်လာတိုင်း ဓမ္မဓိဋ္ဌာန်မှန်ကန်သော ပရမတ္ထသဘောတရားမှလွန်၍ စိတ်ကူးယဉ်အတွေးများကို အထိန်းအကွပ်မဲ့ဖြန့်ကျက်ခြင်းကြောင့် ကယ်တင်ရှင်တစ်ယောက်ကို ရှာဖွေမိလေတော့သည်။ ထို့ကြောင့် အကြောက်တရားနှင့် စိတ်ကူးယဉ်အတွေးများသည် ဘာသာရေးတစ်ခု၏ မူလအစဟုဆိုနိုင်ပေသည်။ လူသား၏ အရေးပါမှုထက် ဖန်ဆင်းရှင် ကယ်တင်ရှင်ဘုရားက ပို၍ အဓိကကျလာခဲ့သည်။

ဗုဒ္ဓတရားတော်သည်ကား အကြောက်တရားနှင့် စိတ်ကူးယဉ်အတွေးများအပေါ် အခြေခံခြင်း မဟုတ်ချေ။ လူသားတို့ရင်ဆိုင်နေရသော ပြဿနာတို့ကို လူသားတို့ခန္ဓာ၌သာရှာတွေ့နိုင်သည်။ ကြောက်ရွံ့မှု၊ သောက၊ စိတ်အလိုမကျမှုနှင့် ဒုက္ခအားလုံးတို့သည် လူသားတို့၏ ခန္ဓာအစဉ်၌သာ ရှာဖွေတွေ့ရှိနိုင်သည်။ လူ့ခန္ဓာအစဉ်သည် စိတ်၊ စေတသိက်နှင့် ရုပ်တရားတို့၏အစုအဝေးသာဖြစ်သည်။ စိတ်နှင့် စေတသိက်တို့သည် ပြဿနာအားလုံးတို့၏ မူလဖြစ်ရုံသာမက ထိုပြဿနာတို့၏အဖြေကို ရှာဖွေတွေ့ရှိနိုင်ရာ သဘောတရားတို့ ဖြစ်ကြသည်။ ဤအချက်ကို ဗုဒ္ဓက သစ္စာတရားဖြစ်သည်ဟု ဟောကြားခဲ့သည်။ ကိုးကွယ်ရာဘာသာတစ်ခု၏ အဓိကအချက်မှာ ယုံကြည်ခြင်းနှင့် ရှိခိုးအသနားခံခြင်းဖြစ်သောကြောင့် ဘာသာတရားဟူသည် ဖန်ဆင်းရှင် ကယ်တင်ရှင်ဘုရားရှိသည်ဟု ယူဆထားချက်အပေါ် အခြေပြုသည်။ ဗုဒ္ဓ၏တရားတော်သည်ကား ကာယကံ၊ ဝစီကံနှင့် မနောကံတို့အပေါ် တည်မှီခြင်းဖြစ်သည်။ ဗုဒ္ဓ၏တရားတော်အရ 'ဆိုးသွမ်းယုတ်မာပြီး အကျိုးမဲ့သောအရာများကို လုပ်ရန်လွယ်ကူသလောက် ကောင်းမြတ်ပြီး အကျိုးရှိသောအရာများကို လုပ်ရန်ခက်ခဲလှသည်။' လူတိုင်းလူတိုင်း ဓမ္မကို လက်တွေ့ကျင့်သုံးခြင်းဖြင့် ငြိမ်းချမ်းမှုကို ခံစားရနိုင်ပေသည်။ တစ်ဦးတစ်ယောက်ချင်းစီ၏ငြိမ်းချမ်းခြင်းသည် ကမ္ဘာ့ငြိမ်းချမ်းခြင်း၏ မူလအစဖြစ်ပေသည်။

နိဂုံးချုပ်အနေအားဖြင့် ဗုဒ္ဓဘာသာခေါင်းဆောင်များကို တိုက်တွန်းလိုပါသည်။ အဖျက်တရားတို့ ပြည့်လျှမ်းနေသော လက်ရှိကမ္ဘာ့အခြေအနေတွင် မိမိတို့အနေဖြင့် အပြုသဘောဆောင်သော တရားဖြစ်သည့် မေတ္တာကို ဖြည့်ဆည်းပေးဖို့ လိုပေမည်။ ယနေ့ကမ္ဘာနှင့်တစ်ဝန်း ရက်စက်

ကြမ်းကြုတ်မှုများ၊ ကြောက်ရွံ့ဖွယ်အဖြစ်ဆိုးများ၊ ရန်ငြိုးသို မလိုမုန်းတီးမှုများ နေရာတိုင်း၌ လွှမ်းမိုးနေသောကြောင့် ကုသနိုင်သော ဆေးစွမ်းကောင်းတစ်လက်ကို ဝေငှရန် လိုအပ်နေပေပြီ။ ထိုဆေးစွမ်းကောင်းကား ကရဏာတရားပင်ဖြစ်ပါတော့သည်။ ယခုအခါ ကမ္ဘာတစ်ဝန်းလုံး၌ ကြောက်မက်ဖွယ်ရာ အန္တရာယ်များလှသော ပြိုင်ဆိုင်မှုများဖြင့် အဆိပ်သင့်နေပေသည်။ ဤအခြေအနေတွင် အဆိပ်သင့်နေသောလောကအတွက် အကောင်းဆုံးသောဆေးကို ဝေငှပေးရပေမည်။ ထိုဆေးကား မုဒိတာပင်ဖြစ်ပါသည်။ လောကလူသားတို့သည် စိတ်တည်ကြည်ခိုင်မာမှုကင်းနေကြသည်။ စိတ်ခါတ်ကျခြင်းကို စဉ်ဆက်မပြတ် ခံစားနေကြရသည်။ ထို့ကြောင့် သူတို့၏ စိတ်နှလုံးကို အကောင်းလောကခံတို့နှင့် ရင်ဆိုင်တွေ့ကြုံရသည့်အခါလည်း ငြိကပ်တွယ်တာခြင်းမှကင်းအောင်၊ အဆိုးလောကခံနှင့် ရင်ဆိုင်ရသည့်အခါလည်း မုန်းတီးစက်ဆုပ်ခြင်းမှကင်းအောင် တည်ငြိမ်အေးချမ်းသောစိတ်ကို တည်ဆောက်နိုင်အောင် ကူညီရပေမည်။ အကောင်းအဆိုးလောကခံတို့နှင့် ရင်ဆိုင်တွေ့ကြုံရသော်လည်း တည်ငြိမ်အေးချမ်းသောစိတ်ကို ထားနိုင်ခြင်းသည် ဥပေက္ခာ၏ သဘောတရားပင်ဖြစ်ပါသည်။ ယခုတင်ပြခဲ့သည်မှာ ဗုဒ္ဓတိုက်တွန်းမိန့်မှာတော်မူခဲ့သော ဗြဟ္မဝိဟာရ အပွမညာတရားလေးပါးကို ပွါးများကျင့်သုံးရေးပင် ဖြစ်ပါသည်။ အပိုင်းအခြားအကန့်အသတ် ခွဲခြားခြင်းအမျိုးမျိုးမှ ကင်းစင်သော ညီရင်းအစ်ကိုစိတ်ဓာတ်ကို တည်ဆောက်နိုင်အောင် စုစည်းဆောင်ရွက်ကြပါစို့။

သူတော်ကောင်းဓာတ်တရားမြတ် လွှမ်းပတ်ကမ္ဘာတည်စေသော်။

သတ္တဝါမှန်သ၍ တရားတွေ့ ချမ်းမြေ့သာယာရှိစေသော်။



အဖွဲ့.(၃)၊ "ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေး"၊ ဆွေးနွေးပွဲကျင်းပရာနေရာ – ရှင်းလင်းဟောပြောခန်းမ၊ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်

Discussion of Group (3) about "Promotion and Propagation of Buddhism", at theSeminar Hall of International Theravāda Buddhist Missionary University.

# နိဗ္ဗာန်အယူအဆကို ထေရဝါဒရှုဒေါင့်မှ လေ့လာသုံးသပ်ခြင်း

ဒေါက်တာအရှင်ဓမ္မပိယ
ညွှန်ပါမောက္ခ၊
အပြည်ပြည်ဆိုင်ရာထေရဝါဒ
ဗုဒ္ဓသာသနာပြုတက္ကသိုလ်၊
ရန်ကုန်။

ရိုသေဂါရဝပြုထိုက်သောဆရာတော်ကြီးများ၊ သံဃာတော်များ၊ အထူးဧည့်သည်တော်များနှင့် အားလုံးသော ဗုဒ္ဓဘာသာဝင်အပေါင်းတို့အား ဤကဲ့သို့ထူးခြားလှသော ဗုဒ္ဓဘာသာညီလာခံကြီး၌ ဆုံတွေ့ရသည့်အတွက် အထူးဝမ်းမြောက် ဝမ်းသာရှိလှပါသည်။ ဤကဲ့သို့ ထူးခြားလှသော နေ့ကြီး၌ ကမ္မဋ္ဌာန်းတရားနှင့် ကမ္ဘာငြိမ်းချမ်းရေး (Meditation and World peace) ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သော ဤအစည်းအဝေးခန်းမကြီးတွင် "နိဗ္ဗာန်အယူအဆကို ထေရဝါဒရှုထောင့်မှလေ့လာသုံးသပ်ခြင်း" ဟူသော ဤစာတမ်းကို ဖတ်ကြားခွင့်ရရှိသည့်အတွက် ကျွန်ုပ်ကအားလုံးကိုအထူးပင် ကျေးဇူးတင်လျက် ဝမ်းမြောက်မိပါသည်။

အဘိဓမ္မာလို့ခေါ်တဲ့ ဗုဒ္ဓဝါဒဆိုင်ရာ ဒဿနိကပေဒ၌ နိဗ္ဗာန်ကို "ပရမတ္ထဓမ္မ– အသန်္ခတဓာတ်" လို့ ဖော်ပြထားပါတယ်။ ပါဠိတော်များ၊ အဋ္ဌကထာများ၌ မကြာခဏဆိုသလို တွေ့နေရတဲ့ "နိဗ္ဗာန်"ဆိုတဲ့ ပုဒ်ကို အဓိပ္ပါယ်ဖွင့်ဆိုရန် ခက်ခဲလှတယ်လို့ ယူဆထားကြပါတယ်။ ဒါကလဲ ပရမတ္ထဓမ္မဖြစ်တဲ့ နိဗ္ဗာန်ဆိုတဲ့ အသန်္ခတဓာတ်နဲ့စပ်လျဉ်းပြီး အဓိပ္ပါယ်ဖွင့်ဆိုချက်အမျိုးမျိုးတွေကြောင့် နိဗ္ဗာန်အယူအဆဟာ ဗုဒ္ဓဝါဒမှာ အကျယ်တဝင့်ဝေဖန်ဆွေးနွေးရန် ထင်ရှားသည့် အကြောင်းအရာတစ်ခုဖြစ်လာခဲ့ပါတယ်။ နောက်ပြီးတော့လည်း ဘယ်လိုဘာသာစကားမျိုးနှင့်ပဲဖြစ်ဖြစ် နိဗ္ဗာန်၏အနှစ်သာရကို ခြုံမိ ငုံမိအောင်ဖွင့်ဆိုနိုင်သော စကားလုံးမျိုးလည်း မရှိနိုင်ပါ။

ဒါပေမဲ့လို့ ပါဠိ–အဋ္ဌကထာဆရာများ၊ ပါဠိပညာရှင်များကတော့ နိဗ္ဗာန်အဓိပ္ပါယ်ကို "ဒုက္ခ ချုပ်ခြင်း၊ ဒုက္ခငြိမ်းအေးသွားခြင်း၊ သံသရာမှ လွတ်မြောက်သွားခြင်း"လို့ တိုတိုကျဉ်းကျဉ်း ဖွင့်ဆိုပြပြီးတော့ နိဗ္ဗာနပုဒ်၏အဓိပ္ပါယ်ကိုတော့ "ငြိမ်းစေခြင်း၊ ငြိမ်းသက်ခြင်း"လို့ ဖွင့်ဆိုပြလျက် နိဗ္ဗာန်၏ အဓိပ္ပါယ်ကို သိချင်နေသော ပရိသတ်အမျိုးမျိုးအား ရှင်းလင်းတင်ပြထားကြတယ်။ ဤကဲ့သို့ တိုတိုရှင်းရှင်း အဓိပ္ပါယ်ဖွင့်ဆိုထားရတဲ့ သူတို့ရဲ့ရည်ရွယ်ချက်ကတော့ စာဖတ်သူများအား နိဗ္ဗာန် အယူအဆနှင့် ပတ်သက်ပြီးတော့ ရှုပ်ထွေးမှုနည်းပါးစေပြီး၊ အဓိပ္ပါယ်ကို ပိုမိုပြည့်စုံစေချင်တဲ့သဘောပါပဲ။ ဒါပေမဲ့ တချို့အဓိပ္ပါယ်ဖွင့်ဆိုချက်တွေဟာ မူရင်းအဓိပ္ပါယ်မှ တခြားအဓိပ္ပါယ်တစ်မျိုးကို သက်ရောက်သွားစေတယ်။ ဒါကြောင့်လည်း မက်(က်)(စ်)မူလာကဲ့သို့သော အနောက်တိုင်းပညာရှင် အချို့ဟာ နိဗ္ဗာန်ကို "နတ္ထိကဝါဒ–သေပြီးသည်နောက် အားလုံးချုပ်ငြိမ်းသွားခြင်းဝါဒ (utter annihilation)[3]လို့ အဓိပ္ပါယ် ဖွင့်ဆိုလိုက်ပါတယ်။ သူ့အဆိုက နိဗ္ဗာန်ဆိုတာဘဝချုပ်ငြိမ်းပြတ်စဲ သွားခြင်းထက် ဘာမျှပိုလွန်ထူးခြားတဲ့ အဓိပ္ပါယ်မရှိဘူးလို့ ဆိုလိုတယ်။ သို့ပေမယ့် နိဗ္ဗာန်၏အဓိပ္ပါယ်ကို လိုလိုလားလား သိနေချင်သူများက ရှိနေပြန်တယ်။

ဗုဒ္ဓဘာသာရဲ့ရှေးဦးခေတ်လို့ ခေါ်ဆိုထိုက်တဲ့ ဗုဒ္ဓခေတ်အခါက ဗုဒ္ဓဘာသာဝင်များဟာ ဘုရား၊ ရဟန္တာများ ဟောကြားတဲ့ နိဗ္ဗာန်ပုဒ်ရဲ့ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို သိနားလည်ရန် မခက်ခဲကြသော်လည်း ယနေ့မျက်မှောက်ခေတ်လူများမှာတော့ နိဗ္ဗာန်၏အဓိပ္ပါယ်ကို သိနားလည်ရန် ခက်ခဲစေနိုင်တဲ့ အကြောင်းတွေကလည်း အများကြီးရှိနေပါတယ်။ ပထမအကြောင်းကတော့ ပညာရှင်များ၏ အဓိပ္ပါယ်ပြန်ဆိုချက်

ဟာ နိဗ္ဗာန်ရဲ့အဓိပ္ပါယ်ကို သဲသဲကွဲကွဲနားလည်နိုင်အောင် ဖွင့်ဆိုထားခြင်းမရှိလို့ပါပဲ။ ဒုတိယ အကြောင်းကတော့ နိဗ္ဗာန်ဆိုတဲ့ ပုဒ်နှင့် အဓိပ္ပါယ်တူညီတဲ့ စကားလုံးမျိုး ဘာသာစကားများ၌ မရှိနိုင်လို့ပါပဲ။ တတိယအကြောင်းကတော့ ရေးသူပဲဖြစ်ဖြစ်၊ ဖတ်သူပဲဖြစ်ဖြစ်၊ နိဗ္ဗာန်ကို ကိုယ်တိုင် မျက်မှောက်ပြုသိထားတဲ့အထိ ပြည့်ပြည့်စုံစုံ ကမ္မဋ္ဌာန်းတရားများ အားထုတ်ထားခြင်းမရှိလို့ နိဗ္ဗာန်၏အဓိပ္ပါယ်ကို ရှင်းရှင်းလင်းလင်း ဖွင့်ဆိုနိုင်စွမ်း(သို့မဟုတ်) နားလည်နိုင်စွမ်းမရှိခြင်းပါပဲ။

နေ့စဉ်ဘဝမှာ လူသားတွေဟာ မိမိတို့ရဲ့ ခံစားချက် ဘဝအတွေ့အကြုံများကို ရှင်းလင်းပြရန် ဘာသာစကားကို ဆက်သွယ်ရေးအတွက် အသုံးပြုကြပါတယ်။ ဘာသာစကားမပါဘဲနဲ့ မိမိရဲ့ ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း၊ စိတ်လှုပ်ရှားခြင်းနဲ့ ရသခံစားခြင်းကဲ့သို့သော ခံစားမှုမျိုးကို ဘယ်သူမှ ရှင်းမပြနိုင်ပါဘူး။ ဒါပေမဲ့ နိဗ္ဗာန်ရဲ့ အဓိပ္ပါယ်ကိုမူ စကားလုံးများဖြင့် (သို့မဟုတ်)ဘာသာစကားဖြင့်ဖော်ပြရန် မဖြစ်နိုင်ပါဘူး။ ဘာ့ကြောင့်လဲဆိုတော့ ဘာသာစကားဆိုတာပရမတ္ထဓမ္မကိုဖော်ပြရန် အမည်နာမ တစ်ခုမျှသာ ဖြစ်လို့ပါပဲ။ အမည်နာမဆိုတာ ပညတ်မျှသာဖြစ်တယ်။ ဓမ္မအရသာနဲ့ နိဗ္ဗာန်ရဲ့ အနှစ်သာရဟာ အဆုံးစွန်ပရမတ္ထတရားဖြစ်လို့ ဘာသာစကား၏ နယ်နိမိတ်ကို ကျော်လွန်နေတယ်။ ဗုဒ္ဓဝါဒရှုထောင့်အရ နိဗ္ဗာန်ရဲ့အနှစ်သာရကို မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့ဖြင့်သာ နားလည်နိုင်တယ်။ ဒါကြောင့် အစစ်အမှန် ပရမတ္ထတရားကို ရှင်းလင်းဖော်ပြဖို့ တိကျသောအမည်နာမမရှိ၊ ဘာသာစကားမရှိလို့ဆိုရခြင်းဖြစ်တယ်။

သို့ပေမဲ့ ဒဿနရှုထောင့်အမြင်ကနေ နိဗ္ဗာန်ရဲ့ အဓိပ္ပါယ်ကို ဖြေရှင်းရန် လိုအပ်တယ်လို့ ထင်မြင်ယူဆကြတယ်။ "နိဗ္ဗာန်ဆိုတာဘာလဲ" "နိဗ္ဗာန်ဆိုတာ တကယ်ပဲရှိသလား" (သို့မဟုတ်) "တကယ်မရှိဘူးလား" ဆိုတဲ့မေးခွန်းမျိုးတွေကို မေးခဲ့ကြတယ်။ ဒါကြောင့် နိဗ္ဗာန်၏မူလအဓိပ္ပါယ်ကို ဖွင့်ဆိုပြရန် မရှိမဖြစ်လိုအပ်လာတယ်။ ဝေါဟာရရင်းမြစ်အရ နိဗ္ဗာနဟူသောပုဒ်သည် ပါဠိဘာသာ "နိ"နှင့်"ဝါန" ဟူသော နှစ်ပုဒ်တို့ကိုဆက်စပ်ထားသောဝေါဟာရဖြစ်တယ်။ "နိ"ဟူသည်မရှိခြင်း (သို့မဟုတ်) ထွက်ခွာခြင်း(နိက္ခန္တတ္တာ) ဖြစ်ပြီး "ဝါန"ဟူသည် နှစ်သက်ခြင်းတဏှာဖြစ်တယ်။ သို့ဖြစ်၍ "နိ+ဝါန" ဟူသော မူလပါဠိစကားမှလာသော နိဗ္ဗာန်ဆိုတာ "တဏှာမရှိခြင်း"(သို့မဟုတ်) "တဏှာမှ လွန်မြောက်ခြင်း"လို့ အဓိပ္ပါယ်ရှိတယ်။

ဒီအဓိပ္ပါယ်ပြန်ဆိုချက်ဟာ ဓမ္မပဒပါဠိတော်မှာလာရှိတဲ့ ဘုရားစကားတော်နှင့်ညီတယ်။ အဲဒီစကားရပ်ကို မြတ်ဗုဒ္ဓ၏ ပဌမဗုဒ္ဓဝစန (ဗုဒ္ဓ၏ပထမဦးဆုံးမြွက်ကြားသောစကား)ဟု ကျမ်းဂန်များ၌ ဖွင့်ဆိုပြကြတယ်။ အဲဒီစကားအပြည့်အစုံကတော့..

အနေကဇာတိ သံသာရံ၊ သန္ဓာဝိဿံအနိဗ္ဗိသံ။
ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာဇာတိ ပုနပ္ပုနံ။
ဂဟကာရက ဒိဋ္ဌောသိ၊ ပုနဂေဟံ န ကာဟသိ။
သဗ္ဗာတေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခံတံ။
ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယ မဇ္ဈဂါ။[၂]

အိမ်ဆောက်လုပ်သူနှင့်တူသော တဏှာအား ရှာဖွေသော်လည်းမတွေ့နိုင်သေးသောငါသည် ဘဝများစွာ မွေးဖွားမှုသံသရာကို ဖြတ်သန်းခဲ့ရ၏။ ဘဝကြိမ်ဖန် ဖြစ်ရခြင်းကား နာကျင်လှချေ၏။ အို.. အိုးအိမ်ဆောက်သူ၊ ယခုသင့်ကိုငါတွေ့ပြီ။ သင်သည် အိမ်သစ် တစ်ဖန်ဆောက်ရန် မရှိတော့ပြီ။ သင်ဆောက်လုပ်ထားတဲ့အိမ်ရဲ့ အခြင်ရနယ်တို့ကို ငါဖျက်ဆီးလိုက်ပြီ။ သင်

ဆောက်လုပ်ထားတဲ့ အိမ်အထွဋ်ကိုလည်း ငါဖျက်ဆီးလိုက်ပြီ။ ငါ့စိတ်သည် ပြုပြင်ခြင်းကင်းသော နိဗ္ဗာန်သို့ရောက်ပြီ။ နှစ်သက်မှုတဏှာကုန်ဆုံးရာ နိဗ္ဗာန်သို့ ရောက်ခဲ့ပြီ။

အထက်ပါဖော်ပြချက်မှာ ဗုဒ္ဓရှင်တော်မြတ်သည် ယင်းပါဠိဂါထာများကို နှုတ်တော်ဖြင့် ရွတ်ဆိုတော်မူရာ၌ ဒဿနဆိုင်ရာယူဆချက်များပါရှိနေပါတယ်။ အဲဒါကတော့ နှစ်သက်မှု တဏှာနဲ့ တဏှာမှလွတ်မြောက်ရာ နိဗ္ဗာန်ဆိုတဲ့ အယူအဆပင်ဖြစ်ပါတယ်။ တကယ်တော့ တဏှာကသံသရာ၌ရှိ၍ နိဗ္ဗာန်သည် သံသရာ၌မရှိခြင်းပင်ဖြစ်တယ်။ အကယ်၍နိဗ္ဗာန်သည် သံသရာ၌မရှိလျှင် တဏှာနှင့် နိဗ္ဗာန်တို့၏ဆက်နွယ်မှုကို မည်သို့ရှင်းပြနိုင်အုံးနည်း။ အမှန်ဆိုသော် တရားအားထုတ်ခြင်းဖြင့် ရနိုင်သော အရဟတ္တမဂ်ဉာဏ်၊ အရဟတ္တဖိုလ်ဉာဏ်တို့ဖြင့်သာ တဏှာကို ဖယ်ထုတ်ပစ်နိုင်သည်။ တဏှာကသံသရာနှင့် ဆက်စပ်နေပြီး တဏှာကို အရဟတ္တမဂ်ဉာဏ်၊ အရဟတ္တဖိုလ်ဉာဏ်တို့ဖြင့် ပယ်ခဲ့ပြီးသည်မှစ၍ တဏှာကင်းသော နိဗ္ဗာန်၌ ကံကြောင့်ဖြစ်သော ဘဝနှင့် ဘဝရှိမှုကြောင့် ဖြစ်ပေါ်လာနိုင်သော ဆင်းရဲခြင်းမျိုးသည် မရှိနိုင်တော့ချေ။ နိဗ္ဗာန်ကို အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ဉာဏ်ဖြင့်သာ ရရှိခံစားနိုင်သည်ဟူသော ဖော်ပြချက်ကို ခိုင်မာစေရန် အဋ္ဌကထာဆရာအရှင်အနုရုဒ္ဓါသည် အဘိဓမ္မတ္ထသင်္ဂဟ၌ ၎င်း၏အယူအဆကို ယုတ္တိနှင့်လက်တွေ့အမြင်ဖြင့် ဖော်ပြရန် ကြိုးပမ်းခဲ့ပါတယ်။

နိဗ္ဗာနံ ပန လောကုတ္တရသင်္ခါတံ စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗံ
မဂ္ဂဖလာနံ မာရမ္မဏလောကဘူတံ ဝါ နသင်္ခါတာယ တဏှာယ
နိက္ခန္တတ္တာ နိဗ္ဗာနန္တိ ပဝုစ္စတိ။[၃]
နိဗ္ဗာန်ဟူသည် လောကုတ္တရာဖြစ်၏။ မဂ်ဉာဏ်လေးပါးဖြင့် သိနိုင်၏။ မဂ်ဖိုလ်တို့၏ အာရုံဖြစ်ပြီး ဝါနဟုဆိုအပ်သော တဏှာမှ ထွက်မြောက်တတ်သောကြောင့် နိဗ္ဗာန်ဟုခေါ်၏။

ဗုဒ္ဓဝါဒ စကြာဝဠာအယူအဆတွင် နိဗ္ဗာန်သည် ဘဝဖြစ်စဉ်၌ မပါဝင်သောကြောင့် ဝိဘဝ (ဘဝဖြစ်တည်မှု မရှိခြင်း)အဖြစ်ဟု ယူဆနိုင်တယ်။ အဘယ့်ကြောင့်ဆိုသော် နိဗ္ဗာန်၌ ဘဝနှင့်စပ်သော မွေးသေခြင်းမျိုး မရှိသောကြောင့်ဖြစ်တယ်။ ဤ၌ဘဝဟူသည် မွေးသေဖြစ်စဉ်ကိုဆိုလိုသည်။ သုံးဆယ့်တစ်ဘုံ၌ ပါဝင်ခြင်းမရှိတော့သော မည်သည့်သတ္တဝါကိုမဆို ဝိဘဝ(ဘဝဖြစ်တည်မှု မရှိခြင်း)၌ ပါဝင်သူဟုခေါ်တယ်။ သို့ရာတွင် နိဗ္ဗာန်ကို ထင်ရှားမရှိသောတရားဟု မဆိုလိုပေ။ အကြောင်းမူ နိဗ္ဗာန်သည် သုံးဆယ့်တစ်ဘုံ၌ မပါဝင်သော်လည်း ထူးကဲမြင့်မြတ်သည့်အခြေအနေဖြင့် အမှန်တကယ် တည်ရှိနေသောကြောင့် ဖြစ်တယ်။ သို့ဖြစ်၍ ဖြစ်တည်မှု(ဘဝ)အမြင်နှင့် မွေးသေပြတ်စဲမှု (နိဗ္ဗာန်) အမြင်တို့သည် ကွဲပြားခြားနား မှုရှိကြောင်း ထေရဝါဒရှုထောင့်အမြင်ဖြင့် ပြောဆိုနိုင်တယ်။

ဣတိဝုတ္တပါဠိ၊ နိဗ္ဗာနဓာတုသုတ်တွင် နိဗ္ဗာနဓာတ်သဘာဝကို နှစ်မျိုးခွဲခြားပြတယ်။ တစ်မျိုးမှာ ခန္ဓဉပါဒိ အကြွင်းအကျန်ရှိသော နိဗ္ဗာနဓာတ်ဖြစ်ပြီး၊ ကျန်တစ်မျိုးမှာ ခန္ဓာဉပါဒိ အကြွင်းအကျန်မရှိသော နိဗ္ဗာနဓာတ်ဖြစ်တယ်။ ပထမအမျိုးအစားကို သဉ်ပါဒိသေသနိဗ္ဗာနဓာတ်လို့ခေါ်ပြီး ဒုတိယ အမျိုးအစားဟာ အနုပါဒိသေသနိဗ္ဗာနဓာတ်ဟုခေါ်တယ်။ ဒဿနဆိုင်ရာယူဆချက်အရ ပထမအမျိုးအစားဟာ စိတ်ပိုင်းဆိုင်ရာ ကိလေသာများ လွတ်မြောက်မှုဖြစ်ပြီး ဒုတိယအမျိုးအစားကို စွဲလမ်းနှိုင်ရာဖြစ်သော ရုပ်ပိုင်းဆိုင်ရာ ဘဝခန္ဓာများမှ လွတ်မြောက်မှုဖြစ်တယ်။ ဤအယူအဆနှင့် ပတ်သက်၍ စိတ်ပိုင်းဆိုင်ရာ လွတ်မြောက်ခြင်းဟူသည် စိတ်အနှောက်အယှက်များ၊ စိတ်ကို ညစ်ထေး စေနိုင်သော ဝမ်းနည်းမှု၊ စိုးရိမ်မှု၊ ပူပန်မှုနှင့် အခြားသောစိတ်ဆင်းရဲများမှ လွတ်မြောက်ခြင်းပင်ဖြစ်တယ်။ ထေရဝါဒအယူအဆအရ ဤကဲ့သို့ စိတ်ပိုင်းဆိုင်ရာ ဆင်းရဲဒုက္ခများမှ လွတ်မြောက်မှုကို ဝိမုတ္တိလို့ ခေါ်တယ်။ ဘဝခန္ဓာတွေမှ

လွတ်မြောက်ခြင်းသည် ရဟန္တာပုဂ္ဂိုလ်များ အသန်္ဓတဓာတ် ဟုခေါ်သော နိဗ္ဗာန်သို့ဝင်စံပြီးနောက် ဖြစ်ပေါ်တယ်။ ဆိုလိုသည်မှာ ပရိနိဗ္ဗာန်စံဝင်သွားသော ရဟန္တာပုဂ္ဂိုလ်၏ နာမ်ခန္ဓာ၊ ရုပ်ခန္ဓာ ဖြစ်စဉ်တို့သည် လုံးဝချုပ်ငြိမ်းသွားခြင်း၊ ပုထုဇဉ်ဘဝက ပြုလုပ်ထားသော ကံသတ္တိဆိုသည်တို့မှာလည်း ချုပ်ငြိမ်းသွားခြင်းနှင့် သံသရာစက်ရဟတ်တို့သည်လည်း လုံးဝရပ်စဲသွားခြင်းစသည်တို့သည် တပြိုက်နက်တည်း ဖြစ်ပျက်သွားခြင်းဖြစ်တယ်။ ဤကဲ့သို့သော ဓမ္မနိယာမနှင့် ဆိုင်သော ဖြစ်စဉ်များကို အနုပါဒိသေသ နိဗ္ဗာန် (ပြုပြင်ခံ ခန္ဓာငါးပါးအကြွင်းအကျန်မရှိသော နိဗ္ဗနာဓာတ်ဟု သိမြင်နိုင်သည်။)

ဒီစာတမ်းအတွက် နိဂုံးချုပ်ပြောလိုသည်မှာ နိဗ္ဗာန်သည် လုံးဝပြတ်စဲသွားခြင်းမဟုတ်ဘဲ လုံးဝချုပ်ငြိမ်းချမ်းမှုသာဖြစ်တယ်။ အမှန်စင်စစ် နိဗ္ဗာန်ဟူသည် လက်တွေ့အားဖြင့် ပြုပြင်ခံမဟုတ်သည့် ပရမတ္ထတရားအနေဖြင့် တည်ရှိနေသောကြောင့် နိဗ္ဗာန်သည် ပြီးပြတ်ချုပ်ငြိမ်းသွားမှု အယူအမြင် (annihilation)နှင့် လုံးဝသက်ဆိုင်ခြင်းမရှိပါ။ နိဗ္ဗာန်ကို ကမ္မဋ္ဌာန်းတရား အားထုတ်ခြင်းဖြင့် အားထုတ်သူတို့ ရရှိနိုင်ပါတယ်။ အဘယ့်ကြောင့်ဆိုသော နိဗ္ဗာန်သည် ပရမတ္ထဓမ္မအနေဖြင့် လောကုတ္တရာနယ်ပယ်၌ ထင်ရှားသောကြောင့်ဖြစ်ပါတယ်။

သို့ဖြစ်၍ နိဗ္ဗာန်၏အဓိပ္ပါယ်ကို ဒဿနရှုထောင့်ဖြင့် တစ်စိတ်တစ်ဒေသအားဖြင့် နားလည်ရန်ဖြစ်နိုင်သော်လည်း ဝိပဿနာကမ္မဋ္ဌာန်းကဲ့သို့ တရားဘာဝနာကိုပွားများအားထုတ်ခြင်းဖြင့် ကိုယ်တိုင်တွေ့ကြုံသိရှိမှုမရှိဘဲ နိဗ္ဗာန်ဟူသော အဓိပ္ပါယ်၏အနှစ်သာရကို မှန်မှန်ကန်ကန်သဘောပေါက်နားလည်နိုင်လိမ့်မည်မဟုတ်ကြောင်း နိဂုံးချုပ်အနေဖြင့် တင်ပြလိုပါတယ်။

ကျမ်းကိုးစာရင်း-

[၁] Guy Richard Welbon, *The Buddhist Nirvana and Its Western Interpreters* (Chicago: U of Chicago P, 1968) 113.

[၂] *Dhammapada Pāḷi*, Khuddaka Nikāya (Yangon: Department of Religious Affairs, 1992) 36.

[၃] Bhaddanta Anuroddhā-thera, *Abhidhammattha-saṅgaha Pāḷi* (Yangon: Department of Religious Affairs, 1993) 113.

# ဗြိတိန်နိုင်ငံမှ ထေရဝါဒဗုဒ္ဓဘာသာနှင့် ထေရဝါဒသံဃာ

ဆရာတော် ဒေါက်တာ ဓမ္မသာမိ
အောက်စဖို့ဒ် တက္ကသိုလ်
အင်္ဂလန်

ယနေ့ခေတ်တွင် ဗုဒ္ဓဘာသာသည် အနောက်နိုင်ငံများတွင် အလျင်မြန်ဆုံးထွန်းကားလာသော ဘာသာတရားများအနက် တစ်ခုဖြစ်ကြောင်း လူအများစုကထင်မြင်သုံးသပ်ကြပါသည်။[၁] ထေရဝါဒ ဗုဒ္ဓဘာသာသည် အနောက်နိုင်ငံများတွင် ယေဘူယျအားဖြင့်လည်းကောင်း၊ ဗြိတိန်နိုင်ငံတွင် အထူးအားဖြင့် လည်းကောင်း အောက်ဖော်ပြပါအတိုင်း ဖွံ့ဖြိုးတိုးတက်လျက်ရှိပါသည်။ ဥရောပကိုလိုနီအင်အားစုနှင့် ယင်းတို့၏ ကိုလိုနီနိုင်ငံ အာရှနိုင်ငံများအကြား ဆက်နွယ်မှု၊ ဗုဒ္ဓဘာသာစာပေများကို အနောက်နိုင်ငံ ပညာရှင်များလေ့လာမှု၊ ဥရောပနိုင်ငံများသို့ ကိုလိုနီနယ်များမှ လူများရွှေ့ပြောင်းနေထိုင်မှုနှင့် ဥရောပနိုင်ငံများသို့ အာရှနှင့် အနောက်နိုင်ငံများမှ သံဃာတော်များ ရောက်ရှိလာမှုတို့ ဖြစ်ကြောင်းတွေ့ရှိရပါသည်။ ဤစာတမ်းငယ်တွင် ဆက်လက် ဖော်ပြပါအချက်များအနက် (၂)ချက် ဖြစ်သည့် ဗုဒ္ဓဘာသာတရားတော်ကို လေ့လာမှုနှင့် ဗြိတိန်နိုင်ငံတွင် ထေရဝါဒဗုဒ္ဓဘာသာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သံဃာတော်များ၏ သာသနာပြုဆောင်ရွက်မှုတို့ကို ဦးတည်ဖော်ပြသွားပါမည်။

အနောက်နိုင်ငံများသို့ ဗုဒ္ဓဘာသာရောက်ရှိလာသည့် နေ့ရက်အတိအကျကို မည်သူမျှအတိအကျ ဖော်ပြနိုင်မည်မဟုတ်သော်လည်း[၂] ပါဠိစာပေကိုအနောက်နိုင်ငံ၌ လေ့လာမှုများတိုးတက်လာခြင်း နှင့် ဥရောပမြေပေါ်သို့ သံဃာတော်များရောက်ရှိလာခြင်းတို့မှတစ်ဆင့် ထေရဝါဒဗုဒ္ဓဘာသာကို စိတ်ပါဝင်စားလာမှုကို ပြန်လည်ဆန်းစစ်လေ့လာနိုင်ဘွယ်ရှိပါသည်။

၁၈၂၆ ခုနှစ်တွင် ပြင်သစ်နိုင်ငံသား ပညာတော်သင် ယူဂျင်းဘားနော့ဖ်၏ "Pāḷi Grammar" စာအုပ်နှင့် ၁၈၄၄ခုနှစ်တွင် "Introduction to the History of Indian Buddhism" စာအုပ်များ ပုံနှိပ်ထုတ်ဝေခဲ့ခြင်းမှစတင်၍ ဗုဒ္ဓဘာသာကို အရေးထားလေ့လာမှုစတင်ခဲ့ပေသည်။ ၎င်းနောက် နိုင်ငံပေါင်းစုံမှ ထူးချွန်ပညာရှင်များ အဖွဲ့တစ်ဖွဲ့သည် ဗုဒ္ဓဘာသာကို စိတ်ဝင်စားခဲ့ကြပြီး အားလုံး ပေါင်းစုစည်းရုံး၍ ဗုဒ္ဓဘာသာကို ပေါင်းစပ်ညှိနှိုင်း လေ့လာခဲ့ကြသည်။ ထိုအုပ်စုများအနက် တစ်ခုဖြစ်သည့် "Anglo Germanic School" အဖွဲ့သည် ပါဠိတရားတော်များကို လေ့လာခဲ့ကြသည်။[၃]

၁၈၇၃ခုနှစ်တွင် Childers သည် ပါဠိ–အင်္ဂလိပ်အဘိဓါန်ကိုထုတ်ဝေခဲ့သည်။ ၁၈၇၈တွင် သောမတ်(စ်)ရီး(စ်)ဒေးဗစ်သည် "Buddhism" စာအုပ်ကိုပထမဦးစွာ ပုံနှိပ်ထုတ်ဝေခဲ့ပြီး နောက်သုံးနှစ်ကြာ ၁၈၈၁တွင် သူ၏အောင်မြင်သော "Gibbert Lecture Series" (၆)တွဲကို ထုတ်ဝေပြီးနောက် Pāḷi Text Society ကိုဆက်တိုက်ဖွဲ့စည်းခဲ့သည်။ တည်းဖြတ်ခြင်းမပြုရသေးသော ရှေးဟောင်းဗုဒ္ဓဘာသာစာပေအမွေအနှစ်များနှင့် ဥရောပရှိ ပြည်သူ့စာကြည့်တိုက်များတွင် ပျံ့နှံ့လျက်ရှိသောလက်တွေ့အသုံးမပြုကြသည့် လက်ရေးစာမူများကို စာသင်သားများ သိရှိစေရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်းလည်း[၄] ထုတ်ဖော်ပြောကြားခဲ့သည်။

ရှေ့ပြေးအနောက်တိုင်း ပါဠိပညာရှင်များတွင် ရီး(စ်)ဒေးဗစ်နှင့်အတူ သူ၏ဇနီး မစ္စစ်ကာရိုလင်း ရီး(စ်)ဒေးဗစ်၊ ဗြိတိန်နိုင်ငံမှ ဝုဒ်ဝို့ဒ်၊ ဟာရီ၊ အော်နာနှင့် စတက်ဒီ၊ ဂျာမဏီနိုင်ငံမှ မက်စ်မြူလာနှင့် ဟာမန်အိုဒန်ဘာ့ဂ်၊ ဒိန်းမတ်နိုင်ငံမှ ထရက်(က်)နာ၊ ဖော့စ်ဘောလ်နှင့် အင်ဒါဆင်၊ ဆွီဒင်မှ

ဟယ်လ်မာစမစ်(သ်)တို့လည်းပါဝင်ခဲ့ကြသည်။[၅] ဤပညာရှင်များသည် ပါဠိတော်မူရင်းများကို ရိုမန် ဘာသာဖြင့် တည်းဖြတ်ပုံနှိပ်ထုတ်ဝေခဲ့ရုံမျှမက အင်္ဂလိပ်ဘာသာသို့လဲပြန်ဆိုခဲ့ကြသည်။ ၁၉၂၀ခုနှစ်တွင် ပါဠိတော်လာ နိကာယ်(၅)ရပ်အနက် နိကာယ်(၄)ရပ်ကို ပုံနှိပ်နိုင်ခဲ့ပြီး အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်းအလုပ်ကို ၁၉၀၉ခုနှစ်တွင် စတင်ဆောင်ရွက်ကာ ၁၉၃၇ခုနှစ်တွင် ဘာသာပြန်ပြီးဖြစ်ခဲ့သည်။[၆] ဤပညာရှင်များ၏ ဘာသာပြန်ဆိုမှုကြောင့် ကိုလိုနီနယ်ချဲ့များနှင့် သာသနာပြုပုဂ္ဂိုလ်များ၏ တိကျမှုမရှိဘဲ မှန်းဆ၍ဖော်ပြခဲ့ကြသော ဗုဒ္ဓဘာသာ၏အနှစ်သာရကို ပိုမိုကောင်းမွန် ပြည့်စုံ၍ ပိုမိုတိကျစွာ ထောက်ပံ့ကူညီဖော်ညွှန်းခဲ့ပေသည်။

ဤပညာတော်ရှင်များသည် သူတို့ကိုယ်သူတို့ ဗုဒ္ဓဘာသာဝင်များအဖြစ် ထုတ်ဖော်မပြောခဲ့ကြပါ။ သို့ရာတွင် ရီး(စ်)ဒေးဗစ်သည် မဂ္ဂင်ရှစ်ပါးတရားတော်မြတ်၏ ဟောပြောညွှန်ပြချက်ကို သက်ဝင် လွမ်းမိုးခံရကြောင်း သူရေးသားခဲ့သည့် ဗုဒ္ဓတရားတော်များတွင် ရှင်းလင်းစွာ တွေ့မြင်ရမည်ဖြစ်ပေသည်။ "ဗုဒ္ဓဘာသာဝင်ဖြစ်စေ၊ ဗုဒ္ဓဘာသာဝင်မဟုတ်သည်ဖြစ်စေ ကျွန်ုပ်အနေဖြင့် ကမ္ဘာပေါ်ရှိ ဘာသာကြီးများ၏ နည်းစနစ်များကို တစ်ခုစီလေ့လာဆန်းစစ်ခဲ့ပြီးဖြစ်သည်။ ဗုဒ္ဓ၏ မဂ္ဂင်ရှစ်ပါး တရားတော်မြတ်ထက်စိတ်၏ နူးညံ့သိမ်မွေ့ခြင်း၊ စိတ်နှလုံး၏ လိုအပ်ချက်များကို နားလည်ဖြည့်စွမ်းပေးနိုင်ခြင်းကို မည်သည့် ဘာသာကမျှ တစုံတရာသာလွန်နိုင်ခြင်းမရှိကြောင်း တွေ့ခဲ့ရသည်။ ယင်းလမ်းစဉ် အတိုင်း ကျွန်ုပ်၏ဘဝကို ကျင့်ကြံနေထိုင်သွားရန် ပြဋ္ဌာန်းခဲ့ပေသည်" [၇] ဟု ရေးသားဖော်ပြခဲ့သည်။

ထိုအချိန်ကစတင်၍ ဗုဒ္ဓဘာသာကို အဆင့်မြင့်လေ့လာမှုများသည် အရေးပါ တိုးတက်ဖြစ်ထွန်းလာခဲ့ပေသည်။ အချို့သောတရားတော်များကို အခြားအနောက်တိုင်းသားပညာတော်သင်များက ခေတ်နှင့်အညီ ဘာသာပြန်ဆိုခဲ့ပြီးဖြစ်သည်။ ဥပမာအားဖြင့် အိုင်ဘီအော်နာ၊ မြန်နာပိုနီကာထေရ်၊ ဉာဏမောလီဘိက္ခု၊ ဝဲလ်ရှ်မောရစ်နှင့် လန်ဒန်ကဲ့သို့သော ဗြိတိန်နိုင်ငံရှိ ထိပ်တန်းတက္ကသိုလ်ကြီးများသည် ဗုဒ္ဓဘာသာနှင့်ပတ်သက်သော ဟောပြောပို့ချချက်များ၊ သုတေသနပြုချက်များကို ဆောင်ရွက်လျက် ရှိပါသည်။ လွန်ခဲ့သောနှစ်ပေါင်း (၇၀)က ဗြိတိန်နိုင်ငံရှိ တက္ကသိုလ်ကြီးများမှ ပီအိပ်ချ်ဒီဘွဲ့ရရှိသူ ကျောင်းသား (၁၀၀)ခန့်ရှိပြီးဖြစ်သည်။ ယင်းတို့အနက် ထက်ဝက်သည် ယေဘုယျအားဖြင့် သုတေသန ပြုလေ့လာမှုနှင့် Sanskrit နှင့် Indology ကို အထူးပြုလေ့လာမှုများ နှစ်ပေါင်းကြာရှည်စွာ ဆောင်ရွက်လျက်ရှိသည့် အောက်စဖို့တက္ကသိုလ်မှ ဘွဲ့ရရှိခဲ့ခြင်းဖြစ်သည်မှာ တိုက်ဆိုင်မှုတစ်ရပ်မဟုတ်ပါပေ။

Pāḷi Text Society တည်ထောင်သူက ၁၀နှစ်ခန့်သာခံမည်ဟု ခန့်မှန်းထားခဲ့သော်လည်း အနောက်တိုင်းတွင် ယင်းအဖွဲ့သည် နှစ်ပေါင်း ၁၂၃နှစ်ကျော် တည်တံ့ခဲ့ပြီး ပါဠိဘာသာတော် လေ့လာမှုအတွက်လည်းကောင်း၊ ပါဠိတော်မူရင်းများ အရှည်တည်တံ့ရေး ထွန်းကားပြန့်ပွားရေးအတွက်လည်းကောင်း၊ အင်္ဂလိပ်စကားပြောနိုင်ငံများအတွင်း ထေရဝါဒဗုဒ္ဓဘာသာကို သိရှိနားလည်စေရေးအတွက်လည်းကောင်း တန်ဖိုးမဖြတ်နိုင်သော အကျိုးဖြစ်ထွန်းမှုများကို ပေးစွမ်းနိုင်ခဲ့ပါသည်။

ပါဠိထေရဝါဒဗုဒ္ဓဘာသာ ရှေးဦးလေ့လာမှုကို လက်ရွေးစင်လူအနည်းငယ်ကသာ လေ့လာခဲ့ကြသော်လည်း ဗုဒ္ဓဘာသာဝင်များကဲ့သို့ လက်တွေ့ကျင့်ကြံခဲ့ကြခြင်း မရှိပါ။ ထေရဝါဒဗုဒ္ဓဘာသာတိုးတက်မှုကို လက်တွေ့ကျင့်ကြံမှုမရှိဘဲ စာတွေ့အားဖြင့်သာ ဆောင်ရွက်ပါက မှားယွင်းဖွယ်ရာ ဖြစ်ပါသည်။ ၁၉၈၇ခုနှစ် အောက်စဖို့(တ်) ပညာတော်သင် ကဗျာနှင့်စာရေးဆရာ ဆာအက်ဒဝင်အာနိုးလ်၏ ကျော်ကြားသောကဗျာဖြစ်သည့် "The light of Asia" ကို ပုံနှိပ်ဖြန့်ချိပြီးချိန်မှစ၍ လူလတ်တန်းစား ပညာတတ်သူများ တရားတော်ကို ကျင့်ကြံအားထုတ်လာအောင် စတင်ဆွဲဆောင်ခဲ့ကြသည်။ လန်ဒန်မှ

သဘာဝသိပ္ပံပညာရှင် အလန်ဘန်းနက်၊ ရှေ့နေ ခရစ်စလတ်ဟမ်းဖရေးတို့ ဗုဒ္ဓဘာသာဝင်များအဖြစ် ဦးစွာကူးပြောင်းခဲ့ကြသည်။ စင်စစ်မူ အလန်းဘန်းနက်သည် သူ၏ဇာတိ အင်္ဂလန်တွင် ထေရဝါဒသံဃာအဖွဲ့တည်ထောင်နိုင်ရေးမွန်မြတ်သောရည်ရွယ်ချက်ဖြင့် ၁၉၀၂ခုနှစ်တွင် မြန်မာနိုင်ငံသို့ လာရောက်၍ ရဟန်းခံခဲ့သည်။[၈] သူ၏ ကြိုးပမ်းမှုဖြင့် ၁၉၀၃ခုနှစ် မတ်လတွင် "International Buddhist Society" (ဗုဒ္ဓသာသနာ သမဂ္ဂ)ကို တည်ထောင်ခဲ့သည်။ ၁၉၀၈ခုနှစ်တွင် အလန်ဘန်းနက်သည် အရှင်အာနန္ဒ မေတ္တေယျ ဘွဲ့အမည် ရဟန်းဘဝဖြင့် အင်္ဂလန်နိုင်ငံသို့ ဗုဒ္ဓသာသနာပြုရန် ဦးဆောင်ကြွတော်မူခဲ့သည်။ ပစ္စယာ နဂ္ဂဟအဖြစ် မစွက်အမ်အမ်လှအောင်နှင့် သားရှေ့နေ၊ ချွေးမဖြစ်သူတို့က ထောက်ပံ့ခဲ့ကြသည်။ ယင်း သာသနာပြုအဖွဲ့သည် အင်္ဂလန်တွင် (၆)လကြာ သာသနာပြုနေထိုင်ခဲ့ကြသည်။ အရှင်အာနန္ဒ မေတ္တေယျ အနေဖြင့် ဟောပြောချက်များ ရေးသားခြင်းများတို့ဖြင့် လူအများကို ဗုဒ္ဓဘာသာ အသိဉာဏ်များ ပေးစွမ်းနိုင်ခဲ့သော်လည်း ဗြိတိန်တွင် ထေရဝါဒသံဃာအဖွဲ့ကို တည်ထောင်နိုင်ခဲ့ခြင်း မရှိပါ။ သူ၏ ကျန်းမာရေး ချို့ယွင်းလာမှုကြောင့် ၁၂ နှစ်ကြာပြီးနောက် လူဝတ်လဲခဲ့ရသည်။ အရှင်အာနန္ဒမေတ္တေယျ၏ ထေရဝါဒ သံဃအဖွဲ့ တည်ထောင်ရေးကြိုးပမ်းမှုတွင် ရင်ဆိုင်တွေ့ကြုံရသော အခက်အခဲများအနက် အချို့မှာ ဘဏ္ဍာရေးအခက်အခဲပင်ဖြစ်သည်။ အင်္ဂလန်သွားသာသနာပြုအဖွဲ့ကို မြန်မာနိုင်ငံမှ ငွေကြေး ထောက်ပံ့မှုပြုခဲ့ပြီး ရန်ပုံငွေ ကုန်ခမ်းသွားသောအခါ အရှင်မေတ္တေယျအနေဖြင့် ရန်ကုန်သို့ ပြန်လာခဲ့ရသည်။ ထိုအချိန်ကဗုဒ္ဓဘာသာဝင် ဗြိတိန်နိုင်ငံသား ရာနှင့်ချီ၍ရှိခဲ့သော်လည်း ငွေကြေး ထောက်ပံ့မှုပေးမည့် ဘာသာရေးယုံကြည်သက်ဝင်သူများက အင်္ဂလန်တွင်မရှိခဲ့ကြပေ။ ဤငွေကြေး ပြဿနာသည် နောက်ထပ် ၂၅နှစ်တိုင် တာရှည်ခဲ့ပြီး ကာလကတ္တားနှင့် လန်ဒန်၌ မဟာဗောဓိအသင်းကြီး စတင် တည်ထောင်ခဲ့သူ သီဟိုနိုင်ငံသား အရှင်အဂ္ဂရိကဓမ္မပါလက သီရိလင်္ကာမှ သာသနာပြုရဟန်းတော်များ အတွက် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းထူထောင်နိုင်ခဲ့သည့်အချိန်ထိဖြစ်သည်။ ၁၉၂၅ခုနှစ်တွင် အင်္ဂလန်သို့ ကြွရောက်ခဲ့သည့် မြန်မာနိုင်ငံမှ ပညာတော်သင်ရဟန်း အရှင်အာဒိစ္စဝံသသည်လည်း အလားတူ အခြေအနေကြောင့် အင်္ဂလန်၌ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း ဆောက်လုပ်ရန် ကြိုးပမ်းခြင်း မပြုခဲ့ခြင်းဖြစ်ပေမည်။

သံဃအဖွဲ့တည်ထောင်မှုနှောင့်နှေးခဲ့သော်လည်း ဗြိတိန်နိုင်ငံသားများအကြားတွင် ဗုဒ္ဓဘာသာကျင့်ကြံအားထုတ်မှုများ ဆက်လက်ရှင်သန်ခဲ့သည်။ ၁၉၀၇ခုနှစ်ကစတင်၍ ဗုဒ္ဓဘုရားရှင် ဖွားမြင်တော်မူခြင်း၊ သဗ္ဗညုတဉာဏ်တော်ရရှိတော်မူခြင်း၊ ပရိနိဗ္ဗာန်စံတော်မူခြင်း အထိမ်းအမှတ်အဖြစ် ကဆုန်လပြည့် ဗုဒ္ဓနေ့ Vesak Day ကို ကျင်းပခဲ့ကြသည်။ ဘာသာရေးပွဲများကျင်းပခြင်း၊ ပုံမှန်တရားနာကြားခြင်းများ ရှိခဲ့သူဦးရေမှာ ၂၅ဦးမှ ၃၀၀ အကြားရှိခဲ့သည်။ လက်ကမ်းစာစောင်များ၊ ထိုမှတဆင့်တက်၍ မဂ္ဂဇင်းများ၊ လစဉ်ထုတ်ပြန်တမ်းများကိုလည်း ဗုဒ္ဓဘာသာ စိတ်ပါဝင်စားသူများအတွက် ထောက်ပံ့ကူညီပေးထုတ်ဝေခဲ့ကြသည်။ ရှင်အာနန္ဒာမေတ္တေယျက ဗုဒ္ဓဘာသာ"Buddhism"ဟူသောမဂ္ဂဇင်းကို အနောက်တိုင်းသားများအတွက် ရန်ကုန်တွင် ထုတ်ဝေခဲ့သည်။ Buddhist Review စာစောင်ကို ဂရိတ်ဗြိတိန်နှင့် အိုင်ယာလန်ဆိုင်ရာ ဗုဒ္ဓဘာသာအသင်း British Society of Great Britain and Ireland က ၁၉၀၉ခုနှစ်တွင် အင်္ဂလန်၌ ထုတ်ဝေခဲ့သည်။ "Buddhist Lodge" ဗုဒ္ဓဘာသာအသင်းများက "Buddhism in England" မဂ္ဂဇင်းကို ၁၉၃၆-ခုနှစ် တွင် ထုတ်ဝေခဲ့သည်။

ထေရဝါဒဗုဒ္ဓဘာသာသည် ဗုဒ္ဓဘာသာ၏ အကိုင်းအခက်မျှသာဖြစ်သည်ဟု ၁၉၂၇ခုနှစ် အထိ ဗြိတိန်နိုင်ငံသားတို့က သိနားလည်ခဲ့ကြသည်။ အစဉ်အလာထေရဝါဒအတွေးအခေါ်အရ ဗုဒ္ဓ၏ တရားတော်များ ကျင့်ကြံအားထုတ်နိုင်ခြင်း၊ တိုးတက်ပြန့်ပွားရေးတို့တွင် သံဃာတော်များ၏ အခန်းကဏ္ဍ

သည် အဓိကဖြစ်သည်ကို သိနားလည်လာကြသဖြင့် ဗြိတိန်ဗုဒ္ဓဘာသာဝင်များ၊ သီရိလင်္ကာနိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ ထေရဝါဒ ဗုဒ္ဓဘာသာဝင်များက ဗြိတိန်နိုင်ငံတွင် သံဃာ့အဖွဲ့အစည်းထူထောင်ရန် ကြိုးပမ်းခဲ့ကြသည်။ ၁၉၂၈ခုနှစ်တွင် လန်ဒန်ရှိ မဟာဗောဓိအသင်းကြီးသည် လန်ဒန်တွင် တရားတော်များ ပို့ချသင်ကြားရေးအတွက် ကိုလံဘိုမှရဟန်းတော် ၃-ပါးကို ပင့်ဖိတ်ခဲ့ကြသည်။ ဒုတိယကမ္ဘာစစ်ကြီးဖြစ်သောအခါ ကျောင်းတော်ကို ဆက်လက်ထိန်းသိမ်းရန် မဖြစ်နိုင်တော့၍ အနာဂါရိကဓမ္မပါလ ထူထောင်ခဲ့သည့်တစ်ခုတည်းသော ကျောင်းတော်ကြီးကို ပိတ်သိမ်းခဲ့ရသည်။ သို့သော် ၁၉၄၈ခုနှစ်တွင် ပြန်လည်ဖွင့်လှစ်ခဲ့ပြီး ထို့နောက်မှစ၍ အထူးသဖြင့် ၁၉၆၀ခုနှစ်ကစ၍ ထေရဝါဒဘုန်းတော်ကြီး ကျောင်းများ များစွာပေါ်ပေါက်လာခဲ့သည်။

ယခုအခါတွင် ဘုန်းတော်ကြီးကျောင်းပေါင်း ၃၂-ကျောင်း ရှိနေပြီဖြစ်ပြီး ဥရောပနိုင်ငံသား သံဃာတော်များအပါအဝင် သီရိလင်္ကာ၊ မြန်မာ၊ ထိုင်း၊ အိန္ဒိယနှင့်နီပေါနိုင်ငံများမှ ရဟန်းတော် ၁၀၀ကျော် သီတင်းသုံးနေထိုင်လျက်ရှိသည်။ အများစုမှာ လန်ဒန်နှင့် ဘာမင်ဂန်မြို့ကြီးနှစ်မြို့မှဖြစ်ပြီး မကြာသေးမီက မန်ချက်စတာ၊ ဂလပ်စ်ဂို၊ နယူးကာစတယ်၊ ဝါးဝစ်စ်၊ ဒေဝန်၊ ဟာမေးလ်၊ ဟမ်းမ်စတက်နှင့် အောက်စဖို့(ဒ်)တို့တွင် ဘုန်းတော်ကြီးကျောင်းများ ဆောက်လုပ်နေပြီဖြစ်သည်။

သို့ရာတွင် နိုင်ငံတဝန်း ဗုဒ္ဓဘာသာကို စိတ်ဝင်စားမှုများနေ့စဉ်နှင့်အမျှ တိုးတက်လာနေသည့် အတွက် လိုအပ်ချက်များဖြည့်ဆည်းပေးရန် ထေရဝါဒသံဃာတော်များအတွက် အခက်အခဲများ ကြုံတွေ့ခဲ့ရသည်။ ဗုဒ္ဓဘာသာအား စိတ်ဝင်စားမှုများပြားလာခြင်းကို အကြမ်းဖျင်းအားဖြင့် ပြည်သူများအတွက် ဗုဒ္ဓဘာသာစာပေများ ထုတ်ဝေဖြန့်ချိလာခြင်းအားဖြင့် တိုင်းတာနိုင်ပါသည်။ ၁၈၇၈ခုနှစ်တွင် ပါမောက္ခ သောမတ်စ် ဒဗလျူရီးစ်ဒေးဗစ်သည် "Buddhsim"အမည်ရှိ စာအုပ်တစ်အုပ်ကို ထုတ်ဝေခဲ့သည်။ စာအုပ်ခေါင်းစဉ်ကပင် ယေဘုယျ စာဖတ်သူများအတွက် ရည်ရွယ်ပြီး ဗုဒ္ဓဘာသာကို ပြည်သူလူထုအတွင်း ကျယ်ပြန့်လာစေရန် အစပျိုးပေးခဲ့ခြင်းဖြစ်သည်။

ထိုအချိန်မှစတင်၍ အနည်းဆုံး စာရေးဆရာ ၃၉-ဦး ၏ ခန့်က "Buddhism" အမည်ဖြင့်စာအုပ်များ ရေးသားခဲ့ကြပြီး နောက်ဆုံးထုတ်စာအုပ်ကို ယခုနှစ်တွင် ထုတ်ဝေခဲ့ပေသည်။ ဤခန့်မှန်းအရေအတွက်မှာ အောက်စဖို့(တ်)ယူနီဗာစီတီ၏ ဗဟိုစာကြည့်တိုက်ကြီးဖြစ်သည့် ဘိုဒ်လိန်းစာကြည့်တိုက်မှ ကောက်နုတ်ဖော်ပြခြင်းဖြစ်သည်။ ထိုစာရေးဆရာ ၄၀ဦးအနက် တစ်ဦး၏ စာဖတ်ပရိသတ်မှာ ၁၁နှစ်သား အရွယ် ကျောင်းသားကလေးငယ်များဖြစ်ကြပြီး ၁၉၉၅ခုနှစ်မှစ၍ ထိုစာရေးဆရာမသည် သူမ၏စာအုပ်ကို ၅ ကြိမ်တိုင် ပုံနှိပ်ထုတ်ဝေခဲ့ပြီးဖြစ်သည်။ ထို့ပြင်ကျောင်းသားကလေးငယ်များအတွက် ရေးသားခဲ့ကြသော အခြားစာရေးဆရာ ၂ဦးလည်း အနည်းဆုံးရှိခဲ့သည်။ ဤစာရင်းဇယားအရ လွန်ခဲ့သော နှစ်-၂၀ က Buddhism အမည်ဖြင့် နှစ်စဉ်တစ်အုပ်ထုတ်ဝေခဲ့ကြောင်း ဖော်ပြခြင်းလည်းဖြစ်ပေသည်။ ထို့ပြင် အနောက်နိုင်ငံ၌ ဗုဒ္ဓဘာသာကို လေ့လာလိုက်စားမှုအင်အား ကြီးစွာကြီးထွားလာကြောင်းကိုလည်း ရည်ညွှန်းခြင်းဖြစ်ပေသည်။ အင်္ဂလန်နှင့်ဝေလနိုင်ငံတို့တွင် ဂျီစီအက်စ်အီးနှင့် ဂျီစီးအီးအေအဆင့် ကျောင်းသားကလေးငယ်များအတွက် ဗုဒ္ဓဘာသာသင်ခန်းစာများ သေချာစွာပြဋ္ဌာန်းထားသည်။ ကံအားလျော်စွာပင် ၂၀၀၂ခုနှစ်၌ နာမည်ကျော်စာသင်ကျောင်းတစ်ခု၏ ဘာသာရေးပညာဌာန၊ ဌာနမှူးဖြစ်သူ အီတန်က အောက်စဖို့ဒ်တက္ကသိုလ်မှ ဘာသာတရားများ၏ ယုံကြည်ချက်များအပေါ် သင်ရိုးပြဋ္ဌာန်းရန် အတွက် လေ့လာမှုပြုချိန်တွင် ကျွန်ုပ်(စာရေးသူ)အနေဖြင့် ပြဋ္ဌာန်းချက်များနှင့် ပြဋ္ဌာန်းချက်များ၏ ဘာသာရေးဆိုင်ရာ ထင်မြင်ယူဆချက်များကို အကြံပြုတင်ပြခွင့်ရရှိခဲ့ပါသည်။

ထေရဝါဒသံဃာဖွဲ့ဖြိုးတိုးတက်မှုရောင်ခြည်ရှိနေပြီဖြစ်သော်လည်း ထေရဝါဒသံဃာနှင့် သာသနာပြုအဖွဲ့များ ရင်ဆိုင်တွေ့ကြုံနေရသည့် ပြဿနာရပ်များကို အကျဉ်းချုပ်အားဖြင့် ဆွေးနွေးတင်ပြလိုပါသည်။ ထေရဝါဒသံဃာများ၏ အားသာမှုများ၊ အားနည်းမှုများကိုပါတွေ့ရှိရပါသည်။ အားသာချက်မှာ အာရှထေရဝါဒရဟန်းတော်များ ဗြိတိန်နိုင်ငံသို့ ရောက်ရှိလာခြင်းသည် အဓိကအားဖြင့် ၁၉၆၀ခုနှစ်များက ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ပြောင်းရွှေ့ရောက်ရှိနေထိုင်လာကြသူ အာရှတိုက်သားတို့၏ စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်များကို ကူညီစောင့်ရောက်ရန်ဖြစ်သည်။ ထေရဝါဒသံဃာများသည် ဤရည်ရွယ်ချက်ကို ကောင်းစွာဆောင်ရွက်တော်မူနိုင်ခဲ့ကြသည်။ ထေရဝါဒကျောင်းများသည် ယုံကြည်ကိုးကွယ်သူများ၏ ဘာသာရေး၊ ရိုးရာအစဉ်အလာ အဓွန့်ရှည် ထိန်းသိမ်းရေးအတွက် ရှင်သန်လျက် ရှိနေပြီဖြစ်သည်။ ဥပမာအားဖြင့် ဗုဒ္ဓဘာသာဝင်များ၏ ကိုးကွယ်ဆည်းကပ်ခြင်း၊ ဘာသာရေး အခမ်းအနားများ ကျင်းပခြင်းတို့ကို အာရှတိုက်အတွင်း ကျင့်ကြံဆောင်ရွက်နေကြသည့်နှီးပါး အစဉ်အလာမပျက် ထိန်းသိမ်းစောင့်ရောက်ဆောင်ရွက်နေကြပြီဖြစ်သည်။ ဤအချက်သည် အနောက်နိုင်ငံများတွင် အာရှဗုဒ္ဓဘာသာဝင်များ၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုများ ဆက်လက်တည်ရှိနိုင်ရေးအတွက် အရေးပါလှပေသည်။

သို့သော်လည်း ထေရဝါဒသံဃာတော်များသည် ဗုဒ္ဓဘာသာကို စိတ်ဝင်စားကြသော ဥရောပသားများ သို့မဟုတ် ဗုဒ္ဓဘာသာဝင်များကို ဟောပြောပို့ချရသောအခါတွင် ဤအားသာချက်သည် အားနည်းချက်တစ်ရပ်ဖြစ်လာရသည်။ ဤသို့ဖြစ်ရခြင်းမှာ ဥရောပသားများ၏ စိတ်နေစိတ်ထားနှင့် ယဉ်ကျေးမှုအစဉ်အလာတို့သည် အာရှနိုင်ငံသားများနှင့် မတူကွဲပြားခြားနားသောကြောင့်ဖြစ်သည်။ ထို့ကြောင့် အာရှရဟန်းတော်များသည် ဗြိတိသျှနိုင်ငံသားစစ်စစ်များကို တရားဓမ္မဟောပြောပို့ချရာတွင် အခက်အခဲများတွေ့ခဲ့ရသည်။ ၎င်းတို့မှာ ဘာသာစကားကျွမ်းကျင်မှုမရှိခြင်းနှင့် ဘုန်းတော်ကြီး ကျောင်းပညာရေးလေ့ကျင့်ရေးကဏ္ဍများတွင် ကန့်သတ်ချက်များ ရှိနေခြင်းကြောင့်ဖြစ်သည်။

အင်္ဂလိပ်ဘာသာစကားဖြင့် ဟောပြောပို့ချနိုင်သော ဗြိတိန်ရှိ ထေရဝါဒသံဃာတော်အရေအတွက်မှာ ၃ပုံ၁ပုံထက်လျော့နဲလျက်ရှိသည်။ ထိုရဟန်းတော်များသည်ပင်လျှင် ဥရောပယဉ်ကျေးမှုစကားလုံးအသုံးအနှုန်းများဖြင့် တရားတော်များဆွေးနွေးရာတွင် ပြဿနာများရှိနေဆဲပင်ဖြစ်သည်။ ရဟန်းတော်များသည် အထွေထွေဗဟုသုတလည်းမရှိကြ၊ သမိုင်းကြောင်းအနေအထားကိုလဲမသိကြသည့်အပြင်၊ ခေတ်ကာလအလိုက် လူမှုရေးအခြေအနေကိုလည်း နားမလည်ကြပါ။ ထို့ပြင်ရဟန်းများသည် တရားပြခြင်းလုပ်ငန်းတွင် ကျွမ်းကျင်မှုမရှိကြချေ။ အာရှတိုက်သား ရဟန်းသံဃာတော်များအနေဖြင့် မိမိဒေသ၌ပညာသင်ကြား လေ့လာ တတ်မြောက်ရုံမျှဖြင့် အနောက်တိုင်းတွင် ဗုဒ္ဓဘာသာပို့ချခြင်း၊ ပြန့်ပွားအောင်ဆောင်ရွက်ခြင်းတို့ကို အရည်အချင်း ပြည့်ဝစွာဆောင်ရွက်နိုင်မည်မဟုတ်ပေ။

ဤပြဿနာရပ်သည် ၁၉၂၈ခုနှစ်တွင် ပထမဦးဆုံး သီရိလင်္ကာဘုန်းတော်ကြီး ၃ပါး လန်ဒန်သို့ ကြွရောက်ခဲ့စဉ်ကထဲက သာဓကအဖြစ်ရှိခဲ့သည်။ ထို့နောက်တွင် ဗြိတိသျှဗုဒ္ဓဘာသာဝင်များသည် ဤပြဿနာ၏အဖြေကို ရှာဖွေရန် ကြိုးပမ်းခဲ့သည်။ ၁၉၀၈ခုနှစ်တွင် အင်္ဂလန်၌ အခြေချခဲ့သော အာနန္ဒမေတ္တေယျ ပြီးနောက်ပိုင်းတွင် အင်္ဂလန်၌အနောက်တိုင်း ထေရဝါဒသံဃာအဖွဲ့ ထူထောင်ရန် ကြိုးပမ်းမှုရှိခဲ့ကြသည်။ သို့သော်လည်း အောင်မြင်မှုမရှိခဲ့ကြောင်း ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

၁၉၅၀ ခုနှစ်များတွင် ရစ်ချတ်ရန်ဒယ်ဆိုသူ ဂုဏ်သရေရှိလူကြီးတစ်ယောက်သည် မြန်မာဗုဒ္ဓသာသနာပြုဆရာတော် ဦးသေဋ္ဌလထံ၌ ကိုရင်ဝတ်ခဲ့ပြီး ကပိလဗုဒ္ဓါဘွဲ့အမည်ဖြင့် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ ပက်ကနန်ဘုန်းတော်ကြီးကျောင်းသို့ ကြွရောက်ခဲ့ကာ ရဟန်းပြုခဲ့သည်။ သူ၏ဌာနေသို့

ပြန်ရောက်ပြီး အင်္ဂလိပ်လူမျိုးသံဃအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ နှစ်အနည်းငယ်ကြာပြီးနောက် ကျန်းမာရေးချို့ယွင်းမှုကြောင့် လူဝတ်လဲခဲ့ရသည်။ ထိုင်းနိုင်ငံမှ တရားနည်းပြဆရာ အဂ္ဂန်ချားနှင့် အင်္ဂလန်မှ သူ၏ အနောက်တိုင်းသားယောဂီများသည် ၁၉၇၆ခုနှစ်မတိုင်မချင်း အင်္ဂလိပ်လူမျိုးသံဃအဖွဲ့ကို ပြန်လည်ဖွဲ့စည်းနိုင်ခဲ့ခြင်းမရှိခဲ့ပါ။ အဂ္ဂန်ချား၏ယောဂီများသည် ယခုအခါ အင်္ဂလန်နိုင်ငံ၏ဒေသများအတွင်း ဘုန်းတော်ကြီးကျောင်းငါးကျောင်း တည်ထောင်ခဲ့ကြပြီးဖြစ်သည်။ သို့သော်လည်း ယောဂီများ ဦးရေဆက်လက်ရှင်သန်တိုးပွားရေးနှင့် အရည်အချင်းပြည့်ဝသော ရဟန်းတရားပြဆရာများအဖြစ် ရောက်ရှိနိုင်ရေးအတွက် အချိန်ယူဆောင်ရွက်ကြရပါမည်။ ဤကြားကာလတွင် ဗြိတိန်နိုင်ငံရှိ သူတို့၏ အာရှယောဂီများက ဆရာတော်များအရည်အချင်းမြှင့်တင်ရေးအတွက် ထောက်ပံ့ပေးခဲ့ကြသည်။ သို့သော် ဥရောပတွင် တရားတော်များ ဟောပြောပို့ချနိုင်ရေးအတွက် အရည်အချင်းပြည့်ဝသော လေ့ကျင့်မှုများ ပေးရန် ပြန်လည်စီစစ်သုံးသပ်ရန် လိုအပ်နေပါသည်။

ခြုံငုံ၍ သုံးသပ်တင်ပြရပါလျှင် ဗုဒ္ဓဘာသာသည် အနောက်တိုင်းတွင် အလျင်မြန်ဆုံးဖွံ့ဖြိုး တိုးတက်လျက်ရှိသည့် ဘာသာတရားများအနက်တစ်ခုဖြစ်ပါသည်။ ထေရဝါဒဗုဒ္ဓဘာသာသည် အလျင်မြန်ဆုံးတိုးတက်နေခြင်းမရှိသော်လည်း ယင်း၏ ဂုဏ်သတင်းမှာမူ ပုံမှန်တိုးတက်နေပါသည်။ မည်သို့ပင်ဖြစ်စေကာမူ တိုးတက်မှု အထူးသဖြင့် ထေရဝါဒသံဃာ တိုးပွားမှုကို ဖြည့်စွမ်းပေးနိုင်မှုထက် လိုအပ်ချက်များကပိုများနေပါသည်။ ကျွန်ုပ်၏ အမြင်နှင့် အတွေ့အကြုံများအရ တင်ပြရပါလျှင် အာရှတိုက်သားဗုဒ္ဓဘာသာဘုန်းတော်ကြီးများနှင့် သီလရှင်များ တွေ့ကြုံနေရသောပြဿနာနှင့် အနောက်တိုင်းသားထေရဝါဒသံဃာများ ရင်ဆိုင်တွေ့ကြုံနေရသော ဖွံ့ဖြိုးတိုးတက်မှုနှေးကွေးရခြင်းပြဿနာသည် ဗြိတိန်နိုင်ငံတွင်သာမက ဥရောပနှင့် မြောက်အမေရိကရှိ ဒေသတစ်ချို့တွင်လည်း ဖြစ်ပေါ်လျက်ရှိပါသည်။ အမှန်စင်စစ်မူဤပြဿနာနှစ်ရပ်သည် အနောက် နိုင်ငံများတွင် ဂျပန်နိုင်ငံသားများ၊ ကိုရီးယားနိုင်ငံသားများ၊ တရုတ်မဟာယာနသံဃာတော်များမှာပါ တွေ့ကြုံနေရသော ဖြစ်ရိုးဖြစ်စဉ်ပြဿနာများသာဖြစ်ကြောင်း တင်ပြအပ်ပါသည်။

**အောက်ခြေမှတ်စု**

၁။ ဘိက္ခုဗောဓိ (Bhikkhu Bodhi)၊ ဥရောပတွင် ဗုဒ္ဓဘာသာမြှင့်တင်ခြင်း (Promoting Buddhism in Europe)[ဆရာတော် မိတိရိဂါလ (Ven. Mitirigala Dhammanisanthi thera)ယခင် အသောကဝိရာရတန (Asoka Weeraratana)၊ ဂျာမန်ဓမ္မဒူတ သာသနာပြုအဖွဲ့ထူထောင်ခဲ့သူ၊ ပျံလွန်တော်မူသည့်နှစ်ပတ်လည် အခမ်းအနားတွင် ဖတ်ကြားသည့် စာတမ်း၊ ၂ ဇူလိုင် ၂၀၀၀၊ စာမျက်နှာ ၂]

၂။ အီယံအိုလီဗာ(Ian Oliver)၊ ဗြိတိန်နိုင်ငံ ဗုဒ္ဓဘာသာ (Buddhism in Britain)၊ စာမျက်နှာ -XI ဥရောပတိုက်သို့ဗုဒ္ဓဘာသာရောက်ရှိချိန်ကို ရှာဖွေကြရာတွင် ပညာရှင်အမြောက်အများသည် ဗုဒ္ဓဘာသာနှင့် အနောက်တိုင်းသားတို့ထိတွေ့ဆက်ဆံမှုကို ခြေရာကောက်၍ဖော်ထုတ်ရန် ကြိုးပမ်းခဲ့ကြသည်။ အချို့က မဟာအလက်ဇန္ဒားဘုရင် အိန္ဒိယနယ်မြေအစိတ်အပိုင်းအချို့ကို သိမ်းပိုက်သည့် ဘီစီ ၃-ရာစုအထိခြေရာကောက်ခဲ့ကြသည်။ ဂျေ၊ ဒဗလျူ၊ ဒီဝွန်။ ဥရောပနှင့် အမေရိကတွင် ဗုဒ္ဓဘာသာလေ့လာခြင်း သမိုင်းအကျဉ်း (J.W. de Jong, A Brief History of Buddhist Studies in Europe and America, Sri Satguru Publications, Delhi) စာမျက်နှာ ၅-၆။ အချို့ အနောက်တိုင်းနှင့် ဗုဒ္ဓဘာသာပထမဆုံး ထိတွေ့သည့်အချိန်မှာ ပုပ်ရဟန်းမင်းကြီး Innocent IV က ဖရန်စစ်ကန်နှင့် ဒိုမီနီကန် ရဟန်းတော်များ (Franciscan and Dominican)ကို မွန်ဂိုဘုရင်"ခန်" ထံသို့ သံတမန်များ

အဖြစ်စေလွှတ်သည့် ၁၃-ရာစုနှစ်ဖြစ်သည်ဟု ဆိုကြသည်၊ ယင်းစာမျက်နှာ ၈၊ ဤအချက်များအရဆိုလျှင် အနောက်တိုင်း အထူးသဖြင့် ဥရောပသို့ ဗုဒ္ဓဘာသာကို သယ်ဆောင်လာသူမှာ အာရှနွယ်ဖွား ဗုဒ္ဓဘာသာဝင်များမဟုတ်ဘဲ အနောက်တိုင်းသားများ ဖြစ်ကြကြောင်း တွေ့ရပေမည်။ ဗုဒ္ဓဘာသာဝင်များသည် ဗုဒ္ဓဘာသာကို မြောက်အမေရိကသို့ ယူဆောင်ခဲ့ပါသည်။ ပါဠိဘာသာစာပေကို ဥရောပဘာသာသို့ ပထမဆုံး ဘာသာပြန်ဆိုခဲ့သည့် စာအုပ်မှာ ပါတိမောက်ဖြစ်ပြီး ထိုစာအုပ်ကို ယိုးဒယားနိုင်ငံ အယုဒ္ဓယမြို့သို့ ၁၇၀၇-၀၀ ခုနှစ်များအတွင်း ရောက်ရှိခဲ့သည့် ဆိုင်မွန် (Simon de la Loubere)က ဘာသာပြန်ခဲ့သည်။ ဆိုင်မွန်ရေးသည့် ယိုးဒယားဘုရင့်နိုင်ငံ(The Kindom of Siam, Oxford University Press, 1923)စာအုပ်နှင့် J.W. de Jung ၏ စာအုပ်စာမျက်နှာ ၁၃-၁၅တွင် ရှု။

၃။ ဘိက္ခုဇောဓိ၊ ဥရောပတွင် ဗုဒ္ဓဘာသာမြှင့်တင်ခြင်း၊ စာမျက်နှာ-၃။

၄။ အီယံအိုလီဗာ ဗြိတိန်နိုင်ငံဗုဒ္ဓဘာသာ စာမျက်နှာ ၃၀။

၅။ အိန္ဒိယဗုဒ္ဓဘာသာကို လေ့လာသည့် အခြားအနောက်တိုင်းဗုဒ္ဓဘာသာပညာရှင်အဖွဲ့သည် ထေရဝါဒနှင့် မဟာယာနဗုဒ္ဓဘာသာကို သက္ကဋဘာသာ၊ တိဘက်နှင့် တရုတ်ဘာသာဖြင့် ရေးသားသည့် စာပေများကို လေ့လာကြသည်။ ပြင်သစ်-ဘယ်လ်ဂျီယံအဖွဲ့ ပညာရှင်များ (Franco-Belgian School)ကို (de la Valle Poussin, Sylvain Levy နှင့် Lamote)တို့က ခေါင်းဆောင်သည်။ ရုရှားအဖွဲ့ (Russian School) တွင် Stcherbatsky, Rosenberg နှင့် Obermiller တို့ပါဝင်ပြီး၊ အိန္ဒိယဗုဒ္ဓဘာသာကို တိဘက်အထောက်အထားများဖြင့် လေ့လာကြသည်။ ဘိက္ခုဇောဓိ၊ ဥရောပတွင် ဗုဒ္ဓဘာသာမြှင့်တင်ခြင်း စာမျက်နှာ-၃။

၆။ ခရစ်(စ်)မတ်(စ်) ဟမ်ဖရေး၊ အင်္ဂလန်နိုင်ငံတွင် ဗုဒ္ဓဘာသာထွန်းကားလာခြင်း (Chirstmas Humphreys, The Development of Buddhism in England, London, 1937. p.12.) စာမျက်နှာ ၁၂။

၇။ အီယံအိုလီဗာ၊ စာမျက်နှာ ၃၄၊

၈။ သူသည် ရခိုင်ပြည်နယ် စစ်တွေမြို့တွင် ရောက်ရှိပြီးနောက် မကြာမီ ရန်ကုန်သို့ ပြောင်းရွှေ့ခဲ့သည်။ သူ၏ ဥပသမ္မဒါကံဆောင်ပွဲတွင် သူမိန့်ကြားခဲ့သည်မှာ "ယခုအချိန်မှစ၍ ကျွန်ုပ်ဘဝကို မြုပ်နှံပြီး လုပ်မည့်အလုပ်သည် ကျွန်ုပ်ရှေ့တွင် စောင့်နေပါပြီ။ ဤအလုပ်မှာ အနောက်နိုင်ငံများသို့ မေတ္တာနှင့် သစ္စာတရားများကို သယ်ဆောင်သွားပြီး မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် မိန့်မှာတော်မူခဲ့သည့်အတိုင်း ထိုဒေသများတွင် ဗုဒ္ဓတပည့် ရဟန်းသံဃာများ ပေါ်ထွန်းလာစေဘို့ဖြစ်ပါသည်။ ခရစ်(စ်)မတ်(စ်) ဟမ်ဖရေး၊ အင်္ဂလန်နိုင်ငံတွင် ဗုဒ္ဓဘာသာထွန်းကားလာခြင်း၊ စာမျက်နှာ ၁၄။

၉။ T. W. Rhys Davids (1878); T. W. Rhys Davids (1896) (A collection of his lectures at Cornell University, USA); Andre Bareau (1912); Kenneth K. Saunders (1929); Annie Wood Besant (1941); Charles Henry S. Wood (1947); Christmas Humphrey (1951); Edward Conze (1951); Richard Abbof Gard (1961); Donald Swearer (1977); Micheal Ridley (1978); J.G. Edmonds (1978); John Snelling (1986); Peggy Morgan (1987); Lal Mani Joshi (1989); Peter Conolly (1989); Lilian Weather (1992); Madhu Bazas Wengu (1993); Derie Ciush (1994); David Rose (1995); Noble Ross Reat (1995); Luois Fredovic (1995); Catharine Hewitt (1995); Clive Erricker (1995); Sue Penny (1995); Barry Thomas (1996); Mary Green (1997); Bradley K. Hawkins (1999); John Powers (2000); Mel Thompson (2000); Kulananda (2000); Kevin Trainar (ed.) (2001); Ruth Oarnniter

(2001); Peter Harvey & Brian Peter (eds.) (2001); Anne Geldart (2002); Cavan Wood (2002); Geoff Teece (2003); Philip Wilkinson (2003); Donald S. Lopez (2004).

## ကျမ်းကိုးစာရင်း


1Ananada Guruge "Buddhism in Europe in the Twenty-First Century" Buddhism into the Year 2000: International Conference Proceedings, Dhammakaya Foundation, Bangkok, 1994.

2.(Prof.) Arnold de Hoyos, "Buddhism in Latiin America" Buddhism into the Year 2000: International Conference Proceedings, Dhammakaya Foundation, Bangkok, 1994.

3.Bhikkhu Bhodhi, Promoting Buddhism in Europe, a paper delivered in Sri Lanka to mark the first death anniversary of Ven.Mitirigala Dhammanisanthi Thera, formerly Asoka Weeraratna, the founder of the German Dhammaduta Mission. 2 July 2000.

4.Bhikkhu Pasadika, " Buddhist Monasticism in European Culture with Special Reference to France" Buddhism into the Year 2000. International Conference Proceedings, Dhammakaya Foundation, Bangkok, 1994.

5.Charles Prebish and Martin Baumann, eds, Westward Dhamma: Buddhism Beyond Asia, University of California Press, California, 2002.

6.Christmas Humphreys, The Development of Buddhism in England, The Buddhist Lodge, London, 1937.

7.Christmas Humphreys, Sixty Years of Buddhism in England, 1907-1967, London,1968.

8.J.W De jong (Australian National University), A Brief History of Buddhist Studies in Europe and America, Sri Satguru Publications. Delhi.

9.James Co.man, The New Buddhism, Oxford University Press, Oxford,2001.

10.Lance S. Cousins, "Theravada Buddhism in England" Buddhism into the Year 2000: International Conference Preceedings, Dhammakaya Foudation, Bangkok,1994.

11.Prof. R.H.C. Jannsen, " Buddhism in the Netherlands: History and Present Status" Buddhism into the Year 2000: International Conference Preceedings, Dhammakaya Foundation, Bangkok, 1994.

12.Ian P. Oliver, Buddhism in Bratain, Rider and Company, London, 1979.

13.Steven Heine and Charles Prebish, eds. Buddhism in the Modern World, Oxford University Press, 2002.

14.Michael Tom (His interviews with Buddhist leaders), Buddhism in the West: Spiritual Wisdom for the 21st Century, New Dimensions Foundation, Carlsbad, CA,1998.

15.Buddhism in England ( a monthly bulletin of the Buddhist Lodge), 24 volumes, the Buddhist Lodge, 101 a Horseferry Road, Westminster, London, 1926-27.

16.P.C Almond , The British Discovery of Buddhism, Cambridge, 1988.

17.Peter Harvey, Inroduction to Buddhism, Cambridge University Press, Cambridge, 1990.

18.(Dr.) Rupert Gethin " Buddhism in Bratain: A Brief Sketch of Its History and Development " Buddhism for the New Millennimu, World Buddhist Foundation, London, 2000.

19.W. Peiris, The Western Contribution to Buddhism, Delhi, 1973.

# ဗုဒ္ဓဘာသာဝင်မဟုတ်သေးသောနိုင်ငံတွင် ဗုဒ္ဓဓမ္မကို မည်ကဲ့သို့သင်ကြားမည်နည်း။

အရှင်နန္ဒိသေန
မက္ကဆီကို

## နိဒါန်း

ဒီစာတမ်းရဲ့ရည်ရွယ်ချက်ကတော့ ဗုဒ္ဓဘာသာဝင်မဟုတ်တဲ့နိုင်ငံမှာ ဗုဒ္ဓဘာသာကို ဘယ်လို သင်ကြားပို့ချပေးသင့်တယ်ဆိုတာနဲ့ပါတ်သက်ပြီး အယူအဆအချို့ကို တင်ပြမှာဖြစ်ပါတယ်။ ကျွန်ုပ်ဟာ ၁၉၉၆ခုနှစ်ကစပြီး မက္ကဆီကိုနိုင်ငံမှာ ထေရဝါဒဗုဒ္ဓဘာသာဘုန်းတော်ကြီးတစ်ကျောင်း တည်ထောင်ရေးအတွက် ဆရာတော်ဦးသီလာနန္ဒ[၁]နဲ့အတူ ပူးတွဲဆောင်ရွက်ခဲ့ပါတယ်။ ၁၉၉၉-ခုနှစ် ဧန်နဝါရီလ (၃၀) ရက်နေ့မှာ ဓမ္မဝိဟာရကျောင်းကို တည်ထောင်ဖွင့်လှစ်နိုင်ခဲ့တယ်။ ဒီနှစ် (၂၀၀၄-ခုနှစ်)မှာ (၅)နှစ်မြောက်နှစ်ပတ်လည် အခမ်းအနားကို ကျင်းပခဲ့ပါတယ်။ ကျွန်ုပ်တို့အနေနဲ့ ပြီးခဲ့တဲ့နှစ်များအတွင်း တရားစခန်းများဖွင့်လှစ်သင်ကြားပေးခဲ့ပါတယ်၊ ဗုဒ္ဓတရားတော်များကိုလည်း ပို့ချပေးခဲ့တယ်။ ဘုန်းကြီးကျောင်းကို လာကြသူများနဲ့လည်း တွေ့ဆုံဆွေးနွေးခဲ့ပါတယ်၊ ကလေးသူငယ်များအတွက် တရားနဲ့စပ်တဲ့ အတွေ့အကြုံနှီးနှော ဆွေးနွေးပွဲတွေ ဆက်လုပ်ခဲ့ကြပါတယ်။

ကျွန်ုပ်ဟာ အခုအထက်ကပြောခဲ့တဲ့ မက္ကဆီကိုနိုင်ငံ ဓမ္မဝိဟာရမှာ သီတင်းသုံးနေပါတယ်။ ဒီနှစ်ထဲမှာ သာသနာ့ဘောင်ဝင်ပြီး ဗုဒ္ဓတရားဓမ္မများကို အားထုတ်လိုတဲ့ မက္ကဆီကိုဆယ်ကျော်သက်လူငယ်တစ်ဦးကို ပထမဦးဆုံးအကြိမ်အဖြစ် ရှင်သာမဏေပြုပေးဖို့ရှိပါတယ်။ လာမယ့်နှစ်များမှာလည်း အလားတူ သာသနာ့ဘောင်ထဲ သွတ်သွင်းချီးမြှောက်ပေးဖို့ ကျွန်ုပ်တို့ကို မေတ္တာရပ်ခံလျှောက်ထားကြတဲ့ လူရွယ်လူလတ်ပိုင်း (၃)ဦးလည်း ရှိပါသေးတယ်။

"ဓမ္မဝိဟာရ"ကျောင်းဖြစ်မြောက်ရေးအတွက် ကြိုးစားရတာဟာ ဒီစီမံချက်မှာ ပါဝင်ဆောင်ရွက်ကြသူအားလုံးအတွက် လက်တွေ့သင်ခန်းစာယူစရာ အတွေ့အကြုံတစ်ရပ်ဖြစ်ပါတယ်။ မက္ကဆီကိုနိုင်ငံမှာ ဒီလိုထေရဝါဒကျောင်းမျိုး ယခင်ကမရှိခဲ့ဘူးတဲ့အတွက် မမျှော်လင့်ဘဲ ဖြစ်ပေါ်လာတဲ့ပြဿနာအမျိုးမျိုးနဲ့ကြုံတဲ့အခါ ယခင်က ဘယ်လိုဖြေရှင်းခဲ့ကြသလဲဆိုတဲ့ ဖြေရှင်းပုံနည်းနာကို ကျွန်ုပ်တို့ မသိကြဘူး၊ ဒါကြောင့်လည်း အဲဒီလိုကျောင်းဖြစ်မြောက်ရေး လုံးပမ်းခဲ့ရတဲ့နှစ်များအတွင်း သင်ခန်းစာတွေ အတော်လေး ရလိုက်ပါတယ်။ အဲသလိုဖြေရှင်းနည်းရေးအစဉ်အလာများ မရှိတဲ့အခါ အရေးအကြီးဆုံး သင်ခန်းစာကတော့ ဗုဒ္ဓရဲ့ အဆုံးအမဒေသနာတော်များနဲ့လျော်ညီစွာ တရားဓမ္မကိုသာ လမ်းညွှန်အဖြစ် အားကိုးဖို့ပဲ ရှိတယ်ဆိုတဲ့ အချက်ဖြစ်တယ်။

ဒီစာတမ်းထဲမှာ ဗုဒ္ဓဘာသာဝင်မဟုတ်တဲ့နိုင်ငံမှာ ဗုဒ္ဓဘာသာရဲ့သဘောတရားတွေကို ဘယ်လိုဖြန့်ဖြူးပို့ချပေးသင့်သလဲဆိုတာနဲ့ပတ်သက်ပြီး ကျွန်ုပ်ရဲ့အယူအဆတချို့ကို မျှဝေတင်ပြလိုပါတယ်။

## အခြေခံတရား

ပါဠိဘာသာ "ဓမ္မ" ဆိုတဲ့စကားလုံးဟာ "ဓါရ" ဆိုတဲ့စကားကဆင်းသက်လာတာဖြစ်တယ်။ "ဓါရ" ကတော့ "ဓါရကာ" ဆောင်ထားခြင်း၊ ထောက်ပံ့ခြင်းဆိုတဲ့အဓိပ္ပာယ်ပါပဲ၊ အခြေခံအားဖြင့်ဆိုရင် ဒါဟာ "ဓမ္မ" ပါပဲ၊ ဘာကြောင့်လဲဆိုတော့ သတ္တဝါများကို အပါယ်(၄)ဘုံသို့မကျရောက်အောင် ဆောင်ထားတတ်

လို့ပဲ။ ဗောဓိပင်ရင်းမှာ အားထုတ်ဆင်ခြင်သုံးသပ်ရင်း တွေ့ရှိတော်မူခဲ့တဲ့ ဗုဒ္ဓရဲ့တရားတော်ဟာ သတ္တဝါတွေကို အပါယ်ဘေးမှ ကယ်တင်ကာကွယ်ပေးနိုင်တယ်။ ဇာတကပါဠိတော်မှာ လာရှိတာကတော့-

> တကယ်တော့ တရားဟာတရားစောင့်သူကို စောင့်ရှောက်တယ်၊ ကောင်းစွာကျင့်ကြံအားထုတ်တဲ့တရားဟာ ချမ်းသာသုခကို ပေးစွမ်းနိုင်တယ်။ ဒါဟာ တရားဆိုတဲ့ဓမ္မကိုကောင်းစွာအားထုတ်လို့ရတဲ့ အကျိုးကျေးဇူးပဲ၊ ဓမ္မနဲ့အညီကျင့်ကြံနေထိုင်သူဟာ ဒုဂတိဘုံလို့ခေါ်တဲ့ မကောင်းတဲ့ဘဝကိုမရောက်ဘူး။[၂]

ဗုဒ္ဓဓမ္မသင်္ဃာတရားများ ကောင်းစွာအခြေမခိုင်သေးတဲ့ ဥပမာဗုဒ္ဓဘာသာမဟုတ်တဲ့ တိုင်းပြည်မျိုးမှာ ဗုဒ္ဓသာသနာပြုချင်တယ်ဆိုရင် ဗုဒ္ဓဘာသာကိုသဒ္ဓါတရား လုံလုံလောက်လောက် ထက်သန်မှုလည်းရှိ၊ နားလည်သဘောပေါက်ခြင်းလည်းရှိတဲ့ အဲဒီနိုင်ငံက လူပုဂ္ဂိုလ်အစုအဖွဲ့ကလေးကို အမာခံထားပြီး ဆောင်ရွက်သင့်ပါတယ်။

အဲဒီအမာခံလူပုဂ္ဂိုလ် အစုအဖွဲ့လေးဟာ ငါးပါးသီလလုံခြုံဘို့ အထူးလိုအပ်တယ်၊ အနည်းဆုံးငါးပါးသီလကိုတော့ စောင့်ထိန်းရပါလိမ့်မယ်၊ ဒီအမာခံလူအစုအဖွဲ့လေးထဲက ပုဂ္ဂိုလ်တွေဟာ ငါးပါးသီလကို ဘယ်နည်းနဲ့မှ မကျိုးမပေါက်စေသင့်ပါဘူး၊ ဗုဒ္ဓဘာသာမဟုတ်သေးတဲ့နိုင်ငံမှာ ဗုဒ္ဓဘာသာပြုမယ့်အဖွဲ့ရဲ့ အမာခံအဖွဲ့ကပုဂ္ဂိုလ်တွေအတွက် ဒါဟာပထမဦးဆုံး လိုအပ်ချက်ပါဘဲ။

အဲဒီအမာခံလူတွေဟာ ဗုဒ္ဓတရားတော်နဲ့ ဆန့်ကျင်တဲ့အလုပ်တွေ လုပ်နေသလား၊ ငါးပါးသီလနဲ့သွေဖည်နေသလားဆိုတာ သူတို့ကိုအခါအားလျော်စွာ အကဲဖြတ်ဆုံးဖြတ်ဖို့လိုတယ်။ ဘာကြောင့်ဒီလိုလုပ်သင့်သလဲဆိုတော့ တရားက တရားစောင့်သူကို စောင့်ရှောက်သလိုပဲ အမာခံလူတွေက တရားစောင့်ရင် သူတို့နဲ့ဖွဲ့စည်းထားတဲ့ သာသနာပြုအဖွဲ့အစည်းဟာလည်း ရည်မှန်းသလိုရင့်ကျက်အောင်မြင်သွားမှာဖြစ်လို့ပါပဲ။

ဒါကြောင့်ကျယ်ပြန့်တဲ့ သာသနာပြုအဖွဲ့အစည်းကြီးများ ပါဝင်ကြမယ့် အမာခံလူပုဂ္ဂိုလ်အသီးသီးဟာ ဒီအခြေခံတရားတော် တစ်နည်းအားဖြင့် ငါးပါးသီလမြဲကြပြီဆိုရင်ဖြင့် ရှေ့ဆက်ရမယ့်ခရီးလမ်းအတွက် အခြေခံကောင်းတွေ အောင်မြင်စွာချနိုင်ခဲ့ပြီလို့ပဲ ဆိုရမှာဖြစ်ပါတယ်။

"တရားစောင့်သူကို တရားကစောင့်၏"တဲ့။ ဒီဆောင်ပုဒ်ကိုဘယ်တော့မှ မမေ့သင့်ပါဘူး။

### ကျယ်ကျယ်ပြန့်ပြန့်.ဖြန့်.ဖြူးရေး

အမာခံအဖွဲ့ဟာ ငါးပါးသီလမြဲကြပြီဆိုရင်၊ ဒုတိယအဆင့်အနေနဲ့ ဗုဒ္ဓတရားတော်များကို ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဖြူးပေးဘို့ပါပဲ။ ဒါမှလည်း တတိယအဆင့်အနေနဲ့ တရားရဲ့ "ဧဟိပဿိကော" (လာလှည့်ရှုလှည့်) ဆိုတဲ့ ဂုဏ်တော်ကို စိတ်ဝင်စားပြီးလက်တွေ့ အားထုတ်လာကြမှာဖြစ်ပါတယ်။

ဒီခေတ်မှာ တရားကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဖြူးနည်းတွေ အတော်များပါတယ်၊ ပစ္စည်း၊ ငွေ၊ လူအင်အားစတာတွေလုံလုံလောက်လောက် မတတ်နိုင်တဲ့တိုင်အောင် အင်တာနက်ဆိုတာမျိုးလို ဆက်သွယ်ရေးနည်းတွေ တိုးတက်လာနေတဲ့အတွက် တရားတော်ကို လူတွေအများကြီးဆီကိုရောက်အောင် ဖြန့်ဖြူးပေးနိုင်နေပြီ။

ဗုဒ္ဓဘာသာကို ကောင်းကောင်းမသိကြတဲ့အခါ ဗုဒ္ဓဘာသာနဲ့ပတ်သက်ပြီး နားလည်မှုလွဲမှားတာတွေအများအပြားရှိမှာပါပဲ။ ဒါဟာသဘာဝပဲ၊ စိုးရိမ်စရာမဟုတ်ပါဘူး။ ဒါနဲ့ပတ်သက်ပြီး ၁၉၉၉ခုနှစ်တုံးက "ဓမ္မဝိဟာရ"ကျောင်းဖွင့်အပြီး ဒေသခံလူတချို့က ကျွန်ုပ်တို့ကို ဝေဖန်တာကိုသွားသတိရမိပါတယ်။ "ဓမ္မဝိဟာရ" ကျောင်းဟာ တောင်ပိုင်းမက္ကဆီကို ဗာရာကရ(ဇ်)ပြည်နယ်ရှိ တော်တော်ခေါင်တဲ့နေရာမှာ တည်ဆောက်ထားတဲ့ ထေရဝါဒတောရဘုန်းကြီးကျောင်းဖြစ်တယ်။ အဲဒီတုံးက သူတို့ကျုပ်ကိုပြောခဲ့တာကို မှတ်မိသမျှလိုရင်းပြန်ပြောရရင် "ဆရာတော်အခုကျောင်းသစ်မှာ ပြောင်းထိုင်နေပြီပဲ" ဗုဒ္ဓဘာသာဘက် ပြောင်းကိုးကွယ်လာအောင် လူတွေကိုထွက်ပြီး စည်းရုံးဖို့ကောင်းတာပေါ့" တဲ့။ ကက်သလစ်ဘာသာဝင်အများစု နေထိုင်ကြပြီး တစ်ခြားခရစ်ယန်ဂိုဏ်းဝင်တွေကို ကက်သလစ်ဂိုဏ်းဝင်တွေဖြစ်အောင်ထွက်ပြီး စည်းရုံးကြသလိုပဲ ကျွန်ုပ်ကိုလည်းအဲဒီလိုထွက်ပြီး စည်းရုံးစေချင်ကြခြင်းဖြစ်ပါတယ်။

ဒါကြောင့် ဗုဒ္ဓဘာသာနဲ့ပတ်သတ်ပြီး အယူအဆအမှားတွေကိုပြင်ဖို့ကိစ္စဟာ အလွန် အရေးကြီးတယ်၊ ဗုဒ္ဓဘာသာဟာ ဘာလဲဆိုတာ ရှင်းပြရာမှာစိတ်ရှည်ဖို့နဲ့ ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား ပြောတတ်ဖို့လိုတယ်။ ဒီအရည်အချင်းနှစ်ရပ်နဲ့ ပြည့်စုံတယ်ဆိုအုံးတော့ ထိရောက်ဖို့ဆိုတာ အချိန်အတော်ယူရမှာပါပဲ။

ဗုဒ္ဓဘာသာဝင်မဟုတ်တဲ့ နိုင်ငံတွေမှာဆိုရင်ယေဘူယျအားဖြင့် ခေတ်ပညာတတ်များဟာ ဗုဒ္ဓဘာသာကိုပိုပြီးသိကြတယ်၊ ဒါပေမယ့် တကယ်တန်းလေ့လာလိုက်စားဖို့၊ ဒါမှမဟုတ် လက်တွေ့အားထုတ်ဖို့ကျတော့ သူတို့ထဲက တချို့လောက်သာလုပ်ကြတယ်။ အများစုဖြစ်တဲ့ ကျန်တဲ့လူတွေ ကတော့ ဗုဒ္ဓဘာသာကိုမသိကြသူများတယ်၊ လမ်းထဲမှာ ဗုဒ္ဓဘာသာဘုန်းကြီးတွေနဲ့ တွေ့ကြတဲ့အခါမျိုး၊ ဗုဒ္ဓဘာသာတရားဟောကြားတဲ့အခါမျိုးတွေမှာ အထူးအဆန်းကြီးကိုဖြစ်လို့။ ဗုဒ္ဓဘာသာဟာ သူတို့အဖို့ အသစ်အဆန်း၊ ခုမှပေါ်လာတဲ့ ဘာသာတရားဖြစ်နေတယ်။ ဘာအကြောင်းတွေ ဟောသလဲ ဆိုတာလည်း သူတို့သိချင်ကြမှာပဲ။

၁၉၉၉-ခုနှစ် "ဓမ္မဝိဟာရ"ကျောင်းဖွင့်ပြီးကတည်းက လူအတော်များများကျောင်းကိုလာပြီး ဗုဒ္ဓဘာသာနဲ့ပတ်သတ်ပြီး မေးမြန်းစူးစမ်းကြပါတယ်။ "ဓမ ္မဝိဟာရ"ကျောင်းကိုရောက်တဲ့ ၄-မိုင်ရှည်တဲ့ ကျောင်းလမ်းအဝင်မှာတွေ့ရတဲ့ ဗုဒ္ဓမြတ်စွာဘုရားပုံတော်နဲ့ ဆိုင်းဘုတ်ကိုတွေ့လို့ သိချင်တာနဲ့ လာမေးကြတာမျိုးလည်းဖြစ်နိုင်တယ်၊ မြို့ထဲမှာဗုဒ္ဓဘာသာဘုန်းကြီးတွေ တွေ့ခဲ့ရလို့ ဒါမှမဟုတ်အသိမိတ်ဆွေဆွေမျိုးတစ်ယောက်ယောက်က ဒီဘုန်းကြီးကျောင်းကိုရောက်ဖူးပြီး ဘုန်းကြီးတွေဟာ ပုရွက်ဆိတ်ကလေးတောင် မသတ်ဘူးဆိုတာပြောကြလို့ စသည်ဖြင့်အကြောင်းအမျိုးမျိုးကြောင့်လာပြီး မေးကြမြန်းကြတာပါပဲ။ ဒီကျောင်းကိုလာတဲ့ ဗုဒ္ဓနဲ့ ဗုဒ္ဓတရားတော်နဲ့ ပတ်သတ်ပြီးမသိကြသူတွေထဲက အများစုဟာကလေးသူငယ်တွေဖြစ်ပါတယ်၊ သူတို့ကတစ်ခါတစ်ရံ လူနည်းနည်းအုပ်စုဖွဲ့လာကြတယ်၊ တစ်ခါတစ်ရံကျတော့လည်း ကျောင်းသူကျောင်းသားလေးတွေ အများကြီးအုပ်စုဖွဲ့ပြီး ဆရာဆရာမတွေနဲ့အတူလာကြပါတယ်။

အဲဒီလိုမသိနားမလည်သူများအတွက် ကျွန်ုပ်တို့ကထေရဝါဒဗုဒ္ဓဘာသာအကြောင်း အကျဉ်းနဲ့ "ဓမ္မဝိဟာရ" ဘုန်းကြီးကျောင်းရဲ့ လုပ်ငန်းတွေအကြောင်း ဖေါ်ပြထားတဲ့လက်ကမ်းစာစောင် ပေးပါတယ်။ ကျွန်ုပ်တို့က သူတို့မေးတာတွေကို ရှင်းပြပေးပါတယ်၊ ဘုန်းကြီးတွေရဲ့နေ့စဉ်လုပ်ငန်းတွေ၊ ဝိနည်းတော်တွေ၊ ကျောင်းမှာနေတဲ့လူဝတ်ကြောင်တွေနဲ့ပတ်သက်တဲ့ စည်းကမ်းတွေစတာတွေကို ရှင်းပြပေးတယ်။ ဗုဒ္ဓဘာသာဟာ လူ့ကျင့်ဝတ်စည်းကမ်းတွေ လူသားအချင်းချင်း စောင့်စည်းလိုက်နာရမယ့်

အချက်တွေနဲ့ စတဲ့ဘာသာတရားဖြစ်ကြောင်း၊ အဲဒီလိုစောင့်စည်းမှုတွေမရှိရင် တရားကျင့်စဉ်တိုးတက်ပေါက်မြောက်ဖို့မဖြစ်နိုင်ကြောင်းဆိုတာကို အထူးအလေးပေးပြီးရှင်းပြပေးပါတယ်။ ငါးပါးသီလအကြောင်း လူတစ်ယောက်အတွက်ဘာကြောင့် ဒီငါးပါးသီလကို လိုက်နာဖို့အရေးကြီးကြောင်း အချိန်ယူပြီးရှင်းပြပေးတယ်၊ တစ်ပါးစီကိုလည်း ယခုမျက်မှောက်ခေတ်ကာလထဲက ဆီလျော်ရာဖြစ်ရပ်တွေကို ထောက်ပြရှင်းလင်းပေးပါတယ်၊ သာမန်သိချင်တာမျိုးထက် ပိုတဲ့သူများကိုတော့ (ဒီလိုလူမျိုးက ရှားပါတယ်) တရားထိုင်နည်းတွေကို သင်ပေးပါတယ်၊ ကမ္မနိယာမစတဲ့ ဗုဒ္ဓရဲ့တစ်ခြား တရားဒေသနာများကိုလည်း ပြောပြပေးပါတယ်။

စောစောကပြောခဲ့အတိုင်း ဗုဒ္ဓဘာသာအကြောင်း အနည်းနဲ့အများ သိရှိနားလည်ကြတဲ့ ခေတ်ပညာတတ်တွေ၊ ဆရာဝန်ကျောင်းဆရာစတဲ့ လူတွေလည်းရှိသေးတယ်၊ ဒီလူတွေက ဘုန်းကြီးကျောင်းကို ဆိုင်ရာဆိုင်ရာ ရည်ရွယ်ချက်သတ်သတ်မှတ်မှတ်နဲ့ လာကြတာဖြစ်တယ်၊ တချို့က တရားထိုင်ဖို့၊ တချို့က ဗုဒ္ဓဘာသာကိုလေ့လာဖို့၊ တချို့ကျတော့ (ဒီလူတွေကများသောအားဖြင့် နိုင်ငံခြားသားတွေ) ကျောင်းရဲ့ဝေယျာဝစ္စကိုစေတနာလုပ်အားပေး ဒါနပြုကြတာပါပဲ၊ ဒီလူတွေဟာ ဗုဒ္ဓဘာသာကို ကိုးကွယ်ရာဘာသာအသစ်အဆန်းတစ်ရပ်အဖြစ် ယူကြတာဖြစ်ကြသလို တချို့ကတော့ ဗုဒ္ဓဘာသာထဲက တချို့အချက်တွေအထူးသဖြင့်ဝိပဿနာပွာများခြင်းဆိုတာမျိုးကို စိတ်ဝင်စားကြလို့လာကြခြင်းဖြစ်တယ်၊ "ဓမ္မဝိဟာရ" ကျောင်းစတင်ဖွင့်လှစ်ခဲ့တဲ့ လွန်ခဲ့တဲ့ငါးနှစ်ကစပြီး အဲဒီလို တရားအားထုတ်တာကို ဝါသနာပါ လိုက်စားလာကြသူဦးရေဟာ တိုးပွားလာခဲ့ပါတယ်၊ ဒါဟာ အင်မတန်အလားအလာကောင်းတဲ့ တိုးတက်မှုဖြစ်ရပ်ဖြစ်ပါတယ်။

အဲဒီလိုပုဂ္ဂိုလ်မျိုးတွေကို တရားဓမ္မနဲ့ပတ်သက်ပြီးပိုပြီးထိရောက်အောင် ကောင်းမွန်စွာကူညီပံ့ပိုးပေးနိုင်ဖို့ရှိပြီးသား အဆောက်အဦးများကို တိုးချဲ့ခြင်းနဲ့ပိုမိုကောင်းအောင် ပြုပြင်ခြင်းလုပ်ငန်းများအတွက် အလှူခံရငွေများကို ဆက်တိုက်သုံးစွဲနေခဲ့ရပါတယ်၊ အခုဆိုရင် အဆောက်အဦး အသစ်တစ်ဆောင်ကိုဆောက်ပြီးခဲ့ပါပြီ။ အဲဒီအဆောက်အဦးမှာ ကျယ်ဝန်းတဲ့ဆွမ်းချက်ဆောင်၊ ဆွမ်းစားဆောင်နဲ့ တရားထိုင်ယောဂီများနဲ့ဧည့်သည်များအတွက် အခန်း(၁၂)ခန်းတို့ ပါဝင်ပါတယ်။

မက္ကဆီကိုနိုင်ငံဟာ လူဦးရေသန်း(၁၀၀)ရှိပြီး စပိန်ဘာသာစကားဟာ မိခင်ဘာသာစကားဖြစ်ပါတယ်။ စပိန်ဘာသာစကားပြောကြသူများဟာ တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ဆိုရင် ဦးရေသန်း(၄၀၀)ကျော်တယ်။ ၁၉၉၆–ခုနှစ်ကစပြီး CMBT လို့အတိုကောက်ခေါ်တဲ့ မက္ကဆီကိုထေရဝါဒဗုဒ္ဓဘာသာဗဟိုဌာန ('ဓမ္မဝိဟာရ'ကျောင်းကို ထောက်ပံ့ပေးနေတဲ့အဖွဲ့)နဲ့ အမေရိကန်ထေရဝါဒဗုဒ္ဓဘာသာအသင်းတို့ဟာ အင်တာနက်ကိုအသုံးပြုပြီး ဗုဒ္ဓဓမ္မပြန့်ပွားရေးကို ဆောင်ရွက်လျက်ရှိပါတယ်။

CMBT ရဲ့အင်တာနက်စာမျက်နှာဟာ နည်းနည်းပါးပါးပဲရှိခဲ့ရာက အခုဆိုရင်ထေရဝါဒဗုဒ္ဓဘာသာနဲ့ပတ်သတ်ပြီး အထွေထွေအချက်အလက်တွေ၊ အင်တာနက်ထဲမှာ ဖတ်လို့ရတဲ့စာအုပ်တွေဟာ စာမျက်နှာရာနဲ့ချီပြီးရှိနေပါပြီ။ ဒါကြောင့်အာဂျင်တီးနားကနေ မက္ကဆီကိုနဲ့စပိန်နိုင်ငံများအထိ စပိန်ဘာသာစကားပြောနိုင်ငံများဟာ ဗုဒ္ဓဘာသာနဲ့စပ်ဆိုင်တဲ့စာအုပ်တွေ၊ သတင်းတွေကို CMBT ရဲ့ကြိုးပမ်းမှုကြောင့် နေ့စဉ်ဖတ်ရှုလေ့လာနိုင်နေကြပါပြီ။

အင်တာနက်ကြောင့် ကျွန်ုပ်တို့တတွေဟာ အခြားနည်းနဲ့မတွေ့နိုင်တဲ့လူတွေ ဒကာဒကာမတွေနဲ့ ထိတွေ့နေနိုင်ကြပါပြီ၊ အင်္ဂလိပ်လိုရေးထားတဲ့ တရားဟောပြောချက်များ စာအုပ်များကိုလည်း စပိန်ဘာသာ ပြန်ပေးတဲ့ စေတနာ့ဝန်ထမ်း ဘာသာပြန်ဆရာများကိုလည်း

ရအောင်စုဆောင်းပေးနိုင်ခဲ့ပါတယ်၊ ဘာသာပြန်ပြီးတာနဲ့ အဲဒါကိုတည်းဖြတ်ထုတ်ဝေဖို့ ဘာသာပြန်ဆိုသူက အိမေး(လ်)နဲ့ပို့ပေးတယ်၊ ဒီနည်းနဲ့ပဲ အင်တာနက်မှာနေ့စဉ်နဲ့အမျှ တစ်နေ့တစ်မျိုး အချက်အလက်တွေကို တင်ပြပေးနေပါတယ်၊ ဒါကြောင့်လည်း ကျွန်ုပ်တို့ရဲ့ဝက်(ဘ်)ဆိုဒ်ကို ကြည့်ရှုကြသူတွေ တိုးပွားလာတာ ဖြစ်တယ်၊ ၂၀၀၄-ခုနှစ် ဇွန်လထဲကဆိုရင် အဲဒီအင်တာနက် လိပ်စာဖြစ်တဲ့ (www.cmbt.org)ကို ဆက်သွယ် ကြည့်ရှုတဲ့အကြိမ်ပေါင်းဟာ (၈,၀၀၀)လောက် ရှိပါတယ်။

ကျွန်ုပ်တို့ဟာ ၂၀၀၄-ခုနှစ်စက်တင်ဘာလမတိုင်မီအထိ အင်တာနက်ကို ဗုဒ္ဓဓမ္မ အချက်အလက်များ စပိန်ဘာသာနဲ့သိမှိထားရာ ဘဏ္ဍာတိုက်ကြီးအဖြစ်အသုံးပြုခဲ့ပါတယ်၊ အဲဒီဘဏ္ဍာတိုက်ကြီး ထဲကနေ ပြီးလိုရာကိုထုတ်ယူ၊ ကူးယူ၊ ပုံနှိပ်စသဖြင့်ပြုလုပ်နိုင်ကြပါတယ်။ ဒါပေမယ့် ၂၀၀၄-ခုနှစ် စက်တင်ဘာလ ထဲကျတော့ ထေရဝါဒဗုဒ္ဓဘာသာကို စပိန်ဘာသာစကားနဲ့ ဆွေးနွေးတဲ့ စကားဝိုင်းအဖြစ် ပြောင်းလဲ တိုးချဲ့ခဲ့ပါတယ်၊ ရည်ရွယ်ချက်ကတော့ ဗုဒ္ဓဘာသာကိုစိတ်ဝင်စားသူများဟာ ဓမ္မရေးရာ အမျိုးမျိုးကို အင်တာနက်ပေါ်မှာ စပိန်ဘာသာနဲ့ အချင်းချင်းတွေ့ဆုံဆွေးနွေးကြဘို့ပဲဖြစ်တယ်။

အင်တာနက်ဟာ စပိန်ဘာသာစကားပြောနိုင်ငံများ အထူးသဖြင့်တစ်နိုင်ငံနဲ့ တစ်နိုင်ငံအလှမ်း ကွာဝေးလွန်းတဲ့ နိုင်ငံများအတွက် အလွန်ထိရောက်တဲ့ဆက်သွယ်ရေး ကိရိယာဖြစ်ပေမယ့် လူတိုင်း အင်တာနက်ကိုသုံးနိုင်ကြတာမဟုတ်ပေဘူး။ တစ်ဖက်ကကြည့်ပြန်တော့လည်း "ဓမ္မဝိဟာရ"ကျောင်းနဲ့ ပတ်သက်ပြီးပြောရရင် ခရီးစရိတ်အခက်အခဲကြောင့် လူတိုင်းဒီဘုန်းကြီးကျောင်းကို မလာနိုင်ကြပါဘူး။ ဒါကြောင့် တစ်ခါတစ်ရံကျွန်ုပ်တို့က အဲဒီနေရာတွေဆီသွားပြီး တရားဟောရ၊ တရားပြရတဲ့အခါတွေ ရှိပါတယ်။ ပြီးခဲ့တဲ့နှစ်များကဆိုရင် မက္ကဆီကိုတစ်ဝန်းသာမက အာဂျင်တီးနားနဲ့ ပျူးတိုရီးကိုနိုင်ငံတွေ ကိုပါသွားပြီး တရားဟောခဲ့ကြပါတယ်။ ဒီကိစ္စနဲ့ပတ်သတ်ပြီး လုပ်စရာတွေအများကြီး ကျန်သေးတယ် လို့ပြောရင်လျှော့လျှော့ပေါ့ပေါ့ ပြောလိုက်ရခြင်းမျှသာဖြစ်ပါတယ်၊ စပိန်ဘာသာစကားပြောတတ်တဲ့ ဘုန်းကြီးကလည်းရှားနေတဲ့အတွက် အရည်အချင်းပြည့်ဝတဲ့ ဓမ္မကထိကတို့တရားဟော တရားပြဆရာတို့ လုံလုံလောက်လောက်ရဖို့ဆိုတာ နှစ်တွေအတော်ကြာအုံးမယ့်ကိစ္စဖြစ်နေတယ်။ လာလောဆယ်မှာတော့ ဗုဒ္ဓဘာသာနဲ့ပတ်သတ်ပြီး သဘောတရားနဲ့လက်တွေ့ကျင့်စဉ်ပိုင်းကို အတန်အသင့်သိရှိနားလည်တဲ့ လူဝတ်ကြောင်များကိုသာ အားထားနေရဖို့ရှိပါတယ်။

အခုပြောခဲ့သမျှတွေဟာ ဗုဒ္ဓတရားတော်များကို တစ်ဦးချင်းအနေနဲ့ရော မက္ကဆီကိုနိုင်ငံအနေနဲ့ပါ ကျယ်ကျယ်ပြန့်ပြန့်နှံ့ပြန့်ပွားသွားအောင် ကျွန်ုပ်တို့ရဲ့ကြိုးပမ်းဆောင်ရွက်ခဲ့တာတွေကို အကျဉ်း တင်ပြချက်ဖြစ်ပါတယ်၊ ဆက်ပြီးလည်းအထူးကြိုးစားလုပ်ဆောင်နေပါတယ်၊ ဘာကြောင့်လဲဆိုတော့ စပိန်ဘာသာစကားနဲ့ ပြန်ဆိုထားတာတွေနည်းနေသေးလို့ပါပဲ၊ ဗုဒ္ဓတရားတော်တွေကို လူအများဆီကို လွယ်လွယ်ကူကူရောက်ရှိဖို့နှံ့သွားအောင်လုပ်ရမှာက ဗုဒ္ဓဘာသာမဟုတ်တဲ့နိုင်ငံမှာ ဗုဒ္ဓဘာသာတရား ဖြန့်ချိနိုင်ရေး စီမံချက်ရဲ့ဒုတိယအဆင့်ဖြစ်ပါတယ်၊ ဗုဒ္ဓဘာသာနဲ့ပတ်သတ်ပြီး မှန်ကန်တဲ့ အချက်အလက် တွေကို လွယ်လွယ်ကူကူနဲ့ လူအများအကြားရနိုင်စေရမယ်။ (၁)ဗုဒ္ဓဘာသာနဲ့ပတ်သတ်ပြီးအဲဒီလို လွယ်လွယ်နဲ့ လွတ်လွတ်လပ်လပ်ရနိုင်ခြင်းနဲ့၊ (၂)အချက်အလက်မှန်ကန်ခြင်းဆိုတဲ့အချက် (၂)ချက်

ပြည့်စုံမှသာလျှင် လူတွေဟာလွတ်လပ်စွာတရားအားထုတ်ချင်လာနိုင်မယ်၊ ဆက်လက်လေ့လာချင်လာနိုင်တယ်။

**"ဧဟိပဿိကော"**

တရားတော်အကြောင်းကို အဲဒီလိုလွယ်လွယ်ကူကူ သင်ယူသိရှိနိုင်ပြီး သိရှိသူတွေလည်းများလာပါမှ တကယ်အကျိုးရှိမရှိ တရားတော်ရဲ့ "လာလှည့်ရှု့လှည့်" ဂုဏ်တော်ကိုလက်တွေ့စမ်းသပ်ကြည့်လာနိုင်မှာဖြစ်တယ်၊ အဲဒီကနေ နောက်ပိုင်းမှာတော့ တရားတော်ရဲ့အကျိုးကျေးဇူးများနဲ့ပတ်သတ်ပြီး လူပုဂ္ဂိုလ်တစ်ဦးချင်းက မိမိကိုယ်တိုင် ဆုံးဖြတ်သွားဘို့ပဲရှိပါတယ်။

တရားတော်နဲ့ထိတွေ့ပြီးနောက်ပိုင်း တချို့သူများဟာ ဗုဒ္ဓဘာသာဝင်အဖြစ်ခံယူဘို့ဆုံးဖြတ်ကြတယ်၊ တချို့တလေပဲသာသနာဘောင်ဝင်ပြီး ဘုန်းကြီးရဟန်းပြုကြတယ်၊ တချို့ကျတော့လည်း တရားအားထုတ်ရတာကို နှစ်ခြိုက်သဘောကျသွားကြတယ်။ ဒီတော့လူအများမှာ ဓမ္မမျိုးစေ့ရသွားကြပြီ ဆိုတာသံသယရှိစရာမလိုတော့ပါဘူး

ဓမ္မပဒမှာအောက်ပါအတိုင်းဆိုထားပါတယ်။

"ကုသိုလ်ကောင်းမှုပြုရာတွင် ထပ်ခါထပ်ခါပြုရာ၏။ ကုသိုလ်မှုဌ်ပျော်မွေ့ရာ၏၊ ကုသိုလ်ပွားများခြင်းသည်ချမ်းသာမှုသုခကိုဖြစ်စေ၏"[2] တဲ့။

ဗုဒ္ဓဘာသာဝင်များအဖြစ် ကျွန်ုပ်တို့ဒကာ ဒကာမတို့အားလုံးရဲ့ ပန်းတိုင်ဟာဒုက္ခဆင်းရဲ ချုပ်ငြိမ်းရာကိုရောက်ဘို့ဘဲဖြစ်တယ်၊ မိမိတို့အတွက်ရော သူတစ်ပါးတွေအတွက်ပါ ချမ်းသာသုခရရှိရေး ဖြစ်တယ်၊ ကျွန်ုပ်တို့တတွေဟာ ကုသိုလ်အမှုတွေဆိုတာ ဘာလဲဆိုတာသင်လည်းသင်ပြ လက်တွေ့လည်း လုပ်ပြကြမယ်ဆိုရင်၊ ကုသိုလ်မှုတွေကို ကိုယ်တိုင်စံနမူနာလုပ်ပြကြမယ်ဆိုရင်၊ ဒါမှမဟုတ်ယုတ်စွအဆုံး ကုသိုလ်မှုတွေလုပ်ဖို့အရေးကြီးကြောင်း ဆင်ခြင်သုံးသပ်တတ်လာအောင်လုပ်နိုင်မယ်ဆိုရင် ဒါဟာအဲဒီ လူတွေကိုချမ်းသာသုခဖြစ်ကြောင်း တရားတွေကိုနားလည်သဘောပေါက်အောင် အဲဒီတရားတွေသူတို့မှာတည်သွားအောင် ကျွန်ုပ်တို့တတွေက ကူညီပံ့ပိုးပေးနေတာဖြစ်တယ်လို့ဆိုရမှာဖြစ်ပါတယ်။

**အောက်ခြေမှတ်စု**

၁။ ဆရာတော် ဦးသီလာနန္ဒသည် အမေရိကန်ပြည်ထောင်စု၊ ကာလီဖိုးနီးယားပြည်နယ်၊ ဓမ္မနန္ဒဝိဟာရ၏ ကျောင်းထိုင်ဆရာတော်ဖြစ်သည်။ မက္ကဆီကိုနိုင်ငံ ထေရဝါဒ ဗုဒ္ဓဘာသာ ဗဟိုဌာန၏ ဓမ္မရေးရာ ညွှန်ကြားရေးမှူးလည်းဖြစ်သည်။ မြန်မာနိုင်ငံ၊ ရန်ကုန်မြို့ရှိ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ ပါမောက္ခချုပ်လည်းဖြစ်သည်။

၂။ ဓမ္မောဟဝေ ရက္ခတိ ဓမ္မစာရိံ၊ ဓမ္မောသုစိဏ္ဏော သုခမာဝဟတိ၊ ဧသာနိသံသော၊ ဓမ္မေသုစိဏ္ဏေ၊ နဒုဂ္ဂတိ ဂစ္ဆတိ ဓမ္မစာရီ(ဇာတက ပါဠိ-၁၊ ၂၁၅) ထေရဂါထာ ပါဠိ ၂၇၂

၃။ ပုညဉ္စေ ပုရိသော ကယိရာ၊ ကယိရာနံ တမှိ ဆန္ဒံ ကယိရာထ၊ သုခေါ ပုညဿ ဥစ္စယော၊ ဓမ္မပဒ ပါဠိ၊ ၁၁၈။

# အင်တာနက်လမ်းကြောင်းတွင်းရှိ ဗုဒ္ဓဘာသာ သတင်းအချက်အလက် ပညာပေးဖြန့်ချိမှုနှင့် အရင်းအမြစ်များ

အရှင်ပညာဝရော
ညြစတေးလျ

ဗုဒ္ဓဝါဒ ယနေ့ရင်ဆိုင်နေရသော စိန်ခေါ်မှုမှာ ဗုဒ္ဓဓမ္မနှင့် ပတ်သက်ခြင်းမရှိပါ၊ အဘယ့်ကြောင့်ဆိုသော်၊ သစ္စာလေးပါးမြတ်တရားနှင့် ထုံမွှမ်းထားသော ဓမ္မတွင် ဓမ္မရေးရာပြဿနာဟူ၍ မရှိသောကြောင့်ပင်ဖြစ်၏။ သို့ရာတွင် စားသုံးမှုလူမှုအဖွဲ့အစည်းတန်ဖိုးများဖြင့် ပုံသွင်းခံရသော ခေတ်လူတို့အတွက် ယင်းရှေးကျသော မြတ်ဓမ္မကို အဓိပ္ပါယ်ပြည့်စုံသော ခေတ်မီတင်ပြချက်အဖြစ် မည်သို့မည်ပုံတင်ပြရမည်ဆိုသည်မှာ အဓိကပြဿနာတစ်ရပ်ဖြစ်ပါသည်။

ယခုအချိန်တွင် ကမ္ဘာတစ်ဝှမ်းလုံး နည်းပညာဆန်းသစ်တီထွင်သော ခေတ်တစ်ခေတ် ပေါ်ထွန်းလာပြီဖြစ်၏။ ထိုခေတ်က ဆက်သွယ်ရေးကွန်ယက်လွန်စွာ အားကောင်းပြီး ပတ်ဝန်းကျင်လောကကို လေ့လာစူးစမ်းရာတွင် လွန်စွာထိရောက်မှုရှိလှသော အင်တာနက်ဆက်သွယ်ရေးကို မွေးဖွားပေး၏။ ကမ္ဘာတစ်ဝှမ်းလုံး ဆက်သွယ်နိုင်သော အင်တာနက်ဝက်ဘ်ဆိုက် (The internet's world wide web) ပင်တည်း။ အင်တာနက်ကို ဗုဒ္ဓဒေသနာတော်များအား လိုအပ်သလို ပုံဖော်ရန်သို့တည်းမဟုတ် ဖြန့်ဖြူးရန် နည်းလမ်းသစ်တစ်ခုအနေဖြင့်သာ မရှုမြင်သင့်၊ လူမှုဘဝပြောင်းလဲမှုနှင့် တန်ဖိုးကိုပေးသော နည်းသစ်တီထွင်ဖော်ထုတ် ပေးစွမ်းနိုင်သည့် ဆန်းသစ်တီထွင်ထားသော ဓမ္မလူမှုအဖွဲ့အစည်း(သို့မဟုတ်) ဆိုက်ဘာသံဃအဖွဲ့အစည်းအတွက် စွမ်းအားရှိသော အခြေခံတစ်ခုအဖြစ်လည်း ရှုမြင်သင့်၏။

ကမ္ဘာဆက်သွယ်ရေးကွန်ယက်သည် သံဃာတော်များအား ဓမ္မတရားတော်များကို သင်ယူရန်နှင့် အချင်းချင်းဆက်သွယ်ဆောင်ရွက်နိုင်ရန် အထောက်အကူပြုပေး၏။ ဗုဒ္ဓဓမ္မစာသင်သားတစ်ဦးသည် အင်တာနက်နှင့် ချိတ်ဆက်ထားသော ကိရိယာမှတဆင့် နေ့ညအချိန်အခါမရွေး၊ ကမ္ဘာပေါ်ရှိ ဆရာများ၊ ရဟန်းများထဲမှ သတင်းအချက်အလက်များ၊ တရားတော်များ၊ သုတ္တန်များ၊ ပညာရေးအရင်းအမြစ်များနှင့် ပတ်သက်၍ သိလိုသည့်အချက်အလက်များကို ချက်ခြင်းအခမဲ့ရရှိနိုင်သည်။ ဤကဲ့သို့ သတင်းအချက်အလက်များနှင့် ပညာပေးအစီအစဉ်များကို အခမဲ့ဖြန့်ဝေနိုင်မှုစွမ်းအားသည် ဗုဒ္ဓဘာသာရဟန်းများအတွက် ဓမ္မတရားတော်များနှင့် ယဉ်ကျေးမှုကို အံဝင်ခွကျဖြစ်စေသည့်အပြင် လူသားအားလုံးအတွက် အကျိုးအမြတ်ဖြစ်စေသည်။

## လေလှိုင်းဆက်သွယ်ရေးဖွံ့ဖြိုးမှုကြီးထွားမှု (Online Growth)

အင်တာနက်၏ အနာဂါတ်ကို မည်သည့်အချက်အလက်များပေါ် မူတည်လျက် အမှန်အတိုင်းဟောကိန်းထုတ်နိုင်မည်နည်း၊ လေလှိုင်းဆက်သွယ်ရေးလမ်းကြောင်းမှနေ၍ ကျွန်ုပ်တို့သည် အတွေးအခေါ်အယူအဆများကို ရရှိနိုင်၏။ ယခုအခါ ကမ္ဘာလူဦးရေ ၆ရာခိုင်နှုန်းသည် အင်တာနက်ကို အသုံးပြုကြ၏။ ကမ္ဘာလူဦးရေအနက် တစ်ဘီလီယံနီးပါး သို့မဟုတ် ၁၅ရာနှုန်းသည် ၂၀၀၅-ခုနှစ်ခန့်တွင် အင်တာနက်အသုံးပြုမည်ဖြစ်ကြောင်း ကြိုတင်ဟောပြောနိုင်၏။ ယခင်နှစ်က အမေရိကားတွင် နိုင်ငံ၏လူဦးရေ ၃၄-ရာနှုန်းသည်လည်းကောင်း ဥရောပ၌ ၂၉-ရာနှုန်းသည်လည်းကောင်း၊ ဂျပန်တွင် ၁၀-ရာနှုန်းသည် လည်းကောင်း အင်တာနက်ကို အသုံးပြုနေကြောင်း စစ်တမ်းကောက်ယူရရှိခဲ့သည်။ ၂၀၀၅ခုနှစ်တွင် ဥရောပနှင့် အာရှကွန်ယက်အသုံးပြုမှုသည် အမေရိကန်နိုင်ငံ အဆိုပြုမှုထက် သာလွန်မည်။ အစီရင်

ခံစာများအရ မိဘိုင်းဖုန်းနှင့် အခြားအင်တာနက်ကို ဆက်သွယ်သော ကိရိယာများသုံးစွဲမှု ကျယ်ပြန့်လာခြင်းက အဆိုပါတိုးတက်မှုထက် သာလွန်စေပေဦးမည်။

ဖွံ့ဖြိုးမှုနောက်ကျသော နိုင်ငံများ၌ လူအများစုသည် အင်တာနက်နှင့် ခေတ်မီဆက်သွယ်ရေးနည်းလမ်းများကို အသုံးမပြုနိုင်ကြ၊ ကမ္ဘာလူဦးရေ သန်း ၆၀၀၀အနက် သန်း ၄၀၀ခန့်သည်သာလျှင် အင်တာနက်ကို နေ့စဉ်အသုံးပြုလျက်ရှိပေသည်။ တစ်နေ့နေ့တွင် အင်တာနက်ဖွံ့ဖြိုးတိုးတက်မှုကြောင့် လူများစွာ အသုံးပြုလာကြမည်ဖြစ်ပြီး အသုံးမပြုသောသူများမှာ ဆင်းရဲသော လူနည်းစုသာ ဖြစ်ပေလိမ့်မည်။ လေလှိုင်းဆက်သွယ်ရေးနည်းလမ်းဖြင့် ဆောင်ရွက်သော သာသနာပြုအလုပ်သည် စန်းပွင့်လာမည်ဖြစ်ကြောင်း မျှော်မှန်းနိုင်ပေသည်။ အမေရိကန်နိုင်ငံတွင် ဆယ်ကျော်သက် ဆယ်နှစ်ရာခိုင်နှုန်းနှင့် အရွယ်ရောက်ပြီးသူ ရှစ်ရာနှုန်းသည် ဘာသာရေး သို့မဟုတ် စိတ်လေ့ကျင့်ခန်းများ ပြုလုပ်ရာတွင် အင်တာနက်ကို အသုံးပြုလျက်ရှိကြပြီး လေ့လာချက်အရ အရေအတွက်မှာ တစ်နေ့တစ်ခြား တိုးပွားလာဖွယ်ရှိပါသည်။ ရှိရင်းစွဲ ကိုးကွယ်မှုဘာသာတရားများအပေါ် စိတ်ဝင်စားမှုနည်ပါးလာခြင်းနှင့် လောကီအတွေးအမြင် အယူအဆများတိုးပွားလာခြင်းရှိသော်လည်း ဘာသာရေးအခြေခံ အချက်အလက်မပါဘဲ ဘဝကို တည်ဆောက်ဖန်တီးနိုင်သည်ဟူသော အယူအဆကို အင်တာနက်ခေတ်သစ်တွင် တွေ့ရှိကြပြီဖြစ်သည်။

**ဆန်းသစ်သော နည်းပညာ**

ကျွန်ုပ်တို့ပတ်ဝန်းကျင်ရှိ ကိရိယာတန်ဆာပလာများကို ထိန်းချုပ်ဆက်သွယ်ရန်နှင့် နည်းလမ်းသစ်ရရှိရေးခေတ်မီစက်ကိရိယာတန်ဆာပလာများနှင့်အတူ နည်းပညာသည် အင်တာနက်နှင့် ပေါင်းစပ်လျက် အရှိန်အဟုန်ပြင်းစွာ ဆက်လက်တိုးတက်နေပေဦးမည်။ ဗုဒ္ဓဘာသာ လေ့လာသင်ကြားရေး သတင်းအချက်အလက်ရရှိရေး နည်းပညာ စနစ်များမှာလည်း ကြီးထွားလာနေပြီဖြစ်သည်။

**လေလှိုင်းထဲမှ ဗုဒ္ဓဘာသာဆိုင်ရာအရင်းအမြစ်များ**

ဓမ္မကို အခမဲ့သင်ကြားဖြန့်ဝေရေးမှာ မြတ်စွာဘုရားရှင်၏ ပဓာနလမ်းညွှန်ချက်ဖြစ်သောကြောင့် အင်တာနက်သည် ဗုဒ္ဓဘာသာအသိုင်းအဝိုင်းအတွက် လွန်စွာသင့်လျော်လျက်ရှိ၏။ ဗုဒ္ဓဘာသာဝက်ဘ်ဆိုက်များကို အခမဲ့ကျယ်ပြန့်စွာပေးထားခြင်း၊ နာမည်ကျော် ခေတ်မီဆရာတော်ကြီးများ၊ ဂုရုကြီးများ၏ လေလှိုင်းမှ ထုတ်လွှင့်သော ဓမ္မဟောပြောချက်များ၊ ရွှတ်ဆိုသရဇ္ဈာယ်ပုံများ၊ ဗုဒ္ဓဒေသနာတော်နှင့် လျော်ညီသော အခမဲ့စာအုပ်စာတမ်းများ စသည်ဖြင့် အင်တာနက်မှတ်တမ်းများမှတဆင့် သိရှိခွင့်ရကြ၏။ ၎င်းအပြင် တစ်ကမ္ဘာလုံးရှိ ဓမ္မစင်တာများ၊ ကျောင်းတော်များဆိုင်ရာလိပ်စာနှင့် လမ်းညွှန်ချက်များကိုလည်း ရရှိနိုင်ကြပါသည်။ ဥပမာအားဖြင့် အောက်ပါထုတ်လွှင့်ချက်များပင်ဖြစ်၏။ ၎င်းတို့မှာ-

- တော့ပ် ဗုဒ္ဓဘာသာဝက်ဘ်ဆိုက်
- အွန်လိုင်းတရားရှုမှတ်နည်းသင်ခန်းစာ
- လေလှိုင်းထဲမှ သုတ္တန်တရားတော်များ စသည်တို့ဖြစ်ပါသည်။

**ဗုဒ္ဓနက်၊ နက်**

ဗုဒ္ဓနက်ဆိုသည်မှာ ဗုဒ္ဓဓမ္မပညာရေးအသင်းကြီးက ကြီးမှူးဆောင်ရွက်သော ဗုဒ္ဓဘာသာဂိုဏ်းစွဲမထားသည့် ပညာပေးရေးကွန်ယက်လုပ်ငန်းဖြစ်သည်။ ဂိုဏ်းပေါင်းစုံမှ ထုတ်ဝေပြီးစာပေများ ပါဝင်

သည်။ ဂိုဏ်းပေါင်းစုံမှ ဆရာတော်များ၊ ဆရာမများ၊ ဒုတိယ၊ တတိယ ဘာသာရပ်များ ပါဝင်သည်။ ဤနည်းအားဖြင့် ဗုဒ္ဓနက်ကွန်ယက်ရှေးခေတ်နှင့် ခေတ်သစ် ထင်ရှားသော ကျမ်းစာများ၊ သက်ဆိုင်ရာ အဖွင့်ကဋ္ဌကထာ ကျမ်းစာများ၊ မူရင်းဗုဒ္ဓဘာသာကျမ်းများ၊ ဘာသာပြန်များကိုပါ ထုတ်လွှင့်ပေးသည်။ လစဉ်မဂ္ဂဇင်းကိုလည်း ထုတ်လွှင့်သည်။ ပညာပေးရေးအပြင် ဖျော်ဖြေရေးများပင် ပါဝင်သည်။ ကလေးများ အတွက် ရယ်ရွှင်ဖွယ်ရာအပြင် ရုပ်ပြရုပ်ရှင်များကိုပင်ထည့်သွင်းထုတ်လွှင့်သည်။

ဤအပြင် တစ်ကမ္ဘာလုံးရှိ ဘုန်းတော်ကြီးကျောင်းလိပ်စာများ၊ အဖွဲ့အစည်းလိပ်စာများ၊ ကမ္မဋ္ဌာန်းရိပ်သာများ၏ လိပ်စာများကိုပါ ထုတ်လွှင့်ပေးသည်။ တစ်ကမ္ဘာလုံးရှိ ဗုဒ္ဓဘာသာဂိုဏ်းအသီးသီးမှ ရွတ်ဖတ်သရဇ္ဈာယ်သံများ၊ တရားဟောကြားချက်များကိုပါ ထုတ်လွှင့်သည်။ အများအားဖြင့် ဗုဒ္ဓဘာသာဆိုင်ရာ ဝက်ဘ်ဆိုက်အများစုသည် အဖွဲ့အစည်းများအကြောင်း၊ ဆရာတော်ကြီးများ၊ ဆရာများအကြောင်းကို ထုတ်လွှင့်ကြပြီး ကြည့်ရှုနားဆင်စရာ စာအုပ်စာတမ်းနှင့် တရားဟောကြားချက်များအကြောင်းမှာ အနည်းငယ်မျှသာ ဖြစ်သည်။ သက်ဆိုင်ရာဂိုဏ်းဂဏ၏ လက်ရွေးစင် ဗုဒ္ဓဘာသာစာပေများကိုလည်း ထုတ်လွှင့်တတ်ကြ၏ ရိုးရာအားဖြင့် တည်ရှိပြီး တရားတော်များကို တစ်ကမ္ဘာလုံး ဖြန့်ကျက်သည့် ဝက်ဘ်ဆိုက် (WWW) မှ ထုတ်လွှင့်ခြင်း၊ ခေတ်မီနည်းနာနိသယများကို အခြေခံအသုံးပြုလျက် ဓမ္မဖြန့်ဝေရေးကို ဆောင်ရွက်ခြင်းတို့အား လေလှိုင်းထဲက သံဃာ့အဖွဲ့အစည်း (Online Snagha) ပေါ်ထွက်လာရန် ပထမအဆင့်ဖြစ်၏။ တရားတော်များကို ကိုယ်တိုင်ကိုယ်ကျ တိုက်ရိုက်ခံစား သိရှိနိုင်ရန်အသိဉာဏ် ပွင့်ထွန်းခြင်း (ဝိပဿနာ)နှင့် ဖြူစင်ငြိမ်းချမ်းမှု (သမထ)လုပ်ငန်းတို့ကို တစ်နေ့နေ့ တစ်ချိန်ချိန်တွင် အထောက်အကူပြုနိုင်တော့မည်ဖြစ်သည်။

'ဗုဒ္ဓနက်၊ နက်' လုပ်ငန်းသည် ကမ္ဘာထိပ်သီးဝက်ဘ်ဆိုက်တစ်ခုဖြစ်ကြောင်း ၂၀၀၄ခုနှစ်၊ ဖေဖော်ဝါရီလထုတ် အမေရိကန်နိုင်ငံထုတ် ပီစီမဂ္ဂဇင်းတွင် ဖော်ပြထား၏။ တစ်နေ့လျှင် စာမျက်နှာ ငါးသိန်းကျော်ဖြင့် ထုတ်ဝေလျက်ရှိသော 'ဗုဒ္ဓနက်၊ နက်'ကို စေတနာဝန်ထမ်းကျွမ်းကျင်သူများ အလှူရှင်များဖြင့် ထုတ်လုပ်လည်ပတ်စေလျက်ရှိ၏။

## ဒိုးယိုပေါက်ဆက်သွယ်လျက်ရှိသော ဤကမ္ဘာ

တစ်ကမ္ဘာလုံး ဒိုးယိုပေါက်ဆက်သွယ်လျက်ရှိသော စီးပွားရေးလုပ်ငန်းတွင် ကမ္ဘာလှသားများ အချင်းချင်း ကူးလူးဆက်ဆံနေခြင်းက သက်ဆိုင်ရာ လူမှုတာဝန်ရှိ အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၏ တစ်ဦးချင်းစွမ်းရည်ကို လျော့ကျစေလျက် ရှိပါတယ်။ အဘယ့်ကြောင့်ဆိုသော ပူးတွဲဆောင်ရွက်ခြင်း၏ အဆုံးစွန် အကျိုးသက်ရောက်မှုမှာ လူတစ်ဦးချင်းစီကို စားသုံးသူသက်သက် အသုံးပြုသူသက်သက် အဖြစ်သို့သာ ရောက်ရှိစေပြီး ပျော်ရွှင်မှုကို ကုန်ပစ္စည်းများ ပိုင်ဆိုင်ခံစားမှုဖြင့်သာ ရရှိနိုင်သည်ဟု ထင်မြင်ယူဆကြသောကြောင့် ဖြစ်၏။

ဗုဒ္ဓဒေသနာတော်၌ ကမ္ဘာလောကကြီး၏ဒဏ်ရာဒဏ်ချက်များကို ကုစားပေးရန် နည်းလမ်းများ ဖော်ပြပါရှိ၏။ ယင်းနည်းလမ်းမှာ မဂ္ဂင်ရှစ်ပါးလမ်းစဉ်ဖြစ်သည်။ နက်နဲသော လူမှုအကျိုးသက်ရောက်မှုများကို ယင်းမဂ္ဂင်ရှစ်ပါးလမ်းစဉ် ကျင့်သုံးခြင်းဖြင့် ဖြည့်ဆည်းနိုင်၏။ သို့ဖြစ်ရကား တစ်ဦးချင်းစီအတွက် စိမ်းနေသေးသော အဖြေတစ်ရပ်ဖြစ်သည်။ ဘဝလွတ်မြောက်ရေးလမ်းစဉ်နှင့် တစ်ဦးချင်း၏ဉာဏ်ရည်တိုးတက်မှုတို့ကို ပေါင်းစည်းဆက်သွယ်ပေးရန် ဗုဒ္ဓဘာသာလူမှုအဖွဲ့အစည်းဘက်က ဆောင်ရွက်ရန် လိုအပ်လျက်ရှိနေသေး၏။

ယနေ့ဖြစ်ပေါ်နေသော လူ့သဘောထားနှင့် တန်ဖိုးထားမှု တစုံတရာအပြောင်းအလဲ မမြင်ရမီ အခြေခံကျသော အခြားအပြောင်းအလဲများဦးစွာ လိုအပ်၏။ သို့ရာတွင် အင်တာနက်သည် လူမှု အပြောင်းအလဲကို တန်ဖိုးအနေအထားအားဖြင့် ပြောင်းလဲဖြစ်ပေါ်စေနိုင်၏။ ကျွန်ပ်တို့သည် နည်းပညာကို ဆန်းသစ်စွာ အသုံးချနိုင်မည်ဆိုပါက အင်တာနက်သည် ဤဒီဂျစ်တယ်ကမ္ဘာလောကကြီး အတွင်း သနားကြင်နာမှုနှင့် အလေးထားမှုပေးခြင်း နည်းနိသများ၊ လူ့သဘာဝဘာသာရေး(သို့) စိတ်ပိုင်းဆိုင်ရာကိစ္စများအတွက် အထောက်အကူပေးနိုင်မည်ဖြစ်ပါသည်။

ရှေးကျသောဒေသနာနှင့်ယဉ်ကျေးမှုတို့ဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသော ဗုဒ္ဓဝါဒသည် ယခုတင်ပြပါခတ်သစ်ဆက်သွယ်ရေးမှတစ်ဆင့် ဤကမ္ဘာလောကကြီး၌ နေထိုင်လျက်ရှိသော သတ္တဝါများ၏ လူမှုရေးနှင့်စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်များကို အဓိပ္ပါယ်ပြည့်ဝသော အကူအညီများပေးနိုင်ခွင့် ရရှိရလေအောင် ဝါဒသဘောတရားကို ဆီလျော်အောင် ပြင်ဆင်ထိန်းသိမ်းကျောင်းလျက် လက်ခံရရှိနေသော အခွင့်အလမ်းကို အရအမိ ဆုပ်ကိုင်ရမည်သာဖြစ်သည်။

ဗုဒ္ဓဝါဒသည် အယူဝါဒပြောင်းလဲတတ်သော ကိုးကွယ်မှုဘာသာတရားမဟုတ်သဖြင့် ဒေသနာတော်များကို ဖြန့်ဖြူးရာတွင် ကိုယ်ပိုင်သာသနာပြုသဘောတရား ကျိန်းသေရှိ၏။ အတိတ်ကာလတွင် ဗုဒ္ဓဘုရားရှင်၏ ဒေသနာတော်များသည် နှေးကွေးစွာပြန့်နှံ့ခဲ့၏။ ရှေးခေတ်ဆက်သွယ်ရေး ကန့်သတ်ချက်များကြောင့်သာမဟုတ်ဘဲ ဗုဒ္ဓဝါဒရောက်ရှိရာဒေသများတွင် ဒေသခံယဉ်ကျေးမှုအသစ်များနှင့် လိုက်လျောညီထွေရှိရအောင် လိုအပ်နေသောကြောင့်ဖြစ်၏။ ဥပမာအားဖြင့် ဗုဒ္ဓဒေသနာတော် များ အိန္ဒိယနိုင်ငံမှ တရုတ်ပြည်သို့ ရောက်ရှိရန် နှစ်ငါးရာခန့်ကြာမြင့်ခဲ့၏။ ယင်းမှာ အချိန်ကြောင့်သာ မဟုတ်၊ တရုတ်ဗုဒ္ဓဘာသာအယူဝါဒဖြစ်ပေါ်လာအောင် ပြောင်းလဲယူရန် လိုအပ်နေသောကြောင့်လည်း ဖြစ်၏။ ဆိုလိုသည်မှာ ဗုဒ္ဓအယူဝါဒဖြစ်ပေါ်လာအောင်ပြောင်းလဲယူရန် လိုအပ်နေသောကြောင့် ဖြစ်၏။ သို့ရာတွင် ဒေသယဉ်ကျေးမှုတို့နှင့် အံဝင်ခွင်ကျဖြစ်သွားသောအခါ ဒေသနာတော်လည်း ပြောင်းလဲသွားပြီး မူရင်းနှင့်များစွာ ကွဲပြားခြားနားသွားနိုင်၏။

ဆက်သွယ်ရေးလမ်းကြောင်း ဒိုးယိုပေါက်လျက်ရှိသော ကမ္ဘာ၏ခြားနားချက်မှာ ဗုဒ္ဓဒေသနာတော်ကို လက်ခံကျင့်သုံးရာ၌ ဒေသခံယဉ်ကျေးမှုဘာသာတရားနှင့် အံဝင်ခွင်ကျဖြစ်နေရန်မလို၊ ဒေသနာတော်၏ အနှစ်သာရသည် အရေးပါ၏။ အမှန်စင်စစ် ယဉ်ကျေးမှု ပေါင်းစည်းဖြစ်ထွန်းမှုကို လောကသစ္စာတရားနှင့် ပေါင်းစည်းညီညွတ်မှု မမြင်တွေ့ရမီ အနှစ်သာရဖြစ်သော သိမြင်နားလည်မှုမှ သီးခြားခွဲထွက်ယူရ၏။ သို့ဖြစ်ရကား သိပ္ပံနှင့်နည်းပညာတို့ နေရာတကာခေတ်စားလျက်ရှိပြီး လူမှုဘဝနှင့် ဆက်သွယ်ရေးတိုးတက်နေသော ဤကမ္ဘာတွင် ဓမ္မသို့မဟုတ် အမှန်သစ္စာတရားသည် သီးခြားရပ်တည်ရတော့၏။

ဗုဒ္ဓဘာသာသံဃာထုသည် ဒီဂျစ်တယ်ခေတ်နည်းပညာ ကျွမ်းကျင်မှုနှင့် ကိရိယာများကို အသုံးပြုနိုင်စွမ်းရှိသလားဆိုသည်မှာ ယနေ့စိန်ခေါ်နေသော ပြဿနာဖြစ်၏။ ၎င်းအပြင် နည်းပညာ မျိုးဆက်သစ်အတွက် ခံစားမရနိုင်သော သို့မဟုတ် ခံစားမှုနည်းပါးသော သမရိုးကျသုတ္တန်ဒေသနာတော်များ နည်းစနစ်များနှင့် ဘာသာရေးအခမ်းအနားများထက် ဒီဂျစ်တယ်ကမ္ဘာနှင့် ပိုမိုလိုက်လျောညီထွေ ရှိသော ဗုဒ္ဓဒေသနာတော်များကို တင်ပြရာတွင် သစ်လွင်သောနည်းစနစ်များကို ကျွန်ပ်တို့ ရှာဖွေတင်ပြနိုင်မည်လော။

ရှေးရှေးသော ဘုရားလောင်းတို့၏ စံနမူနာဖော်ပြထားသည့်အတိုင်း ဗုဒ္ဓဓမ္မ၏အစစ်အမှန် တန်ဖိုးဖြစ်သည့် အတ္တကင်းသော ဆောင်ရွက်မှုနှင့် ကိုယ်ချင်းစာကရုဏာတရား နှိုးဆွတိုက်တွန်းပေးခြင်းသည်လည်း အမှန်တကယ်လိုအပ်သော နည်းပညာကျွမ်းကျင်မှုကဲ့သို့ပင် အရေးပါလှပေသည်။ ကျွန်ုပ်တို့အနေဖြင့် ပုဂ္ဂလိကအလိုက် နိုင်ငံအလိုက် ကန့်သတ်ထားသော စည်းအတွင်းမှ ကမ္ဘာလောကတစ်ဝန်းလုံးအတွင်းသို့ ချဉ်းနင်းရွေ့ပြောင်းသင့်ပြီဖြစ်ကြောင်း ထင်ရှားလာပြီးဖြစ်၏။

'ဆိုက်ဘာသံဃာ'ဟူသော ဝေါဟာရပေါ်ထွက်ကောင်း ပေါ်ထွက်လာနိုင်ပြီးလျှင် ဗုဒ္ဓဘာသာနိုင်ငံများရှိ သမရိုးကျစာပေသင်ယူနေသော ရဟန်းငယ်များသည်လည်း အင်တာနက်အွန်လိုင်းအသုံးပြုမှုများပြားလာနိုင်သည်။ ဗုဒ္ဓဘာသာယဉ်ကျေးမှုကန့်သတ်ခံရခြင်းမရှိသော အနောက်နိုင်ငံမှ ဗုဒ္ဓဘာသာဝင်မျိုးဆက်သစ်သည်လည်း လေလှိုင်းလွှင့် ဓမ္မစာပေများကို ပိုမိုထုတ်လုပ်ရေးသားလာကြပြီး အပြောင်းအလဲပေါ်ပေါက်နိုင်၏။

တစ်ဘက်တွင် အီးသင်ယူမှု (အီလက်ထရောနစ်ဓမ္မ)စနစ်ဖြင့် တရားတော်ကို ပြန့်ပွားစေနေသလို အွန်လိုင်းသံဃာ၏အခန်းကဏ္ဍမှာ ယုံကြည်မှုသဒ္ဓါပိုင်းဆိုင်ရာ နည်းလမ်းတစ်သွယ်ဖြစ်သည်။ ကမ္ဘာဆန်သော စီးပွားရေးကြောင့် ဖိအားနှင့် စိတ်ဖိစီးမှုများ ခံစားနေရသော လူသားများအား ဝန်ဆောင်မှုပေးရာတွင် အွန်လိုင်းသံဃာသည် လိုက်ဖက်အဆင်ပြေစေလိမ့်မည်။

## ဗုဒ္ဓဘာသာ၏ ထိုးထွင်းသိမြင်ခြင်းများနှင့် အင်တာနက်

အပြောင်းအလဲမြန်ဆန်လှသော ဒီဂျစ်တယ်ခေတ်၏ စိတ်ဖိစီး၊ လူဖိစီးစရာများကို ကိုင်တွယ်ဖြေရှင်းရပေမည်။ သေချာမှုဟူသည် မရှိ၊ အရာရာတို့မမြဲ၊ မသေချာကြောင်းကို တရားတော်က သွန်သင်ထားပြီးဖြစ်၏။ အပြောင်းအလဲကို လက်ခံကာ အပြောင်းအလဲနှင့်အတူ နေထိုင်လုပ်ကိုင်တတ်ခြင်းကို အချို့က "မသေချာ မရေရာမှုကပေးသောပညာ" Wisdom of Insecurity ဟု ခေါ်ဆိုကြသည်။

ဗုဒ္ဓဘာသာတန်ဖိုးများ၊ သိနားလည်မှုနှင့် ထိုးထွင်းသိမြင်ချက်များကို ကမ္ဘာနှင့်ချီ၍ မြှင့်တင်ပေးရန် အင်တာနက်က အခွင့်အလမ်းများစွာ ပေးအပ်နေ၏။ ဗုဒ္ဓဘာသာအရေးပါလှစွာ တည်တံ့နေနိုင်ခြင်းငှာ 'ဒါန' အကျင့်ကြောင့်ဖြစ်၏။ ယင်းမှာ ဝေမျှသုံးစွဲရေးနှင့် ကူညီဆောင်ရွက်ဝန်ဆောင်ပေးရေး ယဉ်ကျေးမှုဖြစ်ရာ ငွေသားတန်ဖိုးများကို အခြေခံသည့် လောဘယဉ်ကျေးမှုနှင့် ဆန့်ကျင်ဘက် ဖြစ်လေသည်။ မကြာသေးမီကပင် ငွေကိုမက်ကာ နည်းပညာကို အလွဲသုံးခဲ့မှုကြောင့် အင်တာနက်ကို အခြေပြုသည့် ဒေါ့ကွမ်း Dot coms ကုမ္ပဏီများ ပြိုလဲပျက်စီးခဲ့ကြသည်။ စောစောပိုင်းကဆိုလျှင် အင်တာနက်၌ BBS (Bulletin Board System) ခေါ် ဝန်ဆောင်မှုပေါ်ထွက်ခဲ့ရာ စေတနာအလျောက် ပါဝင်သူများဖြင့် ဖွဲ့စည်းထားပြီး အခမဲ့ဖြစ်သည်။ အွန်လိုင်းဓမ္မအသိုက်အဝန်းကိုလည်း အဆိုပါပုံစံမျိုးဖြင့် ဖွဲ့စည်းကာ တရားအရသာကို ဝေမျှခံစား အပြန်အလှန် အကူအညီပေးနိုင်ကြလိမ့်မည်။

ခေတ်သစ်ကမ္ဘာသည် အတောမသတ်နိုင်သော လောဘဖြင့် ယုံကြည်ကိုးကွယ်မှုလေဟာနယ်ကြီးသဖွယ် ဖြစ်နေရာ ဗုဒ္ဓဘာသာ၏ စိတ်ပိုင်းဖွဲ့ဖြိုးရေးယဉ်ကျေးမှုကို အများသိရှိအောင် ပြုလုပ်သင့်၏။ ဥပမာ ကမ္ဘာ့ဌာန်းထိုင်ခြင်းဆိုလျှင် အွန်လိုင်းနည်းပြဆရာက စဉ်ဆက်မပြတ် ထုတ်လွှင့်ပေးနေသော အသံ/အရုပ်များဖြင့် ကောင်းမွန်စွာ ရှင်းလင်းသရုပ်ပြသွားနိုင်သည်။ အင်တာနက်၏လက္ခဏာတစ်ခုမှာ အချင်းချင်းချိတ်ဆက်ထားမှု၊ တစ်နည်းအားဖြင့် ကမ္ဘာလုံးဆိုင်ရာ အပြန်အလှန်မှီခိုမှုဖြစ်တော့၏။

ဤနေရာမရွေး မှန်ကန်သော သစ္စာတရားသည် ဗုဒ္ဓဘာသာ၏ ပင်မသဘောပေါက်ခံယူချက်လည်း ဖြစ်သည်။

ထို့ပြင် ဘဝတစ်သက်တာ သင်ယူမှုကို ပြန်လည်အလေးထားရဦးမည်။ လေ့ကျင့်သင်ကြားခြင်း၊ ပြန်လည်လေ့ကျင့်သင်ကြားခြင်း၊ ဖွံ့ဖြိုးမှုနှင့် ဆန်းသစ်တီထွင်ခြင်းတို့လည်း ရှိရလိမ့်မည်။ နည်းပညာခေတ်ဖိအားများကို ရင်ဆိုင်ကိုင်တွယ်ရင်း မနိုင်ဝန်မထမ်းမိအောင်၊ စိတ်ဖိစီးမှုမဖြစ်အောင် အားထုတ်ရလိမ့်မည်။ ဓမ္မမှ ရရှိနိုင်သော ကျင့်စဉ်နှင့် နက်နဲသော သိမြင်မှုများဖြင့် ကျွန်ုပ်တို့သည် စိတ်သုခရရှိနိုင်မည့် ကျွမ်းကျင်မှုများ ရှာကြံရပေလိမ့်မည်။

ဗုဒ္ဓဘာသာ၏ စိတ်ပိုင်းဆိုင်ရာ ကုစားရေးအပိုင်းကို ခေတ်သစ်စိတ်ကုထုံးပညာက အသုံးချနေပေပြီ။ ယခင်ကဗုဒ္ဓဘာသာဝင်များ၏ ဘာသာရေးထုံးဓလေ့တို့မှသည် တဖြည်းဖြည်းတစိမ်းဆန် လာနေသော ကမ္ဘာတွင် အကူအညီထောက်ကူမှုရှာကြံရေးသို့ ပြောင်းလဲလာသည်။ အင်တာနက်မှတစ်ဆင့် အပြန်အလှန် မာလ်တီမီဒီယာနည်းဖြင့် နှစ်သိမ့်ဆွေးနွေးရေးဝန်ဆောင်မှုသည် အနာဂတ်၌ မလွဲမသွေ လူကြိုက်များတော့မည်။ ဤအချက်ကို ယခုလူကြိုက်များနေပြီးဖြစ်သော စကားစမြည် "ချက်"ယဉ်ကျေးမှု Chat culture က သရုပ်ဖော်ပြထားသည်။

ဆိုက်ဘာသံဃာ (Cyber Sangha)သည် ဒေသန္တရဗုဒ္ဓဘာသာအဖွဲ့အစည်းက ထောက်ပံ့၊ သို့မဟုတ် တိုးချဲ့ဖန်တီးထားသော အရာတစ်ခုဖြစ်လာဖွယ်ရှိ၏။ ဖြစ်ပေါ်လာမည့်အသွင်မှာ ဒီဂျစ်တယ်ကမ္ဘာသစ်ကြီးတွင် စိတ်တူသဘောတူ လူနှင့်ရဟန်းတို့သည် အွန်လိုင်းပေါ်၌ ဗုဒ္ဓ၏တပည့်အသိုက်အဝန်းအဖြစ် စုစည်းမိလိမ့်မည်။ ဗုဒ္ဓ၏ပညာသားနှင့် ကရုဏာပြည့်ဝသော တရားတော်ကို ဖြန့်ချိရင်း တရားတော်နှင့်အညီ ကျင့်ကြံကြပေလိမ့်မည်။

အီးသင်ယူမှု e-learning သို့မဟုတ် အီလက်ထရောနစ် ဗုဒ္ဓဘာသာသင်ယူလေ့လာမှုသည် ယုံကြည်ကိုးကွယ်မှုနှင့် လူမှုရေးဖွံ့ဖြိုးမှုနှစ်ခုစလုံးအဖို့ ကိရိယာတစ်ခုဖြစ်လာနိုင်၏။ အီးသင်ယူမှုသည် အမှန်ကတော့ မျက်နှာချင်းဆိုင်ပို့ချဟောကြားမှုကို မမီနိုင်၊ သို့သော် ရှိပြီး ကျွမ်းကျင်မှု တိုးတက်အောင် အလွယ်တကူ သင်ယူခံစားနိုင်အောင် ကူညီသည့်နည်းလမ်းတစ်သွယ်ဖြစ်နေသည်။ ကမ္ဘာအနှံ့အပြားရှိ ဗုဒ္ဓဘာသာဝင်အသိုက်အဝန်းသည် အီးသင်ယူရေးစာသားများကို ကိုယ်တိုင်ကိုယ်ကျ ထုတ်လုပ်ရပေသည်။ ဗုဒ္ဓယဉ်ကျေးမှုမျိုးစုံပေါင်းစုံမိကာ သုတေသနလည်းလုပ်ရင်း တရားတော်များ တင်ပြမှုနည်းသစ်များကို ရှာကြံရပေလိမ့်မည်။

**သတင်းစကားလား၊ အသိပညာလား**

ဗုဒ္ဓ၏ သွန်သင်ဆုံးမချက်များမှာ စာသားထဲ၌သာ ရှိသည်ဟု မည်သည့်အခါကမျှ မယူဆခဲ့ကြပါ။ အတိတ်ကဆိုလျှင် ဓမ္မသည် အဓိကအားဖြင့် နှုတ်ရွတ်ဖတ်သရဇ္ဈာယ်မှုဖြင့် ပြန့်ပွားစေခဲ့ရသည်။ လူတို့သည် နည်းပညာ၏နည်းလမ်းသစ်များကို အသုံးမချပဲ အချက်အလက်(အဖြစ်အပျက်)များသက်သက်ကိုသာ အွန်လိုင်းပေါ်သို့ တင်လိုစိတ်ပေါ်တတ်သည်။ အချက်အလက်နှင့်သတင်းများသည် ပညာဖြစ်မလာနိုင်ပါ။

ကျောင်းတော်၌ ဓမ္မပို့ချပုံမှာ ဆရာကတရားဟောပြီး ဟောပြောချက်ကို စောဒကတက်လို့မရ။ ယခုခေတ်သစ်နည်းမှာ ဆွေးနွေးခြင်းဖြင့် အစုအဖွဲ့သင်ယူမှုပုံစံဖြစ်သည်။ အင်တာနက်ပေါ်ရှိ စကားစမြည်ဝိုင်းများတွင် ဆရာက ဆွေးနွေးငြင်းခုံမှု အဆင်ပြေချောမွေ့အောင် ညှိနှိုင်းပေးသည်။

အီးသင်ယူမှု၏ အကျိုးတရားမှာ သတင်းအချက်လက်ခံသိရှိရသလို အခြားပုဂ္ဂိုလ်များ၊ ကျွမ်းကျင်သူများနှင့်လည်း ဆက်သွယ်နေရခြင်းဖြစ်သည်။ လောလောဆယ်အဖြစ်မှန်မှာ သင်ယူသူများသည် အရင်းအမြစ်များကို ကိုယ်တိုင်ရှာကြံရင်း တစ်ဆက်တည်း၌ သုံးသပ်ဆင်ခြင်နေသည်။ နောင်တွင် ဆရာကို ရှာပုံဖြင့် ဖော်ပြလွယ်ရှားပို့ချစေဖွယ်ရှိသေးသည်။ နောင်လာမည့် ဆော့ဖ်ဝဲများသည် ကြည့်ရှုသူက တင်ပြချက်များကို ချက်ခြင်း သုံးသပ်ထင်မြင်ချက်ပြုနိုင်ရန် အစပြုလှုံ့ဆော်ပေးကြလိမ့်မည်။

**မဟာဒီဂျစ်တယ်ကွာဟချက်**

မျက်မှောက်ကာလအဖြစ်မှန်မှာ ဒီဂျစ်တယ်ကွာဟချက် (digital divide) ဖြစ်သည်။ ဆိုလိုသည်မှာ လူအဖွဲ့အစည်းမှ အချို့သော အုပ်စုများသည် ကွန်ပျူတာနှင့် အင်တာနက်တို့ကိုအသုံးပြုရန် အခက်အခဲရှိနေခြင်း ဖြစ်သည်။

ဤသည်မှာ ကမ္ဘောဒီးယား၊ မြန်မာနှင့် သီရိလင်္ကာစသည့် စီးပွားရေး အခွင့်အလမ်းမသာ ဖြစ်နေသော ထေရဝါဒနိုင်ငံများဖြစ်သည်။ ကွန်ပျူတာနှင့် အင်တာနက်တို့ကို ရယူအသုံးချနိုင်မှု အခြေအနေသည် လူအချင်းချင်း သို့မဟုတ် နိုင်ငံအချင်းချင်း လူမှုစီးပွားရေး ကွာဟချက်ကို ထင်ဟပ်ပြနေသည်။ အခြားအကြောင်းခံတစ်ခုမှာ အင်္ဂလိပ်ဘာသာစကားဖြစ်သည်။ ဆိုက်ဘာအာကာသ (cyberspace) ၌ အင်္ဂလိပ်ဘာသာစကား လွှမ်းမိုးကြီးစိုးထားရာ အင်္ဂလိပ်စာ အနည်းအကျဉ်းမျှသာ တတ်ကျွမ်းလျှင် အွန်လိုင်းသင်ယူရန် မဖြစ်နိုင်တော့ပေ။ သို့ရာတွင် အင်တာနက်တွင် ဘာသာစကားများ ပိုမို စုံလင်လာလျက်ရှိပေသည်။

**ဗုဒ္ဓတရားတော်စစ်မှန်ခြင်း ရှိမရှိ**

ကျွန်ုပ်တို့ရင်ဆိုင်ရမည့်ပြဿနာတစ်ခုမှာ အင်တာနက်ပေါ်တွင် တင်ပြထားချက်များ ဗုဒ္ဓတရားတော် အစစ် ဟုတ်မဟုတ် ကိစ္စဖြစ်သည်။ ဆုံးဖြတ်နိုင်မည့်နည်းလမ်းတစ်ခုမှာ တင်ပြထားချက်များကို သစ္စာလေးပါးတရားနှင့် ချိန်ထိုးကြည့်ရန်ဖြစ်၏။ ဗုဒ္ဓဘာသာကိုဏ်းဂဏာပေါင်းတို့၏ တရားကျင့်ကြံအားထုတ်မှုပုံစံများတွင် အခြေပြုအဆောက်အအုံအဖြစ် သစ္စာလေးပါးတရားကို လက်ခံထားကြသည်။

သဗ္ဗညုတဉာဏ်အရာနှင့် စပ်လျဉ်း၍ တရားထူးအသိထူးရရှိထားကြောင်းဖြင့် အချို့သော ပုဂ္ဂိုလ်တို့က ကြေညာတတ်ကြသည်။ ယင်းကို သုံးသပ်ဆုံးဖြတ်ရန် နည်းတစ်ခုကို ကျွန်ုပ်အကြံပြုလို၏။ ဗုဒ္ဓဘာသာ၌ အသိပညာကို ရိုးရာစဉ်ဆက်နည်းကို အခြေခံ၍ သက်ဆင်းတည်မြဲစေတတ်သည်။ ရိုးရာစဉ်ဆက် ဂိုဏ်းဆရာတော်က တပည့်၏ နားလည်သဘောပေါက်မှုကို စစ်ဆေးအတည်ပြုပေးသည်။ ကျမ်းဂန်တတ်ပညာအပိုင်းသည် ကျမ်းစာအုပ်များအပေါ် အခြေပြု၏။ စိတ်ပိုင်းပျိုးထောင်မှုမှာ လက်တွေ့အားထုတ်မှုအပေါ် အခြေပြုပြီး ဂိုဏ်းဂဏာဆရာတော်က တရားစစ်ဆေးသည်။ ထို့ကြောင့် အင်တာနက်ပေါ်၌ တင်ပြထားချက်များ ဗုဒ္ဓဓမ္မစစ် မစစ်ဆိုသည်ကို ရှေးရိုးစဉ်လာဂိုဏ်းရှိ မရှိကို ကြည့်၍ စစ်ဆေးနိုင်ပေသည်။

**အနာဂတ်ဘယ်လဲ**

အနာဂတ်အဖို့ အမျိုးမျိုးသော ဖြစ်ပေါ်တိုးတက်စရာများရှိသည်။ ယင်းတို့မှာ ဂိုဏ်းအလိုက် မော်ကွန်းတင်ပြစုထားသည် နည်းနိသယရည်းများအရ တရားထိုင်သင်တန်းများပေးခြင်း၊ အချိန်မရွေးသင်နှစ်သက်ရာ ဘုန်းကြီးသို့မဟုတ် သီလရှင်ဆရာကြီးထံမှ တရားစကားကြားနာခြင်းနှင့် အချိန်

အဆင်မပြေလျှင် နောင်မှ downloadလုပ်နိုင်ခြင်း၊ သံဃာတော်များအတွက် တရားစကားစမြည် ဝိုင်းများ၊ ရွတ်ဖတ်သရဇ္ဈာယ်မှု သို့မဟုတ် အွန်လိုင်းဂါထာစာအုပ်များကို တယ်လီဖုန်းသို့မဟုတ် လက်ပတ်နာရီနှင့် တွဲထားသည့်ကိရိယာမှတစ်ဆင့် ဖမ်းယူသိရှိနိုင်ခြင်း၊ အွန်လိုင်းပိဋကတ်သုံးပုံ၊ သော့ချက်စကားလုံး စကားစုဖြင့် လိုအပ်သော စာသားကို အလွယ်တကူ ရှာကြံ့ရည်ညွှန်းနိုင်ခြင်း၊ အချို့သော ကျောင်းတော်များမှ ချက်ပြုတ်နည်းအချက်အလက်များ သင့်အိမ်ရှိ ရေခဲသေတ္တာ၏ hard drive သို့ ရောက်ရှိနိုင်ခြင်း စသည်တို့ဖြစ်ကြ၏။

နောက်တစ်ဆင့် အနာဂတ်အဖို့ကား broadband နှင့် interactive နည်းပညာများကြောင့် အွန်လိုင်း လူ့အဖွဲ့အစည်း ပိုမိုပီပြင်ကာ အွန်လိုင်းသင်ယူမှု ပိုမို အဆင့်မြင့်လာဦးမည်။ အကယ်၍ ဗုဒ္ဓဘာသာနိုင်ငံများ ခေတ်နောက်ကျန်နေသေးလျှင် မဖြစ်မနေ ရင်ဆိုင်ဖြေရှင်းကြရဦးမည်။

ဤပြဿနာဖြေရှင်းရန် နည်းတစ်ခုမှာ မျိုးစပ်နည်းပညာအသုံးချခြင်းဖြစ်သည်။ အီးသင်ယူမှုအတွက် အင်တာနက်ဖြစ်စေ၊ အင်ထရာနက်ဖြစ်စေ စီဒီရွမ်ကိုအသုံးချနိုင်သည်။ Buddha Net အဖွဲ့အစည်းအနေဖြင့် အခြေခံနှင့် အလယ်တန်းအဆင့် စာသင်သားများအတွက် ဗုဒ္ဓဘာသာသင်ခန်းစာများပါရှိသော စီဒီရွမ်ထုတ်လုပ်ထားပါသည်။ ဝက်ဘ်ဆိုက်နှင့် တိုက်ရိုက်တွဲသုံးနိုင်သည့် မာလ်တီမီဒီယာ စီဒီထုတ်လုပ်ထားရာ ယင်းတွင် ဗုဒ္ဓဘာသာအီးစာအုပ် ဖဝကျော် ပါဝင်ပါသည်။

သမရိုးကျကျောင်းတော်များနှင့် အဆောက်အအုံများသည် လူအများ၏ ဓမ္မရှာကြံမှုတွင် ဆက်လက်၍ အကျိုးပြုနေကြဦးမည်။ သို့သော် ပေါ်ထွန်းစ ဆိုက်ဘာသံဃာတော်အား နောက်ဆုံး နည်းပညာပစ္စည်းများဖြင့် ဆက်လက်ပံ့ပိုးကာ အွန်လိုင်းဓမ္မပေါ်ထွန်းစေပါက ပိုမိုအကျိုးဖြစ်ထွန်းဖွယ် ရှိပေသည်။

သာသနာတော်တစ်ရပ်ရှေးကျသည်ဆိုရုံနှင့် နည်းပညာသစ်ခေတ်၌ မဆီလျော်တော့ဟု မဆိုနိုင်ပါ။ ယနေ့ကာလ၌ ဗုဒ္ဓသက်တော်ထင်ရှားရှိခဲ့လျှင်ပင် ၎င်းအဖို့ ဒီဂျစ်တယ်ကမ္ဘာမှာ အဆင်ပြေနေဦးမည်။ အင်တာနက်နည်းပညာနှင့်အတူရှိနေသည့် မျိုးဆက်သစ်သည် သတင်းအချက်အလက် ရယူရန်၊ သင်ယူရန် စိတ်ပိုင်းယုံကြည် ခံစားမှုပြုရန် အင်တာနက်ကိုသာ အားကိုးပေမည်။ အင်တာနက်သည် ဗုဒ္ဓဓမ္မကို အဓိပ္ပါယ်ရှိရှိခံစားစေနိုင်မည့် နေရာတစ်ခုလားဟု မေးစရာမလို၊ မလွဲမသွေ ဖြစ်ပေါ်မည့် အနာဂတ်သာဖြစ်ပေတော့မည်။



အဖွဲ့. (၄)၊ “ဗုဒ္ဓဘာသာ ကမ္မဋ္ဌာန်းနှင့် ကမ္ဘာ့ငြိမ်းချမ်းရေး”၊ ဆွေးနွေးပွဲကျင်းပရာနေရာ – ဘွဲ့နှင်းသဘင်ခန်းမ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)

Discussion of Group (4) about "Buddhist Meditation and World Peace", at the Convocation Hall of State Pariyatti Sāsana University (Yangon).



# ဝိပဿနာဘာဝနာ၌ ပေါက်မြောက်အောင်မြင်ခြင်း

ဘဒ္ဒန္တအာစိဏ္ဏ
သြဝါဒါစရိယချုပ်၊
အပြည်ပြည်ဆိုင်ရာ ဖားအောက်တောရ
ဗုဒ္ဓသာသနာ့ရိပ်သာများ။
ဒေါက်တာမင်းတင်မွန်
ပါမောက္ခ၊ အပြည်ပြည်ဆိုင်ရာထေရဝါဒ
ဗုဒ္ဓသာသနာပြုတက္ကသိုလ်

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

**စာတမ်းအကျဉ်းချုပ်**

ဝိပဿနာသည် ပညတ်ကိုပယ်ခွာ၍ ပရမတ်တရားများကို ရှုပွားရသော ဘာဝနာဖြစ်သဖြင့် စိတ်နှင့် ရုပ်ကို အဋ္ဌတ္တ(ကိုယ်တွင်း) ဗဟိဒ္ဓ(ကိုယ်ပြင်ပ)နှစ်ဌာနလုံး၌ သမ္မာသမာဓိနှင့် ယှဉ်သော ဘာဝနာဉာဏ်ဖြင့် ခွဲခြမ်းစိတ်ဖြာပြီးလျှင် စိတ်များ၊ စေတသိက်များနှင့် ပရမတ်ရုပ်များကို ၎င်းတို့၏ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန် အသီးသီးဖြင့် တစ်ခုစီတစ်ခုစီ ပိုင်းပိုင်းခြားခြားသိအောင် ပထမ ရှုပွားရသည်။ ဤသို့ ပရမတ်နာမ်တရားများနှင့် ရုပ်တရားများကို ပိုင်းပိုင်းခြားခြား ရှုသိသော ဉာဏ်သည် "နာမရူပပရိစ္ဆေဒဉာဏ်" ဖြစ်၏။

ဤဉာဏ်ကို မှန်မှန်ကန်ကန် ထူထောင်နိုင်လျှင် သက္ကာယဒိဋ္ဌိမှ အသိအမြင်စင်ကြယ်ခြင်းဟူသော "ဒိဋ္ဌိဝိသုဒ္ဓိ"[3] အဆင့်သို့ မှန်ကန်စွာဆိုက်ရောက်ပြီဟု ဆိုနိုင်၏။ ပရမတ်တရားများကို တစ်လုံးချင်း ပိုင်းခြား၍ မြင်သိရန်နှင့် အနတ္တလက္ခဏာ ပေါ်လွင်ထင်ရှားရန် နာမ်အစုများ(စိတ်များ)နှင့် ရုပ်ကလာပ်များ(ရုပ်အဖွဲ့အစုများ)ကို ဃနလေးပါးပြုအောင် ဃနဝိနိဘ္ဘောဂဆိုက်အောင် ခွဲခြမ်းစိတ်ဖြာပြီး ရှုမြင်ရမည်ဖြစ်သည်။ [၂၇]

ထို့နောက် ရုပ်တရားများကို ဖြစ်ပေါ်စေသော ကံ, စိတ်,ဥတု, အာဟာရဟူသည့် အကြောင်းတရားလေးပါးနှင့် ဒွါရခြောက်ပါးတွင် ဝိထိစိတ်အစဉ်များကို ဖြစ်ပေါ်စေသော အကြောင်းတရားများကို ဉာဏ်မျက်စိဖြင့် တိုက်ရိုက်မြင်သိအောင် ရှုရမည်။ ထို့အပြင် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်နှင့် သက်ဆိုင်သော ယုံမှားမှု ကင်္ခါဝိတရဏ-ပါးနှင့် အယူမှားများကို ဖယ်ရှားနိုင်ရေးအတွက် ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုးဆက်နွယ်မှုများကို မျက်မြင်ကိုယ်တွေ့ ရှင်းရှင်းလင်းလင်းမြင် သိအောင်ရှုရမည်။[၄] ဤသို့ ရုပ်နာမ်ဖြစ်စဉ်များ၏ အကြောင်းတရားများကို ပြည့်ပြည့်ဝဝ တိတိကျကျ ရှုသိသောဉာဏ်သည် "ပစ္စယပရိဂ္ဂဟဉာဏ်" ဖြစ်သည်။ ဤဉာဏ်ဖြင့် ယုံမှားသံသယများနှင့် အယူမှားများကို ဖယ်ရှားနိုင်ပြီဖြစ်၍ "ကင်္ခါဝိတရဏဝိသုဒ္ဓိ"အဆင့်သို့ ဆိုက်ရောက်၏။

*ပဋိစ္စသမုပ္ပါဒ်အကြောင်းအကျိုးဆက်နွယ်မှုများကို ဘာဝနာ မယဉာဏ်ဖြင့် ပိုင်းပိုင်းခြားခြား မရှုမြင်ဘဲနှင့် သံသရာဝဋ်ဆင်းရဲမှ မထွက်မြောက်နိုင်ကြောင်းကို ဝိသုဒ္ဓိမဂ်[၅]နှင့်အဘိဓမ္မာအဋ္ဌကထာ[၆]တို့တွင် အတိအလင်း မိန့်ဆိုထားပါသည်။*

တစ်ဖန် ဝိပဿနာရှုပွားရာတွင် ပဋိသန္ဓိဒါမဂ်ပါဠိ[၇]၊ သံယုတ် ပါဠိ[၈]၊ ဝိသုဒ္ဓိမဂ်[၉,၁၀] စသည်တို့မှာ ညွှန်ကြားထားချက်အရ အဋ္ဌတ္တ- ဗဟိဒ္ဓ ရုပ်နာမ်အားလုံး၊ အတိတ်-ပစ္စုပ္ပန်-အနာဂတ် ရုပ်နာမ် အားလုံး၊

အကြောင်းတရား၊ အကျိုးတရား အားလုံးပါဝင်သော လောကီပရမတ်တရားတို့ကို အနိစ္စတစ်လှည့်၊ ဒုက္ခတစ်လှည့်၊ အနတ္တ တစ်လှည့် တင်ရှုရမည်။ ကျမ်းဂန်တွင်ဖော်ပြထားသော အကျိုးတရားများ ရရှိရေး၊ ဝိပဿနာဉာဏ်ဆယ်ဆင့်နှင့် အထက်ဝိသုဒ္ဓိ အဆင့်ဆင့်တို့ မှန်မှန်ကန်ကန်ဖြစ်ပေါ်ရေး၊ သံသရာဝဋ္ဌ ဆင်းရဲမှ ထွက်မြောက်ခြင်းဟူသည့် အမြင့်ဆုံးဘဝပန်းတိုင်သို့ ရောက်နိုင်ရေး တို့အတွက် ရုပ်နာမ်သဒ်ါရ တရားများကို စူးစမ်း၊ ဆင်ခြင်၊ ပိုင်းခြား သိမြင်နိုင်ရန် နည်းမျိုးစုံဖြင့် ဝိပဿနာရှုပွားရမည်။ ဤသို့ ရှုမြင်နိုင်လျှင် ဤမြတ်စွာဘုရားသာသနာတော်၌ မဂ်ဖိုလ်နိဗ္ဗာန်တို့ကို မျက်မှောက်ပြုနိုင်မည်ဖြစ်သည်။

၁၉၈၃ခုနှစ်မှ ၂၀၀၄ခုနှစ်အထိ ၂၁နှစ်ကာလအတွင်း၌မြန်မာ နိုင်ငံနှင့် ပြည်ပနိုင်ငံများမှ ဘာဝနာရှုပွားသူ ရဟန်းရှင်လူများစွာတို့ သည် ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းရှိ အပြည်ပြည်ဆိုင်ရာ ဖားအောက်တောရ ဗုဒ္ဓသာသနာ့ရိပ်သာများ၌ သမထဝိပဿနာတရားများကို ရှုပွားခဲ့ကြရာ ယောဂီ များစွာပင် လွန်စွာကျေနပ်ဖွယ်ကောင်းအောင် ကြီးကျယ်သော အောင်မြင်မှုများကို ရရှိခဲ့ကြပါသည်။ တစ်နှစ်ပတ်လုံး ဖွင့်လှစ်ထားကြသော ဤသာသနာ့ရိပ်သာများ၌ ဗုဒ္ဓညွှန်ကြားထားသည့်အတိုင်း သမထ-ဝိပဿနာတရားများကို ကိုယ်တိုင်ကိုယ်ကျ တိတိကျကျ ပြည့်ပြည့်ဝဝ ရှုပွားကြပါရန် ဓမ္မမိတ်ဆွေ အပေါင်းတို့အား ခင်မင်လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**အဓိကစာတမ်း**

**နိဒါန်း**

အပြည်ပြည်ဆိုင်ရာ ဖားအောက်တောရ ဗုဒ္ဓသာသနာ့ရိပ်သာများ၌ ပြည်တွင်းပြည်ပမှ ရဟန်းရှင်လူ ယောဂီများစွာတို့သည် ဝိပဿနာဘာဝနာကို ပိဋကတ်ကျမ်းဂန်များနှင့် ဝိသုဒ္ဓိမဂ်တွင် ဖော်ပြထားသည့်အတိုင်း အောင်မြင်စွာ အသေးစိတ်ရှုပွားနိုင်ကြောင်းဟူသော သတင်းကောင်းကို ကြေညာခွင့်ရသည့်အတွက် ကျွန်ုပ်တို့ အလွန်ဝမ်းမြောက်ပါသည်။

သမ္မာသမာဓိနှင့် ယှဉ်သောဘာဝနာစိတ်မှ ဖြာထွက်လာသည့် တောက်ပ၍ဖောက်ထွင်းသွား နိုင်သော အလင်းရောင်၏ အကူအညီဖြင့် ဘာဝနာရှုပွားသူများသည် စိတ်နှင့် ကိုယ်ခန္ဓာကို ဖွဲ့စည်း ထားကြသည့် ပရမတ် ရုပ်နာမ်တရားများအထိ ထိုးထွင်းရှုမြင်ကာ စိတ်တစ်လုံးစီ စေတသိက်တစ်လုံးစီ ပရမတ်ရုပ်တစ်ခုစီကို ၎င်းတို့၏ သိကြောင်းအမှတ်အသား(လက္ခဏ)၊ ပြုဖွယ်ကိစ္စ(ကိစ္စရသ)၊ ကိစ္စ ရသကြောင့် ရထိုက်သည့်အကျိုး(ပစ္စုပဋ္ဌာန်)ဆိုင်ရာ ပရမတ်တရားကို ဖြစ်စေသော အနီးကပ်ဆုံး အကြောင်းတရား (ပဒဋ္ဌာန်)အသီးသီးတို့ဖြင့် ပိုင်းပိုင်းခြားခြား ရှုမြင်ကြသည်။ ဤ ပရမတ် ရုပ် နာမ်တရား များကို ဖြစ်ပွားစေသည့် အကြောင်းတရားများကိုလည်း ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုး ဆက်နွယ်မှု များနှင့်တကွ ထိုးထွင်းကာ ရှုမြင်ကြသည်။

ထို့နောက် ပရမတ်ရုပ်နာမ်သဒ်ါရတရားတို့၏ မတည်မြဲခြင်း သဘော(အနိစ္စ)၊ ဆင်းရဲခြင်း သဘော(ဒုက္ခ)၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ မဟုတ်ခြင်းသဘော(အနတ္တ)ဟူသော လက္ခဏာရေးသုံးပါးတို့ကို ဝိသုဒ္ဓိမဂ်တွင် ဖော်ပြထားသည့်အတိုင်း အထူးရှုဆင်ခြင်သော နည်းပေါင်းများစွာတို့ဖြင့် ဆင်ခြင် ရှုပွားကြသည်။ သို့မှသာ ဝိပဿနာ၏ နောက်ဆုံးပန်းတိုင် ဖြစ်သည့် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း ဟူ သော ပဋိဝေဓအသီးအပွင့်ကို ရယူခံစားနိုင်ပေမည်။

**စိတ်ကို အဆင့်ဆင့်ဖြူစင်စေခြင်း**

ရထဝိနီတသုတ္တန်[၁၁]နှင့် ဝိသုဒ္ဓိမဂ်[၁၂]တို့တွင် ဖော်ပြထားချက်အရ စိတ်ကို အဆင့်(၇)ဆင့်ဖြင့် စနစ်တကျ ဖြူစင်စေရ၏။

၁။ သီလဝိသုဒ္ဓိ–သီလ၏ စင်ကြယ်ခြင်း၊

၂။ စိတ္တဝိသုဒ္ဓိ–သမာဓိဖြင့် စိတ်ကို ဖြူစင်စေခြင်း၊

၃။ ဒိဋ္ဌိဝိသုဒ္ဓိ–သက္ကာယဒိဋ္ဌိမှ စိတ်၏ စင်ကြယ်ခြင်း၊

၄။ ကင်္ခါဝိတရဏဝိသုဒ္ဓိ–ယုံမှားမှုကို ဖယ်ရှား၍ စိတ်ကို ဖြူစင်စေခြင်း၊

၅။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ–လမ်းမှန်နှင့်လမ်းမှားတို့ကို ခွဲခြား၍ ထင်ရှားစွာ သိမြင်တတ်သော ဉာဏ်ဖြင့် စိတ်ကို စင်ကြယ်စေခြင်း၊

၆။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ–မဂ်ဖိုလ်သို့ ရောက်ကြောင်းဖြစ်သည့် ဉာဏ်အမြင်၏ စင်ကြယ်ခြင်း၊

၇။ ဉာဏဒဿနဝိသုဒ္ဓိ–နိဗ္ဗာန်ကို သိမြင်တတ်သော မဂ်ဉာဏ် လေးပါးဖြင့် စိတ်ကို စင်ကြယ်စေခြင်း တို့ဖြစ်သည်။

**သက္ကာယဒိဋ္ဌိမှ စိတ်၏စင်ကြယ်စေခြင်း (ဒိဋ္ဌိဝိသုဒ္ဓိ)**

စတုပါရိသုဒ္ဓိသီလကို ထက်ဝန်းကျင် စင်ကြယ်အောင် စောင့်ထိန်းခြင်းဖြင့် သီလစင်ကြယ်အောင်၊ သမ္မာသမာဓိထူထောင်ခြင်းဖြင့် စိတ်စင်ကြယ်အောင်ဆောင်ရွက်ပြီးသောယောဂီသည်တတိယအဆင့် စင်ကြယ်ခြင်းဟူသော ဒိဋ္ဌိဝိသုဒ္ဓိစခန်းသို့ တက်လှမ်းရမည်ဖြစ်၏။ ဤအဆင့်တွင် ခန္ဓာငါးပါးအစုကို 'ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ' ဟု အထင်မှားသော သက္ကာယဒိဋ္ဌိနှင့် 'ဇီဝ၊ အတ္တ၊ အသက်ကောင်၊ လိပ်ပြာကောင်၊ ပုဂ္ဂိုလ်၊ ငါ' ရှိသည်ဟု ထင်မြင်ယူဆသော အတ္တဒိဋ္ဌိတို့ကို ဖယ်ရှားရပေလိမ့်မည်။

ထိုသို့ ဖယ်ရှားနိုင်ရန်အတွက် မိမိစိတ်နှင့် ခန္ဓာကိုယ်တို့ကို ဖွဲ့စည်းထားသော ပရမတ် ရုပ်နာမ်တရားများကို ထိုးထွင်းမြင်သိအောင် ခွဲခြမ်းစိတ်ဖြာ၍ ရှုရမည်။ ထို့နောက် ပရမတ် ရုပ်တရား (ပထဝီ၊ အာပေါ၊ တေဇော စသည်)နှင့် ပရမတ်နာမ်တရား(စိတ်၊ စေတသိက်များ) တစ်ခုစီကို ပိုင်းပိုင်းခြားခြားမြင်သိအောင် ရှုရမည်။ သို့မှသာ ဤပရမတ်ရုပ်နာမ်တရားတို့ ကိုယ်စားပြုသော ဥပါဒါနက္ခန္ဓာငါးပါးသာ ရှိသည်၊ ဇီဝ၊ အတ္တ၊ အသက်ကောင်၊ လိပ်ပြာကောင်၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါတို့ မရှိကြောင်းကို ရှင်းလင်းစွာ သိမြင်သွားလိမ့်မည်။

ထို့ကြောင့် ယောဂီသည် ဝိပဿနာနယ်တွင်းသို့ ဝင်လာသောအခါ ပရမတ်ရုပ်နာမ်တရားတို့ကို ပိုင်းပိုင်းခြားခြားသိအောင် ရှုရမည်။ လွယ်ရာမှ ခက်ရာသို့ ရှုပွားနိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာ ဖားအောက်တောရဗုဒ္ဓသာသနာ့ရိပ်သာများတွင် ယောဂီတို့အား ရုပ် ကမ္မဋ္ဌာန်းကို ဦးစွာ ရှုပွားစေပါသည်။

**ရုပ်ကမ္မဋ္ဌာန်းဖြင့် ရုပ်ကိုသိမ်းဆည်းခြင်း**

မဟာဂေါပါလကသုတ္တန်[၁၃]တွင် ဖော်ပြထားသည့်အတိုင်း မဂ်ဉာဏ်ရောက်သည်အထိ အဆင့်ဆင့် တိုးတက်သွားနိုင်ရန်အတွက် *ဘူတရုပ်* ခေါ် ထင်ရှားသည့် အခြေခံရုပ် ၄-ပါးနှင့် *ဥပါဒါရုပ်* ခေါ် အမှီရုပ်များအားလုံးကို ပိုင်းပိုင်းခြားခြားသိအောင် ရှုရမည်။

ယောဂီသည် မိမိရရှိထားသော သမ္မာသမာဓိကို ပထမထူထောင်၏။ ထို့နောက် အခြေခံ ဓာတ်လေးပါးကို ပိုင်းပိုင်းခြားခြားသိရန် ဓာတ်ကမ္မဋ္ဌာန်း သို့မဟုတ် စတုဓာတုဝဝတ္ထာနကမ္မဋ္ဌာန်းကို ရွတ်ဖတ်၏။ ပထဝီဓာတ်ကို ၎င်း၏မာမှု၊ ကြမ်းမှု၊ လေးမှု၊ ပျော့မှု၊ ချောမှု၊ ပေါ့မှုသဘောတို့ဖြင့် ပိုင်းခြားသတ်မှတ်၏။ အာပေါဓာတ်ကို ၎င်း၏ ယိုစီးမှု၊ ဖွဲ့စည်းမှုသဘောတို့ဖြင့် ပိုင်းခြားသတ်မှတ်၏။ တေဇောဓာတ်ကို ၎င်း၏ ပူမှု၊ အေးမှုသဘောတို့ဖြင့် ပိုင်းခြား သတ်မှတ်၏။ ဝါယောဓာတ်ကို ၎င်း၏ ထောက်ကန်မှု၊ တွန်းကန်မှု သဘောတို့ဖြင့် ပိုင်းခြားသတ်မှတ်၏။

ယောဂီသည် မိမိခန္ဓာကိုယ်၌ မာမှုထင်ရှားသည့် တစ်နေရာမှစ၍ မာမှုသဘောကို ဦးခေါင်းမှသည် ခြေဖျားသို့တိုင်အောင် ခန္ဓာကိုယ်အစိတ်အပိုင်းအားလုံးဝယ် အနှံ့အပြားမြင်အောင်ရှု၏။ ကျန်ဓာတ်သဘော (၁၁)မျိုးကိုလည်း အလားတူပင် ခန္ဓာကိုယ် အစိတ်အပိုင်းအားလုံးတွင် အနှံ့အပြားမြင်အောင်ရှု၏။ ဤ(၁၂)မျိုးသော ဓာတ်သဘောတို့ကို တစ်မျိုးပြီးတစ်မျိုး ရှုသည့်အခါ တစ်ကိုယ်လုံး၌ ဓာတ်သဘောပြန့်နေရမည်။ တစ်ကိုယ်လုံး၌ အနှံ့အပြား မြင်နေရ မည်။ တစ်မျိုးပြီးတစ်မျိုး ကြိမ်ဖန်များစွာ ရှုသောအခါ ဓာတ်သဘောအားလုံးတို့ ပြိုင်တူလိုလို ထင်ရှားလာလိမ့်မည်။

ထိုအခါ ယောဂီသည် အခြေခံဓာတ်ကြီးလေးပါးတို့ကို ကိုယ်စားပြုသော ဓာတ်သဘော(၁၂)မျိုး၌ ဘာဝနာစိတ်ကို စူးစိုက်ထားကာ ဓာတ်သဘောတို့ကို ရှုသိနေရမည်။ ဓာတ်သဘောတို့၌ ဘာဝနာစိတ်ကို တစ်နာရီ နှစ်နာရီစသည်ဖြင့် ငြိမ်ဝပ်စွာကပ်တည်ထားနိုင်သည့်အခါ အလွန်စူးရှတောက်ပသော အလင်းရောင်များ ဖြာထွက်၍ ဥပစာရသမာဓိသို့ ရောက်၏။ ထိုအခါ၌ ယောဂီသည် ဓာတ်ကြီးလေးပါးကိုသာ မြင်သိ၍ မိမိ၏ခန္ဓာကိုယ်ကို မမြင်တော့ချေ။

ယောဂီသည် ဓာတ်ကြီးလေးပါးအာရုံ၌ ဘာဝနာစိတ်ကို စူးစိုက်ထားသည့်အခါ ဓာတ်အစုအဝေး၌ မီးခိုးရောင်ကို စတင်တွေ့ရှိတတ် ၏။ ထိုမီးခိုးရောင်ဓာတ်အစုအဝေး၌ ဓာတ်ကြီးလေးပါးကို မြင်အောင် ဉာဏ်ဖြင့် ပိုင်းခြားလျက် ဆက်ရှုသော် ဝါဂွမ်းစိုင်ကဲ့သို့ ဆွတ်ဆွတ်ဖြူသည့် တိမ်တိုက်ကဲ့သို့သော အဖြူပြင်ကို မြင်လာတတ်၏။ ယင်း အဖြူပြင်၌ ဓာတ်ကြီးလေးပါးကို ဉာဏ်ဖြင့်ပိုင်းခြားလျက် သမာဓိဆက် ထူထောင်သော် ရေခဲတုံးဖန်တုံးကဲ့သို့ အလွန်ကြည်လင်တောက်ပနေသည့် အစိုင်အခဲကို မြင်လာတတ်၏။ ဤကြည်လင်သော အစိုင်အခဲသည် ပဿာဒရုပ်အကြည်များဖြစ်၏။

ထိုအကြည်ဓာတ် အကြည်ပြင်၌ ဓာတ်ကြီးလေးပါးကို ဉာဏ်ဖြင့်မြင်အောင် ဆက်လက်ပိုင်းခြားလျက် သမာဓိဆက်ထူထောင်သော် မကြာမြင့်မီပင် ထိုအကြည်ပြင်ကြီး ပြိုကွဲကာ ရုပ်ကလာပ်မှုန်များ လျင်မြန်စွာ ဖြစ်ပျက်နေကြသည်ကို စတင်တွေ့ရှိတတ်ပေ၏။ ယောဂီသည် မိမိခန္ဓာကိုယ်တွင် ဓာတ်ကြီးလေးပါးကို ဉာဏ်ဖြင့်ပိုင်းခြား၍ မြင်အောင်ရှုခဲ့သလို ဤရုပ်ကလာပ်မှုန်များ၌လည်း ဓာတ်ကြီးလေးပါးကို ဉာဏ်ဖြင့် ပိုင်းခြား၍ မြင်အောင်ဆက်ရှု၏။ အောင်မြင်သော် ဤရုပ်ကလာပ်မှုန်များ၌ ဥပါဒါရုပ်များကို ဉာဏ် ဖြင့် ပိုင်းခြား၍ မြင်လာအောင် ဆက်လက်ရှုပွား၏။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ နှလုံး ဟူ၍ ဒွါရအလိုက် (၆)ပိုင်း ခွဲခြားလျက် ရုပ်ကလာပ်မှုန်များကို ဉာဏ်ဖြင့် ပိုင်းခြားစိတ်ဖြာ၍ မြင်သိအောင် ဆက်ရှုရမည်။

စက္ခုဒွါရ၌ ဖြစ်ပျက်နေကြသော ရုပ်ကလာပ် ၆-မျိုးကို ဉာဏ် ဖြင့် ပိုင်းခြားစိတ်ဖြာ၍ ရှုမြင်ရသော ဘူတရုပ်များနှင့် ဥပါဒါရုပ်များကို ဇယား(၁)တွင် ဖော်ပြထားပါသည်။

ထိုနည်းအတူ ယောဂီသည် သောတဒွါရ(နား)၊ ဃာနဒွါရ (နှာခေါင်း)၊ ဇိဝှာဒွါရ(လျှာ) အသီးသီး၌ အလားတူ ရုပ်ကလာပ်(၆)မျိုးနှင့် ပါဝင်သည့် ပရမတ်ရုပ်ပေါင်း (၅၄)မျိုးတို့ကို ဉာဏ်ဖြင့် ပိုင်းခြားစိတ်ဖြာ၍ ရှုသိနိုင်၏။ စက္ခုပသာဒအစား သောတပသာဒ၊ ဃာနပသာဒ၊ ဇိဝှာပသာဒတို့ အသီးသီး ပါရှိခြင်းသာ ထူးခြား၏။ ကာယဒွါရ(ကိုယ်)၌မူ ရုပ်ကလာပ်(၅)မျိုးနှင့် ရုပ်ပေါင်း (၄၄)မျိုးသာပါရှိသည်ကိုရှုမြင်ရ၏။ ထိုကလာပ်(၅)မျိုးမှာ ကာယဒသကကလာပ်၊ ဘာဝဒသကကလာပ်နှင့် အဋ္ဌက ကလာပ် သုံးမျိုးတို့ ဖြစ် ကြ၏။ ပသာဒရုပ်ပါသော ရုပ်ကလာပ်များသည် ကြည်၍ ပသာဒရုပ်မပါသည့် ရုပ်ကလာပ်များမှာ မကြည်ချေ။

မနောဒွါရ၌လည်း ဟဒယဒသကကလာပ်၊ ကာယဒသက ကလာပ်၊ ဘာဝဒသကကလာပ်တို့နှင့် အဋ္ဌကကလာပ် (၃)မျိုးပေါင်း (၆)မျိုးသော ရုပ်ကလာပ်တို့ပင် ဖြစ်ကြ၏။

## နာမ်ကမ္မဋ္ဌာန်းဖြင့် နာမ်ကို သိမ်းဆည်းခြင်း

နာမ်တရားဟူသည်မှာ စိတ်နှင့် စေတသိက်တို့ ဖြစ်ကြ၏။ စိတ်နှင့် စေတသိက်တို့ ပေါင်းစပ်၍ အတူဖြစ်ချုပ်ကြ၏။ အဘိဓမ္မာ အဋ္ဌကထာ[၁၅]၏အဆိုအရ စိတ်တို့သည် တစ်ခုပြီးတစ်ခု တစ်စက္ကန့်လျှင် ကုဋေသိန်းချီ၍ ဖြစ်ပျက်သွားကြ၏။ စိတ်စေသသိက်တို့သည် ပုံသဏ္ဌာန်မရှိဘဲ လျင်မြန်စွာ ဖြစ်ပျက်နေသည့်အတွက် နာမ်တရားများကို မည်သို့ရှုမြင်နိုင်သနည်းဟု မေးဖွယ်ရာရှိ၏။

အဘိဓမ္မတ္ထသင်္ဂဟ(အဘိဓမ္မာသင်္ဂြိဟ်)အဆိုအရ ဘဝင်စိတ်အစဉ်သည် မနောဒွါရ (စိတ်တံခါးပေါက်)အဖြစ်ဆောင်ရွက်၍ မနောဒွါရ၌ ဖြစ်ပေါ်သော ဝီထိစိတ်အစဉ်သည် အကောင်အထည်၊ အသွင်သဏ္ဌာန် မရှိသော ပရမတ်ရုပ်များနှင့် စိတ်၊ စေတသိက်များကို လည်းကောင်း၊ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်အာရုံများကိုလည်းကောင်း ယူနိုင်၊ သိနိုင်၏။ ထို့ကြောင့် ပရမတ်ရုပ်တရား၊ နာမ်တရားများကို မနောဒွါရ၌ဖြစ်သောစိတ်များ (မနောဒွါရိကစိတ်များ)ဖြင့် ရှုမြင်နိုင်၏။ ထိုသို့ ရှုမြင်ရန် ဤမနောဒွါရိကစိတ်များသည် သမ္မာသမာဓိနှင့် ယှဉ်စပ်ဖို့ လိုအပ်၏။

နာမ်တရားများကို ပိုင်းပိုင်းခြားခြား ရှုမြင်ရန်အတွက် ယောဂီသည်

(၁) စိတ်စေတသိက်တို့၏ မိုရာဝတ္ထုဖြစ်သည့် ဟဒယဝတ္ထုနှင့်

(၂) စိတ်စေတသိက်တို့ ယူသော အာရုံတို့ကို ဦးစွာရှုမြင်ထားရမည်။ [၁၅]

နာမ်တရားများကို စနစ်တကျ ရှင်းလင်းစွာ သိမ်းဆည်းနိုင်ရန် ဒွါရ ၆-ပါး၌ ဖြစ်ပေါ်ကြသည့် ဝီထိစိတ်အစဉ်များအတိုင်း သိမ်းဆည်းသင့်ပါသည်။[၁၆]

အဘိဓမ္မာအဋ္ဌကထာ[၁၇] အဆိုအရ ရူပါရုံ(အဆင်း)သည် စက္ခု ဒွါရ (မျက်စိ)နှင့် မနောဒွါရ (ဘဝင်စိတ်)တို့၌ ပြုံ့ဝင်တူထင်၏။ သဒ္ဒါရုံ(အသံ)သည် သောတဒွါရ(နား)နှင့် မနောဒွါရတို့၌ ပြုံ့ဝင်တူထင်၏ စသည်ဖြင့်သိပါ။

သို့အတွက် ယောဂီသည် သမ္မာသမာဓိကို အလင်းရောင် ပြိုးပြိုးပြက်ပြက် တလက်လက် ထွက်ပေါ်လာသည်အထိ ပထမ ထူထောင်၏။ ထို့နောက် ရူပါရုံတစ်ခုက ဤဒွါရနှစ်ခုတို့ကို ပြုံ့ဝင်တူလာတိုက်သည်ကို အာရုံယူ၏။ ဖြစ်ပေါ်လာသော ဝီထိစိတ်အစဉ်ကို အောက် ပါအတိုင်း ပိုင်းပိုင်းခြားမြင်သိအောင် သူရှုပွား၏။

-ဘ-"တီ-န-ဒ-ပ-စ-သံ-ဏ-ဝ-ဓ-ဓ-ဓ-ဓ-ဓ-ဓ-ဓ-ဒါ-ဒါ-"-ဘဝင်-

ဘ= ဘဝင်စိတ်အစဉ်

တီ= အတိတဘဝင်၊ ဒွါရ၌ အာရုံတိုက်သည်မှ အာရုံထင်ပေါ်လာ သည်အထိ ကာလအတွင်း လွန်မြောက်သွားသော ဘဝင်စိတ်၊

န= ဘဝင်္ဂစလန၊ ဒွါရ၌ အာရုံထင်လာသောအခါ လှုပ်ရှားသွားသော ဘဝင်စိတ်၊

ဒ= ဘဝင်္ဂုပစ္ဆေဒ၊ ဘဝင်နှစ်ကြိမ်လှုပ်ပြီး ပြတ်စဲသွားသော ဘဝင် စိတ်၊

ပ= ပဉ္စဒွါရာဝဇ္ဇန်း၊ အာရုံကို ဆင်ခြင်နှလုံးသွင်းသော စိတ်၊ ဝိထိစိတ် အစဉ်စတင်သည်၊

စ= စက္ခုဝိညာဏ်၊ အဆင်းအာရုံကို မြင်သိသည်၊

သ= သမ္ပဋိစ္ဆိန်း၊ မြင်သိစိတ် လက်ဆင့်ကမ်းပေးသော အာရုံကို လက်ခံသောစိတ်၊

ဏ= သန္တီရဏ၊ အာရုံကောင်းမကောင်း စူးစမ်းသည့်စိတ်၊

ဝ= ဝုဋ္ဌော၊ အာရုံကောင်းမကောင်း ဆုံးဖြတ်သောစိတ်၊

ဇ= အာရုံကို သိပြီး အာရုံအရသာကို ခံစားသောစိတ်၊ အရှိန်အဟုန်နှင့်ဖြစ်၍ ဇောစိတ်ဟု ခေါ်သည်။

ဒါ= တဒါရုံ၊ ဇောနောက်လိုက်ပြီး အာရုံကို ဆက်ခံစားသောစိတ်။

ဘဝင်= ဘဝင်စိတ်အစဉ်ဆက်ဖြစ်သည်။

သက်ဆိုင်ရာအာရုံက နား၊ နှာခေါင်း၊ လျှာနှင့် ကိုယ်ကာယကို ထိတိုက်သောအခါ အလားတူ ဝိထိစိတ်အစဉ် ဖြစ်ပေါ်သည်။ စက္ခုဝိညာဏ်အစား သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှာဝိညာဏ်၊ ကာယဝိညာဏ်တို့ကို လိုသလိုပြောင်းထည့်ရန်သာ လိုပါသည်။

အထက်ပါ ပဉ္စဒွါရဝိထိ တစ်ခုပြီးဆုံးတိုင်း ထိုဝိထိနောက်သို့ လိုက်သော တဒနုဝတ္တက မနောဒွါရ ဝိထိများစွာ ဖြစ်၏။ ဤနောက်လိုက် မနောဒွါရဝိထိများသည် ပဉ္စဒွါရ၌ထင်၍ ချုပ်ငြိမ်းသွားသော အတိတ်အာရုံကိုယူ၍ ထိုအာရုံ၏အရွယ်၊ ပုံသဏ္ဌာန်၊ အချိုးအစား၊ အမည်စသည်တို့ကို အသေးစိတ် ဆင်ခြင်သည်။ အမှန်တွင် စိတ်၏အလုပ်လုပ်ပုံသည် ဧရာမကွန်ပျူတာတစ်လုံး အလုပ်လုပ်ပုံနှင့် တူ၏။ အာရုံအချက်အလက်များစွာကို စိတ်အစဉ်၌ သိုမှီးထားပြီးလျှင် လက်ရှိ မြင်တွေ့၊ ကြားသိ၊ နံသိ၊ စားသိ၊ ထိသိသောအာရုံကို ထိုသိုမှီးထားသည့်အာရုံများနှင့် တိုက်ကြည့်ကာ အဓိပ္ပာယ်ဖော်ပေး၏။

မနောဒွါရ၌ စိတ်ကူးအာရုံကဲ့သို့ သိမ်မွေ့သောအာရုံတစ်ခု ထင်လာသည့်အခါ၌လည်း အောက်ပါကဲ့သို့ သီးသန့်မနောဒွါရဝိထိ စိတ် အစဉ်ဖြစ်ပေါ်၏။

-ဘ-"န-ဒ-မ-ဓ-ဓ-ဓ-ဓ-ဓ-ဓ-ဓ-ဒါ-ဒါ"-ဘဝင်-

ဤဝိထိ၌ ဖော်ပြထားသော သင်္ကေတများသည် စောစောက ဖော်ပြထားသည့်အတိုင်း အဓိပ္ပာယ် အသီးသီးရှိကြ၏။ 'မ'သည် မနောဒွါရာဝဇ္ဇန်းကို ရည်ညွှန်းပြီး စောစောက ဝုဋ္ဌောနှင့် အတူတူပင်ဖြစ်၏။

အာရုံအလွန်အားကြီး ထင်ရှားသည့်အခါ၌သာ တဒါရုံ'ဒါ' ဖြစ်ပေါ်ပြီး အာရုံသင့်ရုံအားကြီးလျှင် တဒါရုံမဖြစ်ပေါ်တော့ချေ။

ဝိထိစိတ်အစဉ်တွင် ပါဝင်သော စိတ်တစ်လုံးစီကို ပိုင်းခြား၍ သိအောင်ရှုပြီးသောအခါ ယောဂီသည် စိတ်တစ်လုံးစီ၌ ယှဉ်ဖြစ်သည့် စေတသိက်များကို တစ်လုံးစီစူးစမ်းလေ့လာ၏။ စိတ်တစ်လုံးစီတွင် စိတ်နှင့်အာရုံကို ထိတွေ့ပေးသည့်သဘောဖြစ်သော "ဖဿ" စေတသိက် ပါဝင်ခြင်းရှိမရှိ သူစူးစမ်းလေ့လာ၏။ တစ်ဖန် စိတ်တစ်လုံးစီတွင် ခံစားမှုနှင့် အာရုံကို ခံစားခြင်းသဘောဖြစ်သည့် "ဝေဒနာ" စေတသိက် ပါဝင်ခြင်းရှိမရှိ သူစူးစမ်းလေ့လာ၏။ ဤနည်းဖြင့် စိတ်တစ်လုံးစီနှင့် ယှဉ်ဖြစ်သော စေတသိက်များကို ဇယား(၂)တွင် ဖော်ပြထားသည့်အတိုင်း သူသိမြင်လာ၏။

အဘိဓမ္မာတွင် ဖော်ပြထားချက်အရ လောဘမူစိတ်(လောဘ အရင်းခံသည့်စိတ်)၌ စေတသိက် ၂၁လုံး အထိ ယှဉ်နိုင်၏။ ဒေါသမူ စိတ်(ဒေါသအရင်းခံသည့်စိတ်)၌ စေတသိက် ၂၀ အထိ ယှဉ်နိုင်၏။ ဘဝင်စိတ်(မဟာဝိပါက်စိတ်)၌ စေတသိက် ၃၃လုံးအထိ ယှဉ်နိုင်၏။ မဟာကုသိုလ်စိတ်(ကုသိုလ်ပြုသည့် အခါဖြစ်သည့်စိတ်)၌ စေတသိက် ၃၄လုံးအထိ ယှဉ်နိုင်၏။ စိတ်တစ်လုံးစီနှင့်ယှဉ်သော စေတသိက်များကို ပိုင်းပိုင်းခြားခြား သိအောင် ရှုပြီးသည့်နောက် စိတ်တစ်လုံးစီနှင့် ယှဉ်သောစေတသိက်အားလုံးကို ယောဂီသည် တစ်ပြိုင်နက် ရှုမြင်လာနိုင်သည်။

**အနတ္တလက္ခဏာထင်ရှားလာခြင်း**

အဆုံးစွန်အမှန်တရားများဖြစ်သည့် ပရမတ်တရားများကို မြင်သိရန် ရုပ်နာမ်တရားတို့၏ အပေါင်းအစု အတုံးအခဲသဘောကို ဖြိုခွဲခြင်းဟူသည့် "ဃနဝိနိဗ္ဘောဂ" ပြီးမြောက်ရန်နှင့် ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါမရှိဟူသည့် 'အနတ္တ'လက္ခဏာပေါ်လွင်ထင်ရှားလာရန်တို့အတွက် နာမ်အဖွဲ့အစု(စိတ်)တစ်ခုစီနှင့် ရုပ်အဖွဲ့အစု(ရုပ်ကလာပ်)တစ်ခုစီကို ၎င်းတို့ကို ဖွဲ့စည်းထားသည့် အခြေခံအကျဆုံး ပါဝင်ပစ္စည်းများ (ပရမတ်တရားများ)အဖြစ် သို့ ခွဲခြမ်းစိတ်ဖြာ၍ ရှုမြင်တတ်ရန် အလွန်အရေးကြီးပါသည်။ "ဃနဝိနိဗ္ဘောဂ"ဟူသည်မှာ "အပေါင်းအစုကို ခွဲခြင်း၊ တစ်စုတစ်ပေါင်းတည်းဟု ထင်မှုကို ခွဲခြမ်းစိတ်ဖြာ၍ သိခြင်း၊ တစ်စုတစ်ပေါင်းတည်းဟူသော အယူကို ဖြိုခွဲဖျက်ဆီးခြင်း" ဖြစ်သည်။ ထို့သို့ ဖြိုခွဲနိုင်ပါမှ အနတ္တလက္ခဏာ ပေါ်လွင်ထင်ရှား လာသည်။[၁၈,၁၉]

> *"အနတ္တလက္ခဏာကို ဘုရားပွင့်ရာသာသနာအတွင်းမှာသာ ထင်မြင်နိုင်သည်၊ သာသနာပမှာ မထင်မြင်နိုင်။* [၂၀]
>
> *"အနတ္တလက္ခဏာကို သန္ဓတိစသည့် "ဃန"ဖုံးလွှမ်းမှုကြောင့် မသိနိုင်၊ မမြင်နိုင်၊ မထင်မြင်နိုင်ခြင်း ဖြစ်သည်။ ဃနကို ဖြိုခွဲ ဖျက်ဆီးနိုင်လျှင်ကား အနတ္တလက္ခဏာသည် ဟုတ်မှန်သည့် သဘောအတိုင်း ထင်မြင်လာတော့၏။* [၁၈,၁၉]
>
> *(အဘိ၊ ၄၊ ၂၊ ၄၇)*

**နာမရူပပရိစ္ဆေဒဉာဏ် ဖြစ်ပေါ်ခြင်း**

ယောဂီသည် မိမိ၏စိတ်နှင့်ကိုယ်၌ စိတ်စေတသိက်အားလုံး၊ ရုပ်တရားအားလုံးကို ပိုင်းပိုင်းခြားခြား ရှုသိပြီးသောအခါ သူတစ်ပါးတို့၏ခန္ဓာကိုယ်၌ရှိသည့် ပရမတ်ရုပ်နာမ်တရားများကို အလားတူစွာ ပိုင်းခြားရှုမှတ်ပြန်၏၊ သို့မှသာ လူတိုင်း၊ သတ္တဝါတိုင်းတွင် ဥပါဒါနက္ခန္ဓာငါးပါးသာရှိသည်၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ မရှိကြောင်း ပိုင်းပိုင်းခြားခြား သိနားလည်နိုင်သည်။

ဝိပဿနာ၏ အရှုခံဖြစ်သော ဥပါဒါန်တရား(လောဘ,ဒိဋ္ဌိ) စွဲလမ်းသည့် ခန္ဓာငါးပါး (ဥပါဒါနက္ခန္ဓာ) ဟူသည်မှာ-

၁။ *ရူပုပါဒါနက္ခန္ဓာ* - ရုပ် ၂၈ပါး၏ အပေါင်းအစု၊

၂။ *ဝေဒနုပါဒါနက္ခန္ဓာ* - လောကီစိတ် ၈၁-ပါးနှင့် ယှဉ်သော ဝေဒနာအားလုံး၏ အပေါင်းအစု၊

၃။ *သညုပါဒါနက္ခန္ဓာ* - လောကီစိတ် ၈၁-ပါးနှင့်ယှဉ်သော သညာအားလုံး၏ အပေါင်း အစု၊

၄။ *သင်္ခါရုပါဒါနက္ခန္ဓာ* - ဝေဒနာ၊ သညာတို့မှ ကြွင်းသော လောကီစေတသိက် ၅၀တို့၏ အပေါင်းအစု၊

၅။ *ဝိညာဏုပါဒါနက္ခန္ဓာ*- လောကီစိတ် ၈၁-ပါးတို့၏ အပေါင်းအစု။

ပုဂ္ဂိုလ်၊ သတ္တဝါဟု ထင်မှတ်နေသည့်ပုဂ္ဂိုလ်တစ်ဦးစီ၌ အမှန်ရှိသည်မှာ ခန္ဓာငါးပါးသာ ဖြစ်သည်။ ဤခန္ဓာငါးပါးရုပ်နာမ်တရားတို့သည်လည်း လျင်မြန်စွာမရပ်မစဲ ဖြစ်ပြီး ပျက်နေကြသည်။ 'ပုဂ္ဂိုလ်', 'သတ္တဝါ'၊ 'ဇီဝ'၊ 'အတ္တ' ဟု ခေါ်ဆိုနိုင်သည့် တည်မြဲသော အနှစ်သာရဟူသည် လုံးဝမရှိ၊ ဤသို့ ရှင်းလင်းစွာ ရှုမြင်လာသော အခါ 'ပုဂ္ဂိုလ်,သတ္တဝါ'၊ 'ငါ' အဖြစ် အထင်မှားနေသော 'သက္ကာယဒိဋ္ဌိ' ကို ဖြိုဖျက်နိုင်သည်။ ထို့ကြောင့် ယောဂီသည် အယူမှားကင်းစင်သဖြင့် သက္ကာယဒိဋ္ဌိမှ စိတ်၏ စင်ကြယ်ခြင်းဟူသည့် "ဒိဋ္ဌိ ဝိသုဒ္ဓိ" အဆင့်သို့ မှန်ကန်စွာ ဆိုက်ရောက်မည်ဖြစ်၏။

စိတ်တစ်လုံးစီ စေတသိက်တစ်လုံးစီ ရုပ်တစ်လုံးစီကို ၎င်းတို့၏ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်အသီးသီးဖြင့် ပိုင်းပိုင်းခြားခြား ရှုမြင်နိုင်သောဉာဏ်ကို "နာမရူပပရိစ္ဆေဒဉာဏ်"ဟု ခေါ်၏။ ဤဉာဏ်ဖြစ်ပေါ်ခြင်းသည် ဒိဋ္ဌိဝိသုဒ္ဓိအဆင့်သို့ ဆိုက်ရောက်ကြောင်းကို ညွှန်ပြ၏။

## (၂) ယုံမှားမှုကို ဖယ်ရှား၍ စိတ်ကိုဖြူစင်စေခြင်း *(ကင်္ခါဝိတရဏဝိသုဒ္ဓိ)*

အဋ္ဌတ္တနှင့် ဗဟိဒ္ဓတို့၌ ပရမတ်ရုပ်နာမ်များကို ပိုင်းပိုင်းခြားခြား ရှုမြင်ပြီးသော ယောဂီသည် ဤရုပ်နာမ်တရားတို့ကို ဖြစ်ပေါ်စေသော အကြောင်းတရားများကို ဆက်လက်သိမ်းဆည်းရမည်။ သို့မဟုတ်က ဤရုပ်နာမ်များဖြစ်ပေါ်လာခြင်းနှင့် ပတ်သက်၍ ယုံမှားမှု သို့မဟုတ် အယူမှားများသည် ယောဂီ၏ စိတ်တွင်ဖြစ်ပေါ်လာနိုင်သည်။ ထို့ကြောင့် ရုပ်ကိုဖြစ်စေသော ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဟူသည့် အကြောင်းတရားလေးပါးကို ပိုင်းပိုင်းခြားခြားရှုမြင်အောင် သူစူးစမ်းလေ့လာသည်။

**ရုပ်ကိုဖြစ်စေသောအကြောင်းလေးပါးကိုရှုခြင်း**

သမာဓိအလင်းရောင် ပြိုးပြိုးပြက်ပြက် တလက်လက်နှင့် တောက်ပစွာ ထွက်ပေါ်လာအောင် သမာဓိကို ထူထောင်ပြီးသော် ယောဂီသည် မိမိ၏နှလုံးသွေးထဲ၌ ဟဒယဝတ္ထုကိုမှီကာ ဖြစ်ပေါ်နေသော သူ၏ စိတ်ကိုလည်းကောင်း၊ သူ၏ လက်ယာဘက် လက်ညှိုးကိုလည်းကောင်း၊ အာရုံစူးစိုက်ထား၏။ ထို့နောက် လက်ယာလက်ညှိုးကို ကွေးရန် ရည်ရွယ်သောအခါနှင့် တကယ်ကွေးနေသည့်အခါတို့တွင် စိတ္တဇရုပ်ကလာပ်များ ထောင်ပေါင်းများစွာကို စိတ်က ဖြစ်ပေါ်စေပြီး ထိုစိတ္တဇရုပ်များက လက်ညှိုးကို

ကွေးစေသည်ကို သူတွေ့ရ၏။ တကယ်တွင်လည်း သူ့ခန္ဓာကိုယ်ခြေလက်တို့၏ လှုပ်ရှားမှုများ အားလုံးသည် စိတ္တဇရုပ်များက ဖြစ်စေသည်ကို သူသဘောပေါက်နားလည်လာ၏။

ထို့နောက် ရုပ်ကလာပ်တစ်ခုကို ယောဂီက အာရုံစူးစိုက်ထားပြီးလျှင် ထိုရုပ်ကလာပ်၏ ဥတု(တေဇော)မှ ဥတုဇရုပ်ကလာပ် တစ်ခုပြီးတစ်ခု ရုပ်အစဉ်အတန်းတစ်ခုအဖြစ် ထွက်လာသည်ကို ရှင်းရှင်းလင်းလင်း မြင်သိအောင် သူရှု၏။ ထိုရုပ်ကလာပ်အတွင်းရှိ အာဟာရ (သြဇာရုပ်)ကလည်း ပြင်ပမှ စားမြိုလိုက်သော အစားအစာမှ သြဇာနှင့် ပေါင်းဆုံမိပြီးသည်နောက် ဇီဝိတနဝကကလာပ်တို့၏ အတွင်း၌ တည်ရှိသည့်အစာကို ကြေကျွက်စေတတ်သော ကမ္မဇတေဇောဓာတ် = ကမ္မဇ ဝမ်းမီး၏ အကူအညီဖြင့် အာဟာရဇ ရုပ်ကလာပ်များကို နောက်ရုပ်အစဉ်အတန်းတစ်ခုအဖြစ် ထုတ်ပေးနေသည်ကို သူရှုမြင်၏။

ဤဘဝကို ဖြစ်စေသော ကံကို သူတိတိကျကျ ရှုမြင်သည့်အခါ ထိုကံက ကမ္မဇရုပ်ကလာပ်များကို အဆက်မပြတ် ခဏမစဲဖြစ်ပေါ်နေစေသည်ကိုလည်း သူရှုမြင်နိုင်လိမ့်မည်။

### ဒွါရနှင့် အာရုံထိတိုက်သဖြင့် စိတ်အစဉ်ဖြစ်လာသည်ကို ရှုခြင်း

ထို့နောက် ကောင်းစွာကြဲစည်မှုဟူသော သမ္မာသင်္ကပ္ပနှင့် ကောင်းစွာသိနားလည်သည့် ပညာ (သမ္မာဒိဋ္ဌိ) တို့ဖြင့် နာမ်တရားတို့ကို ဖြစ်စေသည့်အကြောင်းများကို သူစူးစမ်းလေ့လာ၏။ တစ်ဖန် ပြုံးပြုံးပြက်ပြက် တလက်လက်တောက်ပ၍ ဖောက်ထွင်းသွားနိုင်သည့် သမာဓိအလင်းရောင် အကူအညီဖြင့် စက္ခဒွါရနှင့် ရူပါရုံတို့ ထိတိုက်မှုကြောင့် စက္ခဒွါရဝီထိစိတ်များ ဖြစ်လာသည်ကိုလည်းကောင်း၊ သောတဒွါရနှင့် သဒ္ဒါရုံတို့ ထိတွေ့မှုကြောင့် သောတဒွါရဝီထိစိတ်များ ဖြစ်ပေါ်လာသည်ကိုလည်းကောင်း၊ ကျန်ဒွါရအသီးသီးနှင့် ဆိုင်ရာအာရုံတို့ ထိတွေ့မှုကြောင့် ဆိုင်ရာဝီထိစိတ်များ ဖြစ်ပေါ်လာသည်ကိုလည်းကောင်း၊ ပိုင်းပိုင်းခြားခြား ရှင်းရှင်းလင်းလင်းမြင်သိအောင် သူရှု၏။ [၂၁]

### အတိတ်-အနာဂတ်-ပစ္စုပ္ပန်ဆိုင်ရာယုံမှားမှု (၁၆)ပါး

ထိုသို့ ရှုပြီးသည့်နောက်တွင်လည်း အတိတ်နှင့် ပတ်သက်၍ ယုံမှားသံသယငါးမျိုး ရှိချေသေး၏။ "အတိတ်မှာ ငါဖြစ်ခဲ့ဖူးသလား၊ အတိတ်မှာ ငါမဖြစ်ခဲ့ဘူးလား၊ အတိတ်မှာ ငါဘယ်ဘဝဖြစ်ခဲ့ဖူးသလဲ၊ ဘယ်လိုအဆင်းသဏ္ဌာန်အားဖြင့် ဖြစ်ခဲ့ဖူးသလဲ၊ ဘယ်လိုဘဝတွေ အဆက်ဆက်ဖြစ်ခဲ့ရသလဲ"

အနာဂတ်နှင့် ပတ်သက်၍လည်း ယုံမှားသံသယ ငါးမျိုး ရှိသေး၏။ "အနာဂတ်မှာ ငါဘဝ ဖြစ်ရဦးမလား၊ အနာဂတ်မှာ ငါ မဖြစ်ရတော့ဘူးလား၊ အနာဂတ်မှာ ငါဘယ်လိုဘဝဖြစ်ရမလဲ၊ ဘယ်လို အဆင်းသဏ္ဌာန်အားဖြင့် ဖြစ်ရမလဲ၊ ဘယ်လိုဘဝတွေ အဆက်ဆက်ဖြစ်ရဦးမလဲ"

ပစ္စုပ္ပန်နှင့် ပတ်သက်၍လည်း ယုံမှားသံသယခြောက်မျိုး ရှိ ချေသေး၏။ "ယခု ငါဟာ ဖြစ်နေဆဲလား၊ ယခု ငါဟာ ဖြစ်နေဆဲ မဟုတ်လေသလား၊ ပစ္စုပ္ပန်မှာ ငါဘယ်လိုဘဝဖြစ်နေသလဲ၊ ဘယ်လိုအဆင်းသဏ္ဌာန်အားဖြင့် ဖြစ်နေသလဲ၊ အဘယ်ဘဝမှ ယခုဘဝဖြစ်လာသလဲ၊ ယခုဘဝမှတစ်ဖန် ဘယ်ဘဝသို့ ကူးပြောင်းသွားမလဲ" [၂၂]

**ပဋိစ္စသမုပ္ပါဒ်အကြောင်းအကျိုးဆက်နွယ်မှုများကို ရှုခြင်း**

အထက်ပါ ယုံမှားသံသယ ၁၆ ပါးကို ကျော်လွှား ရှင်းလင်းရန်အတွက် ဘာဝနာရှုသူယောဂီသည် ပဋိစ္စသမုပ္ပါဒ်အကြောင်းအကျိုး ဆက်နွယ်မှုများကို ကွက်ကွက်ကွင်းကွင်း ထင်ထင်ရှားရှား မြင်သိအောင် ရှုပွားရမည်။ ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုး ဆက်နွယ်မှုများကို မှန်ကန်စွာ ထိုးထွင်း၍ မသိမြင်ခြင်းကြောင့် သတ္တဝါများသည် တစ်ဘဝပြီးတစ်ဘဝ သံသရာကျင်လည်နေရသည်ဟု အရှင်အာနန္ဒာအား မြတ်စွာဘုရား မိန့်ကြားတော်မူသည်။ [၂၄၂၁]

ထို့အပြင် ဝိသုဒ္ဓိမဂ်[၂၆]နှင့် အဘိဓမ္မာအဋ္ဌကထာ[၂၇]တို့၌ ရှင်းရှင်း လင်းလင်းမိန့်ဆိုထားသည်မှာ *'သံသရာစက်ရဟတ်ဖြစ်သည့် ပဋိစ္စ သမုပ္ပါဒ်ကြောင်းကျိုးဆက်နွယ်မှုသဘောများကို မြတ်သော သမာဓိကျောက်ဖျာထက်၌ မြမြထက်အောင် သွေးထားသည့် ဉာဏ်သန်လျက် ဖြင့် ထိုးထွင်းပြီး ပိုင်းပိုင်းခြားခြား မမြင်သိဘဲနှင့် သံသရာ ဝဋ်ဆင်းရဲဘေးဆိုးကြီးကို လွန်မြောက်ကျော်လွှားသွားသည့်သူ ဆိုသည်မှာ အိပ်မက်ထဲမှာပင် မရှိစကောင်းချေ။'*

သို့ဖြစ်၍ ယုံမှားသံသယအားလုံးကို ဖယ်ရှင်း၍ အယူမှားအားလုံးကို ဖယ်ရှားနိုင်ရေးအတွက် ပဋိစ္စသမုပ္ပါဒ် သံသရာစက်ရဟတ်၏ အကြောင်းအကျိုးဆက်နွယ်မှုများကို ဝိပဿနာဉာဏ်ဖြင့် ပိုင်းပိုင်းခြားခြားထိုးထွင်းသိမြင်ကာ မှန်ကန်ကြောင်း သက်သေပြရပေမည်။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ[၂၈]တွင် ညွှန်ကြားထားချက်အရ-

(၁) အတိတ်အကြောင်းတရား ငါးပါးဖြစ်ကြသော သစ္စာလေးပါးကိုမသိမှု *အဝိဇ္ဇာ*၊ ကောင်းမှုမကောင်းမှုဟူသော *သင်္ခါရ*၊ လိုချင် တပ်မက်မှုဟူသည့် *တဏှာ*၊ စွဲလမ်းမှုဖြစ်သော *ဥပါဒါန်*နှင့် ကံသတ္တိဟူသော *ကမ္မဘဝ*တို့ကို စုးစမ်းရှာဖွေ၍ ပိုင်းပိုင်းခြားခြားထိုးထွင်း မြင်သိအောင် ဉီးစွာရှုရမည်။

ထိုအကြောင်းတရား ငါးပါးကြောင့် ပစ္စုပ္ပန်အကျိုးတရား ငါးပါး ဟူသည့် ဝိပါက်စိတ်(ဝိညာဏ်)၊ ကမ္မဇရုပ်နှင့် စေတသိက်နာမ်များ (နာမ်ရုပ်)၊ အတွင်းအာယတနခြောက်ပါး(သဠာယတန)၊ ထိတွေ့မှု(ဖဿ)နှင့် ခံစားမှု(ဝေဒနာ)တို့ ဖြစ်ပေါ်နေခြင်းကို ဉာဏ်နှင့် ထင်ထင်ရှားရှား ထိုးထွင်းမြင်သိအောင် ဝိပဿနာ ရှုရမည်။

(၂) တစ်ဖန် ပစ္စုပ္ပန်ဘဝ၌ ထူထောင်သောအကြောင်းတရား ငါးပါးဟူသည့် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ သင်္ခါရ၊ ကံတို့ကို တစ်ဖန် ထိုးထွင်း၍ မြင်သိအောင် ရှုရမည်။ ထို့နောက် ဤအကြောင်းတရားတို့ကြောင့် အနာဂတ်အကျိုးငါးပါးဟူသော ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာတို့ ဖြစ်ပေါ်ခြင်းကိုလည်း ထိုးထွင်း၍ ရှင်းရှင်းလင်းလင်းမြင်သိအောင် စူးစမ်းရှာဖွေကာ ဝိပဿနာရှုရမည်။ ဤတွင် အကြောင်းတရားများက ဆင်းရဲခြင်း၏အကြောင်းရင်းအမှန်တရား(သမုဒယသစ္စာ)ကို ကိုယ်စားပြု၏။ အကျိုးတရားများက ဆင်းရဲခြင်းအမှန်တရား(ဒုက္ခသစ္စာ)ကို ကိုယ်စားပြုကြ၏။

သို့ဖြစ်၍ ဘာဝနာရှုပွားသူသည်-

(၁) အတိတ်သမုဒယသစ္စာကြောင့် ပစ္စုပ္ပန်ဒုက္ခသစ္စာဖြစ်ပေါ်လာပုံ၊

(၂) ပစ္စုပ္ပန်သမုဒယသစ္စာကြောင့် အနာဂတ်ဒုက္ခသစ္စာ ဖြစ်ပေါ်လာပုံတို့ကို ဉာဏ်ဖြင့် ထိုးထွင်း၍ ရှုမြင်ရမည်။

ဤရည်မှန်းချက်အောင်မြင်ရန် အဇ္ဈတ္တနှင့် ဗဟိဒ္ဓတို့၌ ရုပ်နာမ် အဖြစ်အပျက်ကို ရှုမြင်ပြီးသော ယောဂီသည် သမ္မာသမာဓိကို ထူထောင်ပြီးလျှင် ဘုရားဆင်းတုတော်တွင် ဆွမ်းဆက်ကပ်နေသည့်အခါ မိမိသန္တာန်၌ ဖြစ်ပျက်နေသော ရုပ်နာမ်တရားများကို အသေးစိတ်ရှုပွား၏။ ထို့နောက် တရားစုပေါင်း ထိုင်ရာ ခန်းမဆောင်သို့သွား၍ အများနှင့်အတူ တရားထိုင်ပြီးလျှင် မိမိသန္တာန်၌ ရုပ်နာမ် အဖြစ်အပျက်ကို ရှု၏။ ထို့နောက် ရုပ်နာမ်ဖြစ်ပျက်အစဉ်ကို နောက်ဘက်သို့ လိုက်သွားခြင်းဖြင့် စောစောက ဘုရား ဆင်းတုတော်အား ဆွမ်းကပ်နေစဉ်အခါ ဖြစ်ပျက်ခဲ့သော ရုပ်နာမ်တို့ကို တစ်ဖန်ပြန်ရှု၏။ စောစောက ရှုမြင်ခဲ့သည့်အတိုင်း ရုပ်နာမ်တရားများကို ရှုမြင်ရလျှင် အနီးကပ်အတိတ်ကို ရှုနိုင်ပြီဟု ယူဆရ၏။

ထို့နောက် ရုပ်နာမ်ဖြစ်ပျက်အစဉ်ကိုလိုက်၍ အတိတ်ဘက်သို့ ဆုတ်သွားကာ ယမန်နေ့က ထင်ရှားသည့် အခြေအနေများ၌ သူ့တွင် ဖြစ်ပျက်နေကြသော ရုပ်နာမ်များကို ရှု၏။ လွန်ခဲ့သည့်နှစ်ရက် လွန်ခဲ့သည့်ရက်သတ္တတစ်ပတ်-နှစ်ပတ်-တစ်လ-နှစ်လ-တစ်နှစ်-နှစ်နှစ်-စသည့် အချိန်အခါများ၌ ထင်ရှားသည့်အခြေအနေများတွင် ဖြစ်ပျက်ခဲ့ကြသော ရုပ်နာမ်များကို ရှု၏။ ဤသို့နောက်ဆုတ်ရင်း ဤဘဝအမိဝမ်းကြာတိုက်တွင် ပဋိသန္ဓေတည်နေစဉ်အခါက ပဋိသန္ဓေစိတ်၊ ယှဉ်ဘက်စေတသိက်များ၊ အတွင်းအာယတန ၆ပါး၊ ဖဿ၊ ဝေဒနာတို့ကို သူရှုပွား၏။ သို့အတွက် ပစ္စုပ္ပန်ဘဝ၌ အကျိုး ငါးပါးဖြစ်ကြသော ပဋိသန္ဓေစိတ်(ဝိညာဏ်)၊ ယှဉ်ဘက်စေတသိက် နာမ်တရားများနှင့် ကမ္မဇရုပ်၊ သဋ္ဌာယတန၊ ဖဿ၊ ဝေဒနာတို့ ကိုသူသိရပြီ ဖြစ်၏။

ယောဂီသည် ရုပ်နာမ်ဖြစ်ပျက်အစဉ်ကို လိုက်၍ ဤဘဝ ပဋိသန္ဓေစိတ်မှ အတိတ်ဘဝစုတိစိတ်သို့ ရှုမြင်အောင် အာရုံပြု၏။ သူသည် ပထမအတိတ်ဘဝကို မြင်လာပြီးလျှင် ထိုဘဝ၌ထင်ရှားသည့် အဖြစ်အပျက်များနှင့် ပြုလုပ်ချက်များကိုလည်း ရှုမြင်လာ၏။ ထို့ နောက် အတိတ်ဘဝ သေခါနီးအခါ၌ ထင်သော မရဏာသန္ဒနိမိတ်ကိုရှု၍ ဤမရဏာသန္ဒနိမိတ်မှတစ်ဆင့် ပစ္စုပ္ပန်ဘဝဖြစ်အောင် အကျိုးပြုမည့် သင်္ခါရနှင့် ကံတရားတို့ကို သေချာစွာ မြင်သိအောင် ရှု၏။ ထိုသင်္ခါရနှင့် ကံတို့ကို အထောက်အကူပြုသည့် စွမ်းအားသုံးပါးဖြစ်သော အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်တို့ကိုလည်း သေချာစွာ မြင်သိအောင်ရှု၏။

ဤပစ္စုပ္ပန်ဘဝကို ဖြစ်အောင် ပြုပြင်စီရင်ပေးကြသော အတိတ်အကြောင်းငါးပါးကို သိရသော အခါ ထိုအတိတ်အကြောင်းငါးပါးကြောင့် ပစ္စုပ္ပန်အကျိုးငါးပါး ဖြစ်သော ရုပ်နာမ်တရားများ ဖြစ်နေ သည်ကို ထင်ထင်ရှားရှားမြင်သိအောင်အကြောင်းအကျိုးစပ်၍ ရှု၏။ အကြောင်းအကျိုးမှန်လျှင် အတိတ် အကြောင်းငါးပါးက ပစ္စုပ္ပန် အကျိုးငါးပါးတို့ကို ဖြစ်စေကြောင်းကို ရှုမြင်ရမည် ဖြစ်၏။

ထို့နောက် ထိုပထမအတိတ်ဘဝ၏ ရုပ်နာမ်ဖြစ်ပျက်အစဉ်ကို အတိတ်ဆီသို့ တဖြည်းဖြည်း ရှုသွားပြီးလျှင် ထိုအတိတ်ဘဝ၏ ပဋိသန္ဓေစိတ်၊ ယှဉ်ဖက်စေတသိက်များ၊ ကမ္မဇရုပ်များ၊ အာယတန များ၊ ဒွါရနှင့် အာရုံထိတိုက်မှု ဖဿနှင့် အကျိုးတရားအဖြစ် ဖြစ်ပေါ်လာသော ဝေဒနာတို့ကို ကောင်းစွာ သိမ်းဆည်းနိုင်လာအောင် ရှု၏။ ထို့နောက် ဒုတိယအတိတ်ဘဝကို အာရုံယူပြီး ထိုဒုတိယအတိတ်ဘဝ၏ ရုပ်နာမ်ဖြစ်ပျက်အစဉ်ကို လိုက်၍လည်း ထိုဒုတိယဘဝ၌ ပထမအတိတ်ဘဝအကျိုးငါးပါးကို ဖြစ်စေသော အကြောင်းတရားငါးပါးကို ကောင်းစွာမြင်သိအောင်ရှု၏။ ဒုတိယအတိတ်ဘဝ၌ ထူထောင်သော အကြောင်းတရားငါးပါးကြောင့် ပထမအတိတ်ဘဝ၌ အကျိုးတရားငါးပါး ဖြစ်ပေါ်သည်ကို အကြောင်း အကျိုးစပ်၍ရှုနိုင်သောအခါ အလားတူပင် တတိယအတိတ်ဘဝနှင့် ဒုတိယအတိတ်ဘဝတို့ကို အကြောင်း အကျိုးစပ်နိုင်အောင် ဆက်ရှု၏။

ထို့အပြင် ပစ္စုပ္ပန်ဘဝနှင့်အနာဂတ်ဘဝတို့၏အကြောင်းအကျိုး ဆက်နွယ်မှုကိုလည်း ကောင်းစွာ ရှုမြင်နိုင်ရန် ကြိုးပမ်းရပေဦးမည်။ ထို့ကြောင့် ယောဂီသည် မြတ်စွာဘုရားအား ဆွမ်းလှူဒါန်း၍ ယင်း ကုသိုလ်ကံစေတနာကြောင့် မိမိမည်သည့်ဘဝဖြစ်လိုသည်ကို ဆုတောင်း၏။ ထိုဆွမ်းဒါနပြုစဉ် ဖြစ်ပေါ်နေသော ကုသိုလ်စိတ်၊ စေတသိက်များ(သခ်ၤါရ)နှင့် ကံသတ္တိ(ကမ္မဘဝ)တို့ကိုလည်း မြင်အောင် ရှု၏။ သူသည် နတ်ဘဝဖြစ်လိုသည်ဟု ဆုတောင်းလျှင် ထိုနတ်ဘဝအမှန်တကယ်ရှိသည်ဟု ထင်မြင် ယူဆခြင်းသည် အဝိဇ္ဇာ၊ ထိုနတ်ဘဝကို လိုချင်တပ်မက်ခြင်းသည် တဏှာ၊ ထိုနတ်ဘဝကို ပြင်းပြစွာ စွဲလမ်းခြင်းသည် ဥပါဒါန်၊ မြတ်စွာဘုရားအား ဆွမ်း လှူဒါန်းသော ကုသိုလ်စိတ်စေတသိက်တို့သည် သခ်ၤါရ၊ ထို စိတ်စေတသိက်တို့၏ ကံသတ္တိစိတ်အစဉ်တွင် ကျန်ရှိခြင်းသည် ကမ္မဘဝ၊ ထို့ကြောင့် အနာဂတ်ဘဝတစ်ခုကိုဖြစ်စေဖို့အတွက် အကြောင်းတရားငါးပါးကို သူထူထောင်ပြီးဖြစ်သည်။

ထို့နောက် ဤအကြောင်းငါးပါးကြောင့် အနာဂတ်တွင် ဖြစ်လာမည့်ဘဝသစ်ကို အာရုံယူ၍ စူးစိုက်ရှု၏။ ဤအကြောင်းတရားတို့ကြောင့် ဖြစ်ပေါ်လာနိုင်သော အနာဂတ်ဘဝသည် ထင်ပေါ်လာလေ့ ရှိ၏။ ဤအနာဂတ်ဘဝသည် အထက်ပါဖော်ပြထားသော ဆွမ်း လှူသည့်ကံက လာအကျိုးပေးခဲ့သော် သူဆုတောင်းသည့်ဘဝဖြစ်လာပေမည်။ မည်သို့ပင်ဖြစ်စေ ထိုဘဝသစ်၏ ပဋိသန္ဓေအခါ၌ ဖြစ်ပေါ်သော ပဋိသန္ဓေစိတ်၊ ယှဉ်ဖက်စေတသိက်များ၊ ကမ္မဇရုပ်များ၊ အာယတနများ၊ ဒွါရနှင့် အာရုံထိတိုက်မှု ဖဿ၊ ထိုဖဿကြောင့်ဖြစ်လာသော ဝေဒနာတို့ကိုသိမြင်လာအောင်ရှု၏။ ဤပစ္စုပ္ပန်ဘဝ၌ ထူထောင်သော စောစောကအကြောင်းတရားငါးပါးကြောင့် ယခုအနာဂတ်ဘဝ၏ အကျိုးတရားငါးပါးတို့ ဖြစ်ပေါ်ခြင်း ရှိမရှိကိုလည်း သူအကြောင်းအကျိုးစပ်ကာ ရှုပွား၏။ အကြောင်းအကျိုးမှန်ခဲ့လျှင် ပစ္စုပ္ပန် အကြောင်းငါးပါးကြောင့် အနာဂတ်အကျိုးငါးပါးတို့ ထင်ထင်ရှားရှားဖြစ်နေသည်ကို သူမြင်တွေ့ရ မည်ဖြစ်၏။

ထိုနည်းအတူ ပထမအနာဂတ်ဘဝနှင့် ဒုတိယ အနာဂတ်ဘဝတို့ကို အကြောင်းအကျိုး စပ်နိုင် အောင် ရှုပြီးလျှင် နောက်ထပ် အနာဂတ်ဘဝ မမြင်ရသည့်တိုင်အောင် ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုး ဆက်နွယ်မှုကို ဆက်လက်ရှုပွားသွား၏။

သို့ဖြစ်၍ ယခုအခါတွင် ယောဂီသည် သူ၏ အတိတ်ဘဝ သုံးဘဝ၊ ပစ္စုပ္ပန်ဘဝနှင့် အနာဂတ် ဘဝများ၏ ပဋိစ္စသမုပ္ပါဒ်အကြောင်း အကျိုး ဆက်နွယ်မှုများကို အကြောင်းငါးပါးကြောင့် အကျိုးငါးပါး ဖြစ်သည့်နည်းဖြင့် အောင်မြင်စွာ ရှုပွားနိုင်ပြီ ဖြစ်သည်။

"အတိတ်ဘဝတွင် အကြောင်းငါးပါး ထူထောင်ခဲ့ခြင်းကြောင့်
ပစ္စုပ္ပန်ဘဝတွင် အကျိုးငါးပါးကို ခံစားရသည်။
ပစ္စုပ္ပန်ဘဝတွင် အကြောင်းငါးပါးထူထောင်ပြန်သဖြင့်
အနာဂတ်ဘဝတွင် အကျိုးငါးပါးကို ခံစားရပေဦးမည်"[၂၇]

ထို့နောက်တစ်ဖန် အတိတ်သုံးဘဝ၊ ပစ္စုပ္ပန်ဘဝများ၏ ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုး ဆက်နွယ်မှုများကို အကြောင်းတစ်ပါးကြောင့် အကျိုးတစ်ပါးဖြစ်သည့်နည်းဖြင့်လည်း ကောင်းစွာဆက်စပ် နိုင်အောင် သူရှုပွား၏။

(၁) အဝိဇ္ဇာဖြစ်ခြင်းကြောင့် သခ်ၤါရဖြစ်၏။။

(၂) သခ်ၤါရဖြစ်ခြင်းကြောင့် ဝိပါက်ဝိညာဏ်ဖြစ်၏။

(၃) ဝိပါက်ဝိညာဏ်ဖြစ်ခြင်းကြောင့် ယှဉ်ဖက်စေတသိက်နာမ်များနှင့် ကမ္မဇရုပ်များ ဖြစ်၏။

(၄) နာမ်ရုပ်ဖြစ်ခြင်းကြောင့် အတွင်းအာယတနခြောက်ပါး ဖြစ်၏။

(၅) အာယတန ၆-ပါးဖြစ်ခြင်းကြောင့် အာရုံနှင့် ထိတွေ့မှု- ဖဿ ဖြစ်၏။

(၆) ဖဿဖြစ်ခြင်းကြောင့် ခံစားမှု-ဝေဒနာဖြစ်၏။

(၇) ဝေဒနာဖြစ်ခြင်းကြောင့် လိုချင်တပ်မက်မှု-တဏှာဖြစ်၏။

(၈) တဏှာဖြစ်ခြင်းကြောင့် စွဲလမ်းမှု-ဥပါဒါန်ဖြစ်၏။

(၉) ဥပါဒါန်ဖြစ်ခြင်းကြောင့် ကမ္မဘဝနှင့် ဥပပတ္တိဘဝတို့ ဖြစ်၏။

(၁၀) ကမ္မဘဝဖြစ်ခြင်းကြောင့် အနာဂတ်ဘဝ၌ ဇာတိဖြစ်၏။

(၁၁) ဇာတိဖြစ်ခြင်းကြောင့် အိုမင်းခြင်း-သေခြင်း (ဇရာ-မရဏ)၊ စိုးရိမ်ခြင်း(သောက)၊ ငိုကြွေးခြင်း(ပရိဒေဝ)၊ ကိုယ်ဆင်းရဲခြင်း(ဒုက္ခ)၊ စိတ်ဆင်းရဲခြင်း(ဒေါမနဿ)နှင့် ပြင်းစွာပူဆွေးခြင်း (ဥပါယာသ)တို့ ဖြစ်ပေါ်ကြ၏။[၂၉]

တတိယအတိတ်ဘဝမှ နောက်ဆုံးအနာဂတ်ဘဝအထိ ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုးဆက်စပ်မှုများကို ထင်ထင်ရှားရှားမြင်သိအောင် ရှုပွားပြီးသောအခါ အတိတ်ဆုံးဘဝမှ နောက်ဆုံးအနာဂတ်ဘဝအထိ ရုပ်နာမ်တရားများ အကြောင်းအကျိုးစပ်ကာ ဖြစ်ပျက်နေကြသည့် အစဉ်အတန်းတစ်ခုလုံးကို ယောဂီ၏ဉာဏ်မျက်စိတွင် ရှုမြင်နေရ၏။

သို့ဖြစ်၍ အထက်၌ ဖော်ပြခဲ့သော အတိတ်-ပစ္စုပ္ပန်-အနာဂတ်ဆိုင်ရာ ယုံမှားသံသယ ၁၆ ပါးကို သူဖယ်ရှားနိုင်၏။ ထို့အပြင် အကြောင်းမရှိဘဲ ဖြစ်လာသည်ဟု ယူဆသော 'အဟေတုကဒိဋ္ဌိ'၊ မမှန်သောအကြောင်းကြောင့် ဖြစ်လာသည်ဟု ထင်မြင်ယူဆသော 'ဝိသမဟေတုကဒိဋ္ဌိ'၊ ကောင်းမှု-မကောင်းမှုပြုသော်လည်း ကံမဖြစ်ဟု ယူဆသော 'အကိရိယဒိဋ္ဌိ'၊ ကံ၏အကျိုးတရားမရှိဟု ယူဆသော 'နတ္ထိကဒိဋ္ဌိ'၊ ဝိညာဉ်ကောင်က ထာဝရတည်မြဲသည်ဟု ယူဆသော 'သဿတဒိဋ္ဌိ'၊ သေလျှင် ဘဝပြတ်စဲသည်ဟု ယူဆသော 'ဥစ္ဆေဒဒိဋ္ဌိ'စသည့် အယူမှားများအားလုံးကို ဖယ်ရှားနိုင်ပါတော့သည်။

**ပစ္စယပရိဂ္ဂဟဉာဏ်ဖြစ်ပေါ်ခြင်း**

ဤဆိုခဲ့သည့်အတိုင်း ပဋိစ္စသမုပ္ပါဒ်အကြောင်းအကျိုး ဆက်စပ်သည့်နည်းဖြင့် ရုပ်နာမ်တို့ကို ဖြစ်စေသောအကြောင်းတရားများကို သိမ်းဆည်းပြီးလျှင် ကာလသုံးပါးနှင့် ပတ်သက်သည့် ယုံမှားသံသယများကို ဖယ်ရှားပြီးသော ယောဂီသည် အတိတ်-ပစ္စုပ္ပန်-အနာဂတ် ဘဝအစဉ်အတန်းကို စုတိ-ပဋိသန္ဓေအစွမ်းဖြင့် ဉာဏ်အမြင်တွင် ရှင်းရှင်းလင်းလင်း မြင်သိလာပါသည်။ ဤသို့ ဘုံသုံးပါးအတွင်း၌ နာမ်ရုပ်၏အကြောင်းတရားတို့ကို ခပ်သိမ်းသောအခြင်းအရာအားဖြင့် သိမ်းဆည်းလျက် အတိတ်-အနာဂတ်-ပစ္စုပ္ပန် ကာလသုံးပါးတို့ ၌ ယုံမှားခြင်း ဝိစိကိစ္ဆာတရားကို ကျော်လွှားလွန်မြောက်၍ တည်နေသော ဉာဏ်ကို 'ကင်္ခါဝိတရဏဝိသုဒ္ဓိ'ဟုမှတ်သားအပ်၏။ ရုပ်နာမ်တရားများကို ဖြစ်စေသောအကြောင်းတရားများကို သိမ်းဆည်းနိုင်သည့်ဉာဏ်သည် 'ပစ္စယပရိဂ္ဂဟဉာဏ်' ဖြစ်၏။

**လမ်းမှန်နှင့် လမ်းမှား တို့ကို ခွဲခြား၍သိမြင်သောဉာဏ်ဖြင့် စိတ်ကို ဖြူစင်စေခြင်း*(မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ)***

အဋ္ဌဟ္ထနှင့် ဗဟိဒ္ဓတို့၌ စိတ်၊ စေတသိက်နှင့် ပရမတ်ရုပ်တရားများကို ပိုင်းပိုင်းခြားခြား သိမြင်ပြီး၍ ပဋိစ္စသမုပ္ပါဒ်အကြောင်းအကျိုး ဆက်စပ်မှုများကိုလည်း ထင်ထင်ရှားရှား မျက်မြင်ကိုယ်တွေ့ ရှုသိပြီးသော ယောဂီသည် ဝိပဿနာဘာဝနာကို မှန်ကန်စွာ ရှုပွားရန် အဆင်သင့်ဖြစ်လေပြီ။ သို့ပါသော်လည်း ဝိပဿနာ၏ အရှုခံအာရုံ ဖြစ်သော ပရမတ်ရုပ်နာမ်တရားတစ်ခုစီကို ၎င်း၏လက္ခဏာ (သိကြောင်းအမှတ်အသား)၊ ရသ(ပြုဖွယ်ကိစ္စ)၊ ပစ္စုပဋ္ဌာန် (ပြုဖွယ်ကိစ္စကြောင့် ရထိုက်သည့်အကျိုး)၊ ပဒဋ္ဌာန် (၎င်းပရမတ်တရားကို ဖြစ်စေသည့် အနီးကပ်ဆုံးအကြောင်းတရား)တို့ဖြင့် ပိုင်းပိုင်းခြားခြား ရှုသိရမည်ဟု မဟာသတိပဋ္ဌာနသုတ်[၃၀]နှင့် အဋ္ဌကထာများ [၃၁,၃၂] တို့ တွင် ဆိုထားပါသည်။

ပရမတ်ရုပ်နာမ်တရားတို့ကို လက္ခဏ,ရသ,ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် တို့ဖြင့် လေးဘက်လေးတန်မှ ပိုင်းပိုင်းခြားခြား ရှုပွားပြီး သောအခါ ယောဂီများ၏ ပရမတ်အမြင်သည် အလွန်ပေါ်လွင် ထင်ရှားလာသည်ဟု ယောဂီများက ဆိုကြပါသည်။

**လက္ခဏာယာဉ်သုံးတန် တစ်လှည့်စီတင်၍ ဝိပဿနာရှုခြင်း**

ယခုအခါ ယောဂီသည် ပိုလွယ်ကူရာက စတင်၍ ဝိပဿနာ ရှုနိုင်ပါပြီ။ ယောဂီသည် နိပ္ပန္နရုပ်ခေါ်ရုပ်အစစ် ၁၈ပါး၊တို့ကို အာယ တန (၆)ဒွါရ၌ ပထမသိမ်းဆည်း၏၊ ကောဋ္ဌာသ(၄၂)ပါး၊တို့ကို သိမ်းဆည်း၏၊ မိမိသန္တာန်ဟူသော အဋ္ဌတ္တ၌ သိမ်းဆည်းပြီးလျှင် သူတစ်ပါး၊တို့၏ သန္တာန်ဟူသည့် ဗဟိဒ္ဓ၌ သိမ်းဆည်း၏။ ထို့နောက် အာယတနဒွါရတစ်ခုစီ ကောဋ္ဌာသတစ်ခုစီ၌ ပရမတ် ရုပ်တရားတစ်ခုစီကို မတည်မြဲခြင်းအနိစ္စသဘော၊ ဆင်းရဲခြင်းဒုက္ခသဘော၊ ငါမဟုတ်ခြင်းအနတ္တသဘောအားဖြင့် ဆင်ခြင်၍ ဝိပဿနာရှု၏။

ရုပ်တရား၏ ဖြစ်ခြင်းပျက်ခြင်းသဘောကို ဉာဏ်ဖြင့် ထင်ထင်ရှားရှားမြင်အောင် ရှုပြီးလျှင် အနိစ္စဟု ဆင်ခြင်၏။ အဋ္ဌတ္တ၌ လည်းကောင်း၊ ဗဟိဒ္ဓ၌လည်းကောင်း နှလုံးသွင်း ဆင်ခြင်၏။ အလားတူပင် ရုပ်တရားတို့၏ မပြတ်မစဲ ချုပ်ပျက်ခြင်းဖြင့် အဆက် မပြတ် နှိပ်စက်ခံနေရသည့်သဘောကို ဉာဏ်ဖြင့် ပိုင်းပိုင်းခြားခြား သိအောင် ရှုပြီးလျှင် ဒုက္ခ ဟု ဆင်ခြင်၏။ မပျက်စီးဘဲ တည်မြဲနေသည့် 'ပုဂ္ဂိုလ်၊ ငါ၊ ဇီဝ၊ အတ္တ'မရှိခြင်းသဘောကို ဉာဏ်ဖြင့် ရှင်းရှင်းလင်းလင်း မြင်သိအောင် ရှုပြီး အနတ္တ ဟု ဆင်ခြင်၏။

ထို့နောက် ယောဂီသည် အဒွါပစ္စုပ္ပန်နည်းဖြင့် ဝိပဿနာရှု၏။ ပဋိသန္ဓေမှသည် စုတိသို့တိုင်အောင် ဘဝတစ်လျှောက်အတွင်း၌ ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်လတ္တံ့သော ရုပ်တရားနာမ်တရားတို့တွင်

(၁) ရုပ်သက်သက်ကို အနိစ္စတစ်လှည့် ဒုက္ခတစ်လှည့် အနတ္တ တစ်လှည့် လက္ခဏာယာဉ်သုံးချက် တစ်လှည့်စီတင်၍ ရှု၏။

(၂) နာမ်သက်သက်ကို အနိစ္စတစ်လှည့် ဒုက္ခတစ်လှည့် အနတ္တတစ်လှည့် လက္ခဏာယာဉ်သုံးချက် တစ်လှည့်စီတင်၍ ရှု၏။ ခြောက်ဒွါရ၌ ဖြစ်သော ဝီထိစိတ် စေတသိက်တို့ကို ဝိပဿနာရှုရမည်ဖြစ်၏။

ကြွေမ်ဖန်များစွာ ခပ်စိပ်စိပ် ထပ်ကာထပ်ကာ ဝိပဿနာ ရှုရမည်။ အဋ္ဌတ္တာတစ်လည့်၊ ဇဟိဒ္ဓ တစ်လည့်၊ အနိစ္စတစ်လည့် ဒုက္ခတစ်လည့်၊ အနတ္တာတစ်လည့် ကြွေမ်ဖန်များစွာ ထပ်ကာထပ်ကာ ဝိပဿနာ ရှုရမည်။

**အတိတ်-ပစ္စုပ္ပန်-အနာဂတ်ဆိုင်ရာ ဝိပဿနာရှုခြင်း**

ထို့နောက် အတိတ်-ပစ္စုပ္ပန်-အနာဂတ်တို့နှင့် ဆိုင်သော ဝိပဿနာကို ရှုရမည်။ ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုး ဆက်နွယ်မှုများကို ကောင်းစွာရှုဆင်ခြင်ခဲ့ပြီးသော အတိတ်ဘဝများ၊ ပစ္စုပ္ပန်ဘဝနှင့် အနာဂတ်ဘဝများ၌ ဘဝတစ်ခုစီတွင် ပဋိသန္ဓေမှသည် စုတိတိုင်အောင် ရုပ်တရားတို့ကို အနိစ္စတစ်လည့်၊ ဒုက္ခတစ်လည့်၊ အနတ္တ တစ်လည့် ဝိပဿနာရှု၏။ ရုပ်တရားနာမ်တရားတို့ကို တွဲ၍လည်း လက္ခဏာယာဉ်သုံးချက်တစ်လည့်စီတင်ကာ ဝိပဿနာရှု၏။

ထို့နောက် ပစ္စုပ္ပန်ခန္ဓာငါးပါးကို ဝိပဿနာရှု၏။ ယောဂီသည် ပစ္စုပ္ပန်ဘဝ၏ အာယတန ခြောက်ခွါရ၌ နိပ္ပန္နရုပ်အစစ်(၁၈)ပါးနှင့် ကောင္မာသ(၄၂)ပါးတို့ကို ပိုင်းပိုင်းခြားခြားမြင်အောင် ရှုပြီးနောက် ဤအဋ္ဌတ္တာရုပ်တရားတို့၏ အဖြစ်အပျက်ကို မြင်အောင်ရှုလျက်အနိစ္စတစ်လည့်၊ ဒုက္ခတစ်လည့်၊ အနတ္တာတစ်လည့်၊ လက္ခဏာယာဉ်သုံးချက် တစ်လည့်စီတင်ရှု၏။ ဇဟိဒ္ဓရုပ်တရားတို့၏ ဖြစ်နေပုံပျက်နေပုံကို အာရုံယူပြီးတော့လည်း အနိစ္စတစ်လည့်၊ ဒုက္ခတစ်လည့်၊ အနတ္တ တစ်လည့် ဝိပဿနာရှု၏။ ဤကား ရူပက္ခန္ဓာကို ဝိပဿနာရှုခြင်း တည်း။

ထို့နောက် အာယတနခြောက်ခွါရ၌ ဖြစ်ပေါ်သော ဝိထိစိတ်တစ်လုံးစီ၌ ယှဉ်တွဲပါရှိသည့် ဝေဒနာ စေတသိက်အသီးသီးကို ပိုင်းခြား၍ သိအောင်ရှုပြီးလျှင် ထိုဝေဒနာစေတသိက်တို့၏ အဖြစ်အပျက်ကို အာရုံယူ၍ အနိစ္စတစ်လည့် ဒုက္ခတစ်လည့် အနတ္တာတစ်လည့် ဝိပဿနာရှု၏။ အဋ္ဌတ္တာ-ဇဟိဒ္ဓ နှစ်ဌာနလုံး၌ ဝိပဿနာရှု၏။ ဤကား ဝေဒနက္ခန္ဓာကို ဝိပဿနာရှုခြင်းတည်း။

ထိုနည်းတူစွာ သညက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာတို့ကို တစ်လည့်စီလက္ခဏာယာဉ်သုံးချက်တင်၍ ဝိပဿနာရှု၏။

**အတိတ်-ပစ္စုပ္ပန်-အနာဂတ်ခန္ဓာငါးပါးတို့ကို ဝိပဿနာရှုခြင်း**

တစ်ဖန် အတိတ်ခန္ဓာငါးပါး၊ ပစ္စုပ္ပန်ခန္ဓာငါးပါး၊ အနာဂတ်ခန္ဓာငါးပါးတို့ကို ယောဂီသည် ဆက်လက်ကာ ဝိပဿနာရှုပွား၏။ 'မည်သည့်ရုပ်တရားဖြစ်ပါစေ၊ အတိတ်-ပစ္စုပ္ပန်-အနာဂတ်-အဋ္ဌတ္တာ (ကိုယ်တွင်း)-ဇဟိဒ္ဓ(ကိုယ်ပြင်ပ)-ဩဠာရိက(ရုပ်ကြမ်း)-သုခုမ (ရုပ်နု)-ဟီန(အယုတ်)-ပဏီတ (အမြတ်)-ဒူရ(အဝေး)-သန္တိက (အနီး)ဟူသည့် အခြင်းအရာတစ်ဆယ့်တစ်မျိုးဖြင့် ရုပ်တရားတို့ကို သိမ်းဆည်း၍ ဤရုပ်တရားတို့၏ အဖြစ်အပျက်ကို အာရုံပြုကာ အနိစ္စတစ်လည့် ဒုက္ခတစ်လည့် အနတ္တာတစ်လည့် လက္ခဏာယာဉ်သုံးချက် တစ်လည့်စီတင်၍ ဝိပဿနာရှု၏။ [၃၃-၃၄]

ယောဂီသည် ပဋိစ္စသမုပ္ပါဒ်အကြောင်းအကျိုးစပ်၍ ရှုခဲ့ပြီးသော မိမိ၏ အတိတ်ဘဝများ၊ ပစ္စုပ္ပန်ဘဝနှင့် အနာဂတ်ဘဝများအနက် အတိတ်ဆုံးဘဝမှစ၍ ဘဝတစ်ခုစီ၏ ဒွါရ(၆)ပါး၊ ကောင္မာသ (၄၂) ပါးတို့၌ ရှိသော ရုပ်အစစ်များကို ဉာဏ်ဖြင့် မြင်သိအောင် ရှုပြီးလျှင် ဤရုပ်တို့၏ အဖြစ်အပျက်ကို အာရုံယူလျက် အနိစ္စတစ်လည့် ဒုက္ခတစ်လည့် အနတ္တာတစ်လည့် အဋ္ဌတ္တာတစ်လည့် ဇဟိဒ္ဓတစ်လည့်

ဝိပဿနာရှု၏။ ဤရူပကွန်ဒာကို ရှုသည့်နည်းနှင့်တူစွာ ဝေဒနာကွန်ဒာ၊ သညာကွန်ဒာ၊ သင်္ခါရကွန်ဒာနှင့် ဝိညာဏာကွန်ဒာတို့ကိုလည်း တစ်လှည့်စီ ဝိပဿနာရှု၏။

**တောလေးဆယ်နည်းဖြင့် ဝိပဿနာရှုခြင်း**

တစ်ဖန် ခန္ဓာငါးပါး၌ အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တ လက္ခဏာတို့သည် ယောဂီ၏ ဝိပဿနာဉာဏ်တွင် ပိုမိုပေါ်လွင် ထင်ရှားလာရန်အတွက် တော(၄၀)ရှုကွက်ကို ဆက်ရှု၏။ အနိစ္စ–မြဲခြင်းသဘောမရှိ၊ ပလောက်–ပျက်စီးခြင်းသဘောရှိ၏၊ စလ်–မတည်တံ့ဘဲရွေ့ရှားတုန်လှုပ်တတ်၏၊ ပဘင်္ဂ–ဖရိဖရဲပြိုကွဲခြင်းသဘောရှိ၏၊ အဒွဲဝံ–ခိုင်မာခြင်းသဘောမရှိ၊ ဝိပရိဏာမံ–ဖောက်ပြန်ခြင်းသဘော ရှိ၏၊ အသာရကံ–ခိုင်မာသည့်အနှစ်သာရမရှိ၊ မရဏဓမ္မံ–သေခြင်း သဘောရှိ၏၊ သခ်ံတံ–အကြောင်းတရားတို့အဖန်ဖန် ပြုပြင်အပ် သည့်သဘောရှိ၏။ ဤကား အနိစ္စလက္ခဏာ(၁၀)ချက်တည်း။

ဒုက္ခံ–ယုတ်မာညစ်ဆိုးဆင်းရဲသည့်ဒုက္ခမျိုးဖြစ်၏။ ရောဂံ–ကျင်နာညစ်ဆိုး ရောဂါမျိုးဖြစ်၏။ အဃံ–အကျိုးယုတ်အကျိုးမဲ့မျိုးဖြစ် ၏၊ ဂဏ္ဍံ–မဖွယ်ရပ်ဆင်းထွတ်မြင်းအနာမျိုးဖြစ်၏၊ သလ္လံ –စူးဝင်ညစ်ဆိုးမြားငြောင့်မျိုးဖြစ်၏၊ အာဗာဓံ–နှိပ်စက်လွှမ်းမိုး အနာမျိုး ဖြစ်၏၊ ဥပဒ္ဒဝံ–လွန်စွာကပ်ရပ်နှိပ်စက်တတ်သော ဥပါဒ်မျိုးဖြစ်၏၊ ဘယံ–ကြီးမားသောဘေးမျိုးဖြစ်၏၊ ဥပသဂ္ဂံ–စွဲကပ်နှိပ်စက်တတ်သော ဥပါဒ်မျိုးဖြစ်၏၊ အတဏ်–စောင့်ရှောက်မဲ့လျင်းဘေး၏အသင်းသာတည်း၊ အလေဏံ–ကွယ်ရာမဲ့လျင်း ဘေး၏အသင်းသာတည်း၊ အသရဏံ–ကိုးကွယ်ရာမဲ့လျင်း ဘေး၏အသင်းသာတည်း၊ ဝဓကံ–နာရီမလပ်အတွင်သတ်သည့် လူသတ်မျိုးရိုးသာတည်း၊ အဃမူလံ–ကျိုးမဲ့ခပင်း ဆင်းရဲခြင်း၏အရင်းအမြစ်သာတည်း၊ အာဒီနဝံ–ဆိုးဝါးညစ်ကျူ အပြစ်စုသာတည်း၊ မာရာမိသံ–မာရ်ငါးပါးတို့၏စားဖတ်ဝါးဖတ် သုံးသပ်နင်းနယ်ရာသာတည်း၊ ဇာတိ–ဖြစ်ချင်တိုင်းဖြစ်သည့်သဘောရှိ၏၊ ဇရံ–ဆုတ်ယုတ်လျော့ပါးခြင်းသဘော ရှိ၏၊ ပရိဒေဝံ–ငိုကြွေးမြည်တမ်းရခြင်းသဘောရှိ၏၊ ဥပါယာသံ–သက်ကြီးရွိုက်ငင် ပြင်းစွာပူပန်ရခြင်းသဘောရှိ၏၊ သံကိလေသိက ဓမ္မံ–ကိလေသာဆယ်ပါးတည်းဟူသော ညစ်နွမ်းခြင်းကို ပွားစီးစေတတ်သောသဘောရှိ၏။ ဤကား ဒုက္ခလက္ခဏာ ၂၅–ချက်တည်း။

အနတ္တ–အတ္တမဟုတ်၊ သုညံ–အတ္တမှ ဆိတ်သုဉ်း၏၊ ပရံ အကျွမ်းဝင်ခြင်း အမြဲကင်းသော သူစိမ်းပြင်ပသာတည်း၊ ရိတ္တံ–ဓဝ သုခ သုဘ အတ္တဟူသော အနှစ်သာရကင်းသော သဘောတရား သာတည်း။ တုစ္ဆံ–ဓဝ သုခ သုဘ အတ္တမမှီး အချည်းနှီးသော တရား သာတည်း၊–ဤကား အနတ္တလက္ခဏာ ၅–ချက်တည်း။

ဤသို့ ရူပကွန်ဒာစသည့် ခန္ဓာတစ်ပါးစီ၌–

(၁) အနိစ္စာနုပဿနာ ၁၀ ချက်

(၂) ဒုက္ခာနုပဿနာ ၂၅ ချက်

(၃) အနတ္တာနုပဿနာ ၅ ချက် ပေါင်း ဘာဝနာ (၄၀)ဖြစ်၏။

ခန္ဓာတစ်ပါးတွင် ဘာဝနာ(၄၀)ဖြစ်သဖြင့် ခန္ဓာငါးပါးအတွက် ဘာဝနာ(၂၀၀)ဖြစ်သည်။ ထို့ကြောင့် နယဝိပဿနာဟုခေါ်ဆိုသော သမ္မသနဉာဏ်သည် ၂၀၀အပြားရှိ၏။[၃၅]

**ပဋိစ္စသမုပ္ပါဒ်အကြောင်းတရားအကျိုးတရားများကို ဝိပဿနာရှုခြင်း**

ထို့နောက် တစ်ဖန် ယောဂီသည် အတိတ်-ပစ္စုပ္ပန်-အနာဂတ် ဟူသော ဘဝအစဉ်၌ ပဋိစ္စသမုပ္ပါဒ် အကြောင်းတရား အကျိုးတရားများကို ပရမတ်တရားများအဖြစ် ပိုင်းခြား၍ သိမြင်အောင် ရှုဆင်ခြင်ပြီးလျှင် ဤပရမတ်တရားတို့ကို အနိစ္စတစ်လည်း၊ ဒုက္ခတစ်လည်း၊ အနတ္တတစ်လည်းလက္ခဏာ ယာဉ်သုံးပါး တင်၍ တစ်လည်စီ ဝိပဿနာရှု၏။ ဥပမာ-

အဝိဇ္ဇာဖြစ်ခြင်းကြောင့် သင်္ခါရလည်းဖြစ်၏။
အဝိဇ္ဇာဖြစ်ပြီးလျှင် ပျက်၏။ ထို့ကြောင့် အဝိဇ္ဇာသည် အနိစ္စ။
သင်္ခါရဖြစ်ပြီးလျှင် ပျက်၏။ ထို့ကြောင့် သင်္ခါရသည်လည်း အနိစ္စ။

**ရူပသတ္တက,အရူပသတ္တကနည်းတို့ဖြင့် ဝိပဿနာရှုခြင်း**

ထို့နောင်တစ်ဖန် ယောဂီသည် ဝိသုဒ္ဓိမဂ်[၃၆]တွင် ဖော်ပြထား သည့်အတိုင်း ပရမတ်ရုပ်နာမ်တရားများကို ရူပသတ္တကရှုနည်း၊ အရူပသတ္တကရှုနည်းတို့ဖြင့်လည်း ဝိပဿနာရှု၏။

ဤရူပသတ္တကရှုနည်း၊ အရူပသတ္တကရှုနည်းတို့ကို အဇ္ဈတ္တ၊ ဗဟိဒ္ဓ သန္တာန်နှစ်မျိုးလုံးတို့၌ အဝါးဝစွာ နိုင်နိုင်နင်းနင်း ရှုမှားနိုင်ခဲ့သော် ယောဂီသည် ရုပ်ကမ္မဋ္ဌာန်း၊ နာမ်ကမ္မဋ္ဌာန်းနှစ်မျိုးလုံးကို အဝါးဝကျွမ်းကျင်စွာ နှိုက်နှိုက်ချွတ်ချွတ် လေ့လာနိုင်နင်းပြီ ဖြစ်ပေ၏။

**သမ္မသနဉာဏ်အထွတ်အထိပ်ရောက်ခြင်း**

ယောဂီသည် မိမိ၏ဝိပဿနာဉာဏ်ထက်မြက်လာရေးအတွက် ဆိုခဲ့ပြီးသောနည်းအမျိုးမျိုးတို့ဖြင့် ပရမတ်ရုပ်နာမ်တရားတို့ကို အနိစ္စတစ်လည်း၊ ဒုက္ခတစ်လည်း အနတ္တတစ်လည်း လက္ခဏာယာဉ်တင်ရှု၍ အဝါးဝကျွမ်းကျင်လာသောအခါ ရုပ်နာမ် ပရမတ်ဓမ္မများ၏ ဖြစ်မှုပျက်မှုသဘောတို့သည် သူ၏ အသိဉာဏ်တွင် အလွန်ထင်ရှားပြတ်သားစွာ ပေါ်လွင်လာကြ၏။ ယခုအခါ သူသည် ပရမတ်ရုပ်နာမ်တရားတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာတို့ဖြင့် ရှုမြင်တတ်သည့် သမ္မသနဉာဏ်ကို အထွတ်အထိပ်ရောက်အောင် ပို့ဆောင်ခဲ့ပြီးလေပြီ။

မဟာဝိပဿနာအမည်ရသော ပင်မဝိပဿနာဉာဏ်(၁၈)ပါးတို့၏ တစ်စိတ်တစ်ဒေသကိုလည်း သူထိုးထွင်းမြင်သိပြီဖြစ်သဖြင့် သူထိုးထွင်းမြင်သိပြီးသောအခြင်းအရာများနှင့် ဆန့်ကျင်သည့် သဘောတရားများကို သူဖယ်ရှားထားနိုင်လေပြီ။ [၃၇]

**ဥဒယဗ္ဗယဉာဏ်ကို ပို့ဆောင်ခြင်း**

ဥဒယဗ္ဗယဉာဏ်သည် ပရမတ်ရုပ်နာမ်တရားတို့၏ အနိစ္စ, ဒုက္ခ, အနတ္တလက္ခဏာတို့နှင့်တကွ ဖြစ်ခြင်းပျက်ခြင်းသဘောတို့ကို ထင်ရှားစွာရှုသိသောဉာဏ်ဖြစ်၏။

ဤဉာဏ်ကို ပို့ဆောင်ရန်အတွက် ယောဂီသည် ပရမတ် ရုပ် နာမ်တရားများကို ပဋိစ္စသမုပ္ပါဒ် အကြောင်းတရား အကျိုးတရားများနှင့်တကွ အနိစ္စတစ်လည်း ဒုက္ခတစ်လည်း အနတ္တတစ်လည်း လက္ခဏာသုံးတန် တစ်လည်စီတင်၍ ဝိပဿနာရှုပြန်၏။ သူသည် ရှေးဦးစွာ ပစ္စုပ္ပန်၌ (၁) ရုပ်သက်သက်ကို

(၂) နာမ်သက်သက်ကို (၃) ရုပ်နာမ်တွဲလျက် အဇ္ဇတ္တတစ်လှည့် ဗဟိဒ္ဓတစ်လှည့် ရံခါအနိစ္စ လက္ခဏာတင်၍၊ ရံခါဒုက္ခလက္ခဏာတင်၍၊ ရံခါအနတ္တလက္ခဏာတင်၍ တွင်တွင်ကြီးဝိပဿနာရှု၏။

အလားတူပင် ခန္ဓာငါးပါးနည်းဖြင့် (၁) ရုပ်သက်သက်ကို (၂) ဝေဒနာသက်သက်ကို (၃) သညာသက်သက်ကို (၄) သခ်ါရသက်သက်ကို (၅) ဝိညာဏ်သက်သက်ကို ရံခါအနိစ္စလက္ခဏာတင်၍, ရံခါဒုက္ခလက္ခဏာတင်၍၊ ရံခါအနတ္တလက္ခဏာတင်၍ ခဏပစ္စုပ္ပန်သို့ဆိုက်အောင် တွင်တွင်ကြီး ဝိပဿနာရှု၍ အဇ္ဇတ္တတစ်လှည့် ဗဟိဒ္ဓတစ်လှည့်ရှု၏။

အလားတူပင် အဝိဇ္ဇာ၊ သခ်ါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဋ္ဌာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ(ကမ္မဘဝ+ဥပပတ္တိဘဝ) ဟူသော ပဋိစ္စသမုပ္ပါဒ်အင်္ဂါရပ်များ၏ ဖြစ်မှုပျက်မှုကိုသာ အာရုံယူ၍ လက္ခဏာယာဉ်သုံးချက် တစ်လှည့်စီတင်ကာ ဝိပဿနာရှု၏။ ခဏပစ္စုပ္ပန်သို့ ဆိုက်အောင် ရှု၏။

ပစ္စုပ္ပန်ဝယ် ယင်းရုပ်နာမ်တရားတို့ကို ခဏပစ္စုပ္ပန်သို့ ဆိုက်အောင်တွင်တွင်ကြီး ဝိပဿနာရှုနိုင်၍ အသိဉာဏ်လည်း သန့်ရှင်းခဲ့သော် အတိတ်ဘဝအဆက်ဆက်မှ ပစ္စုပ္ပန်၊ ပစ္စုပ္ပန်မှ အနာဂတ်ဆုံးသည်အထိ (၁) ရုပ်သက်သက်ကို (၂) နာမ်သက်သက်ကို (၃) ရုပ် နာမ်တွဲလျက် ရုပ်နာမ်နှစ်ပါးနည်းဖြင့် အဇ္ဇတ္တတစ်လှည့် ဗဟိဒ္ဓတစ်လှည့် ရံခါအနိစ္စလက္ခဏာတင်၍၊ ရံခါဒုက္ခလက္ခဏာတင်၍၊ ရံခါအနတ္တလက္ခဏာတင်၍၊ ခဏပစ္စပ္ပန်သို့ဆိုက်အောင် တွင်တွင်ကြီးဝိပဿနာရှု၏။ အဇ္ဇတ္တတစ်လှည့်၊ ဗဟိဒ္ဓိတစ်လှည့် ရှု၏။

အလားတူပင် အဝိဇ္ဇာ၊ သခ်ါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဋ္ဌာယ တန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ(ကမ္မဘဝ+ဥပပတ္တိ ဘဝ)ဟူသော ပဋိစ္စသမုပ္ပါဒ်အင်္ဂါရပ်များ၏ ဖြစ်မှုပျက်မှုကိုသာ အာရုံယူ၍ လက္ခဏာယာဉ်သုံးချက်တစ်လှည့်စီတင်ကာ ဝိပဿနာ ရှု၏၊ ခဏပစ္စုပ္ပန်သို့ဆိုက်အောင် ရှု၏။

ပစ္စုပ္ပန်ဝယ် ယင်းရုပ်နာမ်တရားတို့ကို ခဏပစ္စုပ္ပန်သို့ဆိုက်အောင် တွင်တွင်ကြီးဝိပဿနာရှုနိုင်၍ အသိဉာဏ်လည်း သန့်ရှင်းခဲ့သော် အတိတ်ဘဝအဆက်ဆက်မှ ပစ္စုပ္ပန်၊ ပစ္စုပ္ပန်မှ အနာဂတ်ဆုံးသည်အထိ (၁) ရုပ်သက်သက်ကို (၂) နာမ်သက်သက်ကို (၃) ရုပ် နာမ်တွဲလျက် ရုပ်နာမ်နှစ်ပါးနည်းဖြင့် အဇ္ဇတ္တတစ်လှည့် ဗဟိဒ္ဓတစ်လှည့် လက္ခဏာယာဉ်သုံးချက် တစ်လှည့်စီတင်၍ရှု၏။ ထို့နောက် (၁) ရုပ်သက်သက်ကို (၂) ဝေဒနာသက်သက်ကို (၃)သညာသက်သက်ကို (၄) သခ်ါရသက်သက်ကို (၅) ဝိညာဏ်သက်သက်ကို ခန္ဓာငါးပါးနည်းဖြင့်လည်း အလားတူ ဝိပဿနာရှု၏။

ထို့နောက် ယောဂီသည် ရုပ်နာမ်တရားတို့ကို အဖြစ်သက်သက်ရှုနည်း *(သမုဒယဓမ္မာနုပဿီ)*၊ (၂) အပျက်သက်သက်ရှုနည်း *(ဝယဓမ္မာနုပဿီ)*၊ (၃) အဖြစ်အပျက်ရှုနည်း *(သမုဒယဝယဓမ္မာနုပဿီ)* [၃၈,၃၉,၄၀] တို့ဖြင့် ဝိပဿနာရှု၏။ ကျွမ်းကျင်လိမ္မာစွာတွင်တွင်ကြီး ဝိပဿနာရှုလာနိုင်သောအခါ ရုပ်နာမ်တရားများကို အကြောင်းတရား၊ အကျိုးတရားများနှင့်တကွ ဖြစ်ဆဲခဏ(ဥပ္ပါဒ)၌ လည်းကောင်း၊ တည်ဆဲခဏ(ဌီတိ)၌လည်းကောင်း၊ ပျက်ဆဲခဏ(ဘင်္ဂ)၌လည်းကောင်း ထင်ရှားစွာ မြင်သိလာ၏။

## ဥပက္ကိလေသာ(၁၀)ပါး ဖြစ်ပေါ်ခြင်း

ထိုအခါ အရိယသစ္စလေးပါး၊ ပဋိစ္စသမုပ္ပါဒ်သဘောတရားများနှင့် လက္ခဏာသုံးပါးတို့သည် ယောဂီ၏ အသိဉာဏ်တွင်ပေါ်လွင် ထင်ရှားလာ၏။ ယောဂီ၌ *တရုဏဝိပဿနာဉာဏ်* ဖြစ်ပေါ်လာ

၏။ ဤဝိပဿနာဉာဏ်အဆင့်၌ မှတ်ကျောက်အဖြစ် ဝိပဿနာ၏ ညစ်ညူးကြောင်းဖြစ်သော ဥပက္ကိလေသာ ၁၀ပါး[၄]တို့ ပေါ်ပေါက် လာ၏။ တောက်ပသော ကိုယ်ရောင်ကိုယ်ဝါ သြဘာသ၊ သန့်ရှင်းထက်မြက်သည့် ဝိပဿနာဉာဏ်၊ ထိဉာဏ်နှင့်ယှဉ်သော ဝမ်းမြောက်မှုပီတိ၊ ငြိမ်းအေးမှုပဿဒ္ဓိ၊ ချမ်းသာသည့်သုခဝေဒနာ၊ ယုံကြည်မှုသဒ္ဓါ၊ အားထုတ်မှုဝီရိယ၊ စွဲမြဲစွာတည်သော သတိ၊ ဗျာပါရမရှိဘဲ လျစ်လျူရှုသည့်သဘောဥပေက္ခာနှင့် နိကန္တိ ခေါ် သိမ်မွေ့သော တဏှာတို့ ဖြစ်ပေါ်လာကြ၏။ ထိုအခါ ယောဂီသည် "ငါမင်္ဂ ရပြီ၊ ဖိုလ်ရပြီ"ဟု မှားယွင်းစွာ ယူဆမိတတ်၏။ မင်္ဂမဟုတ်သည်ကို မင်္ဂဟူ၍လည်းကောင်း၊ ဖိုလ်မဟုတ်သည်ကို ဖိုလ်ဟုလည်းကောင်း အယူမှားမိခြင်းဖြစ်၏။ ယောဂီသည် ဘာဝနာအာရုံကိုစွန့်၍ချမ်းသာ သည့်ခံစားမှုကို တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့် ထိုင်ခံစားနေပေလိမ့်မည်။

### မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိစခန်းသို့ရောက်ခြင်း

သို့သော် ယောဂီသည် ပရိယတ္တိကျမ်းကျင်လျှင် သို့မဟုတ် ဆရာသမား၏ မှန်ကန်သော လမ်းညွှန်မှုကို ခံယူရလျှင် ထိုကိုယ်ရောင်ကိုယ်ဝါစသည်တို့သည် ဝိပဿနာအညစ်အကြေးများဖြစ်ပြီး တဏှာ၊ မာန၊ ဒိဋ္ဌိတို့ကိုဖြစ်ပေါ်စေတတ်ကြောင်းကိုသိ၏။ ဥပက္ကိလေသတစ်ခုစီကို ဆင်ခြင်စိစစ်၍ 'ဤအရာသည် ငါ့ဟာမဟုတ်၊ ငါမဟုတ်၊ ငါ၏အတ္တမဟုတ်'ဟု သိမြင်၏။ တစ်နည်းဆိုရသော်အနိစ္စ၊ ဒုက္ခ၊ အနတ္တဟုရှု၏။ ထို့ကြောင့် သူသည်ကိုယ်ရောင်ကိုယ်ဝါ၊ ပီတိ၊ သုခ စသည်တို့ကို တပ်မက်တွယ်တာသော နိကန္တီတဏှာကို ပယ်ဖြတ်၍ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်နိုင်ရေးအတွက် ဝိပဿနာကို တွင်တွင်ရှုပွား၏။ ဤကား လမ်းမှားကိုပယ်၍ လမ်းမှန်ကိုယူခြင်း ဖြစ်၏။ ယောဂီသည် လမ်းမှန်နှင့် လမ်းမှားတို့ကို ခွဲခြား၍ ထင်ရှားစွာသိမြင်တတ်သော ဉာဏ်ဖြင့် စိတ်ကိုစင်ကြယ်စေခြင်း ဟူသော 'မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ'အဆင့်သို့ ဆိုက်ရောက်လေပြီ။

### မင်္ဂဖိုလ်သို့ရောက်ကြောင်းဖြစ်သည့် ဉာဏ်အမြင်၏ စင်ကြယ်ခြင်း

*(ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ)*

လမ်းမှားကို ဖယ်ခွါ၍ လမ်းမှန်ပေါ်တွင် လျှောက်လှမ်းနေသော ယောဂီသည် ဥဒယဗ္ဗယဉာဏ်မှ သင်္ခါရုပေက္ခာဉာဏ်တိုင်အောင် ရှစ်ပါးသော ဝိပဿနာဉာဏ်တို့ကိုလည်းကောင်း၊ ဝိပဿနာ အထွတ်အထိပ်ဉာဏ်ဖြစ်သည့် မင်္ဂဖြစ်ရန် လျော်ညီသော အနုလောမဉာဏ်ကိုလည်းကောင်း ထူထောင်နိုင်ရန် ဝိပဿနာဆက်လက်ရှုပွားပြန်၏။

သူသည် အာယတနဒွါရခြောက်ပါး၌ ဖြစ်ပေါ်သည့် ပရမတ်ရုပ်နာမ်တရားအားလုံးကို (၁) ရုပ်သက်သက် (၂) နာမ်သက်သက် (၃) ရုပ်နာမ်တွဲလျက် (၄) ခန္ဓာငါးပါး (၅) အာယတန ၁၂ပါး (၆) ဓာတ် ၁၈ပါးနည်းအသီးသီးဖြင့် အနိစ္စတစ်လှည့်၊ ဒုက္ခတစ်လှည့်၊ အနတ္တတစ်လှည့် လက္ခဏာသုံးပါး တစ်လှည့်စီတင်၍ ဝိပဿနာတွင်တွင် ရှုပွား၏။

### အနုပဿနာလေးပါးနည်းဖြင့် ဝိပဿနာရှုခြင်း

ထို့နောက် အနုပဿနာလေးပါးနည်းဖြင့် ဝိပဿနာဆက်ရှု၏။ အာယတနခြောက်ဒွါရ၌ ဖြစ်သော ရုပ်နာမ်အားလုံးအနက် ရုပ်သက်သက်ကို ပဓာနထားကာ ဦးစားပေး၍ လက္ခဏာယာဉ်သုံးပါး တစ်လှည့်စီတင်လျက် ဝိပဿနာရှုပြီးမှ နာမ်တရားကို ဝိပဿနာဆက်ရှု၏၊ ဤသို့ရှုခြင်းကို ကာယာနုပဿနာသတိပဋ္ဌာန် ရှုပွားသည်ဟုဆို၏။

တစ်ဖန် ဝေဒနာဦးဆောင်သည့် နာမ်တရားအားလုံးနှင့် ထိုနာမ်တရားတို့၏ မှီရာဝတ္ထုရုပ်နှင့် အာရုံရုပ်တို့ကို သိမ်းဆည်းပြီးလျှင် ဝေဒနာကိုပဓာနထားကာ ဦးစားပေး၍ ရုပ်နာမ်အားလုံးကို လက္ခဏာယာဉ်သုံးပါး တစ်လှည့်စီတင်လျက် ဝိပဿနာရှုပွား၏။ ဤသို့ ရှုခြင်းကို ဝေဒနာ နုပဿနာသတိပဋ္ဌာန်ရှုပွားသည်ဟု ဆိုရ၏။ ဥပမာ-

မှီရာဝတ္ထု ဖြစ်ပျက် - အနိစ္စ (ဒုက္ခ၊ အနတ္တ)

အာရုံရုပ် ဖြစ်ပျက် - အနိစ္စ (ဒုက္ခ၊ အနတ္တ)

ဝေဒနာ ဖြစ်ပျက် - အနိစ္စ (ဒုက္ခ၊ အနတ္တ)

(ဝေဒနာ၏ ယှဉ်ဖက်ဖြစ်သော နာမ်တရားအားလုံးကို ဆက် ရှုပါ)

တစ်ဖန် အသိစိတ်ဝိညာဏ်ကို ဦးစားပေးကာ နာမ်ရုပ်တရားတို့ကို သိမ်းဆည်းပြီးလျှင် အသိစိတ်ကို ပဓာနထားကာ ဦးစားပေး ၍ ရုပ်နာမ်အားလုံးကို လက္ခဏာယာဉ်သုံးပါးတစ်လှည့်စီတင်လျက် ဝိပဿနာရှုပွား၏။ ဤသို့ရှုခြင်းကို စိတ္တာနုပဿနာသတိပဋ္ဌာန်ရှုပွားသည်ဟု ဆိုရ၏။ ဥပမာ-

မှီရာဝတ္ထု ဖြစ်ပျက်- အနိစ္စ (ဒုက္ခ၊ အနတ္တ)

အာရုံရုပ် ဖြစ်ပျက် - အနိစ္စ (ဒုက္ခ၊ အနတ္တ)

ဝိညာဏ် ဖြစ်ပျက် - အနိစ္စ (ဒုက္ခ၊ အနတ္တ)

(ဝိညာဏ်၏ ယှဉ်ဖက်ဖြစ်သော နာမ်တရားအားလုံးကို ဆက်ရှုပါ)

တစ်ဖန် ဖဿ,စေတနာ,သညာစသည်ကို ဦးစားပေးကာ နာမ် ရုပ်တရားတို့ကို သိမ်းဆည်းပြီးလျှင် ဖဿစသည်ကို ပဓာနထားကာ ဦးစားပေး၍ ရုပ်နာမ်အားလုံးကို လက္ခဏာယာဉ်သုံးပါးတစ်လှည့်စီတင်လျက် ဝိပဿနာရှုပွား၏။ ဤသို့ရှုခြင်းကို ဓမ္မာနုပဿနာ သတိပဋ္ဌာန် ရှုပွားသည်ဟု ဆိုရ၏။ ဥပမာ-

မှီရာဝတ္ထု ဖြစ်ပျက်- အနိစ္စ (ဒုက္ခ၊ အနတ္တ)

အာရုံရုပ် ဖြစ်ပျက် - အနိစ္စ (ဒုက္ခ၊ အနတ္တ)

ဖဿ(စေတနာ)ဖြစ်ပျက် - အနိစ္စ (ဒုက္ခ၊ အနတ္တ)

(ဖဿစသည်၏ ယှဉ်ဖက်ဖြစ်သော နာမ်တရားအားလုံးကို ဆက်ရှုပါ)

**ဣရိယာပထနှင့် သမ္ပဇညပိုင်းဝိပဿနာရှုခြင်း**

"ဣရိယာပထ"သည် သွား၊ ရပ်၊ ထိုင်၊ လျောင်း ဟူသောဣရိယာ ပုတ်လေးပါးကို ဆိုလို၏။ 'သမ္ပဇည'သည် ဆင်ခြင်ဉာဏ်ဖြစ်၏။ ယောဂီသည် သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ လျောင်းခြင်း၊ လက်ဆန့်ခြင်း၊ လက်ကွေးခြင်းစသည်ဖြင့် ဣရိယာပုတ်တစ်မျိုးမျိုးဖြင့် နေနေသည့်အခါ ရုပ်နာမ်တရား=ခန္ဓာငါးပါးကို ဉာဏ်ဖြင့် ပိုင်းခြား၍ သိအောင်သိမ်းဆည်း၏။ ကိုယ်လက်အင်္ဂါ လှုပ်ရှားမှု တိုင်း၌ လှုပ်ရှားလိုသည့် ရည်ရွယ်ချက်၊ ရွေ့ရှားပုံ၊ ရွေ့ရှားခြင်း၏ အကျိုးတရားတို့ကို ဉာဏ်ဖြင့်သိအောင်

ဆင်ခြင်၏။ အာယတနခြောက်ဒွါရ၌ ဖြစ်ပေါ်ကြသော ရုပ်နာမ်တရားများ (ခန္ဓာငါးပါး)ကိုလည်း ဉာဏ်ဖြင့် ပိုင်းပိုင်းခြားခြားသိအောင် ရှုဆင်ခြင်၏။

ထိုသိမ်းဆည်းပြီးသော ဣရိယာပုတ်တစ်ခုစီ၌ ရှိသည့် ရုပ်တရား နာမ်တရားတို့ကို

(၁) ရုပ်နာမ်နှစ်ပါးနည်းဖြင့် (၂)ပုံ ပုံ၍လည်းကောင်း၊

(၂) ခန္ဓငါးပါးနည်းဖြင့် (၅)ပုံ ပုံ၍လည်းကောင်း၊

(၃) အာယတန (၁၂)ပါးနည်းဖြင့် (၁၂)ပုံ ပုံ၍လည်းကောင်း၊

(၄) ဓာတ် (၁၈)ပါးနည်းဖြင့် (၁၈)ပုံ ပုံ၍လည်းကောင်း၊

(၅) အင်္ဂါ (၁၂)ရပ်ပုံ၍ ပဋိစ္စသမုပ္ပါဒ်နည်းဖြင့်လည်းကောင်း၊

ဝိပဿနာရှု၏။ ရုပ်နာမ်နှစ်ပါးနည်းဖြင့် ဝိပဿနာရှုပုံမှာ–

(၁) ရုပ်သက်သက်ကို (၂) နာမ်သက်သက်ကို (၃) ရုပ်နှင့် နာမ်ပူးတွဲ၍ လက္ခဏာယာဉ်သုံးတန် တစ်လှည့်စီတင်၍ ဝိပဿနာ ရှု၏။ အတိတ်–ပစ္စုပ္ပန်–အနာဂတ်ဟူသော ကာလသုံးပါး၊ အဇ္ဈတ္တ–ဗဟိဒ္ဓဟူသည့် သန္တာန်နှစ်ပါးလုံး၌ ခဏပစ္စုပ္ပန်သို့ ဆိုက်အောင် ဝိပဿနာရှု၏။

ထိုရုပ်နာမ်တရားတို့ကို ကာလသုံးပါး၊ သန္တာန်နှစ်ပါးတို့၌ ခဏပစ္စုပ္ပန်ဆိုက်အောင် ဝိပဿနာ ရှုနိုင်ခဲ့သော် ပဋိစ္စသမုပ္ပါဒ် ပထမနည်းဖြင့် ဆက်လက်၍ ဝိပဿနာရှု၏–

(၁) အဝိဇ္ဇာစသော အကြောင်းတရားဖြစ်ခြင်းကြောင့် သင်္ခါရ စသော အကျိုးတရားဖြစ်၏။

(၂) အဝိဇ္ဇာစသည့်အကြောင်းတရားချုပ်ခြင်းကြောင့် သင်္ခါရ စသည့်အကျိုးတရားချုပ်၏။

(၃) အကြောင်းတရားဖြစ်ပြီး ချုပ်ခြင်းကြောင့် အကျိုးတရား ဖြစ်ပြီးချုပ်၏။

(၄) အကြောင်းအကျိုး နှစ်မျိုးလုံးတို့၏ ဖြစ်ပျက်သဘောကို ဉာဏ်ဖြင့်မြင်အောင်ကြည့်၍ လက္ခဏာယာဉ်သုံးချက်တစ်လှည့်စီတင်၍ ဝိပဿနာရှု၏၊ ကာလသုံးပါး၊ သန္တာန် နှစ်ပါးလုံး၌ ရှု၏။

ဤသို့ အဝါးဝစွာ ရှုပြီးသည့်အခါ ယင်းရုပ်နာမ်တရားတို့၏ အသုဘသဘောကိုလည်း ရံခါရှု၏။ ဥဒယဗ္ဗယဉာဏ်ပြည့်စုံလာသည်အထိ ယောဂီသည် ကြိုးစား၍ ရှုပွား၏။

**ဘင်္ဂဉာဏ်ဖြစ်ပေါ်အောင် ဆက်ရှုခြင်း**

ဤသို့လျှင် ရုပ်နာမ်နှစ်ပါး,ခန္ဓာငါးပါး,အကြောင်းတရားအကျိုးတရားများကို အနိစ္စတစ်လှည့်, ဒုက္ခတစ်လှည့်၊ အနတ္တတစ်လှည့်၊ ရံခါအသုဘတစ်လှည့် ထပ်ခါဖန်ဖန် တွင်တွင်ကြီး ဝိပဿနာရှုနေ သဖြင့် ရှေးရှေးဘာဝနာဉာဏ်နှင့် နောက်နောက်ဘာဝနာဉာဏ်တို့ ဆက်စပ်မိကြရကား ဝိပဿနာဉာဏ် သည် အလွန်အားကောင်းလာ၏၊ ထက်မြက်လာ၏၊ စူးရှလာ၏၊ သန့်ရှင်းလာ၏။ ထိုအခါ ယောဂီသည် သင်္ခါရတရားတို့၏အဖြစ်ကို နှလုံးမသွင်းတော့ဘဲ အပျက်ကိုသာ တစ်ဖက်သတ် နှလုံးသွင်း၏။

*'ခယ ဝယ ဘေဒ နိရောဓေယေဝ သတိသန္တိဋ္ဌတိ'*

*"ရှေးရှေးသော ဝိပဿနာဘာဝနာဉာဏ်တို့၏ အားကြီးသော မှီရာ ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေးမှုအရှိန်အဝါသတ္တိထူးကြီးကို ဆက်ခံရသော နောက်နောက်ဝိပဿနာဉာဏ်တို့နှင့် ယှဉ်တွဲ ဖြစ်ပေါ်သည့်သတိသည် သခ်ါရတရားတို့၏ ကုန်မှု၊ ပျက်မှု၊ ပြိုမှု၊ ချုပ်မှု သဘော၌သာလျှင် ကောင်းစွာတည်နေပေ၏"*

(၁) *အနိစ္စ* ခယဋ္ဌေန–သခ်ါရတရားတို့၏ ကုန်မှု ပျက်မှု ပြိုမှု ချုပ်မှုသဘောကို တိုက်ရိုက်ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ "အနိစ္စ၊ အနိစ္စ"ဟု ထပ်တလဲလဲရွတ်၏။

(၂) *ဒုက္ခံ* ဘယဋ္ဌေန–သခ်ါရတရားတို့၏ ကုန်ကုန် ပျက်ပျက် ပြိုပြိုပျောက်ပျောက်ဖြစ်နေသဖြင့် ကြောက်လန့်ဖွယ်ကောင်းသည့် အနက်သဘောကို တိုက်ရိုက်ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ "ဒုက္ခ၊ ဒုက္ခ"ဟု ထပ်တလဲလဲ ရွတ်၏။

(၃) *အနတ္တာ* အသာရကဋ္ဌေန–သခ်ါရတရားတို့၏ ခိုင်မာသည့် အနှစ်သာရ မရှိခြင်း၊ အတ္တာမရှိခြင်း ငါမရှိခြင်းသဘောကို တိုက်ရိုက်ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ "အနတ္တ၊ အနတ္တ"ဟု ထပ်တလဲလဲ ရွတ်၏။

(၄) ရဲခါ အသုဘသဘောကိုလည်း ရွတ်၏။

ယောဂီသည် နာမရူပပရိစ္ဆေဒဉာဏ်နှင့် ဒိဋ္ဌိဝိသုဒ္ဓိတို့ကို ထူထောင်စဉ်အခါ၌ ရုပ်ဃန, နာမ်ဃန=ရုပ်တုံးရုပ်ခဲ, နာမ်တုံး နာမ် ခဲများကို ဉာဏ်ဖြင့် ဖြိုခွဲ၍ ပရမတ်ရုပ်နာမ်တရားများကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ ဝိပဿနာရွှေ့ခဲ့ရာ ယခုအခါ ဘင်္ဂဉာဏ်ခန်းသို့ ရောက်လာပြီဖြစ်သဖြင့် ရုပ်ကလာပ်များ မထင်ရှားတော့ချေ။ သူ၏ ဝိပဿနာဘာဝနာဉာဏ်သည်လည်း အလွန်ထက်မြက်စူးရှလာသဖြင့် ပရမတ်ရုပ်တရား၊ နာမ်တရားတို့သည် သူ၏ဉာဏ်တွင် အလွန်လျင်မြန်စွာ ပေါ်လွင်ထင်ရှားလာကြ၏။ ထိုသခ်ါရတရားတို့ သည် အလွန်အလွန်လျင်မြန်စွာဖြစ်ပျက်နေရကား ၎င်းတို့၏ဖြစ်မှု ဥပါဒ်သဘောကို ဉာဏ်ဖြင့် မီအောင်မလိုက်နိုင်၊ တည်မှု ဌီ သဘောကိုလည်း ဉာဏ်ဖြင့်မီအောင်မလိုက်နိုင်၊ ပျက်မှု ဘင် သဘောကိုသာ ရှုမြင်ရတော့၏။

ရုပ်နာမ်သခ်ါရတရားတို့၏ ပျက်ခြင်းသဘောကိုသာ ရှုသိသော ဉာဏ်သည် ဘင်္ဂဉာဏ် ဖြစ်ပေ၏။

**ဉာတ–ဉာဏဝိပဿနာရှုခြင်း**

'ဉာတ'ဟူသည်မှာ အတိတ်–ပစ္စုပ္ပန်–အနာဂတ် ဟူသော ကာလသုံးပါး၊ အဈတ္တ–ဗဟိဒ္ဓဟူသည့် သန္တာန်နှစ်ပါးတို့၌ တည်ရှိကြသော ပရမတ်ရုပ်တရားနာမ်တရားများနှင့် အကြောင်းတရား အကျိုးတရားများကို ခေါ်ဆိုခြင်းဖြစ်၏။

'ဉာဏ'ဟူသည်မှာ ဉာတအမည်ရသော ရုပ်နာမ်သခ်ါရတရားတို့ကို အနိစ္စတစ်လှည့် ဒုက္ခတစ်လှည့် အနတ္တတစ်လှည့် ဝိပဿနာရှုတတ်သော ဉာဏ်ဖြစ်၏။ ဤဉာဏ်သည် ဝိပဿနာရှုနေသော မနောဒွါရိက ဇောဝီထိစိတ်အစဉ်နှင့် ယှဉ်သည့် ပညာစေတသိက်ဖြစ်၏။

ဝိသုဒ္ဓိမဂ်[၄၄]တွင် ညွှန်ကြားထားသည့်အတိုင်း ယခုအခါ ယောဂီသည် ၎င်းဉာတ, ဉာဏအမည်ရသော တရား(၂)မျိုးလုံးကိုပင် ဝိပဿနာရှုရမည်ဖြစ်သည်။ ပုံစံအားဖြင့်–

(၁) ရုပ်ရှု–ရုပ်ပျက်–အနိစ္စ၊ ရှုသည့်ဉာဏ်လည်းပျက်–အနိစ္စ။

(၂) နာမ်ရှ-ရုပ်ပျက်-အနိစ္စ၊ ရှသည့်ဉာဏ်လည်းပျက်-အနိစ္စ။

(ဒုက္ခ-အနတ္တ-နည်းတူရှပါ) ဤသို့ရှရာ၌

(၁) ရုံခါ အဋ္ဌတ္တ (၂) ရုံခါဗဟိဒ္ဓ, ထိုတွင်လည်း

(၃) ရုံခါရုပ်တရား (၄) ရုံခါနာမ်တရား

(၅) ရုံခါအကြောင်းတရား (၆) ရုံခါအကျိုးတရားတို့ကို

လက္ခဏာယာဉ်သုံးချက်တစ်လှည့်စီတင်၍ ဝိပဿနာရှုရ၏။ အတိတ်နှင့် အနာဂတ်တို့၌လည်း နည်းတူပင် လှည့်လည်၍ဝိပဿနာ ရှုရ၏။ ခန္ဓာငါးပါးနည်းဖြင့်လည်း အလားတူ ဝိပဿနာရှုရ၏။ ထိုသို့ ဝိပဿနာရှုရာ၌ ရှု၍ပိုကောင်းသော ရုပ်တရား သို့မဟုတ် နာမ်တရားကို ဦးစားပေး၍ ရှုနိုင်ပါသည်။ မဟာဋီကာ[၄]တွင် ညွှန်ပြထားသည့်အတိုင်း ဘင်္ဂဉာဏ်ပြည့်စုံရန်အတွက် နည်းအမျိုးမျိုးဖြင့် ဝိပဿနာရှုသင့်သည်။

ပဋိစ္စသမုပ္ပါဒ်အင်္ဂါရုပ်တို့၏ အပျက်သက်သက်ကိုလည်း အာရုံယူ၍ လက္ခဏာယာဉ်တင်ကာ ဝိပဿနာရှုပါ။ ကာလသုံးပါး၊ သန္တာန်နှစ်ပါးလုံး၌ ရှုပါ။ ရုံခါ ရှသည့်ဉာဏ်ကို တစ်ဖန်ပြန်၍ ဝိပဿနာရှုပါ။ ရှုပုံမှာ-

(၁) အဝိဇ္ဇာရှ-အဝိဇ္ဇာပျက်-အနိစ္စ၊ ရှသည့်ဉာဏ်လည်းပျက်- အနိစ္စ၊

(၂) သင်္ခါရရှ-သင်္ခါရပျက်-အနိစ္စ၊ ရှသည့်ဉာဏ်လည်းပျက်- အနိစ္စ၊

ဤသို့ စသည်ဖြင့် ဆက်ရှုပါ။

**ဘယဉာဏ်ဖြစ်ပေါ်ခြင်း**

ဆိုခဲ့သည့်အတိုင်း အတိတ်-ပစ္စုပ္ပန်-အနာဂတ်၊ အဋ္ဌတ္တ-ဗဟိဒ္ဓဖြစ်သည့် ဘုံသုံးပါးအတွင်းရှိ ရုပ်နာမ်သင်္ခါရတရားတို့၏ ကုန်ကုန်ပျက်ပျက်သွားခြင်းဟု ဆိုအပ်သော ခဏိကနိရောဓလျှင် အာရုံရှိသည့် ဘင်္ဂါနုပဿနာဉာဏ်ကို ကြိမ်ဖန်များစွာ ပွားများနေသည့်အခါ ယောဂီ၏ဉာဏ်အမြင်တွင် အလုံးစုံသော ဘဝသုံးပါး၊ ယောနိလေးပါး၊ ဂတိငါးပါး၊ ဝိညာဏဋ္ဌိတိခုနစ်ပါး၊ သတ္တဝါသ ကိုးပါး တို့ကို ဖြစ်စေသည့် သင်္ခါရတရားတို့သည် တရစပ်ပျက်နေကြသည့်အတွက် ကြောက်မက်ဖွယ်ရာဘေးကြီး အဖြစ်ထင်လာ၏။ သင်္ခါရတရားတို့၏ ခဏမစဲပျက်ပျက်နေသည့်ဒဏ်ချက်ဖြင့် နှိပ်စက်ခံနေရခြင်းသည် ကြီးကျယ်သော ဆင်းရဲနှင့် ကြီးမားသောကြောက်မက်ဖွယ်ရာဘေးကြီးအဖြစ် အလွန်ပေါ်လွင်ထင်ရှားလာ၏။

"အတိတ်သင်္ခါရတရားတို့သည် ချုပ်ပျက်ကုန်ပြီ၊ ပစ္စုပ္ပန်သင်္ခါရတရားတို့ကလည်း ချုပ်ပျက်ဆဲ၊ အနာဂတ်သင်္ခါရတရားတို့လည်း အလားတူချုပ်ပျက်ကုန်လတ္တံ့'ဟု ရှုမြင်သော ယောဂီအား ရုပ်နာမ်သင်္ခါရတရားတို့သည် ကြောက်လန့်ဖွယ်ရာ ဘေးဆိုးကြီးပါတကားဟုသိသော ဘယဉာဏ်(၀၊) ဘယတုပဋ္ဌာနဉာဏ်သည် ဖြစ်ပေါ်လာ၏။

**အာဒီနဝဉာဏ်ဖြစ်ပေါ်ခြင်း**

ထို ဘယတုပဋ္ဌာနဉာဏ်ကို ရှိသေလေးမြတ်လျက် ကြိမ်ဖန်များစွာ မှီဝဲပွားများသော ယောဂီအား အလုံးစုံသောဘဝသုံးပါး၊ ယောနိလေးပါး၊ ဂတိငါးပါး၊ ဝိညာဏဋ္ဌိတိခုနစ်ပါး၊ သတ္တာဝါသ ကိုးပါးတို့သည် ကိုးကွယ်လဲလျောင်းရာ မှီခိုပုန်းအောင်းရာအဖြစ် မထင်ကြတော့ချေ။

ဘဝသုံးပါးတို့သည် မီးကျီးတွင်းကဲ့သို့၊ မဟာဘုတ်လေးပါးတို့သည် အဆိပ်ကြွမ်းသောမြွေကဲ့သို့၊ ခန္ဓာငါးပါးတို့သည် သန်လျက်ချိုပိုးထားသည့် သူသတ်ယောကျ်ားကဲ့သို့ ထင်ကုန်၏။ အဋ္ဌတ္တိကာယတနခြောက်ပါးတို့သည် လူသူကင်းဆိတ်သည့် ရွာပျက်ကဲ့သို့၊ ဗာဟိရာယတနခြောက်ပါးတို့သည် ခိုးသားဓားပြကဲ့သို့ ထင်ကုန်၏။ ဝိညာဏဌိတိခုနစ်ပါးနှင့် သတ္တာဝါသကိုးပါးတို့သည် ရာဂစသည့်မီး (၁၁)ပါးတို့ဖြင့် အလျှံတပြောင်ပြောင် တောက်လောင်နေသကဲ့သို့ အလုံးစုံသောသင်္ခါရတို့သည်လည်း အိုင်းအမာ၊ အနာရောဂါ၊ မြားငြောင့်၊ ဘေးဆိုးကြီး၊ ဒုက္ခတုံးကြီး၊ ကြီးမားသောအပြစ်အစုအဖြစ်ထင်ကုန်၏။[၄၅၊ ၄၆]

ဤသို့လျှင် ဘင်္ဂါနုပဿနာပွားများသည်၏ အစွမ်းဖြင့် အလုံးစုံသော ရုပ်နာမ်သင်္ခါရတရားတို့သည် ကြောက်မက်ဖွယ်ရာဘေးဆိုးကြီးအဖြစ် ထင်လာကုန်၏။ ထိုသင်္ခါရတရားတို့၏ အနိစ္စအပြစ်၊ ဒုက္ခအပြစ်၊ အနတ္တအပြစ်၊ ဖောက်ပြန်ပျက်စီးတတ်သော ဝိပရိဏာမ အပြစ်တို့ကို သိမြင်သော အာဒီနဝဉာဏ်သည်လည်း ဖြစ်ပေါ်လာ၏။

### နိဗ္ဗိဒါဉာဏ်ဖြစ်ပေါ်ခြင်း

ယောဂီသည် ဘုံသုံးပါးအတွင်းရှိ ရုပ်နာမ်သင်္ခါရအားလုံးကို ကျေနပ်မှုမရှိဘဲ အပြစ်များနှင့် ပြည့်လျက်ရှိသော ဘေးဆိုးကြီးအဖြစ် မြင်လာသည့်အခါ အလုံးစုံသောဘဝ၊ ယောနိ၊ ဂတိ၊ ဝိညာဏဌိတိ၊ သတ္တာဝါသတို့၌ အတွင်းဝင်သည့် ရုပ်နာမ်သင်္ခါရအပေါင်း၌ ငြီးငွေ့ခြင်းသို့ ရောက်၏၊ ဆန့်ကျင်၏၊ မမွေ့လျော်တော့။ ထို့ကြောင့် သင်္ခါရ တရားအားလုံးကို ငြီးငွေ့ ရွံမုန်းဖွယ်အဖြစ် ရှုမြင်သော နိဗ္ဗိဒါဉာဏ်သည်လည်း ဖြစ်ပေါ်လာ၏။[၄၇]

### မုစ္ဆိတုကမျတာဉာဏ်ဖြစ်ပေါ်ခြင်း

တစ်ရံမစဲ အမြဲပြိုပျက်နေကြသော ရုပ်နာမ်သင်္ခါရအားလုံး၌ ငြီးငွေ့ရွံမုန်းလာသော ယောဂီသည် အလုံးစုံသော ဘဝ၊ ယောနိ၊ ဂတိ၊ ဝိညာဏဌိတိ၊ သတ္တာဝါသတို့၌ ပြိုပျက်နေကြသည့် သင်္ခါရတို့တွင် တစ်ခုသော သင်္ခါရ၌လည်း ကျေနပ်နှစ်သက်ခြင်းမဖြစ်၊ မငြိမကပ်၊ မဖွဲ့မယှက်၊ ထိုအလုံးစုံသော သင်္ခါရတရားအပေါင်းမှ လွတ်ခြင်းငှာ ထွက်မြောက်ခြင်းငှာ အလိုရှိ၏။

အဘယ်ကဲ့သို့နည်းဟူမူ ပိုက်ကွန်အတွင်းသို့ ဝင်ရောက်မိသော ငါး၊ မြွေခံတွင်းသို့ ဝင်ရောက်ရသည့်ဖား၊ လှောင်ချိုင့်တွင်မိနေသော တောကြွက်၊ မြဲမြံစွာနှောင်ဖွဲ့သည့် ကျော့ကွင်းထဲရှိ သမင်၊ ရန်သူတို့ ဝန်းရံထားသောယောကျ်ား အသီးသီးက ထိုထိုအနှောင်အဖွဲ့မှ လွတ်လို၊ ထွက်မြောက်လို သကဲ့သို့တည်း။ ထို့အတူ ထိုယောဂီသူမြတ်သည် ခပ်သိမ်းသော သင်္ခါရအပေါင်းမှ လွတ်လိုထွက်မြောက်လို၏။ ထို့ကြောင့် အလုံးစုံသော ရုပ်နာမ်သင်္ခါရအပေါင်းမှ လွတ်မြောက်လိုသော မုဉ္စိတုကမျတာဉာဏ်သည် ယောဂီသန္တာန်၌ ဖြစ်ပေါ်လာ၏။[၄၈]

### ပဋိသင်္ခါဉာဏ်ဖြစ်ပေါ်ခြင်း

ထိုသို့ ကာလသုံးပါး ဘုံသုံးပါးအတွင်း၌ ဖြစ်ပျက်နေကြသော ရုပ်နာမ်သင်္ခါရတရားအပေါင်းမှ လွတ်မြောက်လိုသည့် ယောဂီသည် ဤရုပ်နာမ်သင်္ခါရတရားတို့ကိုပင် တစ်ဖန်ပြန်၍ ဝိပဿနာဉာဏ်ဖြင့် ပိုင်းခြားယူလျက် လက္ခဏာယာဉ်သုံးတန် တစ်လှည့်စီတင်ကာ ဝိပဿနာရှု၏။ ဤသို့ ရှုသော ဝိပဿနာဉာဏ်သည် ပဋိသင်္ခါနုပဿနာဉာဏ်ဖြစ်၏။

ထိုအလုံးစုံသော သခ်ၤါရတရားတို့သည် (၁) ပျက်ခြင်းအစွန်းကို မလွန်နိုင်သောကြောင့် (၂) အခိုက်အတန့်မျှသာ တည်သောကြောင့်၊ (၃) ဖြစ်ခြင်းချုပ်ခြင်းဖြင့် ပိုင်းခြားအပ်သောကြောင့်၊ (၄) ဗျာဓိ၊ ဇရာ၊ မရဏာတို့ဖြင့် ပေါက်ကွဲပျက်စီးခြင်းကြောင့်၊ (၅) လာဘ၊ အလာဘ စသော လောကဓံတို့ဖြင့် တုန်လှုပ်သောကြောင့်၊ (၆) ပျက်စီးတတ်သောကြောင့်၊ (၇) မမြဲသည့်သဘောကြောင့်၊ (၈) ဇရာ၊ မရဏာသို့ ဖောက်ပြန်တတ်သောကြောင့်၊ (၉) အနှစ်မဟုတ်၊ အကာနှင့်တူခြင်းကြောင့်၊ (၁၀) သေခြင်းပျက်ခြင်းသဘောရှိခြင်းကြောင့် ယောဂီ၏ဉာဏ်တွင် အနိစ္စအဖြစ် ပေါ်လွင်ထင်ရှားလာကုန်၏။

တစ်ဖန် ထိုအလုံးစုံသော သခ်ၤါရတရားတို့သည် (၁) မပြတ်မလပ် အဖန်ဖန် နှိပ်စက်တတ်ခြင်းကြောင့်၊ (၂) သည်းခံနိုင်ခဲသည့် အဖြစ်ကြောင့်၊ (၃) ဒုက္ခ၏တည်ရာဝတ္ထုဖြစ်ခြင်းကြောင့်၊ (၄) အနာရောဂါနှင့်တူသည်အဖြစ်ကြောင့်၊ (၅) အိုင်းအမာနှင့်တူသည့်အဖြစ်ကြောင့်၊ (၆) မြားငြောင့်နှင့်တူသည့်အဖြစ်ကြောင့်၊ (၇) အစီးအပွားမဲ့ခြင်းကို ဆောင်သည်၏အဖြစ်ကြောင့်၊ (၈) ပြင်းပြစွာ နှိပ်စက်တတ်သောအဖြစ်ကြောင့်၊ (၉) ရောဂါဆိုးနှင့်တူသောကြောင့်၊ (၁၀) ကြီးကျယ်သည့် ပျက်စီးခြင်းနှင့်တူသောကြောင့်၊ (၁၁) ကြောက်မက်ဖွယ်ရာဖြစ်သောကြောင့်၊ (၁၂) ဘေးရန်ကို မစောင့်ရှောက်နိုင်သည့် အဖြစ်ကြောင့်၊ (၁၃) မိုခိုပုန်းအောင်းရာမဟုတ်ခြင်းကြောင့်၊ (၁၄) ကိုးကွယ်ရာ မဟုတ်ခြင်းကြောင့်၊ (၁၅) ဘေးအန္တရာယ်ဖြစ်ခြင်းကြောင့်၊ (၁၆) မကောင်းမှု၏ အရင်းမူလဖြစ်ခြင်းကြောင့်၊ (၁၇) သူသတ်သမားနှင့်တူသည့်အဖြစ်ကြောင့်၊ (၁၈) အာသဝေါတရားတို့၏ အာရုံဖြစ်ခြင်းကြောင့်၊ (၁၉) မစ္စုမာရ်၊ ကိလေသမာရ်တို့၏ အစာဖြစ်ခြင်းကြောင့်၊ (၂၀) ဖြစ်ခြင်းသဘောရှိသောကြောင့်၊ (၂၁) အိုမင်းရင့်ရော်ခြင်းသဘောရှိခြင်းကြောင့်၊ (၂၂) နာခြင်းသဘော ရှိခြင်းကြောင့်၊ (၂၃) စိုးရိမ်ခြင်းသဘောရှိသည်အဖြစ်ကြောင့်၊ (၂၄) ငိုကြွေးခြင်းသဘောရှိသည်အဖြစ်ကြောင့်၊ (၂၅) လွန်စွာပင်ပန်းခြင်း ရှိသည်အဖြစ်ကြောင့်၊ (၂၆) တဏှာ,ဒိဋ္ဌိ,ကိလေသာတို့၏ အာရုံ ဖြစ်ခြင်းကြောင့် ယောဂီ၏ဉာဏ်တွင် ဒုက္ခအဖြစ် ပေါ်လွင်ထင်ရှား လာကုန်၏။

တစ်ဖန် ထိုအလုံးစုံသော သခ်ၤါရတို့သည် (၁)ပြင်ပသူစိမ်းနှင့် တူခြင်းကြောင့် (၂) ဓာတ်၊ သုဘ၊ သုခ၊ အတ္တ စသည်တို့မှ ဆိတ်သုဉ်းခြင်းကြောင့် (၃) အချည်းနှီးဖြစ်ခြင်းကြောင့် (၄) ဇီဝ၊ အတ္တ၊ အနှစ်သာရကင်းခြင်းကြောင့် (၅) ပိုင်ရှင်မရှိခြင်းကြောင့် (၆) အစိုးမရသည်၏အဖြစ်ကြောင့် (၇) အလိုသို့ မလိုက်တတ်သည်အဖြစ်ကြောင့်၊ ဤသို့စသောအကြောင်းတို့ကြောင့် ယောဂီ၏ဉာဏ်တွင် အနတ္တအဖြစ် ပေါ်လွင်ထင်ရှားလာကုန်၏။

တစ်ဖန် ထိုအလုံးစုံသော သခ်ၤါရတရားတို့သည် (၁) မနှစ်သက်ဖွယ်မတင့်တယ်သည်၏ အဖြစ်ကြောင့်၊ (၂) မကောင်းသောအနံ့ ရှိသည်အဖြစ်ကြောင့်၊ (၃) ရွံရှာစက်ဆုပ်ဖွယ်အဖြစ်ကြောင့်၊ (၄) နှစ်သက်ခြင်းမှ ဆန့်ကျင်သည်အဖြစ်ကြောင့်၊ (၅) ဝတ်စားတန်ဆာတို့ဖြင့် သုဘသဘောကို မပယ်ဖျောက်နိုင်ခြင်းကြောင့်၊ (၆) မကောင်းသည်၏အဖြစ်ကြောင့်၊ (၇) ရွံ့မဲ့ကာ ငြင်းဆန်စေတတ်သည် အဖြစ်ကြောင့်၊ ဤသို့ စသောအကြောင်းတို့ကြောင့် ယောဂီ၏ဉာဏ်တွင် အသုဘအဖြစ် ပေါ်လွင်ထင်ရှားလာကုန်၏။

ဤသို့ လုံလစိုက်ကာ ဝိပဿနာတွင်တွင် ရှုပွားသဖြင့် ရုပ်နာမ် သခ်ၤါရအနှောင်အဖွဲ့မှ လွတ်မြောက်ခြင်းအကျိုးငှာ ခန္ဓာငါးပါး ရုပ် နာမ်တရားတို့ကို တစ်ဖန်သိမ်းဆည်းတတ်သည့် ပဋိသခ်ၤါဉာဏ်သည် ပြည့်စုံလာ၏။[၄၉]

**သခ်ၤါရပေကၡာဉာဏ်ဖြစ်ပေါ်ခြင်း**

ထိုသို့ ကာလသုံးပါး ဘုံသုံးပါးအတွင်း၌တည်ရှိသော သင်္ခါရ တရားတို့ကို ခြုံငုံ၍ အဋ္ဌင်္ဂတစ်လည်း၊ ဗဟိဒ္ဓတစ်လည်း၊ ရုပ်တစ်လည်း၊ နာမ်တစ်လည်း၊ အကြောင်းတစ်လည်း၊ အကျိုးတစ်လည်း၊ အနိစ္စတစ်လည်း၊ ဒုက္ခတစ်လည်း၊ အနတ္တတစ်လည်း၊ အသုဘတစ်လည်း ဤသို့လည်းလည်း၍ တွင်တွင်ကြီး ဝိပဿနာရှုခဲ့သော် ထိုသင်္ခါရတရားတို့၏အပျက်ကား အလွန်အလွန်ထင်ရှားလျက် အလွန်အလွန်လျင်မြန်စွာ ဝိပဿနာဉာဏ်၌ ထင်လာတတ်၏။ ထိုပျက်မူသဘောကို လက္ခဏာယာဉ်သုံးချက် တစ်လည်စီတင်၍ ဝိပဿနာဆက်ရှု၏။

ထိုသို့ ရှုနိုင်ခဲ့သော် ဝိပဿနာဘာဝနာစိတ်သည် သင်္ခါရတရားတို့အပေါ်၌ ကြောင့်ကြတောင့်တမှု မရှိတော့ဘဲ အညီအမျှလျစ်လျူ ရှုထားနိုင်သောအဆင့်သို့ တဖြည်းဖြည်းရောက်ရှိသွားလိမ့်မည်။ ဝိပဿနာဘာဝနာစိတ်သည်လည်း ယင်းသင်္ခါရတရားတို့၏ ပျက်မူအာရုံပေါ်၌သာ ငြိမ်ဝပ်စွာ တည်နေပေလိမ့်မည်။

ထိုအခါ အဋ္ဌင်္ဂသင်္ခါရတရားကို ဝိပဿနာရှုခိုက်၌ ဝိပဿနာဘာဝနာစိတ်သည် အဋ္ဌင်္ဂသင်္ခါရအာရုံ၌ ငြိမ်ဝပ်စွာကပ်၍တည်နေလျှင် အဋ္ဌင်္ဂသင်္ခါရတရားကိုသာ ဝိပဿနာဆက်ရှုပါ။ ဗဟိဒ္ဓသင်္ခါရတရားကို ဝိပဿနာရှုသည့်အခိုက် ဝိပဿနာဘာဝနာစိတ်သည် ဗဟိဒ္ဓသင်္ခါရအာရုံ၌ ငြိမ်ဝပ်စွာကပ်၍တည်နေလျှင် ဗဟိဒ္ဓသင်္ခါရတရားကိုသာ ဝိပဿနာဆက်ရှုနေပါ။ လက္ခဏာယာဉ်သုံးပါးတွင် ရှု၍ပိုကောင်းသော လက္ခဏာကို ဦးစားပေး၍ ဝိပဿနာရှုနိုင်၏။

ဤအဆင့်တွင် သဒ္ဒါနှင့်ပညာ၊ ဝီရိယနှင့်သမာဓိတို့ကို အထူးညီမျှအောင် သတိဖြင့် အထူးကြိုးစားရမည့်အခါဖြစ်၏။ သဒ္ဒါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာတည်းဟူသော ဣန္ဒြေငါးပါးတို့ ညီမျှပါမှ မဂ်ဉာဏ် ဖိုလ်ဉာဏ်အထိ တိုးတက်နိုင်မည်ဖြစ်၏။

သင်္ခါရတရားတို့၏အပျက်အာရုံ၌ ဝိပဿနာဘာဝနာစိတ်သည် ငြိမ်ဝပ်စွာကပ်၍တည်လာသောအခါ ယောဂီသည် အပြင်အသံစသည်ကို မကြားရတော့ချေ။ သင်္ခါရတရားတို့၏ အပျက်အာရုံ၌ ဝိပဿနာဘာဝနာစွမ်းအားသည် အထူးအားကောင်းလာပြီ ဖြစ်၏။

ယောဂီသည် ဝိပဿနာရှု၍ပိုကောင်းသော သင်္ခါရတရားကို ရှု၍ပိုကောင်းသည့် လက္ခဏာရေးတစ်ပါးပါးတင်၍ ဝိပဿနာရှုနိုင် ၏။ ထိုသို့ရှုရာ၌ အကယ်၍ ရုပ်တရားများ၏ အပျက်ကို လုံးဝမမြင်တော့ဘဲ နာမ်တရားတို့၏ အပျက်သက်သက်ကိုသာ တွေ့နေလျှင် နာမ်တရားတို့၏ အပျက်ကိုသာ လက္ခဏာယာဉ်တင်၍ ရှုရမည်။

*ဘယဋ္ဌ နန္ဒိဋ္ဌ ဝိပ္ပဟာယ သဗ္ဗသင်္ခါရေသု ဥဒါသိနော ဟောတိ မဇ္ဈတ္တော*[၁]

သင်္ခါရတို့၏အပြစ်ကို ကောင်းစွာမြင်သဖြင့် သင်္ခါရတို့မှ လွတ်မြောက်လိုသော စိတ်ဓာတ်ဖြင့် သင်္ခါရတို့၏ အပျက်ကို လက္ခဏာယာဉ်အသီးသီးတင်၍ ဝိပဿနာရှုနေသည့်ယောဂီသည် "ငါ၊ ငါ့ဟာ၊ ငါ၏အတ္တ"ဟု စွဲယူထိုက်သည့် တစ်စုံတစ်ခုသော သင်္ခါရတရားကိုမျှ မမြင်တွေ့ရချေ။

(၁) သင်္ခါရတို့ကို ကြောက်ရွံ့ခြင်း 'ဘယ'ဟူသော အစွန်းတစ်ခု၊

(၂) သင်္ခါရတို့ကို နှစ်သက်ခြင်း 'နန္ဒိ'ဟူသည့် အစွန်းတစ်ခု၊

ထိုအစွန်းနှစ်ခုကိုပယ်၍ အလုံးစုံသော သခ်ါရတရားတို့အပေါ်၌ ဥဒါသိန်မူနိုင်ခြင်းသဘော အလယ်အလတ် လျစ်လျူထားနိုင်မှု သဘောသည် ဖြစ်ပေါ်နေပေ၏။ သစ္စာမဲ့ဖောက်ပြန်နေသော ဇနီးကို တရားဝင်ကွာရှင်းပြီးသော အမျိုးသားသည် ထိုဇနီးဟောင်းကို လျစ်လျူရှုထားနိုင်သကဲ့သို့တည်း။ ဤသို့ ဘက်မလိုက်ဘဲ တည်ငြိမ်နေနိုင်သောသဘော၊ သခ်ါရတို့အပေါ်၌ လျစ်လျူထားနိုင်မှုသဘော သို့ ရောက်စေသော ဉာဏ်သည် သခ်ါရုပေက္ခာဉာဏ် ဖြစ်ပေ၏။

ဤသခ်ါရုပေက္ခာဉာဏ်သည် ရင့်ကျက်လာသဖြင့် ငြိမ်းအေးခြင်းသဘောရှိသည့် နိဗ္ဗာန်ကို ငြိမ်သက်သောအားဖြင့် တစ်နည်း–ရုပ်နာမ်သခ်ါရတို့မှ ကင်းငြိမ်းနေသဖြင့် မဖြစ်မပျက်သည့် ဓာတ်သဘောအားဖြင့် အကယ်၍ သိမြင်ငြားအံ့၊ အလုံးစုံသော သခ်ါရတို့ ကို စွန့်လွှတ်၍ သခ်ါရတို့ကင်းရာ မဖြစ်မပျက်ရာ အငြိမ်းဓာတ်နိဗ္ဗာန်သို့သာ စိတ်သည်ပြေးဝင်သွား၏။

အကယ်၍ နိဗ္ဗာန်တရားတော်မြတ်အငြိမ်းဓာတ်ကို ငြိမ်သက်အေးမြသည့် သန္တိသုခသဘောအားဖြင့် မမြင်သေးငြားအံ့၊ ထိုသခ်ါရုပေက္ခာဉာဏ်သည် မရင့်ကျက်သေးရကား သခ်ါရတရားကို အာရုံယူ၍ သာလျှင် အဖန်တလဲလဲ ဖြစ်ပေါ်နေလိမ့်မည်။ ရွက်သဘော်သားတို့ လွှတ်လိုက်သော ကျီးကန်းသည် ကုန်းကို မမြင်သဖြင့် သဘော်ဆီသို့သာ တစ်ကြိမ်ပြီးတစ်ကြိမ် ပြန်လာသကဲ့သို့တည်း။ ၁၁

ထိုသို့ဖြစ်နေလျှင် သခ်ါရုပေက္ခာဉာဏ်ရင့်ကျက်လာအောင် (၁) ရုံခါရုပ်တရား (၂) ရုံခါ နာမ်တရားတို့ကို (၃) ရုံခါအဇျတ္တ၌ (၄) ရုံခါဗဟိဒ္ဓ၌ (၅) ရုံခါအနိစ္စလက္ခဏာတင်၍ (၆) ရုံခါ ဒုက္ခလက္ခဏာတင်၍ (၇) ရုံခါအနတ္တလက္ခဏာတင်၍ တွင်တွင်ကြီး ဝိပဿနာရှုပါ။ (၈) ရုံခါ အကြောင်းတရား (၉) ရုံခါအကျိုးတရားတို့ကိုလည်း အလားတူပင် လက္ခဏာရေးသုံးတန် တစ်လှည့်စီ တင်၍ ဝိပဿနာရှုပါ။ (၁၀) အတိတ် (၁၁) အနာဂတ်တို့၌လည်း ပုံစံတူရှုပါ။ (၁၂) ခန္ဓာ ငါးပါးနည်း ဖြင့်လည်း တစ်ဖန်ပြန်၍ ဝိပဿနာရှုပါ။

အနုလောမဉာဏ်၊ ဂေါတြဘုဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ်

ထိုသခ်ါရုပေက္ခာဉာဏ်ကို မှိဝဲလျက် ပွားစေလျက် အကြိမ်များစွာပြုသော ယောဂီအား ယုံကြည်ဆုံးဖြတ်မှု အဓိမောက္ခသဒ္ဓါသည် အားကြီးစွာဖြစ်၏။ ကောင်းစွာ ချီးမြှောက်ထောက်ပံ့အပ်သော ဝီရိယသည် ထက်သန်စွာဖြစ်၏။ သတိသည် ကောင်းစွာထင်၏။ စိတ်သည် ကောင်းစွာ တည်ကြည်၏။ အထူးသဖြင့် ထက်မြက်သော သခ်ါရုပေက္ခာဉာဏ်သည် ဖြစ်၏။ ထိုဝိပဿနာ ဘာဝနာဉာဏ်သည် သခ်ါရတို့၏ ပျက်မှုသဘောဟူသည့် 'ပဝတ္တ'မှစ၍ သခ်ါရတို့၏ မဖြစ်မပျက်မှုသဘောဟူသော 'အပဝတ္တ'သို့ သက်ဝင်သွားသောအခါ အောက်ပါမဂ်ဝီထိ ဖြစ်၏။

(မန္ဒပညာ) "နဒမပဉနဂေါမဂ်ဖိုလ်ဖိုလ်"–ဘဝင်–

(တိက္ခပညာ)"နဒမဉနဂေါမဂ်ဖိုလ်ဖိုလ်ဖိုလ်"–ဘဝင်–

နဒ = ဘဝင်္ဂစလန – တုန်လှုပ်သွားသောဘဝင်စိတ်

ဒ = ဘဝင်္ဂုပစ္ဆေဒ – ပြတ်စဲသွားသောဘဝင်စိတ်

မ = မနောဒွါရာဝဇ္ဇန်း – အာရုံကို နှလုံးသွင်းဆင်ခြင်သော စိတ်

ပ = ပရိကံ = မဂ်စိတ်ဖြစ်ပေါ်ရန် ပြုပြင်စီရင်တတ်သော စိတ်

ဥ = ဥပစာ = မဂ်ဇော၏အနီး၌ ဖြစ်သောစိတ်

နု = အနုလုံ – အောက်ပရိကမ်ဇောအားလည်းကောင်း၊ အထက် အပွနာဇောအားလည်းကောင်း လျော်စွာဖြစ် တတ်သောစိတ်၊

ဂေါ= ဂေါတြဘု– ပုထုဇဉ်အနွယ်ကိုဖြတ်၍ အရိယာအနွယ်ကို ဖြစ်စေတတ်သော စိတ်။

မဂ် = သောတာပတ္တိမဂ်စိတ်

ဖိုလ်= သောတာပတ္တိဖိုလ်စိတ်

ဘဝင်= ဖြစ်နေကျဘဝင်စိတ်အစဉ်

သခ်ါရတို့၏အာရုံသည် အနိစ္စ သို့မဟုတ် ဒုက္ခ သို့မဟုတ် အနတ္တ အနေဖြင့် မနောဒွါရ၌ ထင်လာသည်ရှိသော် ဘဝင်စိတ်နှစ်ကြိမ် လှုပ်၍ပြတ်၏ (နု–ဒ)။ ထို့နောက် မနောဒွါရာ ဝဇ္ဇန်းစိတ် (မ)သည် အာရုံကို ဆင်ခြင်နှလုံးသွင်း၍ အနိစ္စ သို့မဟုတ် ဒုက္ခ သို့မဟုတ် အနတ္တအဖြစ် ဆုံးဖြတ်၏။ ထို့နောက် မဟာကုသိုလ် ဉာဏ သမ္ပယုတ် စိတ်လေးပါးအနက်မှ တစ်ပါးပါးသည် ပရိကံ(ပ)၊ ဥပစာ(ဥ) အနုလုံ(နု)၊ ဂေါတြဘု(ဂေါ)ဟု လေးကြိမ်ဖြစ်၍ ချုပ်၏။

"ပရိကမ်"သည် မဂ်စိတ်ဖြစ်ပေါ်ရန် ပြုပြင်စီရင်ပေး၏။ တိက္ခ ပညာ (ဉာဏ်ထက်သူ)တွင် ပရိကမ်မဖြစ်ပါ။

"ဥပစာ"သည် မဂ်စိတ်အနီး၌ ဖြစ်၍ မဂ်သို့ဝင်ရန် တံခါးဝဖြစ်၏။

"အနုလုံ"သည် ရှေး၌ဖြစ်သော ဥဒယဗ္ဗယဉာဏ်စသည့် ဝိပဿနာဉာဏ်ရှစ်ပါးတို့၏ မှန်သော ကိစ္စရှိသည်အဖြစ်အားလည်းလျော်၏။ အထက်မဂ်၌ပါဝင်သော ၃၇–ပါးသော ဗောဓိပက္ခိယ တရားတို့၏ မှန်သောကိစ္စရှိသည်အဖြစ်အားလည်းလျော်၏။

ပရိကံ၊ ဥပစာ၊ အနုလုံစိတ်သုံးပါးနှင့် ယှဉ်သောပညာသည် အမြင့်ဆုံးဝိပဿနာဉာဏ်ဖြစ်ပြီး "အနုလောမဉာဏ်"ဟု အမည်ရ၏။

အနုလုံစိတ်ဖြစ်ပြီးသည်နှင့်တစ်ပြိုင်နက် ဂေါတြဘုစိတ် ဖြစ်၏။ဂေါတြဘုစိတ်သည် သခ်ါရတရား တို့ကို အာရုံမယူဘဲ နိဗ္ဗာန်ကို အာရုံယူ၏။၊ မဂ်စိတ်ဖြစ်ရန် နိဗ္ဗာန်ကို ညွှန်ပြပေး၏။ သဘော်သားတို့၏ ကျီးကန်း(ဒိသာကာက)က ကုန်းမြေကို ညွှန်ပြ၍ ကုန်းမြေဆီသို့ သဘော်ရွက်လွှင့်သွားနိုင်ရန် လမ်းညွှန် ပေးသည်နှင့် တူ၏။ ဂေါတြဘုစိတ်သည် ယောဂီ၏ ပုထုဇဉ်အနွယ်ကို ဖြတ်တောက်၍ ယောဂီအား အရိယာအနွယ်သို့ ကူးပြောင်းစေ၏။ ဂေါတြဘုစိတ်ဖြစ်သည်အထိ ယောဂီသည် သံယောဇဉ် နှောင်ကြိုးဆယ်ချောင်းနှင့် အချည်နှောင်ခံနေရသော ပုထုဇဉ်သာ ဖြစ်နေသေး၏။ ဂေါတြဘုချုပ်၍ မဂ်စိတ်ဖြစ်လာသည်နှင့် တစ်ပြိုင်နက် ယောဂီသည် အရိယာပုဂ္ဂိုလ် ဖြစ်လေတော့၏။

ဤတွင် ခေါင်ထိပ်သို့ ရောက်သော သခ်ါရပေက္ခာဉာဏ်၊ အနု လောမဉာဏ်နှင့် ဂေါတြဘုဉာဏ် တည်းဟူသော ဉာဏ်သုံးပါးသည် ဝုဋ္ဌာနဂါမိနီ (ဝါ)ခေါင်ထိပ်သို့ ရောက်သော ဝိပဿနာ (ဝါ)ထသော အရိယာမဂ်သို့သွားရောက်သော ဝိပဿနာဟု အမည်ရ၏။

အနုလောမညာဏ်သည်ကား သခ်ါရကိုအာရုံပြုသော ဝုဋ္ဌာန ဂါမိနီဝိပဿနာ၏ အဆုံးစွန်ဖြစ်ပေ၏။ ခပ်သိမ်းသော အခြင်းအရာအားဖြင့်မူကား ဂေါတြဘုဉာဏ်သည် မဂ်သို့သွားရောက်သော ဝုဋ္ဌာနဂါမိနီဝိပဿနာ၏ အဆုံးစွန်ဖြစ်ပေ၏။

မဂ်စိတ်သည် တစ်ကြိမ်သာဖြစ်ရိုးရှိပြီး ၎င်း၏ကိစ္စလေးရပ်ကို ဆောင်ရွက်၏။ ဆီမီးသည် မီးစာကိုလောင်၊ အမှောင်ပယ်ခွင်း၊ အလင်းရောင်လွှမ်း၊ ဆီကုန်ခန်းစေမှု၊ ဤကိစ္စလေးခုကို တစ်ပြိုင်တည်း ပြုနိုင်သကဲ့သို့ ထို့အတူ မဂ်ဉာဏ်သည် (၁) ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်း၊ (၂) သမုဒယသစ္စာ အမည်ရသည့် တဏှာလောဘကို ပယ်ခြင်း၊ (၃) နိရောဓသစ္စာ အမည်ရသည့် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း၊ (၄) မဂ္ဂသစ္စာ အမည်ရသော မဂ္ဂင်ရှစ်ပါးကို ပြည့်ဝစွာဖွံ့ဖြိုးစေခြင်းဟူသော ကိစ္စလေးချက်ကို တစ်ပြိုင်နက်တည်း ပြီးစေနိုင်၏။

မဂ်စိတ်ချုပ်ပြီးသည်နှင့် တစ်ပြိုင်နက် ဖိုလ်စိတ်သည် အချိန်ကွာဟခြင်းမရှိဘဲ *(အကာလိကော)* နိဗ္ဗာန်ကို အာရုံယူလျက်နှစ်ကြိမ် ဖြစ်၏။ ဤမဂ်ဝီထိသည် ဉာဏ်နှံ့သောယောဂီ (မန္ဒပညာပုဂ္ဂိုလ်) အတွက်ဖြစ်၏။ ဉာဏ်ထက်သောယောဂီ(တိက္ခပညာပုဂ္ဂိုလ်)အတွက်မူ ပရိကံကို ကြဉ်ဖယ်၍ ဖိုလ်စိတ်သုံးကြိမ် ဖြစ်ပေးရ၏။ သောတိပတ္တိဖိုလ်ဖြစ်လာသည်နှင့် တစ်ပြိုင်နက် ယောဂီသည် သောတာပန် (သောတာပန္နေ)ဖြစ်လာ၏။[၁၂] သူသည် နိဗ္ဗာန်၏ အတုမရှိသော အမြိုက်ချမ်းသာကို အလိုရှိသလောက် ခံစားနိုင်ပြီးလျှင် အပါယ်ဘုံများ၌ မည်သည့်အခါမျှ ဘဝသစ်မဖြစ်ရတော့ချေ။

မဂ်စိတ်နှင့် ယှဉ်သော ပညာကို "မဂ်ဉာဏ်" *(မဂ္ဂဉာဏ)* ဟုလည်းကောင်း၊ ဖိုလ်စိတ်နှင့် ယှဉ်သည့် ပညာကို "ဖိုလ်ဉာဏ်"ဟု *(ဖလဉာဏ)*ဟုလည်းကောင်း ခေါ်ဆိုပါသည်။

မဂ္ဂဝီထိပြီးဆုံး၍ ဘဝင်စိတ်အနည်းငယ်ဖြစ်ပြီးနောက် (၁) မဂ်ကိုဆင်ခြင်သောဝီထိ၊ (၂) ဖိုလ်ကို ဆင်ခြင်သောဝီထိ (၃) နိဗ္ဗာန်ကို ဆင်ခြင်သောဝီထိ၊ (၄) ပယ်ပြီးသောကိလေသာတို့ကို ဆင်ခြင်သည့် ဝီထိ၊ (၅) ကြွင်းကျန်သည့်ကိလေသာတို့ကို ဆင်ခြင်သောဝီထိဟူ၍ ပြန်လည်ဆင်ခြင်သည့်ဝီထိ (၀၊) ပစ္စဝေက္ခဏာဝီထိ ၅ မျိုးဖြစ်၏။ ဤပစ္စဝေက္ခဏာဇောတို့နှင့် ယှဉ်သောပညာကို ပစ္စဝေက္ခဏာဉာဏ် *(ပစ္စဝေက္ခဏညာဏ)*ဟုခေါ်၏။[၁၃]

**နိဗ္ဗာန်ကိုသိမြင်တတ်သော မဂ်ဉာဏ်လေးပါးဖြင့် စိတ်ကိုစင်ကြယ်စေခြင်း**

***(ဉာဏဒဿနဝိသုဒ္ဓိ)***

စိတ်ကို တစ်ဆင့်ပြီးတစ်ဆင့် စင်ကြယ်လာအောင် ကြိုးပမ်းမှုသည် သီလဝိသုဒ္ဓိဖြစ်ရန် သီလ စောင့်ထိန်းခြင်းဖြင့် စတင်ခဲ့၏။ အနုလောမညာဏ်ကို ရရှိသည့်အခါတွင် သီလဝိသုဒ္ဓိ မှ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိအထိ ဝိသုဒ္ဓိခြောက်ပါးတို့ ပြည့်စုံလာပေပြီ။ သောတာပတ္တိမဂ်နှင့် သောတာပတ္တိဖိုလ်တို့ကို ရရှိသောအခါ၌မူ နောက်ဆုံးအဆင့်ဖြစ်သည့် ဉာဏဒဿနဝိသုဒ္ဓိစခန်းသို့ ဝင်ရောက်လာပြီ ဖြစ်၏။

ဉာဏဒဿနဝိသုဒ္ဓိတွင် သောတာပတ္တိမဂ်ဉာဏ်, သကဒါဂါ မိမဂ်ဉာဏ်, အနာဂါမိမဂ်ဉာဏ်နှင့် အရဟတ္တမဂ်ဉာဏ်တို့ ပါဝင်ကြ၏။

၁။ သောတာပတ္တိမဂ်နှင့် သောတာပန်

သောတာပတ္တိမဂ်သည် အယူမှားဒိဋ္ဌိနှင့် ယုံမှားသံသယဖြစ်ခြင်း ဝိစိကိစ္ဆာတည်းဟူသော ကိလေသာနှစ်ပါးကိုလည်းကောင်း၊ သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမသ ဟူသော သံယောဇဉ် သုံးပါးကိုလည်းကောင်း ပယ်သတ်၏။ ကြွင်းကျန်နေသည့် ကိလေသာတို့၏ ရုန့်ကြမ်းသော အလွှာများကိုလည်း ပယ်သတ်ပြီး ဖြစ်၏။ ထို့ကြောင့် သောတာပန်သည် မည်သည့်မကောင်းမှုကိုမျှ မကျူးလွန်တော့ချေ။ ကာမဘုံ၌ အလွန်ဆုံး ခုနစ်ဘဝသာ ပဋိသန္ဓေနေရတော့မည်ဖြစ်၏။

၂။ သကဒါဂါမိမဂ်နှင့် သကဒါဂါမ်

သကဒါဂါမိမဂ်သည် မည်သည့်ကိလေသာကိုမျှ မပယ်သတ်သော်လည်း ကြွင်းကျန်နေသည့် ကိလေသာများကို ပိုမိုခေါင်းပါး အားနည်းစေ၏။ သကဒါဂါမ်သည် ကာမဘုံ၌တစ်ကြိမ်သာ ပဋိသန္ဓေနေတော့မည်ဖြစ်၏။

၃။ အနာဂါမိမဂ်နှင့် အနာဂါမ်

အနာဂါမိမဂ်သည် ဒေါသကိလေသာကို ထပ်မံပယ်သတ်၏။ ကာမရာဂသံယောဇဉ်နှင့် ပဋိဃသံယောဇဉ်တို့ကိုလည်း ထပ်မံပယ်သတ်၏။ အနာဂါမ်သည် ကာမဘုံ၌ ပဋိသန္ဓေမနေတော့ချေ။ ဗြဟ္မာ့ဘုံ၌သာ ပဋိသန္ဓေနေတော့မည် ဖြစ်၏။

၄။ အရဟတ္တမဂ်နှင့် ရဟန္တာ

အရဟတ္တမဂ်သည် ကြွင်းကျန်နေသည့် ကိလေသာအားလုံးနှင့် သံယောဇဉ်အားလုံးတို့ကို ပယ်သတ်၏။ ထို့ကြောင့် ရဟန္တာ၏စိတ်သည် လုံးဝဖြူစင်သွားပေပြီ။ ရဟန္တာသည် အာသဝေါကုန်ပြီးသော ကြီးကျယ်သည့် အာနုဘော်ရှိသော ပုဂ္ဂိုလ်မြတ်ဖြစ်၏၊ အဆုံးစွန်သော ခန္ဓာကိုယ်ကိုဆောင်သည့် ဝန်ထုပ်ဝန်ပိုးကို ချပြီးသော ပုဂ္ဂိုလ်ဖြစ်၏၊ အရဟတ္တဖိုလ်ဟူသည့် မိမိ၏အကျိုးကို ရောက်ပြီးရပြီးသော ဘဝသံယောဇဉ် ကုန်ခန်းပြီးသော ပုဂ္ဂိုလ်ဖြစ်၏၊ မှန်စွာသိ၍ အထူးလွတ်မြောက်ပြီးသူ ဖြစ်၏၊ နတ်နှင့်တကွသော လူအပေါင်းတို့၏ မြတ်သည့်အလှူကို ခံယူထိုက်သော ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်ပေ၏။[၁၄]

မဂ်စိတ်အသီးသီးဖြစ်ပြီးသည်နောက် မဂ်၏အကျိုးဖြစ်သော ဆိုင်ရာဖိုလ်စိတ်အသီးသီးသည် အချိန်ကွာဟခြင်းမရှိဘဲ ချက်ချင်းဖြစ် ပေါ်လာ၏။ ဖိုလ်ပုဂ္ဂိုလ်လေးဦးဖြစ်ကြသော သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာတို့သည် မိမိတို့ရရှိထားသည့် ဖိုလ်အသီးသီးကို ဝင်စား၍ နိဗ္ဗာန်အမြိုက်ချမ်းသာကို မိမိတို့အလိုရှိသလောက် ခံစားနိုင်ကြပါသည်။

**နိဂုံး**

အပြည်ပြည်ဆိုင်ရာ ဖားအောက်တောရဗုဒ္ဓသာသနာ့ရိပ်သာများ၌ ပိဋကတ်ကျမ်းဂန်များ၊ ဝိသုဒ္ဓိမဂ်နှင့် အခြားပါဠိအဋ္ဌကထာ၊ ဋီကာများတွင် ရေးသားဖော်ပြထားသည့် မြတ်စွာဘုရား၏ လမ်းညွှန်ချက်များနှင့်အညီ ဝိပဿနာဘာဝနာကို အထူးအသေးစိတ်ကာ ရှုပွားနိုင်အောင်သင်ကြားပြသပေးပါသည်။ အဋ္ဌတ္တ ဗဟိဒ္ဓကာလ သုံးပါးတို့၌ ဖြစ်ပျက်နေကြသော ပရမတ်ရုပ်တရားများ၊ နာမ်တရားများ၊ အကြောင်းတရားများနှင့် အကျိုးတရားများကို စူးစမ်းရှာဖွေ၍ ပိုင်းပိုင်းခြားခြား တိတိကျကျကျမ်းဂန်များတွင် ဖော်ပြထားသည့်အတိုင်း ဉာဏ်ဖြင့်ပိုင်းခြားလျက် ထိုးထွင်းရှုမြင်နိုင်အောင် လက်တွေ့ ရှုနည်းအမျိုးမျိုးကို အသုံးပြုပါသည်။ ယောဂီမြောက်မြားစွာတို့သည် သမ္မာသမာဓိဟူသော အားကြီးသော ဥပနိဿယအထောက်အပံ့ဖြင့် ပရမတ်တရားများကို ထိုးထွင်းမြင်သိကာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာယာဉ်သုံးတန်

တစ်လည့်စီတင်၍ ဝိပဿနာရှုပွားနိုင်ကြပါသည်။ ကမ္မဋ္ဌာနာစရိယဆရာသမား၏ မှန်ကန်သော အနီးကပ်လမ်းညွှန်မှုသည် အလွန်လိုအပ်သည်နှင့်အညီ အမြဲတစေလမ်းညွှန်ပေး၍ မဇ္ဈိမပဋိပဒါလမ်းကြောင်းမှ တိမ်းစောင်းမသွားရန် ဆရာတပည့် ရင်းနှီး ပွင့်လင်းစွာ ဆွေးနွေးမေးမြန်းဖြေကြားခြင်းများကိုလည်း ဆောင်ရွက်ပေးပါသည်။

တရားရှုပွားသူ ယောဂီများစွာတို့သည် ဝိပဿနာနယ်မြေသို့ နက်ရှိုင်းစွာ ထိုးထွင်းဝင်ရောက်ပြီးလျှင် အမှန်တရားကို ကိုယ်တွေ့မျက်မြင် တိုက်ရိုက်ဉာဏ်ဖြင့် ရှင်းလင်းပြတ်သားစွာ ရှုမြင်ရသည့်အတွက် အထူးကျေနပ်အားရကြပါသည်။ ဝိပဿနာရှုနည်း အပြည့်အစုံကို အောင်အောင်မြင်မြင် ရှုပွားနိုင်ကြသောယောဂီအရေအတွက်သည်လည်း များပြားလာပါပြီ။ တရုတ်ပြည်၊ ဗီယက်နမ်၊ မလေးရှား၊ စင်ကာပူ စသည့်နိုင်ငံများမှ ပညာတတ်တရုတ်ယောဂီများသည် တရုတ်ဘာသာဖြင့် ရေးသားထားသည့် ဝိသုဒ္ဓိမဂ်ကျမ်းနှင့်အညီ ဝိပဿနာဘာဝနာကို အသေးစိတ်ရှုပွားခွင့်ရကြသည့်အတွက် အလွန်ဝမ်းမြောက် ကြပါသည်။

ဖားအောက်တောရရိပ်သာများ၏ ကမ္မဋ္ဌာနာစရိယချုပ် ဖြစ်တော်မူသော ဖားအောက်တောရဆရာတော် ဘဒ္ဒန္တအာစိဏ္ဏာသည် ယောဂီလမ်းညွှန်အဖြစ် "နိဗ္ဗာနဂါမိနိပဋိပဒါ နိဗ္ဗာန်ရောက်ကြောင်းကျင့်စဉ်"(အကျဉ်းချုပ်)ရှစ်တွဲကို ရေးသားပြုစုထားသည့်အပြင် အပြည့်ပြည့်ဆိုင်ရာ ဖားအောက်တောရဗုဒ္ဓသာသနာ့ရိပ်သာများ၌ ညွှန်ကြားပြသပေးနေသော သမထ-ဝိပဿနာရှုနည်းအပြည့်အစုံကို ရှင်းလင်းချက်များ၊ ကျမ်းဂန်အထောက်အထားများနှင့်တကွ 'နိဗ္ဗာနဂါမိနိပဋိပဒါ' အမည်ဖြင့် ကျမ်းစာအုပ်ကြီး ၅-တွဲ စုစုပေါင်း စာမျက်နှာ ၃၅၀၀ ကို စာမူခွင့်ပြုချက်အမှတ် ၃၅၅/၂၀၀၄(၆) ဖြင့် ပုံနှိပ်ထုတ်ဝေထားပါသည်။ စိတ်ဝင်စားသူများသည် အကျယ်လေ့လာ၍ ဖားအောက်တောရရိပ်သာများတွင် အချိန်မရွေး လာရောက်ကာ ကိုယ်တိုင်တရားရှုပွားနိုင်ကြပါသည်။

## ကျမ်းကိုးစာရင်း


ကိုးကားသော ကျမ်းအားလုံးသည် ဆဋ္ဌမအကြိမ်ဗုဒ္ဓဘာသာ သင်္ဂါယနာမြန်မာမူများ ဖြစ်ကြသည်။

အံ-အင်္ဂုတ္တရနိကာယ်

အဘိ၊ ဋ္ဌ-အဘိဓမ္မာအဋ္ဌကထာ

ဒီ-ဒီဃနိကာယ်

ဒီ၊ ဋ္ဌ-ဒီဃနိကာယ်အဋ္ဌကထာ

မ-မဇ္ဈိမနိကာယ် ဝိသုဒ္ဓိ-ဝိသုဒ္ဓိမဂ်

မ၊ ဋ္ဌ-မဇ္ဈိမနိကာယ်အဋ္ဌကထာ

သံ-သံယုတ္တနိကာယ်

သံ၊ ဋ္ဌ-သံယုတ္တနိကာယအဋ္ဌကထာ

ပဋိသမ္ဘိဒါ-ပဋိသမ္ဘိဒါမဂ်

ဝိသုဒ္ဓိ၊ ဋီ-ဝိသုဒ္ဓိမဂ်ဋီကာ

၁။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၂၅၀-၅၂
၂။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၂၅၂-၅၄
၃။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၂၅၄-၅၆
၄။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၂၅၆-၆၀
၅။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၂၆၀-၆၂
၆။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၂၆၂-၆၄
၇။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၂၆၄-၆၆
၈။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၂၆၆-၆၈
၉။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၂၆၈-၇၀
၁၀။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၂၇၀-၇၂
၁၁။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၂၇၂-၇၄
၁၂။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၂၇၄-၇၆
၁၃။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၂၇၆-၇၈
၁၄။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၂၇၈-၈၀
၁၅။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၂၈၀-၈၂
၁၆။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၂၈၂-၈၄
၁၇။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၂၈၄-၈၆
၁၈။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၂၈၆-၈၈
၁၉။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၂၈၈-၉၀
၂၀။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၂၉၀-၉၂
၂၁။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၂၉၂-၉၄
၂၂။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၂၉၄-၉၆
၂၃။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၂၉၆-၉၈
၂၄။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၂၉၈-၁၃၀၀
၂၅။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၃၀၀-၀၂
၂၆။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၃၀၂-၀၄
၂၇။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၃၀၄-၀၆
၂၈။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၃၀၆-၀၈
၂၉။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၃၀၈-၁၀
၃၀။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၃၁၀-၁၂
၃၁။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၃၁၂-၁၄
၃၂။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၃၁၄-၁၆
၃၃။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၃၁၆-၁၈
၃၄။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၃၁၈-၂၀
၃၅။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၃၂၀-၂၂
၃၆။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၃၂၂-၂၄
၃၇။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၃၂၄-၂၆
၃၈။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၃၂၆-၂၈
၃၉။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၃၂၈-၃၀
၄၀။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၃၃၀-၃၂
၄၁။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၃၃၂-၃၄
၄၂။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၃၃၄-၃၆
၄၃။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၃၃၆-၃၈
၄၄။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၃၃၈-၄၀
၄၅။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၃၄၀-၄၂
၄၆။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၃၄၂-၄၄
၄၇။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၃၄၄-၄၆
၄၈။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၃၄၆-၄၈
၄၉။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၃၄၈-၅၀
၅၀။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၃၅၀-၅၂
၅၁။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၃၅၂-၅၄
၅၂။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၃၅၄-၅၆
၅၃။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၃၅၆-၅၈
၅၄။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၃၅၈-၆၀
၅၅။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၃၆၀-၆၂
၅၆။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၃၆၂-၆၄
၅၇။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၃၆၄-၆၆
၅၈။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၃၆၆-၆၈
၅၉။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၃၆၈-၇၀
၆၀။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၃၇၀-၇၂
၆၁။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၃၇၂-၇၄
၆၂။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၃၇၄-၇၆
၆၃။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၃၇၆-၇၈
၆၄။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၃၇၈-၈၀
၆၅။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၃၈၀-၈၂
၆၆။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၃၈၂-၈၄
၆၇။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၃၈၄-၈၆
၆၈။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၃၈၆-၈၈
၆၉။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၃၈၈-၉၀
၇၀။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၃၉၀-၉၂
၇၁။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၃၉၂-၉၄
၇၂။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၃၉၄-၉၆
၇၃။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၃၉၆-၉၈
၇၄။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၃၉၈-၁၄၀၀
၇၅။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၄၀၀-၀၂
၇၆။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၄၀၂-၀၄
၇၇။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၄၀၄-၀၆
၇၈။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၄၀၆-၀၈
၇၉။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၄၀၈-၁၀
၈၀။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၄၁၀-၁၂
၈၁။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၄၁၂-၁၄
၈၂။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၄၁၄-၁၆
၈၃။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၄၁၆-၁၈
၈၄။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၄၁၈-၂၀
၈၅။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၄၂၀-၂၂
၈၆။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၄၂၂-၂၄
၈၇။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၄၂၄-၂၆
၈၈။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၄၂၆-၂၈
၈၉။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၄၂၈-၃၀
၉၀။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၄၃၀-၃၂
၉၁။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၄၃၂-၃၄
၉၂။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၄၃၄-၃၆
၉၃။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၄၃၆-၃၈
၉၄။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၄၃၈-၄၀
၉၅။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၄၄၀-၄၂
၉၆။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၄၄၂-၄၄
၉၇။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၄၄၄-၄၆
၉၈။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၄၄၆-၄၈
၉၉။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၄၄၈-၅၀
၁၀၀။ ဦးဘိုးကြီး၊ ဒုတိယတပ်မှူး၊ ၁၄၅၀-၅၂

# နာလန္ဒတက္ကသိုလ် အမွေအနှစ်နှင့် ဆက်လက်တည်တံ့ရပ်တည်ရေး

ဒေါက်တာရာဇင်ဒရာပန်.
ညွှန်ကြားရေးမှူး
နဝနာလန္ဒမဟာဝိဟာရ၊ နာလန္ဒ၊
ဘီဟာပြည်နယ်၊
အိန္ဒိယနိုင်ငံ။

၁။ ယနေ့အခါ လျင်မြန်စွာ ပြောင်းလဲနေသော ကမ္ဘာကြီးတွင် ပညာရေး၏ အခန်းကဏ္ဍကို ပြန်လည်သုံးသပ်ရန် အရေးတကြီး လိုအပ်နေသည်။ ပညာရေးဆိုင်ရာပုဂ္ဂိုလ်တို့ စတင်ပြောဆို နေကြသည့် တန်ဖိုးရှိပညာရေးက မျှော်မှန်းသည့်စံမှာ စာရိတ္တဖွံ့ဖြိုးရေး ဖြစ်သည်။ ဗုဒ္ဓဘာသာပညာရေး၌ အရည်အချင်းရှိ ပညာရေးကို ထိပ်တန်းဦးစားပေးထားပြီး စာရိတ္တပျိုးထောင်ရေးမှာလည်း အရေးပါလျက်ရှိသည်။ ရှေးဟောင်း နာလန္ဒတက္ကသိုလ်ကြီး၌ လူသားကောင်း ပျိုးထောင်မှုမှာ အနုပညာတစ်ခုလို ဖြစ်နေပြီး အစွမ်းကုန်အလေးအနက်ထား၏။ နာလန္ဒတက္ကသိုလ်သည် မူလကရဟန်း အစုကလေးတစ်စု တရားထိုင်စီးဖြန်းရာ ကျောင်းတစ်ကျောင်းအဖြစ်မှ မဟာဝိဟာရခေါ် တင်းပြည့်ကျပ်ပြည့် တက္ကသိုလ်ကြီးတစ်ခု အဖြစ်သို့ ရောက်ရှိလာခဲ့ပြီး ရာစုနှစ်စု နှစ်ခုနီးပါးအထိ အဆင့်မြင့်လေ့လာသုတေသန ပြုမှုဌာနအဖြစ် ရပ်တည်ခဲ့ပေသည်။ ယင်းသို့ဖြင့် တရုတ်၊ ကိုရီးယား၊ တိဘက်စသည်တို့မှ စာသင်သားနှင့်ပညာရှင်များ လာရောက်၍ လေ့လာသင်ယူခဲ့ကြသည်။

၂။ နာလန္ဒ ဆိုသည်ကို ပါဠိတော်စာပေထဲ၌ ရာဇဂြိုဟ် (ယနေ့ဓေတ်ရတ်ဂီရဲ)နှင့်အတူ အစောဆုံးတွေ့ရှိရသည်။ ရာဇဂြိုဟ်မှ ဗိမ္ဗိသာရ၊ ထို့နောက် သားတော် အဇာတသတ် စိုးစံခဲ့ရာ အင်အားကြီးမားသော မာဂဓတိုင်း၏ မြို့တော်ဖြစ်သည်။ နာလန္ဒမည်သော ဖွံ့ဖြိုးစည်ပင်သည့် မြို့ကလေးသည် ရာဇဂြိုဟ်ဘက် အစွန်အဖျား တစ်ယူဇနာဝေးကွာသောအရပ်၌ တည်ရှိ၏။ ရာဇဂြိုဟ်နှင့်စာလျင် ပိုမိုလုံခြုံအေးချမ်းမှုရှိသည်။ နာလန္ဒနှင့် ရာဇဂြိုဟ်နှစ်ခုစလုံးသည် ဗုဒ္ဓ၏လှည့်လည်တရားဒေသနာဟောကြားခြင်း၌ အရေးပါသော နေရာများဖြစ်ကြသည်။ (ပါဝါရိကမင်းသားတော်များအား လှူဒါန်းသည့်) ပါဝါရိကသရက်ဥယျာဉ်မှာ ဗုဒ္ဓမြတ်စွာ မကြာခဏဖြတ်သန်း သီတင်းသုံးတော်မူရာ နေရာဖြစ်ခဲ့သည်။

၃။ အချိန်တန်သော် ဤသရက်ဥယျာဉ်နှင့် ဘုန်းကြီးကျောင်းများသည် အခြေတကျ အဆင့်မြင့်တရား ဓမ္မသင်ကြားကျင့်သုံးရန် နေရာကြီးများ ဖြစ်လာခဲ့သည်။

၄။ ဤနည်းဖြင့် ဗုဒ္ဓသက်ရှိထင်ရှားရှိစဉ်က ရဟန်းများဆိတ်ငြိမ်စွာ တရားဘာဝနာ စီးဖြန်းရာနေရာ အဖြစ်မှသည် တဖြည်းဖြည်း မဟာဝိဟာရခေါ် အဆင့်မြင့်လေ့လာသင်ယူသုတေသနပြုခိုင်းသည့် တက္ကသိုလ်ကြီးအဖြစ်သို့ ရောက်ရှိလာပါသည်။

၅။ ယခုအခါ နာလန္ဒနှင့် ရှေးဟောင်းမဟာဝိဟာရ ကျောင်းတော်အဆောက်အအုံ အပျက်အစီးများမှာ အဓိပ္ပါယ် ဖြစ်နေပြီး 'နာလန္ဒ' ဟုဆိုသည်နှင့် နှစ်ပေါင်းခုနစ်ရာနီးပါးမျှ ဗုဒ္ဓစာပေသင်ကြားလေ့လာမှုဌာနဖြစ်ခဲ့သော ရှေးဟောင်းမဟာဝိဟာရကျောင်းတော်ကြီးကို မျက်စေ့ထဲ မြင်ယောင်ပေတော့မည်။ မဟာဝိဟာရမှ အထင်အရှားဆုံး တရုတ်စာသင်သားဟောင်းမှာ Xuan Zang (Hreun Tsang) ဖြစ်၍ ၎င်းက ဂုတ္တဘုရင် စကြာဒိတျ Sakraditya ခေါ် ကုမာရဂုတ္တ (၄၁၅-၄၅၅ အေဒီ)

သည် သရက်ဥယျာဉ် အလယ်၌ ကျောင်းတစ်ကျောင်း တည်ဆောက်ခဲ့ကြောင်း မှတ်တမ်းတင်ထားသည်။ ဤအချက်ကို ယခုအခါ ရွေးဟောင်းသုတေသန တူးဖော်မှုလုပ်ငန်းအရ အခိုင်အလုံ သိရှိရပေသည်။ သမိုင်းမှတ်တမ်းများအရလည်း ဂုတ္တမင်း အဆက်ဆက်တို့က ကျောင်းတော်များ တည်ဆောက်ခဲ့ရာမှ မဟာဝိဟာရအဖြစ်သို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။

၆။ ဂုတ္တမင်းများလွန်သည့်နောက်၌လည်း အခြားဘုရင်များက ဆက်လက်ပံ့ပိုး ထောက်ပံ့လေ့ရှိရာ အရေးပါသူ တစ်ဦးမှ Kannaij ဘုရင်ဟာရှ ဖြစ်သည်။ ထိုမင်းလက်ထက်၌ မဟာဝိဟာရကျောင်းတော်ကြီးမှာ အရှေ့ဖျားနှင့် အရှေ့တိုင်း၌ စံပြပညာရေးဌာနကြီးတစ်ခု အဖြစ်ယူဆကြသည်။ ထိုကာလ အတောအတွင်းပင် Xuan Zang က နာလန္ဒသို့ လာရောက်သင်ကြားခဲ့ခြင်းဖြစ်သည်။

၇။ Xuan Zang နှင့် I-tsing တို့က မဟာဝိဟာရ တည်ဆောက်ဖွဲ့စည်းပုံကို အသေးစိတ်ဖော်ပြခဲ့ကြသည်။ Xuan Zang အဆိုအရ ကျောင်းတော်ဝင်းအတွင်း စာသင်သားတစ်သောင်း နေထိုင်၏။ စာသင်သားများသည် ခက်ခဲတင်းကျပ်သော ဝင်ခွင့်စာမေးပွဲကို ဖြေဆိုရ၍ ဒွါရပါလခေါ် တံခါးမှူးများက စိစစ်သည်ဟု ဆို၏။ နာလန္ဒမဟာဝိဟာရ၏ သင်ခန်းစာများ ကျယ်ပြောလှ ဘာသာရပ်အမျိုးမျိုး ပါဝင်သည်။ ဗုဒ္ဓဘာသာနှင့် အခြားဂိုဏ်းတို့ မကြာခဏအယူဝါဒဆန့်ကျင် ခြားနားနေသည်။ သို့သော် ယင်းတို့အပြင် သင်ရိုးညွှန်းတမ်း၌ လောကီဘာသာရပ်များ ပါဝင်၏။ Xuan Zang ကတင်ပြထားရာတွင် ရွေးရိုးစဉ်လာပညာရပ် ငါးမျိုးဖြစ်ကြသော (၁) သဒ္ဒဝိဒျာ ခေါ် သဒ္ဒါနှင့် ဒဿန (၂) ဝိကိစ္ဆာဝိဒျာ ခေါ် ဆေးပညာ (၃) ဟေတုဝိဒျာ ခေါ် ယုတ္တိဗေဒ (၄) သိပ္ပဋ္ဌာန ဝိဒျာ ခေါ် အနုပညာဘာသာရပ်များနှင့် (၅) အစ္ဈာတမဝိဒျာခေါ် တက္ကိကဗေဒတို့ ပါဝင်ကြသည်။

၈။ ဤပညာရပ်များ ရည်ရွယ်ချက်ကို တိဗက်စာရေးဆရာ Bu-Stan ရှင်းပြပုံမှာ ယုတ္တိဗေဒ၊ သဒ္ဒါနှင့် ဒဿနတို့သည် တဖက်သားနှင့်ငြင်းခုံပြောဆိုရာ၌ အနိုင်ယူနိုင်စေရန်၊ ဆေးပညာ ရည်ရွယ်ချက်မှာ တစ်ပါးသူအား ကူညီကုသပေးရန်နှင့် တက္ကိကဗေဒ၏ ရည်ရွယ်ချက်မှာ ကိုယ့်အကြောင်းကိုယ် သိရှိရန် တို့ ဖြစ်ကြသည်ဟုဆို၏။

၉။ နာလန္ဒတက္ကသိုလ်၏ ပညာရေးစနစ်မှာ စာသင်သားနှင့် ဆရာတို့၏ ကိုယ်ရေးဆက်စပ်မှု အပေါ် အခြေခံခဲ့ခြင်း ဖြစ်သည်။ အဆင့်မြင့်ပညာရေးသည် ဆရာနှင့် လက်ပွန်းတတီးနေသော စာသင်သားများအတွက်သာ အခြေအနေပေးသည်။ စာသင်သားတစ်ဦးချင်း၏ ဉာဏ်ရည်ဖွံ့ဖြိုးမှုကို ထပ်မံအားဖြည့်ထားသည်မှ တစ်ဦးချင်း၏စရိုက် ဖွံ့ဖြိုးမှုကို ဂရုစိုက်မှု ဖြစ်သည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် ပရိယတ္တိသို့မဟုတ် စာတွေ့၊ ပဋိပတ္တိသို့မဟုတ် လက်တွေ့ကျင့်ကြံ အားထုတ်ခြင်းနှင့် ပဋိဝေဒသို့မဟုတ် အမှန်တရားကို ထိုးထွင်းသိမြင်မှုတို့သည် သင်ရိုးညွှန်းတမ်း၏ ခွဲခြားမရသော တစ်စိတ်တစ်ပိုင်းဖြစ်သည်။ အန္တိမရည်မှန်းချက်မှာ ပြည့်ဝသော အသိပညာ ကြွယ်ဝမှုကို ဆွတ်ခူးနိုင်ရန် ဖြစ်သည်။ ဗုဒ္ဓစာပေသင်ကြားရေးကို ဖွံ့ဖြိုးတိုးတက်အောင် "မဟာဝိဟာရ" ၏ ထောက်ကူ ဆောင်ရွက်မှုသည် အလွန်ပင်ကျေးဇူးကြီးလှပေသည်။

၁၀။ Xuan Zang ၏ သင်ကြားနည်းစနစ်အရဆိုလျှင် အဓိကအကြောင်းအရာမှာ စာသင်သားများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် အတန်းတင်စာမေးပွဲများ စစ်ခြင်းဖြစ်သည်။ "လူအိုလူနှင့် လူရွယ် တို့ လက်တွဲညီစွာ ကူညီနေသည်"၊ ၎င်းမှာ လူအိုဆိုခြင်းမှာ ဆရာဖြစ်ပြီး စာသင်သားများ စာသင်ကြားရာတွင် စာအုပ်ရှိခက်ခဲသော စာပိုဒ်များကို ရှင်းလင်းပြသခြင်းဖြင့် ကူညီခြင်းဖြစ်သည်။ စာသင်သားများကတစ်လှည့် ဆရာများကိုလောကီရေးနှင့် လောကုတ္တရာတာဝန်များကို ကူညီကြသည်။

အတန်းတွင်းစာမေးပွဲ စစ်ခြင်းနှင့် အတူဆွေးနွေးမှုများလည်း ပြုကြသည်။ ထိုဆွေးနွေးမှုများကို မနက်မှ ညအထိ နားထောင်ရခြင်းကြောင့် ပိုမို၍ ဗဟုသုတရရှိလာကြသည်။ ဤဟောပြောပို့ချချက်များသည် စာမလိုက်နိုင်သော၊ သင်ခန်းစာအပေါ် ကြေလည်သော ကျောင်းသားနှင့် သူ့ဆရာတို့ ဆွေးနွေးသည့် ပုံစံရှိကြသည်။ တခါတရံ ကျောင်းသားများ မဖြေရှင်းနိုင်၍ တင်ပြလာသော ပြဿနာ အရှပ်အထွေးများအကြောင်း ပါမောက္ခက ဟောပြောပို့ချသည်။ တခါတရံ ပါမောက္ခက သူဖြေရှင်းခဲ့ပြီးဖြစ်သော အရေးကြီးပြဿနာ သို့မဟုတ် သူ့ဂုဏ်ပညာဖြင့် ပိုင်းခြားသိသော အမှန်တရားအကြောင်း ဟောပြောပို့ချသည်။

၁၁။ ငြင်းခုံဆွေးနွေးခြင်းမှာ အမှန်တရားကို အဆက်မပြတ် ရှာဖွေခြင်းအဖြစ် ပေါ်ပေါက်လာသည်၊ လက်တွေ့အမြင်မှကြည့်လျှင်မူ ဆွေးနွေးငြင်းခုံခြင်းကို ပညာရှင်အားလေ့ကျင့်ပေးခြင်း၊ လုံလဝီရိယဖြင့် အားထုတ်သည့်အလေ့အထကို အားပေးခြင်းအဖြစ် ရှုမြင်နိုင်သည်။ ဆရာ၏ ကိုယ်ရည်ကိုယ်သွေးမှာ ကျောင်းသား၏ အကျင့်စရိုက် ဖွံ့ဖြိုးမှုနှင့် ကျောင်းသား၏သဘောထား အမြင်ကို လေ့ကျင့်ပျိုးထောင်ရာ၌ ကြီးမားသည့် အခန်းကဏ္ဍမှ ပါဝင်သည်။ စိတ်ပိုင်းဆိုင်ရာနှင့် ဉာဏ်ပညာပိုင်းဆိုင်ရာ အားထုတ်မှုများအား လိုက်စားရာ၌ စိတ်အားထက်သန်သော ပတ်ဝန်းကျင်ကို ဖန်တီးခြင်းဖြင့် နာလန္ဒတက္ကသိုလ်သည် ပညာရေးနယ်ပယ်ကို ကြီးစွာ အထောက်အကူပြုပေးသည်။

၁၂။ သုတ္တန်အရာတွင် ဆရာတစ်ဆူမြောက်သည့် တဦးတည်းသော ပုဂ္ဂိုလ်အဖြစ် သတင်းများကဆိုသူ၊ သီလဘဒ္ဒရက Xuan Zang အား ဗုဒ္ဓဒေသနာအင်္ဂကထာများကို သင်ပေးသည်။ Xuan Zang တရုတ်ပြည် ပြန်သွားပြီးနောက် ဗုဒ္ဓဒေသနာတော်ကျောင်းတစ်ကျောင်းကို တည်ထောင်သည်။ နာလန္ဒမှာ ဗုဒ္ဓယုတ္တိဗေဒ၏ အချက်အချာလည်း ဖြစ်သည်။ ဗုဒ္ဓယုတ္တိဗေဒ၏ ဖခင်တစ်ဦးဖြစ်သူ Dignnaga မှာ အိန္ဒိယတွင် အာစရိယတစ်ဆူဖြစ်သည်။ ဗုဒ္ဓယုတ္တိဗေဒကို ဆက်လက်ရှင်သန်သောသူဖြစ်သော ဓမ္မခတ္တိက Dignnaga ၏ လမ်းကို လိုက်သည်။ Pala ခေတ်၊ Prajnakanamitra မှာ ဤနယ်ပယ်တွင် အကျော်ဒေးယျ ပုဂ္ဂိုလ်နောက်တစ်ဦးဖြစ်သည်။

၁၃။ နာလန္ဒတက္ကသိုလ်၏ အမွေအနှစ်ကို နောက်ဆုံး၌ Pala မင်းများကဆက်ခံပြီး ရာစုနှစ်များစွာ ထွန်းကားပြန့်ပွါးစေသည်။ မဟာဝိဟာရကျောင်းတော်အား Pala မင်းများက ပစ္စည်းလေးပါးထောက်ပံ့ခဲ့သည့် အထောက်အထားများကို ယင်းကျောင်းတော်၏ အပျက်အစီးများကြားတွင် ယခုထိန်းသိမ်းထားသည်။ အများစုမှာ Pala မင်းဆက်ခေတ် အေဒီ ၈၁၀ မှ ၈၅၀ အတွင်းက ဖြစ်သည်။ မဟာဝိဟာရ ဘိက္ခူသံဃသဿ သဘောတရားမှာ ထိုကာလအတွင်း ဖြစ်ထွန်းခဲ့ခြင်းဖြစ်ကြောင်း ဖြစ်နိုင်သည်။ အဘယ်ကြောင့်ဟူမူ ရှေးဦးခရီးသည်များဖြစ်သော Xuan Zang နှင့် I-tsing တို့က သံဃရာမဟူသော အသုံးအနှုန်းကို သုံးခဲ့ခြင်းကြောင့် ဖြစ်သည်။ နာလန္ဒတက္ကသိုလ်၏ မဟာဝိဟာရအပြင် ပါလခေတ်တွင် ထွန်းကားခဲ့သော အခြားဝိဟာရ အချို့ကလည်း ထိုအမည်သံဃရာမကို ရည်ညွှန်းသုံးနှုန်းခဲ့သည်။

၁၄။ မဟာဝိဟာရမှာလည်း နက်နဲသော ဗုဒ္ဓဝါဒ၏ဗဟိုဖြစ်လာသည်။ ဗုဒ္ဓနိုင်ငံရပ်ခြားတွင်၊ အထူးသဖြင့် တိဘက်ဒေသတွင် ပျံ့နှံ့မှုကို ယင်း၏အထောက်အကူပြုမှုက ယင်း၏ရွှေခေတ်ကို ဖြစ်ပေါ်စေသည်။ Shanktarasita ကို တိဘက်ဘုရင် Thri-Song က ပထမဆုံးဖိတ်ကြားခဲ့သည်။ Shanktarasita ၏ အကြံပြုချက်အရ ဘုရင် Thri-Song က နာလန္ဒတက္ကသိုလ် မဟာဝိဟာရ ကျောင်းတော်က Padmasanbhava ဆရာတော်ကို တိဘက်သို့ဖိတ်ကြားသည်။ ဆရာတော်က တိဘက်လူမျိုးတို့ကို တန္တရာ

ဗုဒ္ဓဘာသာသို့ သွတ်သွင်းပေးသည်။ ဆရာတော်မှာ လာမာဘုန်းကြီး အဖြစ် အကိုးအကွယ်ခံလာရသည်။ Shanktarasita က ဗုဒ္ဓသာသနာများကို တိဘက်တွင် ဟောကြားသည်။ ဆရာတော်၏ သီတင်းသုံးဖက် နာလန္ဒတက္ကသိုလ်က ဆရာတော် Kamaklasila ကိုလည်း တိဘက်သို့ ဖိတ်ကြားခံရသည်။

၁၅။ ထို ဆရာတော်များတိဘက်နှင့် အဆက်အသွယ်မရမီ နာလန္ဒတက္ကသိုလ် acarryas များမှာ ဗဟိုအာရှနှင့် တရုတ်ပြည်သို့ ဒေသစာရီ ကြွချီလေ့ရှိသည်။ Parajnakamitra, Vajrabodhi, Amoghavajra, Prajna နှင့် အခြားပုဂ္ဂိုလ်များမှာ ဗုဒ္ဓစာပေများကို ဘာသာပြန်ဆိုသူများအဖြစ် ထင်ရှားခဲ့သည်။ ဓမ္မပါလကနာလန္ဒမှ ဆူမထရားသို့ သူ၏အရွယ်ရင့်သည် အချိန်တွင် သွားရောက်ပြီး ဗုဒ္ဓဓမ္မ အစစ်အမှန်များကို ဟောကြားဖြန့်ဖြူးသည်။ ဤနည်းလမ်းဖြင့် နာလန္ဒဝိဟာရမှာ ဂုဏ်သရေကြီးမြင့်လှသဖြင့် မဟာဝိဟာရကျောင်းထွက် ရဟန်းများမှာ ဘုရင့်ဆရာတော်၊ ဆရာသမား၊ တွေးခေါ်ပညာရှင်၊ ကဗျာဝိဒူ၊ သမိုင်းပညာရှင်များ အဖြစ် လူကြိုက်များလှသည်။

၁၆။ အနီစွတရားမှာ ဗုဒ္ဓဟောကြားသည့် တရားများတွင် အရေးပါသော တရားတစ်ပါးဖြစ်သည်။ နာလန္ဒ တက္ကသိုလ်တွင်လည်း ဤတရားကို လိုက်နာကျင့်သုံးသည်။ ဝိဝါဒကွဲပြားသော အုပ်စုများကြောင့် နာလန္ဒမဟာဝိဟာရကို ရဟန်းများတဖြည်းဖြည်း စွန့်ခွါသွားကြပြီး နောက်ဆုံးတွင် ပစ်ပယ်မေ့လျော့သွားတော့သည်။ နာလန္ဒတက္ကသိုလ် တည်နေရာမှာ နောက်ဆုံးတွင် မြေကြီးပုံအဖြစ်သို့ ယုတ်လျော့ကျဆင်းသွားလေသည်။ Francis Buchanan မှာ ထိုနေရာကို ၁၈၁၂- ခုနှစ် ဧန်နဝါရီလတွင် ပထမဆုံး စတင် စူးစမ်းလေ့လာသူ ဖြစ်သည်။ သို့ရာတွင် မဟာဝိဟာရ၏ ပျက်စီးနေသော အစိတ်အပိုင်းများကို ၁၈၆၁-၆၂-ခုနှစ် အတွင်း နောက်ဆုံးဖော်ထုတ်ခဲ့သူမှာ Sir Alex and Cunningham ဖြစ်သည်။ အိန္ဒိယ ရှေးဟောင်း သုတေသနဌာနက လက်ရှိဝိဟာရမြေနေရာကို ၁၉၁၅ မှ ၁၉၃၇ အတွင်း တူးဖော်ခဲ့ခြင်း ဖြစ်သည်။

၁၇။ ခေတ်ဟောင်း နာလန္ဒမဟာဝိဟာရကျောင်းတော်၏ ပျောက်ကွယ်နေသော ဂုဏ်ကျက်သရေနှင့် အမွေအနှစ်ကို ပြန်လည်ဖော်ထုတ်ရန်အလို့ငှါ အိန္ဒိယသမ္မတနိုင်ငံ၏ ပထမဆုံး သမ္မတ ဒေါက်တာ ရာဂျင်ဒရာပရာဆဒ် က နာလန္ဒရှိ ဗုဒ္ဓစာပေလေ့လာရာ ရှေးဟောင်းဌာနကို ပြန်လည်ဖော်ထုတ်မည်ဟု ၁၉၅၀ လွန်နှစ်များ အစောပိုင်းတွင် ကြေညာလိုက်သည်။ ရလဒ်အနေဖြင့် နဝနာလန္ဒဝိဟာရကို ဘိက္ခု Jagdish Kashyap ကို အမှူးထား၍ ဗိဟာအစိုးရက ပြန်လည်တည်ဆောက်ခဲ့သည်။ နဝ နှင့် အခြားဆရာတော်များကို အမှူးထား၍ နဝနာလန္ဒ မဟာဝိဟာရ ကျောင်းတော်မှာ ဆက်လက် ရှင်သန်ဖွံ့ဖြိုးလာခဲ့ပါသည်။

၁၈။ နဝနာလန္ဒ မဟာဝိဟာရ ပြန်လည်ပေါ်ထွန်းလာမှုက မြန်မာ၊ ထိုင်းလင်း၊ ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ ကမ္ဘောဒီယား၊ သီရိလင်္ကာ၊ တိဘက်၊ ဗီယက်နမ်၊ ဂျပန်၊ ထိုင်ဝမ် စသောဒေသများဆီက နိုင်ငံခြားသား ရဟန်းနှင့် ကျောင်းသားများကို စွဲဆောင်နိုင်ခဲ့သည်။ စွဲဆောင်ဆဲလည်း ဖြစ်သည်၊ သင်ကြားခြင်း၊ သုတေသနလုပ်ခြင်းနှင့် စာအုပ်ထုတ်ဝေရေးမှာ နဝနာလန္ဒမဟာဝိဟာရ၏ အခြေခံ လုပ်ဆောင်မှုများ ဖြစ်သည်။ ဤကျောင်းတော်က ဗုဒ္ဓဘာသာနှင့် ဆက်သွယ်သော သင်တန်းအမျိုးမျိုး ပေးနေပါသည်။

၁၉။ လောလောဆယ်ဆယ်တွင် မဟာဝိဟာရက ပါဠိဘာသာအောင်လက်မှတ်ပေး တစ်နှစ် သင်တန်းနှင့် ဒီပလိုမာဘွဲ့ပေး နှစ်နှစ်သင်တန်းတို့ကို ပို့ချနေသည်။ ရိုးရာဘွဲ့ပေး ပါဠို Acharya သင်တန်း အတွက် Kameshwar Singh Darbhanga သက်ရိုက်တက္ကသိုလ်နှင့် ဆက်သွယ်ပေါင်းစည်း သင်တန်းပေးနေသည်။

၂၀။ အလားတူ ဗုဒ္ဓဂယာ၊ မာဂဒတက္ကသိုလ်နှင့် ဆက်သွယ်ပေါင်းစည်းက M.A. ဘွဲ့ပေးပါဦး၊ ဒဿနိကဗေဒနှင့် ခေတ်ဟောင်း အိန္ဒိယနှင့် အာရှစာပေသင်တန်းများကို မာဂဒတက္ကသိုလ်၏ သင်ရိုးအတိုင်း ကြိုးမှူးသင်ကြားပေးနေသည်။ ဘာသာစကားသင်တန်းများ ကာလမှာ နှစ်နှစ်ဖြစ်သည်။ ဟင်ဒီ၊ အင်္ဂလိပ်၊ တိဘက်နှင့် သင်္ကရိတ်ဘာသာများမှာ M.A. သင်တန်းသားများအတွက် သင်ကြားရန် လိုအပ်သည်။ ပါရဂူဘွဲ့ရနိုင်သည်သင်တန်းများကိုလည်း မာဂဒ တက္ကသိုလ်နှင့် ဆက်သွယ်၍ ပို့ချနေပါသည်။

၂၁။ အနာဂတ်မှာ ဖွင့်လှစ်မည့်သင်တန်းများတွင် အိန္ဒိယလူ့အဖွဲ့အစည်းနှင့် ယဉ်ကျေးမှု၊ ဝိပဿနာနှင့် ဗုဒ္ဓစာပေလေ့လာမှု (အသုံးချဗုဒ္ဓဝါဒ) သုတေသနပြုလုပ်နည်း၊ ခေတ်သစ်သိပ္ပံပညာဖြင့် ဗုဒ္ဓဝါဒကို ချဉ်းကပ်နည်းသင်တန်းတို့ ပါဝင်သည်။ ကွန်ပျူတာသင်တန်း၊ ပါဠိနှင့် ဗုဒ္ဓစာပေးစာယူ သင်တန်း၊ ဗုဒ္ဓဝင်နေရာများသို့ ယဉ်ကျေးမှု ကမ္ဘာလှည့်သင်တန်းတို့ကို စတင်ဖွင့်လှစ်ရန် အစီအစဉ်များ ရှိလေသည်။ ရေးဟောင်းဗေဒ၊ ကျောက်စာဗေဒ၊ သုခုမသဘင်အပါအဝင် အခြားအနုပညာနှင့် ဗုဒ္ဓဘာသာဆိုင်ရာ အနုပညာလက်တွေ့ သင်တန်းများကိုလည်း လက်ခံသင်ကြားပေးမည်။ အခြား အလားတူ ပြည်တွင်း၊ ပြည်ပ တက္ကသိုလ်၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် အစီအမံများလည်း ရှိပါသည်။

၂၂။ မဟာဝိဟာရ ပညာရေးဆောင်ရွက်ချက်များတွင် သင်ကြားပို့ချမှု၊ သုတေသန နှီးနှော ဖလှယ်ပွဲ၊ ညီလာခံ၊ အထူးဘွဲ့နှင်းသဘင်၊ စာပေထုတ်ဝေရေးနှင့် စာကြည့်တိုက် ထိန်းသိမ်းတိုးချဲ့ရေး တို့ပါဝင်ပါသည်။

၂၃။ Xuan Zang အောက်မေ့ဖွယ် နယ်မြေသည် အနာဂတ်တွင် ပဋိပတ္တိအားထုတ်ရာနှင့် ယဉ်ကျေးမှု ကျေးရွာအဖြစ် ပေါ်ပေါက်ထွန်းကားလာမည်ဖြစ်သည်။

၂၄။ လောလောဆယ်ဆယ်တွင် နဝနာလန္ဒ မဟာဝိဟာရသည် အိန္ဒိယအစိုးရ၏ ယဉ်ကျေးမှုဌာနလက်အောက်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိ တက္ကသိုလ်ဖြစ်သည်။ နာလန္ဒကျောင်းတော်၏ ကြွယ်ဝသော အမွေအနှစ်ကို ဆက်လက်ရှင်သန်စေရန် ထိန်းသိမ်းဆောင်ရွက်နေပေသည်။

လူသားအားလုံး ပျော်ရွှင်ချမ်းမြေ့ပါစေ။




ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ အထိမ်းအမှတ်အဖြစ် ဗောဓိညောင်ပင် ၃၆-ပင်ကို မဟာပါသာဏလိုဏ်ဂူ ပတ်ပတ်လည်တွင် စိုက်ပျိုးနေပုံ
Planting of 36-Bodhi trees to commemorate The World Buddhist Summit around Mahā Pāsāṇa Cave.



# တရားထိုင်ခြင်းနှင့် ကမ္ဘာ့ငြိမ်းချမ်းရေး

အရှင်လောကနာထ
(ဂျမေကာ)

ကမ္ဘာကြီးတစ်ခုလုံး ငြိမ်းချမ်းရေးရဖို့ လိုနေပါတယ်။ ငြိမ်းချမ်းရေးကို အားလုံးလိုချင်ကြတယ်။ နှလုံးသားတွေ၊ စိတ်တွေ ငြိမ်းချမ်းချင်ကြတယ်။ မိမိတို့ အိမ်နီးနားအချင်းချင်း ငြိမ်းငြိမ်းချမ်းချမ်း နေချင်ကြတယ်။ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာနေချင်ကြတယ်။ ဘာကြောင့်ဒီလို နေချင်ရတာလဲဆိုတော့ ကမ္ဘာကြီးဟာ ဖရိုဖရဲဖြစ်နေတယ်။ ငြိမ်းချမ်းရေးတို့ စိတ်ချမ်းသာမှုဆိုတာတို့ ကင်းမဲ့နေလို့ဖြစ်ပါတယ်။

စစ်မှန်တဲ့ ငြိမ်းချမ်းရေးဆိုတာ ပါးစပ်နဲ့ ပြောနေရုံနဲ့ မရပါဘူး။ မိမိတို့ရဲ့စိတ်ကို တရားထိုင်တဲ့ နည်းဖြင့် လေ့ကျင့်ပို့ပေးရပါတယ်။ တရားထိုင်တဲ့အလုပ်နဲ့ ငြိမ်းချမ်းရေးဟာ အချင်းချင်း ဆက်စပ်နေပါတယ်။ ဗုဒ္ဓတရားတော်အရဆိုရင် တရားထိုင်ခြင်းဟာ နိဗ္ဗာန်ရောက်ကြောင်းဆိုင်ရာ တရားများထဲမှ တစ်ခုအပါအဝင်ဖြစ်ပါတယ်။ စိတ်ကိုသန့်ရှင်းအောင်၊ အပြစ်ဒေါသတွေကင်းအောင် မလုပ်ဘဲ၊ ဒါနစတဲ့ကောင်းမှုကုသိုလ်မျိုးတွေလောက်နဲ့ နိဗ္ဗာန်မရောက်နိုင်ကြောင်း ဗုဒ္ဓတရားတော်များအရ သိရပါတယ်။ ယဉ်ကျေးအောင် လေ့ကျင့်ဆုံးမထားခြင်းမရှိတဲ့ စိတ်ဟာ အမိဖမ်းဖို့ ခက်တယ်။ မကောင်းမှုအကုသိုလ်တွေဖြစ်အောင် ကာမဂုဏ်တွေလိုက်စားအောင် ဆွဲဆောင်တတ်တယ်။ ဒါဟာ လူ့စိတ်ရဲ့ သဘာဝပါတဲ့။ စိတ်ကို မှန်မှန်ကန်ကန် ဆုံးမမထားဘူးဆိုရင် တွေးချင်ရာတွေးပြီး ဝမ်းနည်းလိုက်၊ ဝမ်းသာလိုက် စသည်ဖြင့် ခံစားချက်အမျိုးမျိုးနဲ့ အမှားမှား အယွင်းယွင်း လုပ်ကိုင်ဆောင်ရွက်တတ်ပါတယ်။ တရားအားထုတ်တတ်တဲ့သူများကတော့ လွဲမှားတဲ့ ကာမဂုဏ်အာရုံများကို ကောင်းကောင်း ထိန်းချုပ်ထားနိုင်ပါတယ်။ ဒီကနေ့ လူသားအားလုံး ရင်ဆိုင်နေရတဲ့ ဒုက္ခအများစုဟာ စိတ်ကို ယဉ်ကျေးအောင် ဆုံးမ မထားလို့ဘဲ ဖြစ်ပါတယ်။ တရားထိုင်ခြင်းဟာ ကိုယ့်ခန္ဓာမှာ ကပ်ရောက်တဲ့ ရောဂါများနဲ့ စိတ်ရောဂါဝေဒနာများကို ကုစားပေးနိုင်ပါတယ်ဆိုတဲ့ အချက်ဟာ အခုအခါ အခိုင်အမာ ဖြစ်နေပါပြီ။

ဒါ့ကြောင့် တစ်နေ့ မိနစ်အနည်းငယ် အချိန်ပေးပြီး စိတ်ငြိမ်အောင် တရားထိုင်ပေးရင်း အဲဒီ ရောဂါဝေဒနာတွေကို ရှောင်လွဲနိုင်မှာဖြစ်ပါတယ်။ ဗုဒ္ဓဘာသာမှာ တရားထိုင်တယ်ဆိုတဲ့ အလုပ်ဟာ စိတ်ကို ပစ္စက္ခအပေါ်မှာ တည့်တည့်တင်ပေးရတဲ့အလုပ်ဘဲ ဖြစ်ပါတယ်။ အကျင့်ပါနေတဲ့ အလေ့အလာ အမူအကျင့်များကြောင့် အနှောင့်အယှက်ဖြစ်နေတဲ့ စိတ်ကို အဲဒီအနှောက်အယှက်တွေကနေ ကင်းလွတ်အောင် သတိနဲ့ယှဉ်ပြီး ပစ္စုပ္ပန်မှာဘဲ တည့်တည့်ထားပေးနေရတဲ့ အလုပ်ဘဲဖြစ်ပါတယ်။

ဒီနေရာမှာ မြတ်ဗုဒ္ဓကို စံထားကြည်ညိုသင့်ပါတယ်။ ဘုရားဟာ စိတ်ကို သန့်ရှင်းကြည်လင်ရင့်ကျက်အောင် ကျင့်ကြံအားထုတ်ခြင်းဖြင့် သမ္မာသမ္ဗောဓိဉာဏ်တော်ကို ရတော်မူခဲ့တယ်။ ဘယ်တန်ခိုးရှင် ဆီကမှ အကူအညီယူခဲ့တာမဟုတ်ဘူး။ မိမိကိုယ်တိုင် လုံ့လပြု တရားအားထုတ်ခြင်းဖြင့်သာ သမ္မာသမ္ဗောဓိဉာဏ်တော် ရရှိခဲ့ခြင်းဖြစ်တယ်။ စိတ္တသုခ၊ ကာယသုခ၊ ရချင်ယင် လူ့ဘဝမှာ ငြိမ်းငြိမ်းချမ်းချမ်းနေချင်ရင် ဘယ်လို တရားအားထုတ်ရတယ်ဆိုတာ မဖြစ်မနေ သိထားဘို့လိုပါတယ်။

ခု တကယ်စိတ်ချမ်းသာမှုမရှိယင် လူ့ဘဝတစ်ခုလုံး ပြိုလဲသွားမှာဖြစ်တယ်။ လူဆိုတာကတော့ စိတ်ဆင်းရဲ့တရားတွေကို ကာမဂုဏ်လိုက်စားမှုများနဲ့ ကျော်လွှား ဖျောက်ဖျက်ဘို့ ကြိုးစားကြတာဘဲ။ အရက်သောက်တယ်၊ လောင်းကစားလုပ်တယ်၊ သီချင်းတကျော်ကျော်၊ ကလိုက်ခုန်လိုက်ကြနဲ့၊

အချိန်ရှိသရွေ့ ဒီလိုဘဲ လုပ်ကြရင်း တကယ့်ငြိမ်းချမ်းရေး တကယ့်စိတ်ချမ်းသာမှုကို ရနေပြီလို့ဘဲ ထင်မှတ်မှားနေကြပါတယ်။ ကာမဂုဏ်အာရုံတွေကို နှိုးဆွပေးနေကြခြင်းဟာ စိတ်ငြိမ်းအေးမှုကို ရရှိစေနိုင်တဲ့ နည်းလမ်းမဟုတ်ပါဘူး။ ကာမဂုဏ်တွေလိုက်စားဘို့ ကြိုးစားလေလေ အဲဒီကာမဂုဏ်တွေရဲ့ ကျေးကျွန်တွေ ဖြစ်လာလေလေပါဘဲ။ တင်းတိမ်ရောင့်ရဲတယ်ဆိုတာ ဘယ်တော့မှ ရှိတော့မှာမဟုတ်ဘူး။ စိတ်ရောကိုယ်ပါ ငြိမ်းအေးစေချင်တယ်ဆိုရင် စိတ်ကို နိုင်အောင် ထိန်းချုပ်ခြင်းဖြင့် အဲဒီကာမဂုဏ်အာရုံတွေကို ငြိမ်းအောင်လုပ်တဲ့နည်းသာ စစ်မှန်တဲ့ နည်းဖြစ်တယ်။ စိတ်ကိုထိန်းကွပ်နိုင်ရင် အရာရာကို ထိန်းကွပ်လာနိုင်မှာဖြစ်တယ်။ စိတ်ထိန်းကွပ်နိုင်ပြီး သန့်ရှင်းကြည်လင်နေတဲ့အခါ စိတ်ထဲမှာ အနှောင့်အယှက်တွေ ကင်းသွားမယ်။ ဒီလိုနဲ့ နောက်ဆုံးမှာ သံသရာဝဋ်ဆင်းရဲက လွတ်ပြီး အငြိမ်းဓါတ်ရသွားကြမှာဖြစ်ပါတယ်။

တရားအားထုတ်တော့မယ်ဆိုရင် ခိုင်မာတဲ့ ဆုံးဖြတ်ချက်၊ ဇွဲလုံ့လနဲ့ သည်းခံမှုတွေလိုတယ်။ ချက်ချင်းကြီး အကျိုးထူးပါလိမ့်မယ်လို့တော့ မမျှော်လင့်နိုင်ဘူး။ ဆရာဝန်တို့ ရှေနေတို့၊ သချိုင်ပညာရှင်၊ ဒဿနိကပညာရှင်၊ သိပ္ပံပညာရှင်စတဲ့ လူတွေဖြစ်လာဘို့ နှစ်ပေါင်းများစွာ ကြိုးစားကြရတာဘဲ မဟုတ်လား။ ဒီလိုပါဘဲ၊ ကျွမ်းကျင်တဲ့တရားယောဂီတစ်ယောက်ဖြစ်လာဘို့ဆိုယင် လွှင့်ချင်ရာလွှင့်နေတဲ့ စိတ်ကို ထိန်းကွပ်ဖို့၊ အာရုံတွေကို ငြိမ်သက်သွားဘို့ အချိန်ပေး လေ့ကျင့်ဘို့လိုတယ်။ ချက်ချင်း အကျိုးမထူးရကောင်းလားဆိုပြီး စိတ်မရှည်မဖြစ်ရပါဘူး။ တစ်ချိန်ထဲမှာဘဲ သီလကိုလဲ စောင့်စည်း ပျိုးထောင်ရမှာဖြစ်ပါတယ်။ အနှောက်အယှက်ကင်းရှင်းစွာ တရားထိုင်နိုင်မယ့် နေရာမျိုးလဲ အရေးကြီးပါတယ်။ တရားအားထုတ်တဲ့အခါ ဘာကိုအာရုံစိုက်ရမလဲဆိုတာ အရေးကြီးတယ်။ အဲဒါမရှိရင် စိတ်ကို တစ်နေရာထဲမှာ ဖမ်းထားဘို့ မြဲနေဘို့ မလွယ်ဘူး။ အာရုံစိုက် ရှုမှတ်ရမယ့် အရှုခံဟာ ယောဂီရဲ့ စိတ်ထဲမှာ လောဘ၊ ဒေါသ၊ မောဟတွေ မဖြစ်ပေါ်စေရဘူး။ တစ်နည်းအားဖြင့် အဲဒီအရှုခံကြောင့် စိတ်လှုပ်ရှားမှုတွေ ဖြစ်နေတာမျိုး မဖြစ်စေရပါဘူး။

လူတွေဟာ မိမိတို့ ခန္ဓာကိုယ်နဲ့ပတ်သက်ပြီး အချိန်တွေ အများကြီးပေးကြရတယ်။ စားဘို့၊ ဝတ်ဘို့၊ အချိန်ပေးရတယ်။ ဝတ်စားဆင်ယင်ဘို့၊ သန့်စင်ဘို့၊ လှပတင့်တယ်ဘို့၊ အနားယူဘို့ စသဖြင့် အချိန်တွေအများကြီးပေးရတယ်။ ဒါပေမယ့် စိတ်ကို စောင့်ကြည့်ဘို့ အချိန်ဘယ်လောက်များပေးကြပါသလဲ။

မြတ်ဗုဒ္ဓက တပည့်သား သာဝကများကို သံသရာမှ လွတ်မြောက်ချင်ယင် မိမိတို့ ကိုယ်ကို မိမိတို့ အားကိုးကြပါလို့ တိုက်တွန်းဟောကြားတော်မူပါတယ်။ ဘာကြောင့်လဲဆိုတော့ ကုသိုလ်ရော အကုသိုလ်ပါ မိမိတို့အပေါ်မှာသာ တည်မှီနေလို့ပါဘဲ။ ဓမ္မပဒမှာ ဘာဆိုထားသလဲဆိုတော့ "မိမိကိုယ်တိုင်သာလျှင် ကြိုးစားအားထုတ်ရာ၏။ ဗုဒ္ဓမြတ်စွာဘုရားတို့သည် နည်းပေးလမ်းပြသူများသာ ဖြစ်ကြ၏။ လမ်းမှန်ကို ကျင့်ကြံအားထုတ်ကြသူများသည် အကုသိုလ်အနှောင်အဖွဲ့တို့မှ လွတ်မြောက်ကြ၏။ နိုးကြားချိန်တန်ပါလျက် မနိုးကြားသူ၊ နုပျိုသန်စွမ်းပါလျက် ပျင်းရိသောသူ စိတ်ဓါတ်ခွန်အား အတွေးအမြင် ခွန်အားနည်းသူ၊ ဤသို့ ပျင်းရိထိုင်းမှိုင်းသူသည် မဂ်လမ်းကို ဘယ်တော့မှ မတွေ့နိုင်။ ဇွဲ၊ လုံ့လ၊ ထက်သန်မှုသည် သေခြင်းကင်းရာ အမတာသို့ သွားရာလမ်းဖြစ်၏။ ဇွဲ၊ လုံ့လရှိသူသည် မသေဟု ဆိုအပ်၏။ ပျင်းရိသူကား သေနေသူနှင့်တူ၏။"

ဗုဒ္ဓကိုယ်တော်မြတ်များဟာ လမ်းကို ညွှန်ပြပေးတော်မူတယ်။ သံသရာက လွတ်အောင် ကြိုးစားဘို့ဆိုတာ လူတွေရဲ့ တာဝန်ပါဘဲ။ သူများကို အားကိုးတာဟာ အန္တရာယ်လက္ခဏာဆောင်တယ်။

မိမိကိုယ်မိမိ အားကိုးခြင်းကတော့ အပေါင်းလက္ခဏာဆောင်တယ်။ မိမိကိုယ်မိမိ အားကိုးရေးနဲ့ ပတ်သက်ပြီး မြတ်ဗုဒ္ဓက ပရိနိဗ္ဗာန် သုတ်တော်မှာ အောက်ပါအတိုင်း ဟောကြားခဲ့ပါတယ်။

"မိမိကိုယ်မိမိ မီးအိမ်သဖွယ်ပြုလုပ်ပါ။ မိမိကိုယ်မိမိသာ ကိုးကွယ်ရာဖြစ်၏။ တရားကို မီးအိမ်သဖွယ် စွဲမြဲစွာ ကိုင်ဆောင်ပါ။ တရားကို မြဲစွာ ကိုးကွယ်ပါ။ မိမိမှတစ်ပါး တပါးသူကို အားမကိုးရာ။ မိမိကိုယ်ကို မိမိ မှီခိုသူသည် အမြင့်ဆုံး ဗောဓိဉာဏ်ကို ရနိုင်၏။

ဒါကြောင့် ဝိပဿနာတရားအားထုတ်တော့မယ်ဆိုယင် အရှုခံတရား တစ်ခုခုလိုပါတယ်။ အဲဒီအရှုခံအပေါ်ကိုဘဲ စိတ်ကို အမြဲစိုက်ထားနိုင်အောင် ကြိုးစားရမှာဖြစ်တယ်။ စိတ်ကတခြားအာရုံတွေဆီမှာ လွတ်သွားရင် ဒီအဓိက "အိမ်ရှင်"အရှုခံကိုဘဲ ပြန်တင်ထားရတယ်။ အစဉ်အလာအားဖြင့် အသက်ရှူသွင်း၊ ရှူထုတ်တာကိုဘဲ အရှုခံအဖြစ်ထားကြပါတယ်။ ရှူသွင်းရင် ရှူသွင်းတယ်။ ရှူထုတ်ရင် ရှူထုတ်တယ်လို့ မှတ်ရတယ်။ စိတ်က တခြားလွင့်သွားရင် တခြားဟာတွေကို စဉ်းစားနေရင်၊ စဉ်းစားနေတယ်ဆိုတာ သိရမယ်။ ဒီလိုဘဲ ကြားရင်ကြားတယ်။ စိတ်တွေပျံ့လွင့်နေရင် ပျံ့လွင့်နေတယ်။ တခုခုခံစားနေရရင်လဲ ခံစားနေရတယ် စသည်ဖြင့် သိဘို့လိုပါတယ်။ ကာယဝေဒနာမျာကိုလဲ အလားတူသိရဘို့ လိုတယ်။ ဒီနည်းအားဖြင့် အာရုံ(၆)ပါး၊ တံခါးပေါက်များကတဆင့် ဝင်လာတာမှန်သမျှကို သိနေပါတယ်။

အဲသလို ကျင့်ကြံအားထုတ်ခြင်းအားဖြင့် ထက်မြက်စူးရှတဲ့ သမာဓိရလာပါတယ်။ ဒီသမာဓိဟာ ဖြစ်ပျက်မှုတရားတွေကို အမှန်အတိုင်း မြင်လာစေနိုင်တယ်။ အမှန်အတိုင်းဆိုတာကတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့ လက္ခဏာသုံးပါးကို သဘာဝအရှိအတိုင်းမြင်ခြင်းလို့ ဆိုလိုပါတယ်။ ဒီလက္ခဏာရေးသုံးပါးကို မြင်ဘို့အရေးကြီးတယ်။ ဒီလိုမြင်မှ မိမိရဲ့ စိတ်နဲ့ ကိုယ်ကာယတို့ သံယောဇဉ်ကပ်ငြိခြင်းတွေ လျော့ပါးသွားမှာဖြစ်တယ်။ တရားကို ပိတ်ဆို့ထားတဲ့ အကုသိုလ် အညစ်အကြေးတွေ အားနည်းသွားမှာဖြစ်တယ်။

တရားထိုင်တော့ အကုသိုလ်မှုတွေကို ရှောင်ပါတယ်။ ဒါဟာ လူအဖွဲ့အစည်းကို အကျိုးပြုနေခြင်းဖြစ်ပါတယ်။ တရားထိုင်ခြင်းဖြင့် စိတ်ဓါတ်ယဉ်ကျေး ရင့်ကျက်လာတဲ့အခါ လူ့အဖွဲ့အစည်းကို အလွန်ကျေးဇူးပြုတယ်။ တရားထိုင်နေတာဟာ အချိန်ဖြုန်းနေတာမဟုတ်ဘူး။ တရားထိုင်ထားတဲ့သူဟာ ပြဿနာတွေကိုရှင်းနိုင်တယ်။ သူများကိုလည်း ကောင်းရာကောင်းကြောင်း နည်းပေးလမ်းပြပြုနိုင်တယ်။ အနောင့်အယှက်အမျိုးမျိုးရှိနေတဲ့ ယနေ့ခေတ်ကမ္ဘာကြီးမှာ စိတ်အေးချမ်းသာစွာ နေနိုင်လာတယ်။ မျက်စိရှပ်၊ နားရှပ်လို့ လူတွေနဲ့ ဝေးတဲ့တောထဲသွားနေဘို့မဟုတ်ပါဘူး။ တစ်ယောက်တည်းနေပြီး စိတ်ကူးယဉ်နေ ဘို့မဟုတ်ဘူး။ လူတစ်ယောက်ဟာ ငွေနဲ့ဝယ်ယူလို့မရတဲ့ အရာကို တရားထိုင်ခြင်းဖြင့် ရယူသင့်ပါတယ်။

တရားထိုင်အလေ့အကျင့်ပါလာရင် သူများတွေက နှောင့်ယှက်လာရင်တောင် မိမိက ယဉ်ယဉ်ကျေးကျေးပြန်ပြီး ဆက်ဆံလာနိုင်ပါတယ်။ ကိုယ်ရောစိတ်ပါ ငြိမ်းအေးအောင် ဘယ်လိုလုပ်ရမလဲဆိုတာ သိလာနိုင်တယ်။ ဘဝမှာ အခက်အခဲနဲ့ တွေ့တဲ့အခါ မှန်မှန်ကန်ကန် ဆုံးဖြတ်လာနိုင်တယ်။ ဒီလို အရည်အချင်းတွေကို ငွေပေးဝယ်လို့မရဘူး။ တရားထိုင်ခြင်းရဲ့ အဓိကရည်မှန်းချက်က နိဗ္ဗာန်ရောက်ရေးဘဲ ဖြစ်ပါတယ်။

နိဗ္ဗာန်ဆိုတာ ဘာလဲ။ နိဗ္ဗာန်ဆိုတာ ဟိုမှာဆိုပြီး လက်ညှိုးထိုးပြနိုင်တဲ့နေရာမျိုးမဟုတ်ဘူး။ အကုသိုလ်တရားတွေကင်းစင်သွားတဲ့ နောက်ဆုံးအဆင့်ဘဲ ဖြစ်ပါတယ်။ နိဗ္ဗာန်ရဲ့ သဘောသဘာဝကို

စိတ်ကူးနဲ့လဲ မသိနိုင်ဘူး။ တင်စားခိုင်းနှိုင်းပြောဆိုလို့လဲမရဘူး။ ပညာရှင်တစ်ချို့က နိဗ္ဗာန်ဆိုတာ အပေါင်းလက္ခဏာဆောင်တဲ့ တရားတဲ့။ တစ်ချို့က ဘာမှမရှိတဲ့တရားတဲ့။ ဒါပေမယ့် အောက်ပါ သုတ်တော်ကိုကြည့်ရင် နိဗ္ဗာန်ရဲ့ သဘောသဘာဝကို နားလည်သဘောပေါက်အောင် ကြိုးစားရာမှာ အထောက်အကူဖြစ်နိုင်ပါတယ်။

တခါက အရှင်သာရိပုတ္တရာဟာ နာဠကရွာမှာ နေတော်မူပါတယ်။ အဲဒီအခါ ဇမ္ဗုခါဒကာဆိုတဲ့ လူတစ်ယောက်က သူ့ဆီလာပြီး "နိဗ္ဗာန်၊ နိဗ္ဗာန်"ဆိုပြီး ပြောကြပါတယ်။ နိဗ္ဗာန်ဆိုတာ ဘာပါလဲလို့ မေးတယ်။ ဒီတော့ အရှင်သာရိပုတ္တရာက "နိဗ္ဗာန်"ဆိုတာ လောဘ၊ ဒေါသ၊ မောဟ၊ တရားများ လုံးဝ ချုပ်ငြိမ်းသွားတာဖြစ်တယ်လို့ ပြောကြားတယ်။ နိဗ္ဗာန်ရောက်ဘို့ ဘယ်လိုကျင့်ရသလဲလို့ မေးတော့ အရှင်သာရိပုတ္တာက "သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာ ကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာ သမ္မာဓိ" ဆိုတဲ့ မဂ္ဂင်ရှစ်ပါးလမ်းစဉ်ဖြင့် နိဗ္ဗာန်ရောက်နိုင်တယ်။"လို့ သံယုတ်နိကာယ်မှာ ဟောကြားခဲ့ပါတယ်။

လူတွေ ကိုယ့်ဒုက္ခကိုယ် ရှာနေကြတဲ့အကြောင်းရင်းကို ရှာကြည့်ရင် လောဘ၊ ဒေါသနဲ့ မောဟ ဆိုတဲ့ တရား(၃)ပါးကိုဘဲ တွေ့ရတယ်။ နိဗ္ဗာန်ရောက်တော့မှသာ အဲဒီ အကြောင်းခံတရားတွေနဲ့ အဲဒီ အကြောင်းများကြောင့် ဖြစ်ပေါ်လာတဲ့ စိတ်ဆင်းရဲမှုတွေဟာ လုံးဝ အမြစ်ပြတ်ပျောက်ကွယ်ချုပ်ငြိမ်း သွားမှာဖြစ်တယ်။ အဲဒီအခါမှာ ထာဝရငြိမ်းချမ်းရေးလဲ ဖြစ်ပေါ်လာမှာဖြစ်ပါတယ်။

အကျဉ်းချုပ်ကတော့

"ထာဝရငြိမ်းချမ်းမှုကို ရနိုင်တဲ့နည်းစစ် နည်းမှန်ကတော့ ကာမတဏှာ ငြိမ်းသွားအောင် စိတ်ကို ထိန်းကွပ်ပေးတဲ့နည်းပဲဖြစ်ပါတယ်။"

# ခေတ်အဆက်ဆက် ဗုဒ္ဓဘာသာပြန့်ပွားမှုနှင့် ရင်ဆိုင်ရမည့် စိန်ခေါ်မှုများ

ဒေါက်တာဘိက္ခုသက္ကပါလ
ဌာနမှူး၊ ဗုဒ္ဓစာပေဌာန
နယူးဒေလီတက္ကသိုလ်၊ အိန္ဒိယနိုင်ငံ

## နိဒါန်း

ယခုအချိန်မှာ အသွင်သဏ္ဌာန်အမျိုးမျိုးနဲ့ ရှိနေတဲ့ ဗုဒ္ဓဘာသာဟာ နှစ်ပေါင်း ၂၅၅၀တိုင်အောင် သမိုင်းကြောင်း ရှည်ကြာခဲ့ပြီဖြစ်ပါတယ်၊ အားလုံးသိကြတဲ့အတိုင်း ဗုဒ္ဓဘာသာဟာ ဘီစီ ၆–၅ ရာစုနှစ်အတွင်းက အိန္ဒိယမြောက်ပိုင်းမှာ ထွန်းကားခဲ့တဲ့ မြတ်ဗုဒ္ဓရဲ့ အဆုံးအမများအပေါ် အခြေပြုတဲ့ဘဝနေနည်းတစ်ခု ဖြစ်ပါတယ်၊ အဲဒီတုန်းကတရားသေဆန်တဲ့ ပူဇော်ကိုးကွယ်မှု ယုံကြည်ကိုးကွယ်ချက်များကြောင့် လူပ်လူပ်ရွရွ ဖြစ်နေတဲ့ ကာလတစ်ခုပါ။ ထိုစဉ်အခိုက်မှာ သက္ကတိုင်းကပိလဝတ်ဘုရင် သုဒ္ဓါဒနမှာ ဘုရားလောင်းကို ဖွားမြင်တယ်။ သိဒ္ဓတ္ထဂေါတမမည်တဲ့ ဤသားဟာဗုဒ္ဓဖြစ်လာလိမ့်မယ်လို့ နက္ခတ်ဗေဒင် ပညာရှင်များက ဟောကိန်း ထုတ်ခဲ့ပါတယ်။ ဒါကြောင့်သူဘုရားအဖြစ်သို့ မရောက်လေအောင် အကောင်းဆုံးလောကီ စည်းစိမ်တွေ ခံစားစေခဲ့ပါတယ်။ ဒါပေမယ့် နန်းတော် ဥယျာဉ်သို့အသွားသူအို၊ သူနာ၊ သူသေနဲ့ အေးချမ်းတဲ့မျက်နှာသွင်ပြင်ရှိ ရသေ့ရဟန်းကိုမြင်တော့ ဘဝပြဿနာတွေ ဖြေရှင်းနိုင်မယ့်နည်းလမ်းကို တွေးတောဆင်ခြင်ခဲ့တယ်။ ထို့နောက်သူဟာ လောကီစည်းစိမ်ကို စွန့်ပြီးရဟန်းဘဝရောက်ရှိတယ်။ အပြင်းအထန်ခြိုးခြံတဲ့အကျင့်များကို စွန့်လွှတ်ခဲ့ပြီးနောက် အနီးအနားရွာမှာ ကုန်သည်ရဲ့သမီးသုဇာတာရဲ့ နို့ဆွမ်းကိုဘဉ်းပေးတော်မူကာ ဥရဝေလတော (ဗုဒ္ဓဂယာ)မှာ အမြင့်မားဆုံးဉာဏ်အလင်းပွင့်ခြင်းသို့ ရောက်ရှိပါတယ်။ နောင်တော့်ကမ္ဘာမှာ ဂေါတမဗုဒ္ဓရယ်လို့ ထင်ရှားသွားတော့တယ်။ ဉာဏ်အလင်းဖြင့်ရရှိတဲ့ ဓမ္မကြောင့်သမုတိသစ္စာနဲ့ ပရမတ္ထသစ္စာကို သိမြင်တယ်။ ဘုရားရှင်က ၎င်းသိမြင်တော်မူတဲ့တရားအား ပဉ္စဝဂ္ဂိငါးပါးကို တရားဦးအဖြစ် "ဓမ္မစက္ကပဝတ္တန" သုတ်တော်ဟောကြားတော်မူပါတယ်။ ၄၅နှစ်တာကာလပတ်လုံး ဒေသစာရီ လှည့်လည်ပြီး တရားဟောကြားခဲ့ရာမှာ အခြေခံဆောင်ပုဒ်က 'ဗဟုဇနဟိတာယ ဗဟုဇနသုခါယ' ခေါ် အများ ကောင်းစားရေးနဲ့ အများချမ်းမြေ့ရေးဖြစ်ပါတယ်။ ဒီရည်ရွယ်ချက်က အခြေခံလူ့စရိုက်ထဲမှာပါဝင်တဲ့ မေတ္တာနဲ့ကရုဏာဖွံ့ဖြိုးရေးကို အားပေးတဲ့အတွက် ဗုဒ္ဓရဲ့လမ်းစဉ်ကို လူအများကြည်ညိုလက်ခံလာစေခဲ့ပါတယ်။ အကျိုးဆက်အဖြစ် ဗုဒ္ဓဘာသာဟာ တောင်အာရှနဲ့ အရှေ့တောင်အာရှမှာ ပြန့်ပွားခဲ့ပြီးယခုအခါ အနောက်တိုင်းနိုင်ငံများသို့ ရောက်ရှိနေပါပြီ။ တင်ပြခဲ့တဲ့ ဗုဒ္ဓဆောင်ပုဒ်ဖြင့် စတင်ပေးသော ဓမ္မကိုယနေ့တိုင် လက်ဆင့်ကမ်းဟောကြား ပြန့်ပွားစေလျက်ရှိပါတယ်။ ဘဝကို ငြိမ်းငြိမ်းချမ်းချမ်း နေထိုင်ပြီး ထာဝရသုခရရှိအောင် ညွှန်ပြတဲ့ ဗုဒ္ဓရဲ့အဆုံးအမများဟာ ယခုအချိန်တိုင်အောင် အကျိုးထူး တန်ဖိုးရှိလှတာမို့ လူအပေါင်းအားဆွဲဆောင်နေဆဲ ဖြစ်ပါတယ်။

ဗုဒ္ဓဘာသာဟာ နှစ်ပေါင်း၂၅၅၀နီးပါးတစ်လျှောက်မှာ နိမ့်တုံမြင့်တုံတွေကြုံခဲ့ရပေမယ့် ဆက်လက်ပြန့်ပွားနေဆဲပါ။ စိန်ခေါ်ချက်တွေ ကြားဖြတ်နောက်ယှက်မှုတွေ ရှိသော်လည်း လျင်မြန်စွာဘဲ ဆက်လက်ပြန့်ပွားတိုးတက်လျက်ရှိပါတယ်။ ဤကာလရှည်ကြီးတစ်လျှောက် ဗုဒ္ဓဘာသာပြန့်ပွားမှုနဲ့ ထိန်းသိမ်းထားရာမှာ ကြုံခဲ့ရတဲ့ ထင်ရှားသောအဆင့်များနဲ့ နည်းလမ်းတို့မှာ အောက်ပါအတိုင်း ဖြစ်ပါတယ်။

## အာဂုံဆောင်သည့်နည်းလမ်းဖြင့် ဗုဒ္ဓဘာသာပြန့်ပွားခြင်း

ပထမဆုံးကျွန်ုပ်တို့တွေ့ရမှာက မိဂဒါဝုန်တရားဦးဖြင့် စတင်ခဲ့တဲ့ဗုဒ္ဓဘာသာ ပြန့်ပွားမှုဟာ အာဂုံဆောင်တဲ့နည်းလမ်းနဲ့ဖြစ်ပြီး သီရိလင်္ကာမှာပြုလုပ်တဲ့ စတုတ္ထသံဂါယနာကျမှသာ ဗုဒ္ဓမုက္ခပါဠိတော်အားလုံးကိုစာအရေးအသားဖြင့် မှတ်တမ်းတင်ခဲ့တဲ့ အချိန်ထိဖြစ်ပါတယ်။ သည်လိုဓမ္မစာပေ ပေါ်လာလို့နှုတ်ဖြင့်ဆုံးမတာ၊ တရားဟောတာပြီးဆုံးသွားတယ်လို့ မဆိုလိုပါဘူး။ စတုတ္ထသံဂါယနာ မတိုင်မီအထိတော့ ပြောဆိုဟောကြားဆုံးမတာ အဓိကနည်းလမ်းပဲ။ သည်နည်းကယခုထိတိုင် ကိုယ့်အမြင်ကိုယ့်အယူအဆကိုသူတစ်ပါး သိရှိအောင်လုပ်ရာမှာ ထိရောက်တဲ့နည်းလမ်းတစ်ခု ဖြစ်နေဆဲပါပဲ။ အပြောစကားဖြင့် ဗုဒ္ဓဘာသာကိုပြန့်ပွားစေရာမှာ ဗုဒ္ဓနဲ့သာဝကကြီးများ၊ ဘိက္ခုနဲ့ဘိက္ခုနီများ နဲ့ အစောဆုံးသံဂါယနာ သုံးခုတို့ဟာ အရေးပါတဲ့အခန်းမှ ပါဝင်ခဲ့ကြပါတယ်။

## ဗုဒ္ဓနဲ့သာဝကကြီးများရဲ့အခန်းကဏ္ဍ

ဗုဒ္ဓဘာသာပြန့်ပွားအောင် ဆောင်ရွက်ခဲ့သူများဟာ ထူးထူးခြားခြားစိန်ခေါ်ချက်များကို တွေ့ကြုံခဲ့ရကြောင်း အထက်မှာ တင်ပြခဲ့ပါတယ်။ ဗုဒ္ဓဘာသာပြန့်ပွားရေးဟာ မိဂဒါဝုန်တော(ယနေ့ခေတ်ဆာနတ်သ်)မှာ ဗုဒ္ဓက ပဉ္စဝဂ္ဂီငါးပါးကို တရားဦးဟောကြားတော်မူခြင်းဖြင့် စတင်ခဲ့တာပါ။ ဓမ္မစကြာပဝတ္တနာခေါ် တရားဘီး ကိုလည်ပတ်စေခြင်း တရားတော်ဟာဗုဒ္ဓဘာသာ အဆောက်အအုံကြီးတစ်ခုလုံးရဲ့ အခြေခံအုတ်မြစ် ပါ။ သည်တရားတော်ကြောင့်ပဲ လူတွေကလောကီဒုက္ခကို သိရှိလာတယ်။ ဗုဒ္ဓကလူတို့ကို ဒုက္ခရဲ့အကြောင်းရင်းတရား၊ အစစ်မှန်ဆုံးချမ်းမြေ့မှုဖြစ်တဲ့ နိဗ္ဗာန်နဲ့နိဗ္ဗာန်ရောက်ကြောင်းလမ်းကိုသိ ရှိစေပါတယ်။ ပဉ္စဝဂ္ဂီငါးပါးက ဗုဒ္ဓရဲ့လမ်းစဉ်ကို မြတ်နိုးလက်ခံလို့ သာဝကအဖြစ်လက်ခံတော်မူရန် ပန်ကြားကြတယ်။ သည်နောက်မှာ ဗုဒ္ဓဟာပရိနိဗ္ဗာန်စံဝင်သည်အထိ ၄၅နှစ်တိုင်တိုင် တရားဒေသနာများ ဟောကြားတော်မူသွားပါတယ်။

အဲဒီကာလတစ်လျှောက်မှာ ဗုဒ္ဓကြုံတွေ့ခဲ့ရတဲ့ ပြဿနာများကတော့ ကဲ့ရဲ့ရွဲတ်ချတဲ့စကားတွေ၊ သူ့အကျင့်သီလအပေါ် မဟုတ်မမှန်စွပ်စွဲချက်တွေအပြင် အသက်ဘေးလုပ်ကြံမှုများ ပင်ပါဝင်ပါတယ်။ ဒီစိန်ခေါ်ချက်များကို ဗုဒ္ဓကသူရဲ့မေတ္တာ၊ ကရုဏာ၊ စိတ်ထားမပျက်စေရဘဲ ကျော်လွှားနိုင်ခဲ့ပါတယ်။

ထို့ပြင်ဗုဒ္ဓရဲ့တရားတော်များကို ဟောကြားရာမှာ အသုံးပြုမဲ့ ဘာသာစကားရွေးချယ်မှုဟာလဲ စိန်ခေါ်ချက်ဖြစ်နေတာကို ဗုဒ္ဓနှင့်တကွပြည်သူတိုင်းသားအများထုရဲ့ ဘာသာစကားဖြစ်တဲ့ သကါယနိရုတ္တိ Sakāya niruttī ဖြင့် ဟောကြားခြင်းနဲ့ ဖြေရှင်းနိုင်ခဲ့ပါတယ်။ ဒီဘာသာစကားနဲ့ပတ်သက်လို့ ပညာရှင်များ အငြင်းပွားနေဆဲဖြစ်ပြီး အချို့က အဓိပ္ပါယ်ဖွင့်ဆိုချက် အမျိုးမျိုးဖွင့်ဆိုခဲ့ပေမဲ့ ယေဘုယျအားဖြင့်ကတော့ ဒီဘာသာစကားဟာ အဲဒီခေတ်ကလူအများနားလည်တဲ့ ဘာသာစကားဖြစ်ပါတယ်။ ဓမ္မကို သွန်သင်ပြန့်ပွားစေရာမှာ ဆန်း(ဝေဒသက္ကတ)ဘာသာစကားသုံးစွဲဘို့ ညီနောင်နှစ်ဦးက လျှောက်ထားပေမယ့် ပယ်ချခဲ့ပါတယ်။ မသိနားမလည်သူများက ပုတ်ခတ်ဝေဖန်ကြပေမဲ့ ဗုဒ္ဓကဇြဟ္မဝိဟာရတရား ကျင့်သုံးကာ မှန်ကန်သော သာသနာပြုအလုပ်ကို ဆောင်ရွက်ခဲ့ပါတယ်။ မြတ်စွာဘုရားဟာ သူ့ရဲ့ လမ်းစဉ်က မသွေဖည်ဘဲ ဒုက္ခနဲ့မကင်းတဲ့လူအပေါင်း အပေါ်မေတ္တာကရုဏာထားရှိတော်မူပါတယ်။

မှတ်သားသင့်တဲ့ အချက်တစ်ခုက ဗုဒ္ဓဟာလူတွေမတောင်းပန်ဘဲ ဘယ်တော့မှတရားမဟောခဲ့ပါဘူး။ သူ့အမြင်သို့မဟုတ် ဓမ္မကိုအတင်းမဟောဘဲ စိစစ်စမ်းသပ်မှုဖြင့်သာ လက်ခံလိုက်နာစေပါတယ်။ နာကြားသူများက ဓမ္မကိုပိုမိုသိရှိချင်စိတ်ဖြစ်ပေါ်လာအောင် နှိုးဆွပေးတယ်။ ကြောင်းကျိုးဆင်ခြင်၊

ငြင်းချက်ထုတ်တဲ့နည်းဖြင့် ရှင်းပြတယ်။ ဗုဒ္ဓက တရားတော်ကို လူများအလွယ်တကူနားလည်အောင် ဥပမာအလင်္ကာများနဲ့ ရှင်းလင်းရိုးစင်းတဲ့ စကားအသုံးအနှုန်းနဲ့ ဟောကြားတယ်။ နားလည်ဘို့ ခက်ခဲတဲ့ နည်း မသုံးစွဲပါဘူး။ သူရှင်းလင်းဟောကြားထားတဲ့ မဇ္ဈိမပဋိပဒါလမ်းအတိုင်း လျှောက်လမ်းမယ်ဆိုလျှင် သူညွှန်ပြတဲ့ပန်းတိုင်သို့ မည်သူမဆိုရောက်ရှိနိုင်ကြောင်း မိန့်တော်မူပါတယ်။ ဗုဒ္ဓက တိကျပြတ်စွာ ဟောကြားတော်မူရုံသာမက နာကြားသူရဲ့စိတ်ဓါတ်အခံ အဆင့်အတန်း၊ ယုံကြည်ချက်များနဲ့ သက်မွေးအလုပ်အကိုင်နဲ့ လိုက်လျောညီထွေရှိအောင်ဂရုစိုက်ပါတယ်။ သူ့တရားတော်ကို ခွဲခြမ်းစိတ်ဖြာသုံးသပ်ရှင်းလင်းပြဘို့ ဝန်မလေးပါဘူး။ သူသွန်သင်တဲ့ဓမ္မဟာ ပညာပေး၊ အသိပညာပေးတဲ့အပြင် လက်တွေ့ကျပါတယ်။ ဘဝမှာငြိမ်းချမ်းရေးရရှိအောင် ရိုးရာအရ ပူဇော်တဲ့ထုံးဓလေ့များမကျင့်သုံးစေဘဲ အမှားရှောင်ကာ အမှန်ဆောင်ရန် သွန်သင်တော်မူတယ်။ သူ့တရားတော်များရဲ့ အနှစ်ချုပ်ကိုအောက်ပါဂါထာမှ ထုတ်ယူနိုင်တာထင်ရှားပါတယ်။

"သဗ္ဗပါပဿ အကရဏံ ကုသလဿ ဥပသမ္ပဒါ၊
သစိတ္တပရိယောဒပနံ ဧတံ ဗုဒ္ဓါနံ သာသနံ"

ဒီဂါထာကလေးဟာ ကိုယ်ကျင့်တရားတန်ဖိုးများကို ဖွဲ့ဖြိုးစေပြီးဗုဒ္ဓဘာသာရဲ့ အနှစ်ချုပ်လို့ယူဆနိုင်ပါတယ်။ ဗုဒ္ဓကသူသွန်သင်တဲ့ ဓမ္မရဲ့အမှန်တရားနဲ့ အလုံးစုံလွှမ်းခြုံမှုကို သက်သေထူရန် တရားနာကြားသူများအား တိုက်တွန်းတော်မူတယ်။

**ဓမ္မပြန့်ပွားရေးနှင့် စပ်လျဉ်း၍သံဃာတို့၏အခန်းကဏ္ဍ**

သံဃာအစုအဖွဲ့တည်ထောင်ပြီး ဆက်လက်တိုးချဲ့ကာ ဓမ္မပြန့်ပွားရေး ဆောင်ရွက်ဘို့ခွင့်ပြုလိုက်ခြင်းဟာ အဆင့်သစ်တစ်ခုကို စတင်ခြင်းဖြစ်ပါတယ်။ သံဃာအဖွဲ့အစည်းဟာ ပဉ္စဝဂ္ဂီများထံမှာ အခြေပြု၍ ကျယ်ပြန့်လာခဲ့တာဖြစ်ကြောင်း ကျွန်ုပ်တို့သိရှိထားကြပါပြီ။ အချိန်ရလာတော့ ဗုဒ္ဓရဲ့တရားတော်များပြန့်ပွားစေရန် သံဃာတော်များ ဆောင်ရွက်ခွင့်ရရှိလာတယ်။ သည်လိုနဲ့ ဗုဒ္ဓဘာသာဟာ လျင်မြန်စွာဘဲအိန္ဒိယမြောက်ပိုင်းမှာ အနံ့အပြားပြန့်ပွားသွားပါတော့တယ်။ တစ်ဘက်ကလည်း သံဃာတွေ တိုးပွားအောင် အားပေးလိုက်တာပဲ။ သံဃာတော်များဟာဓမ္မရဲ့ အကျိုးထိရောက်မှုကို ကြားသိလာ၊ သဘောပေါက်လာတော့ ဘဝဒုက္ခမှလွတ်မြောက်ရေးအတွက် ဗုဒ္ဓလမ်းစဉ်အတိုင်းလျှောက်လှမ်းရေး ရည်ရွယ်ချက် တစ်ခုတည်းဖြင့် သံဃာအစုအဖွဲ့သို့ ဝင်ရောက်ကြခဲ့ပါတယ်။ စောစောပိုင်းမှာ ၎င်းတို့လှည့်လည် ဆွမ်းခံခွင့်ပြုထားသော်လည်း တရားတော်ကိုပြန်လည် ဟောကြားခွင့်မရရှိကြပါ။ လူတို့ကရဟန်းရဲ့ ရိုးစင်းသောနေထိုင်မှုနဲ့အကျင့်သိက္ခာကို စိတ်ဝင်စားလာတော့ တရားတော်နာယူရန် သံဃာများနောက် လိုက်ပါလာကြပြီး မြတ်စွာဘုရားထံ တရားနာကြားရန်ဆည်းကပ်လာကြတယ်။ ဗုဒ္ဓကထိုလူများ တောင်းပန်တဲ့အတိုင်း ရဟန်းဘောင်ဝင်ခွင့်ပေးတန်ပေး၊ ဥပါသကာ၊ ဥပါသိကာအဖြစ်လက်ခံတန် လက်ခံဆောင်ရွက်ပေးပါတယ်။ စောစောပိုင်းမှာ သံဃာတော်များက လူပုဂ္ဂိုလ်အား ရဟန်းဘောင်သို့ သွတ်သွင်းပေးခွင့်မရှိလို့ အခက်အခဲများပေါ်ပေါက်ကြောင်း သိရတဲ့အခါ ထိုသို့ဆောင်ရွက်ခွင့်ကို စည်းကမ်းချက်များနှင့်တကွ ဗုဒ္ဓကခွင့်ပြုတော်မူလိုက်ပါတယ်။ စည်းကမ်းချက်များကတော့ သံဃာလောင်းလျှာဟာ လူ့ဘောင်ကို အပြီးအပိုင် စွန့်လွှတ်ရမယ်၊ သရဏဂုံတည်ရမယ်၊ ဆံမုတ်ဆိတ်ပယ်စွန့်ရမယ် တို့ဖြစ်ပါတယ်။

သံဃာတော်တို့ဟာ ခွင့်ပြုချက်ရရှိလို့ ဇမ္ဗုဒ္ဝီပဒေသအသီးသီးသို့ ဖြန့်ကျက်ထွက်ခွာပြီးနောက် ဗုဒ္ဓချမှတ်တော်မူတဲ့ လမ်းညွှန်မှုအတိုင်း ပြည်သူများကိုတရားဟော ကြပါတယ်။ သည်ဖြစ်ပေါ်မှု ဟာ အိန္ဒိယမြောက်ပိုင်းမှာ ဗုဒ္ဓဘာသာလျင်မြန်စွာ ပျံ့နှံ့ဖို့စေဘို့ လမ်းပွင့်သွားစေပါတယ်။ အစတုံးက ဆိုလျှင်

ဘိက္ခုသို့မဟုတ် ဘိက္ခုနီဖြစ်လိုတဲ့ သူတစ်ဦးဟာဗုဒ္ဓရှိရာကို လာရောက်ရလို့ အချိန်ကုန်ခဲ့ရပါတယ်။ အခုတော့ ဗုဒ္ဓရဲ့သာဝကများဟာ ပြဿနာများတွေကြုံပေမယ့် ဗုဒ္ဓကိုယ်တော်တိုင်ရဲ့ လုပ်ပိုင်ခွင့်ကို ရရှိထားကြပြီ။ ပြဿနာတွေကြုံရလျှင် ဗုဒ္ဓကဖြေရှင်းပြဋ္ဌာန်းခြင်း ပြုလုပ်တော်မူပါတယ်။

**ဗုဒ္ဓဝစနကို နူတ်စကားဖြင့် ထိန်းသိမ်းရာ၌ သံဃာတော်တို့၏ အခန်းကဏ္ဍ သို့မဟုတ် သံဂါယနာများဖြင့် ဗုဒ္ဓဓမ္မပြန့်ပွားစေခြင်း**

တရားစစ်တရားမှန်မှာပါရှိတဲ့ လွတ်မြောက်ရေးလမ်းကို ဗုဒ္ဓကရှာကြံတွေ့ရှိတော်မူခြင်းရဲ့ အကျိုးဆက်အဖြစ် တိပိဋကပါဠိတော်များနှင့်တကွဆက်စပ်နေသော စာပေများတည်ရှိနေတာဖြစ်ပါတယ်။ သည်လမ်းကလျှောက်လှမ်းသူအား ချမ်းမြေ့သာယာတဲ့ ဘဝရရှိစေပါတယ်။ ခေတ်အဆက်ဆက် ဆရာတော်ကြီးများရဲ့ အသိစိတ်ဖြင့် စုပေါင်းအားထုတ်မှုအကျိုးကြောင့် မျိုးဆက်သစ်များအတွက် စစ်မှန်တဲ့ ဗုဒ္ဓတရားတော်များ သည်နေ့သည်ခေတ်ထိ ရှိနေတာကျွန်ုပ်တို့အတို့ အင်မတန်ကံကောင်းပါတယ်။

ဗုဒ္ဓပရိနိဗ္ဗာန်စံဝင်ပြီးနောက် ဓမ္မထိန်းသိမ်းမှုဆိုတာ ဓမ္မကိုကာကွယ်စောင့်ရှောက်ဖို့ မဟုတ်ဘဲ ဒုက္ခနယ်မှသတ္တဝါတွေရဲ့အကျိုး၊ အထူးသဖြင့် လူသားထုကြီးတစ်ရပ်လုံးကို ကာကွယ်စောင့်ရှောက်ရေးဖြစ်ပါတယ်။ သည်ကိစ္စမှာ ဓမ္မကိုသံဃာတော်များက အာဂုံဆောင်ရွတ်ဆို သရဇ္ဈာယ်ခြင်းဟာ အလွန်အရေးပါလှပါတယ်။ မှတ်သားဖွယ်ထူးခြားချက်က ဗုဒ္ဓရဲ့တရားတော်များဟာ နူတ်စကားဖြင့် တည်ရှိခဲ့ပြီး သည်အစဉ်အလာ နှစ်ပေါင်းများစွာကြာပြီးမှ စာပေကျမ်းဂန်စာအုပ်အဖြစ်သို့ ရောက်ရှိလာခြင်းပါပဲ။ ကျွန်ုပ်တို့ သိရှိပြီးဖြစ်တဲ့ အတိုင်းဗုဒ္ဓကဟောကြားတော်မူတာနဲ့ တစ်ပြိုင်နက် နာကြားတဲ့ သံဃာတော်တို့က သူတို့မှတ်ဉာဏ်ထဲမှာ စာတစ်လုံးစီအတိအကျ အလွတ်ကျက်မှတ်ခဲ့ကြပါတယ်။ သည်နည်းနဲ့ ဗုဒ္ဓဝစနကို အတိအကျထိန်းသိမ်းနိုင်ကာ နူတ်ရွတ်ဆိုမှုဖြင့် ဆရာမှတပည့်သို့ လက်ဆင့်ကမ်းခဲ့ပါတယ်။ ဗုဒ္ဓထံတရားနာခဲ့သူ တစ်ချို့ဟာရဟန္တာတွေဖြစ်လို့ တန်ခိုးကြီးပါတယ်။ ကိလေသာများကင်းရှင်းလို့ တရားတော်များကို နောင်လာနောက်သားများအတွက် မှန်မှန်ကန်ကန် ထိန်းသိမ်းပေးနိုင်စွမ်းရှိကြတယ်။ ရဟန္တာမဖြစ်သေးဘဲ ရှေ့သုံးဆင့် မဂ် ဖိုလ်ဆိုက်ပြီးသူများတောင် ဗုဒ္ဓရဲ့တရားတော်ကို စိတ်ထဲမှာ ကောင်းစွာမှတ်သား ထိန်းသိမ်းနိုင်စွမ်းရှိကြတယ်။ သည်လိုရဟန်းတစ်ပါးကတော့ ဗုဒ္ဓဘဝသက်တမ်း နောက်ဆုံး၂၅-နှစ်တစ်လျှောက်မှာ အနီးကပ်အလုပ်အကျွေးပြုခဲ့သူ အရှင်အာနန္ဒာ ဖြစ်ပါတယ်။ အရှင် အာနန္ဒာဟာ ဉာဏ်ထက်မြက်ပြီး ကြားသမျှကိုမှတ်မိနိုင်စွမ်းရှိတယ်။ မြတ်စွာဘုရားဟောကြားခဲ့တဲ့ တရားအားလုံးကို သူ့ကိုပြန်ဟောပေးဖို့တောင်းဆိုချက်အတိုင်း မြတ်စွာဘုရားဟာသူဟောသမျှတရားများကို အရှင်အာနန္ဒာကို ပြန်ဟောပြပါတယ်။ အရှင်အာနန္ဒာဟာ ရဟန္တာမဖြစ်သေးပေမယ့် ဗုဒ္ဓရဲ့တရားစကားအားလုံး တစ်လုံးမကျန် အတိအကျ မှတ်သားထားပြီးတော့ ရဟန်း၊ ဘိက္ခုနီနဲ့လူပုဂ္ဂိုလ်များကို ပြန်လည်ဟောပြပါတယ်၊ သည်လိုပါရမီရှင် ဘိက္ခုရဟန်းများရဲ့ စုပေါင်းအားထုတ်မှုကြောင့် ဗုဒ္ဓဓမ္မနဲ့ ဝိနယတရားတော်များ မူရင်းမပျက် ကျန်ရှိနေပါတယ်။

ဥပုသ်ပြုပွဲ ပြုလုပ်ခြင်းဟာ တရားတော်များကို သရဇ္ဈာယ်ဘို့နဲ့ သန့်ရှင်းစင်ကြယ်စွာ ထိန်းသိမ်းထားနိုင်ဘို့ (အထူးသဖြင့် ဝိနည်းတော်များ)များစွာ အထောက်အကူဖြစ်စေပါတယ်။ ထို့အတူပဲ ဝါတွင်းကာလ၌ ရဟန်းတော်များ ဝါဆိုသီတင်းသုံးရင်း တရားတော်ကို ဆင်ခြင်ပွားများမှုဟာ ဓမ္မတရားတော်ကို မှတ်ဉာဏ်ဖြင့် မှတ်သားကြရသဖြင့် တရားတော်များကို ထိန်းသိမ်းရာမှာ အထောက်အကူဖြစ်ပါတယ်။

## ဓမ္မကို ထိန်းသိမ်းထားရာ၌ သံဂါယနာများ၏ အခန်းကဏ္ဍ

ဗုဒ္ဓပရိနိဗ္ဗာန်ပြုပြီးနောက် ရဟန္တာမထေရ်မြတ်များက ဓမ္မကို စုပေါင်းစည်းဝေးရွတ်ဆိုကာ သံဂါယနာများတင်ခဲ့ကြပါတယ်။ သည်လိုရွတ်ဆိုခြင်းဟာ ဓမ္မပြန့်ပွားရေးသာမက မူရင်းအတိုင်း ထိန်းသိမ်းမှုမှာ ပို၍ပင် ထိရောက်တဲ့အခန်းကဏ္ဍကပါဝင်ပါတယ်။ ကျွန်ုပ်တို့ သိရှိထားပြီးဖြစ်တဲ့ အတိုင်း ဗုဒ္ဓက သူမရှိတော့ရင် သံဃာတွေစုဝေးပြီး သူသွန်သင်ခဲ့တဲ့အတိုင်း စုပေါင်းရွတ်ဆိုရန် လိုအပ်ကြောင်း သံဃာများကို မှာကြားခဲ့တယ်။ အဲဒီညွှန်ကြားချက်နဲ့အညီ ထေရ်ကြီးများက ပထမသံဂါယနာ ခေါ်ယူခဲ့ပါတယ်၊ ဤသံဂါယနာမှာ ဗုဒ္ဓရဲ့တရားတော်များကို စနစ်ကျသေချာအောင် ဆောင်ရွက်ခဲ့ပါတယ်။ ဒုတိယအဆင့်အနေနဲ့ ဗုဒ္ဓသာသနာပြန့်ပွားရေးကို ဆောင်ရွက်ကြပါတယ်။ နောက်ပိုင်းကာလများမှာ သံဂါယနာတင်ပွဲများ ကျင်းပပြုလုပ်ခဲ့ပါတယ်။ ပထမဆုံး သံဂါယနာသုံးခုမှာ သီးခြားကိစ္စရပ်များ ရှိကြပေမယ့် သံဂါယနာရဲ့ ရည်ရွယ်ချက်စင်စစ်မှာ ၄၅၀ပါတ်လုံး ဗုဒ္ဓဟောကြားခဲ့တဲ့ ဒါမှမဟုတ် သူအတည်ပြုထားတဲ့ တရားတော်အားလုံးကို အစစ်အမှန်အတိုင်းဖြစ်စေဘို့နဲ့ စုစည်းခြင်း၊ အမျိုးအစား ခွဲခြားခြင်းပြုလုပ်ဘို့ ဖြစ်ပါတယ်။ ဓမ္မတရားတော်နှင့် စပ်လျဉ်း၍ အငြင်းပွားစရာ ပြဿနာ ဖြစ်ပေါ်လာလျှင် သံဂါယနာခေါ်ယူပါတယ်။ ပထမသံဂါယနာမှ ဓမ္မဟာမူရင်းစစ်မှန်ကြောင်း အသိအမှတ်ပြုထားပါပြီ။ သံဃာတော်များ သန့်ရှင်းစစ်မှန်ရေးအတွက်လည်း အားထုတ်ခဲ့ကြပါတယ်။ တတိယသံဂါယနာဟာ ဗုဒ္ဓဘာသာသမိုင်းမှာ ကြီးကျယ်တဲ့ခေတ်တစ်ခုပါ၊ ခေတ်ပြိုင်သံဃာတော်များ ကြုံနေရတဲ့ ပြဿနာများကို ဖြေရှင်းပေးရုံ၊ လက်ရှိတိပိဋကတ်တော်၊ အထူးသဖြင့် အဘိဓမ္မာရဲ့ ပုံစံအသွင်ကို ဖော်ထုတ်ခဲ့ရုံသာမက တောင်အာရှ တစ်ခွင်လုံးနီးပါးမှာ ဗုဒ္ဓဘာသာကို အဓိက ကိုးကွယ်မှုဘာသာ ဖြစ်လာအောင် လုပ်ပေးခဲ့ပါတယ်။ ဘီစီ ၂၆၁ခုလောက်မှာ ဗုဒ္ဓဘာသာကို ယုံကြည် ကိုးကွယ်သူအာသောကမင်းကြီးဟာ တတိယသံဂါယနာရဲ့ဆုံးဖြတ်ချက်အတိုင်း ကိုးတိုင်းကိုးဌာသို့ ဓမ္မနဲ့ ဝိနယကျမ်းကျင်သူ ဓမ္မဒူတ သာသနာပြုများစေလွှတ်ပါတယ်။ ထိုပုဂ္ဂိုလ်များနှင့်တကွ ၎င်းတို့ ကြွချီတော်မူရာ ဌာနများကို ဇယားဖြင့် ပြုစုတင်ပြထားပါတယ်။

| စဉ် | သာသနာပြုဌာန | သွားရောက်ရာဌာန | မှတ်ချက် |
|---|---|---|---|
| ၁။ | အရှင်မဇ္ဈန္တိကမထေရ် | ကသ္မီရနှင့်ဂန္ဓာရ | |
| ၂။ | အရှင်မဟာဒေဝ | မဟိံသကမဏ္ဍလ | မိုင်းဆိုး |
| ၃။ | အရှင်ရက္ခိတ | ဝနဝါသ | အိန္ဒိယတောင်ပိုင်းမှ မြောက် ကနာရခရိုင် |
| ၄။ | အရှင်ယောနကဓမ္မရက္ခိတ | အပရန္တက | မြောက် ဂုဇ္ဇရတ် ကသိရဝါ၊ ကတ်ချ်နှင့် ဆင်း |
| ၅။ | အရှင်မဟာဓမ္မရက္ခိတ | မဟာရဋ္ဌ | မဟာရတ်ရှ်တြ |
| ၆။ | အရှင်မဟာရက္ခိတ | ယောနကလောက | အိုင်အိုနီးယား၊ ဘက်တြီယနှင့် ခေါမတိုင်း |
| ၇။ | အရှင်မဇ္ဈိမ | ဟိမဝန္တာ | ဟိမာလယတောင်တန်းနှင့် ကပ်လျက်သားဒေသ |

၈။ အရှင်သောဏနှင့်အရှင်ဥတ္တရ သုဝဏ္ဏဘူမိ မြန်မာ

၉။ အရှင်မဟိန္ဒ၊ အရှင်သမ္ဗလ၊

အရှင်ဣဒ္ဓိယ၊ ဥတ္တိယနှင့် ဘဒ္ဒသာလ တမ္ဗပဏ္ဏိ သီရိလင်္ကာ

**ဓမ္မဒူတများဖြင့် တရားတော်ကို ပြန့်ပွားစေခြင်း**

ဓမ္မဒူတခရီးများစေလွှတ်ခြင်းဟာ ဗုဒ္ဓဘာသာသမိုင်းမှာ အကြီးအကျယ်အောင်မြင်ပါတယ်။ တရားဟောပြောခြင်း အောင်မြင်သလို အချိန်ရလာသည်နှင့်အမျှ ဒေသခံတိုင်းရင်းသားပြည်သူများကို မြင့်မြတ်လာစေပြီး သူတို့ရဲ့ လူမှုဘဝနှင့် ယဉ်ကျေးမှုအပေါ် သြဇာညောင်းလာပါတယ်။ ဗုဒ္ဓဝစနဖြစ်တဲ့ ဓမ္မတွေ အနယ်နယ်အရပ်ရပ်သို့ ပျံ့နှံ့သွားတာနဲ့အမျှ အိန္ဒိယအား ကမ္ဘာဆရာကြီး VISVAGURU အဖြစ် ကျော်ကြားစေခဲ့ပါတယ်။

မောရိယဘုရင် အာသောက က သူ့ရဲ့သားတော် မဟိန္ဒနှင့် အဖွဲ့အား သာသနာပြုခရီးတစ်ခု အဖြစ် ထွက်စေခဲ့တာကြောင့် သီရိလင်္ကာသို့ ဗုဒ္ဓဘာသာရောက်ရှိပြီး တစ်ကျွန်းလုံး ဗုဒ္ဓဘာသာနိုင်ငံ ဖြစ်သွားခဲ့ပါတယ်။ ဗုဒ္ဓဘာသာပြန့်ပွားမှုမှာ သီရိလင်္ကာဘုရင် ဒေဝါနံပိယတိဿ (ဘီစီ ၂၄၇–၂၀၇)က အရေးပါတဲ့ အခန်းကဏ္ဍမှ ပါဝင်ခဲ့တယ်။ ဒီဘုရင်က ဦးဆောင်သူ မဟိန္ဒ၊ ဣဒ္ဓိယ၊ ဥတ္တိယစတဲ့ သာသနာပြုများကို နွေးထွေးစွာ ကြိုဆိုကြောင်းဖြင့် အစဉ်အလာ လက်ခံထားကြပါတယ်။ သီရိလင်္ကာ ကျွန်းပြည်သူများနှင့် ဘုရင်က လေးနက်မြင့်မြတ်တဲ့ ဗုဒ္ဓဘာသာကို လိုလိုလားလား လက်ခံခြင်းဟာ ဗုဒ္ဓဘာသာသမိုင်းအဖို့ အဆင့်သစ်တစ်ရပ် စတင်ရန်အကြောင်း ဖြစ်သွားပါတော့တယ်။ တစ်ချိတည်း ပြည်သူ သန်းနှင့်ချီ၍ ဗုဒ္ဓဘာသာဝင်ဖြစ်သွားပြီး များစွာသောလူတို့ သာသနာ့ဘောင်ဝင်ကြတယ်။ သာသနာပြုအဖွဲ့မှာ ပါလာတဲ့ အာသောကရဲ့သမီးတော် သဃ်မိတ္တာက ထိုကျွန်းမှာ ဘိက္ခုနီသာသနာ တည်ထောင်ပေးဖို့ တောင်းပန်ခံရပါတယ်။ အနုရာဓပုရမှာ မဟာဝိဟာရကျောင်းတော်တစ်ခုကို တည်ဆောက်ပြီးတော့ ပိဋ္ဌကသုံးပုံကို သင်ကြားလေ့လာခြင်းပြုလုပ်ကြပါတယ်။ အရှင်မဟိန္ဒက တိပိဋ္ဌကကို ယူဆောင်လာတယ်လို့ ဆိုပေမယ့် နှုတ်တိုက်အနေနဲ့ပါ။ (ဘီစီ ၁၀၁–၇၇သို့မဟုတ် ၈၈–၄၆) သီရိလင်္ကာ ဘုရင် ဝဋ္ဋဂါမဏိအဘယ လက်ထက်တော်အတွင်း စတုတ္ထသံဂါယနာတင်တော့ ပိဋ္ဌကသုံးပုံကို စာပေ အက္ခရာတင်ခဲ့ကြပါတယ်၊ ပိဋ္ဌကသုံးပုံနှင့်တကွ အဋ္ဌကထာများကို ပေထက်အက္ခရာတင်ပြီး နောက်အကြိမ်တစ်ရာမက စစ်ဆေးခဲ့တယ်လို့ ဆိုပါတယ်။ အဋ္ဌကထာများဟာ အရှင်မဟိန္ဒနဲ့အတူ ပါလာတယ်လို့ ယုံကြည်ရပြီး သီရိလင်္ကာရဲ့ ဘာသာစကား (ဆင်ဟာလီ)နဲ့ ဘာသာပြန်ဆိုခဲ့တယ်။ ဒီဘာသာမှပဲ ထင်ရှားတဲ့ အဋ္ဌကထာဆရာ ဗုဒ္ဓဃောသက အဋ္ဌကထာတစ်ရပ်လုံးကို မူရင်းဘာသာသို့ ထပ်မံပြန်ဆိုပြန်တယ်။ ဗုဒ္ဓဃောသ ပြုစုတဲ့ကျမ်းအမျိုးမျိုးထဲမှာ တွေ့ရတာက မဟာအဋ္ဌကထာကျမ်းများ၊ မဟာပစ္စရီ၊ ကုရုန္ဒီ(သို့မဟုတ်) ကုရုန္ဒီယ၊ အန္ဓကဋ္ဌကထာ၊ သံခေပဋ္ဌကထာ၊ အာဂမဋ္ဌကထာနဲ့ အာစရိယာနံ သမနုတ္တကထာများဖြစ်ကြပါတယ်။ သည်တော့ ဗုဒ္ဓဃောသရဲ့ အဋ္ဌကထာများဟာ ဆင်ဟာလီဘာသာအဋ္ဌကထာများရဲ့ အနှစ်သာရအပေါ် အနည်းနှင့်အများ အခြေခံထားပုံပေါ်ပေါက်ပါတယ်။ ဒီအချက်တွေက သီရိလင်္ကာဟာ ဗုဒ္ဓရဲ့မူလဟောကြားချက်များကို ထိန်းသိမ်းရုံကမ ဗုဒ္ဓစာပေ ကျမ်းဂန်သစ်များကို ပြုစုဖန်တီးပေးခဲ့တယ်ဆိုတာ ထင်ရှားစေပါတယ်၊ ဒီဆောင်ရွက်ချက်တွေမှာ မဟာဝိဟာရနဲ့ ဥတ္တရဝိဟာရတို့ ရှေ့တန်းက ပါဝင်ခဲ့တယ်။ မဟာဝိဟာရရဲ့ ရှေးထုံးအတိုင်း ဗုဒ္ဓဃောသက အဋ္ဌကထာ အသွင်ပုံစံအမျိုးမျိုးပြုစုခဲ့တာကို ညွှန်ပြနေတဲ့ ဂါထာများကတော့–

"တေသံ ပါမောဒ္ဓကရဏံ သုဝိသုဒ္ဓိနိစ္ဆယံ
မဟာဝိဟာရဝါသီနံ၊ ဒေသနာနယနိဿိတံ
ဝိသုဒ္ဓိမဂ္ဂံ ဘာသိဿံ၊ တံ မေ သက္ကစ္စ ဘာသတော
ဝိသုဒ္ဓိကာမာ သဗ္ဗေပိ၊ နိသာမယထ သာဓဝေါတိ"

သီရိလင်္ကာမှာ ဗုဒ္ဓသာသနာထွန်းကားပြန့်ပွားခဲ့ပြီးနောက် ပါဠိဘာသာစကားရဲ့ လက်တက်ခွဲများဖြစ်ကြတဲ့ သဒ္ဒါ၊ ကဗျာဖွဲ့နည်း၊ ကာလစဉ်သမိုင်းများကို ရေးသားပြုစုခဲ့လို့ ဗုဒ္ဓတရားတော်တွေကို အလွယ်တကူ နားလည်စေရုံမက ဗုဒ္ဓဘာသာနဲ့ သံဃအစုအဖွဲ့ရဲ့ဖြစ်ပေါ်ပြောင်းလဲမှုများကို သိရှိခွင့်ရခဲ့ကြပါတယ်။ ဒါကြောင့် ဗုဒ္ဓသာသနာ ပြန့်ပွားရေးမှာ သီရိလင်္ကာကကြီးမားတဲ့ အခန်းကဏ္ဍမှာ ပါဝင်လျှက်ရှိနေပါတယ်။

ဗုဒ္ဓဃောသ၊ ဗုဒ္ဓဒတ္တ၊ ဓမ္မပါလ၊ အနုရုဒ္ဓါ၊ ကစ္စာန၊ မဟာကဿပ တို့ကဲ့သို့သော ထင်ရှားကျော်ကြားတဲ့ အဋ္ဌကထာဆရာကြီးများ ပေါ်ထွန်းခဲ့ခြင်းဟာ ပါဠိတော်နဲ့ ပါဠိဘာသာစကား ဖွံ့ဖြိုးမှုမှာ နောက်ထပ် အဆင့်တစ်ခုပါပဲ။ ဒီဆရာကြီးများ ပြုစုတဲ့စာအုပ်များကြောင့် ကျွန်ုပ်တို့တစ်တွေ လွယ်ကူရှင်းလင်းတဲ့ အရေးအသားနဲ့ ရေးထားတဲ့ ဗုဒ္ဓတရားတော်တွေကို ဖတ်ရှုလေ့လာနိုင်ကြပါတယ်။ အချို့ကျမ်းဂန်များဆိုလျှင် အလွန်အရေးပါပြောင်မြောက်တာမို့ ဗုဒ္ဓဘာသာဝင်များအကြားမှာ အလွန်မြတ်နိုး လေးစားကြပါတယ်။ ဗုဒ္ဓဃောသပြုစုတဲ့ ဝိသုဒ္ဓိမဂ်ဆိုလျှင် ဗုဒ္ဓဘာသာရဲ့ စွယ်စုံကျမ်းတစ်ခုအဖြစ် ယူဆကြပါတယ်။

**အရေးအသားအစဉ်အလာ**

**ပေရွက်၊ ကျောက်တိုင် ကျောက်ပြားနှင့် လိုဏ်ဂူစာ၊ ပန်းချီ၊ အနုပညာ၊ စာအုပ်၊ ဒေသန္တရဘာသာပြန်ဆိုမှုနှင့် အကွရာဖလှယ်ရေးသားချက်များ**

ကနဦးမှာ ဓမ္မကို တစ်ယောက်မှ တစ်ယောက်သို့ နှုတ်စကားဖြင့် လက်ဆင့်ကမ်းခဲ့ပါတယ်။ ရှေးရှေးကရဟန်းအများအပြားဟာ ပိဋကစာပေတစ်ရပ်လုံးကို အလွတ်ကျက်မှတ်ထားနိုင်စွမ်းရှိကြတယ်။ ဤအချက်ကို သံဂါယနာပွဲများက သက်သေထူလျှက်ရှိပါတယ်။ အရှင်အာနန္ဒက ဓမ္မတစ်ရပ်လုံးကိုလည်းကောင်း၊ အရှင်ဥပါလိကဝိနည်းတော်ကိုလည်းကောင်း အလွတ်ရွတ်ဆိုတော်မူနိုင်တာ သံသယရှိစရာမရှိပါဘူး၊ ပါဠိတော်ကျမ်းဂန်များမှာ အထင်အရှားတွေ့ရှိရတဲ့ သုတ္တန်ကြီး၊ အဘိဓမ္မာကဆိုတဲ့ စကားလုံးများကလည်း သက်သေထူလျှက်ရှိပါတယ်။

စာအရေးအသားအဖြစ် ဗုဒ္ဓဘာသာပြန့်ပွားပုံတွေ့ရတာကတော့ မောရိယဘုရင်အာသောကလက်ထက်မှာ ကျောက်ပြားပေါ်၊ ကျောက်ဂူနံရံပေါ်ရေးသားထုထွင်းခဲ့ခြင်း ဖြစ်ပါတယ်။ အဓိန့်တော်ပြန်တမ်းကျောက်စာများလည်းပါဝင်တယ်။ တိပိဋကကို အက္ခရာမတင်နိုင်မီအထိကတော့ ဓမ္မကို နှုတ်စကားဖြင့် ပြန့်ပွားစေ ခဲ့ပါတယ်။ သီရိလင်္ကာမှာ ကျင်းပတဲ့ စတုတ္ထသံဂါယနာဟာ ဗုဒ္ဓဘာသာကို စာပေအရေးအသား အနေနဲ့ ပြန့်ပွားစေမှုမှာ အဓိကအခန်းကဏ္ဍက ပါဝင်ခဲ့ပါတယ်။ ပိုမိုထိရောက်စွာနားလည် အကဲဖြတ်နိုင်အောင် ထိုသံဂါယနာ စီစဉ်ဆင်နွှဲကျင်းပခဲ့ပုံကို လေ့လာသင့်ပါတယ်။

### ဗုဒ္ဓဘာသာပြန့်ပွားရေးအတွက် စတုတ္ထသံဂါယနာ၏အခန်းကဏ္ဍ

ဘီစီ ၂၉၃ခုနှစ်ခန့်မှာ စတုတ္ထသံဂါယနာကို သီရိလင်္ကာ၌ ဘုရင်ဝဋ္ဋဂါမဏိရဲ့ ကြည်ဖြူစွာလိုက်လျောချက်ဖြင့် ဆင်ယင်ကျင်းပခဲ့ပါတယ်။ မြင့်မြတ်တဲ့ရည်ရွယ်ချက်မှာ တိပိဋကတစ်ရပ်လုံးကို စာပေအက္ခရာတင်ဘို့ဖြစ်ပါတယ်။ အရှင်မဟိန္ဒနှင့်အဖွဲ့ရောက်ရှိချိန်ကတော့ ပိဋကတ်တော်တစ်ရပ်လုံးကို မှတ်မိအောင် ကျက်မှတ်ထားနိုင်ခဲ့ကြတယ်။ သံဂါယနာတင်ရာမှာ အရှင်မဟာရက္ခိတကဦးဆောင်ပြီး ရဟန်းငါးရာက ဗုဒ္ဓဒေသနာတော်ကို ရွတ်ဆိုကာ ပေထက်အက္ခရာတင်ကြပါတယ်။ နေရာကတော့ ယနေ့ မာတလေမြို့အနီးရှိ အာလောကလိုဏ်ဂူဖြစ်ပါတယ်။ သံဂါယနာရဲ့ ရည်ရွယ်ချက်အတိုင်းပဲ ဗုဒ္ဓဝစနသို့မဟုတ် ဓမ္မဖြစ်တဲ့တိပိဋကတစ်ရပ်လုံးကို စစ်မှန်စွာ စာအရေးအသားအဖြစ် ပြောင်းနိုင်ခဲ့တော့ နောင်လာမယ့်မျိုးဆက်သစ်တွေအတွက် အကျိုးထူးဖြစ်ပါတယ်။ စတုတ္ထသံဂါယနာနောက်ပိုင်းမှာ ဗုဒ္ဓဘာသာပြန့်ပွားရေးကို စာအရေးအသားဖြင့် စတင်ပြုလုပ်နိုင်ပြီဖြစ်ပါတယ်။

### မြန်မာနိုင်ငံမှ ပဋ္ဌမနှင့် ဆဋ္ဌသံဂါယနာများ၏ အခန်းကဏ္ဍ

ပဋ္ဌမသံဂါယနာကို မြန်မာနိုင်ငံမန္တလေးမြို့တော်၌ အေဒီ ၁၈၇၁ခုနှစ်မှာ ပြုလုပ်ပါတယ်။ အဓိကရည်မှန်းချက်နဲ့ ရည်ရွယ်ချက်မှာ ဗုဒ္ဓတရားတော်အားလုံးကို အသေးစိတ်စစ်ဆေးကာ ပြောင်းလဲပြင်ဆင်ထားခြင်း၊ တလွဲရေးသားထားခြင်း၊ ပယ်ထားခြင်းများရှိ၊ မရှိ စိစစ်ရန်ဖြစ်ပါတယ်။ ကြီးမှူးတဲ့ မဟာထေရ်ဆရာတော်ကြီးများကတော့ အရှင်ဇာဂရာဘိဝံသ၊ အရှင်နရိန္ဒာဘိဓဇနဲ့ အရှင်သုမင်္ဂလသာမိတို့ဖြစ်ကြပါတယ်။ ပါဝင်ထမ်းရွက်သူ သံဃာ ၂၄၀၀ ခန့်ရှိပြီး ဓမ္မရွတ်ဖတ်သရဇ္ဈာယ်မှု အချိန်ငါးလကြာမြင့်ခဲ့ပါတယ်။ သံဂါယနာတင်ပြီးတဲ့နောက် အတည်ပြုထားတဲ့ တိပိဋကတစ်ရပ်လုံးကို စကျင်ကျောက်ပြားများပေါ်၌ ထွင်းထုရေးသားပြီး မန္တလေးတောင်ခြေကုသိုလ်တော်ဘုရားဝင်းအတွင်းရှိ ကျောင်းဆောင်ငယ်ကလေးများမှာထားရှိခဲ့ပြီး ယနေ့တိုင် ကမ္ဘာအကြီးဆုံးစာအုပ်အဖြစ် ကျော်ကြားနေပါတယ်။

ဆဋ္ဌသံဂါယနာကို ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေမှာ ၁၉၅၄ခုနှစ်အတွင်း ကျင်းပပြုလုပ်ပါတယ်။ ထိုစဉ်က ဝန်ကြီးချုပ်ဦးနုတက်ကြွစွာ ဦးစီးဆောင်ရွက်ခဲ့ပါတယ်။ သူ့ရဲ့စီစဉ်မှုနဲ့ ပထမသံဂါယနာတင်ပွဲကျင်းပခဲ့တဲ့ သတ္တပဏ္ဏိဂူနဲ့ တူတဲ့ဂူတစ်ခု(မဟာပါသာဏလိုဏ်ဂူ)ကို တည်ဆောက်ခဲ့တယ်။ ၁၉၅၄ခုနှစ်၊ မေလ(၁၇)ရက်မှာ စတင်ကျင်းပတဲ့ ဆဋ္ဌသံဂါယနာဟာ ယခင်သံဂါယနာများလိုပဲ စစ်မှန်တဲ့ ဓမ္မနဲ့ ဝိနယကို အတည်ပြုထိန်းသိမ်းထားရေး အဓိကဖြစ်ပါတယ်။ ထူးခြားတာက ပါဝင်ဆင်နွှဲသူ ကျမ်းဂန်တတ်သံဃာများဟာ မြန်မာနိုင်ငံ၊ ကမ္ဘောဒီးယား၊ အိန္ဒိယ၊ လာအို၊ နီပေါ၊ သီရိလင်္ကာ၊ ထိုင်းနဲ့ ဗီယက်နမ်နိုင်ငံစတဲ့ (၈)နိုင်ငံမှ သံဃာများပါဝင်နေခြင်းပဲ။ ယခုပျံလွန်တော်မူပြီးဖြစ်တဲ့ မဟာစည်ဆရာတော်ကလိုအပ်တဲ့ တရားတော်ဆိုင်ရာ အမေးပုစ္ဆာများ ထုတ်ရပါတယ်။ သည်မေးခွန်းများကို ဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသက ကျေနပ်ဖွယ်ရာ ပညာသားပါပါ ဖြေဆိုတော်မူပါတယ်။ သည်နေရာမှာ မှတ်သားသင့်တာက ထိုအချိန်ကာလ၌ ပါဝင်ဆင်နွှဲတဲ့ နိုင်ငံအားလုံးအနက် အိန္ဒိယ မှတစ်ပါး ကျန်နိုင်ငံများ၌ တိပိဋကပါဠိတော်ကို သက်ဆိုင်ရာဘာသာ စကားဖြင့် အက္ခရာဖလှယ်ပြီးသားရှိနေခြင်းပါပဲ။

ဆဋ္ဌသံဂါယနာပွဲမှာ တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်မှု နှစ်နှစ်ကြာမြင့်ခဲ့ပါတယ်။ တိပိဋကနှင့်တကွ ဆက်နွယ်ရာစာပေအားလုံးကို အသေအချာစစ်ဆေးခဲ့တော့ မူကွဲများကို ကျမ်းတိုင်းလိုလိုမှာတွေ့နိုင်ပါတယ်။ ဆဋ္ဌသံဂါယနာက အတည်ပြုတဲ့ တိပိဋကစာအုပ်အားလုံးကို မြန်မာအက္ခရာဖြင့်

ခေတ်မီပုံနှိပ်စက်များတွင် ရိုက်နှိပ် ဖြန့်ဝေခဲ့ပါတယ်။ သည်ထူးခြားတဲ့ အောင်မြင်မှုကြီးမှာ သံဃာတော် ၂၅၀၀ သာမက လူပုဂ္ဂိုလ်အများအပြားရဲ့ သဒ္ဓါထက်သန်အားထုတ်မှုလည်း ပါဝင်တယ်။ လုပ်ငန်းကြီးဟာ ၁၉၅၆ခုနှစ်၊ မေလတွင် ပြီးဆုံးတော့ ဗုဒ္ဓမဟာပရိနိဗ္ဗာန်ပြုပြီးနောက် နှစ်ပေါင်း ၂၅၀၀ ပြည့်ချိန် ဖြစ်ပါတယ်။ ဗုဒ္ဓဘာသာ ကမ္ဘာတစ်ခုလုံးမှ ကိုယ်စားလှယ်များရဲ့ထူးခြားလှသော အောင်မြင်မှုပါပဲ။ ဆဋ္ဌသံဂါယနာမူပိဋကတ်တော်ဟာ ဗုဒ္ဓဂေါတမရဲ့ မူလဟောကြားချက်များနှင့် ကိုက်ညီတယ်၊ အခိုင်လုံဆုံး ဖြစ်တယ်လို့ အသိအမှတ်ပြုကြပါတယ်။

ကျွန်ုပ်တင်ပြခဲ့သလို ဗုဒ္ဓဘာသာကို စာပေအရေးအသားနဲ့ ကျယ်ကျယ်ပြန့်ပြန့် ပြန့်ပွားခြင်းမပြု လုပ်မီက အကွရာအရေးအသားဖြင့် မှတ်တမ်းတင်ထားမှုအချို့ရှိခဲ့ပါတယ်။ ပါဠိတော်မှ စာပိုဒ်စာသား အချို့ဖြစ်တဲ့ အနာဂတဘယာနီ၊ ဥပတိသပသီနေ၊ မောနေယျသုတ်၊ အရိယဝံသသုတ်နဲ့ ရာဟုလော ဝါဒသုတ် စသည်များဟာ အသောကဘုရင်နဲ့ အမိန့်ပြန်တမ်း ကျောက်စာများတွင်ပါရှိတယ်။ အခြားဘုရင်အများအပြားကလည်း ဗုဒ္ဓရဲ့ဟောကြားချက်များ၊ ဗုဒ္ဓဝင်အဖြစ်အပျက်များကို ဂူထဲမှာ၊ ကျောက်နံရံမှာ ရုပ်ပုံနဲ့ ဖော်ပြကြပါတယ်။

စတုတ္ထသံဂါယနာပြီးဆုံးချိန်မှာတော့ ပိဋကတ်တော်တစ်ရပ်လုံး ပေထက်အက္ခရာတင်ပြီး ဖြစ်ပါတယ်။

ဂူနှင့်ကျောင်းတော်နံရံများပေါ်မှာ ပုံနဲ့သရုပ်ဖော်ပြီးတော့လည်း ဗုဒ္ဓဘာသာကို ပြန့်ပွားစေခဲ့ပါတယ်။ ကမ္ဘာကျော်အဂျန္တာလိုဏ်ဂူမှာဆိုရင် ဗုဒ္ဓရဲ့ဘဝဖြစ်စဉ်၊ ဘုရားလောင်းဘဝဇာတ်တော် ဝတ္ထုများကို ရုပ်ပုံများနဲ့ ဖော်ပြထားပါတယ်။

ဗုဒ္ဓဘာသာကျောင်းတော်များဖြစ်တဲ့ နာလန္ဒ၊ ဩဒန္တပူရစသည်တို့ရှိ အပျက်အစီးများကို လေ့လာတဲ့အခါ ဗုဒ္ဓဘဝဖြစ်စဉ်များ၊ ဇာတ်တော်များကိုရုပ်ပုံဖြင့် သရုပ်ဖော်ထားခြင်းတွေ့ရလို့ ဗုဒ္ဓဘာသာ ပြန့်ပွားမှု မြင့်တင်ရေးနည်းလမ်းတစ်ခုလို့ ဆိုနိုင်ပါတယ်။ ထိုကျောင်းတော်များအနီးတဝိုက်ရှိ ဘုရားကျောင်းများ(ယခုဟိန္ဒူဘုရားကျောင်းများဟု သတ်မှတ်ထားသည်)ဟာ ဗုဒ္ဓအား ဂုဏ်ပြုသောအားဖြင့် တည်ဆောက်ခဲ့လို့ ဗုဒ္ဓဘဝဖြစ်စဉ်အချို့ကို ရုပ်ပုံရုပ်တုဖြင့် သရုပ်ဖော်ထားကြပါတယ်။ ဗောရောဗုဒ္ဓ အဆောက်အုံကြီးမှာလည်း ဇာတကဝတ္ထုများစွာကို ရုပ်ပုံဖြင့် ဖော်ပြထားပါတယ်။ သည်နည်းနဲ့ ဗုဒ္ဓတရားတော်များကိုလည်း ကျောက်ပြားကျောက်တိုင်များပေါ်တွင် ထွင်းထုထားခဲ့ကြတယ်။

ဆဋ္ဌသံဂါနုယနာမူ တိပိဋကကို ရွေးဦးစွာ ထိုင်းနိုင်ငံ၌ စီဒီဖြင့်ရေးသားမှတ်တမ်းတင်နိုင်ခဲ့ပြီး နောက် အိန္ဒိယနိုင်ငံမှ ဝိပဿနာ သုတေသနအဖွဲ့ကလည်း တိပိဋကနှင့်တကွ ဆက်စပ်တဲ့ စာပေများကို စာအုပ်အဖြစ်သာမက စီဒီအဖြစ်ပါ မှတ်တမ်းတင်နိုင်ထားပြီးဖြစ်ပါတယ်။

**ဝမ္မစာပေစာမူများ စုဆောင်းခြင်းနှင့် စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေခြင်း**

ကိုလိုနီခေတ်အတွင်း နီပေါနဲ့ဂျီလ်ဂျစ်မှာ ဗုဒ္ဓကျမ်းဂန်စာမူများကိုတွေ့ရှိရာမှတစ်ဆင့် အနောက်တိုင်းနှင့် ဗုဒ္ဓဘာသာထိတွေ့စရာအကြောင်း ဖြစ်သွားပါတယ်။ ပညာရှင်များဖြစ်ကြတဲ့ မက်စ်မူလာ၊ မစ္စတာရိုက်စ်ဒေးဗစ်နှင့်ဇနီး၊ ဒဗလျူကီဂါ၊ ဖူဆဘောလ်၊ အက်ဒါတို့၊ ချာဗက်စကီးနှင့် ကန်း အစရှိသူတို့ဟာ ဗုဒ္ဓဘာသာကို လေ့လာသင်ယူဖို့၊ လူထုရှေ့မှောက်ချပြဖို့ အလွန်စိတ်ထက်သန်ကြပါတယ်။ သူတို့ရဲ့ အားထုတ်မှုကြောင့် ယနေ့ အနောက်ကမ္ဘာမှာ ဗုဒ္ဓဘာသာဖြစ်တည်နေခြင်းဖြစ်ပြီး လေ့လာ သုတေသနပြုလုပ်ဖို့ ကာလသစ်တစ်ရပ် စတင်ပေးရာလည်းရောက်ခဲ့ပါတယ်။

မြန်မာနိုင်ငံနဲ့ သီရိလင်္ကာနိုင်ငံနေရာအများအပြားမှာ ဗုဒ္ဓကျမ်းစာမူအမြောက်အမြားတွေ့ရှိခဲ့လို့ သင်ကြားရေးနဲ့ ပုံနှိပ်ထုတ်ဝေမှု တစ်ဟုန်ထိုး တိုးတက်ခဲ့တယ်။ လန်ဒန်မှာ ပါဠိတော်အသင်း၊ ကန္ဒီ (သီရိလင်္ကာ)မှာ ဗုဒ္ဓစာပေပုံနှိပ်ထုတ်ဝေရေးအသင်းနဲ့ အိန္ဒိယမှာ မဟာဗောဓိအသင်းတို့ ပေါ်ပေါက်ခဲ့ပြီး ကမ္ဘာတစ်လွှား ဗုဒ္ဓဘာသာပြန့်ပွားအောင် လမ်းထွင်ပေးတဲ့အပြင် ဗုဒ္ဓဘာသာစာပေ ပုံနှိပ်ဖြန့်ဝေခြင်းနဲ့ လေ့လာသင်ကြားရေးစင်တာ တည်ထောင်ခြင်းများကို ဆောင်ရွက်ခဲ့ကြပါတယ်။ ထိုစာအုပ်များကို ဈေးပေါပေါနဲ့ ရိုက်နှိပ်ဖြန့်ဖြူးနိုင်ရင် သာမန်လူထု အလွယ်တကူ အသုံးချနိုင်သကဲ့သို့ စာကြည့်တိုက်သုံး အတွက် ခပ်ကောင်းကောင်းပုံနှိပ်ရင်တော့ တာရှည်ခံပါလိမ့်မယ်၊ နှစ်မျိုးစလုံးကတော့ ဗုဒ္ဓဘာသာ ပြန့်ပွားရေးကို ပံ့ပိုးကြမှာပါပဲ။

ကမ္ဘာ့ပြည်သူပြည်သားများက ဗုဒ္ဓဓမ္မရဲ့ အလိုရှိအပ်တဲ့ အကျိုးထိရောက်ဖြစ်ထွန်းနိုင်မှုကို သိရှိလာကြတော့ ဒေသဆိုင်ရာ ဘာသာစကားဖြင့် ပြန်ဆိုခြင်း၊ အကွာရာဖလှယ်ခြင်းပြုလုပ်ကြပါတယ်။ အချို့ကဆိုရင် ဗုဒ္ဓအကြောင်းကို သီးခြားစာအုပ်အဖြစ် ပြုစုရေးသားလာပါတယ်။ အကျိုးဆက်အဖြစ် ဗုဒ္ဓတရားတော်များကို ပြန့်ပွားစေတဲ့ အဓိပ္ပါယ်ကိုစေ့ငုရှာဖွေတဲ့ စာအုပ်အမြောက်အမြားပေါ်ထွက်လာတာကို တွေ့ကြရပါတယ်။ ဒီစာအုပ်အားလုံးကို အမည်နှင့်တကွ ဖော်ပြရန် မဖြစ်နိုင်ပေမယ့် အနောက်တိုင်းမှာ အကြီးအကျယ် အပြောင်းအလဲဖြစ်စေတဲ့စာအုပ်တစ်အုပ်ကတော့ ရပ်ဆယ်အာနိး ရေးသားတဲ့ The Light of Asia (အာရှရဲ့အလင်းရောင်)စာအုပ်ဖြစ်ပါတယ်။ သည်နည်းအားဖြင့် ဗုဒ္ဓဘာသာဟာ ဒေသန္တရ အသွင်ပြောင်းတာရော တစ်ကမ္ဘာလုံးအသွင် ဆက်စပ်ဖြစ်ပေါ်တာပါတွေ့ရပါတယ်။ အာနိးဟာ ဗုဒ္ဓဘာသာရဲ့သဘာဝအစစ်အမှန်သာမက ကိုယ်ကျင့်တရားတန်ဖိုးများနဲ့ သိပ္ပံနည်းကျအမြင်တို့ရဲ့ သြဇာလွှမ်းမိုးမှုခံစားရတာကြောင့် တင်ပြခဲ့တဲ့ သမိုင်းဝင်စာအုပ်ကို ရေးသာခဲ့တာ ဖြစ်ပါတယ်။ ဗုဒ္ဓတရားတော်ရဲ့ တန်ခိုးကြီးမားမှုကို သိရှိစေတဲ့ ဖြစ်ပေါ်မှုတစ်ခုကတော့ ဗုဒ္ဓဘာသာမှာ အဓိကအမြတ်တနိုးထားတဲ့ 'ဓမ္မပဒ'ကျမ်းဟာ ကမ္ဘာ့ဘာသာစကားကြီးအားလုံးနီးပါးဖြင့် ပြန်ဆိုပြီး ဖြစ်ပါတယ်။

## ပညာသင်ကြားရေးဌာနအဖွဲ့အစည်းများအားဖြင့် ဗုဒ္ဓဘာသာပြန့်ပွားစေခြင်း

ပညာသင်ကြားရေးဌာနများ၊ တက္ကသိုလ်စသည်များ၌ ဗုဒ္ဓဘာသာသင်ကြားစေခြင်း၊ ဗုဒ္ဓဘာသာရဲ့ ကဏ္ဍအမျိုးမျိုး၌ သုတေသနလုပ်ငန်းများ မြှင့်တင်ခြင်း၊ သုတေသနဂျာနယ်၊ မဂ္ဂဇင်း၊ ဓမ္မဇင်း၊ ဓမ္မသတင်းလွှာတို့ဖြင့် ဓမ္မအသိပညာပေးခြင်းတို့ကြောင့် ဗုဒ္ဓဘာသာပိုမိုပြန့်ပွားနိုင်ရုံမက တစ်ကမ္ဘာလုံး ဆက်စပ် ဖြစ်ပေါ်သွားနိုင်မှာဖြစ်ပါတယ်။

## အီလက်ထရောနစ်နည်းလမ်းများဖြင့် ဗုဒ္ဓဘာသာပြန့်ပွားရေး

ဗုဒ္ဓဘာသာဆိုင်ရာတစ်ကမ္ဘာလုံး ဆက်စပ်ဖြစ်ပေါ်မှုဟာ မျက်မှောက်ခေတ်မှာ အရှိန်ရနေပါတယ်။ ဤခေတ်မှာ သိပ္ပံနဲ့ အီလက်ထရောနစ်ပညာအထူးထွန်းကားလို့ ဗုဒ္ဓဘာသာပြန့်ပွားရေးဟာ အတိုင်းအတာသစ်တစ်ရပ်နဲ့ တက်လှမ်းတော့မှာဖြစ်တယ်။ စီဒီဖြင့် မှတ်တမ်းတင်ထားတဲ့ ပါဠိတော်၊ ဗုဒ္ဓနဲ့တရားတော်တို့နဲ့ စပ်လျဉ်းတဲ့ ရုပ်ပုံကားချပ်ဖလင်တွေ ဖန်တီးလာနိုင်လို့ ဗုဒ္ဓဘာသာ အလွယ်တကူ ပြန့်ပွားရေးနှင့် ကာလရှည်ကြာထိန်းသိမ်းရေးအတွက် ကဏ္ဍသစ်တစ်ရပ်ရရှိလာပါတယ်။ ပထမဦးစွာ ထိုင်းနိုင်ငံ၌ တိပိဋကတစ်ခုလုံးကို စီဒီသွင်းနိုင်ခဲ့တဲ့အပြင် အိန္ဒိယနိုင်ငံ မဟာဂုတ်ရှ်တြေပြည်နယ် အီဂတ်ပူရီ ရှိ ဝိပဿနာသုတေသနလုပ်ငန်းဌာနမှာလဲ တိပိဋကကို စာအုပ်အဖြစ်သာမက စီဒီအဖြစ် ဖန်တီးနိုင်လို့ အလွန်အရေးပါလျက်ရှိပါတယ်။ အလားတူပဲ တိုင်ပေမှ ဗုဒ္ဓစာပေဖောင်ဒေးရှင်း ကော်ပိုရေးရှင်းအဖွဲ့က

ဗုဒ္ဓစာပေများကို စိဒိသွင်းထားပြီး စာအုပ်များကို အခမဲ့ပုံနှိပ် လှူဒါန်းလျက်ရှိခြင်းဟာ ကမ္ဘာ့ပြည်သူများ မြတ်စွာဘုရား၏ ဒေသနာတရားတော်များကို အာရုံစိုက်လာအောင် အထောက်အကူပြုနေပါတယ်။

သည်ပြင်လဲ ဗုဒ္ဓဘာသာဆိုင်ရာ ရေဒီယိုနှင့်တီဗွီအစီအစဉ်များ၊ တယ်လီကွန်ဖရင့်နှင့် အင်တာနက် ကွန်ဖရင့်များ ကျင်းပပြုလုပ်ခြင်းတို့ဟာ ဗုဒ္ဓဘာသာကို ကမ္ဘာ့ကိုးကွယ်မှု ဘာသာတစ်ခုဖြစ်လာအောင် အရေးပါတဲ့ အခန်းကဏ္ဍတစ်ခုဖြစ်ပါတယ်။ မြတ်စွာဘုရားဟောခဲ့တဲ့ 'အရာအားလုံးဟာ အနိစ္စဖြစ်တယ်' ဆိုတာလိုဘဲ ဗုဒ္ဓဘာသာထိန်းသိမ်းရေးနှင့် ပျံ့ပွားရေးဆောင်ရွက်ချက် နည်းစနစ်တွေဟာလဲ မမြဲဘူးဆိုတာ ဝန်ခံရမှာပါ။ ဒါပေမယ့် ဗုဒ္ဓဘာသာပျံ့ပွားရေးအတွက် အခြားမျက်နှာစာမှာတော့ အောင်မြင်စရာ ရှိနိုင်ပါတယ်။ ဗုဒ္ဓစာပေကို ဘာသာစကားအမျိုးမျိုးနဲ့. ပြန်ဆိုခဲ့တာကြောင့် ထိုဘာသာစကားများ အသုံးပြုရာဒေသအသီးသီးမှ ပြည်သူတွေကို အကျိုးပြုရုံမက ဓမ္မဝိနည်းပညာနှင့် ဆက်သွယ်ရေးလုပ်ငန်း များကြောင့် ဗုဒ္ဓဘာသာ အဖွဲ့အစည်းများနဲ့. သုတေသနဌာနများပေါ်ပေါက်ခဲ့ပါတယ်။ ဗုဒ္ဓဘာသာကို လျင်မြန်လွယ်ကူစွာ ပြန့်ပွားပျံ့နှံ့စေနိုင်တဲ့ ဓမ္မဝိနည်းပညာအသုံးချမှုကို ကျွန်ုပ်တို့. အားပေးရမှာ ဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ ကမ္ဘာပေါ်မှာ ဓမ္မဝိနည်းပညာရပ်များကို မသုံးစွဲနိုင်သေးတဲ့သူများ ရှိသေးတာမို့ ရိုးရာ အစဉ်အလာဗုဒ္ဓဘာသာ ပြန့်ပွားနည်းဟာ လူ့အင်အားအပေါ် လုံးဝတည်မှီတာကြောင့် ဆက်လက်အသုံး ချသင့်ပြီး ဓမ္မဝိနည်းနာတွေကတော့ အဆင့်မြင့်ပစ္စည်းကိရိယာများအသုံးပြုရတဲ့အပြင် ထိုပစ္စည်းများအတွက် စွမ်းအင်ကို ဓမ္မဝိနည်းနာဖြင့် ထုတ်လုပ်ရပြန်ပါတယ်။ ဒါကြောင့် ပိုကောင်းတဲ့ ဗုဒ္ဓဘာသာ ပြန့်ပွားနည်းကတော့ တင်ပြခဲ့တဲ့ နည်းလမ်းနှစ်သွယ်အကြားမှာ ညှိနှိုင်းအသုံးချရေး ဖြစ်ပါတယ်။ ဗုဒ္ဓဘာသာပြန့်ပွားရေးမှာ သိပ္ပံပညာရပ်က များစွာကူညီပံ့ပိုးခဲ့ကြောင်း ကျွန်ုပ်တို့. တွေ့မြင်ရပါပြီ။ အမှန်ကတော့ သိပ္ပံပညာနဲ့ ဗုဒ္ဓဘာသာဟာ တစ်ခုနဲ့တစ်ခု မဆန့်ကျင်ဘဲ အပြန်အလှန် ဖြည့်စွက်ပံ့ပိုး လျက်ရှိကြောင်း တင်ပြလိုက်ပါတယ်။

# ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ဗုဒ္ဓဘာသာ

ပါမောက္ခဆရာတော် ဒေါက်တာ
ဖရသုဓိဝေါရရန်
ဒုတိယပါမောက္ခချုပ်
မဟာချုပ်လောင်းကောင်ရာဇဝိဒယလယ
တက္ကသိုလ်၊ ထိုင်းနိုင်ငံ။

ဆရာတော် မဟာထေရ် အရှင်မြတ်များ၊
တက်ရောက်လာကြသော ဧည့်သည်တော်များ
ဓမ္မမိတ်ဆွေများ

ယနေ့သည် မြန်မာနိုင်ငံ၊ ဗုဒ္ဓသာသနာသမိုင်းတွင် အရေးအပါဆုံးနေ့တစ်နေ့ ဖြစ်ကြောင်း ဝမ်းမြောက်စွာ ပြောကြားလိုပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် ဆရာတော် အရှင်မြတ်များ၏ ပံ့ပိုးမှုဖြင့် ကျင်းပအပ်သော ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံသို့ တက်ရောက်ရန် ကျွန်ုပ်တို့ ရောက်ရှိလာကြပေပြီ။

မြန်မာနိုင်ငံ ဗုဒ္ဓသာသနာသည် ဗုဒ္ဓသာသနာ၏ အပိုင်းနှစ်ခုအတွက် ပင်မငြမ်းကြီးဖြစ်ပါသည်။

ပရိယတ္တိသာသနာအတွက် ဆဋ္ဌသင်္ဂါယနာတွင် အကောင်းဆုံးသော ပါဠို၊ တိပိဋကနှင့် အဋ္ဌကထာ၊ ဋီကာများကို အတွဲလိုက် စုစည်းပုံနှိပ်ခဲ့သည်။ ဤသည်တို့သည် ဗုဒ္ဓဘာသာလောကအတွက် အဓိကကျမ်းကိုးဖတ်စာအုပ်များဖြစ်သည်။ ပဋိပတ္တိသာသနာအတွက် အကောင်းဆုံး ဝိပဿနာဆရာများ ဖြစ်သော မဟာစည်ဆရာတော်၊ မိုးကုတ်ဆရာတော်၊ လယ်တီဆရာတော်၊ ဆရာကြီး ဦးဂိုအင်ကာ၏ ဆရာဖြစ်သော ဦးဘခင် စသူတို့ရှိကြသည်။ ဤဆရာကြီးများသည် မြန်မာအတွက် သာမကကမ္ဘာအတွက်ပါ ဗုဒ္ဓဘာသာကမ္မဋ္ဌာန်းကို သမထရော ဝိပဿနာပါ အားထုတ်နည်းများ ပြသခဲ့ကြသည်။

ကျွန်ုပ်တို့သည် သိပ္ပံနည်းပညာနှင့် ပူးပေါင်းရမည်ဟု ကျွန်ုပ်ထင်ပါသည်။ ကမ္ဘာတွင် ဗုဒ္ဓသာသနာဖြန့်နိုင်ရန် သိပ္ပံနည်းပညာလိုအပ်ပါသည်။ ယခုအခါ အထူးအားဖြင့် အချို့သော ဗုဒ္ဓဘာသာနိုင်ငံများတွင် အကြမ်းဖက်မှုများ ရှိနေပါသည်။ ကျွန်ုပ်တို့သည် သင့်တင့်သော အားထုတ်မှုကို နမူနာပြု၍ အကြမ်းဖက်သူတို့၏ စိတ်ဓါတ်ကို လမ်းမှန်ရောက်အောင် ပြုပြင်၍ ဗုဒ္ဓသာသနာကို ကာကွယ်ပါလျှင် တရားဓမ္မဖြင့် အောင်နိုင်ခြင်း ဓမ္မဝိဇယဖြစ်ပေလိမ့်မည်။ အင်အားသုံး၍ အောင်မြင်မှု ယုဒ္ဓဝိဇယကို ရှောင်ကျဉ်ကြပါ။ ထိုင်းဗုဒ္ဓဘာသာဝင်များနှင့် မြန်မာဗုဒ္ဓဘာသာဝင်များသည် အနော်ရထာမင်းမြတ် အုပ်စိုးခဲ့သည့် အချိန်ကပင် ဆက်ဆံမှုများ ရှိခဲ့သည်။ ဘာသာရေးဆိုင်ရာ ဆက်နွယ်မှုနှင့် နည်းမျိုးစုံဖြင့် ပူးပေါင်းဆောင်ရွက်မှုသည် ၁၆-ရာစုကပင် ရှိခဲ့သည်။ အထူးအားဖြင့် ပရိယတ္တိနှင့် ဝိပဿနာ ကမ္မဋ္ဌာန်းကျင့်စဉ် မဟာချုံလဗုဒ္ဓတက္ကသိုလ်တွင်ရှိခဲ့သည်။

ကျွန်ုပ်တို့သည် သင်တို့ထဲမှ ဖတ်စာအုပ်များနှင့် ကျင့်စဉ်နည်းလမ်းများကို အတုယူ၍ ကျွန်ုပ်တို့၏ သင်ရိုးတွင်ထည့်သွင်းခဲ့သည်။ သံဃာ့မဟာထေရ်များနှင့် မြန်မာနိုင်ငံတော်အစိုးရမှ စီစဉ်သော ဤထိပ်သီးညီလာခံကို အလေးထားပါကြောင်း ဘန်ကောက် ဝပ်မဟာဓာတု မဟာချုံလဗုဒ္ဓတက္ကသိုလ်ကိုယ်စား ပြောကြားလိုပါသည်။

ကမ္ဘာဗုဒ္ဓဘာသာထိပ်သီးညီလာခံအောင်မြင်မှုအတွက် ရတနာမြတ်သုံးပါးတို့က ချီးမြှောက်စောင့်ရှောက်၍ မြန်မာပြည်တွင် ဗုဒ္ဓသာသနာတော် တိုးတက်ပြီး ကမ္ဘာတစ်ဝန်းလုံး ငြိမ်းချမ်းရေးရရှိပါစေသတည်း။

သဗ္ဗေသတ္တာ ဘဝန္တု သုခိတာ။

သတ္တဝါအားလုံး ချမ်းသာကြပါစေ။

များစွာကျေးဇူးတင်ပါသည်။



# ဗုဒ္ဓမြတ်တရားနှင့် ယနေ့ကမ္ဘာနီးနွယ်ဆက်စပ်မှု

ဒေါက်တာ အာဒီစွဝံသ
မြန်မာ

ဘဝတု သဗ္ဗမင်္ဂလံ

ဗုဒ္ဓဘာသာဟူသည်မှာ မြတ်ဗုဒ္ဓ၏ အဆုံးအမတရားတို့ကို လေးစားလိုက်နာခြင်းကို ခေါ်ဆိုပေသည်။ လွန်ခဲ့သော နှစ်ပေါင်း (၂၅၀၀)ကျော်ကာလက သိဒ္ဓတ္ထမည်သော ဂေါတမ မျိုးနွယ်မင်းသားငယ် မှစတင်၍ ဗုဒ္ဓဘာသာအယူဝါဒထွန်းကား ပေါက်ဖွါးခဲ့ခြင်းဖြစ်ပေသည်။ သိဒ္ဓတ္ထ မင်းသားငယ်သည် ရွှေနန်းစည်းစိမ်တို့ကို စွန့်၍ လူသားတို့၏ အိုနာသေဘေးဆင်းရဲဒုက္ခ ပြဿနာများမှ လွတ်မြောက်လိုခြင်းကြောင့် အဖြေမှန်ရှာရန် စိတ်ဆန္ဒပြင်းပြစွာဖြစ်၍ ဆင်းရဲဒုက္ခအားလုံးတို့၏ လွတ်မြောက်ရာကို ရှာဖွေခဲ့ပါသည်။ ထိုခေတ်အခါက ထင်ရှားသော အတွေးအခေါ်ပညာရှင်များထံ ချဉ်းကပ်နည်းယူခဲ့သော်လည်း ကျေနပ်လောက်သော အဖြေမှန်ကို မရခဲ့ပေ။ ထို့နောက် (၆)နှစ်တိုင်တိုင် ဒုက္ကရစရိယာအကျင့်ကို ကျင့်ခဲ့သော်လည်း မိမိ၏ မျှော်မှန်းချက်ကို မရရှိခဲ့ပေ။ နောက်ဆုံး မိမိကိုယ်စိတ်ကို အလွန်အမင်း အလိုလိုက်ခြင်းအကျင့်နှင့် မိမိကိုယ်စိတ်ကို အလွန်အမင်း ခြိုးခြံညှဉ်းပန်းခြင်းအကျင့်တို့မှ သွေဖည်၍ (မဇ္ဈိမပဋိပဒါ)ခေါ် အလယ်လမ်းကျင့်စဉ်ကို သုံးခြင်းဖြင့် မိမိရှာဖွေသော အဖြေမှန်ကိုရရှိခဲ့ကာ သူ၏ ဝါဒကို စတင်တည်ထောင်နိုင်ခဲ့ပေသည်။ သူ၏ အလယ်အလတ်လမ်းစဉ်အကျင့်သည် ဆင်းရဲခြင်းဒုက္ခတို့ကို ချုပ်ငြိမ်းစေနိုင်သော ကျင့်စဉ်ဖြစ်ပြီး ဘဝဖြစ်ရခြင်းသည် ဆင်းရဲခြင်းဆိုသော အမှန်တရားဒုက္ခသစ္စာ၊ ဆင်းရဲရခြင်းသည် တွယ်တာမှု အစွဲအလန်းကြောင့် ဖြစ်ရသည်ဆိုသော အမှန်တရား သမုဒယသစ္စာ၊ ဆင်းရဲမှုအပေါင်းချုပ်ငြိမ်းခြင်း – ဆင်းရဲမှုအပေါင်းမှ လွတ်မြောက်ခြင်း ဆိုသော အမှန်တရား နိရောဓသစ္စာ၊ ယင်းဆင်းရဲမှုအပေါင်းမှ လွတ်မြောက်မှု ကျင့်စဉ်အမှန်ဖြစ်သော မဂ္ဂသစ္စာ – အမှန်တရား သစ္စာလေးပါးပင်ဖြစ်ပေသည်။

ဗုဒ္ဓဝါဒသည် အထက်ပါအချက်တို့ကို အခြေခံခြင်းကြောင့် တစ်စုံတစ်ဦး – တစ်ယောက်သည် ဗုဒ္ဓ ဘာသာတရားတော်များကို လေ့လာ-လက်ခံ-ကျင့်သုံးခဲ့လျှင်-ဒုက္ခအားလုံးတို့၏ အကြွင်းမဲ့လွတ်မြောက်မှုအရသာ-သောက-စိတ်ပူပန်မှုကင်းခြင်း-အေးငြိမ်းခြင်း-စိတ်ချမ်းမြေ့ခြင်းတို့ကို အမှန်ပင်ခံစားရပေမည်။ ဗုဒ္ဓဝါဒအရ လောကကိုလည်းကောင်း၊ ဘဝကိုလည်းကောင်း ဓမ္မဓိဌာန်ကျကျ ရှုမြင်သုံးသပ်နိုင်သောအမြင်ရှိလာနိုင်ပေသည်။ ဗုဒ္ဓဟောကြားတော်မူခဲ့သော-ဒုက္ခဆင်းရဲမှာ သာမန်ထက်ပိုသော ဆင်းရဲဒုက္ခများဖြစ်ရာ၊ ပိုမိုနက်ရှိုင်းသည့် အနာအဆာမကင်းသော ချို့ယွင်းချက်များ-မတည်မြဲခြင်းများ-မဖြည့်စွမ်းနိုင်ခြင်းများ-တည်တံ့ခိုင်လုံမှုမရှိခြင်းများ စသည့် ဆင်းရဲမှုအမျိုးမျိုးကို ဆိုလိုပေသည်။ အကယ်၍ လူသားတို့သည် နည်းမှန်လမ်းမှန်ဖြင့် သေချာကျနစွာ ဓမ္မတရားတော်တို့ကို လိုက်နာကျင့်သုံးခံယူခဲ့ပါမူ ဆင်းရဲဒုက္ခအပေါင်းမှ လွတ်ကင်း၍ နောက်ဆုံးဌ် ဆင်းရဲမှု ဒုက္ခအပေါင်းမှ လွတ်မြောက်သော (နိဗ္ဗာန်)ချမ်းသာစစ်ချမ်းသာမှန်ကို ရရှိခံစားနိုင်မည်မှာ မလွဲပေ။

အထက်ပါ ဗုဒ္ဓဝါဒ/ဗုဒ္ဓဘာသာဖြစ်ပေါ်ပုံ နောက်ကြောင်းပြန်မှုကို ခေတ္တထား၍ ယနေ့ကမ္ဘာကြီး၏ ဖြစ်ရပ်ပြဿနာများကို လေ့လာဆန်းစစ်ကြပါစို့-ယနေ့မျက်မှောက်ကမ္ဘာကြီးသည် ဘေးဆိုးကပ်ဆိုက်ရောက်ခြင်း၊ ရုတ်တရက်ဖြစ်ပွားသည့် ဘေးအန္တရာယ်ကပ်ဆိုက်မှုကြီးများ ၊ ဘေးအန္တရာယ်အမျိုးမျိုးများ၊ ကံဆိုးမိုးမှောင်ကျခြင်းများ စသည်တို့ပေါ်ပေါက်လာရခြင်းတို့သည် သဘာဝ အလျောက်လည်းကောင်း၊ လူသားတို့၏ လုပ်ဆောင်ဖန်တီးလုံ့ဆော်မှုကြောင့်လည်းကောင်း ဖြစ်ပေါ်ခံစားနေကြ

သည်မှာ မျက်ဝါးထင်ထင် မြင်တွေ့နိုင်ပါသည်။ ယနေ့ကမ္ဘာကြီးအား ဘက်ပေါင်းစုံမှ ကျရောက်စေသော ဘေးအန္တရာယ်ဆိုးများကို ကဏ္ဍအလိုက်လေ့လာရသော် – ယနေ့ကမ္ဘာ့နိုင်ငံကြီးအချို့တို့သည် မိမိနှင့် မိမိနိုင်ငံ အကျိုးစီးပွားဖြစ်ထွန်းရေးကိုသာ ဦးစားပေး၍ စက်ရုံများ၊ စက်မှုလုပ်ငန်းများ တည်ထောင်ခြင်းတို့ကြောင့် ၎င်းတို့မှ ကာဗွန်နှင့် စက်မှုမီးခိုးအဆိပ်ငွေ့များကို မဆင်မခြင် စွန့်ထုတ်လျက် ရှိပေသည်။ ယင်းအဆိပ်ငွေ့များသည် ကမ္ဘာ့ဝန်းကျင်ပူနွေးမှုဖြစ်စေကာ ကမ္ဘာ့ဖန်လုံအိမ် အကျိုးဆက် ပြဿနာရပ်များ ဖြစ်ပေါ်စေပေသည်။ ဤသည်က ကမ္ဘာ့အပူချိန်ကို တစ်ဆထက်တစ်ဆတိုး၍ မြင့်မား လာစေပါသည်။ တစ်ဖန် ဤအပူချိန်မြင့်တက်မှုက သဘာဝ တောတောင်ရေမြေများရှိ ရေခဲများကို ပို၍ အရည်ပျော်စေခြင်း၊ ကမ္ဘာ့ဝန်ရိုးစွန်းရှိ ရေခဲပြင် မျက်နှာပြင်ဒေသများကို သာမန်ထက်ပို၍ အရည်ပျော်လာစေလေသည်။ ဤသို့ဖြစ်ခြင်းကြောင့် တစ်ဖန်အအေးဓါတ်ဖြင့် ထိန်းပေးနိုင်မှု သဘာဝလျော့ပါးပြန်ကာ ကမ္ဘာကြီးကို ပို၍ပူစေပြန်လေသည်။

ရေကြီးခြင်း၊ မိုးပြင်းထန်စွာရွာသွန်းခြင်း၊ လေပြင်းမုန်တိုင်း တိုက်ခတ်ခြင်း၊ မြေငလျင်ပြင်းထန်စွာ လှုပ်ရှားခြင်း၊ ဒီရေလှိုင်းလုံးကြီးများတက်လာခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ မကြုံစဖူး အပူလှိုင်း အအေးလှိုင်းများ ဖြစ်ပေါ်ခြင်းစသည့် ဘေးဆိုးအမျိုးမျိုးကို ကမ္ဘာ့ပူနွေးမှုများက တစ်ကျော့ပြန် ဒုက္ခပေးမှုမျိုး ဖန်တီးစေပြန်၏။

စက်ရုံကြီးများမှ အညစ်အကြေးများ မဆင်မခြင်စွန့်ပြစ်ခြင်းများကလည်း လေထုညစ်ညမ်းမှု၊ ရေထုညစ်ညမ်းမှုများကို ထပ်ဆင့်ဖြစ်ပေါ်စေပေရာ ပင်လယ်နေရေသတ္တဝါများကိုသေဆုံးမှုဘေးသို့ ဆောင်ကြဉ်း ပြန်လေ၏၊ ညှကလီးယား ဓါတ်ပေါင်းဖိုယိုဖိတ်မှုများ၊ ညှကလီးယားလက်နက်ဆန်းများ လျို့ဝှက်ဖေါက်ခွဲ စမ်းသပ်မှုများကလည်း ရာသီဥတုဖေါက်ပြန်ဆိုးရွားမှုများကို ထပ်လောင်းဖြစ်စေပြန်ပါသည်။

ရေခဲသေတ္တာများ၊ လေအေးစက်များမှထွက်သော ဓါတုပစ္စည်းများ ကလိုရိုဖလိုကါဗွန်များကလည်း ကမ္ဘာ့အာကာသရှိ အိုဇုံးလွှာကို တစ်ဖန်ပျက်စီးစေပြန်ပါသည်။ နေရောင်ခြည်ထုမှလာသော ကမ္ဘာမြေပြင်သို့ ကျရောက်အန္တရာယ်ပြုသည့် ခရမ်းလွန်ရောင်ခြည်ကို အိုဇုံးလွှာပါးလွှာမှုက တားဆီးနိုင်မှုအားနည်းပါးသွားရပြန်၏၊ ဤဖြစ်ရပ်က အရေပြားကင်ဆာဆိုးဖြင့် လူသားတို့၏ အသက်အန္တရာယ်ပေးမှုကို တွန်းအားပေးသကဲ့သို့ ဖြစ်လာပြန်၏။ခရမ်းလွန်ရောင်ခြည်မှုက လူသားတို့အား မျက်စိအတွင်းတိမ်ရောဂါဖြစ်စေမှု၊ ကိုယ်ခံရောဂါခုခံအားစံနစ်ကို အားနည်းစေမှု၊ ကောက်ပဲသီးနှံပင်များ ပျက်စီးစေမှုစသည့် ဆိုးကျိုးများကို ဖြစ်စေ၏။ ထိုမျှသာမက အဏ္ဏဝါပင်လယ် အစာဖြစ်ထွန်းမှု ယန္တယားကွင်းဆက်ဖြစ်စဉ်များ ထိန်းကွပ်ပေးသော ပင်လယ်မှော်လှေးပင်၊ မှော်လှေးကောင်များ ရှင်သန်ပေါက်ဖွါးမှုကို ပျက်ပြားစေပြန်ပါသည်။

ယနေ့ကမ္ဘာ့ဖြစ်ရပ်များမှာ သဘာဝတရား၏ဖန်တီးမှုကြောင့်ချည်းမဟုတ်ဘဲ လူသားတို့၏ သတိမမူပေါ့ဆမှုများ၊ လောဘကြီးမှု၊ အတ္တလွန်တစ်ကိုယ်ကောင်းဆန်မှု၊ အလွန်အလွန် ပိုင်စိုးလိုမှုများကြောင့်လည်း ပါဝင်ပေသည်။

ယနေ့လူသားတို့၏ လိင်မှုဆိုင်ရာ အမူအကျင့်သိက္ခာထိမ်းသိမ်းစောင့်စည်းမှု ကျင့်ဝတ်တရားများ လျော့ရိလျော့ရဲနိုင်လာခြင်းသည်လည်း ယနေ့ကမ္ဘာရင်ဆိုင်နေရသော ပြဿနာရပ်တစ်ခုပင်ဖြစ် သည်။ စိပ္ပါးရေး ဈေးကွက်တစ်ရပ်ကဲ့သို့ အမျိုးသမီးနှင့် ကလေးငယ်များကို လိင်မှုဆိုင်ရာ ကိစ္စရပ်များအတွက် လူကုန်ကူးမှုပြဿနာများသည်လည်းပဲ ကမ္ဘာကိုခြိမ်းခြောက်သော ပြဿနာတစ်ရပ်ဖြစ်ပေသည်။

ဤလူကုန်ကူးမှုများမှ ရောဂါကူးစက်လွယ်ကူစေသော လူသားတို့၏ အသက်အန္တရာယ်ပေးသည့် HIV, AIDS, SARS နှင့်ကြက်–ငှက်တုပ်ကွေးရောဂါများကို တစ်နိုင်ငံနှင့်တစ်နိုင်ငံ အမြန်ပြန့်နှံ့ ကူးစက်စေပေသည်။ ထို့ပြင် ယင်းနှင့် ဆက်နွယ်သော ရာဇဝတ်မှုများလည်း ထပ်မံဖြစ်ပွားစေပြန်ပါသည်။ ယင်း၏ အခြေခံအကြောင်းရင်းမှာ အလိုလောဘကြီးခြင်း၊ ရက်စက်ယုတ်မာခြင်းနှင့် ဗိုလ်ကျစိုးမိုးလိုခြင်းတို့ကြောင့်ဖြစ်ပေသည်။

ဗုဒ္ဓဘာသာတရားတော် အဆုံးအမအရ မေတ္တာ၊ ကရုဏာ၊ မုဒိတာတရားများ ပွါးလျက် ချမ်းသာသော ပုဂ္ဂိုလ်၊ နိုင်ငံတို့က ဆင်းရဲသော ပုဂ္ဂိုလ်၊ နိုင်ငံများကို မျှဝေပေးကမ်း ထောက်ထား ညှာတာ၍ ကူညီစောင့်ရှောက်ပါက ဤပြဿနာရပ်များ ဖြေရှင်းပြီးသား ဖြစ်ပေလိမ့်မည်။

စိတ်အာရုံ ခြောက်ခြားမှုရောဂါဝေဒနာများ ဖြစ်စေသော အမ်ဖက်တမင်း၊ ဟီးရိုးအင်း၊ ဘိန်းဖြူနှင့် အခြားမူးယစ်ထုံထိုင်း ဆေးဝါးအမျိုးမျိုးကလည်း ယနေ့ကမ္ဘာရင်ဆိုင်နေရသော ပြဿနာဆိုးတစ်ရပ်ပင် ဖြစ်သည်။ ယင်းတို့က HIV, AIDS ကဲ့သို့ ကုသရန် "ကုရာနတ္တိဆေးမရှိ"သော ရောဂါများကို ထပ်ဆင့်ကူးစက် ဖြစ်ပွါးစေပြန်ပါသည်။

ဗုဒ္ဓ၏ အဆုံးအမအရ ဗုဒ္ဓဘာသာဝင်အားလုံးစောင့်ထိန်းအပ်သည့် ကျင့်ဝတ်(၅)ပါးရှိရာ–သူ၏အသက်ကို သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ သူတစ်ပါး ပစ္စည်းကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ သူတစ်ပါး သားမယားတို့ကို ပြစ်မှားခြင်းမှ ရှောင်ကြဉ်ခြင်း၊ မဟုတ်မမှန်သော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ မူးယစ်ထုံထိုင်းစေတတ်သော သေရည်သေရက်စသည်တို့ကို သောက်စားခြင်းမှ ရှောင်ကြဉ်ခြင်း စသည်တို့ဖြစ်ရာ ထိုကျင့်ဝတ်တို့ကို စောင့်ထိန်းခဲ့ပါမူ ယနေ့ကမ္ဘာရင်ဆိုင်နေရသော ပြဿနာဆိုးကြီးများ ဖြစ်ပေါ်လာမည်မဟုတ်ပေ။

လက်နက်နှင့် ခဲယမ်းမီးကျောက်များ ရောင်းဝယ်ဖေါက်ကားခြင်း၊ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားခြင်း၊ လိင်ကုန်ကူးခြင်း၊ ရှားပါးတိရစ္ဆာန်များ ရောင်းဝယ်ခြင်းတို့သည်လည်း လူသားတို့၏ လောဘတရားကြောင့်လည်းကောင်း၊ စာနာမှုကင်းမဲ့ခြင်းနှင့် ကရုဏာတရားကင်းမဲ့မှုတို့ကြောင့်လည်းကောင်း ဖြစ်ပါသည်။

ယနေ့ကမ္ဘာတွင် သိပ္ပံနှင့် နည်းပညာများအလွန်အမင်းတိုးတက်သော်လည်း အချို့ဒေသများတွင် လူအများသည် ငတ်မွတ်ခေါင်းပါးခြင်း၊ အစာရေစာရှားပါးခြင်းနှင့် အာဟာရချို့တဲ့ခြင်းများ ခံစားနေရပေသည်။

ယနေ့ကမ္ဘာသည် အနုမြူလက်နက်များ၊ ဇီဝ–ဓာတုလက်နက်များ၊ အသေခံဗုံးခွဲမှုများ၊ အကြမ်းဖက်မှုများ၊ ခြိမ်းခြောက်မှုများနှင့် ရင်ဆိုင်တွေ့ကြုံနေရပါသည်။ မည်သည့်နိုင်ငံမျှ လုံခြုံစိတ်ချရသည်ဟူ၍ မရှိပေ။ စစ်အင်အားတိုးချဲ့ခြင်းနှင့် အကြမ်းဖက်ခြင်းတို့သည် နေရာအနှံ့တွင် လူ့အဖွဲ့အစည်းအား မတည်မငြိမ်ဖြစ်စေသည်။ လက်နက်ပြိုင်ဆိုင်မှုနှင့် စစ်ပွဲများသည် ရာစုနှစ်ပေါင်းများစွာ ဖြစ်ပွါးလျက်ရှိသည်။ ဤသည်တို့မှာ တန်ခိုးအာဏာရလိုမှုနှင့် တစ်ဦးပေါ်တစ်ဦး အသာစီးရလိုမှုကြောင့်ဖြစ်သည်။

မျက်မှောက်ခေတ် ကမ္ဘာ့ရွာကြီးအသွင် ဖြစ်ထွန်းလာမှုကြောင့် လက်ရှိကမ္ဘာ့စီးပွားရေးစနစ်တွင် ချမ်းသာသောနိုင်ငံများ ပိုမိုချမ်းသာပြီး၊ ဆင်းရဲသောနိုင်ငံများ ပိုမိုဆင်းရဲလာစေသည်။ အကယ်၍ ချမ်းသာသောနိုင်ငံများသည် ဗုဒ္ဓတရားတော်အတိုင်း မေတ္တာ၊ ကရုဏာ၊ မုဒိတာနှင့် ဥပေက္ခာတရားများ

လက်ကိုင်ထားပြီး ဆင်းရဲသောနိုင်ငံများအား ပစ္စည်းဥစ္စာအရဖြစ်စေ၊ စိတ်ဓါတ်ရေးရာအရဖြစ်စေ မျှဝေပေးလျှင်ဤကမ္ဘာကြီးသည် နေထိုင်ရန် သာယာချမ်းမြေ့ဖွယ်ရာနေရာတစ်ခု ဖြစ်လာမည်မှာမလွဲပေ။

လူသားအသီးသီးလိုက်နာရမည့် အထက်ပါကျင့်ဝတ်တို့ကို စောင့်ထိန်းလိုက်နာပြီး အကြင်နာတရား၊ မေတ္တာတရား၊ ကရုဏာတရား၊ စာနာထောက်ထားမှုတရား (လောကပါလ)များကို စောင့်ထန်းကြပါလျှင် ဤလိုင်ကုန်ကူးခြင်း၊ မူးယစ်ထုံထိုင်းဆေးများရောင်းဝယ်ခြင်း၊ ရှားပါးတောရိုင်းတိရစ္ဆာန်များ၊ ပေါက်ကွဲစေတတ်သော ဓါတုလက်နက်များ ရောင်းဝယ်ဖေါက်ကားမှုများ ယနေ့ကမ္ဘာ၌ ရင်ဆိုင်တွေ့ကြုံခံစားရမည်မဟုတ်ပေ၊

ဗုဒ္ဓလက်ထက်တော်အခါက ကုရုတိုင်းသားတို့သည်၊ သူတစ်ပါးအသက်မသတ်ခြင်း၊ သူတပါးပစ္စည်းမတရားမယူခြင်း၊ ကာမဂုဏ်တို့မှ မဖေါက်ပြန်ခြင်း၊ မဟုတ်မမှန်သော စကားမပြောခြင်း၊ မူးယစ်စေသော အရာများ မမှီဝဲခြင်းတို့ကြောင့် မည်သည့်ဘေးအန္တရာယ်မှ မကပ်ငြိဘဲ အေးချမ်းသာယာစွာနေခဲ့ကြရသော သာဓကများရှိကြောင်း မြတ်ဗုဒ္ဓဟောပြထားပေသည်။ ထို့ကြောင့် ဗုဒ္ဓ၏ အဆုံးအမတရားတော်တို့သည် ယနေ့ကမ္ဘာ့လူသားတို့ကောင်းကျိုး၊ ချမ်းသာအဝဝကို ပေးဆောင်နိုင်ပြီး ကမ္ဘာ့သက်ရှိသက်မဲ့အကြောင်းအရာ အရပ်ရပ်တို့ကို အေးချမ်းခြင်း ငြိမ်းအေးခြင်း ဖြစ်ထွန်းစေမည်မှာ ဧကန်ပင်ဖြစ်ပါကြောင်း ဤစာတမ်းဖြင့်တင်ပြအပ်ပါသည်။

သုခိအတ္တာနံ ပရိဟာရန္တု -

# အနောက်တိုင်းရှိ ဗုဒ္ဓဘာသာအခြေအနေ

ဆရာတော် အရှင်ဥတ္တမ
ကန္ဒာစတက်မြို့
ချက်(ခ်)ပြည်ထောင်စု

ရိုသေကြည်ညိုလေးစားအပ်ပါသော
သံဃာတော်၊ ဗုဒ္ဓဘာသာခေါင်းဆောင်များနှင့် ဓမ္မမိတ်ဆွေအပေါင်းတို့

ဒီကမ္ဘာဗုဒ္ဓဘာသာညီလာခံကြီးသို့ တက်ရောက်ပါဝင်ဆွေးနွေးတင်ပြခွင့်ရတဲ့အတွက် ကျေးဇူးတင်ဂုဏ်ယူမိပါတယ်။

ဒီအစည်းအဝေးကြီးကို ကျွန်ုပ်ဘာတွေပုံပိုးပေးနိုင်မလဲလို့ စဉ်းစားတော့ ဒီမှာထင်ရှား ကျော်ကြားဆုံးမဟာထေရ်တွေ၊ သံဃမဟာနာယကတွေနဲ့ လေးစားအပ်သောဗုဒ္ဓဘာသာခေါင်းဆောင်ကြီးတွေရှိနေကြရာမှာ ဗုဒ္ဓဘာသာ အကြောင်းကို ကျွန်ုပ်ထက် အများကြီးတတ်သိနားလည်ကြမှာပါ။ ဒါပေမယ့်ရတဲ့ အခွင့်အလမ်းကို အသုံးချပြီး အနောက်တိုင်း ကမ္ဘာသို့ ဗုဒ္ဓဘာသာပျံ့နှံ့သွားပုံကို အကျဉ်းမျှတင်ပြရန် စိတ်ကူးပါတယ်။ ဗုဒ္ဓဘာသာဟာ အာရှရဲ့ ဘာသာရေးကိုးကွယ်မှုစနစ် တစ်ရပ်ဖြစ်နေခဲ့တာနှစ်ထောင်ချီ၍ ကြာခဲ့ပါပြီ။ လွန်ခဲ့တဲ့ ရာစုနှစ်နှစ်ခုအတွင်းမှာတော့ အနောက်တိုင်းသို့လည်း ပျံ့နှံ့ဝင်ရောက်ခဲ့ပါတယ်။ အနောက်ဘက် ကမ္ဘာခြမ်းမှာ မွေးဖွားနေထိုင်ပြီး ဗုဒ္ဓဓမ္မကို လိုက်နာကျင့်သုံးသူအနည်းငယ်သာရှိတဲ့အထဲမှာ ကျွန်ုပ်လည်း တစ်ဦးအပါအဝင်ဖြစ်ပါတယ်။

ဗုဒ္ဓဘာသာဟာ ကမ္ဘာရဲ့ ပထမဆုံးအားလုံးနဲ့ ဆိုင်တဲ့ယုံကြည်မှုဘာသာအဖြစ် မကြာခဏ ရည်ညွှန်း ပြောဆိုကြပါတယ်။ တစ်သီးတခြားနိုင်ငံ၊ လူမျိုးနွယ်စု၊ လူတန်းစားတစ်ခုအတွက် သက်သက်မဟုတ်ဘူးပေါ့။ အစကတည်းက ဗုဒ္ဓဘာသာဟာ ဇာတ်ခွဲခြားမှု၊ တိုင်းပြည်နိုင်ငံခွဲခြားမှု အတားအဆီးများကို ချိုးဖျက်ခဲ့ပါတယ်။ နားလည်သဘောပေါက်ပြီး သဒ္ဓါပွားနိုင်တဲ့ လူအားလုံးအတွက် လွတ်မြောက်ရေးမှာကြား သွန်သင်ချက်ဖြစ်ပါတယ်။

သမိုင်းကို ကျွန်ုပ်တို့ကြည့်လျှင် ၁၃ ရာစုနှစ်ကျမှ ဗုဒ္ဓဘာသာအကျင့်အကြံများ ဥရောပသို့ ရောက်ရှိကြောင်း မှတ်တမ်းတင်ထားတာတွေ့ရပါတယ်။ ဒါပေမယ့် ၁၈ ရာစုနှစ်မတိုင်မီအထိ ဥရောပ၌ ဗုဒ္ဓဘာသာကို ယေဘုယျနားလည်မှုဟာ အပေါ်ယံသဘောသာဖြစ်ပြီး အတော်ကြီး ချွတ်ချော်ပုံပျက်ခဲ့ပါတယ်။ ၁၉ရာစု နှစ်နောက်ပိုင်းကျမှသာ ဥရောပမှာ ဗုဒ္ဓဓမ္မပုံစံ အမျိုးမျိုးကို အလေးထားလောက်အောင် တစ်စထက်တစ်စ သိရှိ နားလည်ခဲ့ ကြတယ်။ အာရှရဲ့ ဘာသာရေးအမွေအနှစ်နဲ့ ကျွမ်းဝင်ရင်းနှီးလာနိုင်အောင် ခရီးသည်တွေ၊ သိပ္ပံပညာရှင် တွေအပြင် ခရစ်ယာန်သာသနာပြုအချို့ကပါ အာရှနိုင်ငံများမှ ဗုဒ္ဓစာပေကျမ်းစာမူများကို ဥရောပသို့ သယ်ယူလာကြပါတယ်။ ဤကျမ်းစာများကို ထင်ရှားတဲ့ တက္ကသိုလ်များနဲ့ ပညာရှင် အသိုက်အဝန်းတို့က စစ်ဆေးခြင်း၊ လေ့လာခြင်း၊ စီစစ်လေ့လာ ဝေဖန်ဆန်းစစ်ခြင်း၊ နှိုင်းယှဉ်ခြင်း၊ ဘာသာပြန်ဆိုခြင်းနဲ့ အချိန်၊ ဘာသာစကားနဲ့ ပထဝီအရပ်ဒေသအလိုက် အစီအစဉ်တကျဖြစ်အောင် ဆောင်ရွက်ခဲ့ပါတယ်။ ယနေ့အခါ အနောက်တိုင်းမှာ ဗုဒ္ဓဘာသာရဲ့သမိုင်းနဲ့ နောက်ပိုင်းဖြစ်ပေါ်တိုးတက်မှုများကို စိတ်ချလောက်အောင် အတိအကျ စီစဉ်ပြုစုထားကြပါပြီ။

လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၅၀အတွင်း စစ်မှန်တဲ့ဗုဒ္ဓဘာသာကျမ်းများကို အနောက်တိုင်းမှာ ရရှိလေ့လာနိုင်ခဲ့ပါတယ်။ ဗုဒ္ဓဘာသာအသွင်အမျိုးမျိုးနှင့် ပတ်သက်တဲ့ စာအုပ်များစွာကိုလည်း

ထုတ်ဝေခဲ့ကြပါတယ်။ အဲ့ဘနန်း နက်ရှိုင်းပီပြင်လှတဲ့ ဗုဒ္ဓတရားတော်များကို နှစ်ခြိုက်သဘောတွေ့သွားတဲ့ အနောက်တိုင်းသားတွေ ရေတွက်လို့ မကုန်နိုင်ပါဘူး။ ၂၀ ရာစုနှစ်စောစောပိုင်းမှာ ဗုဒ္ဓဘာသာလေ့လာ လိုက်စားသူ အသိုက်အဝန်း ငယ်ငယ်ကလေးတွေ ပေါ်ပေါက်ခဲ့ပြီး လွန်ခဲ့တဲ့ နှစ်ပေါင်း၄၀ အတွင်းမှာတော့ ကိုယ့်ဖာသာ ရပ်တည်လူပ်ရှားနိုင်သော သံဃအစုအဖွဲ့များ ရှိလာပါတယ်။

၁၉၅၀ ပြည့်လွန်နှစ်များနဲ့ ၁၉၆၀ ပြည့်လွန်နှစ်များအတွင်း ဇင်ဗုဒ္ဓဘာသာ ဆရာတော်များ အမေရိကန်နိုင်ငံ၊ အထူးသဖြင့် ကာလီဖိုးနီးယားပြည်နယ်သို့ ရောက်ရှိကာ သူတို့ရဲ့ဓမ္မ အယူဝါဒ ပျံ့နှံ့စေခဲ့ပါတယ်။ နုပျိုပြီး တိုးတက်လိုစိတ်ရှိတဲ့ အမေရိကန်များက ထူးခြားတဲ့တရားတော်များကို အံ့သြသဘောတွေ့လို့ တရားထိုင်စခန်းတွေ စည်းရုံးဆောင်ရွက်တယ်။ အဲဒီအချိန်ကစပြီး အနောက်တိုင်းအဖို့ ဗုဒ္ဓဘာသာဟာ တစ်မူထူးခြားဆန်းပြားတဲ့ ဒဿနအဖြစ်သာမက လက်တွေ့ကျင့်သုံးပြီး အကျိုးရရှိနိုင်တဲ့ အရာဖြစ်လာခဲ့ပါတယ်။ ၁၉၆၀ ပြည့်လွန်နှစ်များမှာတော့ တိဗက်ပြည်ပြေး ဒုက္ခသည်များနဲ့ အတူပါလာတဲ့ ဆန်းကြယ်လှိုက်နက်ရှိုင်းတဲ့ ဗုဒ္ဓဘာသာကို အနောက်တိုင်းက စာနာစိတ်နဲ့ ရှုမြင်သုံးသပ်ကြပါတယ်။ အဲဒီအချိန်လောက်မှာပဲ လေးနက်စွာ အားထုတ်ရတဲ့ မြန်မာနိုင်ငံမှ ဝိပဿနာနည်းနာများကို အမေရိကန်နဲ့ ဥရောပသားများစွာတို့ စတင်ကျင့်သုံးခဲ့ပါတယ်။ ယခုခေတ်မှာ အရေးပါတဲ့ ဗုဒ္ဓဘာသာဂိုဏ်းအားလုံး ကျင့်သုံးသူများနှင့်တကွ အနောက်တိုင်းမှာ ရပ်တည်နေကြပါပြီ။

ဗုဒ္ဓဓမ္မကို အနောက်တိုင်းမှာ သာသနာပြုရတာ အာရှမှာ သွန်သင်ပြရသလို မဟုတ်ပါဘူး။ အနောက်တိုင်းသားရဲ့ စိတ်အညစ်အကြေးဟာ အခြားကမ္ဘာနေရာတစ်ခုမှ လူရဲ့ စိတ်အညစ်အကြေးနဲ့ အတူတူပဲ။ ဒါပေမယ့် အာရှသားရဲ့ စိတ်ပိုင်းဖွဲ့စည်းတည်ဆောက်ပုံနဲ့ အနောက်တိုင်းသားစိတ်ကို နှိုင်းယှဉ်တဲ့အခါ ခြားနားချက်များစွာတွေ့ရပါတယ်။ အနောက်တိုင်းသားတွေမှာ ခြားနားတဲ့စိတ် တိမ်းညွတ်ချက်၊ တန်ဖိုးထားမှုများနဲ့ အရေးကြီးတယ်လို့ သတ်မှတ်ထားတဲ့ အရာများရှိတယ်။ ခေတ်ပြိုင် အနောက်တိုင်းယဉ်ကျေးမှုမှ ဒီမိုကရေစီနဲ့ ရပ်ဝတ္ထုဆန်ဆန် သိပ္ပံနည်းကျကျ ချဉ်းကပ်တတ်ပုံကိုကြည့်လျှင် ရှေးဟောင်းဂရိနဲ့ ရောမအစဉ်အလာများရဲ့ သြဇာကို ခြေရာကောက်မိနိုင်တယ်။ ယနေ့ အနောက်တိုင်းစံရဲ့ ထူးခြားတဲ့ အသွင်လက္ခဏာများကတော့ တစ်ကိုယ်တော်ဝါဒကိုးကွယ်မှု၊ အုပ်ချုပ်သူများအပေါ် မကျေမလည်နဲ့ ဝေဖန်လိုတဲ့ သဘောထား၊ ယုတ္တိဗေဒနဲ့တကွ ကြောင်းကျိုးဆီလျော်စွာ လေ့လာစူးစမ်းခြင်းနဲ့ စိတ္တဇ ယူဆချက်များကို ဖက်တွယ်ခြင်းနဲ့ ထူးထူးခြားခြားလုပ်ကိုင်နိုင်မှု စွမ်းရည်တို့ကို တွေ့ရှိရပါတယ်။ ဒါ့အပြင် လူ့ကျင့်ဝတ်နဲ့ အကျင့်သီလပိုင်းမှာ ခရစ်ယာန်ဘာသာရဲ့ သြဇာအလွန်ကြီးမားတာကို မမေ့ထားသင့်ပါဘူး။

ဗုဒ္ဓဘာသာအပေါ် အာရှသားတို့ ချဉ်းကပ်ရာတွင် အဓိကအချက်ဟာ ယုံကြည်မှု သဒ္ဓါတရားဖြစ်ကြောင်း ကျွန်ုပ်သတိပြုမိတယ်။ အနောက်တိုင်းသားများကတော့ ဗုဒ္ဓတရားတော်များကို ရှိခိုးကိုးကွယ်စရာအဖြစ် မမြင်ကြပါဘူး။ သူတို့က များသောအားဖြင့် ဗုဒ္ဓဘာသာရဲ့ နက်ရှိုင်းလှတဲ့ ဒဿနအမြင် တန်ဖိုးများကို နှစ်ခြိုက်တာဖြစ်ပါတယ်။ နက်နဲတဲ့နားလည်မှု၊ ထိုးထွင်းတဲ့အသိ၊ စိတ်ပိုင်းဆိုင်ရာ လွတ်မြောက်ရေးမျှော်မှန်းချက်တို့ကို သဘောတွေ့ကြတယ်။ အနောက်တိုင်းသားများ ဓမ္မကို ချဉ်းကပ်ပုံက အသိ၊ သဘောပေါက်မှုနဲ့ ခွဲခြားပိုင်းခြားနိုင်ခြင်းဆိုတဲ့ ပညာနှေးမှတစ်ဆင့် ဖြစ်ပါတယ်။

အနောက်တိုင်းသားများအဖို့ ဗုဒ္ဓသွန်သင်ချက်များရဲ့ အရေးကြီးတဲ့အကြောင်းခံတစ်ခုက ဓမ္မထဲမှာ ခေတ်ပြိုင်သိပ္ပံပညာမှ ထက်မြက်တဲ့ သီအိုရီများနှင့် ထူးထူးခြားခြား လိုက်လျောညီထွေဖြစ်တဲ့ အရာခပ်သိမ်းပြုပြင်စီမံခံရမှု၊ အဆုံးစွန်နိုင်းရသီဝရီ၊ အချိန်နှင့် နေရာတို့ နှိုင်းယှဉ်ခြင်းအရဖြစ်ပေါ်မှု၊

စကြာဝဠာကြီးဖြစ်ပေါ်လာပုံနှင့် ပျက်ပြားသွားမည့်ပုံ စဉ်းစားကြံဆမှုနဲ့ အရာဝတ္ထုတို့၏ ပရမာအနုမြူပစ္စည်းစတဲ့အချက်များ တွေ့ရှိရခြင်းဖြစ်ပါတယ်။ သည့်အပြင်လည်း အနောက်တိုင်းသားတို့က ဗုဒ္ဓဘာသာထဲက သည်းခံ၍ အကြမ်းမဖက်သော ကျင့်ဝတ်စနစ်နဲ့ လက်တွေ့အကျိုးဖြစ်ထွန်းအောင် ကျင့်ကြံရတဲ့ ဘဝ ချဉ်းကပ်နည်းကို တန်ဖိုးထားတယ်။ အနောက်တိုင်းသားများစွာအဖို့ ဓမ္မဟာ ဘဝမှာ ဘာသာရေးမျက်နှာစာသစ် ဖွင့်ပေးသလိုပါပဲ။ ကမ္ဘာပေါ်မှာ ဗုဒ္ဓဘာသာဟာ အရေးပါဆုံး ဘာသာရေးစနစ်တစ်ခု ဖြစ်လာနိုင်စွမ်းရှိတယ်လို့ ကျွန်ုပ်မမှိတ်မသုဉ် ယုံကြည်ပါတယ်။

အနောက်ကမ္ဘာတစ်ခွင်မှာ ဗုဒ္ဓဘာသာဟာ ကြောင်းကျိုးသိရှိဆင်ခြင်တတ်ပြီး ဒီမိုကရေစီကျတဲ့ လူ့အဖွဲ့အစည်းနဲ့ ရောနှောဆက်ဆံနေရပါတယ်။ အာရှမှ လူမှုဘဝဖွဲ့စည်းတည်ဆောက်ပုံနဲ့ ခြားနားပြီး ဘုရားရှင်လက်ထက်တော် အာရှလူမှုဘဝဖွဲ့စည်းပုံနဲ့ဆိုလျှင် ပိုလို့တောင် ခြားနားပါတယ်။ သဘာဝလည်းကျပြီး နားလည်နိုင်စရာရှိတာက အနောက်တိုင်းရောက် ဗုဒ္ဓဘာသာဟာ သီးခြားကိုယ်ပိုင်အဖြစ်၊ အသွင်နဲ့ လက္ခဏာဖေါ်ဆောင် ပိုင်ဆိုင်လာနေခြင်းပဲ။ လက်တွေ့ရှိခိုးရိုသေလေးမြတ်မှုအလေ့အထ မေးမိုန်နေသလို သံသရာမှာ တဝဲဝဲလည်ဆိုတာမျိုးကို အလေးပေးမှု နည်းလာတယ်။ တမလွန်ဘဝမှာ ဘာဖြစ်မလဲ ဆိုတာကလည်း ဘာသာရေးဉာဏ်ပွင့်ရန် အဓိကကျတဲ့ ရင်းမြစ်မဟုတ်တော့ဘူ။ ယေဘုယျအားဖြင့် အနောက်တိုင်း ပြည်သူများဟာ ဗုဒ္ဓဘာသာတရားတော်မှ မေတ္တာ၊ ကရုဏာ၊ အကျင့်စင်ကြယ်ခြင်း၊ ထိုးထွင်းသိမြင်ခြင်းနဲ့ ပညာစတဲ့ အရည်အသွေးများကို ပိုမိုစိတ်ဝင်စားကြတယ်။ ၎င်းတို့ကို ဒုက္ခနဲ့၊ ငရဲနဲ့, လှုံ့ဆော်တိုက်တွန်းရင် သိပ်ထိရောက်မှုမရှိနိုင်ပါဘူး။

ဗုဒ္ဓဘာသာဂိုဏ်းများဟာ အာရှမှာ ပထဝီနယ်မြေအလိုက် ကွာခြားကြပေမယ့် အနောက်တိုင်းမှာ ဒီလိုမဟုတ်ပါဘူး။ အာရှမှ ဗုဒ္ဓဘာသာရဲ့ ပုံစံမျိုးစုံ အနောက်တိုင်းသားများအကြားမှာ ရောက်ရှိနေတယ်။ အဲဒါဟာ အနောက်တိုင်းသားများက တစ်ခါတစ်လေ တရားအကျင့်နည်းလမ်းတစ်မျိုးထက်မကကို လေ့လာလိုက်စားကြတဲ့အကြောင်းရင်းတစ်ခုဖြစ်တယ်။ မကြာခဏပဲ ဗုဒ္ဓဘာသာဆရာတော် အမျိုးမျိုး၊ ဒါမှမဟုတ် ဗုဒ္ဓဘာသာ မဟုတ်တဲ့ ဂုရုကြီးများကို ဆည်းကပ်နေကြတယ်။ အနောက်နိုင်ငံများမှ လေ့လာဆည်းပူးသူများသာမက ဂိုဏ်းအသီးသီးမှ ဆရာကြီးများက အကြံဉာဏ်နှင့် ကျင့်ကြံအားထုတ်မှုကိစ္စအပါအဝင်၊ ပြဿနာများနဲ့ အခက်အခဲများကို အတူတကွ ဆွေးနွေးဖလှယ်မှု ပြုနေကြပါတယ်။ အမျိုးမျိုး အဖုံဖုံကွဲပြားနေခဲ့တဲ့ သံဃာနဲ့ တရားဓမ္မများဟာ အသီးသီးသော ကျင့်ကြံအားထုတ်မှုနှင့် အလေ့အထများကို ထိန်းသိမ်းထားရင်း လွတ်မြောက်မှုလမ်းအတွက် ရှင်းလင်းပီပြင်သော သွန်သင်ချက်တစ်ရပ် ပြန်လည်ဖြစ်ကောင်းဖြစ်သွားနိုင်ပါလိမ့်မယ်။

ဗုဒ္ဓဘာသာဟာ အနောက်တိုင်းမှာ ဖွံ့ဖြိုးထွန်းကားစပြုနေပေမယ့် အခိုင်အခဲ့တည်ရှိနေတဲ့ အာရှမှ ဗုဒ္ဓဘာသာအလေ့အထများနှင့် အမြင်ကွဲလွဲမှုအချို့ ပေါ်ထွက်လာနေကြောင်း မြင်သာပါတယ်။ အဆိုးဆုံး စိတ်မချမ်းမြေ့စရာအချက်က ဗုဒ္ဓဘာသာနှင့် ဗုဒ္ဓဘာသာသံဃာအတွင်း အမျိုးသမီးတို့ရဲ့ နေရာအဆင့်အတန်းဖြစ်ပါတယ်။ ဒီကိစ္စက ဗုဒ္ဓဘာသာတစ်ခုတည်းနဲ့ သက်ဆိုင်တာတော့မဟုတ်ဘူးပေါ့။ အနောက်တိုင်း အမျိုးသမီးများဟာ အမျိုးသားများနဲ့ လူမှုရေးနဲ့ဘာသာရေး တန်းတူအဆင့်အတန်းရရှိအောင်ကြိုးပမ်းနေကြရာမှာ တစ်ခါတစ်ရံ အမျိုးသားများကပါ ထောက်ခံအားပေးနေပါတယ်။

မျက်မှောက်ခေတ်မှာ အနောက်တိုင်းသားအများအပြား ဗုဒ္ဓဘာသာအကျင့်သိက္ခာတို့ကို လိုက်စားကြပေမယ့် သူတို့ရဲ့ အစိတ်အပိုင်းတစ်ရပ်ကသာ သူတို့ကိုယ်သူတို့ ဗုဒ္ဓဘာသာဝင်လို့ ပြောဆိုကြပါတယ်။

အခြေအနေကတော့ တိုးတက်ပြောင်းလဲနေပြီ။ ဒါပေမယ့် ဗုဒ္ဓရဲ့ သွန်သင်ချက်များကို ဘာသာရေးမဟုတ်တဲ့နည်းဖြင့် ချဉ်းကပ်မှုများ တည်ရှိနေကြောင်း သိသာပါတယ်။

အနောက်တိုင်းသား ဓမ္မလေ့လာသူများက ဗုဒ္ဓတရားတော်ရဲ့ အမြင့်မားဆုံးအနေအထားကို သဘောပေါက်ကြပြီး တစ်ချိန်ထဲမှာပဲ လက်တွေ့တရားကျင့်မှုနဲ့ ရရှိမယ့်အကျိုးများကို စိတ်ဝင်စားကြတယ်။ သီအိုရီပိုင်း ငြင်းခုံမှု နည်းပါးပါတယ်။ ဘာသာရေးဆရာများဟာ တည်ကြည်မှုနဲ့ တကွ စစ်မှန်ရမယ်။ ရိုးဖြောင့်ပြီး ရင်းနှီး စာနာတတ်ရမယ့်အပြင် ဟာသဉာဉ်ကလေးပါရှိဖို့ အနောက်တိုင်းသားလေ့လာသူများက မျှော်လင့်ကြပါတယ်။

ယေဘုယျအားဖြင့် ဖွံ့ဖြိုးနေဆဲ အနောက်တိုင်းရောက် ဗုဒ္ဓဘာသာဟာ အခြေခံကောင်းရနေပြီလို့ ဆိုနိုင်တယ်။ ဒါပေမယ့် အနောက်တိုင်းဆရာကြီးများအနေနဲ့ လေးနက်မှုနဲ့ ဘာသာရေးရင့်ကျက်မှု လိုအပ်ကောင်း လိုအပ်နေပါလိမ့်မယ်။ အနောက်တိုင်းလူမှုဘဝဟာ ရုပ်ပိုင်းရော စိတ်ပိုင်းပါ အလွန်သက်သက်သာသာ ဇိမ်ခံလိုနေကြတယ်။ ကျွန်ုပ်အမြင်ဆိုရလျှင် အနောက်တိုင်းသားများဟာ ဘာသာရေးလမ်းကြောင်းမှာ သက်သာချောင်ချိမှုနဲ့ နှစ်သိမ့်မှုကို အာရုံစိုက်လွန်းလို့ စစ်မှန်တဲ့ တရားပေါက်မြောက်ရေးမှာ အခက်အခဲတွေ့နိုင်စရာ ရှိတယ်။ ဒီအချက်က အနောက်တိုင်းနှင့်သာသက်ဆိုင်တာမဟုတ်ဘဲ ယေဘုယျကမ္ဘာတိမ်းညွတ်မှုဖြစ်နေတယ်။ အနောက်တိုင်းမှ ဗုဒ္ဓဘာသာ သွန်သင်ပြသသူများဟာ သူတို့ကိုယ်သူတို့ ဆရာကြီးများအနေနဲ့ မဟုတ်ဘဲ ဓမ္မမိတ်ဆွေ များသာဖြစ်တယ်လို့ ပြောဆိုကြပါတယ်။ ဓမ္မသွန်သင်ပြသခြင်းမှာ ကိုယ်တိုင်လုပ်နေကျ ကျင့်ကြံအားထုတ်မှုရဲ့ ခြေလှမ်းတစ်ခုသာ ဖြစ်တယ်လို့ ဆိုတယ်။ များသောအားဖြင့် အနောက်တိုင်းသားများက အနောက်တိုင်းသားဆရာကို ဦးမညွတ်သော်လည်း တတ်ပွန်တဲ့ အာရှမှ ဆရာဘုန်းကြီးကိုတော့ အလွယ်တကူ ရိုသေလေးမြတ်ကြတယ်။

ဗုဒ္ဓဘာသာအစည်းအဝေးကြီးများရဲ့ အကြီးဆုံးရည်မှန်းချက်တစ်ခုက "အတူတကွ လုပ်ကိုင်ဆောင်ရွက်ရန်" ဖြစ်လို့ မြင့်မြတ်ပြီး ဂုဏ်ယူအားကျစရာကောင်းပါတယ်။ ကျွန်ုပ်တို့ အတူတူ တွေ့ဆုံ၊ တစ်ဦးကတစ်ဦးကို နားထောင်ကာ ရိုသေလေးစား၊ နောက်ပြီးလာမယ့် ရှေ့ဆက်ပူးပေါင်းဆောင်ရွက်ရေး နည်းလမ်းတွေ ရေးဆွဲနိုင်ကြပါပြီ။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူတဲ့ နောက်ပိုင်းမှာ သံဃာနဲ့ ဗုဒ္ဓအယူဝါဒဟာ ဂိုဏ်းအချို့အဖြစ် ကွဲသွားခဲ့ပါတယ်။ ကျွန်ုပ်တို့တစ်တွေဟာ အသိဉာဏ်ရှိရှိ အားထုတ်မှုဖြင့် အမြင်သဘောထား ခြားနားချက်များကို အပြုသဘော ဆက်သွယ်ညှိနှိုင်းကြမယ်ဆိုလျှင် ဗုဒ္ဓဘာသာဝင်များ ညီညွတ်မှုရရှိမယ်။ ဗုဒ္ဓသာသနာထွန်းကားပြန့်ပွားရေးနဲ့ သတ္တဝါများအကျိုးအတွက် ထိရောက်စွာ အတူတကွ လုပ်ကိုင်ဆောင်ရွက်နိုင်ကြလိမ့်မယ်လို့ မျှော်လင့်မိပါတယ်။

ဗုဒ္ဓဓမ္မရဲ့ ရောင်ဝါ ကမ္ဘာမှာ ထွန်းလင်းပါစေ။

# ၂၁ရာစုတွင် ဗုဒ္ဓဘာသာထွန်းကားပြန့်ပွားရေး

ဒေါက်တာ ဥတ္တရာဇာ
ဗုဒ္ဓဝိဟာရ၊ ဘာမင်ဂန်
အင်္ဂလန်

လွန်စွာလေးစားရပါသော မဟာထေရ်အရှင်မြတ်များ၊ လေးစားရပါသော သံဃာတော် အရှင်မြတ်များ၊ ဒေသအသီးသီး၊ ဂိုဏ်းအသီးသီးမှ ဓမ္မမိတ်ဆွေ ညီအစ်ကို မောင်နှမများကို ကျွန်ုပ်အနေဖြင့် ဝမ်းမြောက်စွာ ကြိုဆိုနှုတ်ခွန်းဆက်သပါတယ်။ အခုလို စည်းလုံးညီညွတ်စွာနဲ့ ရောက်ရှိလာတဲ့အတွက် ဒီအစည်းအဝေးကြီးဟာ ဂုဏ်ကျက်သရေနဲ့ ပြည့်စုံတဲ့ အခမ်းအနားဖြစ်ပါတယ်။

ကျွန်ုပ်တို့ရဲ့ နောက်ဆုံးပန်းတိုင်၊ နောက်ဆုံး သုခချမ်းသာဆိုတာ ဘဝလွတ်မြောက်ရေး၊ နိဗ္ဗာန်ရရှိရေး ဖြစ်ပါတယ်။ ဒါပေမယ့် ဒီခရီးလမ်းကို လျှောက်လှမ်းတဲ့နေရာမှာ တခြားသော လောကီသုခချမ်းသာတွေကိုလည်း ရရှိနိုင်ပါတယ်။ ဒါ့ကြောင့် ဘုရားရှင်ရဲ့ မြတ်တရားတွေကို အဆင့်ဆင့် လက်ဆင့်ကမ်းပြီး သင်ကြားပေးဖို့ပဲ ဖြစ်ပါတယ်။ ဗုဒ္ဓရဲ့တပည့်တွေဖြစ်တဲ့ ကျွန်ုပ်တို့ရဲ့ တာဝန်ဟာ အနာဂတ် မျိုးနွယ်ဆက်များအတွက် ဒီအမွေအနှစ်တွေကို လက်ဆင့်ကမ်းပေးဖို့ပဲ ဖြစ်ပါတယ်။ ဒါကြောင့် ၂၁-ရာစုနှစ်မှာ ကျွန်ုပ်တို့ ဘယ်လိုဆောင်ရွက်သင့်သလဲဆိုတာ ကျွန်ုပ်စာတမ်းရဲ့ အဓိကရည်ရွယ်ချက် ဖြစ်ပါတယ်။ ၂၁-ရာစုနှစ်ဟာ ကျွန်ုပ်တို့ရဲ့ ယုံကြည်မှုကို လက်တွေ့ ဆောင်ရွက်တဲ့နေရာမှာ ယခင်တုန်းကထက် စိန်ခေါ်မှုတွေ ပေးနေသလို လိမ်မာပါးနပ်စွာ ရှုမြင်နိုင်သူများအတွက် ကြီးမားတဲ့ အခွင့်အလမ်းတွေလဲ ပေးနေပါတယ်။ ကျွန်ုပ်တို့ဟာ ရှုမြင်ရုံနဲ့မပြီးဘဲ ဒီစိန်ခေါ်မှုတွေကို ရင်ဆိုင်ဖို့အတွက်နဲ့ အခြားတစ်ဘက်မှာ အခွင့်အလမ်းတွေကို ရယူနိုင်ရေးအတွက် မိမိတို့ကိုယ်ကို လေ့ကျင့်မှု၊ ပျိုးထောင်မှုတွေ ပြုလုပ်ပေးရပါမယ်။ ကျွန်ုပ်တို့ရဲ့ သာသနာပြုလုပ်ငန်းဟာ ကမ္ဘာအနှံ့အပြားမှာ ဗုဒ္ဓရဲ့ ဟောကြားချက်တွေနဲ့ ပျံ့နှံ့သိရှိသွားစေဖို့ ဖြစ်ပါတယ်။

မြတ်စွာဘုရားဟာ ပထမဆုံး ဝါကျွတ်ပြီး ပဝါရဏာပွဲမှာ ရဟန္တာ(၆၁)ပါးကို "လူသားတွေရဲ့ ချမ်းသာသုခအတွက်၊ သာယာဝပြောရေးအတွက်၊ အကျိုးစီးပွားအတွက် သင်တို့ ခရီးထွက်ကြပါ။ ခရီးတစ်ခုတည်းကို အတူတကွ မသွားကြပါနဲ့။ အစက အဆုံးထိအောင် ကောင်းမြတ်တဲ့ တရားဓမ္မတွေကို ဟောကြားကြပါ" လို့ မိန့်ဆိုခဲ့ပါတယ်။

ဒီဟောကြားချက်တွေကို အမှတ်ရနေဖို့ အရေးကြီးပါတယ်။ ဗုဒ္ဓရဲ့ ဟောကြားချက်တွေဟာ ဝိနယပိဋကက၊ မဟာဝဂ္ဂကျမ်းမှာ ပါဝင်ပါတယ်။ ရဟန်းသံဃာတော်တွေနဲ့ ဘိက္ခုနီတွေအတွက် လိုက်နာရမဲ့ စည်းကမ်းတွေ၊ တာဝန်တွေလဲပါရှိပြီး ဖြစ်ပါတယ်။ ဒီစည်းကမ်းတွေဟာ ဗုဒ္ဓရဲ့ခေတ်ကာလမှာလိုဘဲ ကျွန်ုပ်တို့ခေတ်မှာ လိုအပ်ပါတယ်။

ကျွန်ုပ်တို့အနေနဲ့ ဗုဒ္ဓဘာသာကို ပျံ့နှံ့ဖို့နဲ့ အများသူငါတို့ သိရှိဖို့ဆိုပြီး ဟောကြားတဲ့အခါမှာ ကမ္ဘာဒေသအသီးသီးကို သာမက ကျွန်ုပ်တို့နိုင်ငံလည်း ပါဝင်ပါတယ်။ ကမ္ဘာက ကျွန်ုပ်တို့မြန်မာပြည်ကို အာရုံစူးစိုက်ကြည့်ရှုနေကြတယ်လို့ ဆိုချင်ပါတယ်။ ဗုဒ္ဓရဲ့ဟောကြားချက်တွေကို လက်တွေ့ကျင့်သုံးခြင်း မပြုရင် အခြားသူတွေက ကျွန်ုပ်တို့ကို ဗုဒ္ဓဘာသာအစစ်တွေအဖြစ် ယုံကြည်မှာ မဟုတ်ဘူး။

ကျွန်ုပ်တို့ရဲ့ သင်ကြားမှုကို စိန်ခေါ်နေတဲ့ မျက်မှောက်ကာလ အခြေအနေဆိုတာဘာတဲ့။ ပထမဦးစွာ ခေတ်သစ်စီးပွားရေးရာမူဝါဒလို့ခေါ်တဲ့ ကမ္ဘာလုံးဆိုင်ရာ လွှမ်းခြုံမှုဆိုတာ ပေါ်ပေါက်နေ

